http://www.dhammadownload.com

ထက်ဝေယံ စာအုပ်တိုက်

# ပါရဂူ

# ဘဝခရီးသည်

(ဒုတိယအကြိမ်)

DESIGN BY KO THAW ZIN (PH. 727574)

http://www.dhammadownload.com

# ပါရဂူ

## ဘဝခရီးသည်

(ဒုတိယအကြိမ်)



http://www.dhammadownload.com

# ဘဝခရီးသည်

ပါရဂူ

http://www.dhammadownload.com

# အမှာစကား

မိတ်ဆွေတစ်ချို့က ကျွန်တော့်ကို ကိုယ်ရေးအတ္ထုပ္ပတ်ရေးဖို့ တိုက်တွန်းကြသည်။ ကျွန်တော်ယခုအထိ မရေးဖြစ်သေးပေ။ နောင်ကို လည်း ရေးဖို့ရည်ရွယ်ချက်မရှိသေးပေ။ မြန်မာစာရေးဆရာများထဲက တစ်ချို့ ကိုယ်ရေးအတ္ထုပ္ပတ်ရေးကြသော်လည်း ကိုယ်ရေးအတ္ထုပ္ပတ်မရေးသော စာရေးဆရာများလည်းအများအပြားရှိသည်။ နာမည်ကျော်စာရေး ဆရာအတော်များများပင် ကိုယ်ရေးအတ္ထုပ္ပတ်မရေးကြပေ။ သူတို့ အဘယ့်ကြောင့်မရေးသည်ကို မသိသော်လည်း မိမိတွင်မူ ကိုယ်ရေး အတ္ထုပ္ပတ်မရေးလိုခြင်း၏ ကိုယ်ပိုင်အကြောင်းများရှိနေသည်။

မိမိကိုယ်ကို ကိုယ်ရေးအတ္ထုပ္ပတ်တစ်စောင်တစ်ဖွဲ့ရေးသား လောက်သည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်၏ဟူ၍လည်းမထင်မှတ်ပေ။

http://www.dhammadownload.com

နောက်တစ်ကြောင်းမှာ ကိုယ်ရေးအတ္ထုပ္ပတ်၏အင်္ဂါရပ်နှင့် ပတ်သက်သည်။ မိမိအကြောင်းကို မထိန်မဝှက်ပဲ ပွင့်ပွင့်လင်းလင်းတင်ပြသော ကိုယ်ရေးအတ္ထုပ္ပတ်သည်သာလျှင် ကိုယ်ရေးအတ္ထုပ္ပတ်ကောင်း တစ်ခု ဖြစ်နိုင်သည်။ မိမိတွင် မိမိအကြောင်းနှင့်ပတ်သက်၍ အချို့နှင့်အခါး နှစ်မျိုးလုံးကို ဖော်ပြရဲသောသတ္တိရှိပါ၏လော။ မိမိအကြောင်းကို မချန်မချင်းတင်ပြဖို့အတွက် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်မနေဘူးလော။ ကိုယ်ရေးအတ္ထုပ္ပတ် ယင်းအင်္ဂါရပ်နှင့် ပတ်သက်၍လည်း မိမိကိုယ် မိမိသံသယဖြစ်နေမိသည်။ ထို့ကြောင့်ကိုယ်ရေးအတ္ထုပ္ပတ်ရေးဖို့ မရည်ရွယ်ခြင်းဖြစ်သည်။

အခု "ဘဝခရီးသည်" သည် ကိုယ်ရေးအတ္ထုပ္ပတ်မဟုတ်ပေ။ မိမိ၏ဘဝခရီး၌ ကြုံခဲ့ရ ဆုံခဲ့ရသော တချို့အမှတ်တရ အကြောင်းအရာများကို ရေးသားတင်ပြထားခြင်းမျှသာဖြစ်သည်။

အိန္ဒိယကဗျာဆရာကြီး ရဗိန္ဒြာနတ်တဂိုးက သူ၏ "My Reminisecenses" ၏ အစ၌ ဤသို့ဖော်ပြထားသည်။

"မိမိအမှတ်သညာထဲတွင် စွဲနေသည့် မိမိ၏ဘဝရုပ်ပုံကားချပ်များကို မည်သူရေးဆွဲသည်ဆိုသည်ကို ကျွန်ုပ်မသိပေ။ သို့ရာတွင် မည်သူဖြစ်ဖြစ်ထိုသူသည် ပန်းချီဆရာတစ်ဦးဖြစ်သည်။ ထိုပန်းချီဆရာသည် ဖြစ်ပျက်သမျှအရာဝတ္ထုအားလုံးကို ပုံတူဆွဲရန်စုတ်တံကိုင်ထား

http://www.dhammadownload.com

ခြင်း မဟုတ်ပေ။ သူသဘောအတိုင်း သူဆွဲချင်သည့်ပုံကိုဆွဲပြီး သူချန်ထားချင်သည့်ပုံကို ချန်ထားသည်။ ကြီးသည့်အရာဝတ္ထုများကို သေးအောင်လုပ်ပြီး သေးသည့်အရာဝတ္ထုများကိုလည်း ကြီးအောင်လုပ်သည်။ ရှေ့ကအရာဝတ္ထုများနှင့် နောက်ကအရာဝတ္ထုများကိုလည်း ရှေ့နှင့်နောက်အပြောင်းအရွှေ့လုပ်ချင်လုပ်သည်။ သူ၏အလုပ်သည် ပန်းချီပုံရေးဆွဲခြင်းဖြစ်သည်။ သမိုင်းရေးခြင်း မဟုတ်ပေ. . .ကျွန်ုပ်ယခုတင်ပြထားသော ကျွန်ုပ်၏အမှတ်တရ ပန်းချီကားများကို "အော်တိုဘိုင်အိုဂရပ်ဖီ"ဟု ထင်မှတ်ဖို့ကြိုးစားလျှင် မှန်မည်မဟုတ်ပေ. . ." ဤ"ဘဝခရီးသည်"၌လည်း ကျွန်တော်၏ကလောင်သည် "အော်တိုဘိုင်အိုဂရပ်ဖီ"ရေးနေခြင်းမဟုတ်ပေ။ ဘဝခရီးတွင် ကြုံခဲ့ရသော တချို့အတွေ့အကြုံများကို တင်ပြနေခြင်းသာဖြစ်သည်။ ရေးလိုသည့်အကွက်ကိုရေးပြီးချန်ထားလိုသည့်အကွက်ကို ချန်ထားမည်။ ရှေ့နှင့်နောက်ကိုလည်း ရွှေ့ချင်ရွှေ့မည်။

"ဘဝခရီးသည်" သည် သူ၏ဘဝခရီး၌ မိုင်တိုင်များကို တစ်တိုင်ပြီးတစ်တိုင် ဖြတ်ကျော်လာခဲ့သည်။ ခရီးစခန်းများကို တစ်စခန်းပြီးတစ်စခန်းထားပစ်ခဲ့သည်။ ခရီးစခန်းတစ်ခု ရောက်ရှိလာသောအခါ မိမိဖြတ်သန်းကျော်လွန်လာခဲ့သော နောက်ကြောင်းကို ပြန်မျှော်ကြည့်လိုက်သည်။ မိမိဖြတ်သန်းကျော်လွန်လာခဲ့သော ဘဝခရီးလမ်းဘေး၌

http://www.dhammadownload.com

မည်သည့်နေရာတွင် ကုက္ကိုပင်သို့မဟုတ် မန်ကျည်းပင် သို့မဟုတ် ထနောင်းပင်ရှိနေသည်ဆိုသည်ကို မမှတ်မိတော့ပေ။ သို့ရာတွင် သစ်ပင်တစ်ပင်က နတ်စင်တွင်လွှင့်နေသော ရှပ်ပန်းထည်စကလေးကိုမူ မှတ်မိနေသည်။ မည်သည့်နေရာတွင် တိုက်တာအဆောက်အအုံများ အိမ်ကြီးရခိုင်များရှိသည်ဆိုသည်ကို သတိမရတော့ပေ။

သို့ရာတွင် ရေဝင်သောက်သော ဖိုးတောင်သူတဲကလေးကိုမူ သတိရနေသည်။ ခရီးစခန်းတစ်ခုက ဇရပ်သွပ်မိုးလား ၊ သက်ငယ်မိုးလားဆိုသည်ကို အမှတ်မရတော့ပေ။ သို့သော်လည်း ဇရပ်နံရံတွင် နွားကျောင်းသား မီးသွေးခဲဖြင့် လက်ကမြင်းထားသော စာတပိုဒ်ကိုမူ အမှတ်ရနေသည်။ "နတ်စင်ကရှပ်ပန်းထည်စ"၊ "ဖိုးတောင်သူတဲ"၊ "ဇရပ်နံရံကနွားကျောင်း သားလက်ကမြင်းထားသောစာ"များသည် ဤ "ဘဝခရီးသည်"၏ အဓိကအကြောင်းအရာများဖြစ်ကြသည်။

ဝါရှူး

၀-၀-၉၆

http://www.dhammadownload.com

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | ကောပုတ္တ မနုရကွေ့ | ၁ |
| ၂။ | ကံ့ကူလက်လှည့် | ၁၄ |
| ၃။ | ဖားဥနှင့်မင်ကွက် | ၂၉ |
| ၄။ | ညှိရှာနှင့်ညှိချောင်း | ၄၇ |
| ၅။ | ညှိရှာနှင့် ညှိလယ်ကွင်း | ၆၂ |
| ၆။ | မိမိနှင့်လေးခွ | ၈၀ |
| ၇။ | မိမိနှင့်လက်ပက်နာရီ | ၉၇ |
| ၈။ | မိမိနှင့်စက်ဘီး | ၁၁၃ |
| ၉။ | မိမိနှင့်စီးကရက် | ၁၃၀ |
| ၁၀။ | မိမိနှင့် ယမကာ | ၁၄၃ |
| ၁၁။ | ယယ်သူယယ်ချင်း | ၁၅၈ |
| ၁၂။ | ဟိန္ဒူဆာဓူးစျာန်ပျံသလား | ၁၆၈ |
| ၁၃။ | ဥပုသ်ဇရပ် | ၁၇၉ |
| ၁၄။ | တန်ခိုးပြာဋိဟာ | ၁၈၉ |
| ၁၅။ | နေ့တိုင်း ငါးသေတ္တာစားသူ | ၂၀၅ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၆။ | အာဂအာဘ | ၂၁၁ |
| ၁၇။ | မိမိနှင့် ဆာရေချအေမောင်ကြီး | ၂၂၄ |
| ၁၈။ | စာဖတ်အသင်း | ၂၃၉ |
| ၁၉။ | ကူးတို့ဆရာ | ၂၄၈ |
| ၂၀။ | အရှုးမကြီးအထေ | ၂၆၁ |
| ၂၁။ | ကောလိပ်ကျောင်းသား | ၂၇၃ |
| ၂၂။ | ဘကြီးဦးကျော်ဖောင်း | ၂၈၆ |
| ၂၃။ | ငယ်ဆရာ | ၂၉၈ |
| ၂၄။ | ပွေ့ကိုယ်တော် | ၃၁၁ |
| ၂၅။ | ပဗ္ဗဇ္ဇိတ မင်္ဂလာ | ၃၁၉ |
| ၂၆။ | အင်္ဂပူ | ၃၂၉ |
| ၂၇။ | မယ်ကာင်း၏ရယာန်း | ၃၄၁ |
| ၂၈။ | ပျဉ်းမကုန်း | ၃၅၅ |

http://www.dhammadownload.com



## ကေပုတ္တ မနုရက္ခေ

"မာတာ ယထာ နိယံပုတ္တ မာယုသာ ကေပုတ္တ မနုရက္ခေ"

(တစ်ဦးတည်းသောရင်သွေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်သော မိခင်၏ မေတ္တာမျိုးကို သတ္တဝါများအပေါ်၌ ထားရမည်)

မိခင်သည် တစ်ဦးတည်းသော ရင်သွေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်သည်။ "ကေပုတ္တ မနုရက္ခေ"ဟူသည်မှာ သတ္တဝါများအပေါ် ထားသင့်ထားအပ်သော မေတ္တာကို မိခင်တစ်ဦး တစ်ယောက်၏ တစ်ဦးတည်းသောရင်သွေးအပေါ်ထားသော မေတ္တာ နှင့်ဥပမာနှိုင်း၍ မိန့်ဆိုထားသော တရားစကားဖြစ်သည်။ မေတ္တာသုတ်၌ ပါရှိသော ယင်းအဆိုအမိန့်ကို "ကမ္ဘာမီးလောင်သားကောင်ချနင်း" ဟူသော စကားပုံက ချေဖျက်ထားသော်လည်း ယင်းအဆိုအမိန့် သည် ကျေပျက်မသွားပေ။ လူတိုင်းလူတိုင်း၏ ဘဝသည်အထူးသဖြင့် ငယ်စဉ်တောင်ကျေး ကလေးဘဝသည် မိခင်မေတ္တာပေါ်၌ အခြေခံ နေသည်။

ကျွန်တော်၏ ငယ်စဉ်တောင်ကျေး ကလေးဘဝသည်လည်း မိခင်၏ မေတ္တာရိပ်ငြိမ်တွင် ကြီးပြင်းခဲ့ရသည်။ မိခင်၏မေတ္တာလောင်းရိပ်အောက်၌ လူလားမြောက်ခဲ့ရသည်။

ကျွန်တော်ငယ်စဉ်က မိခင်မေတ္တာကို မှတ်ကျောက်အတင်ခံရသည့်အဖြစ်မျိုးကြုံခဲ့ဖူးသည်။ ကျွန်တော်သုံးလေးနှစ်သားအရွယ်က

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျွန်တော်၏ မိခင်သည် ကျွန်တော့်ကို အသက်စွန့်ပြီး သေတွင်းက ဆွဲထုတ်ခဲ့ဖူးသည်။ အရှိန်အဟုန်နှင့် ပြေးလာသောနွားအုပ်တစ်အုပ် ကျွန်တော့်ကိုအရိုးအသား ရှာမရအောင်နင်းချေတော့မည်ဆဲဆဲ ကျွန်တော်၏ မိခင်သည် အသက်ကိုပဓါနမထားဘဲ ကျွန်တော့်ကို နွားခွာအောက်က အတင်းဆွဲထုတ်ခဲ့သည်။

အသက် သုံးလေးနှစ်သား အရွယ် နွားခွာအောက်တွင် အသက်ပျောက်ရတော့မည့် ဘေးမှသီသီကလေး လွတ်ခဲ့ရသည့်အကြောင်းကို ရေးမပြမီ ၁၉၈၆ ခုနှစ်က ကျွန်တော်နွားအတိုက်ခံရသည့် အကြောင်းကို ပထမရေးပြရဦးမည်။ နွားအတိုက်ခံရသည်မှာ မြန်မာနိုင်ငံ၌ မဟုတ်ဘဲ အိန္ဒိယနိုင်ငံ၌ဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ ကျွန်တော် နွားအတိုက်ခံရသည်။ ရစ်ချောခေါ် စက်တီးတပ် လန်ချားအတိုက်ခံရသည်။ မျောက်ကိုက်ခံရတော့မလို လည်း ဖြစ်ခဲ့သည်။ မျောက်တစ်ကောင်မှ္မ သာမကလေးငါးဆယ်ကောင် ဝိုင်းကိုက်မည်လုပ်ကြသည်။ မျောက်အကိုက်ခံရလျှင် ကိုယ်မကောင်း ဖြစ်တတ်သည်ဟု ပြောကြသည်။ အကယ်၍ထိုအချိန်က မျောက်သာ အကိုက်ခံလိုက်ရပါက ကျွန်တော်လူတောသူတောထဲ မတိုးနိုင်သည့် အခြေအနေမျိုးများ ရောက်သွားမလားမသိပေ။ ဓာတ်ရထားအပေါ် အတက် တစ်ဖက်မှ ရုတ်တရက်မောင်းလာသောကား အတိုက်ခံရ

http://www.dhammadownload.com



တော့မလိုလည်း ဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ နွားကို ဘေးမဲ့ပေးထားကြသည်ဖြစ်၍ နွားများသည် နေရာတကာတွင် လှည့်လည်သွားလာနေကြသည်။ မသွားရသည့်နေရာသို့လည်း သွားကြသည်။ မရောက်ရမည့်နေရာသို့လည်း ရောက်ကြသည်။ တစ်ခါက ဒေလီမြို့ရှိ ဗိရလာမန္ဒိရ်အမည်ရှိ နာမည်ကျော်ဘုရားကျောင်းရင်ပြင်ပေါ်တွင် နွားတစ်ကောင်ကိုတွေ့ခဲ့ရသည်။ ဗိရလာမန္ဒိရ်မှာ အိန္ဒိယနိုင်ငံရှိ အကြွယ်ဝဆုံးသူဌေးကြီးတစ်ဦးဖြစ်သော ဗိရလာသူဌေးဆောက်ထားသည့် ဘုရားရှိခိုးကျောင်းကြီးဖြစ်သည်။ ဟိန္ဒူဘာသာ ဘုရားကျောင်းဖြစ်သော်လည်း ကျောင်းထဲတွင် ဗုဒ္ဓဘာသာကိုလည်း နေရာပေးထားသည်။ ဒေလီမြို့ မဟာဗောဓိအသင်းတိုက်မှာ ထိုဘုရားကျောင်းပရိဝုဏ်ထဲတွင်ရှိသည်။အဓိကရဘုရားကျောင်းကြီးဖြစ်၍ ဒေလီရောက်သွားသော ဧည့်သည်တိုင်း ဗိရလာဘုရားကျောင်းမရောက်သူမရှိပေ။

၁၉၇၀ ပြည့်နှစ် ဒေလီရောက်သွားသောအခါ ကျွန်တော်လည်း ဒေလီ၏ အဓိကကြည့်ရှုစရာ လေ့လာစရာတစ်ခုဖြစ်သော ဗိရလာဘုရားကျောင်းကြီးသို့ရောက်သွားသည်။ ဘုရားကျောင်း၏ ရင်ပြင်မှာ ၁၀ ပေ ကျော်ကျော်လောက်မြင့်သည်။ ရင်ပြင်ပေါ်တက်ရန်အတွက် ကျောက်လှေကားလုပ်ထားသည်။ ရင်ပြင်ပေါ်ရောက်သွားသောအခါ

http://www.dhammadownload.com



ဘုရားဖူးများကြားထဲတွင် သွားလာနေသော နွားကြီးတစ်ကောင်ကို တွေ့ရသည်။ ကျွန်တော်၏ အမြင်၌ ဆန်းသလိုလိုရှိနေသော်လည်း အိန္ဒိယလူမျိုးများမှာ ဘာမှမထူးသလို အမှုမဲ့အမှတ်မဲ့ပင်နေကြသည်။ မည်သူကမှလည်း ထိုနွားကြီးကို မောင်းမထုတ်ပေ။ ရင်ပြင်ပေါ်ရှိ တစ်နေရာ၌ နွားချပ်ကြီးတစ်ရပ်ကိုပင် ထုလုပ်ထားသေးသည်။

နွားအများဆုံး တွေ့ရသော နေရာမှာ ဗာရာဏသီမြို့ ဖြစ်သည်။ ဗာရဏသီမြို့သည် ဘာသာရေးမြို့ဖြစ်၍ ဟိန္ဒူဘာသာ၏ အမှတ်သင်္ကေတ တစ်ခုဖြစ်သော နွားများတစ်မြို့လုံးတွင် ဘေးမသီရန်မခ သွားလာနေကြသည်ကို တွေ့ရသည်။ အိမ်ကြို အိမ်ကြားထဲတွင်လည်း နွားကို တွေ့ရသည်။ လူစည်ကားသော ရပ်ကွက်နှင့်ဈေးများတွင်လည်း နွားများ ခပ်တည်တည်နှင့် သွားလာနေကြသည်။ ယာဉ်များ ဥဒဟိုသွားလာ နေကြသော လမ်းများတွင်မည်သည့်ယာဉ် ၊ မည်သည့်ခရီးသွား ခရီး လာကိုမှ အမှုမထားဘဲ သွားလာနေကြသော နွားများကိုယာဉ်များ၊ ခရီးသွား ခရီးလာများကရှောင်သွားကြရသည်။ တစ်ချို့စက်ဘီးတပ် လန်ချားမောင်းသမားများနှင့် လန်ချားပေါ်တွင်လိုက်ပါလာကြသော ခရီးသည်များသည် သူတို့ဘေးကပွတ်ကာသီကာ သွားလာနေကြသော နွားများကို မောင်းမပစ်ရုံမျှသာမက လက်ဖြင့်ထိကိုင်၍ နှုတ်ဆက်ပင် နှုတ်ဆက်လိုက်ကြသေးသည်။ တက္ကသိုလ်ပရိဝုဏ်နှင့် ဘုရားကျောင်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



ပရိဝုဏ်အတွင်း သွားလျှင်လည်း နွားများနှင့် ပက်ပင်းတိုးနေတတ်သည်။

တစ်ချိန်တွင် ဗာရဏာသီရှိ ဗိဿနာတ်မန္ဒိရ်ခေါ် ရွှေဘုရားကျောင်းရောက်သွားသည်။အိန္ဒိယနိုင်ငံ၌ ရွှေဘုရားကျောင်းအမည်ဖြင့် ထင်ရှားကျော်ကြားသော အမိကဘုရားကျောင်း နှစ်ကျောင်းရှိသည်။ ရွှေဘုရားကျောင်းတစ်ကျောင်းမှာ ပန်ဂျပ်ပြည်နယ် အမရိတဆရ်မြို့တော်ရှိ "ဂိုးလ်ဒင်းတင်ပယ်လ်"ခေါ် ရွှေဘုရားကျောင်းဖြစ်သည်။ ထိုဘုရားကျောင်းမှာ ယခုထက်တိုင် ဖြေရှင်း၍မရသေးသော ပန်ဂျပ်ပြည်နယ် နိုင်ငံရေး၊ လူမျိုးရေး ပြဿနာ အရှုပ်တော်ပုံကြီး စခန်းချရာ နေရာဌာန ဖြစ်ခဲ့သည့်အတွက် "ရွှေဘုရားကျောင်း ရွှေဘုရားကျောင်း" အမည်ဖြင့် ပြည်တွင်းပြည်ပ ဟိုးလေတကျော်ဖြစ်သွားသော ဘုရားကျောင်းဖြစ် သည်။

ဒုတိယရွှေဘုရားကျောင်းမှာ ဗာရာဏသီမြို့ရှိ ဗိဿနာတ်မန္ဒိရ်ဖြစ်သည်။ ယင်းဘုရားကျောင်းသည်လည်း ထုပိကာနှင့် စုလစ်မွန်းချွန်တွင် ရွှေပိန်းချထားပြီး ရွှေရောင်တဝင်းဝင်း ဖြစ်နေသောကြောင့် ရွှေဘုရားကျောင်းဟုပင် အမည်တွင်နေသည်။ ဂင်္ဂါမြစ်ကမ်းအနီး လမ်းကြိုလမ်းကြားများ ပတ်လည်ဝိုင်းနေသော နေရာတွင် တည်ရှိနေသည့် ယင်းရွှေဘုရားကျောင်းသည် အိန္ဒိယတစ်နိုင်ငံလုံး၌ အထူးထင်ပေါ် ကျော်ကြားသော ဘုရားကျောင်းဖြစ်၍ တစ်နိုင်ငံလုံးမှ ဘုရား

http://www.dhammadownload.com



ဖူးများ ဥဒပဟိုလာရောက်ကြသည်။

ထိုရွှေဘုရားကျောင်းသို့လည်း ကျွန်တော်ရောက်သွားသည်။ ကျွန်တော် ရောက်သွားချိန်၌ ဘုရားဖူးများရှင်းနေသည်။ တစ်ဦးတည်းသော ဘုရားဖူးကိုသာ သတိထားမိသည်။ ထိုတစ်ဦးတည်းသော ဘုရားဖူးမှာ လူမဟုတ်ပေ။ နွားတစ်ကောင်ဖြစ်သည်။ ထိုနွားမှာမူ ဒေလီရှိ ဗိရလာမန္ဒိရ်၌ တွေ့ခဲ့ရသော နွားထက်ပင်အဆင့်အတန်း မြင့်နေသေးသည်။ ဗိရလာမန္ဒိရ်၌ တွေ့ခဲ့ရသော နွားမှာရင်ပြင်ပေါ်၌ သွားလာနေသော နွားဖြစ်သည်။

ယခုနွားမှာမူ ဘုရားကျောင်းအလွတ် အောက်တည့်တည့်ဂူတွင်းရှိ နတ်ဘုရားရုပ်တု ပူဇော်ထားသော တိုက်ခန်း၏ရှေ့တည့်တည့်တွင် အနီးကပ်ပြီး မလှုပ်မယှက်ရပ်နေသော နွားဖြစ်သည်။ တကယ့်ကို ဘုရားအာရုံပြုနေဟန်ပေါ်နေသည်။ ကျွန်တော်ရောက်သွားသော အခါ "ပူဂျာရီ" ခေါ် ဘုရားကျောင်း ကပ္ပိယက ကျွန်တော့်ကို ခရီးဦး ကြိုပြုပြီး ဘုရားတွင်ကပ်လှူရန် ပန်းတစ်ခက်ပေးသည်။

ကျွန်တော်၏ နဖူးတွင် ဆေးအနီစက်တို့ပေးသည်။ ကျွန်တော်က အလှူဒါနအဖြစ် ဘုရားကျောင်းကပ္ပိယလက်ထဲ ငွေထည့်ပေးခဲ့သည်။ မလှုပ်မယှက် ရပ်နေသော နွားသည်ကျွန်တော်တို့၏ လှုပ်ရှားပုံကို စိုက်ကြည့်နေသည်။ နွားသတ္တဝါများ၏ ကြင်နာဖွယ်ပုံသဏ္ဌာန်

http://www.dhammadownload.com



သည့် ထိုအချိန်၌ အပြည့်အဝပေါ်နေသည်။

ရွှေဘုရားကျောင်းမှ ကျွန်တော်ပြန်လာခဲ့သည်။

ရွှေဘုရားကျောင်းနှင့် မနီးမဝေး လမ်းကြားတစ်ခုထဲ ရောက်သွားသောအခါ ရွှေဘုရားကျောင်းထဲက နွား ငြိမ်သက်သလောက် နွားသိုးကြိုးပြတ် ဖြစ်နေကြသော နွားတစ်အုပ်နှင့် ရင်ဆိုင်တိုးလေတော့သည်။

လမ်းမှာ ငါးပေ ခြောက်ပေလောက်သာ ကျယ်သည့်လမ်းကျဉ်းကလေးဖြစ်သည်။ လမ်းဘေး နှစ်ဖက်တွင်လည်း တိုက်တာအဆောက်အအုံများ၏ အုတ်တံတိုင်းများက ဆီးကာနေကြသည်။ ထိုလမ်းကြားထဲတွင် ရှေ့တူရူမှ နွားအုပ်တစ်အုပ် အရှိန်အဟုန်ဖြင့်ပြေးလာနေကြသည်။ ထိုလမ်းကြားထဲတွင် ရောက်နေသော ကျွန်တော်သည် တခြားနိုကိုးရာ ကြည့်မမြင်သဖြင့် လမ်းဘေးကအုတ်တံတိုင်းဘေးတွင် ကပ်နိုင်သမျှ ကပ်နေသည်။ သို့သော်လည်း အရှိန်အဟုန်နှင့်ပြေးလာသော နွားအုပ်သည် ကျွန်တော့်ကိုရှောင်ကွင်း၍ ပြေးသွားမည့်နွားအုပ် မဟုတ်ပေ။ ရှေ့တွင် ဘာရှိရှိ ဘာတွေ့တွေ့ ရှိသမျှ တွေ့သမျှကို တိုး သွားမည့် တိုက်သွားမည့် နွားအုပ်ဖြစ်သည်။

လမ်းဘေးအုတ်တံတိုင်းတွင် ကပ်နိုင်သမျှ ကပ်ပြီးတိမ်းရှောင်နေသော ကျွန်တော်ကိုလည်း ချမ်းသာမပေးပေ။ တိုးသွားသည်။ တိုက်

http://www.dhammadownload.com



သွားသည်။ အခါမဲ့မိုး ရွာထားသဖြင့် ညစ်ပတ်သောလမ်းကြားထဲတွင် ဗွက်ထနေသည်။ ရွှံ့ဗွက်ထဲက ရွှံ့များ ရွှံ့ရည်များစင်သဖြင့် တစ်ကိုယ်လုံးလည်း ညစ်ပတ်ပေရေသွားသည်။ ကံကောင်းထောက်မသဖြင့် နွားဝင်တိုးသွားသည့် တိုက်သွားသည့် ဒဏ်ကိုနှစ်ရက်သုံးရက်လောက်သာ ခံလိုက်ရသည်။ သို့မဟုတ်ပါက သူတစ်ပါးတိုင်းပြည်တွင် ကျော်မကောင်း ကြားမကောင်းနွားတိုက်ခံရသောကြောင့် ဆေးရုံတက်ရကိန်း ဆိုက်သွားနိုင်သည်။

ဗာရာဏသီမြို့ ရွှေဘုရားကျောင်းအနီးရှိ လမ်းကြားထဲတွင် နွားတိုက်ခံရသည်မှာ ထိုမျှလောက်နှင့် ပြီးသွားသော်လည်း သုံးလေးနှစ်သားအရွယ်က မိမိရွာတွင် နွားနင်းခံရသည်မှာမူ သည်းထိတ်ရင်ဖိုဇာတ်လမ်းကလေး တစ်ပုဒ်ဖြစ်သည်။

ကျွန်တော်တို့ရွာသည် ချောင်းကမ်းပါးတွင် အလျားလိုက်တည်ရှိနေသော ရွာတန်းရှည်ဖြစ်သည်။ ရွာ၏ အနောက်ဘက်ကပ်လျက် ချောင်းရှိနေပြီး အရှေ့ဘက်ရွာစပ် ကျော်သွားသည်နှင့် တစ်မျှော်တစ်ခေါ် ကြီးတည်ရှိနေသော လယ်ကွင်းကြီးကိုတွေ့ရသည်။ လယ်ကွင်းထဲတွင် ကျက်စားနေကြသော နွားများသည် တစ်ခါတစ်ရံရွာထဲ မျက်စိလည်လမ်းမှား ရောက်လာတတ်ကြသည်။ ရွာထဲတွင် လယ်ယာလုပ်ကိုင်ကြသော တောင်သူလယ်သမားများလည်းရှိရာ ယင်းတောင်သူလယ်သ

ထက်ဝေယံစာပေ

http://www.dhammadownload.com



မားများ၏ အိမ်ဘေးရှိ နွားတင်းကုပ်ထဲတွင်လည်း နွားများကိုထားကြသည်။ ထို့ကြောင့် ရွာထဲတွင် နွားများသွားလာနေသည်မှာ အဆန်းမဟုတ်ပေ။

နွားများသည် သဘောကောင်းသော သတ္တဝါများဖြစ်ကြသည်။ လူက သူတို့ကို အသက်မသေရုံတမည် ခိုင်းစေပြီး ခိုင်းမရသောအချိန်၌ နွားသတ်ရုံပို့ကြသော်လည်း ၊ တချို့ကမူ ခိုင်းနွားများကိုပင် ကရုဏာမဲ့စွာ သတ်စားကြသော်လည်း နွားများသည်လူကို ရန်ပြုသည်ဟူ၍ မရှိပေ။ လယ်ထွန်နားချိန်၊ ထွန်တုံးဖြုတ်ချိန်လုည်းမဆွဲရသည့် အချိန်တို့၌ နွားစားကျက်တွင်ဖြစ်စေ၊ ရွာနီးချုပ်စပ်က မြက်ခင်းပြင်တွင် ဖြစ်စေ သူတို့ဘာသာ သူတို့ အေးအေးလူလူ မြက်စားနေလေ့ရှိကြ သည်။ နွားရှိုင်းသွင်းချိန်ကျမှ စားကျက်တွင် မြက်စားနေကြသော နွားများကို နွားကျောင်းသားများက ရွာထဲပြန်သွင်းလေ့ရှိကြသည်။ တင်းကုပ်ထဲတွင် ချည်နှောင်ထားသော နွားများလည်းနွားစားခွက်ထဲက နမ်းဖတ်နှင့် ရောထားသော ကောက်ရိုးကိုဝါးပြီး စားမြုံ့ပြန်နေတတ် ကြသည်။ လူကို ရန်မူလေ့ မရှိဘဲစိတ်အလိုမကျသည့် တစ်ခါတစ်ရံ ကျမှသာ ဦးချိုနှင့်ဝှေ့တတ်သည်။ သို့သော်လည်း နွားအဝှေ့ခံရသူမှာ မတွေ့ဖူးမကြုံဖူးလောက်အောင်ရှားသည်။

သို့ရာတွင် နွားကိုကြောက်ရသည့် အချိန်တစ်ချိန်ရှိသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ထိုအချိန်မှာ "နွားမြိုင်လိုက်သည့်"အချိန်ဖြစ်သည်။ မသင်းရသေးသော နွားသိုးများနွားမတမ်းမနောက် အတင်းစုပြုံပြေးလိုက်သည်ကို ကျွန်တော်တို့ဒေသတွင် "နွားမြိုင်လိုက်သည်"ဟု ခေါ်သည်။ နောက်က နွားသိုးများစုပြုံလိုက်လာသဖြင့် ရှေ့ကနွားမတမ်းသည် ကြောက်အားလန့်အားနှင့် ပြေးမိပြေးရာ အတင်းစွတ်ပြေးသည်။ နောက်က နွားသိုးများကလည်း နွားမတမ်းမပြေးရာသို့ အတင်းစွတ်လိုက်သည်။ ထိုအချိန်မျိုး၌ မ စိတ်မွှန်နေကြသော နွားသိုးများကို ဘယ်လိုချောက်လို့မှ မကြောက်ပေ။ ဘယ်လိုတားတား တား၍မရပေ။ လမ်းကြောင်းပေါ်တွင် ရှိနေကြသော ကလေးလူကြီး မည်သူမဆို ပြေးနိုင်မှ ရှောင်နိုင်မှ လွတ်ပေလိမ့်မည်။ သို့မဟုတ်ပါက နွားခွာအောက်တွင် အသက်ပျောက်သွားနိုင်သည်။

တစ်နေ့သောအခါ၌ အသက်သုံးလေးနှစ်အရွယ်မျှသာ ရှိသေးသော ကျွန်တော်သည် အိမ်ရှေ့လမ်းမပေါ်၌ တခြားကလေးအဖော်များနှင့်အတူ ကစားနေသည်။ ထိုအခိုက် တစ်ရွာလုံး ပွက်လောရိုက်သွားလေသည်။ လူတွေလှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ အော်သံဟစ် သံများ ပွက်ပွက်ညံသွားသည်။ ခွေးဟောင်သံများဆူညံသွားသည်။ လမ်းပေါ်သွားလာနေကြသော ကလေးလူကြီးအားလုံး ပြေးမိပြေးရာ ပြေးကုန်ကြသည်။ လမ်းပေါ်တွင် ဖုန်တထောင်းထောင်းထသွားသည်။ ရွာထဲ

http://www.dhammadownload.com



က လမ်းမပေါ်၌ နွားမြိုင်လိုက်သော နွားသိုးတစ်အုပ် ကဆုန်ပေါက် ပြေးလာသောကြောင့်ဖြစ်သည်။ ရှေ့က နွားမတမ်းမတစ်ကောင် ရှာ လမ်းတစ်လျှောက် စွတ်ပြေးနေသည်။ နွားသိုးလေးငါးခြောက်ကောင်က နွားမတမ်းမနောက် အတင်ပြေးလိုက်နေကြသည်။

"ဟဲ့ကလေးတွေ ပြေးကြ ပြေးကြ ၊ အဲဒီမှာ မနေကြနှင့်"

ကျွန်တော်တို့ ကစားနေသည့် နေရာအနီးရှိ အိမ်များမှ လူကြီး များသည် ထိတ်လန့်တကြားအော်ပြောကြသည်။သူတို့၏အော်သံသည် ပတ်ဝန်းကျင်တစ်ခွင်တွင် ပဲ့တင်ထပ်သွားသည်။ သူတို့၏ အော်သံ သတိပေးသံနှင့် မရှေးမနှောင်းပင် နွားမြိုင်အုပ်သည် ကျွန်တော်တို့ အနီးရောက်ရှိလာသည်။ ကျွန်တော်နှင့်အတူ ကစားနေကြသော တခြားကလေးအားလုံး လွတ်ရာထွက်ပြေးကုန်ကြသည်။ မရထာမင်းက ဟန့်တားထားသည့်အလား ကျွန်တော်တစ်ယောက်တည်းသာ သေကွင်း သေကွက်ထဲတွင် ကျန်ရစ်ခဲ့သည်။ ကစားဖော်ကလေးများထဲတွင် အသက်ငယ်ဆုံးဖြစ်၍ တခြားကလေးများ ထွက်ပြေးကြသော်လည်း မိမိမှာ ထွက်ပြေးရကောင်းမှန်းမသိဘဲ ကြောင်တိကြောင်တောင်နှင့် ကျန်ရစ်နေခဲ့သည်။

လမ်းပေါ်တွင်ရှိသော ကျောက်တုံးကိုဖြစ်စေ၊ မည်သည့်အရာကို မဆိုနင်းသွားမည့် တိုက်သွားမည့် နွားမြိုင်အုပ်သည် ရှေ့တွင်ရပ်နေ

http://www.dhammadownload.com



သော ကလေးသူငယ်လူမမည်ကို အဘယ်မှာချမ်းသာပေးမည်နည်း။ ရှေ့ဆုံးမှ ပြေးလာသော နွားဝင်တိုက်သဖြင့် ကျွန်တော်လဲကျသွားပြီး နွားခွာအောက်ရောက်သွားသည်။ ထိုအခိုက် အိမ်ထဲမှ ဒရောသောပါး ပြေးထွက်လာသော ကျွန်တော့်အမေသည် လျှပ်တစ်ပြက်အတော အတွင်း ကျွန်တော့်ကိုနွားခွာအောက်က အတင်းဆွဲယူလိုက်သည်။ သူ့အသက်ကိုပမာမထားဘဲ သေမင်း၏လက်ထဲက ကျွန်တော့်အသက် ကို လုယူလိုက်သည်။ မရဏမင်းနှင့် မိခင်မေတ္တာအားပြိုင်ရာ၌ မိခင် မေတ္တာက အနိုင်ရရှိသွားသည်။

သေရေးရှင်ရေးကို အဆုံးအဖြတ်ပေးသွားသည်မှာ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းလောက်သာဖြစ်သည်။ အကယ်၍ မိနစ်ပိုင်း ၊ စက္ကန့်ပိုင်း၊ လောက်သာ နောက်ကျသွားလျှင် နောက်ကတသီတတန်းကြီးပြေး လိုက်လာသော နွားသိုးများ၏ခွာအောက်တွင် ကျွန်တော်အရိုးတခြား အသားတခြားဖြစ်သွားမည့်အပြင် အမေ၏အသက်ပါ အဆစ်ပါသွား မည်မှာ အမှန်ဖြစ်သည်။ နွားခွာအောက်က အမေဆွဲထုတ်သဖြင့် အသက်ပျောက်မသွားသော်လည်း နွားနင်းသွားသည့်ဒဏ်ကို အလူး အလိမ့်ခံလိုက်ရသည်။ ကျွန်တော် ဝတ်ထားသော ပဒုမ္မာသင်တိုင်းလေး အစိတ်စိတ်အမွှာမွှာဖြစ်သွားသည်။ တစ်ကိုယ်လုံးလည်း ဒဏ်ရာအနာ တရဖြစ်သွားသည်။ တစ်ပတ်လောက် ကြာသည့်အထိ ကျွန်တော်

ထက်ဝေယံစာပေ

http://www.dhammadownload.com



မျက်စိမဖွင့်ဟူ၍ နောင်ကြီးပြင်းလာသောအခါကျမှ အမေပြောပြ၍သိရသည်။

တချို့က အမေမိဘများ သားသမီးများကို မွေးမြူစောင့်ရှောက်ခြင်းသည် မိမိတို့မွေးထုတ်ထားသည့် သားသမီးများဖြစ်၍ တာဝန်ဝတ္တရားအရ ဝတ်ကျေတန်းကျေ မွေးမြူစောင့်ရှောက်ခြင်းဖြစ်သည်ဟု ပေါ့ပေါ့တန်တန် ဆိုကြသည်။ ထိုသူတို့သည် မိဘမေတ္တာ၊ အထူးသဖြင့် ရင်သွေးအပေါ်ထားသော အမိမေတ္တာ၏ အတိမ်အနက်ကို နားမလည်သူများ သဘောမပေါက်သူများဖြစ်ကြသည်။ ထိုသူတို့၏ ဆိုစကားမှန်ပါက "မာတာ ယထာ နိယံပုတ္တံ မာယုသာ ဧကပုတ္တ မနုရက္ခေ" ဟူသော မေတ္တသုတ်လာ ဘုရားဟောလည်း ပေါ်ပေါက်လာစရာအကြောင်းမရှိပေ။ မိခင်တစ်ဦးက သူ၏ရင်သွေးအား အသက်စွန့်၍ နွားခွာအောက်က အတင်းဆွဲထုတ်သည့် အဖြစ်မျိုးလည်း ပေါ်လာမည်မဟုတ်ပေ။ ရင်သွေးအပေါ်ထားသော အမိမေတ္တာသည် နှလုံးထဲမှ ယိုစိမ့်ထွက်လာသော မေတ္တာသာလျှင် ဖြစ်သည်။

http://www.dhammadownload.com



# ကံကူလက်လှည့်

ခရီးသည်သည် စားမြိန်စာထုပ်နှင့် အထုပ်အပိုး ထမ်းလျက် ခရီးရှည်နှင်နေသည်။ ခရီးလမ်းတစ်လျှောက်၌ ခရီးမိုင်တိုင်များရှိသည်။ ခရီးစခန်းများရှိသည်။ ခရီးသည်သည် ခရီးမိုင်တိုင်များကို တစ်တိုင်ပြီး တစ်တိုင် ကျော်ဖြတ်လာခဲ့သည်။ ခရီးစခန်းများ၌ တစ်စခန်းပြီး တစ်စခန်း နားလာခဲ့သည်။

ခရီးအတော်အတန်ပေါက်ပြီး ခရီးစခန်းတစ်ခု အရောက်တွင် ကျန်ခဲ့သည့် ခရီးတစ်လျှောက်ကို ပြန်မျှော်ကြည့်လိုက်သည်။ ဖြတ်သန်းကျော်လွှားလာခဲ့ရသည့် ခရီးသည်နောက်ဘက်တွင် တစ်မျှော်တစ်ခေါ်ကြီးကျန်ခဲ့ပြီ။ ဖြတ်သန်းကျော်လွှားလာပြီးစ ခရီးလမ်းကြောင်း ၊ လူနေအိမ်ခြေ၊ ထုံးဖွေးဖွေးစေတီ၊ သစ်ပင် ဝါးပင်များကို ခရီးသည်သည် ကွဲကွဲပြားပြားလှမ်းမြင်နေရသည်။ သို့သော်ထိုမြင်ကွင်းများ၏ နောက်ဘက်တွင် ကျန်ရစ်ခဲ့သည့် မြင်ကွင်းများကိုကား ခရီးအလှမ်းဝေးလာပြီဖြစ်၍ ကွဲကွဲပြားပြားမမြင်ရတော့ ။ ယင်းမြင်ကွင်းများထက် အလှမ်းပိုဝေးသော နောက်ဘက်ကမြင်ကွင်းများမှာမူ မျက်စိအမြင်၌ပင် ထင်မလာကြတော့ပေ။ အမှတ်သညာထဲတွင်လည်း အချို့မြင်ကွင်းများမှာ သဲသဲကွဲကွဲရှိနေကြပြီး အချို့မြင်ကွင်းများမှာမူ မှုန်တိမှုန်မွှားလောက်သာ

http://www.dhammadownload.com



ရှိတော့သည်။ အမှတ်သညာထဲကလုံးဝ ပျောက်ကွယ်သွားပြီဖြစ်သည့် မြင်ကွင်းများမှာလည်း အရေအတွက်မနည်းတော့ပေ။

ခရီးပေါက်လာလေလေ နောက်ကြောင်းသည် ဝေး၍ဝေး၍ ကျန်ခဲ့လေဖြစ်သည်။မှုန်တိမှုန်မွား ဖြစ်လာလေဖြစ်သည်။ မြင်ကွင်းကပျောက်ကွယ်သွားလေဖြစ်သည်။အမှတ်သညာထဲက ဖယ်ခွာသွားလေဖြစ်သည်။

ခရီးသည်သည် နောက်ကြောင်းကို ပြန်ပြောင်းစဉ်းစားကြည့်လိုက်သည်။ ခရီးလမ်းဘေး၌ ပေါက်နေကြသည့် သစ်ပင်များကို ကုက္ကိုပင်လား ၊မန်ကျည်းပင်လား ၊ထနောင်းပင်လား ဝေခွဲမရတော့။ သို့သော် ထိုသစ်ပင်များထဲက သစ်ပင်တစ်ပင်၏ ပင်စည်၌ ကပ်လျက်ရှိနေသည့် နံ့တ်စင်မှ တဖျတ်ဖျတ်လွင့်နေသည့် ရှန်ပန်းထည်စကလေးကိုမူ သတိရနေသည်။ မိမိ ခရီးတစ်ထောက် နားခဲ့သည့် ဇရပ်ကို သုံးပင်လား လေးပင်လား၊ ပျဉ်ခင်းလား ဝါးခင်းလား၊ သွပ်မိုးလား သက်ငယ်မိုးလား ဝေခွဲမရတော့။ သို့ရာတွင် ဇရပ်နံရံ ၌ နွားကျောင်းသားမီးသွေးခဲဖြင့် လက်မြင်းထားသည့်စာတစ်ကြောင်းကိုမူသတိရနေသည်။

×××

ဘဝခရီးသည်တစ်ဦးဖြစ်သော ကျွန်တော်သည် မိမိ၏ဘဝခရီး

http://www.dhammadownload.com



၌ ခရီးပေါက်လာခဲ့ပေပြီ။ တစ်တိုင်ပြီး တစ်တိုင်ကျော်ဖြတ်လာခဲ့ရ သည့် ဘဝခရီးမိုင်တိုင်များလည်း မနည်းတော့ပေ။ တစ်ထောက်ပြီး တစ်ထောက် နားလာခဲ့ရသည့် ဘဝခရီးစခန်းများလည်း ရေတွက်၍ ပင်မရတော့ပေ။

ဖြတ်သန်းကျော်လွှားခဲ့ရသော ဘဝခရီးတစ်လျှောက်တွေ့ကြုံလာခဲ့ရသည့် အတွေ့အကြုံများ၊ မြင်ကွင်းများအနက် အချို့မှာ ပြတ်ပြတ်သားသားပင်ရှိနေသေးသည်။ အချို့ကား အချိန်သမယဆီးနှင်းလွှမ်းထားသဖြင့် မှုန်မှုန်မွှားမွှားသာ မြင်ရတော့သည်။ အချို့ကား မြင်ကွင်းမှပင် ပျောက်ကွယ်သွားကြပြီ။ အချို့မှာမူ အမှတ်သညာထဲ၌ပင် မကျန်တော့ပေ။

ဘဝခရီးတစ်လျှောက်၌ ခရီးတစ်ထောက်နားခဲ့သော ဘဝခရီးစခန်းများကို နောက်ကြောင်းပြန်၍ စဉ်းစားဆင်ခြင်ကြည့်လိုက်သည်။ ထိုခရီးစခန်းများသည် အမှောင်ထုအတွင်း၌ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည့် ပိုးစုန်းကြူးပမာ မပီမသ မသဲမကွဲသာဖြစ်နေကြသည်။ ခရီးတစ်ထောက်နားခဲ့သော ဘဝခရီးတည်းခိုဇရပ်အား သုံးပင်လားပျဉ်ခင်းလား၊ သွပ်မိုးလား ပြတ်ပြတ်သားသား မသိတော့။ သို့သော်လည်း ဘဝခရီးတည်းခိုဇရပ် နံရံတွင် မီးသွေးခဲဖြင့် ခြစ်ထားသော စာတစ်ကြောင်းကိုမူ သတိရနေသည်။

xxx

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျွန်တော် ငယ်ငယ်တုန်းက အမေ့ကို အစ်မဟူ၍ ခေါ်သည်။ အဖေ့ကို အစ်ကိုဟူ၍ခေါ်သည်။ ဘာကြောင့် ယင်းသို့ခေါ်သည်ကို ယခုအထိအကျွေးမရတော့။ အမေကို အစ်မခေါ်သူများ ရှိကြသော်လည်း အဖေကို အစ်ကိုခေါ်သူများမှု အတွေ့ရအင်မတန်နည်းသည်။

လေးနှစ်သား အရွယ်လောက်က။

တစ်နေ့တွင် အစ်မဟု ကျွန်တော်ခေါ်သော ကျွန်တော်၏ အမေသည် ကျွန်တော့်ကိုကျောင်းလိုက်အပ်သည်။ ကျွန်တော့်တွင် ကျောက်သင်ပုန်းနှင့် ကျောက်တံသာ ပါလာသည်။ ကျွန်တော်တို့ အိမ်နှင့်လေးငါးဆယ်အိမ်လောက် ဝေးသော အိမ်တစ်အိမ် ရောက်သွားသည်။ သက်ငယ်မိုး ၊ဝါးကြမ်းခင်း၊ ဝါးထရံကာ အိမ်ကလေးတစ်အိမ် ဖြစ်သည်။ ထိုအိမ်တွင် ကျွန်တော့်အရွယ် ကလေး လေးငါးဆယ် ယောက်တွေ့ရသည်။ အိမ်ရှင်က ကလေးများကို "ကကြီး ခကွေး" သင်ပေးနေသည်။ ထိုနေ့ကစ၍ ကျွန်တော်လည်းကျောင်းသားတစ် ယောက် ဖြစ်လာသည်။

အိမ်ရှင်မှာ "ဖိုးစံကွန်း" ဟုခေါ်သည်။ ဖိုးစံကွန်းသည် ဘုန်းကြီး ကျောင်းတွင် အချိန်အတန်ကြာနေခဲ့သူဖြစ်၍ ရွာထဲတွင်စာနှင့် ပေနှင့် မဝေးသူတစ်ဦးဖြစ်သည်။ စေတနာ့ဝန်ထမ်း သင်ပေးသလား။ သို့ မဟုတ် အခယူပြီး သင်ပေးသလား။ သတိမရတော့ ။ သတိရသည် မှာ

http://www.dhammadownload.com



ဖိုးစံကွန်းက ကျွန်တော့်ကို ကကြီးခကွေးသင်ပေးခြင်းဖြစ်သည်။ ဖိုးစံကွန်းသည် ကျွန်တော့်ကျောက်သင်ပုန်းတွင် ကကြီးခကွေး ရေးပေးသည်။ ကျောက်သင်ပုန်းထဲက ကကြီးခကွေးကို တုတ်တံနှင့် ထောက်ပြပြီး သူဆိုသလို လိုက်ဆိုနိုင်းသည်။ ဆိုတတ်သောအခါ အလွတ်ရအောင် ကျက်ရသည်။ ထို့နောက် တစ်ဆင့်တက်၍ ကျောက်သင်ပုန်းတွင် ကကြီးခကွေး ရေးပြရသည်။ ယင်းသို့အားဖြင့် ဖိုးစံကွန်း၏ သင်ပုန်းကြီး သင်တန်းကျောင်း၌ တစ်လနီးပါးကြာသွားသည်။ သို့သော် ဖိုးစံကွန်းကျောင်း၌ ကျွန်တော်ကကြီးခကွေး အဆင့်က မတက်ပေ။

ဖိုးစံကွန်းသည် အိမ်ထောင်မရှိပေ။ တစ်ရွာလုံးက သူ့ကို ဖိုးစံကွန်းဟု ခေါ်သဖြင့် ကျွန်တော်တို့ကလည်း ဖိုးစံကွန်းဟုပင်ခေါ်ကြသည်။ ဖိုးစံကွန်းသည် ကတ်တီးကတ်ဖဲ့ ပြောတတ်သည်။ စာစကားပေစကား ပြောလေ့ပြောထရှိသည်။ ထူးခြားသည်မှာ လက်တစ်ဖက်ပြတ်နေခြင်းဖြစ်သည်။ သူ့လက် ဘာကြောင့်ပြတ်သွားသည် ဆိုသည်ကို မသိပေ။ ဘုန်းကြီးကျောင်းသားဘဝက အုန်းပင်ပေါ် အုန်းသီးတက်ခိုးရင်း လိမ့်ကျပြီး လက်တစ်ဘက် ကျိုးသွားသည်ဟု ပြောသံကြားဖူးသည်။မှန် မမှန် အသေအချာမသိ။

ဖိုးစံကွန်းသည် ကာကီရုပ်အင်္ကျီလက်ရှည်အမြဲဝတ်သည်။ လက်ပြက်နေသည့်ဘက်မှ အင်္ကျီလက်ကို ပုဆိုးထဲ သွင်းပြီး ပုဆိုး

http://www.dhammadownload.com



ခါးပတ်အမြဲပတ်ထားသည်။ အသားဖြူဖြူ ဝိန်ဝိန်ပါးပါး ၊ အမြဲခေါင်းတုံး တုံးထားသည်။

ဖိုးစံကွန်းသည် ကျွန်တော်၏ ကံ့ကူလက်လှည့် ဆရာတစ်ဦး ဖြစ်သည်။

ဖိုးစံကွန်းကျောင်း၌ ကကြီး ခကွေးရသောအခါ ကျောင်းပြောင်း သည်။ ဒုတိယကျောင်းကား အစိုးရမူလတန်းကျောင်းဖြစ်သည်။ မူလတန်းကျောင်းသားဘဝ ရောက်သောအခါ အဆောင်အယောင်နှင့် ဖြစ်လာသည်။ အဖေချုပ်ပေးသည့် လွယ်အိတ်ကို လွယ်ရပြီ။ လွယ် အိတ်ထဲတွင် ကျောက်သင်ပုန်းနှင့် ကျောက်တံအပြင် သင်ပုန်းကြီး စာအုပ်လည်း ရှိနေပြီ။

မူလတန်းကျောင်းသည် ရွာလယ်၌ရှိသည်။ ကျွန်တော်တို့ရွာ သည် ချောင်းကမ်းနံဘေး၌ အလျားလိုက်တည်ရှိနေသည့် ရွာတန်းရှည် ဖြစ်သည်။ ဟသ်ာတမြို့နှင့် ငါးမိုင်ခန့်အကွာ နတ်မော်မှမြစ်ဖျားခံ လာသည့် ချောင်းသည် အကွေ့အကောက် များစွာဖြင့် အောက်ဘက် ဧရာဝတီမြစ်ပြင်ကျယ်အထိ ပေါက်သွားသည်။ မြစ်ဖျားနှင့် သုံးလေး မိုင်လောက်အကွာတွင် ကျွန်တော်တို့ရွာ ရှိသည်။ တောင်နှင့်မြောက် တန်းနေသည့် ရွာဖြစ်သော်လည်း တောင်ပိုင်းကို တောင်ပိုင်းဟုမခေါ် ၊ ရွာထဲပိုင်းဟုခေါ်သည်။ မြောက်ပိုင်းကိုမြောက်ပိုင်းဟု မခေါ်၊ နှောင်

http://www.dhammadownload.com



ပိုင်းဟု ခေါ်သည်။ ရွာအလယ်၌ ရိုးတစ်ခုရှိသည်။ရိုးကတောင်းပိုင်းနှင့် မြောက်ပိုင်းကို ခြားထားသည်။ ရိုးသည်တောင်ပိုင်းနှင့် မြောက်ပိုင်း၏ နယ်ခြားသဖွယ်ဖြစ်နေသည်။ ယခု ထိုရိုးကောသွားပြီ။

ရွာထဲပိုင်း၏ တောင်ပိုင်းမှာ သူဌေးပိုင်းဖြစ်ပြီး၊ နောင်ပိုင်း၏ မြောက်ပိုင်းက ဆင်းရဲသားပိုင်ဖြစ်သည်။ ရွာထဲပိုင်း၌ သွပ်မိုးပျဉ်ထောင် ကာအိမ်များသာများပြီး နောင်ပိုင်း၌ကား သက်ငယ်မိုးထရံကာ အိမ်များသာများသည်။ နယ်ခြားသဖွယ် ဖြစ်နေသောရိုး၏တစ်ဖက်စီ၌ ရှိနေသည့် သူဌေးပိုင်းနှင့် ဆင်းရဲသားပိုင်းသည် တစ်ပိုင်းနှင့်တစ်ပိုင်း အစေးမကပ်ကြ။

သို့သော်လည်း စစ်နှင့်စစ်၏ အကျန်အကြွင်းသည် တစ်ရွာလုံးကို တစ်ပြေးတစ်ညီတည်း ညှိပစ်လိုက်သည်။ ဒုတိယကမ္ဘာစစ် ပြီးစ အရှိန်မပြေသေးသည့် စစ်၏မီးတောက်မီးလျှံတစ်ခုဖြစ်သော လူမျိုးရေးပဋိပက္ခ မီးလျှံထဲတွင် တစ်ရွာလုံးမီးလောင်ကျွမ်းသွားသည်။ ပြာပုံဘဝမှ ပြန်လည်ထူထောင်ကြရသောအခါ မည်သူမျှအိမ်ကြီးရခိုင် မဆောက်နိုင်ကြတော့။ တစ်ပြေးတစ်ညီတည်း ဖြစ်လာကြသည်။ တစ်ပြေးတစ်ညီတည်း ဖြစ်လာကြသောအခါ သွေးစည်းညီညွတ်မှု လည်း ရှိလာကြသည်။

မူလတန်းကျောင်းသည် ရွာလယ်က ရိုးဘေးတွင်ရှိသည်။ ထို

http://www.dhammadownload.com



ရိုးကို ကျုံ့ပတယ်ရိုးဟု ခေါ်သည်။ ကျုံ့သည် မွန်အခေါ်အဝေါ်ဖြစ်သည်။ ကျွန်တော်တို့ ဒေသတစ်ဝိုက်ရှိ ရှေးဘိုးစဉ်ဘောင်ဆက်များမှာ မွန်အမျိုးအနွယ်များဖြစ်ကြသည်။ ကျွန်တော်တို့ရွာ အနီးအနားတစ်ဝိုက် ချောင်းကမ်းဘေးတစ်လျှောက်၌ ကျုံ့တနီ၊ ကျုံ့တွမ်၊ ကျုံ့ခမွန်၊ကျုံ့ ထိုက်၊ ကျုံ့မတ် စသည့် ရွာများရှိသည်။ သန္ဓေသနော့ခေါ်သည့် ကျွန်တော်တို့ရွာ အမည်ပင် မွန်အမည်ဖြစ်သည်။ ရွှေတောင်ပို့ဟူ၍ အစိပ္ပါယ်ရသည်။ မူလတန်းကျောင်းသည် ကျုံ့ပတယ်ရိုး၏ တောင်ဘက်ဘေး တွင်ရှိသည်။ မြောက်ဘက်ဘေးတွင် "ကုလားပဲ"ခေါ် ကျုံ့လယာ ကုလား၏ ကုန်စုံဆိုင်ရှိသည်။ ကုလားပဲဆိုင်တွင် ကျောင်းသားများ ကျောက်တံ၊ ကျောက်သင်ပုန်း၊ မုန့်ပဲသရေစာဝယ်ကြသည်။

မူလတန်းကျောင်းတွင် ကျွန်တော် "ကကြီးရေကာ၊ ကကြီးရေးချကာ" သင်နေရပြီ။ ကျွန်တော်တို့ ကုန်းကုန်းပြီး ကျယ်လောင်စွာ အော်ဟစ်နေကြသော စာအံသံများသည် ကျုံ့ပတယ်ရိုးထဲက ဖားခုံညင်း အော်သံနှင့် နင်လားငါလား ဖြစ်နေကြသည်။

မူလတန်းကျောင်း အဆောက်အအုံမှာ သွပ်မိုး၊ ပျဉ်ခင်းဖြစ်သည်။ ခြေတံရှည်တိုင်များဖြင့် ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ ကျောင်းသားနှစ်ရာကျော်လောက်ခဲ့သည်။ မူလတန်းကျောင်း၏ အနီးအနားပတ်ဝန်းကျင်၌ ကစားကွင်းမရှိပေ။ ကျောင်းနားချိန်၌

http://www.dhammadownload.com



ကျောင်းအောက်၌ပင် ကစားကြရသည်။ ကျောင်းနောက်ဘက်တွင် ချောင်းရှိသည်။

ကျောင်းတွင် ကျောင်းဆရာတစ်ဦးသာရှိသည်။ "မောင်စာ" ဟုခေါ်သည်။ သူ့ကို "ကိုစာ"ဟူ၍လည်းမခေါ် "ဦးစာ"ဟူ၍လည်း မခေါ် "မောင်စာ"ဟုသာခေါ်ကြသည်။ ကျွန်တော်တို့လည်း သူ့ကွယ်ရာ တွင် "မောင်စာ"ဟုသာခေါ်ကြသည်။သူ့ပင် ကျောင်းအုပ် သူပင် လက်ထောက်ဆရာဖြစ်သည်။ထိုခေတ်က ကျေးရွာ မူလတန်းကျောင်း များ၌ ဆရာတစ်ယောက်တည်းသာရှိသည်။ ဆရာတစ်ယောက်တည်း ကပင် ဇာတ်မင်းသားလည်းလုပ်ရသည်။ လူကြမ်းလည်းလုပ်ရသည်။ ဇာတ်ဆရာလည်းလုပ်ရသည်။ ကားလည်းဆွဲရသည်။

ဆရာမောင်စာသည် စာတော်သည်။ အသင်အပြကောင်းသည်။ မျက်နှာထားတည်သည်။ ကျောင်းသားအားလုံးက ကြောက်ကြသည်။ သို့သော် သူ့တွင် အပြစ်တစ်ခုရှိသည်။ တစ်ခုတည်းသော အပြစ်မှာ လည်း အလွန်ကြီးကျယ်သည့် အပြစ်ဖြစ်သည်။ ဆရာမောင်စာ အရက် သောက်တတ်သည်။ သူ အရက်သောက်ကြောင်း ကျွန်တော်တို့ မသိ။ လူကြီးတွေ ပြောပြချက်အရသာ သိရသည်။ကျောင်းချိန်အတွင်း၌ပင် ဆရာမောင်စာ တစ်ခါတစ်ခါပျောက်သွားတတ်သည်။ ပြန်လာသော အခါ မျက်ထောင့် နီနေသည်ကို တွေ့ရသည်။ သို့သော် စာသင်မပျက်၊

http://www.dhammadownload.com



ထိုအချိန်က ကျွန်တော်တို့သည် ဦးဖိုးကျား ကိုယ်တွေ့ဝတ္ထု" အရက်သမား "ထဲက အရက်သမားဆရာကိုချွတ်လိုက်သည့် ကျောင်းသူလေးကဲ့သို့ ဆရာမောင်စာကို ချွတ်နိုင်ဖို့ဝေးစွ ၊ သူအရက်သောက်လာသည်ကိုပင် မသိပေ။ အရက်ဆိုသော အရာ၏သဘောသဘာဝကိုပင် နားမလည်သေးပေ။

မူလတန်းကျောင်းတွင် ကျွန်တော်တတိယတန်းရောက်လာသည်။ ထိုအချိန်က ကျောင်းထွက်သွားပြီးဖြစ်သည့် ကျောင်းသားဟောင်းတစ်ယောက်ရှိသည်။ မောင်ပုလေးဟုခေါ်သည်။ မောင်ပုလေးသည် စာတော်သည်။ ကျွန်တော်တို့ မူလတန်းကျောင်း မရောက်ခင်ကပင် စတုတ္ထတန်းအောင်မြင်ပြီးပြီဖြစ်၍ ကျောင်းအပြင်ဘက်ရောက်နေသူဖြစ်သည်။ သို့သော် မောင်ပုလေးသည် မကြာခဏကျောင်းရောက်လာတတ်သည်။

တစ်နေ့တွင် မောင်ပုလေး ကျောင်းရောက်လာသည်။ ဆရာကိုမောင်စာသည် မောင်ပုလေးကို ကျောင်းမှာထားခဲ့ပြီး အရက်သောက်လားသို့မဟုတ် အခြားကိစ္စတစ်ခုခုအတွက်လားမသိ၊ အပြင်ထွက်သွားသည်။ မောင်ပုလေးသည် အခြားအတန်းများကို ပြနေရာက ကျွန်တော့်ကို သူငယ်တန်းကျောင်းသားများအား စာအပြခိုင်းသည်။ ကျွန်တော်ကလည်း တကယ့်ကျောင်းဆရာကြီးဟန်မျိုးနှင့် ကိုယ်နှင့်

http://www.dhammadownload.com



မတိမ်းမယိမ်းကျောင်းသားများကို စာပြပေးနေသည်။

ကျွန်တော် စာပြပေးနေသည့် သူငယ်တန်းမှာ ကျောင်းဆောင်အဆွယ်အထပ်တွင် ရှိသည်။ ယင်းအထပ်ကို ကျောင်းအောက်က လှမ်းမြင်ရသည်။ ဆရာမောင်စာသည် ဘယ်အချိန်က ကျောင်းအောက် ပြန်ရောက်နေသည်မသိပေ။ ကျွန်တော်စာပြနေသည်ကို ကျောင်းအောက်က အတန်ကြာရပ်ကြည့်နေသည်။ သူ ရပ်နေသည်ကို ကျွန်တော်မမြင်။ ထို့နောက် သူကျောင်းပေါ်တက်လာသည်။ မျက်ထောင့်လည်းနီရဲနေသည်။ ဆရာမောင်စာသည် ကျွန်တော့်ကို ဘာမပြောညာမပြော ကြိမ်နှင့် တဖြန်းဖြန်း ရိုက်လေတော့သည်။ သူမခိုင်းဘဲနှင့် ကျွန်တော်က လူလည် လူတတ်ကြီး လုပ်ပြီး ဆရာလုပ်နေသည်ဟု အထင်ရှိသွားပုံရသည်။ ကျွန်တော့်ကို ခိုင်းထားသော မောင်ပုလေးကလည်း ဘာမှရှင်းမပြဘဲ အသာငြိမ်နေသည်။ ကျွန်တော် အချောင်အရိုက်ခံလိုက်ရသည်။ ကျောင်းသားသက်တမ်းတစ်လျှောက်၌ မှတ်မှတ်ရရ ထိုအကြိမ်သည် ပထမဆုံးနှင့် နောက်ဆုံးအကြိမ် အရိုက်ခံရခြင်းဖြစ်သည်။ မောင်ပုလေးကား တခြားမဟုတ်။ နောင်သောအခါ၌ စာပေပညာရှင် စာရေးဆရာကြီးအဖြစ်နှင့် ထင်ရှားကျော်ကြားလာ သောဆန်းထွန်း (မန်းတက္ကသိုလ်)ပင် ဖြစ်သည်။

ဆရာ မောင်စာ၏ ကျောင်းတွင် ကျွန်တော် စတုတ္ထတန်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



ရောက်လာသည်။ စတုတ္ထတန်းရောက်လာသည့်တိုင် ကျွန်တော်၏ ကျောင်းလွယ်အိတ်ထဲတွင် ကျောက်သင်ပုန်း၊ ကျောက်တံ၊ ပေတံနှင့် ဖတ်စာအုပ်အချို့မှ တစ်ပါး တခြားမရှိပေ။

တစ်နေ့သောအခါ ကျွန်တော်တို့ ကျောင်းသို့စာစစ်ရန် ပညာအုပ် ရောက်လာသည်။ ပညာအုပ်မှာ ဝဝဖိုင့်ဖိုင့် ကရင်ကြီးဖြစ်သည်။ ကရင်ဖြစ်သော်လည်း ရှမ်းဘောင်းဘီအနက် ဝတ်ထားသည်။ ပညာအုပ် ရောက်လာသောအခါ ဆရာမောင်စာသည် တစ်ဘက်က ပညာအုပ်ကို မျက်နှာချိုသွေးရ၊ ဧည့်ခံရ၊ တစ်ဘက်က သူတပည့်တွေ အတွက် စိုးရိမ် ပူပန်ရနှင့် ဗျာများနေသည်။ ပညာအုပ်သည် ကျွန်တော်တို့အတန်းကို ပထမစ၍စစ်သည်။ ဂဏန်းတစ်ပုဒ်ပေးသည်။ ဂဏန်းကို မတ်တပ်ရပ်တွက်ရသည်။ ဂဏန်းတွက်ပြီးသောအခါ ထိုင်ပြီး အဖြေရေးထားသော ကျောက်သင်ပုန်းကို မှောက်ထားရသည်။ မှန်လည်းမှန်၊ အမြန်ဆုံးလည်းပြီးသူသည် အတော်ဆုံးဖြစ်သည်။ ကျွန်တော့် အရင် ကျောင်းသူ "ကောက်"က ထိုင်သည်။ ဒုတိယ ကျွန်တော်ပြီးသည်။ ပညာအုပ်စစ်ကြည့်သောအခါ ကျွန်တော့်အဖြေက မှန်ပြီး ကောက် အဖြေက မှားနေသည်။ ကောက်သည် ဉာဏ်ကောင်း သည်။ အတန်းထဲတွင် အတော်ဆုံးဖြစ်သည်။ သို့သော် ထိုအကြိမ် ဦးလျှမ်းသွားပုံရသည်။ သူ့ကို မကောက်ဟုမခေါ်ကြ။ "ကောက်"ဟူ၍သာ

http://www.dhammadownload.com



ခေါ်ကြသည်။ ကရင်ပညာအုပ်ကြီး ကျေနပ်သွားပုံရသည်။ ထိုအခါ ဆရာမောင်စာ၏ မျက်နှာတွင် ပေါ်ထောင့်ပေါ်ခဲ့ အပြုံးကလေး တစ်ချက်ပေါ်လာသည်။ ဆရာမောင်စာသည် ကျွန်တော်၏ ဒုတိယ ကံ့ကူလက်လှည့်ဆရာဖြစ်သည်။

ကျောင်းပြောင်းရပြန်ပြီ။

တတိယကျောင်းမှာ ဘုန်းကြီးကျောင်း တန်ဆောင်းအတွင်းက ဦးအာစရကျောင်းဖြစ်သည်။ဦးအာစရသည် ကျွန်တော်တို့ရွာဦးကျောင်း မှ ခန်းနေဦးပဥ္စင်းဖြစ်သည်။ ဦးပဥ္စင်းသည် လောကုတ္တရာ ကျမ်းစာ များကို သူကိုယ်တိုင်လည်း ဟုတ်တိပတ်တိ မသင်၊ တပည့်ကိုရင် ကျောင်းသားများကိုလည်း ပို့ချမပေး။ သူ့ ဝါသနာမှာ စတုတ္ထတန်း အရွယ် ကျောင်းသားများကို စာသင်ပေးခြင်း ဖြစ်သည်။ ဦးပဥ္စင်းသည် စေတနာကောင်းသည်။ စည်းရုံးရေး ကောင်းသည်။ တစ်ဘက်က ဆရာမောင်စာသည် အရက်အသောက် များလာသည်။ စာသင်ပျက် လာသည်။ ဤတွင် ဆရာမောင်စာကျောင်းမှ ကျောင်းသားများ တစ်စတစ်စ ဦးအာစရကျောင်းရောက်ကုန်ကြသည်။ ယင်းရေစီး ကြောင်းထဲတွင် ကျွန်တော်လည်းမျောပါသွားသည်။

ဦးအာစရကျောင်းသည် အစိုးရ အသိအမှတ်ပြု ကျောင်းမ ဟုတ်ပေ။ သို့သော် ဦးအာစရသည် ကျောင်းသားများအား အစိုးရ

http://www.dhammadownload.com



အသိအမှတ်ပြု ကျောင်းများတွင် သင်ပေးသည့်အတိုင်းပင် သင်ပေးသည်။သူ့ကျောင်း ရောက်မှ ကျွန်တော်တို့စာပိုတော်လာကြသည်၊ ဂဏန်းပိုတတ်လာကြသည်။ သို့သော် အစိုးရ အသိအမှတ်ပြု ကျောင်း မဟုတ်သဖြင့် ကျွန်တော်တို့လည်း အလွတ်ကျောင်းသားများသာ ဖြစ်နေကြသည်။

ဦးအာစရကျောင်း၏ ကစားကွင်းမှာ ရွာထိပ်ရှိ ဘုန်းကြီးကျောင်း ပရိဝုဏ်အပြင်ဘက်က ကွက်လပ်ဖြစ်သည်။ ယင်းကွက်လပ်၌ သီတင်းကျွတ် ဆွမ်းတော်ကြီးတင်ပွဲတွင် ရုပ်သေး ကသည်။ ကျောင်း အားချိန် ထိုကွက်လပ်တွင် ကျွန်တော်တို့ ဘောလုံးကန်ကြသည်။ ကျွန်တော်တို့တွင် ကန်စရာဘောလုံးမရှိ၊ အဝတ်ကိုကျစ်နေအောင် ထုပ်ပြီး ကြိုးနှင့်ခိုင်အောင် ချည်လျက် အဝတ်ထုပ်ကို ဘောလုံးလုပ် ကန်ကြသည်။ တစ်ခါတစ်ရံဦးအာစရက ဝီစီမှုတ်ပြီး ဒိုင်လူကြီး လုပ်သည်။

နောက်မကြာမီ ဦးအာစရ လူထွက်သွားသည်နှင့် သူ့ကျောင်း လည်း တစ်ဇာတ်သိမ်းသွားသည်။ သူ့ကျောင်း တစ်ဇာတ်သိမ်းသွား သည်နှင့် ကျွန်တော်တို့ အတန်းကျောင်းသားဘဝလည်း နိဂုံးချုပ်သွား လေတော့သည်။ ကျွန်တော် စတုတ္ထတန်းပင် မအောင်ပေ။

ဦးအာစရသည် ကျွန်တော်၏ တတိယ ကံ့ကူလက်လှည့် ဆရာဖြစ်သည်။

xxx

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဘဝခရီး တစ်လျှောက် ဖြတ်သန်းကျော်လွှားလာခဲ့ရသည့်ခရီး နောက်ကြောင်းကို တစ်မျှော်တစ်ခေါ်ကြီး ပြန်ကြည့်လိုက်သည်။ ဘဝ ခရီးစောစောပိုင်းက ကြုံတွေ့ခဲ့ရသည့် ကံ့ကူလက်လှည့် ဆရာသုံးဦး သည် အမှတ်သညာထဲတွင် ပေါ်လာသည်။ အနန္တောအနန္တဂိုဏ်းဝင် ယင်းကံ့ကူလက်လှည့် ဆရာသုံးဦးကို ပူဇော်ချင်သည်။ ကန်တော့ ချင်သည်။ သို့သော် ဦးအာစရခေါ် ဦးမောင်မောင်အေးတစ်ယောက် ကိုသာလျှင် ပူဇော်ကန်တော့ခွင့် ရလိုက်သည်။ အဘိုးအရွယ်တွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် လာနေ၍ပူဇော်ကန်တော့ခွင့်ရခြင်း ဖြစ်သည်။ ယခုတော့ ကွယ်လွန်သွားပြီ။ ကျန်ကံ့ကူလက်လှည့် ဆရာ နှစ်ဦးအနက် ဖိုးစံကွန်းသည် ကျွန်တော်အရွယ်မရောက်မီကပင် ကွယ်လွန်သွားသည်။ ဆရာမောင်စာကိုလည်း တခြားရွာက ကျောင်း တစ်ကျောင်းသို့ ပြောင်းရွှေ့သွားပြီး ကတည်းက မတွေ့ရတော့။ ပူဇော် ကန်တော့ချင်၍ စုံစမ်းကြည့်သည်။ သတင်းမရ။ သူလည်း ယခု ဤလောကဌ ရှိတော့မည်မဟုတ်ပေ။

http://www.dhammadownload.com



# ဖားဥနှင့်မင်ကွက်

စွတ်စို ထိုင်းမှိုင်းသော မိုးရာဦ၌ မိုးပေါက်မိုးစက်ထိသော အဝတ်အထည်တို့ကို မလျှော်ဖွပ်ဘဲ အချိန်ကြာကြာထားလျှင် ထို အဝတ်အထည်တို့တွင် အပ်ဖျားလောက်ပင်သေးငယ်သော အမည်း စက်ကလေးများ စွန်းထင် ပေါ်ပေါက်လာတတ်သည်။ ယင်းအမည်း စက်ကလေးများကို ဖားဥဟုခေါ်သည်။ ဖားဥခေါ်သည့် ယင်းအမည်း စက်ကလေးများသည် ဆပ်ပြာနှင့် မည်သို့ပင်တိုက်ချွတ် ဖွပ်လျှော်ပါ သော်လည်း တော်တော်နှင့် ကွယ်ပျောက်မသွားပေ။ အဝတ်အထည် များတွင် မင်စွန်းသဖြင့် ထင်နေသော မင်ကွက်မှာမူ ဖားဥနှင့်စာလျှင် အဆအရာကြီးမားသော အမည်းကွက်ဖြစ်သည်။ သို့ရာတွင် မင်စွန်း သဖြင့် ထင်နေသော အမည်းကွက်မှာမူ ဆပ်ပြာနှင့် နှစ်ကြိမ်သုံးကြိမ် တိုက်ချွတ် ဖွပ်လျှော်လိုက်ရုံနှင့် ပျောက်ပျက်သွားပြီး မင်ကွက်ထင် နေသော အဝတ်အထည်သည် ပကတိအတိုင်း ပြန်ဖြစ်သွားသည်။

လူတစ်ဦးတစ်ယောက်၏ [illegible]သညာ အဝတ်အထည်တွင် ဖားဥစွဲနေသကဲ့သို့ပင် မင်ကွက်များလည်း စွန်းထင်နေတတ်သည်။ အမှတ်သညာ အထည်အဝတ်တွင် စွန်းပေနေသော မင်ကွက်များမှာ အကြီးအသေး ပမာဏအရ ကြီးပင်ကြီးငြားသော်လည်း အချိန်သမယ

ထက်စေယ်တာပေ

http://www.dhammadownload.com



ဆပ်ပြာနှင့် တိုက်ချွတ်ဖွပ်လျှော်လိုက်သောအခါ အမည်းကွက်သည် တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်သွားသည်။ သို့သော် အမှတ်သညာ အဝတ်အထည်တွင် စွန်းထင်နေသော ဖားဥကလေးများမှာမူ အပ်ဖျားတမျှ မည်းမှုပင်သေးငယ်သော်လည်း အချိန်သမယဆပ်ပြာနှင့် မည်သို့ပင် တိုက်ချွတ်ဖွပ်လျှော်စေကာမူ အမှတ်သညာအဝတ်အထည် စုတ်ပြဲသွားသည့်အထိပင် ဆက်လက်ရှင်သန်နေသည်။

ကျွန်တော်၏ ငယ်စဉ်တောင်ကျေး ကလေးဘဝ အမှတ်သညာ အဝတ်အထည်တွင်လည်း ဖားဥကလေးများ စွန်းထင်နေသည်။ ယင်း ဖားဥကလေးများသည် အမှတ်သညာ အဝတ်အထည် ဟောင်းနွမ်း ဆွေးမြေ့လာပြီဖြစ်သည့် ယခုအချိန်အထိပင် အမှတ်သညာ အဝတ် အထည်ကို စွန်ခွာမသွားကြသေးပေ။

xxx

မိမိ၏ ငယ်စဉ်တောင်ကျေးကလေးဘဝက အမှတ်သညာတွင် သစ်ပင်ကြီးငါးပင်ရှိသည်။ လူတစ်ဦးတစ်ယောက်၏ ဘဝ၌သစ်ပင် သည် ဘာမျှအရေးမကြီးပေ။ သစ်ပင်တစ်ပင်၏အရေးပါအရာရောက်မှု သည် လူတစ်ဦးတစ်ယောက်၏ ဘဝ၌ ဖားဥတမျှပင်သေးငယ်လှသည်။ သို့သော်လည်း ယင်းသေးငယ်သော ဖားဥကိုပင် မှန်ဘီလူးဖြင့် ကြည့် ရဦးမည်။ ရှောမွှေးကို ဗာရဏသီချဲ့ရဦးမည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ငယ်စဉ်တောင်ကျေး ကလေးဘဝ၏ အမှတ်သညာ အဝတ် အထည်တွင် စွဲနေသော ဖားဥတစ်ဥမှာ ကျွန်တော်တို့၏ အိမ်ဆိပ် ချောင်းကမ်းနံဘေးတွင် ပေါက်နေသော ခံတက်ပင်ဖြစ်သည်။ ရေခ တက်ပင်ဟုလည်းခေါ်သည်။ ခံတက်ပင်သည် ချောင်းကမ်းနံဘေး မြစ် ကမ်းနံဘေး၌ အပေါက်များသည်။ ချောင်းကမ်းနံဘေး၌ ပေါက်၍ အာပေါ်ဓာတ် ရနေသောကြောင့်လားမသိ၊ ခံတက်ပင်လေးသည် အမြဲ တမ်း စိမ်းစိုနေသည်။ ခံတက်ပင်လေးသည် အိမ်နီးနားချင်းများကို မပြတ်အကျိုးပြုနေသည်။ ခံတက်ရွက်နုနုကလေးများကို ခူးပြီးသုတ် စားကြသည်။ တို့စားကြသည်။ မရင့်တရင့် အရွက်များကိုခူးပြီး ခံ တက်ချဉ်ထည့်ကြသည်။ ခံတက်ချဉ်အတို့နှင့် ငပိရည်သည် ရွာသူ ရွာသားများ၏ ထမင်းပွဲ၌ ထမင်းလည်း မြိန်၊ အကုန်လည်း သက် သာသော ဟင်းတစ်မည်ဖြစ်နေသည်။ အရွက်များကို မပြတ်ခူးနေ ကြသော်လည်း ခူးပြီးမကြာခင်ပင် ခံတက်ပင်တွင် ရွက်နုကလေးများ ထွက်လာသည်ကို တွေ့ရသည်။

ခံတက်ပင်လေးသည် ဇာတ်တော်ထဲက "ဗကဇာတ်"နှင့်လည်း အဆက်အစပ်ရှိနေသည်။

တစ်နေ့သ၌ ဘုရားအလောင်းသည် ရေအိုင်တစ်အိုင်အနီး၌ ပေါက်နေသော ခံတက်ပင်၌ ရုက္ခစိုးနတ်ဖြစ်နေသည်။ အကြံပက်စက်

http://www.dhammadownload.com



သော မျိုင်းယုတ်တစ်ကောင်သည် နွေကာလရေခန်းသွားသည်ဖြစ်၍ ရေအိုင်ထဲတွင် ဒုက္ခရောက်နေကြသော ငါးများကို တွေ့မြင်ရသောအခါ အကြံနှင့် အိုင်စပ်လာပြီး ငါးများကို "မင်းတို့ကို ငါ ရေမခန်းတဲ့ ရေအိုင်ကြီးတစ်အိုင်ကို ပို့ပေးမယ်"ဟု ဆိုသည်။ ငါးများသည် ရှိုးသားကြသည်။ ရှိုးသားသူများသည် ယုံလွယ်တတ်ကြသည်။ အကြံနှင့်ပြောသော မျိုင်း၏ စကားကို ယုံစားပြီးမျိုင်းပြောသော ရေအိုင်အပို့ခိုင်းကြသည်။ မျိုင်းသည် ငါးများကို အခြားရေအိုင် ပို့ဟန်ဆောင်လျက် တစ်ကောင်ပြီး တစ်ကောင် သယ်ယူသွားပြီးလျှင် ခံတက်ပင်ခွကြား ၌ နားလျက်အကုန်စားပစ်သည်။

ရေအိုင်ထဲ၌ တစ်ကောင်တည်း ကျန်နေသော ပုစွန်လုံးအလှည့်ရောက်လာသည်။ ပုစွန်လုံးက ငါးများလိုမအ။ ပါးနပ်သည်။ ဖျတ်လတ်သည်။ မျိုင်းက သူ့ကိုနှုတ်သီးဖြင့် ချီယူမည်ပြုသောအခါ"အသင်မျိုင်း"၊ ကျွန်ုပ်ကို ချီယူသွား၍ မဖြစ်၊ ကျွန်ုပ်လက်မဖြင့် သင့်လည်ပင်းကို အသာညှပ်ပြီး လိုက်ခဲ့မည်"ဟု ဆိုသည်။ ငါးသည်ငါးစာကိုသာ မက်နေသဖြင့် ငါးမျှားချိတ်ကို မမြင်ပေ။ ထောင်ချောက်ထဲက အစာကိုသာ တမ်းတမ်းစွဲဖြစ်နေသော သမင်သည် ထောင်ချောက်ကို သတိမပြုမိပေ။ ပုစွန်လုံးကို ပွဲတော်တည်ရန် သွားရည်တမြားမြား ဖြစ်နေသော မျိုင်းသည် ခေါင်းတုံးပေါ်ထိပ်ကွက်မည့် ပုစွန်လုံး၏ အကြံကို

http://www.dhammadownload.com



မရိပ်မိပေ။ ပုစွန်လုံးဆိုသည့် အတိုင်းပင်ပုစွန်လုံး၏လက်မဖြင့် သူ၏ လည်ပင်းကိုညှပ်စေပြီးလျှင် ရေအိုင်ကိုခေါ်သွားသည့်ဟန်ဖြင့် ခံတက် ပင်ပေါ်သွားနားသည်။ ပုစွန်လုံးက သူထင်ထားသည့်အတိုင်းဖြစ်လာ၍ "အဆွေ ဗျိုင်း။ သင်သည် ငါးများကို တစ်ဖက်လှည့်နှင့် တခြားအိုင် ခေါ်သွားမည့်ဟန်ဖြင့် စားပစ်သည်ကို ငါသိရပြီ။ ငါ့ကို သင်ပြောသည့် အိုင်တွင် မလွှတ်လျှင် သင့်လည်ပင်းကို ငါညှပ်ဖြတ်လိုက်မည်"ဟူ၍ ခြိမ်းခြောက်သည်။ ကောက်ကျစ်သူသည် တကာယ်ဘေးနှင့်ကြုံလာသော အခါ ရှုံးရှုံးလူထက်ပင် တုန်လှုပ်တတ်သည်။ ဗျိုင်းသည် လည်ပင်း ပြတ်မှာ ကြောက်ပြီး ပုစွန်လုံးကို ရေရှိသော အိုင်သို့ ဆောင်ကြဉ်း သွားပြီး ရေအိုင်စပ်၌ နားသည်။ ပုစွန်လုံးသည် အသက်ဘေးလွတ် မြောက်သွားပြီဖြစ်သော်လည်း ကောက်ကျစ်စဉ်းလဲသူအား ဒဏ်ခတ် သည့်အနေဖြင့် ဗျိုင်း၏လည်ပင်းကို လက်မနှင့်ညှပ်ဖြတ်ပြီးလျှင် ရေ အိုင်ထဲ ငုပ်ဆင်းသွားသည်။ "ပုစွန်ကြံတတ်ဗျိုင်းလည်ပြတ်"ဖြစ်သွား သည်။ ထိုအခါ ခံတက်ပင်ပေါ်က ရုက္ခစိုးက"လိမ်လည်ကောက်ကျစ် သူသည် လိမ်လည်ကောက်ကျစ်ခြင်း၏ ဆိုးကျိုးကို ခံရ၏"ဟု ဩ ဘာပေးသည်။

ကျွန်တော်တို့ အိမ်ဆိပ်ရှိ ချောင်းကမ်းနံဘေးက ခံတက်ပင် လေးသည် "လိမ်လည်ကောက်ကျစ်သူသည် လိမ်လည်ကောက်ကျစ်

http://www.dhammadownload.com



ခြင်း၏ ဆိုးကျိုးကိုခံရ၏" ဟူသော သင်ခန်းစာကို သွန်သင်ညွှန်ပြနေဘိ သကဲ့သို့ပင် ထင်နေရသည်။

ထိုခံတက်ပင်နှင့် ပတ်သက်၍ ငယ်စဉ်ကာလ ကျွန်တော့်အတွက် မမေ့နိုင်သော အဖြစ်အပျက်တစ်ခု ရှိနေသည်။ ထိုအဖြစ်အပျက်မှာ ခံတက်ပင်ရင်း၌ ပုစွန်ထုပ်ဖုတ် စားခြင်းဖြစ်သည်။

ကျွန်တော်တို့ ချောင်းထဲတွင် တံငါသည်များသည် နည်းအမျိုးမျိုးဖြင့် ငါးဖမ်းကြသည်။ ငါးရှာကြသည်။ ချောင်းတစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း ပိုက်သွယ်တန်းပြီး ငါးဖမ်းသူများလည်းရှိသည်။ မြှုံးထောင်ပြီး ငါးဖမ်းသူများလည်းရှိသည်။ ကွန်ပစ်ပြီး ငါးဖမ်းသူများလည်း ရှိသည်။ ကွန်ပစ်ပြီး ငါးဖမ်းကြသူများသည် ကွန်လှေကို လှော်ခတ်လျက် ငါးရှိမည်ထင်သည့် နေရာ၌ကွန်ကိုပစ်၍ ငါးဖမ်းကြသည်။ လှေ၏ဦးဘက်က သစ်သားတိုင်တစ်ခုတွင် အပေါက်ဖောက်ထားပြီး ယင်းအပေါက်တွင်ခွရှိသော သစ်ကိုင်းတစ်ကိုင်းထိုးစိုက်ထားသည်။ ယင်းသစ်ကိုင်းခွတွင် ကွန်ကိုတင်ပြီး တွဲလွဲဆွဲထားသည်။ ငါးရှိမည် ထင်သည့် ရေပြင်ရောက်မှ သစ်ကိုင်းခွတွင် တင်ထားသောကွန်ကို ယူလျက်လက်နှစ်ဖက်ဖြင့် ကျုမ်းကျင်စွာကိုင်ပြီး ဝေ့ကာဝိုက်ကာ ရေထဲ ဖြန့်ကြဲပစ်လိုက်သည်။ ရေထဲ ပြန့်ကျဲကျသွားသော ပိုက်ကွန်ကို တဖြည်းဖြည်းရုံ့လျက် ဆွဲယူသောအခါ ကွန်ထဲတွင် ငါးများပါလာသည်။



F 6 A

http://www.dhammadownload.com



လှေပေါ်ရောက်မှ ကွန်ထဲဖမ်းမိပါလာသော ငါးများကိုထုတ်ယူသည်။ ငါးဖမ်းနည်းများတွင် ကွန်ပစ်ပြီးဖမ်းသည့် နည်းသည် ပညာသားအပါဆုံးဖြစ်သည်။ ကွန်ပစ် ကျွမ်းကျင်ဖို့လိုသည်။ ကွန်ချက်မိဖို့ အရေးကြီးသည်။ ရေပြင်ပေါ် ဟန်ချက်ညီညီ ကွန်ရွက်ကျသွားဖို့ သတိထားရသည်။

ကျွန်တော်တို့ ချောင်းထဲတွင် ကွန်ပစ်ပြီး ငါးဖမ်းကြသူများထဲတွင် ကွန်လှေတစ်စင်းက လူကြီးတစ်ယောက်နှင့် ကျွန်တော်မျက်မှန်းတမ်းမိနေသည်။ ကွန်လှေဆရာကြီးသည် ကျွန်တော်တို့၏ အိမ်ဆိပ်ရောက်သည့်အခါ ကမ်းစပ်တွင် ကျွန်တော်ရှိနေသည်ကို တွေ့လျှင် ပုစွန်ထုပ်ကြီး သုံးလေးထုပ် လှေပေါ်က ပစ် ပစ်ပေးသွားသည်။ ကျွန်တော်ကလည်း သူလာတတ်သည့်အချိန် မှန်းမှန်းပြီး ကမ်းစပ်က စောင့် စောင့်နေတတ်သည်။ မည်သည့်ရွာက လာသည်ဟုမသိရသော ကွန်လှေဆရာကြီးသည် ကျွန်တော့်ကို သူ့တူလို သူ့သားလို ခင်မင်နေပြီ။ ကျွန်တော့်ကို သူဖမ်း၍ရသည့်အထဲက ပုစွန်ထုပ်ကြီး သုံးလေးထုပ် ပစ် ပစ်ပေးသွားသည်။ သူပေးသော ပုစွန်ထုပ်ကြီးများမှာ ယခုကာလ တန်ဖိုးတစ်ဆယ်သား ငါးဆယ်ခြောက်ဆယ်ရှိသည့် ပုစွန်ထုပ်ကြီးမျိုးဖြစ်သည်။ တံငါသည်ကြီးပေးပေးသွားသော ပုစွန်ထုပ်ကြီးကို ခံတက်ပင်အောက်တွင် သစ်ရွက်ခြောက်များ၊ သစ်ခြောက်ကိုင်းများ

http://www.dhammadownload.com



စုပုံလျက် မီးမွှေးပြီး ဖုတ်ဖုတ်စားသည်။ ထို့ကြောင့် ခံတက်ပင်သည် ကျွန်တော်၏ ငယ်စဉ်ဘဝနှင့် ဆက်စပ်မှုရှိနေသော ယခုထက်တိုင် အမှတ်သညာထဲတွင် စွဲနေသော သစ်ပင်တစ်ပင်ဖြစ်နေသည်။

မိမိ၏ အမှတ်သညာထဲက ပျောက်မသွားသေးသော အခြား သစ်ပင်တစ်ပင်မှာ ကျွန်တော်တို့အိမ်နောက်ဘက် ခြံစည်းရိုးတွင် ပေါက်နေသော ကြို့ပင်ဖြစ်သည်။ ကြို့ပင်ကြီးမှာ ခံတက်ပင်လိုမဟုတ် ပေ။ ခံတက်ပင်က ဆယ်ပေကျော်ကျော်လောက်သာ မြင့်သော်လည်း ကြို့ပင်မှာ ပေငါးဆယ်လောက်ပင်မြင့်မားသည်။

ပင်စည်လုံးပတ်မှာလည်း လူကြီးတစ်ယောက် လက်နှစ်ဖက်နှင့် ဖက်စေကာမူ လက်တစ်ဖက်နှင့် တစ်ဖက်ထိစပ်ခြင်းမရှိလောက်အောင် ပင် ကြီးမားသည်။ သစ်ပင်၏အပေါ်ပိုင်းမှာလောက်သာ အကိုင်းအခက် များ ဝေဝေဆာဆာနှင့် အသီးအပွင့်များရှိသည်။ ပေလေးဆယ်လောက် အထိ ပင်စည်ကြီးသည် အကိုင်းအခက်မရှိဘဲ တစ်ဖြောင့်တည်း ထိုးတက်သွားသည်။ ထို့ကြောင့် ကြို့ပင်ပေါ်ကလေးလူကြီး မည်သူမှ မတက်နိုင်ကြ။ အောက်တွင် ကြွေကျသော ကြို့သီးများကိုသာ ကောက် စားရသည်။

တောရွာများ၌ သစ်ပင်ကြီးကြီးမားမားရှိလျှင် ထိုသစ်ပင်ကို တစ္ဆေသရဲ၊ သို့မဟုတ် ရုက္ခစိုး၏ ဘုံဗိမာန် လုပ်ပစ်လိုက်တတ်ကြ

ထက်ဝေယံစာပေ

http://www.dhammadownload.com



သည်။ ထိုကြို့ပင်ကြီးတွင်လည်း ရုက္ခစိုးရှိသည်ဟု လူကြီးတွေကပြော ကြသည်။ သို့သော်လည်း ကျွန်တော်တို့သည် ရုက္ခစိုးကို မကြောက်ပေ။ တစ္ဆေသရဲရှိသည်ဟု ပြောသည့်သစ်ပင်အနီးသို့ မကပ်ရဲသော်လည်း ရုက္ခစိုးရှိသည်ဟု ပြောသော သစ်ပင်အနီးသို့မူ အကြောက်အရွံ့မရှိဘဲ သွားရဲလာရဲသည်။ တစ္ဆေသရဲက အန္တရာယ်ပြုတတ်ပြီး ရုက္ခစိုးက ဒုက္ခမပေးဆိုသည်ကို ကလေးကအစသိသည်။ ရုက္ခစိုးသည် သစ်ပင်ကို စောင့်သော နတ်ကောင်း။ နတ်မြတ်ဖြစ်သည်။နတ်ဆိုးမဟုတ်ပေ။ ရုက္ခစိုး၏ အသွင်အပြင်မှာ ဝတ်ဖြူစင်ကြယ် ဝတ်ထားသဖြင့် တစ်ကိုယ်လုံးဖြူနေသည်ဟု ဆိုကြသည်။

ရုက္ခစိုးသည် မကျွတ်တဲ့ အသက်ရှည်ကြာစွာ နေရသောကြောင့် နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တယျဘုရားနှင့် ကြုံကြိုက်လိုသော ဆရာတော်ကြီးများသည်ပင် ဘုရားဆု၊ သာဝကဆု မတောင်းဘဲ ရုက္ခစိုး ဆုတောင်းကြသည်။ ရုက္ခစိုးဆုတောင်းသော စာတတ်ပေတတ် အကျော်အမော်ဆရာတော်ကြီးများ များစွာရှိသည်။

ရုက္ခစိုးအကြောင်း စကားစပ်လာ၍ အိန္ဒိယနိုင်ငံ ကုသိနာရုံ ရောက်စဉ် ကုသိနာရုံတွင် သီတင်းသုံးနေသော ဘုန်းတော်ကြီး ပြော ပြသည့် ကုသိနာရုံ ရုက္ခစိုးပုံပြင်ကို ဖောက်သည်ချရဦးမည်။ ထိုဘုန်း တော်ကြီးမှာလည်း သူကိုယ်တွေ့မဟုတ်ပေ။ သူ့လက်ထက်မတိုင်မီက

http://www.dhammadownload.com



ကုသိနာရုံတွင် သီတင်းသုံးသွားခဲ့ကြသော ဘုန်းတော်ကြီးများအဆင့်ဆင့် ပြောသွားခဲ့ကြသည့် ရက္ခစိုးပုံပြင်ကို တစ်ဆင့်ဖောက်သည်ချခြင်းသာဖြစ်သည်။

ကုသိနာရုံသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာဌာနဖြစ်၍ ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ဌာနတစ်ခုဖြစ်သည်။ ကုသိနာရုံတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပုံ ရုပ်ပွားတော်ကြီးနှင့် စေတီပုထိုးများရှိသည်။ ယင်းရုပ်ပွားတော်ကြီးနှင့် စေတီပုထိုးများကို ရက္ခစိုးနတ်တစ်ပါးက စောင့်ရှောက်သည်။ ရှေးယခင်နှစ်များက ညဥ့်လူခြေတိတ်ချိန်၌ ကုသိနာရုံ ဝန်းကျင်တစ်ဝိုက်တွင် ဝတ်ဖြူစင်ကြယ် ဝတ်ထားသော သူတော်စင်ပုဂ္ဂိုလ်ကြီးတစ်ဦး သွားလာနေသည်ကို တွေ့ရသည်။ ထိုသူတော်စင်ပုဂ္ဂိုလ်ကြီးမှာ ရက္ခစိုးဖြစ်သည်။ နောက် ပိုင်းတွင်ကား ထိုရက္ခစိုးကို မတွေ့ရတော့ပေ။ ယုံချင်နေ မယုံချင် နေ မိမိကြားရသည်ကို ပြောပြခြင်းသာ ဖြစ်သည်ဟု ထိုဘုန်းတော် ကြီးကဆိုသည်။

"အဲဒီ ရက္ခစိုးက ကုလား ရက္ခစိုးလား၊ ဗမာ ရက္ခစိုးလား"

မိမိက မေးလိုက်သောအခါ ဘုန်းတော်ကြီးက "ဟာ ဒကာကြီးကလဲ ကုလားပြည်မှာ ကုလားရက္ခစိုးပဲ ရှိမှာပေါ့။ ဘယ်ကလာ ဗမာရက္ခစိုး ရှိမှာလဲ "ဟု ပြုံးပြီး ပြောသည်။

ယခု ကြို့ပင်ကြီးတွင် ရက္ခစိုးရှိသည်ဟု လူကြီးတွေက ခြောက်

http://www.dhammadownload.com



လှန့်ထားသော်လည်း ကျွန်တော်တို့က မကြောက် ၊ ကျောင်းက ပြန်လာလျှင်ကြို့ပင်ကြီးအောက် ရောက်နေတတ်သည်။ ကြို့ပင်ကြီး အောက်တွင် သူ့အလိုလိုကြွေကျနေသော ကြို့သီးများကို ကောက်စား ကြသည်။ "ကြို့သီးသည် ချိုချဉ်ရသရှိ၏။ ဝမ်းမီးကို တောက်စေ၏" ဟူ၍လည်း ဥတုဘောဇနေကျမ်း၌ ဆိုထားသည်။ ကြို့ပင်မှာ အလွန် သန်မာသော သစ်ကြီးမျိုးဖြင့်ဖြစ်၍လှည်းစသည်လုပ်ရာ၌ အသုံးပြုရ သည်။ အသက်အရွယ် ကြီးပြင်းလာသောအခါ အရပ်တကာ ရောက် သော်လည်း ငယ်စဉ်က ကျွန်တော်၏ ဖွားဖက်တော်တစ်ဦးဖြစ်သည့် ယင်းကြို့ပင်ကြီးမျိုးကို မှတ်မှတ်ရရ မည်သည့်နေရာတွင်မှ မတွေ့ရ တော့ပေ။

ကျွန်တော်ငယ်စဉ်ဘဝက အမှတ်သညာထဲတွင် စွဲနေသော တတိယသစ်ပင်မှာ သပြေပင်ဖြစ်သည်။ ဘုရားသြောင်ရေအိုးတိုင်း လိုလို၌ သပြေပန်း သပြေခက်များကို တွေ့မြင်နေရသည်ဖြစ်၍ "သပြေပင် အဆန်းလား"ဟု ပြောကပြောပေမည်။ သို့သော်လည်း ကျွန်တော်၏ ဖွားဖက်တော် သပြေပင်မှာ ဆန်းသည်။ ထူးသည်။ ဇယမင်္ဂလာ အထိမ်းအမှတ်ဖြင့် အခမ်းအနားတိုင်း၌ သပြေပန်းသပြေ ခက်များကို တွေ့နေရသော်လည်း ကျွန်တော်ငယ်စဉ်က အမှတ်သညာ ထဲတွင် စွဲနေသော သပြေပင်မျိုးကိုမူ နောင်ကြီးပြင်းလာသော အခါ

http://www.dhammadownload.com



မည်သည့်နေရာတွင်မှ မှတ်မှတ်ရရ မတွေ့ရတော့ပေ။ ကျွန်တော်၏ ဖွားဖက်တော်တစ်ဦးဖြစ်သော သပြေပင်မှာ ကျွန်တော်၏ဘကြီး ဦးဘိုးသိတို့၏ ခေါင်းရင်းခြံစည်းရိုး၌ ပေါက်နေသောသပြေပင်ကြီးဖြစ်သည်။ သပြေပင်ကြီးသည် ကြို့ပင်လောက်ပင် ပင်စည်ကြီးမားတုတ်ခိုင်သည်။ စိမ်းလန်းသော သပြေရွက်များဖြင့် အမြဲတမ်းဝေဝေဆာဆာ ရှိနေသည်။ ကြို့ပင်လောက်တော့ မမြင့်ပေ။ ပေနှစ်ဆယ်ကျော်လောက်သာ မြင့်သည်။ ထူးခြားသည်မှာ ဆယ့်နှစ်ရာသီသပြေသီးများသီးနေပြီး မှည့်ဝင်းနေသော သပြေသီးအပွတ်အခိုင်များ တစ်ပင်လုံးအပြည့် ရှိနေခြင်းဖြစ်သည်။ သပြေသီးမှည့်များကို ပွဲတော်တည်ကြသော ကျေးငှက်သာရကာများလည်း အခါမလပ်သပြေပင်ပေါ်၌ တရုန်းရုန်းဖြစ်နေကြသည်။ ဆရာမင်းသုဝဏ်၏ "သပြေသီးမှည့် ကောက်စို့ကွယ်" သည့် ထိုကဗျာ မပေါ်ခင်ကပင် ထိုသပြေပင်အောက်တွင် သပြေသီးကောက်နေကြသော ကျွန်တော်တို့တွင် အနက်အဓိပ္ပါယ်ထင်ဟပ်နေသည်။

သပြေသီးများကို အပင်ပေါ်တက်ခူးစရာ မလိုပေ။ တံချူနှင့်ချူစရာလည်း မလိုပေ။ အပင်အောက်တွင် ကြွေကျနေသော မှည့်ဝင်းနေသည့် သပြေသီးမှည့်များမှာ စား၍မကုန်၊ ကောက်၍မကုန်ဖြစ်နေသည်။ အနက်ရောင်ဘက် လုနေသော ခရမ်းရင့်ရောင် ထွား

http://www.dhammadownload.com



ထွားကျိုင်းကျိုင်း သပြေသီးမှည့်ကြီးများကို စားရသည်မှာ အရသာရှိလှသည်။ အားအားရှိလျှင် အရိပ်အာဝါသ ကောင်းသော သပြေပင်အောက်တွင် သပြေသီးကောက်နေသည်က များသည်။ သပြေသီးစားလွန်းသဖြင့် ကျွန်တော်တို့၏ နှုတ်ခမ်းသည်အပြာရောင်နှုတ်ခမ်းဆိုးဆေး မဆိုးရဘဲပြာနေသည်။

အမှတ်သညာထဲတွင် စွဲနေသော စတုတ္ထသစ်ပင်မှာ ကျည်းပင်ဖြစ်သည်။ ကျွန်တော်ငယ်ငယ်က ဘကြီးဦးဘိုးသီတို့အိမ်တွင် မကြာခဏသွားနေတတ်သည်။ ဦးဘိုးသီ၏ဇနီး ဒေါ်စောလေးမှာလည်း ကျွန်တော့မိခင်၏ ညီအစ်မဝမ်းကွဲဖြစ်သည်။ ဒေါ်စောလေးကို ကျွန်တော်တို့၏အမေ ခေါ်သည့်အတိုင်းပင် ကျွန်တော်တို့ကလည်း မမလေးဟုခေါ်သည်။ ဘကြီးဦးဘိုးသီတို့၏ ခြံစည်းရိုးအပြင်ဘက်ရှိ နှစ်ဖာလုံ သုံးဖာလုံလောက်ဝေးသော လယ်ကွင်းထဲတွင် ကျည်းပင်တစ်ပင်ရှိသည်။ထိုကျည်းပင်ကိုလည်း တစ္ဆေသရဲ၏ အိမ်ဂေဟာအဖြစ်သတ်မှတ်ထားကြသည်။ ကျည်းပင်ကိုယ်တိုင်က ဝန်းဝန်းဝိုက်ဝိုက် အုံ့ဆိုင်းညို့မှိုင်းနေသည့်အပြင် ကျည်းပင်၌ သရဲရှိသည်ဆိုသဖြင့် ညနေနေဝင်ရီသရောအချိန် တော်တော်တန်တန် သတ္တိနှင့်ကျည်းပင် အောက်သွားဖို့ဝေးစွ ၊ ကျည်းပင်နားကပင် ဖြတ်မသွားရဲကြပေ။ ကျည်းပင်က သရဲကြီးသည် လျှာကြီး တစ်လံလောက်ရှိသည်။ မည်သို့

http://www.dhammadownload.com



မည်ပုံခြောက်သည့် စသည်ဖြင့် ကောလဟာလသတင်းစကားများ ထွက်နေသော်လည်း ရေဆုံးမြေဆုံးလိုက်ကြည့်သောအခါ ယင်းကောလဟာလစကားများသည် ဘာတစ်ခုမျှအခြေအမြစ်မရှိသည်ကိုတွေ့ရသည်။ သို့သော်လည်း လယ်ကွင်းထဲတွင် ထီးထီးကြီးရှိနေသောတစ္ဆေရှိသည်ဟု လူပြောများသည့်ထိုကျည်းပင်အနားသို့ ညနေစောင်းလာပြီဆိုလျှင် သီပင်မသီရဲပေ။ နံနက်စောစောအချိန်၌မူ ထိုကျည်းပင်အောက် တစ်နေ့တစ်ခေါက် မှန်မှန်သွားရသည်။

ဘကြီး ဦးဘိုးသီတို့အိမ်တွင် ကျွန်တော်လုပ်ရသည့် အလုပ်တာဝန်များရှိသည်။ မမလေးဟု ကျွန်တော်တို့က ခေါ်သည့် အရီးဒေါ်စောလေးကို နင်းပေးရသည်။ တစ်ခါ နင်းပေးလျှင် အရီးဒေါ်စောလေးက ပိုက်ဆံတစ်ပြားပေးသည်။ ဘကြီးဦးဘိုးသီတို့အိမ်တွင် ကျွန်တော်လုပ်ရသည့် အလုပ်တာဝန်တစ်ခုရှိသေးသည်။ ထိုအလုပ်တာဝန်မှာ ဘူးသီးကြော်အဝယ်တော်ဖြစ်သည်။ နံနက်ပိုင်းတွင် အကြော်သည် အဒေါ်ကြီးတစ်ယောက်သည် ကျည်းပင်အောက်တွင် ဘူးသီးကြော်ကြော်သည်။ နံနက် မိုးလင်းလျှင် လူကြီးတွေက ကျွန်တော့်ကို ပိုက်ဆံတစ်မူးပေးပြီး ဘူးသီးကြော်ဝယ်ခိုင်းသည်။ နံနက်စောစော နှင်းစို့ရွှဲနေသော ရိုးပြတ်တောကိုဖြတ်သွားရသည်။ တစ်ခါတလေလည်း သွားရိုးသွားစဉ် ကန်သင်ရိုးပေါ်က သွားသည်။

http://www.dhammadownload.com



ထိုအချိန်က ကျွန်တော်တို့ ဘူးသီးကြော်ကို ဘူးသီးကြော်ဟု မခေါ်။ "ဘူးသီးငါးပေါင်းကြော်"ဟုခေါ်သည်။ အကြော်သည် အဒေါ်ကြီး က ဘူးသီးငါးပေါင်းကြော် တစ်မူးဖိုးရှစ်ခုပေးသည်။ တစ်ခါတစ်ရံ အဆစ်တစ်ခု နှစ်ခုပေးလိုက်သေးသည်။ တစ်ပြားတန်ဘူးသီးငါးပေါင်း ကြော်မှာ ယခုတစ်ကျပ်တန် ဘူးသီးကြော် ငါးခု ခြောက်ခုစာလောက် ရှိသည်။ အကြော်သည် အဒေါ်ကြီးရောင်းသော ဘူးသီးငါးပေါင်းကြော် ရှစ်ခု ကိုးခုကို ဝါးခက်အတံနှင့် သီပြီး အိမ်ပြန်ယူလာသည်။ အိမ် ရောက်သောအခါ နံနက်စာအဖြစ် တစ်အိမ်သားလုံး ဘူးသီးကြော် နှင့် ထမင်းကြမ်းစားကြသည်။ ကျည်းပင်အောက်က အကြော်သည် အဒေါ်ကြီး၏ ဘူးသီးငါးပေါင်းကြော်သည် မေ့၍မရနိုင်သကဲ့သို့ မိမိ၏ အမှတ်သညာပိတ်ကားတွင် ထင်နေသော ကျည်းပင်လည်း ယခု ထက်တိုင်ပင် ပျောက်မသွားပေ။

ပဥ္စမသစ်ပင်မှာ ပျဉ်းမပင်ဖြစ်သည်။ ကျွန်တော်တို့ ရွာမှ ဟင်္သာတမြို့သွားလျှင် နတ်မော်သို့ သမ္ဗာန်စီးသွားရသည်။

နတ်မောက်ကမှ တစ်ဖန်ဘတ်စ်ကားသို့မဟုတ် အခြားယာဉ် တစ်ခုခုစီးပြီး ဟင်္သာတသွားရသည်။ နတ်မော်သည် ချောင်း၏အဖျား ဖြစ်သည်။ နတ်မော်တွင် နတ်မော်ချောင်းကို ဖြတ်ကူးရသောကားလမ်း လူသွားလမ်းတံတားတစ်ခုနှင့် မီးရထားတံတား တစ်ခုရှိသည်။ ချောင်း၏

http://www.dhammadownload.com



အမည်မှာ သီးခြားမရှိပေ။ တစ်ခုတည်းသော ချောင်းကိုပင် ဒေသအလိုက် ရပ်ရွာအလိုက် နာမည်အမျိုးမျိုး တပ်ခေါ်ကြသည်။ ကမ်းပါးတွင် နတ်မော်ရွာ တည်ရှိနေသည်ဖြစ်၍ နတ်မောက်ချောင်းဟူ၍ လည်း ခေါ်သည်။ ကမ်းပါးတွင် သနွဲ့သနော့ရွာ တည်ရှိနေသည်ဖြစ်၍ သနွဲ့သနော့ချောင်းဟူ၍လည်း ခေါ်ပြန်သည်။

ချောင်းမှာ တဖြောင့်တည်း ရှိမနေပေ။ အကွေ့အကောက်များသည် ကျွန်တော်တို့ရွာမှ သမ္ဗာန်စီးသွားလျှင် အကွေ့လေးငါးကွေ့လောက် ကျော်လွန်သွားမှ နတ်မော်ရောက်သည်။

နောက်ဆုံးအကွေ့ ကျော်လွန်သွားသည်နှင့် နှစ်ဖာလုံသုံးဖာလုံ၌ ရှိသော နတ်မော်တံတားကို လှမ်းမြင်ရသည်။ ချောင်း၏နောက်ဆုံးအကွေ့ရှိ အငူစွန်းကလေးတွင် ပျဉ်းမပင်တစ်ပင် ပေါက်နေသည်။ ထိုပျဉ်းမပင်တည့်တည့်တွင် သမ္ဗာန်ရောက်လာလျှင် ရောက်လာချင်း နတ်မော်တံတားကို လှမ်းမြင်ရသည်။ ကျွန်တော်၏ အဖေသည် ဟင်္သာတမြို့သို့ အလုပ်ကိစ္စနှင့် မကြာခဏသွားရသည်။ တစ်ခါတစ်ရံ ကျွန်တော့်ကိုလည်း ခေါ်သွားသည်။

ဟင်္သာတသို့ လိုက်ရမည်ဆိုလျှင် အင်္ဂလန်သို့ လိုက်ရမည့်အလားပျော်သွားသည်။ ကျွန်တော်တို့ စီးလာသော သမ္ဗာန်သည် ဟင်္သာတရောက်ရန်အတွက် ပထမအဆင့်ဖြစ်သော နတ်မော်သို့ ဦး

ထက်ဝေယံစာပေ

http://www.dhammadownload.com



တည်ခတ်လာသည်။ တစ်နာရီ နှစ်နာရီလောက် ကြာသောအခါ နောက်ဆုံးအကွေ့ကို ကျော်ဖြတ်လာသည်။ အငူစွန်းတွင် ပေါက်နေသော ပျဉ်းမပင်တည့်တည့်ရောက်လာသည်နှင့် တံတားပေါ်တွင် ပြေးနေသော မော်တော်ကားများကို လှမ်းမြင်ရသည်။ ခရီးလှမ်းနေသေးသဖြင့် လူစီးကားများမှာ ကလေးကစားသည့် ကား ပမာထာမျှလောက်သာတွေ့ရသည်။

နိုင်ငံခြားသွားသည့်အခါ မိမိသွားမည့် မြို့ပေါ်လေယာဉ်အဆင်း လေယာဉ်ပေါ်မှနေပြီး ထိုမြို့၏ တိုက်တာ အဆောက်အအုံများကို လှမ်းမြင်ရသည်ထက်ပင် အားရဝမ်းသာဖြစ်သွားသည်။ လယ်ကွင်းထဲတွင် ကစားနေသော၊ ချောင်းရိုးတစ်လျှောက်တွင် ကျက်စားနေ သော ကျေးတောသားသူငယ်ကလေးသည် မြို့ပြ၏အမှတ်အသားဖြစ် သော မော်တော်ကားများကို တွေ့ရသောအခါ ထခုန်တော့မတတ် ဝမ်းသာအားရဖြစ်သွားသည်။

ပျဉ်းမပင်သည် ကျွန်တော့်အတွက် ကျေးတောနှင့်မြို့ပြ၏ကြားထဲက နယ်ခြားမှတ်တိုင်သဖွယ်ဖြစ်နေသည်။ သမ္ဘာန်ပျဉ်းမပင်ရောက်သွားတိုင်း ပျော်ရွှင်ရသည်။ ထို့ကြောင့် သန့်သနော့ချောင်း၏နောက်ဆုံးအကွေ့ အငူတွင် ပေါက်နေသော ပျဉ်းမပင်သည်လည်း ကျွန်တော်၏ဖွားဖက်တော်ပမာ ဖြစ်နေသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



နှစ်များမကြာမီက နေရပ်တစ်ခေါက် ပြန်ရောက်သွားသည်။ မိမိ၏ဖွားဖက်တော် သစ်ပင်ကြီးများသည် ဤပထဝီမြေပြင်ပေါ်၌ မရှိကြတော့ပေ။ခံတက်ပင်၊ ကြို့ပင်၊ သပြေပင်တို့ မရှိကြတော့သည်မှာ နှစ်ပေါင်းများစွာ ကြာသွားပြီ။ကျည်းပင်လည်း လယ်ကွင်းထဲတွင် မတွေ့ရတော့ပေ။ မိမိ၏ ဖွားဖက်တော်များထဲက ကျန်ရှိနေသော တစ်ခုတည်းသော အပင်မှာပျဉ်းမပင်ဖြစ်သည်။ ပျဉ်းမပင်သည်ပင်လျှင် ယခင်ကလို မပှတ်တော့ပေ။ ယခင်ကလို ဝေဝေဆာဆာမရှိတော့ပေ။ ယခင်ကလို အသွေးစိုစို အရောင်စိုစို .အပြာရင့်ရောင်ပန်းပွင့်များ မပွင့်တော့ပေ။ အသက် ဂဝ ကျော် အဘိုးအို တစ်ယောက်လို သူ့ကိုယ်သူ အနိုင်နိုင် ထိန်းထားရသည်နှင့် တူနေသည်။ အရွက်များ နွမ်းခြောက်နေသည်။ ပင်စည်ညှိုးနေသည်။ရေသောက်မြစ်ကြီးများကို တွေ့ရသည်မှာ နောက်ဆုံး ခန္ဓာကြွေတော့မည့်အချိန်တွင် ရှိနေသမျှ အင်အားသုံးပြီး အကြောပြိုင်းပြိုင်း ထနေသော လက်ချောင်းများဖြင့် တွယ်ကပ်ထားသည်နှင့် တူနေသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



# ဤရွာနှင့် ဤချောင်း

ကျွန်တော်တို့ရွာသည် ချောင်းကမ်းပါးတွင် တည်ရှိသောရွာတန်း ရှည်ဖြစ်သည်။ ရွာ၏ အနောက်ဘက်ခြမ်းတွင် ကပ်လျက် အကွေ့အကောက်ပေါင်းများစွာဖြင့် စီးဆင်းနေသော ချောင်းတစ်ချောင်းရှိသည်။ အရှေ့ဘက်ခြမ်းတွင်ကား ရွာစည်းရိုးကို ကျော်လွန်သွားသည်နှင့် ကြည့်၍မဆုံး မျှော်၍မဆုံးသော လယ်ကွင်းပြင်ကြီးရှိသည်။

ရွာ၏ အနောက်ဘက်ခြမ်းကချောင်းသည် သီးသန့်နာမည်မရှိပေ။ ချောင်းများ ၊ မြစ်များသည် များသောအားဖြင့် ကိုယ်ပိုင်အမည်ရှိကြသည်သာ များသည်။ ကျွန်တော်တို့၏ ချောင်းကိုမူ ကိုယ်ပိုင်သီးသန့်နာမည်မရှိ၍ နာမည်အမျိုးမျိုးတပ်ခေါ်ကြသည်။ ချောင်းကမ်းပါး၌ တည်ရှိနေသော ရွာ၏အမည်အတိုင်း ထိုရွာဝန်းကျင်ရှိချောင်း၏ အမည်လည်းတွင်နေသည်။ ချောင်းဖျား၌ နတ်မော်ရွာရှိသည်။ နတ်မော်ရွာမှ မြစ်ဖျား၊ ချောင်းဖျား ခံလာခဲ့သော ချောင်းသည် အကြွေသို့မိုင်ပေါင်းများစွာ စီးဆင်းသွားပြီးလျှင် ရောဝတီမြစ်တွင်း စီးဝင်သွားသည်။ တစ်ခုတည်းသောချောင်း ဖြစ်သော်လည်း ချောင်းရိုးတစ်လျှောက်ရှိ ရွာများ၏ အမည်လိုက်၍ ချောင်းလည်းနာမည်အမျိုးမျိုး ဖြစ်နေသည်။ ချောင်းကမ်းပါး၌ နတ်မော်ရွာတည်ရှိနေသော ထို

http://www.dhammadownload.com



ချောင်း၏ အစိတ်အပိုင်းကို နတ်မော်ချောင်းဟူ၍ ခေါ်သည်။ ထိုနည်း အတိုင်းပင် ချောင်းကမ်းပါးရွာများ၏ အမည်ကို အစွဲပြု၍ မြေကြား ချောင်း၊ သန္တသနော့ချောင်း၊ ကျုံကျိုက်ကျောင်း၊ ပျဉ်းမကုန်းချောင်း စသည်ဖြင့် တစ်ခုတည်းသော ချောင်းပင်ဖြစ်စေကာမူ အမည်အမျိုး မျိုးတွင်နေသည်။

အမြဲရပ်တည်မနေသော မိနစ်ပိုင်းအတွင်း၊ စက္ကန့်ပိုင်းအတွင်း ၌ပင် ပြောင်းလဲနေသော သဘောတရားကို စီးဆင်းနေသည့် မြစ်ရေ ချောင်းရေနှင့် ပမာနှိုင်းကြသည်။ မြစ်ထဲ ချောင်းထဲဆင်းလိုက်လျှင် မိမိသည်ရေနှင့် ကာလအတန်ကြာ ထိတွေ့နေသည်ဟု ထင်ရသော် လည်း မိမိနှင့်ထိတွေ့နေသော ရေသည်တစ်ခဏအလွန်က ရေ မဟုတ်တော့ပေ။ တစ်ခဏအလွန်က ရေသည် စီးဆင်းသွားလေပြီ။ ရေသည်အမြဲမပြတ် စီးဆင်းနေသဖြင့် ချောင်းရေ မြစ်ရေသည် အနိစ္စ သဘောတရား၊ ခဏိက သဘောတရားအတွက် နှိုင်းခိုင်းစရာ ဥပမာ ဖြစ်လာသည်။ သို့ရာတွင် နာမည်တစ်မျိုးတည်းရှိသော မြစ်ရေသို့မဟုတ် ချောင်းရေကို အနိစ္စလက္ခဏာ တင်ကြည့်လျှင် အနိစ္စလက္ခဏာ၊ ခဏိက လက္ခဏာကို တော်တော်နှင့် သဘောပေါက်မည်မဟုတ်ပေ။ ဧရာဝတီမြစ်ထဲ ဆင်းလိုက်လျှင် မိမိနှင့်အခါမလပ်ထိတွေ့နေသော ရေမှာ ဧရာဝတီမြစ်ရေ ဖြစ်နေသောကြောင့် ဖြစ်သည်။ ကျွန်တော် တို့၏

http://www.dhammadownload.com



ချောင်းကား နာမည်အမျိုးမျိုး ရနေသဖြင့် အနိစ္စလက္ခဏာကို ရှုမြင်သုံးသပ်ရာ၌ ပိုမိုသဘောပေါက်စေပေလိမ့်မည်။ နတ်မော်ချောင်း ရေသည် တစ်ခဏအတွင်း၌ မြေကြားချောင်းရေ ဖြစ်သွားသည်။ မြေကြားချောင်းရေသည် မကြာမီကာလအတွင်း သန့်သနော့ ချောင်းရေ ဖြစ်သွားသည်။

ချောင်းကမ်းပါး၌ တည်ရှိသော ရွာများ၏ အမည်များကို ကြည့်လျှင်လည်း အတိတ်သမိုင်းကို ပြန်ပြောင်းသတိရစေသည်။ ချောင်းကမ်းပါး၌ တည်ရှိနေသော ရွာများအနက် မြေကြား၊ ဖျဉ်းမကုန်း စသော မြန်မာအမည် ရွာများရှိသကဲ့သို့ ကျုံတွမ်၊ ကျုံမတ်၊ ကျုံကိုက်၊ ကျုံခမွန်၊ သန့်သနော့ စသော မွန်အမည် ရွာများလည်း အများအပြား ရှိသည်။ ယခုအခါ ကျွန်တော်တို့၏ ကျေးရွာဒေသ တစ်ဝိုက်၌ မွန် လူမျိုးနှင့် မွန်ယဉ်ကျေးမှု အငွေ့အသက် လုံးဝရှာမရသော်လည်း တစ်ခေတ်တစ်ခါတုန်းကမူ မွန်လူမျိုးတို့အခြေစိုက်ခဲ့ပေလိမ့်မည်။

ဟသ်ာတဟူသော အမည်သည်ပင် မွန်အမည်ဖြစ်သည်။ တရုတ်ပြေးမင်း၊ ဟင်းအခွက်တစ်ရာ တသည့်နေရာဖြစ်၍ ဟသ်ာတ ခေါ်သည်ဟူ၍ လည်းကောင်း၊ ဟသ်ာဖိုကို ဟသ်ာမက တသဖြင့် ဟသ်ာတခေါ်သည်ဟူ၍လည်းကောင်း ပြောကြခြင်းမှာ ယုံတမ်းစကား မျှသာဖြစ်သည်။ ဟသ်ာတသည် မွန်အမည်သာ ဖြစ်သည်။ ဟသ်ာတ

ထက်ဝေယံစာပေ

http://www.dhammadownload.com



မျှသာမက မြောင်းမြ၊ ဝါးခယ်မ ၊ပန်းတနော် ၊ကျုံပျော်၊ ဒေးဒရဲ ၊ ကျိုက်လပ်၊ ကျိုက်ပီ ၊ဒလ၊ မော်လမြိုင် စသော ရောဝတီ မြစ်ဝကျွန်းပေါ်နှင့် အောက်ပြည်အောက်ရွာက မြို့ရွာအမည်များမှာ မွန်အမည်များသာဖြစ်သည်။ "ရောဝတီ"ဟူသော အမည်မှာမူ မွန်အမည်မဟုတ်ပေ။ ဇမ္ဗူဒိပ်ကျွန်း၏ ရေးဟောင်းမြစ် တစ်မြစ်၏အမည်ဖြစ် သည်။ ဟိမဝန္တာတောင်ဝှမ်းမှ မြစ်ဖျားခံ စီးဆင်းလာသော ရေးဟောင်းမြစ်တစ်မြစ်၏ အမည်မှာ "ဣရာဝတီ" ဖြစ်သည်။ "ရောဝတီ"မှာ ယင်းအမည်မှ ဆင်းသက်လာခြင်းဖြစ်ဟန်တူသည်။

ကမ္ဘာ့သမိုင်းကို ကြည့်ကြည့် ၊ မြန်မာ့သမိုင်းကို ကြည့်ကြည့် လူမျိုးတစ်မျိုးသည် တစ်နေရာတည်းတွင် ဦးဆွေးခံမြည့် ရာသက်ပန်နေလေ့မရှိကြပေ။ အခြေအနေအရ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့နေထိုင်ကြသည်။အာရိယန်လူမျိုးတို့သည် အနောက်ဘက်မှ ပြောင်းရွှေ့ လာပြီးလျှင် အိန္ဒိယ၌ အခြေစိုက်နေကြသည်။ ထိုနည်းအတူပင် ရှ(က်)လူမျိုးတို့သည် လည်းကောင်း၊ မူဆလင်လူမျိုးတို့သည် လည်းကောင်း၊ အိန္ဒိယနိုင်ငံအတွင်း ဝင်ရောက်အခြေစိုက်နေကြသည်။ရှ(က်)လူမျိုးအနွယ်များကို ယခုအခါတွင် အိန္ဒိယ၌ ရှာ၍တွေ့မည်မဟုတ်သော်လည်း မူဆလင်လူမျိုးတို့မှာမူ မျိုးဆက်ပြတ်မသွားဘဲ ပြန့်ပွားနေကြသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



မွန်ဂို လူမျိုးတို့သည် တစ်ချိန်က တရုတ်ပြည်တစ်ဝိုက်၌ အခြေစိုက်ကြသော်လည်း ယခုအခါတွင်မူ မျိုးဆက်ပြတ်သွားပြီ။ ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့သည် ပျူလူမျိုးတို့ အခြေစိုက်ရာဌာနများဖြစ်ကြသည်။ နှစ်ပရိစ္ဆေဒ ရှည်ကြာလာသောအခါ ပျူမြို့ရွာများတိမ်ကောသွားပြီး ပျူလူမျိုးဆက် ပျက်သုဉ်းသွားသည်။ သရေခေတ္တရာ ပျက်သွားသောအခါ သရေခေတ္တရာပျူများသည် ပုဂံဒေသသို့ ဆန်တက်သွားပြီးလျှင် ပုဂံ၌ စားကျက်အသစ်ရှာကြသည်။ ပုဂံဟူသော အမည်သည်ပင် ပျူဂါမ (ပျူတို့၏ရွာ)မှ ပုဂမ်၊ ပုဂမ်မှ ပုဂံဖြစ်လာသည်ဟု အဆိုရှိကြသည်။

ကျွန်တော်တို့၏ ရပ်ရွာဒေသတစ်ဝိုက်လည်း မှတ်တမ်းတင်ထားခြင်းမရှိသော သမိုင်းခေတ် တစ်ခေတ်က မွန်လူမျိုးတို့၏ နယ်မြေဒေသဖြစ်ခဲ့ဟန်တူသည်။ ယခုအခါတွင်ကား မွန်တို့တည်ထောင်သွားခဲ့သော ရပ်ရွာဒေသများတွင် မြန်မာလူမျိုးတို့က နေရာဝင်ယူနေကြပြီး မွန်လူမျိုးတို့၏ ရပ်ရွာဒေသများမှာ အမည်နာမမျှသာ ကျန်တော့သည်။ ယခုစီးဆင်းနေသော ချောင်းမှာမူ မွန်လူမျိုးတို့ အခြေချစဉ်ကလည်း စီးဆင်းခဲ့သည်။ ကျုံကျိုက်၊ ကျုံမတ်၊ ကျုံခမွန်စသော မွန်ရွာများ၏ အမည်များ၌ "ကျုံ"သည် "ချောင်း"ဟူ၍အနက်အဓိပ္ပါယ်ရသည်။

မည်သည့်ခေတ်ကာလကစပြီး ပေါ်ပေါက်လာသည် မသိရသော

http://www.dhammadownload.com



ကျွန်တော်တို့၏ ချောင်းသည် ကျွန်တော်တို့ လက်ထက်တွင်လည်း ကျွန်တော်တို့၏ ကျေးဇူးရှင်ပင်ဖြစ်နေသည်။ ထိုချောင်းကိုအမှီပြု၍ ချောင်းကမ်းပါး၌ရှိသော ရွာသူရွာသားများသည် တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာကြသည်။ စီးပွားကုန်သွယ်မှုပြုကြသည်။ ကျွန်တော်တို့ မမှတ်မိ တမိအချိန်၌ ချောင်းထဲတွင် ခရီးသည်တင် မော်တော်ကလေးများ အသွားအလာ ရှိဖူးသည်။ သို့သော်လည်း ကိုက်ပုံမရသဖြင့် အချိန်မကြာမီ ရပ်သွားကြသည်။ ထိုအချိန်မှစ၍ လှေများ၊ သမ္ဗန်များဖြင့်သာ အသွားအလာ ပြုလုပ်ကြသည်။ ချောင်းကမ်းပါး၌ ထိုင်ပြီးကြည့်လျှင် ငါးပိလှေကြီးများ စပါးလှေကြီးများ၊ အိုးလှေကြီးများနှင့် အခြား ကုန်ပစ္စည်းများတင်သော လှေကြီးများသည် ချောင်းရိုးတစ်လျှောက်၌ အစုန်အဆန် လှော်ခတ်သွားလာနေကြသည်ကို တွေ့ရသည်။ ချောင်းဆုံချောင်းဖျားဖြစ်သော နတ်မော်တံတားဆိပ်၌လည်း ငါးပိလှေကြီးများ ၊ စပါးလှေကြီးများတန်းစီ ဆိုက်ကပ်ထားကြသည်။

ကျွန်တော်တို့ ရွာသား သမ္ဗန်ဆရာများလည်း ရှိသည်။ ယင်းတို့အနက် ဦးဘိုးဆိတ်အမည်ရှိ သမားရိုးကျ သမ္ဗာန်ဆရာကြီးတစ်ဦး ရှိသည်။ ကျွန်တော်တို့အဖေ ဟင်္သာတသွားလျှင် ဦးဘိုးဆိတ် သမ္ဗန် အမြဲစီးသည်။ ကျွန်တော်တို့ရွာမှ နတ်မော်ဆိပ်ကို သမ္ဗာန်ခ တစ်မူး တစ်မတ်လောက်သာ ပေးရသည်။ ကျွန်တော် မမှတ်မိ တမိ အရွယ်

http://www.dhammadownload.com



၌ ကျွန်တော်တို့ ချောင်းထဲတွင် အထူးခြားဆုံး သမ္မာန်ဆရာတစ်ယောက် ရှိသည်။ ထိုသမ္မာန်ဆရာမှာ မြန်မာလူမျိုး မဟုတ်ပေ။ ဘယ်အချိန် စစ်တကောင်းက ရောက်လာသည် မသိပေ။ သူ့ကို "အလီ"ဟု ခေါ် ခေါ်နေကြသည်ကို ကြားရသည်။ သူ့သမ္မာန်ကလည်း ချောင်းထဲတွင် သွားလာလှော်ခတ်နေကြသော သမ္မာန်များထဲတွင် တမူထူးခြားနေသည်။ သမ္မာန်အားလုံးမှာ ဦးခပ်ပြားပြား သမ္မာန်ကြီးများဖြစ်သော်လည်း သူ့ သမ္မာန်ကမူ သေးသေးလေးဖြစ်သည်။ ဦးကလေးလည်း ထောင်နေ သည်။ သူ့သမ္မာန်မျိုးကို သမ္မာန်ဟုမခေါ်ဘဲ ငှက်ဟုခေါ်ကြသည်။

အလီသည် အားလျှင် သူ့သမ္မာန်၊ သို့မဟုတ် ငှက်ကလေးကို ကျွန်တော်တို့ အိမ်ဆိပ်က ချုံပုပ်ဘေးတွင် ဆိုက်ထားတတ်သည်။ အလီတွင် အိမ်မရှိပေ။ ထိုသမ္မာန်ကလေးငှက်ကလေးသည်ပင် သူ့အိမ် ဖြစ်သည်။သမ္မာန်ပေါ်တွင်ထမင်းချက်စားသည်။ သမ္မာန်ပေါ် ၌အိပ်သည်။ သမ္မာန်ပေါ် ၌ ဘုရားဝတ်ပြုသည်။ ဘုရားဝတ်မပြုဘဲမနေပေ။ သမ္မာန် ပေါ် ၌ ထမင်းချက်စားသောက်နေလျှင် ကျွန်တော်တို့ကလေး တစ်သိုက် သူ့ကိုဝိုင်းကြည့်ကြသည်။ ကျွန်တော်တို့ လူမှန်းမသိတသိ အရွယ်၌ပင် အလီတစ်ယောက် ကျွန်တော်တို့ ချောင်းထဲက ပျောက်သွားသည်။ သူမရှိတော့သည်နှင့် လင်းတငှက်များကြားထဲက ငှက်ကလေးတစ် ကောင်နှင့် တူသော သူ၏ "ငှက်" ကလေးကိုလည်း မတွေ့ရတော့ပေ။

ထက်စေလိုစာပေ

http://www.dhammadownload.com



သမ္ဗာန်သမား လှေသမားများ၏ မဟာရန်သူမှာ ဗေဒါပင်ဖြစ်သည်။ မိုးဦးကျပြီဆိုလျှင် ဗေဒါပင်များ ပေါက်ပွားလာသည်ဖြစ်၍ ချောင်းတစ်ချောင်းလုံး ဗေဒါပင်များပြည့်ကျပ်နေသည်။ ထိုအခါများ၌ လှေသမ္ဗာန်များကို လော်ခတ်၍ သွားမရတော့ပေ။ ထိုးဝါးနှင့် ထိုး၍ ထောက်၍သွားရသည်။ လှေဦး သမ္ဗာန်ဦးက "စပယ်ယာ"တစ်ယောက်က ထိုးဝါးဖြင့် ဗေဒါပင်များကို ဖယ်ရှင်းပေးရသည်။ ချောင်းထဲ ဗေဒါပင်ကျပ်နေသည့်အချိန်သည် လှေသမားသမ္ဗာန်သမားများ ဒိုကိန်းဆိုက်ရသည့်အချိန်ဖြစ်သည်။ တစ်နာရီလောက် သွားရမည့်ခရီးကို ငါးနာရီလောက်သွားနေရသည်။

ကျွန်တော်တို့ ချောင်းထဲတွင်တစ်ဘက်ကမ်းနှင့် တစ်ဘက်ကမ်းကူးရန် နတ်မော်တံတားမှလွဲ၍ အခိုင်အခံ့ အုတ်တံတားမရှိပေ။ တစ်ဘက်ကမ်းနှင့်တစ်ဘက်ကမ်းကူးလိုလျှင် ကူးတို့လှေနှင့်ကူးရသည်။ စပါးပေါ်သည့် ရာသီတွင် စပါးလှည်းများ သွားနိုင်ရန်အတွက် ဝါးမိုးဝါးဖြင့် ယာယီတံတားဆောက်လုပ်ထားတတ်ကြသည်။ သို့သော်လည်း စပါးရာသီ ကုန်သည်နှင့် တစ်ပြိုင်နက် ယာယီတံတားကို ဖျက်ပစ်ကြသည်။ ယခုမကြာသေးခင်ကလေးကမှ ကျွန်တော်တို့ရွာ၏ အောက်ဘက်အတော်ကျသော ပျဉ်းမကုန်းရွာ၌ သိန်းသုံးဆယ်ကျော်အကုန်အကျခံလျက်"ရန်အောင်မြင်"အမည်ရှိသံတံတားဆောက်လုပ်ထားသည်။

http://www.dhammadownload.com



ချောင်းရိုးတစ်လျှောက်ရှိ ရွာများသည် ထိုချောင်းရေဖြင့်သာလျှင် အသက်ဆက်နေကြရသည်။ သောက်ရေမှတစ်ပါး အခြားအသုံးပြုသော ရေအားလုံးကို ချောင်းထဲက ခပ်ကြသည်။ သောက်ရေအတွက်မူ တွင်းရေကိုအသုံးပြုကြသည်။ ကျွန်တော်တို့ ရပ်ရွာဒေသ၌ ရေကန်မရှိပေ။ ရေတွင်းသာရှိသည်။ ညနေစောင်း ရေချိုးချိန်၌ ဆိပ်ကမ်းများတွင် ရေခပ်သူများ ရေချိုးသူများနှင့် စည်ကားနေသည်။ ညနေစောင်း အနောက်တွင် ဝင်မည့်ဆဲဆဲနေသည် ဆိပ်ကမ်း၌ ထဘီရင်ရှားနှင့် ရေချိုးနေကြသော ကျေးတောသူ လုံပျိုဖြူတို့၏ မျက်နှာကို တသွေးတမွေးဖြစ်စေသည်။ မလှမ်းမကမ်း၌မူ ကာလသားများ သည် ချောင်းလယ်အလောက်အထိ လက်ပစ်ကူးသွားကြပြီး ဟန်ရေးပန်ရေးပြနေကြသည်။

ချောင်းတစ်ဖက်ကမ်းရေကူးသွားပြီး ချောင်းတစ်ဖက်ကမ်းက အရိပ်ကောင်းသော ချုံပုတ်အောက်တွင် ကျွန်တော်တို့ ပျော်ပွဲစားကြသည်။ ပျော်ပွဲစားသည်ဆိုသော်လည်း ဟင်းချက်ပြီး ယမကာနှင့်မြည်းကြခြင်းမဟုတ်ပေ။ ရေနွေးတည်ပြီး ရေနွေးကြမ်းနှင့် မြေပဲကြော်စားကြခြင်းဖြစ်သည်။ မိမိတို့ထက် ရေကူးကျင်လည်သော ကလေးခေါင်းဆောင်များက အိုးခွက်များနှင့် မြေပဲအစိမ်းကို လက်တစ်ဖက်နှင့်သယ်ယူပြီး ရေကူးသွားကြသည်။ ချောင်း၏အကျယ်မှာ ပေတစ်ရာ

http://www.dhammadownload.com



လောက်ရှိ၍ ခွေးကူးသလိုသာ ကူးတတ်သော မိမိတို့မှာမူ ချောင်း တစ်ဘက်ကမ်း ရောက်အောင် ကူးမသွားနိုင်သည်ဖြစ်၍ ငှက်ပျော တုံးကိုဖြစ်စေ၊ ဝါးပိုးလုံးကိုဖြစ်စေ ဖက်ပြီးကူးသွားကြရသည်။

ကျွန်တော်တို့၏ ချောင်းသည် ရေငန်မဟုတ်၊ ရေချိုဖြစ်သည်။ ရေ အတတ်အကျလည်းမရှိပေ။ ထို့ကြောင့် ခရီးသွား၊ ခရီးလာများ အတွက် ရေတက်ရေကျစောင့်ရသည်မရှိပေ။ ငါးသလောက်ကဲ့သို့ သော ငါးများမှတစ်ပါး မြန်မာနိုင်ငံ မြစ်များ ၊ ချောင်းများတွင်ရှိသော ငါးတိုင်းလိုလို ကျွန်တော်တို့ချောင်း၌ရှိသည်။ တခြားမြစ်များ၊ ချောင်း များတွင် မရှိသော ငါးအမျိုးအစားပင် ကျွန်တော်တို့ချောင်း၌ တွေ့ ရသည်။ တလောက မြသန်းတင့်က ဝင်ဦးအစားကြမ်းပုံကိုပြောပြ သည်။ ဝင်းဦးသည် အဆိပ်ဖြစ်စေတတ်သော သည်းခြေကိုထုတ်ပြီး ငါးပူတင်းကိုဟင်းချက်စားသည်။ ဟင်းချက်စားလို့ရသည့် ငါးပူတင်း ကျွန်တော်တို့ချောင်းတွင်မရှိပေ။ ကျွန်တော်တို့ချောင်းထဲတွင်ရှိသော ငါးပူတင်းမှာ အရှည်တစ်မိုက်မရှိတရှိ အကောင်သေးသေးလေးဖြစ် သည်။ မိုက်သားတစ်ခုလုံးဖြူနေသည်။ငါးပူတင်းကိုမစားကြပေ။ ကလေး များကသာစားကြသည်။ ငါးပူတင်းပါးစပ်ကို မှုတ်လိုက်လျှင် ငါးပူတင်း ဝမ်းဗိုက်သည် ပူဖောင်းကိုမှုတ်လိုက်သလို ဖောင်းလာသည်။ သန်လျင် မြို့နှင့် လဟာရက်ရွာ၌ ကျွန်တော်တို့ နေဖူးသည်။ ထို ဒေသတစ်

http://www.dhammadownload.com



ဝိုက်ရှိ ပဲခူးမြစ်ထဲက ငါးပူတင်းမှာမူ တစ်မျိုးဖြစ်သည်။ ငါးပူတင်းကို တခြားငါးများလိုပင် ချက်စားကြသည်။ သို့သော်လည်း အရသာလုံးဝမရှိ၊ အရသာမရှိသောငါးဖြစ်၍ ဈေးပေါပေါနှင့်လည်းရသည်။

မြန်မာနိုင်ငံ၌ ငါးအမျိုးအစား အများဆုံးရှိသော ဒေသမှာ ရခိုင်ပြည်နယ်ဖြစ်သည်။ မိမိတို့မမြင်ဖူးသော၊ မကြားဖူးသော ငါးအမျိုးအစားများ ရခိုင်ပြည်နယ်၌ အများအပြား ရှိသည်။ ကျွန်တော်တို့ ချောင်းထဲတွင် တခြားမြစ်များ ၊ချောင်းများ၌ မရှိသော ငါးအမျိုးအစားများရှိသော်လည်း တခြားမြစ်များ ချောင်းများ၌ရှိသော တချို့ငါးများကိုမူ ကျွန်တော်တို့ချောင်း၌ မရှိပေ။

အရှင်တေဇောသာရ (ဒဂုန် ဦးထွန်းမြင့်)၏ နောင်တော် အရှင်စန္ဒသီရိ (ဦးညွန့်မောင်)သည် ဒုတိယကမ္ဘာစစ်မဖြစ်မီ တစ်ချိန်သော အခါက ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက်သို့ ခေတ္တရောက်နေရင်း အရှင်အာဒိစ္စအမည်ရှိ ဦးပဉ္စင်းတစ်ပါးနှင့် ခင်မင်ရင်းနှီးသွားသည်။ ရန်ကုန်ပြန်ရောက်လာသောအခါ အရှင်အာဒိစ္စထံ သစ္စာထားတေးထပ် တစ်ပုဒ်ရေးပို့လိုက်သည်။ ယင်း တေးထပ်မှာ "အရှင်အာဒိစ္စရဲ့ အတိတ် ကမေ့တ္တာ၊ တဆိတ်ကမှ မလစ်ပါတယ်၊ နှစ်တစ်ရာတိုင်ရောက်၊ နံနံ က "ကြမ်းပိုးစော်မနံ"တောင်၊ တိုးလို့နော်ချစ်စိတ်မပျောက်၊ "ဂျင်းခါး သီး"အဖုမပါ၊ ခရုမှာခြေပေါက်၊ ကရုဏာသွေ့မဖောက်ပါဘု၊ နေအောက်

ထက်ဝယ်စာပေ

http://www.dhammadownload.com



ကပေါ်လာ ၊ "ငါးသင်းအုံ"တောင်တွေတက်စေတော့၊ ရှောင်သွေ့ဖျက်စိမ်းရက်နိုင်ပါ။ "ငါးဝက်မ"ရောမှာ ၊ နေစရာ "မကာ"ပေါ်ပါလို့ ၊ "သာလဝေါ်"ဆိပ်ကမ်းဝယ် ၊ကူးတော့"ဒလယ်"၊ "မြှုန်းစားကြီး" မုန်းစိတ်မရှယ်တယ်၊ ထုံးအိတ်ကွယ်မည်းစေတော့လေး···"ဟူ၍ဖြစ်သည်။

ယင်းတေးထပ်မှာ မေတ္တာဘွဲ့ သစ္စာဘွဲ့ သက်သက်မျှသာမဟုတ်ပေ။ ဟသ်ာတသားအတွက် ဟသ်ာတနယ်၏ ဒေသဝေါဟာရစကားလုံးများ တန်းစီးပြုပြီး သစ္စာစကား ဆိုထားခြင်းဖြစ်သည်။ ဟသ်ာတနယ် တချို့ဒေသ၌ နံနံပင်ကို "ကြမ်းပိုးစော်နံပင်"ဟူ၍လည်းကောင်း၊ ကြက်ဟင်းခါးသီးကို "ဂျင်းခါးသီး"ဟူ၍လည်းကောင်း ခေါ်ကြသည်။ "မဆံ့"ဟူသော စကားကို "မကာ"ဟုသုံးကြသည်။ "ချက်ချင်း"ဟူသော အနက်အဓိပ္ပါယ်ကို "မြှုန်းစားကြီး"ဟုသုံးကြသည်။ ဟသ်ာတနယ်သူနယ်သားတို့သည် (ရ)ကို (လ)သံ ထွက်လေ့ရှိကြသည်။ "သာရဝေါ" ကို သာလဝေါဟူ၍လည်းကောင်း ၊ဒရယ်ကို ဒလယ်ဟူ၍လည်းကောင်း ခေါ်ကြသည်။ ထိုတေးထပ်ထဲတွင် ဟသ်ာတနယ်၌သာ အခေါ်အဝေါ်ရှိသော "ငါးသင်းအုံ"ငါးနှင့် "ငါး ဝက်မ" ငါးကိုလည်း ဖော်ပြထားသည်။ သို့သော်လည်း ဟသ်ာတ နယ်ထဲက ချောင်းတစ်ချောင်းဖြစ်သော ကျွန်တော်တို့ ချောင်းထဲ၌မူ ငါးဝက်မလည်းမရှိပေ။ ငါးသင်းအုံလည်း မရှိပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျွန်တော်တို့ချောင်းထဲတွင် နည်းအမျိုးမျိုးဖြင့် ငါးဖမ်းကြသည်။ ပိုက်ထောင်ကြသည်။ ကွန်ပစ်ကြသည်။ မြှုံးထောင်ကြသည်။ ကောက်ဆွလို တံစဉ်လို သံကောက်ဖြင့် နန်းထဲက ငါးရှဉ့်များဖမ်းကြသည်။ ယက်သဲ့နှင့် ဖမ်းကြသည်။ ငါးမျှားတံနှင့် ဖမ်းကြသည်။ ကျွန်တော် တို့ ဖမ်းသည့်နည်းက တစ်မျိုးဖြစ်သည်။ ကလေးဖမ်းနည်းဖြစ်သည်။ ကျွန်တော်တို့ ဖမ်းသည့်နည်းကို "ငါးကြမ်းတိုက်သည်"ဟုခေါ်သည်။ သင်ဖြူးဖျာရက်သူများ အသုံးမဝင်သဖြင့် စွန့်ပစ်ထားသော သင်အူများကို ရစ်ပတ်ထွေးလုံးလျက် အထုံးအဖွဲ့လုပ်ပြီးလျှင် ချောင်းကမ်းစပ်ရေထဲတွင် သင်အူထုံး အရှည် တစ်လံနှစ်လံလောက်ကို တစ်ယောက်အစွန်း တစ်ဖက်စီ ကိုင်လျက် ရေအောက်မြေပြင်ကနေပြီးကမ်းစပ်အထိ ဆွဲတင်ကြသည်။ ယင်းသို့ သင်အူထုံးဖြင့် ကြမ်းတိုက်ဖမ်းသည့်အခါ သင်အူထုံးတွင် ငါးအသေးကလေးများ ၊ပုစွန်ဆိပ်ကလေးများပါလာကြသည်။ ထိုအခါ တံငါသည်ကြီးဟန်ဆောင်နေကြသော ကျွန်တော်တို့ပျော်ကြမြူးကြသည်။ ငါးဖမ်းတမ်း ကစားခြင်းမျှသာဖြစ်၍ ဖမ်းမိသော ငါးကလေးများ ၊ ပုစွန်ဆိတ်ကလေးများကို ရေထဲပြန်လွှတ်ပစ်လိုက်ကြသည်။

တစ်ခါတွင် ကျွန်တော် ကလေးငါးဖမ်း ကစားနည်းက ကျော်တက်ပြီး လူကြီးငါးဖမ်းနည်းကို လုပ်ကြည့်သည်။ ရေစပ်ရှိချုံတောထဲက

http://www.dhammadownload.com



သစ်ကိုင်းတစ်ကိုင်းတွင် ငါးမျှားတံကိုချည်ပြီးရေစပ်တွင် ငါးစာတပ်ထားသော ငါးမျှားချိတ်ကိုချထားသည်။ လူကြီးတွေမသိအောင် တိတ်တိတ်ခိုးလုပ်ခြင်းဖြစ်သည်။ တစ်နာရီလောက် အကြာတွင် ငါးမျှားတံကို သွားကြည့်သောအခါ ငါးမျှားချိတ်တွင် ငါးကြီးတစ်ကောင်မိနေသည်။ ငါးမျှားချိတ်ကို ဆွဲယူလိုက်သည့်တွင် ငါးဆယ်သားလောက်ရှိသည့် ငါးရံ့ကြီးတစ်ကောင် လူးလူးလွန့်လွန့်ဖြစ်နေသည်ကိုတွေ့ရသည်။ ထိုအခါမိမိ၏ လုပ်ငန်းအောင်မြင်သွားသည့်အတွက် ထခုန်မတတ်အားရဝမ်းသာလည်းဖြစ်သွားသည်။ သို့သော်လည်း တစ်ဖက်ကလည်းကြောက်သလိုလို စိတ်မကောင်းသလိုလိုလည်းဖြစ်လာသည်။ လူကြီးတွေငါးဖမ်းသည့်နည်းကို ကဘောဘာဝ လက်တည့်စမ်းကြည့် ခြင်းဖြစ်သည်။ကစားကြည့်ခြင်းဖြစ်သည်။ သို့သော် လောက်လောက် လားလားငါးကြီးတစ်ကောင်ဖမ်းမိသောအခါ ဘာလုပ်ရမှန်း မသိတော့ပေ။ အိမ်ယူသွားလျှင်လည်း အမေနှင့်အဖေ၏ အရိုက်ခံရတော့မည်။ အမေ၏လက်သံမှာ မှုစရာသည်လောက်မဟုတ်သော်လည်း အဖေ၏ လက်သံမှာပြောင်လှသည်။ တခြား အဖော်အပေါင်းများအား ငါးကြီး ကိုပြ၍ကြွားလိုလှသော်လည်း မိမိလက်ထဲက အပိုင်စီးသွားမှာလည်းစိုးရိမ်နေသည်။ ယင်းသို့ ဝမ်းသာ ဝမ်းနည်းနှင့် ဘာလုပ်ရမှန်း မသိဘဲငါးကြီးကိုခေတ္တ ကိုင်ကြည့်နေမိသည်။ မိမိလက်ထဲတွင် ငါးကြီးက

http://www.dhammadownload.com



လှူးလွန့်လှုပ်ရှားနေသည်။ နောက်ဆုံး၌ အကောင်းဆုံးနည်းလမ်းကို ရွေးချယ်လိုက်သည်။ ငါးကြီးကို ရေထဲပြန်လွှတ်လိုက်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က နေရပ်တစ်ခေါက်ပြန်ရောက်သွားသည်။ ကျွန်တော်တို့ချောင်းထဲတွင် အခြေအနေပြောင်းလဲနေပြီ။ ချောင်းထဲတွင် လှေသမ္ဗာန်များ ရှိသော်လည်းအလုပ်မဖြစ်ကြတော့ပေ။ လူလှော်ခတ်သည့် လှေသမ္ဗာန်များ၏ နေရာ၌ကူဘိုတာ စက်တပ်လှေသမ္ဗာန်များရောက်နေကြပြီ။ သို့သော် ချောင်းထဲတွင် ယခင်ကလို ငါးပိလှေကြီးများ၊ စပါးလှေကြီးများနှင့် အခြားကုန်စည်ပစ္စည်းများ တင်ဆောင်ထားသော လှေသမ္ဗန်ကြီးများ သွားလာနေကြသည်ကို မတွေ့ရတော့ပေ။ နတ်မော်ဆိပ်ကမ်း၌လည်း ငါးပိလှေကြီးများ၊ စပါးလှေကြီးများ တန်းစီဆိုက်ကပ်ထားသည်ကို မတွေ့ရတော့ပေ။ ယင်းမှာ ဦးထောင်ပုံ့နှင်းသဘောဖြစ်ပြီး တစ်ဖက်က ထောင်တက်လာသော်လည်း တစ်ဖက်က စိုက်ဆင်းသွားလေပြီ။

http://www.dhammadownload.com



# ဤရွာနှင့် ဤလယ်ကွင်း

နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ရောက်သွားသည့်အခါတိုင်း အမေးခံရဆုံးသော မေးခွန်းတစ်ခုရှိသည်။ ယင်းမေးခွန်းမှာ "ခင်ဗျား တို့ နိုင်ငံမှာ ဘယ်လိုကုန်ထုတ်လုပ်မှုမျိုး ပြုလုပ်ပါသလဲ"ဟူသော မေးခွန်းဖြစ်သည်။ ယခုယင်းမေးခွန်းမျိုးကို အမေးမခံရဘဲနှင့် ဖြေကြား လိုစိတ်ပေါ်လာသည်။ ကျွန်တော် ဖြေလိုသည့်အဖြေမှာ နိုင်ငံနှင့် ပတ်သက်သော အဖြေမဟုတ်ပေ။ ကျေးရွာတစ်ရွာနှင့် ပတ်သက် သော အဖြေဖြစ်သည်။ ကျေးရွာမှာလည်း တခြားကျေးရွာမဟုတ်ဘဲ ကျွန်တော်၏ ဇာတိ သန့်သနော့ ကျေးရွာဖြစ်သည်။

ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့ရွာတွင် ရွာသူရွာသား များ လုပ်ကိုင်ကြသော အသက်မွေးဝမ်းကျောင်းစီးပွားရေး လုပ်ငန်း များအနက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြသော ကုန်ထုတ်စီးပွားရေး လုပ်ငန်းတစ်ခုမှာ သင်ဖြူးဖျာ ရက်သည့်အလုပ်ဖြစ်သည်။ ယင်းအလုပ် မှာ အမျိုးသမီးများ၏ အလုပ်ဖြစ်သည်။ အိမ်တိုင်းလိုလို၌ အမျိုးသမီး များသည် သင်ဖြူးဖျာရက်ကြသည် သင်ဖြူးဖျာရက်သည့် အလုပ် သည် အခြားလုပ်ငန်းတချို့ကဲ့သို့ပင် အဆင့်ဆင့်လုပ်ရသည့် အလုပ်မျိုး ဖြစ်သည်။ အစပထမတွင် သင်ပင်စိုက်ပျိုးရသည်။ကြီးထွား လာသော

ထက်ဝေယံစာပေ

http://www.dhammadownload.com



သင်ပင်များကို ခုတ်ပြီး နေလှန်းရသည်။ ခြောက်သွားသော သင်ပင်များကို အရွယ်တူတိုပြီး ခုတ်ပြီး သင်အချောင်းရေ လေးငါး ဆယ်လောက်ကို တစ်စည်းစီ စည်းပြီး သင် လုပ်ငန်းလုပ် သူများထံ တင်ပို့ရောင်းချသည်။ သင် စိုက်ပျိုးသည့် အလုပ်ကိုမူ ကျွန်တော်တို့ရွာ၌ မလုပ်ပေ။ ကျွန်တော်တို့ရွာ၏ ရေခံမြေခံတွင် သင်ပင်စိုက်ပျိုး၍မရပေ။ ပန်းတနော်စသောဒေသများ၌ စိုက်ပျိုးသော သင်များကို သင်ကုန်သည် များထံမှ ဝယ်ယူရသည်။ သင်ကုန်သည်များ ရောင်းချသော သင်စည်းများကို အလိုရှိသလောက်ဝယ်ယူပြီး အိမ်တွင်လှောင်ထားကြသည်။

ကျွန်တော်တို့ရွာ၏ သင်ဖြူးဖျာ လုပ်ငန်းအစမှာ ကုန်သည်များထံမှ ဝယ်ယူထားသော သင်စည်းကို ချောင်းထဲတွင်ရေစိမ်ခြင်းဖြစ်သည်။ သင်ပင်စိုက်ပျိုးသော ဒေသများ၌ ခုတ်ထားသောသင်ပင်ကို ခြောက်သွားအောင် နေလှန်းရသည်။ ယခုတစ်ဖန်ခြောက်နေသော သင်ပင်ကိုစိုပြီး ပွထလာအောင် ရေစိမ်ရပြန်သည်။ချောင်းထဲတွင် ရေစိမ်ထားသော သင်အစည်းပွထလာသောအခါ ဆယ်ယူပြီး သင်ဖြူးလုပ်ငန်း အစပြုကြသည်။ စိုပြီးပွနေသော သင်ချောင်းကို ဓားငယ်ဖြင့် လေးငါးခြောက်စိတ် စိတ်ရသည်။ သင် ပင်မှာအခြားသစ်ပင်များနှင့် မတူပေ။ အခြားသစ်ပင်များမှာ အတွင်း၌အနှစ်ရှိပြီး အပေါ်ယံတွင် အခွံအကာ အပွေးများရှိသည်။ သင်ပင်မှာမူ ထိုကဲ့သို့ မဟုတ်ပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



အလယ်အူတိုင်မှာ သုံး၍မရပေ။ သင်ဖြူးဖျာ ရက်လုပ်သူများသည် သင်ပင်၏ အတွင်းသားအူတိုင်ကို စွန့်ပစ်ကြသည်။ သင်အူသည် ကျွန်တော်တို့ ကလေးများ ချောင်းထဲတွင် ငါးဖမ်းတမ်း ကစားသည့် အခါ၌ အသုံးကျသည်မှ တစ်ပါးတခြားမည်သည့်ကိစ္စတွင်မှ အသုံးချ၍ မရပေ။ သင်လုပ်သူစွန့်ပစ်ထားသော သင်အူများကို လုံးထွေးချည် နှောင်ပြီး ကမ်းစပ်တွင် ကျွန်တော်တို့ငါးကြမ်းတိုက်ကြသည်။

သင်ပင်၏ အလယ်အူတိုင်ထုတ်ပြီးသောအခါ သင်ပင်၏အပြင် ပိုင်းကျန်နေသည်။ ယင်းကျန်နေသော အပြင်ပိုင်းကိုနှစ်မျှင်နှစ်ခုဖြစ် အောင် ထိပ်တွင်ဓားရာပေးလျက် အတွင်းဘက်က အစကိုပါးစပ်နှင့် ကိုက်ပြီးလျှင် ကျန်အပြင်ဘက် အချောပိုင်းကို လက်နှင့်ဆွဲယူပြီး ခြေဆင်းထားသော ခြေဖဝါးတွင် ချိတ်၍လက်တစ်ဆုံးအထိ ဆွဲယူ သွားပါက အပြင်အချောနှင့် အတွင်းအကြမ်း နှစ်ပိုင်း နှစ်စဖြစ်သွား သည်။ ယင်းသို့ပြုလုပ်ခြင်းကို သင်ငင်သည်ဟုခေါ်သည်။ အမျိုးသမီး များ ခြေဆင်းထိုင်ပြီး သင်ငင်ကြသည်။ အပြင်အချောပိုင်းကို သင် ဖြူး၏ အပေါ်ပိုင်းအချောအတွက် အသုံးပြုပြီး အတွင်းအကြမ်းပိုင်း ကိုမူ သင်ဖြူးတွင် အလွှာနှစ်လွှာရှိသည့်အနက် အောက်ခံအလွှာ အဖြစ်လည်းကောင်း၊ သင်အူကြိုးကျစ်ရာ၌ လည်းကောင်း၊ ကြိုးမကျစ် ဘဲနှင့် တစ်စုံတစ်ခုကို ချည်ရာ၌ လည်းကောင်း အသုံးချကြသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



သင်ကို အူတိုင်ထုတ်လျက် ကျန်အပိုင်းကို နှစ်ပိုင်း နှစ်စ ဖြစ်သွားအောင် သင်ပြီးလျှင် ယင်းနှစ်ခုစလုံးကို နေပူလှမ်းရပြန်သည်။ ခြောက်သွေ့သွားသောအခါကျမှ သင်ဖြူးရက်ရသည်။ ရက်သော အခါ၌လည်း အပေါ်လွှာအတွက် အချောပိုင်းကိုလည်းကောင်း၊ အောက်လွှာအတွက် အကြမ်းပိုင်းကိုလည်းကောင်းထားပြီး တောင်းရက်သလို နီးရက်သလို ရက်ရသည်။

သင်ဖြူးရက်သည့် အလုပ်ကို အမျိုးသမီးများသာ လုပ်ကြသည်။ သင်ဖြူးဖျာတစ်ချပ်စာ ရက်ပြီးသောအခါ သင်ဖြူးအပေါ်ပိုင်းအလွှာ ချောနှင့် အောက်ခံ အလွှာအကြမ်းကို အထက်အောက်ထပ်ပြီး အနားတွင် အနီရောင်ချည်နှင့် ချုပ်ရသည်။ သင်ဖြူးချုပ်သည့်အလုပ် ကိုမူ ယောကျ်ားများက လုပ်ကြသည်။ ယင်းသို့အားဖြင့်တစ်ဆင့်ပြီး တစ်ဆင့် ကျော်လွှန်သွားပြီးမှ သင်ဖြူးဖျာဘဝ ရောက်သည်။ ကုန်ကြမ်း အဖြစ်မှ ကုန်ချောဖြစ်လာသော သင်ဖြူးများကို ထပ်ထပ်ပြီးတစ်လိပ် စီ လိပ်ထားကြသည်။ သင်ဖြူးလိပ်သည့်အလုပ်ကအစ သင်ဖြူးနှင့် ပတ်သက်သော အလုပ်အားလုံးသည် ပညာသားပါပါလုပ်ရသည့် အလုပ် ဖြစ်သည်။ လုပ်နေကျ မဟုတ်လျှင် သင်ဖြူးတစ်ချပ်ဖြစ်လာဖို့မလွယ် ပေ။ အလိပ်လိုက် ရှိနေသော သင်ဖြူးများကို သင်ဖြူးဖောက်သည်များ သင်ဖြူးကုန်သည်များလာပြီး ကြိုက်ဈေးပေးမှ ရောင်းချကြသည်။

http://www.dhammadownload.com



ကျွန်တော်တို့ရွာ၏ အခြားအသက်မွေးဝမ်းကျောင်း စီးပွားရေး တစ်ခုမှာ စက်ချုပ်သည့်အလုပ်ဖြစ်သည်။ အပ်ချုပ်အလုပ်ဟူ၍လည်း ခေါ်သည်။ အပ်ထည် တစ်ထည်စ နှစ်ထည်စ ချုပ်ခြင်းမျိုးမဟုတ်ပေ။ ဟသ်ာတမြို့ပေါ်ရှိ အထည်ကုန်သည်များထံမှ ပိတ်အုပ်များကို အုပ်လိုက်ယူပြီးလျှင် အကျႌချုပ်ပြီး မိမိယူသည့်ဆိုင်ကိုပင် ပြန်သွင်းသည့် အလုပ်ဖြစ်သည်။ ယင်းအလုပ်ကို ကျွန်တော်၏ ဖခင်ကိုယ်တိုင်လုပ်သည်။ ကိစ္စတစ်ခုခုနှင့် ပုံစံများကို ဖြည့်ရသည့်အခါ၌ "ဖခင်၏ လုပ်ငန်း" နေရာတွင် ကျွန်တော်သည် ပြီးစလွယ် "တောင်သူလယ်သမား" ဟုဖြည့်လေ့ရှိသည်။ သို့သော်လည်း ကျွန်တော်၏အဖေသည် တောင်သူလယ်သမား မဟုတ်ပေ။ အပ်ချုပ် လုပ်ငန်းလုပ်သူဖြစ်သည်။ ဟသ်ာတမြို့ပေါ်၌ အထည်လက်ကား ရောင်းသူများမှာ များသောအားဖြင့် အိန္ဒိယလူမျိုး ဘာဘူများ ဖြစ်ကြသည်။ အထည်ကုန်သည်များထဲတွင် မြန်မာလူမျိုးများလည်း တစ်ယောက်စ နှစ်ယောက်စရှိသည်။ ယင်းတို့အထဲက ကျွန်တော်မှတ်မိနေသည်မှာ ဦးဘိုးစုနှင့် ဒေါ်မြင့်တို့ဖြစ်ကြသည်။ ဦးဘိုးစုနှင့် ဒေါ်မြင့်မှာ အတာခေါ် ဗိုလ်ဘသိန်း (ဂျပန်ခေတ်က လေထီးနှင့် အဆင်းကွယ်လွန်သွားသူ တော်လှန်ရေးတပ်သား)၏ မိဘများဖြစ်ကြသည်။

ကျွန်တော်၏ အဖေသည် ဟသ်ာတမြို့ရှိ အထည်ကုန်သည်

http://www.dhammadownload.com



ဘာဘူ တချို့နှင့် စတိုးဆိုင်ပိုင်ရှင် ဦးဘိုးစု ၊ ဒေါ်မှင်တို့၏ ဖောက်သည်ဖြစ်သည်။ ယင်းအထည် လက်ကားဆိုင်ကြီးများမှ သော့တံဆိပ်၊ ဇာမဏီတံဆိပ် ပိတ်အုပ်များကို ယူလာပြီးလျှင် ရှပ်အင်္ကျီချုပ်ပြီး ပြန်သွင်းသည်။ အိမ်တွင် စင်းကားအပ်ချုပ်စက် သုံးလေးလုံးရှိသည်။ သူကိုယ်တိုင်လည်း ချုပ်သည်။ တခြားစက်မထားနိုင်ကြသော စက်ချုပ်သမားများအားလည်း အိမ်ခေါ်ပြီးအခကြေးငွေနှင့် ထည်ချင်းအချုပ်ခိုင်းသည်။ တခြား အပ်ချုပ်စက် ရှိသောအိမ်များကလည်း ယူပြီးချုပ်ကြသည်။ ပိတ် လေးငါးအုပ်စာ ချုပ်ပြီးသောအခါ ရှပ်အင်္ကျီများကို ထုပ်ပိုးပြီး သက်ဆိုင်ရာ အထည်ဆိုင်ကြီးများတွင် ပြန်သွင်းသည်။ ယင်းသို့ အပ်ချုပ်လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကြသူများမှာ ကျွန်တော်တို့ရွာတွင် လေးငါးခြောက်ဦးရှိသည်။ ကျွန်တော်တို့ရွာက ရှပ်အင်္ကျီချုပ်သူများမှာ ကျွမ်းကျင်မှုရှိကြသည်။ နောက်ပိုင်းပုသိမ် မြောင်းမြစသော မြို့ကြီးများသို့ ပြောင်းရွှေ့လျက် အပ်ချုပ်လုပ်ငန်း လုပ်ကိုင်ကြသောအခါ ထိုဒေသများတွင်လည်း သန့်သနော့ရွာထွက် အပ်ချုပ်သမားများသည် နာမည်ရ အပ်ချုပ်သမားများဖြစ်လာကြသည်။

ကျွန်တော်တို့ရွာ၏ အခြားသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတစ်ခုမှာ မြန်မာနိုင်ငံအနှံ့အပြား ကျေးလက်တောရွာများ၌ အလုပ်များသော လယ်ယာလုပ်ငန်းဖြစ်သည်။ ရွာ၏ အရှေ့ဘက် စည်းရိုးကျော်

http://www.dhammadownload.com



သွားသည်နှင့် လယ်ကွင်းကြီးရှိသည်။ ထိုလယ်ကွင်းကြီးမှာ ရွာမှ ကြည့်လိုက်လျှင် ဘယ်ဆီဘယ်နေရာ၌ အဆုံးသတ်သည်ဆိုသည်ကို ပင် မမြင်ရပေ။ ကျယ်ပြန့်ကြီးမားသော လယ်ကွင်းကြီးထဲတွင် ကျေး ရွာများက တစ်ကန့်ပြီး တစ်ကန့် ပုဒ်မခြားထားသလိုရှိနေကြသည်။ ပုဒ်မသဖွယ်ဖြစ်နေသော ကျေးရွာတစ်ရွာကျော်လွန်သွားသည်နှင့် အခြား လယ်ကွင်းတစ်ကွင်း စပြန်သည်။လယ်ကွင်းကြီးမှာ ရွာနှင့်နယ် နိမိတ် ချင်းစပ်နေသည်ဖြစ်၍ တောင်သူလယ်သမားများအနေနှင့် လုပ်ငန်း ခွင်သွားရန် ခရီးမဖင့်ကြပေ။ ရွာထဲကအိမ်ဘေးတွင်တင်းကုပ် ဆောက် ပြီး နွားများထားကြသည်။ မိမိ လုပ်ငန်းခွင်ဝေးသော တောင်သူလယ် သမားများမှာမူ လုပ်ငန်းရှိရာ၌ တဲထိုးပြီးလယ်လုပ်ကြသည်။ လယ်တဲကို ကျွန်တော်တို့ဒေသ၌ လယ်တဲဟုမခေါ်ဘဲ "တင်းကုပ်" ဟုခေါ်သည်။

မိမိ မိဘက တောင်သူလယ်သမား မဟုတ်စေကာမူ ဦးကြီး ဦးလေးတချို့မှာ တောင်သူလယ်သမားဖြစ်ကြသောကြောင့် လည်း ကောင်း၊ လယ်ကွင်းသည် ရွာနှင့် နယ်နိမိတ်ချင်း စပ်နေ၍ စိမ်းစို ညို့မှိုင်းနေသည့် စပါးပင်၊ အရောင်အသွေး မွဲခြောက်ခြောက် ရိုး ပြတ်တော ၊ တလင်းထဲက ရွှေရောင်စပါးပုံ၊ ရွာနီးချုပ်စပ်က ကောက် ရိုးပုံ စသည့် လယ်ယာ၏ ရာသီအလိုက် အမျိုးမျိုး အပြောင်းအလဲဖြစ် နေသည့် မြင်ကွင်းကို အမြဲမပြတ် ရှုမြင်နေရသောကြောင့် လည်းကောင်း

http://www.dhammadownload.com



ကျွန်တော်သည် ငယ်စဉ်က တောင်သူလယ်သမား လောကနှင့် တရင်းတနှီးဖြစ်နေသည်။ အရွယ်ရောက်ပြီး မြို့ပြသို့ ရောက်မှ တောင်သူလယ်သမားလောကနှင့် စိမ်းသွားခြင်း ဖြစ်သည်။ လယ်တော၊ ယာတောနှင့် ဝေးသွားခြင်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးအလုပ်၌ လူတွေစားသုံး၍ ရသည့်ဆန်စပါးအဖြစ် ရောက်ရှိရန်အတွက် သင်ဖြူးဖျာရက်သည့် အလုပ်ထက်ပင် အဆင့်များစွာကို ကျော်ဖြတ်သွားရသည်။ ပထမအဆင့်မှာ မိုးဦးကျ ပျိုးကြဲသည့် အလုပ်နှင့် လယ်ထွန်သည့် အလုပ်၊ ထယ်ထိုးသည့် အလုပ်ဖြစ်သည်။ ထို့နောက် ပျိုးနှုတ် ကောက်စိုက်အလုပ် လုပ်ကြရသည်။ ကြဲထားသော ပျိုးပင်များ စိုက်၍ ရသည့်အရွယ်ရောက်လာသောအခါ ပျိုးပင်များကို နှုတ်၍ ကောက်စိုက်သမများက ထယ်ရေးကျပြီးသား လယ်ကွက်များတွင် ကောက်စိုက်ကြသည်။

ယင်းအဆင့်ကစ၍ ကျွန်တော်တို့ ပါလာကြသည်။ ပါသည်ဆိုသည်မှာ မိမိကိုယ်တိုင် တောင်သူလယ်သမားအလုပ်တွင် ပါဝင်လုပ်ကိုင်ခြင်းမျိုး မဟုတ်ဘဲအပျော်သဘောနှင့် ကွင်းဆင်းကြခြင်းဖြစ်သည်။ ကောက်စိုက်ချိန်သည် တောင်သူလယ်သမားတို့၏ လုပ်ငန်းခွင်၌ ပျော်စရာအကောင်းဆုံး အချိန်တစ်ချိန်ဖြစ်သည်။ ထိုအချိန်သည် လယ်ယာလုပ်ငန်းခွင်၌ မိန်းမနှင့်ယောကျ်ား အပျိုနှင့်လူပျို ရောနှော

http://www.dhammadownload.com



ပေါင်းဆုံသည့် အချိန်ဖြစ်သည်။ ယောက်ျားများက ပျိုးနှုတ်ပြီးမိန်းမများက ကောက်စိုက်ကြသည်။

ကောက်စိုက်ချိန်၌ လယ်ကွင်းတစ်ကွင်းလုံး ကောက်စိုက်သမများ၏ တေးသံလွှမ်းနေသည်။ မိုးရွာချိန်၌ လယ်ကွက်များထဲတွင် ပလီမဆောင်းပြီး ကြည့်ရသည်မှာ ကောက်စိုက်သမများသည် လူတစ် ကိုယ်လုံးခေါင်းချွန်ချွန် ကိုယ်ပြားပြားပလီမ အောက်တွင် ကွယ်ပျောက် နေပြီးကုန်းကုန်းကွကွ ဖြစ်နေကြသဖြင့် လပိုင်များ ပင်လယ် ရေပြင် ပေါ်တွင်ယိမ်းကနေကြသလားဟု ထင်နေရသည်။ ကောက်စိုက်သမများဆောင်းသော ပလီမကို တချို့ဒေသ၌ ကဒူးဟုခေါ်သည်။

ကောက်စိုက်သမများ ခေတ္တနားချိန်၌ ကောက်စိုက်သမများအဆာပြေစားရန် ကောက်ညှင်းပေါင်းဖြစ်စေ၊ အခြားစားစရာတစ်ခုခုကိုဖြစ်စေ သွားပို့ကြရသည်။ ကောက်ညှင်းပေါင်း အပို့များသည်။ ဤတွင်ကျွန်တော်တို့ အခန်းပါလာသည်။ ကောက်ညှင်းပေါင်းပို့သူ နှင့်လိုက်သွားသည်။ ကောက်စိုက်သမများထံမှ ကောက်ညှင်းပေါင်းတောင်းစားသည်။

ကောက်စိုက်သမများစိုက်ထားသော စပါးပင်များရှင်သန်လာပြီးလယ်ကွင်းတစ်ကွင်းလုံး ဘယ်နေရာကြည့်လိုက် ကြည့်လိုက်စိမ်းစိုညို့မှိုင်းနေသလို တွေ့ရသောအခါ လယ်သမားများသူတို့၏ စပါးပင်

http://www.dhammadownload.com



များကို အရိပ်တကြည့်ကြည့်နှင့် ကြည့်ပြီး ပျော်နေကြသလို ကျွန်တော်တို့လည်း အူမြူးနေကြသည်။ ကျွန်တော်တို့ အူမြူးကြခြင်းမှာ စပါးပင်ကိုကြည့်၍ အူမြူးခြင်းမဟုတ်ပေ။ ကန်သင်းဘောင်းက ပုစွန်လုံးတွင်းထဲတွင် ပုစွန်လုံးနှိုက်ကြရသောကြောင့်ဖြစ်သည်။ စပါးပင်များကြားထဲက ကန်သင်းတစ်လျှောက် ပြေးလွှားပြီး စွန်လွှတ်ကြသောကြောင့်ဖြစ်သည်။

လယ်ကွင်းထဲတွင် ကဏန်းမရှိပေ။ ကဏန်းထက် ငယ်သော ပုစွန်လုံးရှိသည်။ ကဏန်းနှင့် ပုစွန်လုံးသည် ပုံစံအနေအထား အတူတူပင်ဖြစ်သော်လည်း ကဏန်းကကြီးပြီး ပုစွန်လုံးက ငယ်သည်။ ပုစွန်လုံးသည် ကဏန်း အသေးစားဖြစ်သည်။ အရောင်အဆင်းလည်း မတူပေ။ ကဏန်းက အနီရောင်ဖြစ်ပြီး ပုစွန်လုံးက အရောင်စုံရှိသည်။ အနီရောင်လည်းရှိသည်။ အညိုလည်း ရှိသည်။ မွဲခြောက်ခြောက်လည်း ရှိသည်။ ကဏန်းကို ဟင်းတစ်မည်အဖြစ် စားကြသော်လည်း ပုစွန်လုံးကိုမူ ကလေးများသာ မီးဖုတ်စားကြသည်။ တစ်ခါတစ်ရံ တချို့လယ်လုပ်သားများလည်း ပုစွန်လုံး မီးဖုတ်ထောင်းပြီး ငါးပိရည်ဖျော်အဖြစ် စားကြသည်။ အပေါ်တွင် ကျစ်စာခဲတက်နေသဖြင့် ပုစွန်လုံးတွင်းကို အလွယ်တကူ သိနိုင်သည်။ ပုစွန်လုံးနှိုက်သည့်အခါ၌သာလျှင် သတိထားရသည်။ အဖမ်းမတတ်လျှင် ပုစွန်လုံးလက်မနှင့် အညှပ်ခံရသည်။ ပုစွန်လုံးနှိုက်သော ကျွန်တော်တို့သည် မကြာခဏ ပုစွန်လုံး

http://www.dhammadownload.com



အညှာပ်ခံကြရသည်။

ကန်သင်းပေါ်ခုန်ပေါက်ပြေးလွှားပြီး စွန်လွှတ်ရသည်မှာလည်း ပျော်စရာကောင်းလှသည်။ ကျွန်တော်တို့ လွှတ်သော စွန်မှာ ဗမာစွန် ဖြစ်သည်။ ကုလားစွန် မဟုတ်ပေ။ ဗမာစွန်က ကုလားစွန်ထက် ပုံစံလှသည်။ ကြီးသည်၊ အလျားရှည်သည်၊ ဦးခေါင်းနှင့် အမြီးပါသည်။ အတောင် နှစ်ဖက်တွင်လည်း အလှအပ စွန်စက္ကူအစများ တွဲလွဲ ချထားသည်။ ကုလားစွန်မှာ အဆင်အပြင် အလှအပ လုံးဝမပါဘဲ လေးထောင့် စပ်စပ်မျှသာဖြစ်သည်။ သို့သော် ဗမာစွန်က စွန်ကြိုးကို ဆွဲကိုင်ပြီး ပြေးပါမှ သစ်ပင်တစ်ပင်ဖျား အလွန်ဆုံးတက်သည်။ ကု လားစွန်မှာမူ ကောင်းကင်လေမိသွားလျှင် မိုးစွန်တစ်ဖျားအထိတက် သည်။ ဗမာစွန်မှာ ကလေးကစားသည့် စွန်ဖြစ်ပြီး ကုလားစွန်က လူကြီးကစားသည့် စွန်ဖြစ်သည်။

ဗမာစွန်မှာ ကလေးကစားသည့် စွန်ဖြစ်၍ ရိုးသားအပြစ်ကင်း စင်သော စိတ်ဓာတ်ပေါ်၌ အခြေခံသည်။ အပျော်အပါး အကစား အတွက်သက်သက်သာလွှတ်သည်။ ကုလားစွန်ကမူ လူကြီးကစားသည့် စွန်ဖြစ်၍ လောဘတရား၊ ဒေါသတရားများ အောက်ခြေ၌ လွှမ်းနေ သည်။ သူ့စွန်ကတက်သည်။ ငါ့စွန်က တက်သည်ဟူ၍ ယှဉ်နိုင် - ငါ နိုင် အပြိုင်သဘော ပါသည်။ ကောင်းကင်တက်နေသည့် စွန်ကိုလည်း

http://www.dhammadownload.com



တစ်စွန်နှင့် တစ်စွန်ရန်ဖြစ်ခိုင်းသည်။ စွန်တစ်စွန်က အခြားစွန်တစ်စွန်ကို ဖြတ်ချသည်။ တစ်စွန်နှင့်တစ်စွန် ဖြတ်ရန်အတွက် လက်နက်တပ်ဆင်ပေးထားသည်။ မှန်စကို အမှုန့်ကြိတ်ပြီး ထမင်းရည်နှင့် ဖြစ်စေ၊ ကော်ရည်နှင့်ဖြစ်စေ ဖျော်ပြီးစွန်ကြိုးတွင် သုတ်လိမ်းပေးထား ခြင်းသည် တစ်ဘက်သားကို တိုက်ခိုက်ရန်လက်နက် တပ်ဆင်ထား ခြင်းဖြစ်သည်။ မိမိစွန် ပြတ်ကျသွားသည့်အခါ စိတ်မကောင်းခြင်း ဖြစ်ပြီး သူတစ်ပါးစွန် ပြတ်ကျသွားသည့်အခါ ဝမ်းသာအားရဖြစ်သည်။ သူတစ်ပါးစိတ်ဆင်းရဲခြင်းကို အခြေခံလျက် မိမိ ဝမ်းသာအားရ ဖြစ်ခြင်းမှာ တရားသော မှန်ကန်သော ပီတိသောမနဿမဟုတ်ပေ။

ဗမာစွန်လွှတ်ရာ၌ ပြေးလွှားလှုပ်ရှားနေရသဖြင့် စိတ်ရှုပ်လန်းနေသည်။ တက်ကြွနေသည်။ ကုလားစွန်လွှတ်ရာ၌မူ တစ်နေရာတည်း၌ထိုင်ပြီး ကောင်းကင်လေမိနေသော မိမိစွန်ကိုသာ ကြည့်နေရသဖြင့် စိတ်ငြိမ်နေသည်။ သို့သော် ယင်းသမာဓိသည် ကောင်းသောသမာဓိမဟုတ်ပေ။ တစ်ဖက်သားကို မည်သို့အလဲထိုးရပါမည်နည်းဟု ဆင်ကြံကြံနေသော သမာဓိဖြစ်သည်။ ငါးကို သုတ်ရန်ဆည်ဝတွင် စောင့်နေသော ဗျိုင်း၏သမာဓိမျိုးဖြစ်သည်။ ငါးမျှားနေသော တံငါသည်၏ သမာဓိမျိုးဖြစ်သည်။ ကြွက်ကို ခုန်အုပ်ရန် ချောင်းနေသော ကြောင်၏ သမာဓိမျိုးဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



မည်သို့ပင်ဖြစ်စေ စွန်လွှတ်ရာ၌ လေးနက်သော တရားသဘော တစ်ခုရှိနေပေသည်။အလွန်ဆုံး သစ်ပင်တစ်ဖျားလောက်သာ တက်သော ဗမာစွန်မျှသာမက ကောင်းကင်လေမိပြီး မိုးစွန်တစ်ဖျား တက်နေသော ကုလားစွန်လည်း လေအဟုန်လျော့သွား သည့်အခါ ဖြစ်စေ၊ အခြားစွန် တစ်စွန်စွန်က ဖြတ်ချလိုက်သည့်အခါ ဖြစ်စေ ကောင်းကင်မှ မြေပြင်သို့ပြန်ကျလာခဲ့သည်။ သို့သော် ဗမာစွန်က အကျသာပြီး ကုလားစွန်က အကျနာသည်။ ဗမာစွန်က အကွဲအပြဲ အပျက်အစီးမရှိဘဲပကတိအတိုင်းကျလာပြီး ကုလားစွန်ကမူအခြားစွန် တစ်စွန်ကဖြတ်ချလိုက်သည့်အတွက် တလိမ့်ခေါက်ကွေးကျလာသည်။ အစုတ်အပြဲဘဝနှင့် ခေါင်မိုးပေါ်၌ တင်နေသော၊ သစ်ကိုင်းနှင့် ငြိနေသော၊ဓာတ်ကြိုးနှင့် ငြိနေသောစွန်များမှာကုလားစွန်များ ဖြစ်ကြသည်။

ကျွန်တော်တို့ လယ်ကွင်း၌ ကုလားစွန် မလွှတ်ပေ။ ဗမာစွန်ကိုသာ လွှတ်သည်။ ကျွန်တော်တို့ ငယ်စဉ်က လွှတ်သောစွန်မှာ ကြွားကြွားရွရွလုလုပပ ဗမာစွန်ဖြစ်သည်။

ဖိုးတိုးလုံးတုံး တုန်ဆောင်မုန်းကျော်လွန်ပြီး စပါးရိတ်သိမ်းချိန် ရောက်လာသောအခါ ကျွန်တော်တို့ ပျော်ကြရပြန်သည်။ ကောက်လှိုင်းများ တလင်းအပြည့်ဖြစ်လာသည်။ စပါးနှင့် ကောက်ရိုးတခြားစီ ဖြစ်သွားအောင် ကောက်လှိုင်းများပေါ်တွင် နွားတပ်ထားသော လှည်းကို

http://www.dhammadownload.com



မောင်းရသည်။ ထိုအခါ နွားများသည်ဆီဆုံက နွားကဲ့သို့ အခြားအဝေး မသွားရဘဲ တလင်းတစ်ခုတည်းတွင်ပင် ကွေ့ပတ်သွားနေကြရသည်။ ထိုအချိန်၌ စပါးနယ်သော လှည်းပေါ်တွင် ကျွန်တော်တို့တစ်ပျော် တစ်ပါးကြီး လိုက်စီးကြသည်။ ထိုအလုပ်မှာ တစ်နေ့အလုပ် မဟုတ်ပေ။ ကောက်ရိုးနှင့် စပါးတစ်ခြားစီဖြစ်သွားသည်အထိဖြစ်သည်။ စပါးနယ် ပြီးသောအခါ ကောက်ဆွနှင့် ကောက်ရိုးများကို နယ်ပစ်ရသည်။ ထို့နောက် စပါးများကို အမှိုက်နှင့် ရောမနေဘဲ စပါးသန့်သန့် ဖြစ် သွားအောင် စပါးလှေ့ကြသည်။ လှေ့ပြီးသားစပါးများကို တလင်းထဲ တွင် စုပုံထားကြသည်။ ထိုအချိန်၌ တောင်သူလယ်သမားများသည် မိမိတို့သွေးနှင့် ချွေးနှင့် ရင်းနှီးခဲ့ရသော ရွှေဝါရောင်စပါးပုံကြီးကို ကြည့်ကြည့်ပြီး ပီတိဖြစ်ကြရသည်။

သို့သော် သူတို့၏ ဝင်းပနေသောမျက်နှာသည် မကြာမီချစ်တီး ကုလားများ ရွာထဲအဝင်အထွက် များလာသောအခါ ညှိုးညှိုးမှိန်မှိန် ဖြစ်သွားကြသည်။ ကျွန်တော်တို့ ရွာက လယ်သမားများမှာ ကိုယ့်လယ် ကိုယ်လုပ်ကြရသူများက နည်းပြီး သီးစားလုပ်ကြရသူများသည်။ သူတစ် ပါး လယ်ကို အငှားလုပ်ကြရသူတို့သည် တလင်းထဲက သူတို့လုံ့လ ဝီရိယ၏ အသီးအပွင့်ဖြစ်သော ရွှေဝါရောင်စပါးပုံကြီး ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသောအခါ ပြုံးရာမှမဲ့ကြရသည်။မြေပိုင်ရှင် များမှာ

ထက်ဝေယံစာပေ

http://www.dhammadownload.com



အများအားဖြင့် ချစ်တီးများဖြစ်ကြသည်။

ကျွန်တော်တို့ရွာ၌ ရွာသူရွာသား မြေပိုင်ရှင် တစ်ဦးစနစ်ဦးစ ရှိသည့်အနက် တစ်ဦးမှာ ကျွန်တော်၏ဘကြီး ဦးဘိုးသီဖြစ်သည်။ ဦးဘိုးသီသည် လယ်မလုပ်ပေ။ လယ်ထဲဆင်းသည်ကိုပင် တစ်ခါမျှ မတွေ့ဖူးပေ။ သို့ရာတွင် စပါးပေါ်ချိန်၌ သုံ့အိမ်ဘေးက စပါးကျီကြီး စပါးအပြည့်ဖြစ်နေသည်။ စပါးဈေးကောင်းချိန်ကျမှ စပါးကျီထဲက စပါးများကို ရောင်းချပစ်သည်။

တစ်နေ့သောအခါ၌ စပါးများကို ဆန်စက်တွင် သွားကြိတ်သလား ရောင်းသလားမသိ၊ စပါးကျီထဲက စပါးများကို လှည်းအစီးပေါင်းများစွာဖြင့် သယ်ယူနေသည်။ စပါးကို ခြင်သူက ခြင်သည်။ စပါးတင်းတောင်းများကို ရှင်ပတ် ပတ်ထားသော လှည်းထဲလောင်းထည့်သူက ထည့်သည်။ တစ်စီးစာပြည့်သွားသောလှည်း ခြံထဲကထွက်သွားသောအခါ နောက်ထပ်လှည်းအလွတ် တစ်စီးရောက်လာပြန်သည်။ နောက်လှည်းတွင်လည်း ထိုနည်းအတိုင်းပင် စပါးတင်သည်။

ထိုအချိန်၌ ပတ်ဝန်းကျင်တစ်ခွင်လုံး ငြိမ်သက်နေပြီး လူကြီးတစ်ယောက် မကြာခဏအော်နေသော "ချိုလှိုင်"ဟူသည့်အသံတစ်သံကိုသာလျှင် ကြားနေသည်။ ငြိမ်သက်နေသော ပတ်ဝန်းကျင်၌ ယင်းအသံတစ်သံကသာလျှင် လွှမ်းမိုးနေသည်။ အမှန်က "ချိုးလိုက်"ဟူ၍

http://www.dhammadownload.com



အော်သောအသံကို ကျွန်တော့်နားထဲတွင် "ချိုလိုင်"ဟုကြားနေခြင်းဖြစ်သည်။ စပါးကျီထဲက စပါးကို တင်းတောင်းထဲ ထည့်လျက်စ တုတ်ဖြင့် ညှိပြီးသောအခါ ဂရိချိုးခိုင်းခြင်းဖြစ်သည်။ စပါးကျီထဲက ထွက်သွားသောအခါ စပါးတင်းအရေအတွက်ကို ဂရိတံသို့မဟုတ် အုတ်တံဖြင့် မှတ်ထားခြင်းဖြစ်သည်။ ယင်းကို ဂရိချိုးသည်ဟု ခေါ်သည်။ ထိုအချိန်တွင် စပါးကျီနား၌ မယောင်မလည် လုပ်နေသော ကျွန်တော်သည် ယခုခေတ် ခပ်ဆော့ဆော့ကလေးများ အရှိန်လျှော့ပြီး မောင်းလာသော ကား၏နောက်မြီးခိုလိုက်သွားသကဲ့သို့ လည်းကောင်း၊ ဆိုက်ကားနောက်မှ ခိုလိုက်သွားသကဲ့သို့လည်းကောင်း၊ စပါးသယ်ပြီးမောင်းထွက်သွားသော ရှည်းတစ်စီး၏နောက်မြီးတွင် တွဲလွဲခိုလိုက်သွားသည်။ ခြံဝရောက်သွားပြီး ရှေ့ဆက်လိုက်၍ မဖြစ်တော့မှ ခုန်ချလိုက်သည်။ ဤတွင် ထောင်နေသော သံတစ်ချောင်းပေါ် ခုန်ချမိလျက်သားဖြစ်သွားသည်။ ခြေဖဝါးတွင် သံစူးဝင်သွားသဖြင့် တစ်လလောက် ကျောင်းမတက်နိုင်တော့ဘဲ သံစူးသည့်ဒဏ်ရာကို ဆေးကုနေရသည်။ ဆေးကုသည် ဆိုသော်လည်း ကျွန်တော်တို့က မမလေးဟုခေါ်သည့် ဘကြီးဦးဘိုးသီ ဇနီးဒေါ်စောလေးက သံစူးသည့်အနာထဲ သံပုရာရည် ညှစ်ညှစ်ထည့်ပေးခြ[illegible]ျသာဖြစ်သည်။

ကျွန်တော် ငယ်ငယ်တုန်းက မှတ်မှတ်ရရ ဒဏ်ရာအနာတရ

http://www.dhammadownload.com



သုံးကြိမ်သုံးခါရဖူးသည်။ ယင်းသုံးကြိမ်သုံးခါအနက် တစ်ခါမှာ ယခု သံစူးခြင်းဖြစ်သည်။ အခြားတစ်ခါမှာ နွားမြိုင်အုပ်ရှေ့က နွားမ နင်း သွားသဖြင့် တစ်ပတ်လောက် မျက်စိဒဏ်ရာ ရသွားခြင်းဖြစ်သည်။ တတိယအနာမှာ ပေါင်ခြံတွင် သက်တံနာ ပေါက်ခြင်းဖြစ်သည်။ ပေါင်ခြံတွင် အကျိတ်ဖြစ်ပြီး ရက်အတော်အတန်ကြာကြာခံနေရသည်။ ပြည်မှည့်နေပြီဖြစ်သော်လည်း ပြည်မပေါက်သေး၍ ဝေဒနာအလူးအလဲ ခံနေရသည်။ အမေ မိဘ လူကြီးသူမများက တတ်သမျှမှတ်သမျှ လုပ်ကြသော်လည်း မည်သို့မှ အကျိုးထူးမလာပေ။ ဆရာဝန်လည်း မရှိပေ။ ဆေးပေးခန်းလည်းမရှိပေ။ ကျန်းမာရေးမှူးလည်းမရှိပေ။

ထိုအချိန်တွင် ကျွန်တော်တို့အိမ် လာနေကျဖြစ်သော ဟင်္သာတ မြို့မှ စင်းကားစက် ကိုယ်စားလှယ်ကြီး ရောက်လာသည်။ ဝဝမည်းမည်း တောင့်တောင့်ခိုင်ခိုင်ကြီးဖြစ်သည်။ ကိုယ်စားလှယ်ကြီး မောင်းချစား တစ်ချောင်း ဝှက်ယူလာသည်ကို ကျွန်တော်မသိပေ။ အနာကိုကြည့် သလိုလိုနှင့် ကိုယ်စားလှယ်ကြီးသည် ဝှက်ယူလာသော မောင်းချစား နှင့် လျှပ်တစ်ပြက် မျက်စိတစ်မှိတ် အတောအတွင်း ဇတ်ခနဲ အနာကို ခွဲလိုက်သည်။ ကလေးမျှသာ ရှိသေးသော ကျွန်တော်သည် ကိုယ်စား လှယ်ကြီးကို ခြေနှင့်ကန်လိုက်ပြီး မအေ နမ မိုးမွှန်သွားအောင် ဆဲသည်။ ကိုယ်စားလှယ်ကြီးက အရယ်မပျက်ပေ။ သူလက်ရဲဇက်ရဲ

http://www.dhammadownload.com



ခွဲလိုက်သည့်အတွက် သွေးပုပ် ပြည်ပုပ်များထွက်ပြီး အနာသက်သာ ပျောက်ကင်းသွားသည်။

လယ်သိမ်းချိန် ရောက်လာပြီဖြစ်၍ ကျွန်တော်တို့လည်း လယ်ကွင်းထဲ အရောက်အပေါက် နည်းသွားကြသည်။သို့သော်လည်း ရွာအပြင်ဘက်က ကောက်ရိုးပုံပေါ်တွင် မကြာခဏ ကျွမ်းသွားထိုးကြ သည်။ လယ်ကွင်းထဲက နေရာလုမ်းလုမ်းတွင် ဆောက်ထားသော အချို့ဆွေမျိုးလယ်သမားကြီးများ၏ တင်းကုပ်သို့သွားပြီး မှိုနတို သို့မဟုတ် လယ်ပတ္တူ ငါးပိရည် အတို့နှင့် ထမင်းမြိန်စားကြသည်။

ယင်းသို့အားဖြင့် ကျွန်တော်သည် တောင်သူလယ်သမား သားသမီးတစ်ယောက် မဟုတ်သော်လည်း ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကလယ်တောထဲတွင် ကြီးပြင်းခဲ့သည်။ တောင်သူလယ်သမားဘဝနှင့် ရင်းနှီးခဲ့သည်။ နောက်ချေးနံ့သင်းသင်းကို ရှူရှိုက်ခဲ့ရသည်။ ရွှေဝါရောင် စပါးပုံကြီးကို မြင်ခဲ့ရသည်။ စပါးပေါ်ချိန်၌ နဖူးတွင် အနီစက်နှင့် အဖြူတန်းတို့ထားသော ချစ်တီးများလမ်းသလား နေကြသည်ကို မြင်ခဲ့ရသည်။ နွားနှင့်ဖက်ရုန်းကြရသော တောင်သူလယ်သမားဦးကြီးများကို မြင်ခဲ့ရသည်။ စပါးရိတ်ရင်း ပိုးထိပြီး ကွယ်လွန်သွားသော တောင်သူလယ်သမား မသာကိုကြုံခဲ့ရသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



# မိမိနှင့် လေးခွ

ကျောက်ခေတ်လူသားများသည် ရန်သူကို တိုက်ခိုက်ရန်နှင့် သားရဲတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ရန်အတွက် ကျောက်လက်နက်များကို တီထွင်ပြုလုပ်ကြသည်။ ကျောက်ခေတ် ကျောက်လက်နက်မှ အစပြုခဲ့သော လက်နက်သမိုင်းသည် အနုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး၊ ဒုံးပျံများခေတ်တိုင်အောင် ရောက်ရှိလာခဲ့ပြီ။ လက်နက်သမိုင်းခေတ်အဆက်ဆက်၌ လက်နက်အမျိုးမျိုး ပေါ်ပေါက်ခဲ့ပြီ။ ယင်းလက်နက်အမျိုးမျိုးထဲတွင် လေးလည်းအပါအဝင်ဖြစ်သည်။ လေးအနွယ်အဝင် လက်နက်များထဲတွင် ဒူးလေး၊ လင်းလေး၊ လောက်လေး စသည်တို့ပါဝင်ကြသည်။

လေးအနွယ်ဝင် လက်နက်များ စတင်ပေါ်ပေါက်လာသည်မှာ ကျောက်လက်နက်ခေတ်နှင့် သံလက်နက်ခေတ် စပ်ကြားကာလတွင်ဖြစ်သည်။ ရှေးခေတ်အခါက "ဓနုဝိဇ္ဇာ"ခေါ် လေးအတတ်ပညာသည် မင်းညီမင်းသားများနှင့် စစ်သည်သူရဲများ သင်ကြားရသောလက်နက်အတတ်ပညာတစ်ရပ်ဖြစ်သည်။ ရှေးခေတ်,စစ်သည်တော်များထဲတွင် လေးသည်တော်တို့သည် အဓိကအခန်းကဏ္ဍက ပါဝင်ကြသည်။ ရှေးခေတ်အခါက ပန်းကုံးစွပ်ပွဲအတွက် ပညာစွမ်းပြကြရာ၌ လေးအတတ်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကို အစိကထားကြသည်။ သိဒ္ဓတ္ထမင်းသားသည် ယသော်ဓရာ၏ ပန်းကုံးစွပ်ပွဲ၌ အခြားပြိုင်ဘက်များကို လေးအတတ်ဖြင့် အနိုင်ယူခဲ့သည်။ သီတာဒေဝီမင်းသမီး၏ "ဆွယံဝရ"ခေါ် ပန်းကုံးစွပ်ပွဲ၌ ရာဝဏခေါ် ဒသဂီရိနှင့်ယှဉ်ပြိုင်ရာ၌ ရာမမင်းသား အောင်ပွဲခံခြင်းမှာလည်း လေးအတတ်ပညာဖြင့်ပင်ဖြစ်သည်။

လေးအနွယ်ဝင် လက်နက်များထဲတွင် ဒူးလေး၊ လင်းလေး၊ လောက်လေး စသည်ဖြင့် လေးအမျိုးမျိုး အစားစားရှိသည်။ သေနတ်နှင့် ကျည်ဆန်သည် တွဲဖက်ဖြစ်သကဲ့သို့ လေးနှင့်မြားလည်းတွဲဖက်ဖြစ်သည်။ အချို့လေးများကို မြားနှင့်တပ်၍ ပစ်ရသည်။ ဒူးလေးမှာ မြားဖြင့် ပစ်ရသော လေးအမျိုးအစားဖြစ်သည်။ သစ်သားလက်ကိုင်တွင် သစ်သားလေးကိုင်းကို ကြက်ခြေခတ်တပ်ထားသည်။ လက်ကိုင်အလယ်လောက်တွင် ထွင်းထားသည့် ချိုင့်ကလေးအထိ လေးကြိုးကို ဆွဲတင်ချိတ်ပြီးလျှင် ချိတ်ထားသော လေးကြိုးကို ဖြုတ်လိုက်သည်နှင့် တစ်ပြိုင်နက် လက်ကိုင်ပေါ်တွင် တင်ထားသောမြားသည် ကြိုး၏ အရှိန်ဖြင့် တစ်ဟုန်ထိုးထွက်သွားသည်။ ဒူးလေးကိုတောတွင်းနေ လူရိုင်းများ များသောအားဖြင့် အသုံးပြုကြသည်။လင်းလေးမှာ သစ်သားလေးကိုင်းတွင် ကြိုးတစ်ချောင်းတပ်ထားသော လေးဖြစ်သည်။ လင်းလေးကိုလည်း မြားတပ်၍ပင်ပစ်ရသည်။ ဘယ်ဘက်လက်ဖြင့်

http://www.dhammadownload.com



လေးကိုင်းကိုကိုင်လျက် ညာဘက်လက်ဖြင့်လေးကြိုးကို ဆွဲပြီးလျှင် ကြိုး၏ အရှိန်အဟုန်ဖြင့် မြှားကိုလွှတ်သောလေးဖြစ်သည်။ သစ်သား လေးကိုင်းကို ခပ်ကွေးကွေးလုပ်ထားရသည်။ သိဒ္ဓတ္ထမင်းသား လေး အတတ်ပညာစွမ်း ပြသောလေးနှင့် ရာမမင်းသားလေးတင်သော ဗိသနိုးနတ်မင်းကြီး၏ လေးမှာ ထိုလေးအမျိုးအစားဖြစ်သည်။

ကျွန်တော်တို့ငယ်ငယ်က ကျွန်တော်တို့ဒေသတွင် အသုံးပြု သော လေးတစ်ခုရှိသေးသည်။ ထိုလေးမှာ ကိုင်းလေးဖြစ်သည်။ ကိုင်း လေး၏ လေးကိုင်းကို ဝါးဖြင့် လုပ်ရသည်။ ဖယောင်းတိုက်ထားသော ချည်ကြိုးနှစ်ချောင်းကို ကွေးနေသော ဝါးလေးကိုင်း၏ထိပ်နှစ်ဘက်တွင် ချည်ထားသည်။ မျဉ်းပြိုင်ဖြစ်နေသော ကြိုးနှစ်ချောင်း၏အကြား အကွာ အဝေးမှာ လောက်စာလုံး တစ်လုံးစာလောက်ရှိသည်။ လေးကြိုးနှစ် ချောင်း၏ အလယ်ဗဟို၌ လောက်စာလုံးတစ်လုံးစာနေရာကို ချည်ဖြင့် ထိုးထားသည်။ လေးကြိုးနှစ်ပင်၏အလယ်၌ လောက်စာလုံးတည့်ပစ်ရန် ကြိုးဖြင့် ရက်ထားသော လောက်စာလုံးတစ်လုံးစာ နေရာကို လောက် စာအိမ်ဟု ခေါ်သည်။ လေးကိုင်းကို ယာဘက်လက်ဖြင့်ကိုင်၍ ဘယ် ဘက်လက် လက်ချောင်းနှစ်ချောင်းဖြင့် လောက်စာလုံးအိမ်က လောက် စာလုံးကို ကိုင်ဆွဲလျက်ကြိုး၏ အရှိန်အဟုန်ဖြင့် ပစ်ရသော လေးဖြစ် သည်။ ကိုင်းလေးခေါ်ထိုလေးကို လူရွယ်လူကြီးများသာအသုံးပြုကြသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ပစ်နေကျဖြစ်မှ ကိုင်းလေးကို ပစ်၍ရသည်။ မပစ်တတ်ဘဲနှင့် ပစ်လျှင် လေးကိုင်းကိုင်ထားသော လက်ကိုသွားထိတတ်သည်။

ကလေး လူကြီးအသုံးများသော လေးမှာ သားရေလေးခွဖြစ်သည်။ လောက်လေးခွဟုလည်းခေါ်သည်။ လေးခွ၏ ထိပ်နှစ်ဘက်၌ ဆွဲလျှင် ပါလာသောသားရေမျှော့ကြိုးတပ်ထားသည်။ သားရေကြိုးနှစ်ပင်၏ အစွန်းနှစ်ဘက်ကိုတွဲထားသည့်နေရာ၌ လောက်စာအိမ်ရှိသည်။ လောက်စာအိမ်၌ လောက်စာလုံးထည့်ပြီး သားရေကြိုး၏ ရုန်းကန်အားဖြင့် ပစ်ရသော လေးမျိုးဖြစ်သည်။ လောက်လေးခွကို ငှားကျောင်းသားနှင့် ကလေးများကိုင်လေ့ရှိသည်။

ကျွန်တော်ယခုနေသော အိမ်၏ပြတင်းပေါက်တံခါးများမှာ မှန်တံခါးများဖြစ်ကြသည်။မကြာခဏ ခွပ်ခနဲအသံကြား၍ ကြည့်လိုက်လျှင် မှန်တံခါးကွဲနေသည်ကိုတွေ့ရသည်။ သရက်သီး သီးချိန်မျက်နှာချင်းဆိုင်အိမ်၏ ခြံစပ်၌ ပေါက်နေသော သရက်ပင်မှ သရက်သီးကို လက်တည့်စမ်းကြသော ကလေးများ၏ လောက်လေးခွမှ လောက်စာလုံးနယ်ကျူးပြီး လာထိမှန်သောကြောင့် မှန်တံခါးများအစိတ်စိတ်အမွှာမွှာ ဖြစ်သွားကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံလည်း ဘယ်ကရောက်လာမှန်းမသိသော လောက်စာလုံးသည် အိမ်ထဲအထိ နယ်ကျွံလာသည်။ လမ်းပေါ်၌ သွားရင်းလာရင်း လက်ကမြင်းသွားကြသော ကလေးတစ်

ထက်ဝေယံစာပေ

http://www.dhammadownload.com



သိုက်၏ လေးခွမှ လောက်စာလုံးများသည်လည်း အိမ်အမိုးပေါ်တွင် တဒိုင်းဒိုင်းဖြင့် လာကျတတ်သည်။

ကလေးလက်ထဲ လေးခွ ရောက်နေခြင်းသည် စိတ်မနှံ့သူ လက်ထဲ ခြောက်လုံးပြူးရောက်နေသကဲ့သို့ အလွန်အန္တရာယ်များသည်။ လွန်ခဲ့သည့် ၁၀နှစ်ကျော်ကျော်က မျက်စိဆေးရုံတွင် ကျွန်တော် မျက်စိတက်ခွဲစဉ် ဘ၀ပျက်သွားသော ကျောင်းသားကလေးတစ်ယောက်ကို တွေ့ရသည်။ ထိုကလေးမှာ တခြားကလေးငယ် တစ်ဦးပစ်လွှတ်လိုက်သော လောက်စာလုံးထိမှန်ပြီး မျက်လုံးတစ်ဖက်ပျက်သွား၍ ဆေးလာကုသော ကလေးငယ်ဖြစ်သည်။ အလွန်တရာကြင်နာဖွယ်ကောင်းလှသည်။ မီးရထား ခုတ်မောင်းနေစဉ် မီးရထားတွဲထဲ ကျောက်ခဲများဝင်လာသည်ဖြစ်၍ ခရီးသည်များဒဏ်ရာအနာတရ ဖြစ်ကြရခြင်းမှာလည်း မိမဆုံးမ ဖမဆုံးမ လူရမ်းကားများ၏ လေးခွကို မြစ်ဖျားခံသော ကျောက်ခဲများသာများသည်။

ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့ရွာတွင် ကလေးလူကြီး မရွေး လေးခွကိုင်ကြသည်။ ကလေးများက လေးခွဖြင့် လက်ကမြင်းကြသည်။ လူရွယ်များက လေးခွဖြင့် ငှက်ပစ်ကြသည်။ ဘုန်းကြီးကျောင်းနှင့် ရွာထိပ်စပ်ကြား၌ ကွင်းပြင်တစ်ခုရှိသည်။ ကွင်းပြင်၏ ဘေးနှစ်ဘက်၌ ကျွန်းပင်ကြီးများနှင့် မန်ကျည်းပင်ကြီးများရှိသည်။ ယင်းသစ်

http://www.dhammadownload.com



ပင်ကြီးများသည် ကျေးငှက်များစတည်းချရာဖြစ်သည်။ လင်းဆွဲနှင့် လင်းဝက်ငှက်များ ထိုသစ်ပင်ကြီးများ၌ နေကြသည်။

လင်းဆွဲမှာ လင်းနို့အကြီးစားဖြစ်သည်။ အလွန်ရှိုးသားအပြစ် ကင်းစင်သည်ဟု ထင်ရသော ငှက်များဖြစ်သည်။ သစ်ကိုင်းတွင် ဇောက်ထိုးတွဲလွဲခို နေကြသည်။ တွဲလွဲခိုနေသော တချို့ လင်းဆွဲများ၏ တောင်ပံတွင် လင်းဆွဲပေါက်စကလေးများ တွယ်ကပ်နေသည်ကို တွေ့ရသည်။ ထိုလင်းဆွဲများသည် မိခင်လင်းဆွဲမများဖြစ်ပုံရသည်။ ညချမ်းအချိန်များ၌ ရေကြည်ရာမြက်နုရာ အဝေးသို့ပျံသွားကြပြီး အစာရှာကြသည်။ သစ်သီးဝလံကို အစားများသည်။ လူနှင့်ဝေးရာ သစ်ပင်မြင့်တွင်နေကြသည်။ လူကို ဒုက္ခမပေး ။ နေ့လယ်နေ့ခင်းအချိန်တွင် နားနားနေနေရှိနေကြသော လင်းဆွဲများကို လေးခွသမားများက ပစ်ချကြသည်။ တစ်ခါတစ်ရံ လင်းဆွဲအမကို ထိမှန်သွားသဖြင့် လင်းဆွဲကလေးပါ အောက်ကျလာသည်။ လင်းဆွဲကိုဟင်းချက်စားကြသည်။ သို့သော်လည်း လင်းဆွဲသားမှာ စား၍မကောင်းဟု ငှက်ခတ်မုဆိုးများက ပြောကြသည်။ သူတို့ အရသာတွေ့သော အသားမှာလင်းဝက်သားဖြစ်သည်။ လေးခွသမားများသည် လင်းဝက်တွေ့လျှင် အသေရရ အရှင်ရရ ဖြစ်နေသည်။

ကျွန်တော်၊ကလေးအရွယ်က လူတစ်ယောက် တွေ့ဖူးသည်။

http://www.dhammadownload.com



ထိုလူငယ်သည် အသက် နှစ်ဆယ် အစိတ်လောက်သာရှိမည်။ ကျွန်တော်တို့ရွာသားမဟုတ်ပေ။ တခြားရပ်ရွာမှ ခေတ္တလာနေသူ ဖြစ်သည်။ ထိုလူငယ်သည် လက်အလွန်ဖြောင့်သည်။ သူ့ထံတွင် လေးခွအမြဲရှိသည်။ မည်သည့်အခါမျှ လော်ကစ်စာလုံးတစ်လုံးကို အလဟဿမဖြုန်းပေ။ လောက်စာလုံး တစ်လုံးအသုံးပြုလျှင် ငှက်တစ်ကောင်ရမြဲဖြစ်သည်။ ဂျိုးသိမ်းကိုပင် မှန်အောင်ပစ်နိုင်သည်။ ထို့ကြောင့်သူ့ကို "ဂျိုးသိမ်း"ဟု လူတွေက ခေါ်ကြသည်။

ကျွန်တော်လည်း ငယ်ငယ်က လေးခွအလွန်ဝါသနာပါသည်။ ကျွန်တော် လေးခွကိုင်သည်မှာ ငှက်ပစ်လို၍ မဟုတ်ပေ။ ပစ်၍လည်း မရပေ။ လေးခွသည် ကျွန်တော်အတွက် ကစားစရာပစ္စည်းတစ်ခု သဖွယ်ဖြစ်သည်။

ကျွန်တော် ကလေးဘဝက ကျွန်တော်တို့ရွာတွင် ကလေးများ ကစားလေ့ ကစားထရှိသော ကစားနည်းမျိုးစုံ ကစားသည်။ ငါးသေတ္တာဘူးခွံတွင် ဖုတ်အပြည့်ထည့်လျက် အုန်းလက်နွားနှစ်ကောင် တပ်ပြီး စပါးတိုက်တမ်း ကစားသည်။ ချုံစပ်တွင် လုံးထွေးထားသော သင်အူဖြင့် ငါးကြမ်းတိုက်သည်။ ကောက်ရိုးပုံပေါ်က ကျွမ်းထိုးချသည်။ ချောင်းထဲ ရေဆင်းကူးသည်။ ရွာထိပ်က ကွင်းပြင်၌ ဘောလုံးကန်သည်။ ဘက်တံရိုက်သည်။ ဂေါ်လီလုံးလိမ့်သည်။ ကျောက်ဒိုးခေါ်

http://www.dhammadownload.com



ဂေါ်လီလုံးတစ်လုံးနှင့် တစ်လုံးပေါက်ခဲ့သည်။ စွန်လွှတ်သည်။ ဗောင်ဗောင် ဖောက်၊ တွတ်တွတ်ထိုးသည်။ တူတူပုန်းတမ်းကစားသည်။ ထုပ်ဆီးတိုးသည်။ မြွေကြီးလင်းမြွေကစားသည်။ထွေပစ်သည်။ ဂျင်ပေါက်သည်။ လိုက်တမ်းပြေးတမ်းကစားသည်။ သို့သော်လည်း ယင်းကစားနည်းများမှာ ကစားသည့်အခိုက်၌သာ စိတ်ပါဝင်စားပြီး ကစားပြီးသည်နှင့် တစ်ပြိုင်နက် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။ ကျွန်တော်နှင့် အတူရှိသော၊ ကျွန်တော် တယုတယထားသော ၊ ကျွန်တော်ကြွားကြွားဝါဝါနှင့် ကိုင်လေ့ကိုင်ထရှိသော ကျွန်တော်၏ "ဖေးဖရိတ်" ကစားစရာမှာ လေးခွဖြစ်သည်။

လေးခွကို တစ်ခုပြီးတစ်ခု ပြောင်းကိုင်သည်။ ပထမသစ်သားလေးခွတွင် သားရေအပြား တစ်ပင်တည်းတပ်ထားသောလေးခွကို ကိုင်သည်။ လေးခွကို အလွန်စိတ်ဝင်စားသည်ဖြစ်၍ သစ်ပင်တစ်ပင်၏ သစ်ကိုင်းကို ကြည့်လျှင် လေးခွလုပ်ရမရဟူသော အမြင်ဖြင့် သာကြည့်သည်။ လေးခွလုပ်၍ရဖို့ အလားအလာရှိသော သစ်ကိုင်းကိုတွေ့လျှင်လှူကြီးတွေကို တက်အခုတ်ခိုင်းသည်။

ကျွန်တော့်အဘိုး ဦးဘိုးကျ၏ အိမ်ရှေ့တွင် ဆေးရိုးပင်တစ်ပင်ရှိသည်။ ထိုဆေးရိုးအပင်က သစ်ကိုင်းတစ်ကိုင်းသည် လေးခွကောင်းတစ်ခုဖြစ်လာရန် အလားအလာရှိသော သစ်ကိုင်းဖြစ်နေသည်။ ထို

http://www.dhammadownload.com



သစ်ကိုင်းကို ချက်ချင်းခုတ်မယူသေးဘဲ ပုံစံကျကျလေးခွလုလုကလေး ဖြစ်လာစေရန် ခွကြားနှစ်ဘက်မှ ထိုးထွက်နေသော သစ်ကိုင်းနှစ်ဘက် ကို ကြိုးနှင့်ချည်ပြီး ပုံသွင်းထားလိုက်သည်။ ထို့နောက်အချိန်အတော် ကြီးကြာမှ ထိုခေးရိုးကိုင်းကို ခုတ်ယူပြီးလေးခွလုပ်ယူသည်။

သူတစ်ပါးထံတွင် လေးခွလုလုကလေး တွေ့လျှင်လည်း အလွန် လိုချင်သည်။ ဝယ်လို့ရလျှင် အမေ့ဆီက ပိုက်ဆံတောင်းပြီးဝယ်သည်။

ကျွန်တော်ငယ်စဉ်က ကျွန်တော်တို့ရွာမှ ပုသိမ်ပြောင်းသွားသော ဦးတင်သိန်းအမည်ရှိ လူကြီးတစ်ယောက်နှင့် လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ရန်ကုန်တွင်ဆုံသည်။ ဦးတင်သိန်းက ကျွန်တော်ငယ်စဉ်က အကြောင်း များကို ပြန်ပြောရင်း "ဟေ့ လုကြိုင်၊ မင်းငယ်ငယ်က ငါ့ဆီက လေးခွဝယ်တာ မှတ်မိသေးရဲ့လား"ဟု မေးသည်။ သူ့ဆီက လေးခွ ဝယ်သည်ကိုကျွန်တော်မမှတ်မိတော့။သို့သော်လည်း ကျွန်တော် ကလေး ဘဝ အရွယ်ထစဉ်က လေးခွလုလုလေးမြင်လျှင် အငမ်းမရလိုချင်သည် ကိုမူ မှတ်မိနေသည်။ ယခု အချို့လူများရောင်းတတ်သော ကျွဲချို လေးခွများကိုသာ ထိုစဉ်က တွေ့မြင်ရလျှင် ကျွန်တော်အရူးအမူး ဖြစ်မည်မှာ ကေန်မုချဖြစ်သည်။

သေနတ်ချည်း ရှိနေရုံနှင့် အလုပ်မဖြစ်ပေ။ သေနတ်၏တွဲဖက် ဖြစ်သော ကျည်ဆန်ရှိမှ သေနတ်ကို အသုံးချ၍ရသည်။ လေးခွချည်း

http://www.dhammadownload.com



ရှိနေရုံနှင့် ဘက်မစုံပေ။ဘက်စုံရန်အတွက် လေးခွ၏တွဲဖက် လောက်စာလုံးဖန်တီးရသည်။ လောက်စာလုံးကို ဝယ်တန်တာဝယ်သည်။ ကိုယ့်ဘာသာကိုယ်လည်းလုံးသည်။ ချောင်းထဲကာရွံ့စေးများကို နှိုက်ယူပြီးလျှင် လောက်စာလုံးလေးများကို ညီညီညာညာလုံး၍ သွပ်ပြားပေါ်တွင် တင်ပြီး နေလှန်းသည်။ နေပူထဲက သွပ်ပြားပေါ်တွင် တန်းစီရှိနေသော လောက်စာလုံးလေးများ ခြောက်လာသည်ကို တွေ့ရလျှင် လယ်သမားကြီးများ သူတို့လုပ်အား၏ ရလဒ်ဖြစ်သော စပါးပုံကြီးများကို တစိမ့်စိမ့်ကြည့်ပြီး ပီတိဖြစ်နေသကဲ့သို့ပင် ကျွန်တော်လည်း မိမိလုပ်အား၏ ရလဒ်ကိုကြည့်ပြီး ဝမ်းသာအားရဖြစ်နေသည်။

မိမိထံတွင် လက်နက်ရှိလာသောအခါ လက်တည့်စမ်းချင်လာသည်။ အိမ်ရှေ့လမ်းတစ်ဘက်တွင် ရှိနေသော အုန်းပင်ကိုပစ်မှတ်ထားပြီးလေ့ကျင့်ပြီးသောအခါ အိမ်ရှေ့ကုက္ကိုပင်ပေါ် နားနေသော ကျီးကန်းကိုပစ်သည်။ သရက်ပင်ပေါ်က သရက်သီးကိုပစ်သည်။ သို့သော်လည်း ကျွန်တော်၏လေးခွသည် ကျီးကန်းခြောက်ရုံသာ ခြောက်နိုင်သည်။ သရက်ပင်ပေါ်က သရက်ရွက်များ ဖရက်ဖရက်နှင့် မြည်သွားရုံသာတတ်နိုင်သည်။

သို့သော် တစ်နေ့တွင် သရက်ပင်ထိပ်ဖျားမှ သရက်သီးတစ်လုံးကို ချိန်ပြီး ပစ်လိုက်ရာ ကံစွပ်သွားသောကြောင့်လားမသိ။ အညှာ

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကို သွားမှန်ပြီး သရက်သီးပြုတ်ကျလာသည်။ သိုက်တူးသမား ရွှေအိုးတစ်လုံးရသွားသကဲ့သို့ ကျွန်တော်ထခုန်သည်။ မိမိချွေးနဲ့စာဖြင့် ရရှိသော သရက်သီးဝမ်းပျဉ်းကို တော်တော်နှင့် မစားသေးဘဲ အလှကြည့်ထားသည်။

မိမိ လေးခွဖြင့် သရက်သီးတစ်လုံး ပစ်ချနိုင်သည့် အချိန်မှစ၍ အောင်ပွဲရ စစ်သူကြီးတစ်ယောက်ကဲ့သို့ ကျွန်တော်ဂုဏ်ယူမဆုံးဖြစ်လာသည်။ လောက်စာလုံးများလည်း ဝယ်၍မလောက်၊ လုံး၍မလောက်ဖြစ်လာသည်။ တစ်နေ့ခြံထောင့်က ဒန့်သလွန်ပင်ပေါ်တွင်နားနေသော နံ့ပြည်စုပ်ငှက်ကလေးတစ်ကောင်ကို ပစ်လိုက်ရာကျွန်တော်၏ လက်ကပဲ တည့်လာလို့လား။ သို့မဟုတ် နံ့ပြည်စုပ်ကပဲကြမ္မာငင်လို့လား ဘယ်အကြောင်းကြောင့်မှန်း မသိ။ နံ့ပြည်စုပ်ငှက်ကလေးကိုသွားထိသည်။သတ္တဝါနှင့်လက်နက် မမျှပေ။နံ့ပြည်စုပ် ကိုအမြောက်နှင့်ပစ်ခြင်း မဟုတ်သော်လည်း သူ့တစ်ကိုယ်စာ လောက်ရှိသောလောက်စာလုံးထိမှန်သဖြင့် နံ့ပြည်စုပ်ခမျာ သေပွဲ ဝင်သွားရရှာသည်။

သရက်သီး ပစ်ချစဉ်က မြေကြီးပေါ်ကျလာသော သရက်သီးကို ဝမ်းသာအားရ ကောက်ယူပြီး ကခုန်မြူးတူးသကဲ့သို့ ကျွန်တော်အူမမြူးနိုင်တော့ပေ။ ဒန့်သလွန်ပင်ပေါ်က ကျလာသော နံ့ပြည်စုပ်ကလေးကို ကြည့်ပြီး ငေးတိငိုင်တိုင်ဖြစ်သွားသည်။ သူ့တစ်ပါးအသက်

http://www.dhammadownload.com



ကို သတ်မိပါကလားဟု နောင်တရနေသည်။ နံ့ပြည့်စုပ်အသေလေး ကို တစ်လှည့်၊ မိမိအမြတ်တနိုးထားသော လေးခွကိုတစ်လှည့် ကြည့် လျက် "သူတစ်ပါးကို ထိပါးစေနိုင်သည့် မည်သည့်လက်နက်မျိုးမဆို ကောင်းကျိုးမပြုနိုင်"ဟု ကလေးဘာဝတွေးခေါ် မြော်မြင်တတ်ခြင်း မရှိသော်လည်း နံ့ပြည့်စုပ်ကလေးကို သနားသွားပြီး နံ့ပြည့်စုပ်အသေ လေးကို မြေကြီးထဲမြှုပ်ပစ်လိုက်သည်။

နံ့ပြည့်စုပ်သည် ကျွန်တော်နှင့်လေးခွ အိုးစားကွဲအောင်ဖန်တီး လိုက်လေပြီ။ နံ့ပြည့်စုပ်ကို ကျွန်တော်လေးခွနှင့် ပစ်ချသည်ဆိုသည့် အကြောင်း အမေ့နားပေါက်သွားသောအခါ အမေသည်ကျွန်တော့်အား မရိုက်ရုံတမယ် အကြီးအကျယ် ဆူပူကြိမ်းမောင်းလေတော့သည်။

"မင်း ခုလိုထိအောင် ပစ်နိုင်မှန်းသိရင် ငါအစက လေးခွ ဝယ်မပေးဘူး။ သူတစ်ပါးအသက်ကို မသတ်ရဘူးဆိုတာ မင်းမသိ ဘူးလား။ ဒီကနေ့စပြီး မင်းဆီမှာ လေးခွမထားရတော့ဘူး။ အခုရှိတဲ့ လေးခွကိုလဲ ငါဓားနဲ့ခုတ်ပစ်မယ်။ လောက်စာလုံးတွေကိုလဲ လွှင့်ပစ် မယ်"

ထိုနေ့ကစ၍ လေးခွသည် ကျွန်တော့်အတွက် တရားမဝင် လက်နက်ဖြစ်သွားသည်။ အမေက တစ်ချက်လွှတ်ဥပဒေ ထုတ်လိုက် သည်ဖြစ်၍ ကျွန်တော့်ထံတွင် လေးခွရှိနေလျှင် ကျွန်တော်သည်

http://www.dhammadownload.com



တရားဥပဒေ ငြိစွန်းသူ တရားခံတစ်ယောက် ဖြစ်ရပေတော့မည်။ ကျွန်တော်တွင်လေးခွမထားရဲတော့ပေ။ ကျွန်တော် အရိပ်တကြည့်ကြည့် ဖြစ်လာခဲ့သော ကျွန်တော်၏ဖေးဖရိတ် လေးခွလေးသည် ကျွန်တော် ထံမှ ထွက်ခွာသွားသည်။

လေးခွ ဇာတ်လမ်းမှာ ထိုမျှနှင့် ရပ်မသွားပေ။ အသက်အရွယ် ကြီးလာသောအခါ လေးခွဇာတ်လမ်းတစ်ပုဒ်နှင့် ကြုံရပြန်သည်။ ယင်း ဇာတ်လမ်းမှာ မြန်မာနိုင်ငံ၌ ဖြစ်ပျက်သော ဇာတ်လမ်းမဟုတ်ဘဲ အိန္ဒိယနိုင်ငံ၌ ဖြစ်ပွားသော ဇာတ်လမ်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ကျီးကန်းပေါသလို အိန္ဒိယနိုင်ငံ၌ မျောက်ပေါ သည်။ မြန်မာနိုင်ငံ၌ နေရာအနှံ့ ကျီးကန်းတွေ့ရသလို အိန္ဒိယနိုင်ငံ မည်သည့်နေရာမဆို မျောက်ကိုတွေ့ရသည်။ မီးရထားဘူတာများ၌ မျောက်များရှိသည်။ လမ်းမများပေါ်၌လည်း မျောက်များ သွားလာ နေကြသည်။ လူနေအိမ်ခြေများ၌ တိုက်ကာတုံးတစ်ခုမှ တိုက်ကာတုံး တစ်ခုသို့ ခုန်ပေါက်ပြေးလွှားနေသည်။ ကျောင်းကန်ဘုရားများသို့ပင် မျောက်များ ရောက်နေကြသည်။ မျောက်များသည် လူကိုလုံးဝဂရု မစိုက်ကြပေ။ လူတွေကလည်း မျောက်များကို ရန်မမူကြပေ။ ဒသသဂီရိ ကို ရာမမင်းသား တိုက်ခိုက်ရာတွင် ဟာနုမန်မျောက်၏ စွမ်းရည်ကြောင့် အနိုင်ရရှိသွားခြင်းဖြစ်၍ ဟာနုမန်၏ အဆက်အနွယ်ဖြစ်သော မျောက်

http://www.dhammadownload.com



များကို အိန္ဒိယလူမျိုးများသည် ခွင့်လွှတ်ထားကြသည်။ ထို့ကြောင့် မျောက်များသည် ဆိုးချင်တိုင်း ဆိုးနေကြခြင်းဖြစ်သည်။

တစ်ချိန်တွင် အိန္ဒိယ၌ မီးရထားနှင့် ခရီးသွားနေစဉ် ဘူတာတစ်ခု၌ မီးရထား ရပ်နားနေချိန် ပြတင်းတံခါးဝ၌ ပန်းသီးစားနေခိုက် ရထားအမိုးပေါ်မှ မျောက်တစ်ကောင် ရုတ်တရက်ဆင်းလာပြီး ပန်းသီး လုယူသွားသည်။ ၁၉၈၀ ပြည့်နှစ် အိန္ဒိယပြည်သို့ စတုတ္ထအကြိမ် သွားစဉ်ကလည်း ဗာရာဏသီတွင် မိတ်ဆွေရှာမာကျရန်းမိစ္ဆရ၏ တိုက်ခေါင်မိုးပေါ်၌ မိစ္ဆရနှင့်အတူ နံနက်စာ စားနေချိန် တိုက်ခေါင်မိုးပေါ်တွင် ဆောက်ထားသော အဆောင်တစ်ခု၏ အမိုးပေါ်မှ ချောင်းနေသော မျောက်ကြီးတစ်ကောင်သည် လေ့ကားမှဝုန်းခနဲ ပြေးချလာပြီး ကျွန်တော့်လက်ထဲ ရှိုတီကို ဖတ်ခနဲ လုယူထွက်ပြေးသွားသည်။ ရှောင်တခင်ဖြစ်နေသဖြင့် ငေးကြည့်နေရုံမှ တပါးဘာမှမတတ်နိုင်ပေ။ အိမ်ရှင်မိစ္ဆရကလည်း ဘာမှမထူးခြားသလိုလုပ်နေသည်။ တစ်ခါ တစ်ရံ မျောက်များသည် ဟိုအိမ်သည်အိမ်ကူးရင်း တိုက်အမိုးပေါ်တွင် လှမ်းထားသော အဝတ်များ၊ ဆာရီများကိုယူပြီး ထွက်ပြေးသွားသည်။ ရှိုတီဖြစ်စေ၊ အခြား စားစရာတစ်ခုခုကိုဖြစ်စေ ပြပြီးပြန်တောင်းမှ ရောက်ရာနေရာ၌ ချထားပစ်ခဲ့သည်။

မှူလက်ရာဂျ်အာနန် ရေးသော "ငှက်ပျောသီးဖိုး" ခေါ် ဝတ္ထု၌

ထက်ဝေယံတာပေ

http://www.dhammadownload.com



လည်း ဘူတာတစ်ခုတွင် ရထားဆိုက်နေစဉ် ရထားစီးရန် ဆိုက်အပြည့် ဂိုက်အပြည့်နှင့်လာသော ဘာဘူကြီးတစ်ယောက်၏ ဦးထုပ်ကို မျောက်တစ်ကောင် ဖြုတ်ယူသွားပြီး သစ်ပင်ပေါ် တက်ပြေးပုံ၊ ဘာဘူကုလားကြီး ကြံရာမရ ဖြစ်နေစဉ် အတွေ့အကြုံရှိသော ငှက်ပျောသီးသည်က သူရောင်းသည့် ငှက်ပျောသီးထဲက ငှက်ပျောသီးနှစ်လုံး သုံးလုံးကိုဖြုတ်ယူလျက် ငှက်ပျောသီးပြပြီး တောင်းသောအခါ ဦးထုပ် ယူသွားသော မျောက် သစ်ပင်ပေါ်က ဆင်းလာပြီး ဦးထုပ်ပြန်ပေးသည်ဖြစ်၍ အရှက်တကွဲ အကျိုးနည်းဖြစ်နေသော ဘာဘူကုလားကြီး ရယ်နိုင်ပြုံးနိုင်ဖြစ်လာပုံ၊ သို့သော်လည်း ငှက်ပျောသီးသည်က ဘာဘူ ကုလားကြီးကို ငှက်ပျောသီးဖိုး တောင်းသောအခါ ပိုက်ဆံတစ်ပြား နှစ်ပြားလောက်သာ ပစ်ပေးသွားပုံများကို သရုပ်ဖော်ထားသည်။

၁၉၅၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်က ကျွန်တော်တို့ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကလကတ္တားသို့ လာနေလျှင်၊ နေ သို့မဟုတ်ပါက ဗာရာဏသီ၌ပင် အိမ်ငှား၍ နေကြသည်။ တစ်ခုသော နွေရာသီ ကျောင်းပိတ်ရက်ချိန်၌ ဂင်္ဂါမြစ်ကမ်းပါးရှိ အိမ်တစ်အိမ်တွင် အခန်းငှားနေသည်။ ဂင်္ဂါမြစ်ကမ်းပါးရှိ ထိုနေရာတစ်ဝိုက်၌ မျောက်အလွန်ပေါသည်။ တစ်နေ့တွင် လက်ကမြင်းသော မျောက်များသည် ကျွန်တော်

http://www.dhammadownload.com



အပြင်ခဏ ထွက်နေခိုက် ကျွန်တော့်အခန်းထဲက မျက်နှာသုတ်ပဝါကိုယူပြီး တခြားအခန်းထဲသွားထားသည်။ ထိုအခန်းက ကုလားမ ဝတ်သောအင်္ကျီကို ကျွန်တော့်အခန်းထဲယူလာပြီးထားသည်။ ၎င်းအား ထက်ရယ်အားသန်ရသည်။

တစ်ခါတုန်းကလည်း ကျွန်တော့်အခန်းနှင့် မနီးမဝေး၌ရှိသော သစ်ပင်ပေါ်၌ ကျက်စားနေကြသော မျောက်တစ်သိုက်သည် ကျွန်တော့် အလစ်တွင် ကျွန်တော့်အခန်းထဲဝင်ပြီး စာအုပ်များဆုတ်ဖြဲသွားကြသည်။ ကျွန်တော် အကြီးအကျယ် ဒေါသထွက်သွားသည်။ လောက်လေးခွနှင့် ကျောက်ခဲရှာပြီး သစ်ပင်ပေါ်က မျောက်များကိုကုလားတွေအလစ် လေးခွနှင့်ပစ်လိုက်သည်။ မျောက်နစ်ကောင်သုံးကောင်မှန်သွားသည်။ လက်စားချေလိုက်ရသဖြင့် ကျွန်တော်အကျေနပ်ကြီး ကျေနပ်သွားသည်။ သို့ရာတွင် မျောက်တွေ သူတို့ကို လေးခွနှင့်ပစ်သော ကျွန်တော့်အား အငြိုးထားနေကြဆိုသည်ကို သတိမပြုဘဲ ကျွန်တော် အမှုမဲ့အမှတ်မဲ့ သာ နေခဲ့သည်။ တစ်နေ့ ပေါ်တီကိုပေါ်တွင် ထွက်ပြီးရပ်နေစဉ် အလစ်ချောင်းနေသော မျောက်တစ်သိုက်သည် ကျွန်တော့်ကို ရန်ပြု တိုက်ခိုက်ရန် လျှပ်တစ်ပြက်အတွင်း ဝုန်းခနဲသစ်ပင်ပေါ်က ပြေးဆင်း လာကြသည်။ မျောက်တပ် ချီတက်လာသည်ကိုတွေ့ရသောအခါ ကျွန်တော်လည်း အလန့်တကြားအခန်းထဲ ပြေးဝင်ပြီးတံခါးပိတ်ထား

http://www.dhammadownload.com



လိုက်သည်။ ကံကောင်းသွားသည်။ မိနစ်ပိုင်းလောက် နောက်ကျသွားလျှင် မျောက်တပ်သည် ကျွန်တော့်ကို အရေဆုတ်ပြီး အသားအရိုးကို နပ်နပ်စဉ်းပစ်ကြပေလိမ့်မည်။

မျောက်တွေကို လေးခွနှင့် သွားပစ်မိသဖြင့် ကံကောင်းလို့ အသက်မပျောက်မသွားခြင်းဖြစ်သည်။

http://www.dhammadownload.com



# မိမိနှင့် လက်ပတ်နာရီ

ကုန်းဘောင်မင်းဆက် ဘုရင်ဖောင်ကားစားသည် တစ်ပတ်မျှသာ နန်းစံရပြီး စလယ်ဝင်ဖင်မမည်းခင်ပင် နန်းစွန့်သွားရသည်။ ထီးနန်းစည်းစိမ်သည် လောကီစည်းစိမ်များထဲတွင် အမြင့်ဆုံးဖြစ်၍ တစ်ပတ်ကြာမျှသာ ထီးနန်းစည်းစိမ်ခံစားရပြီး နန်းစွန့်သွားရသော ဖောင်ကားစားသည် မည်ရွေ့မည်မျှ စိတ်ထိခိုက်သွားမည်ဆိုသည်ကို ကျွန်တော်၏ ကလေးဘဝက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုနှင့် နှိုင်းစာချိန်ထိုး၍ စဉ်းစားကြည့်မိသည်။

ကျွန်တော် ကလေးဘဝက လက်ပတ်နာရီ တစ်မွန်းတည့်လောက်ပတ်ရသည်။ တစ်မွန်းတည့်လောက် ပတ်ပြီးသောအခါ မိမိပတ်ထားရသော ရွှေလက်ပတ်နာရီအသစ်ကလေးကို တခြားလူအားချွတ်ပေးလိုက်ရသဖြင့် ငို၍မဆုံးဖြစ်ခဲ့ရသည်။ တစ်မွန်းတည့်လောက်သာပတ်ပြီးနောက် အစိုပ်တကြည့်ကြည့်ဖြစ်နေရသော မိမိ၏ လက်ပတ်နာရီကလေးကို အခြားတစ်ယောက်အား ချွတ်ပေးလိုက်သည့်အတွက် ထိုမျှယူကြုံးမရ ဖြစ်နေသည်ဆိုလျှင် တစ်ပတ်သာနန်းစံပြီး ထီးနန်းလက်လွှတ်လိုက်ရရှာသော ဖောင်ကားစားသည့် မည်မျှဝမ်းနည်းပက်လက် ဖြစ်နေရှာမည်နည်း။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျွန်တော့်အဖေ၏ စီးပွားရေးလုပ်ငန်းမှာ အပ်ချုပ်အလုပ်ဖြစ်သည်။ ကျွန်တော်တို့ရွာ၏ အဓိကစီးပွားရေး လုပ်ငန်းများမှာ သုံးမျိုးသုံးစားလောက်သာရှိသည်။ လယ်ယာအလုပ်ကို လုပ်လျှင်လုပ်၊ မလုပ်လျှင် ရှပ်အင်္ကျီချုပ်ကြသည်။ လယ်ယာလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းမလုပ်သူများက သင်ဖြူးဖျာရက်ကြသည်။ ရှပ်အင်္ကျီချုပ်သူများသည် အပ်ထည်မျှလောက်ကိုသာ ချုပ်ကြသည် မဟုတ်ပေ။ ဟင်္သာတမြို့စတိုးဆိုင်၊ အထည်အလိပ်ဆိုင်၊ ဘာဘူဆိုင်များမှ ပိတ်အုပ်များကို ယူပြီး ရှပ်အင်္ကျီချုပ်လျက်၊ မိမိပိတ်အုပ်ယူသော ဆိုင်ကြီးများထံ ချုပ်ပြီးသားရှပ်အင်္ကျီများကို ပြန်သွင်းသည့်အလုပ်ကြီးအကိုင်ကြီးများကိုလည်း လုပ်ကြသည်။ ကျွန်တော့်အဖေ၏ အပ်ချုပ်လုပ်ငန်းမှာ ယင်းကဲ့သို့သော အလုပ်မျိုးဖြစ်သည်။

အဖေသည် တစ်ပတ် တစ်ကြိမ် နှစ်ပတ်တစ်ကြိမ်လောက် ဟင်္သာတမြို့သွားပြီး အထည်အလိပ် လက်ကားဆိုင်များမှ ပိတ်အုပ်များကိုယူလာပြီးလျှင် အိမ်တွင် စက်နှစ်လုံး သုံးလုံးနှင့် မိမိကိုယ်တိုင်လည်းချုပ်သည်။ အပ်ချုပ်စက် မရှိသော အပ်ချုပ်သမားများကို ခေါ်လျက် ချုပ်ခပေး၍လည်း အချုပ်ခိုင်းသည်။ များသောအားဖြင့် အဖေသည် အင်္ကျီပုံစံ၊ ကိုက်ပေးသည့်အလုပ် လုပ်သည်ကများသည်။ အဖေကိုက်ပေးသော အင်္ကျီစကို စက်သမားများက ချုပ်ကြရသည်။ အပ်ချုပ်

http://www.dhammadownload.com



စက်ရှိသော အခြားအိမ်များမှလည်း အင်္ကျီယူချုပ်ကြသည်။ မိမိယူလာသော ပိတ်အုပ်များကို အားလုံးရှပ်အင်္ကျီချုပ်ပြီးသောအခါ စနစ်တကျ ခေါက်ထားသော ရှပ်အင်္ကျီများကို ပိတ်စကြီးဖြင့် ထုပ်ပိုး၍ ဟင်္သာတမြို့ရှိလက်ကား အထည်အလိပ် ဆိုင်ကြီးများသို့ ပြန်သွင်းသည်။ ယင်းလုပ်ငန်းဖြင့် အဖေသည် တစ်ပတ် တစ်ကြိမ် နှစ်ပတ်တစ်ကြိမ်လောက် ဟင်္သာတမြို့သို့ အသွားအပြန် လုပ်ရသည်။

"အစ်ကို ကျွန်တော်လဲ လိုက်မယ်။ ကျွန်တော့်ကိုခေါ်သွားပါလား"

ချောင်းကြား မြောင်းကြား လယ်တောကြား၌သာ အနေများသော တောသားကျွန်တော်သည် အဖေဟင်္သာတမြို့သို့ သွားတိုင်း ကျွန်တော့်ကိုပါ အလည်ခေါ်သွားဖို့ ပူဆာလေ့ရှိသည်။ ကျွန်တော်ငယ်ငယ်က အဖေကို "အစ်ကို"ဟုခေါ်သည်။ အမေကို "အစ်မ"ဟုခေါ်သည်။ အမေကို "အစ်မ"ဟုခေါ်သူများရှိသော်လည်း "အဖေ"ကို "အစ်ကို"ဟုခေါ်သူ မရှိသလောက်ရှားသည်။ အမေခေါ်သည်ကို အတုလိုက်ပြီး "အစ်ကို"ဟု ခေါ်ရအောင်လည်း ကျွန်တော့်အမေသည် ကျွန်တော့်အဖေအား "အစ်ကို"ဟု တစ်ခါမျှ မခေါ်ပေ။

ဘယ်က ဘယ်လိုဖြစ်လာသည်မသိ။ အဖေကို "အစ်ကို"ဟု နှုတ်ကျိုးနေသည်။ ကျွန်တော်တို့ရွာတွင်အဖေကို "အစ်ကို"ဟုခေါ်သူ

http://www.dhammadownload.com



တခြားရှိသလား သတိမထားမိပေ။ အမေကို "အစ်မ" ခေါ်သူများ တော့ရှိသည်။အမေကို "အစ်မ"ခေါ်ခြင်းမှာ မိမိအရီးလေး အဒေါ်လေး တို့က မိမိအမေကို "အစ်မ"ဟုခေါ်နေသည်ကို လိုက်ခေါ်ခြင်းဖြစ်တန် ရာသည်။ သို့မဟုတ်ကလည်း ပါဠိဘာသာ၊ ဟိန္ဒီဘာသာတို့ဖြင့် အမေကို "အမ္မ"ခေါ်သည်လည်းရှိသည်ဖြစ်၍ အစဉ်အလာက ဆင်းသက်လာပြီး အမေသည် "အစ်မ"ဖြစ်နေသလား မသိပေ။ အဖေကို "အစ်ကို" ခေါ်ခြင်းမှာမူ မိမိအမေက ဖြစ်စေ၊ သို့မဟုတ် အခြားတစ်ဦးဦးက ဖြစ်စေ မိမိအဖေအား "အစ်ကို"ခေါ်သည်ကို လိုက်ခေါ်ခြင်းဖြစ်ပေ လိမ့်မည်။ မည်သို့မည်ပုံ စတင်လာသည်ဟု ဇစ်မြစ်ကိုမသိသော်လည်း ကျွန်တော်တို့ ညီအစ်ကို မောင်နှမများမှာမူ အဖေကို "အစ်ကို"ဟု နှုတ်ကျိုးနေကြသည်။

အဖေ ဟသ်ာတမြို့သွားတိုင်း ကျွန်တော့်ကိုပါ အလည်ခေါ် သွားဖို့ ကျွန်တော် ပူဆာလေ့ရှိသည်။ သို့သော်လည်း အဖေသည် ကျွန်တော့်ကို ခေါ်မသွားပေ။ တစ်နေ့ ဘာစိတ်ကူးရသည် မသိ။ ဟသ်ာတမြို့ ရုပ်အင်္ကျီထုပ်ပို့ဖို့အသွား အဖေသည် ကျွန်တော့်ကိုပါ ခေါ်သွားသည်။ ကျွန်တော် ထခုန်မတတ် ဝမ်းသာအားရ ဖြစ်သွား သည်။ကျွန်တော်တို့ရွာမှ ဟသ်ာတသွားလျှင် နတ်မော်ရွာကို ဖြတ် သွားရသည်။ ကျွန်တော်တို့ရွာမှ နတ်မော်သို့ သမ္ဗာန်စီးသွားရသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ထိုအချိန်က ကျွန်တော်တို့ချောင်းထဲတွင် ကူဘိုတာစက်တပ်ရေယာဉ် မရှိသေးသဖြင့် နတ်မော်သွားလျှင် သမ္ဗာန်စီးသွားရသည်။

ကျွန်တော်တို့ စီးလာသော ဦးဘိုးဆိတ်၏ သမ္ဗာန်သည် ချောင်းထဲတွင် တကျွိကျွိနှင့်တုံ့နှေးစွာ လှော်ခတ်နေသည်။ ကျွန်တော်နတ်မော် အမြန်ရောက်ချင်နေပြီ။ မရိုးမရွ ဖြစ်နေသည်ဖြစ်၍ သမ္ဗာန်ပေါင်းမိုးထဲက မကြာခဏ ဦးခေါင်းပြူကြည့်နေမိသည်။ သို့သော်လည်း ဦးဘိုးဆိတ်၏ သမ္ဗာန်မှာ တစ်နေ့တစ်လံပုဂံဘယ်ပြေးမလဲ နှုန်းဖြင့်ခပ်မှန်မှန်ပင် ရွေ့နေသည်။ တစ်ကွေ့ပြီးတစ်ကွေ့ ဖြတ်ကျော်နေရသဖြင့် ရောက်ခဲလှသည်ဟု ထင်နေသည်။

ကျွန်တော်တို့ရွာနှင့် နတ်မော်မှာ ခရီးအဝေးသုံးမိုင်လောက်သာရှိသော်လည်း ချောင်းမှာကွေ့ကောက်နေသည်ဖြစ်၍ ရေလမ်းကသွားလျှင် လေးငါးကွေ့ဖြတ်ကျော်ပြီးမှ နတ်မော်ရောက်သည်။ သမ္ဗာန်နောက်ဆုံးအကွေ့ ရောက်လာပြီ။ နောက်ဆုံးအကွေ့၏ အငူစွန်းတွင် ပေါက်နေသော ပျဉ်းမပင်တည့်တည့် ရောက်လာသောအခါ နတ်မော်တံတားကို လှမ်းမြင်ရသည်။ ထိုပျဉ်းမပင်သည် မိမိအတွက် မြို့ပြနှင့် ကျေးလက်ကို ခြားထားသော နယ်ခြားမှတ်တိုင်သဖွယ်ဖြစ်၍ ကျွန်တော်၏ ငယ်စဉ်တောင်ကျေးကလေးဘဝက ဖွားဖက်တော်သစ်ပင်ကြီး လေးငါးပင်ထဲတွင် တစ်ပင်အပါအဝင်ဖြစ်နေသည်။

http://www.dhammadownload.com



ပျဉ်းမပင်တည့်တည့် သမ္မာန်ရောက်လာသောအခါ နတ်မော်တံတားပေါ်တွင် ပြေးနေသော မော်တော်ကားများကို လှမ်းမြင်ရသည်။ သို့သော်လည်း ခရီးအတန်ငယ် လှမ်းနေသေးသဖြင့် မော်တော်ကားများကို ကလေးကစားသည့် ကားအရွယ်လောက်သာမြင်နေရသည်။ မည်သို့ပင်ဖြစ်စေ၊ မြို့ပြ၏အငွေ့အသက် သို့မဟုတ် အရိပ်အရောင်ကို တွေ့မြင်ရပြီဖြစ်၍ ကျွန်တော်အူမြူးသွားသည်။ မိမိအတွက် ကျေးလက်နှင့်မြို့ပြကိုခြားထားသော နယ်ခြားမှတ်တိုင် ပျဉ်းမပင်ကြီးမှ အပြာနုရောင် အရောင်အသွေးစိုစို ပျဉ်းမပွင့်များ၏ လန်းဆန်းမှုကူးစက်လာသလား မသိ။ မိမိပါ ပျဉ်းမပွင့် ပျဉ်းမပန်းများကဲ့သို့ လန်းဆန်းလာသည်။ မြူးကြွလာသည်။ မကြာခင် နတ်မော်တံတားဆိပ် သမ္မာန်ကပ်တော့မည်။ နတ်မော်မှ တစ်ဆင့် မော်တော်ကားစီးပြီး ဟင်္သာတမြို့ ရောက်ရတော့မည်။

ဟင်္သာတမြို့မှ အဖေ ပိတ်အုပ်ယူ၍ ရုပ်အင်္ကျီချုပ်သော ဆိုင်ကြီးများထဲတွင် မြန်မာပိုင် စတိုးဆိုင်ကြီးတစ်ဆိုင် ရှိသည်။ ယင်းဆိုင်ကြီးတွင် အခြားပစ္စည်းများနှင့်တကွ အထည်အလိပ်များကိုလည်း ရောင်းချသည်။

ယခုတစ်ခေါက် အဖေပိတ်အုပ်ယူပြီး အင်္ကျီချုပ်သွင်းသော ဆိုင်ကြီးမှာ ယင်းစတိုးဆိုင်ကြီးဖြစ်သည်။ ဆိုင်ပိုင်ရှင်မှာ ဦးဘိုးစု

http://www.dhammadownload.com



ဒေါ်မှင်တို့ဖြစ်ကြသည်။ ဦးဘိုးစ ၊ ဒေါ်မှင် တို့သည် အတာခေါ် ဗိုလ်ဘသိန်း၏ မိဘများဖြစ်ကြသည်။ ဗိုလ်ဘသိန်းသည် ဖက်ဆစ်တော်လှန်ရေး ကာလအတွင်းမြန်မာ့မြေပေါ်တွင် လေထီးနှင့်ဆင်းရန် အိန္ဒိယစခန်းမှအလာ လေယာဉ်ပျက်ကျပြီး ကျဆုံးသွားသော တော်လှန်ရေးသူရဲကောင်းတစ်ဦးဖြစ်သည်။ ဟသ်ာတမြို့တွင် ဗိုလ်ဘသိန်းကို ဂုဏ်ပြုသည့်အနေဖြင့် လမ်းတစ်လမ်းကို ဗိုလ်ဘသိန်းလမ်းဟု အမည်မှည့်ထားသည်။ ဗိုလ်ဘသိန်းအကြောင်းကို ဒေါက်တာမောင်မောင်က "သွေးနီ" အမည်ဖြင့် စာအုပ်တစ်အုပ် ရေးထားသည်။

အဖေသည် သူထုပ်ပိုးသယ်ယူလာသော ရုပ်အင်္ကျီထုပ်ကြီးကိုဆိုင်တွင် သွင်းပြီးနောက် အင်္ကျီချုပ်ခကို တွက်ချက်ယူပြီးသော အခါ ဦးဘိုးစ၊ဒေါ်မှင်တို့၏ စတိုးဆိုင်ကြီးမှ ရွှေရောင်လက်ပတ်နာရီတစ်လုံးဝယ်ယူပြီး ကျွန်တော့်လက်တွင် ပတ်ပေးသည်။ ထိုအချိန်က လက်ပတ်နာရီနှင့် မိမိတို့၏ အခြေအနေမှာ ရွှေဘယက်တန်ဆာနှင့် သူတောင်းစားမ၏ အခြေအနေ ကွာခြားသလောက်ပင် ကွာခြားနေသည်။ကျွန်တော်တို့ရွာတွင် ရွာသူရွာသား တစ်ထောင်ကျော် နှစ်ထောင်လောက်ရှိသည့်အနက် လက်ပတ်နာရီ ပတ်နိုင်သူမှာ လက်ချိုးရေတွက်၍ ရလောက်အောင်ပင်မရှိပေ။ ရွာထဲတွင် အချမ်းသာဆုံးသားသမီးများထဲကသာ လက်ပတ်နာရီ ပတ်နိုင်သည်။ မိမိမှတ်မိသမျှ ကျွန်တော်

http://www.dhammadownload.com



တို့ရွာထဲတွင် လက်ပတ်နာရီ ပတ်နိုင်သူ သုံးလေးဦးလောက်သာရှိသည်။

လက်ပတ်နာရီ ပတ်နိုင်သူများထဲတွင် ကျွန်တော်၏ အစ်ကို တစ်ဝမ်းကွဲတင့်မောင်လည်းပါသည်။ သန့်သနော့ရွာ မူလတန်းကျောင်းတွင် ကျွန်တော် ကျောင်းတက်နေစဉ် ကျွန်တော့်ဘကြီး ဦးဘိုးသီ၏ သား တင့်မောင်သည် မိဘများက ငွေကြေး တတ်နိုင်သူဖြစ်၍ ဟင်္သာတ မြို့ ဟိုက်စကူးကျောင်းတွင် ကျောင်းတက်နေသည်။ သူ့ကို စက်ဘီး တစ်စီးလည်း ဝယ်ပေးထားသည်။ ထိုအချိန်က ကျွန်တော်တို့ရွာတွင် စက်ဘီးစီးနိုင်သူမှာလည်း တစ်ယောက်နှစ်ယောက်လောက်သာရှိသည်။

တင့်မောင်သည် မောင်ပုလေး(ဦးဆန်းထွန်း)တို့နှင့်မူ ရွယ်တူ လောက်ဖြစ်သည်။ ဟင်္သာတမြို့ ဟိုက်စကူးကျောင်းတွင် ခုနစ်တန်း ရှစ်တန်းလောက် ကျောင်းတက်ပြီး ကျောင်းထွက်လိုက်သည်။ မြန်အောင် သခင်ချစ်မောင်နှင့် ကျောင်းနေဘက် သူငယ်ချင်းဖြစ်သည်။ ကျွန်တော့်အစ်ကို တင့်မောင်နှင့်မြန်အောင် သခင်ချစ်မောင် ကျောင်း နေဖက် သူငယ်ချင်းဖြစ်သည်ဆိုသည်ကို သခင်ချစ်မောင်တို့ မိုးကောင်း စဉ်က ကျွန်တော်မသိပေ။ သခင်ချစ်မောင်မကွယ်လွန်ခင် သုံးလေး နှစ်ကမှ သိရသည်။ တစ်နေ့တွင် သခင်ချစ်မောင်က သမ္မတဟိုတယ် တွင် ကျွန်တော့်ကိုပြုစုသည်။ စားသောက်ပွဲတွင် စကားစမြည် ပြော ကြရင်းက သခင်ချစ်မောင်က စကားစသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



"နေပါဦး ၊ ခင်ဗျား ဟသ်ာတသားဆိုတာတော့ သိပါတယ်။ ဒါပေမဲ့ ဘယ်ဇာတိဆိုတာ မသိဘူး။ ဟသ်ာတမြို့ပေါ်ကလား။ ဒါမှမဟုတ် နယ်ကလား"

သခင်ချစ်မောင် ကျွန်တော်နှင့် အဆက်အသွယ် လုပ်သည်မှာ ဟသ်ာတသားချင်းဟူသော အစွဲလည်းပါပုံရသည်။ သူမကွယ်လွန်မီ လေးငါးနှစ်တွင် ကျွန်တော်နှင့် အတော်တွဲမိသွားသည်။ ကျွန်တော့်ဆီက စာအုပ်များကို ယူဖတ်သည်။ သူ့ထံတွင် ရှိသော ရှားရှားပါးပါး စာအုပ်များကိုလည်း ကျွန်တော့်ကို ပေးတန်တာပေးသည်။ ခေတ္တငှားတန်တာငှားသည်။ အင်္ဂလိပ်ဘာသာဖြင့်ရှိသော "ဥဂ္ဂမင်းနတ်" ရှားပါးစာအုပ်ကို သူ့ထံမှငှားပြီး ဖတ်ရခြင်းဖြစ်သည်။

"ဟသ်ာတနဲ့ ခြောက်မိုင်လောက်ဝေးတဲ့ ချောင်းကမ်းဘေးမှာ သနွှဲသနော့ရွာဆိုတာ ရှိတယ်။ သခင်ချစ်မောင် ကြားဖူးမလားမသိဘူး။ အဲဒီ သနွှဲသနော့ရွာဆိုတာ ကျွန်တော့်ဇာတိပါ"

သူ့မေးခွန်းကို ကျွန်တော်ပြန်ဖြေလိုက်သောအခါ သခင်ချစ်မောင် မျက်လုံးဝင်းခနဲ လက်သွားသည်။

"သနွှဲသနော့ရွာအကြောင်း ကြားဖူးရုံတင် ဘယ်ကမှာလဲ၊ ကျွန်တော်ကိုယ်တိုင် ကျောင်းသားအရွယ်က သနွှဲသနော့ရွာ ရောက်ဖူးတယ်။ သနွှဲသနော့ရွာက တင့်မောင်ဆိုတာ ကျွန်တော့်ကျောင်းနေ ဖက်

http://www.dhammadownload.com



သူငယ်ချင်းပဲ ၊ ကျွန်တော်တို့ ဟိုက်စကူးကျောင်းသားအရွယ်က ဟာသ်ာတမြို့ ဟိုက်စကူးကျောင်းမှာ ကျောင်းအတူတက်ကြတယ်။ သူက သန့်သနော့ရွာက ကျောင်းလာတက်ပြီး ကျွန်တော်ကမြန်အောင် က ကျောင်းလာတက်တယ် ။ ဟာသ်ာတမှာပဲနေကြတယ်။ ကျောင်းပိတ်ရက်တစ်နေ့ သူခေါ်လို့ သန့်သနော့ရွာ အလည်လိုက်သွားဖူးတယ်"

"ဟုတ်လား ၊ အဲဒီ တင့်မောင်ဆိုတာ ကျွန်တော့်အစ်ကိုပဲ"

တင့်မောင်ကို အကြောင်းပြုလျက် သခင်ချစ်မောင်နှင့် ကျွန်တော် ဆက်ဆံရေးမှာ ပိုမိုခိုင်မာသွားသည်။ သို့သော်လည်း ယင်း ကဲ့သို့ အဆက်အသွယ်ရှိသည်ကို အချိန်အလွန်နှောင်းမှသိရခြင်း ဖြစ်သည်။ ကျွန်တော် အိန္ဒိယတွင် နေစဉ်သခင်ချစ်မောင်သည် ပါလီမန်အတွင်းဝန်အဖြစ် နိုင်ငံခြားတိုင်းပြည်များတွင် ခရီးလှည့်လည်အပြီး အိန္ဒိယဝင်လာသည်။ အိန္ဒိယတွင် သူနှင့် ပထမဆုံးအကြိမ်ဆုံခဲ့သည်။ ထိုအချိန်က စကားမစပ်သဖြင့် သူနှင့်တင့်မောင်၏ ဆက်သွယ်မှုကို မသိခဲ့ပေ။ ထို့နောက် သူ ပြန်ကြားရေးဝန်ကြီး အဖြစ်နှင့် မြန်မာနိုင်ငံ စာရေးဆရာများအသင်း အမှုဆောင်များကို စထရင်းဟိုတယ်တွင် ဖိတ်ကြားပြီး ညစ်ခံစဉ်က အသင်းဥက္ကဋ္ဌ ဆရာသိန်းဖေမြင့်က မိတ်ဆက်ပေးသဖြင့် သခင်ချစ်မောင်နှင့် ဒုတိယအကြိမ် မေးတစ်ခွန်း ခေါ်တစ်ခွန်း စကားပြောဖူးသည်။ ထိုစဉ်ကလည်း သခင်ချစ်မောင်

http://www.dhammadownload.com



သည် ကျွန်တော့်ကို စာရေးဆရာအသင်း အမှုဆောင်တစ်ယောက် အဖြစ်လောက်သာ အသိအမှတ် ပြုသွားသည်။ ဟသ်ာတသားချင်း သံယောဇဉ်အရလည်းကောင်း၊ သူ့သူငယ်ချင်း ကျွန်တော့်အစ်ကို တင့်မောင်ကိုအကြောင်းပြု၍ လည်းကောင်း သူနှင့်ခင်မင်ရင်းနှီးသွား သည်မှာ သူ အာဏာလက်မဲ့ အတော်ကြီးကြာမှ ဖြစ်သည်။

တင့်မောင်သည် ကဗျာဝါသနာပါသည်။ ပန်းချီဆွဲသည်။ သူ့ ကော်ပီစာအုပ်များထဲတွင် သူ ရေးစပ်ထားသော ကဗျာများ၊ ပန်းချီ ပုံများကိုတွေ့ရသည်။ နောက်ပိုင်းတွင် ဟသ်ာတမြို့ စက်ပိုင်ရှင် ဦးစံလှ၊ ဒေါ်ယုတို့၏ သမီးနှင့် အိမ်ထောင်ကျပြီး သမီးကလေးတစ်ယောက် မျက်နှာမမြင်ခင်ပင် အဆုတ်ရောဂါဖြင့် အရွယ်ကောင်းတုန်း ကွယ် လွန်သွားသည်။ သူ့သမီး ဒေါ်ညွန့်ညွန့်ဆွေသည်ပင် အသက် ၄၀ ကျော်အရွယ်လောက်တွင် သမီးလေးနှစ်ယောက် ချန်ထားခဲ့ပြီး ကွယ် လွန်သွားပြီ။

ကျွန်တော်တို့ရွာ၌ တင့်မောင်လို လက်ပတ်နာရီ ပတ်နိုင်သူ အခြားကျောင်းသားတစ်ဦးရှိသေးသည်။ ကျော်သိန်းအမည်ရှိ ထိုကျောင်းသားသူငယ်သည်လည်း တင့်မောင်လိုပင် ဟသ်ာတမြို့ အင်္ဂလိပ်ကျောင်းတွင် ကျောင်းသွားနေသူပင်ဖြစ်သည်။ ကျော်သိန်း သည် ကျွန်တော့်အမေ၏ ဦးလေး ဦးရွှေလှ ၊ ဒေါ်နှစ်တို့၏ သားဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဦးရွှေလူသည် ကျွန်တော်တို့ရွာတွင် တိုက်ခံအိမ်ကြီးနှင့် နေနိုင်သူ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်တော်တို့ရွာတွင် ပိုက်ဆံ အချမ်းသာဆုံးဖြစ်သည်။ အိမ်တွင် ဆေးလိပ်ခုံထောင်ထားသည်။ သို့ သော်လည်း ဆေးလိပ်ခုံမှာ ဟန်ပြလောက်သာဖြစ်သည်။ အခြားစီး ပွားရေးလုပ်ငန်းတစ်ခုရှိသေးသည်ဟု ပြောကြသည်။ ထိုစီးပွားရေး လုပ်ငန်းမှာ အလောင်းအစားဖြစ်သည်။

ကျွန်တော်၏ ဘိုးလေးဦးရွှေလူသည် ဖဲကစားသည်ဟုပြောကြ သည်။ သို့သော်လည်း ကျွန်တော်တို့ ကိုယ်တိုင်ကိုယ်ကျ တစ်ခါမှ မတွေ့ဘူးပေ။ ဦးရွှေလူသည် ယောင်ထုံးကြီးနှင့် ဖြူဖြူဖိုင့်ဖိုင့်ကြီး ဖြစ်သည်။ ဦးရွှေလူ မြင်းကြီးစီးပြီး ထွက်သွားပြီဆိုလျှင် တချို့က ဖဲ သွားကစားသည်ဟု ပြောကြသည်။ သို့သော် မည်သူမျှအတတ်မပြော နိုင်ကြ။ ထင်ကြေးနှင့် ပြောကြခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဦးရွှေလူ ဖဲကစားသည်ဆိုလျှင်လည်း သူ၏ လောင်းကစားအလုပ်သည် အရှုံးရှိပုံမရပေ။ စီးပွားတက်ပြီးရင်း တက် လာသည်ကို တွေ့ရသည်။ ဦးရွှေလူသည် စေတနာသဒ္ဓါတရားလည်း အလွန်ကောင်းသည်။ ဝါတွင်းကာလများ၌ ဥပုသ်နေ့တိုင်း ဥပုသ်သည် များကို ဝက်သားနှင့် ရွှေဖရုံသီး ချက်ပြီးထမင်းကျွေးသည်။ ဥပုသ် သည်များကိုသာမက အိမ်ရှေ့ဖြတ်လျှောက်သွားသော အယုတ်အလတ်

http://www.dhammadownload.com



အမြတ်မရွေး မည်သူ့ကိုမဆို အတင်းမရမက ထမင်းခေါ်ကျွေးသည်။

ကျော်သိန်းသည် ဦးရွှေလူ၏ သားတစ်ယောက်ဖြစ်သည်။ ကျော်သိန်းသည် မိဘက တတ်နိုင်သော်လည်း အတန်းပညာကို ထွန်းပေါက်အောင် မသင်ပေ။ ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့ ရွာက မြို့တက်ပြီး အင်္ဂလိပ်ကျောင်း နေနိုင်သူမှာ သူတို့နှစ်ယောက် သုံးယောက်လောက်သာဖြစ်သည်။ ကျော်သိန်းသည် နောင်သောအခါ ပန်းချီဆရာတစ်ယောက်ဖြစ်လာသည်။ စာပေဗိမာန် စတင်တည်ထောင်စဉ်ကပင် ပန်းချီဆရာအဖြစ် ပါဝင်အမှုထမ်းခဲ့သည်။ ခေါစောပိုင်း စာပေဗိမာန်ထုတ် စာအုပ်များတွင် ပန်းချီဆရာကျော်သိန်း၏ သရုပ်ဖော်ပုံများကို တွေ့ရသည်။ ၁၉၅၉ ခုနှစ် ၊ မေလက မြန်မာနိုင်ငံ ပန်းချီသမဂ္ဂမှ ကြီးမှူး၍ ပန်းချီပြပွဲကြီးတစ်ခုကျင်းပပြုလုပ်ခဲ့သည်။ ယင်းပြပွဲကြီးတွင် ပြထားသော ပန်းချီကားများထဲမှ လက်ရွေးစင် ပန်းချီကားအချို့ကို ပုံနှိပ်ဖော်ပြထားသော စာအုပ်တစ်အုပ်ထွက်ခဲ့ဖူးသည်။ ယင်းစာအုပ်တွင် ကျော်သိန်း၏ "ပေးမျှဝေသည်"ဟူသော ရေဆေးကား တစ်ကားကို ထည့်သွင်းဖော်ပြထားသည်။ ပန်းချီဆရာကျော်သိန်းသည် ၁၉၆၁ ခုနှစ်လောက်တွင် စာပေဗိမာန်မှ ထွက်လိုက်သည်။ ထွက်ရခြင်း အကြောင်းရင်းမှာ ပန်းချီအနုပညာရှင်တို့၏ ဂုဏ်သိက္ခာနှင့် စပ်လျဉ်း၍ ထိုအချိန်က စာပေဗိမာန် အာဏာပိုင်များနှင့်

http://www.dhammadownload.com



တိုက်ပွဲဝင်ရာတွင် အရေးနိမ့်သွားသောကြောင့် အလုပ်ကထွက်လိုက်ခြင်းဖြစ်သည်။

ထိုအချိန်က စာပေဗိမာန်သည် စာပေဗိမာန် ဝန်ထမ်းပန်းချီ အနုပညာရှင်များကို စာပေဗိမာန် စာတည်းများနှင့် တစ်တန်း တစ်စားတည်း မထားပေ။ စာတည်းများကို ၁၀ နာရီလောက်တွင် ရုံးတက်ခွင့်ပေးထားသော်လည်း ပန်းချီအနုပညာရှင်များကမူ အခြား ရိုးရိုးဝန်ထမ်းများနည်းတူ ၉ နာရီခွဲတွင် ရုံးတက်ရသည်။ ဤတွင် ကျော်သိန်းက စာပေဗိမာန် ပန်းချီ အနုပညာရှင်များကိုလည်း စာတည်း များ နည်းတူ အခွင့်အရေးပေးရန် တောင်းဆိုသည်။ ယင်းတိုက်ပွဲ၌ အရေးနိမ့်သွားသောအခါ စာပေဗိမာန်မှ ထွက်လိုက်လေသည်။ အလုပ်ထွက်ပြီးနောက် သုံးလေးနှစ်အကြာတွင် ကွယ်လွန်သွားသည်။ သူ ကွယ်လွန်သွားချိန်၌ "ပန်းချီ ကျော်သိန်း" ခေါင်းစဉ်ဖြင့် ရှုမဝ မဂ္ဂဇင်းတွင် ကျွန်တော်ဆောင်းပါးတစ်ပုဒ်ရေးဖူးသည်။

ကျွန်တော်တို့ရွာတွင် လက်ပတ်နာရီပတ်နိုင်သူမှာ တင့်မောင်တို့လိုကျော်သိန်းတို့လို လူရည်တတ်သားသမီးများသာလျှင် ဖြစ် ကြသည်။ယင်းအခြေအနေ၌ ဟာသ်ာတအင်္ဂလိပ်ကျောင်းတွင် ကျောင်းတက်နိုင်ဖို့ဝေးစွ။မိမိရွာကမူလတန်းကျောင်း၌ပင်ခုမောက်စုတ် ဆောင်းပြီးကျောင်းတက်ရသော ကျွန်တော်သည်အသစ်စက်စက် ရွှေရောင်

http://www.dhammadownload.com



လက်ပတ်နာရီ ပတ်လိုက်ရသောအခါ မိုးမမြင်လေမမြင်ဖြစ်သွားသည်။

သားအဖ နှစ်ယောက် ဟသ်ာတမှ ပြန်လာကြသည်။ ဟသ်ာတ အသွားတွင် ဟသ်ာတရောက်လိုဇော ပြင်းပြနေသကဲ့သို့ပင် ရွာအပြန်တွင်လည်း ရွာပြန်ရောက်လိုဇော ပြင်းပြနေသည်။ ရွာရောက်လျှင် မိမိအဖော်များအား လက်ပတ်နာရီ ပြပြီးကြွားရတော့မည်။ အပြန်ခရီးတွင် တစ်လမ်းလုံးကျွန်တော် သူခိုးရှေ့ရ တပြပြဖြစ်နေသည်။ လက်ပတ်နာရီ ပတ်ထားသော ဘယ်ဘက်လက်ကိုသာ အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ သို့သော်လည်း ချောင်းထဲက တက်လာပြီး အိမ်ပေါ်ရောက်ကာ ရှိသေး၊ အဖေက ကျွန်တော်၏လက်ထဲတွင် ပတ်ထားသော လက်ပတ်နာရီကို ချွတ်သည်။

"ဒါမင်းဖို့ မဟုတ်ဘူး"

နတ်ပြည်ရောက်ခါနီးမှ အောက်ပြန်ဆွဲအချခံရသည်။ ပါးစပ်တွင် တေ့ထားသည့် ထမင်းလုတ် ပုတ်အချခံရသည်။

"ကျွန်တော်ဖို့ မဟုတ်လို့ ဘယ်သူ့ဖို့လဲ"

"ဦးရွှေလူက သူ့သား လှိုင်အတွက် ဝယ်ခဲ့ပါဆိုပြီး ငွေပေး လိုက်လို့ ဝယ်လာခဲ့တာ"

သူ့သားတစ်ယောက်အတွက် ဦးရွှေလူ မှာလိုက်သည့် လက်ပတ်နာရီကို အဖေက ကျွန်တော့်လက်တွင် ခေတ္တ အပတ်ခိုင်းထား

http://www.dhammadownload.com



ကြောင်း ကျွန်တော်နားလည်သွားသည်။ တစ်ပတ်သာ နန်းစံလိုက်ရသော ဖောင်ကားစားလို ဖတ်တင်ငုံ့ဖြစ်သွားသည်။ ကျွန်တော် တစ်မွန်းတည့်သာ လက်ပတ်နာရီပတ်လိုက်ရသည်။ နဂိုက အကောင်းသား တစ်မွန်းတည့် လက်ပတ်နာရီ ပတ်လိုက်ရသဖြင့် လက်ပတ်နာရီ ရောဂါထလေတော့သည်။ အဖေကို လက်ပတ်နာရီ ဝယ်ပေးဖို့ အတင်းပူဆာသည်။ ကလေးတို့မည်သည်မှာ မိဘ၏ အခြေအနေကို သိသည်မဟုတ်။ မိမိလိုချင်သည်ကိုသာသိသည်။ မိမိလိုချင်သည်ကိုသာ နားပူနားဆာသုပ်သည်။ သားသမီးများ၏ အလိုဆန္ဒကို ဖြည့်မပေးနိုင်ကြသောအခါ မိဘများ စိတ်မကောင်းဖြစ်ကြရသည်။

ကျွန်တော် လက်ပတ်နာရီ ပူဆာသောအခါ အဖေမျက်နှာ မကောင်းပေ။ အမေကမူ မတန်တာ မရာတာ ပူဆာရမည်လားဆိုပြီး ကျွန်တော့်ကိုရိုက်သည်။ လက်ပတ်နာရီကြောင့် ကျွန်တော် အရိုက်ခံရသည်။ လက်ပတ်နာရီကြောင့် ကျွန်တော် မျက်ရည်ကျရသည်။ အချိန်ကြာသွားသောအခါ ကျွန်တော်၏ လက်ပတ်နာရီ ရောဂါလည်း တစ်စတစ်စနှင့် ပျောက်သွားသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



# မိမိနှင့်စက်ဘီး

မြန်မာ ယောကျ်ားတစ်ရာရှိလျှင် တစ်ရာလုံး စက်ဘီးစီးတတ်ကြသည်။ အကယ်၍ မြန်မာယောကျ်ား တစ်ထောင်တစ်သောင်းတွင် စက်ဘီးမစီးတတ်သူပါလျှင် ယင်းစက်ဘီးမစီးတတ်သူ ဦးရေထဲတွင် ကျွန်တော်လည်း တစ်ယောက်အပါအဝင် ဖြစ်ပေလိမ့်မည်။ ကျွန်တော် စက်ဘီး အစီးသင်ဖူးသည်။ သို့သော်လည်း မစီးတတ်ပါ။ ငယ်စဉ်က ကျွန်တော်သည် စာသင်ကျောင်း အတန်းများတွင်စာညံ့သော ကျောင်းသားတစ်ယောက် မဟုတ်ခဲ့ပေ။ သို့သော်လည်း စက်ဘီး အစီးသင်သော အခါ နောက်ကောက်ကျခဲ့သည်။

မူလတန်းကျောင်းသားဘဝ ငယ်ရွယ်စဉ်က ကျွန်တော်စက်ဘီး အစီးသင်ဖူးသည်။ ကျွန်တော်တို့ရွာတွင် လူရည်တတ်နစ်အိမ်သုံးအိမ် လောက်၌သာ စက်ဘီးထားနိုင်ကြသည်။ ကျွန်တော်၏ ဘကြီးဦးဘိုးသိ အိမ်တွင် သူ့သား ကျွန်တော်၏ အစ်ကိုဝမ်းကွဲ တင့်မောင်စီးသော စက်ဘီးတစ်စီးရှိသည်။

ကျွန်တော်၏ ဘိုးလေး ဦးရွှေလူအိမ်၌လည်း သူ့သားများစီးသော စက်ဘီးတစ်စီးရှိသည်။ တင့်မောင်၏ စက်ဘီးမှာ စက်ဘီး အကြီးစားဖြစ်၍။ကျွန်တော်၏ကလေးခြေထောက်ဖြင့် စီး၍မရပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဦးရွှေလူ၏ သားများစီးသော စက်ဘီးမှာမူ အငယ်စားဖြစ်၍ကျွန်တော်၏ ခြေထောက်သည် စက်ဘီးခြေနင်းအထိရောက်သည်။ ထို့ကြောင့် အကယ်၍စက်ဘီးစီးတတ်မည်ဆိုပါက ထိုစက်ဘီးကို ကျွန်တော်စီး၍ရသည်။

တစ်နေ့တွင် ဦးရွှေလူ၏သား ကျွန်တော့်ဦးလေး ကျော်သိန်းသည် သူတို့စီးသော စက်ဘီးငယ်ဖြင့် ကျွန်တော့်ကို စက်ဘီးစီးသင်ပေးသည်။ကျော်သိန်းသည် နောက်ပိုင်းတွင် ပန်းချီဆရာတစ်ဦးဖြစ်လာသည်။ ကျွန်တော်တို့ရွာမှ ထွက်သည့် တစ်ဦးတည်းသော ပန်းချီအနုပညာရှင်ဖြစ်သည်။ ဦးဆန်းထွန်း(မန်းတက္ကသိုလ်)နှင့် သက်တူရွယ်တူလည်းဖြစ်သည်။ ငယ်သူငယ်ချင်းလည်းဖြစ်သည်။

ကျော်သိန်းတို့၏ တိုက်ခံအိမ်မှာ ကျွန်တော်တို့ရွာ၌ တစ်ဆောင်တည်းသော တိုက်အိမ်ဖြစ်သည်။ ထိုအိမ်ရှေ့အုတ်လမ်းကလေးမှ ရွာအပြင်ဘက် ထွက်သွားလျှင် ရွာနှင့်လယ်ကွင်းအကြားရှိ ရွာစပ် ၌ ဝတ်ကျောင်းတစ်ကျောင်းရှိသည်။ထိုဝတ်ကျောင်းကို ဆောက်သူမှာ ဦးရွှေလူဖြစ်၍ ဝတ်ကျောင်း၏အမည်မှာ ကိုရွှေလူ ဝတ်ကျောင်းဟု တွင်နေသည်။

ကျွန်တော်တို့ရွာကို အပိုင်းသုံးပိုင်း ခွဲထားသည့် ဆိုသည့် အကြောင်း ရေးဖူးပြီ။ ချောင်းရိုးပေါ် ၌ တောင်နှင့်မြောက် တန်း၍

http://www.dhammadownload.com



တည်ရှိနေသော ရွာတန်းရှည်ကြီး၏ မြောက်ပိုင်းကို နောင်ပိုင်းဟု ခေါ်သည်။ အလယ်ပိုင်းကို ရွာလယ်ပိုင်းဟုခေါ်ပြီးတောင်ပိုင်းကို ရွာထဲ ပိုင်း သို့မဟုတ် ကျောင်းပိုင်းဟုခေါ်သည်။ ဘုန်းကြီးကျောင်းနှင့် ဘုန်း ကြီးကျောင်းဝင်းထဲက ကိုအဲတန်ဆောင်းအပြင် ရွာထဲတွင် ရွာသူရွာ သားများ ဘုရားသွားကျောင်းတက်လုပ်ကြသည့် ဝတ်ကျောင်းနှစ်ကျောင်း ရှိသည်။ ဘုန်းကြီးကျောင်းသို့မူ ဥပုသ် သီတင်း သီလဆောက်တည် လိုသောအခါကျမှ သွားကြသည်။ ကျန်အချိန်များ၌ကား နောင်ပိုင်းမှ ရွာသူရွာသားများသည် နောင်းပိုင်းတွင်ရှိသော ဝတ်ကျောင်းတွင် ဝတ် တက်ကြပြီး ရွာလယ်ပိုင်းမှ ရွာသူရွာသားများသည် ကိုရွှေလှုဝတ်ကျောင်း တွင် ဝတ်တက်ကြသည်။

ဒုတိယကမ္ဘာစစ်ပြီးသောအခါ ဝတ်ကျောင်းနှစ်ကျောင်းလုံး မရှိတော့ပေ။ ကျွန်တော်တို့ရွာသည် ကျောင်းကန်ဘုရားနှင့် နီးစပ်သော ရွာဖြစ်၍ စစ်မဖြစ်မီက အနီးအနားတစ်ဝိုက်၌ ကောင်းရောင်း ကောင်း ဝယ်နှင့် အသက်မွေးသော ဒုစရိုက်မှု ကင်းရှင်းသည့် စံပြရွာတစ်ရွာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားသောအခါ ရွာထဲရှိဝတ်ကျောင်း များ ပြိုကျ ပျက်စီးသွားပြီး အစားပြန်မထိုးနိုင်တော့သဖြင့် ရွာသူရွာ သားများသည် ဘုရားကျောင်းကန်နှင့် အနေဝေးသွားကြသည်။ အပြင်

http://www.dhammadownload.com



အပနှင့် ကူးလူးဆက်ဆံမှု များပြားလာသည့်အတွက်ကြောင့်လည်း ရိုးသားအပြစ်ကင်းစင်သော ကျေးရွာ၏ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်ထဲ မြို့ပြ၏ လက်တစ်လုံးကြား ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်လာကြသည်။ ရွာသူရွာသား အများစု၏ စီးပွားရေးလည်း ယိမ်းယိုင်ကျဆင်းလာသည်။ ကမ္ဘာစစ်၏နောက်ဆက်တွဲအဖြစ် တောက်လောင်လာသော လူမှုရေးပဋိပက္ခမီးလျှံကြီးကလည်း တစ်ရွာလုံးကို ပြာ အတိဖြစ်စေခဲ့သည်။

ထို့ကြောင့် ယခင်က စံပြရွာဟူသော ဂုဏ်သိက္ခာသည် ဖောက်ထိုး မိုးမျှော်ဖြစ်သွားသည်။ ဗူးတောင်းနှစ်၍ ဖောင်းချမ်းပေါ်လာသည်။ ယခင်က ကောင်းရောင်းကောင်းဝယ် လုပ်ကြသူများ ခပ်လျှိုလျှိုနေကြရပြီး မှောင်ခိုလုပ်ငန်းဖြင့် စီးပွားဖြော့လာကြသော ခေတ်ပျက်သူဌေးများ လက်မထောင်လာကြသည်။ ယခင်ကလည်း ဒုစရိုက်အလုပ်လုပ်ကြသူများ မရှိမဟုတ်၊ ရှိတန်သလောက်ရှိသည်။ သို့သော်လည်း ယခင်က ဒုစရိုက်အလုပ် လုပ်သည်ဆိုစေကာမူ ပုန်းလျှိုးကွယ်လျှိုးသာလုပ်ကြသည်။ လူမြင်သူမြင် မလုပ်ရဲကြ။

ချောင်းကမ်းဘေး၌ တည်ရှိသော ရွာဖြစ်စေကာမူ ရွာတွင် တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူများ မရှိသလောက်ဖြစ် သည်။ မဆိုစလောက် ရှိသူများကလည်း လူမြင်မခံဘဲ ပုန်းလျှိုးကွယ်လျှိုး

http://www.dhammadownload.com



လုပ်ကြသည်။

နောက်ပိုင်း၌မူ ဒုစရိုက်အလုပ်များကို ပြောင်ပြောင်တင်းတင်း လုပ်လာကြသည်။ ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော်တို့ရွာတွင် အရက်သေစာ သောက်စား မူးယစ်သည်ဟု မကြားဘူးခဲ့ပေ။ သို့သော်လည်း ယခုအရက်သေစာ သောက်စားမူးယစ်သူများ ပေါ်များလာသည်။ ယခင်က ရှုံးပြင်ကနားရောက်သည့် အမှုမျိုးဖြစ်သည်ဟု မကြားဖူးသော်လည်း နောက်ပိုင်း၌မူ လူသတ်မှုပင် ဖြစ်ပေါ်လာသည်။

ယင်းသို့ ရပ်ရွာ အခြေအနေပျက်ပြီး လူ့ကျင့်ဝတ် လူ့သိက္ခာ ကမောက်ကမ ဖြစ်သွားရခြင်းမှာ စစ်၏အမွေဆိုးကြောင့်လည်း ဖြစ်သည်။ ထို့ပြင် ရိုးစင်းသောကျေးရွာ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထဲတွင် မြို့ပြ၏စဉ်းလဲသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကျူးကျော်ဝင်ရောက်လာခြင်းကြောင့်လည်းဖြစ်သည်။ ကြီးမားသော နောက်အကြောင်း တစ်ရပ်မှာ ကျောင်းကန်ဘုရားနှင့် အလှမ်းဝေးသွားခြင်းဖြစ်သည်။ ယခင်က ဘုရားတန်ဆောင်းနှင့် ဝေါ်ကျောင်းများတွင် ဘုရားဝတ်တက်သံနှင့် ကြေးစည်သံ လွှမ်းနေသော်လည်း ယခုအခါ၌မူ ဝတ်ကျောင်းနေရာများသည် မြေနေရာကွက်လပ်မျှသာ ဖြစ်နေတော့သည်။ယခင်က ကျေးရွာယဉ်ကျေးမှု၏ အမှတ်လက္ခဏာ ဖြစ်ခဲ့သော ဘုရားဝတ်တက်သံနှင့် ကြေးစည်သံများလည်း ယခုဆိတ်သုဉ်းသွားလေပြီ။ ယခင်က

http://www.dhammadownload.com



ဥပုသ်ဇရပ်များ၌ လူစည်ကားနေသော်လည်း ယခုအခါ၌ကား ဥပုသ်ဇရပ်များလည်း မရှိတော့ပေ။ ဥပုသ်သည့် ဟူ၍လည်း သချိုင်းခြေတစ်ဘက် လှမ်းနေသူများလောက်သာရှိတော့သည်။

ကျွန်တော် စက်ဘီးစီးသင်သည့်မှာ ကျေးရွာယဉ်ကျေးမှု၏ပြယုဂ်တစ်ခုသဖွယ် ဖြစ်ခဲ့သော ကိုရွှေလူ ဝတ်ကျောင်းနှင့် ရွာအကြားရှိကွက်လပ်မြက်ခင်းပြင်တွင်ဖြစ်သည်။ မြက်ခင်းပြင်၏ အစပ်တွင် ဝါးရုံရှိသည်။ ဝါးရုံတောတွင် ထူထပ်စွာပေါက်နေသော ဝါးပိုးပင်ကြီးများကကျွန်တော်တို့စက်ဘီးသင်တန်းကွင်းနှင့် ရွာကိုခြားထားသဖြင့် ရွာထဲကလူများ ကျွန်တော်တို့၏ စက်ဘီးသင်တန်းကို လှမ်းမမြင်ရပေ။

မြက်ခင်းပြင်တွင် သင်တန်းဆရာနှင့် သင်တန်းသားတစ်ယောက်သာရှိသည်။ သင်တန်းဆရာက စက်ဘီးနင်းနည်းသင်ပေးပြီးလျှင် စက်ဘီးပေါ်တွင် ကျွန်တော့်ကို တင်ပြီးစက်ဘီးကို တွန်းလွှတ်လိုက်သည်။ သင်တန်းဆရာ ပြောသည့်အတိုင်းကျွန်တော်စက်ဘီးနင်းသွားသည်။ သို့သော်လည်း သုံးလေးလံလောက်ရောက်သွားသည့်နှင့် စက်ဘီးလဲကျသွားသည်။ စက်ဘီးပေါ်ပါသွားသော ကျွန်တော်လည်းလွင့်ကျသွားသည်။ ဖုတ်ဖက်ခါပြီး နောက်တစ်ကြိမ် စီးပြန်သည်။ ဒုတိယအကြိမ်တွင်လည်း ပထမအကြိမ်ကဲ့သို့ ပင်သုံးလေးလံလောက်အရောက်တွင် စက်ဘီးက စက်ဘီးစီးသူကိုခါချပစ်လိုက်ပြန်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



အားမလျှော့သေးဘဲ တတိယအကြိမ် ကြိုးစားကြည့်ပြန်သည်။ တတိယအကြိမ်တွင်လည်း အကြောင်းထူးမလာပေ။ ထိုနေ့အဖို့ သင်တန်းရပ်နားလိုက်ရတော့သည်။ ဒုတိယနေ့ သင်တန်းပြန်စသည်။ ဒုတိယနေ့တွင်လည်း ပထမနေ့ကအတိုင်းပင် တိုးတက်မှုရှိမလာ သေးပေ။ တတိယနေ့တွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်နေသည်။ သင်တန်းဆရာစိတ်ပျက်သွားသည်။ ကျွန်တော်လည်း စိတ်ဓာတ်ကျ သွားသည်။ သုံးရက်ဆက်တိုက် စက်ဘီးပေါ်က ကျသဖြင့် ကိုယ်ခန္ဓာ တစ်ခုလုံးကိုင်ရိုက်ထားသလိုဖြစ်နေသည်။ ကိုယ်လက်အင်္ဂါ တစ်ခုခု မကျိုးမပဲ့ရုံတစ်မည်သာရှိသည်။ သင်တန်းဆရာ၏ "မင်း စက်ဘီး စီးတင်မှာမဟုတ်ဘူး"ဟူသော မှတ်ချက်ဖြင့် ကျွန်တော်တို့၏ စက်ဘီး သင်တန်းကို နိဂုံးချုပ်သည်။ ကိုယ်ခန္ဓာဟာစ်ခုနံ့ ထောင်းထုထား သလို ခံစားနေရသော်လည်း စက်ဘီးစီးကား တတ်မလာပေ။ ထိုအချိန် မှ နောက်ပိုင်းတွင်လည်း မည်သည့်အခါမှ စက်ဘီးစီးသင်ခွင့်မရရှိတော့ ပေ။

နောက်ပိုင်းတွင် စက်ဘီးမစီးတတ်သဖြင့် အဆင်မပြေမှုများ စွာ ပေါ်ပေါက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်လောက်က ပုဂံသို့ ပထမ အကြိမ် ရောက်ရှိသွားသည်။ ထိုအချိန်က ပုဂံသည်ယခုလောက် စည်စည်ကားကားမရှိသေး။ လေ့လာသူများ ဧည့်သည်များ အရောက်

ထက်ခေါ်စာမျက်နှာ

http://www.dhammadownload.com



အပေါက်နည်းသေးသည်။ ပုဂံတွင် မိမိတည်းခိုသော အိမ်မှအိမ်ရှင်က စက်ဘီးနှစ်စီးယူလာသည်။ စက်ဘီးကိုယ်စီ စီးပြီးပုဂံဘုရားများကို လျှောက်ဖူးကြမည် ဟူသောရည်ရွယ်ချက်ဖြင့် စက်ဘီးနှစ်စီး ယူလာခြင်းဖြစ်သည်။ ပုဂံ၌ နိုင်ငံခြားသားများပင် ဘုရားကြိုဘုရားကြား စက်ဘီးနှင့်သွားလေ့ရှိကြသည်။ စက်ဘီးကို အသုံးမပြုဘဲနှင့် ဘုရားကြိုဘုရားကြားသွား၍ မလွယ်ပေ။ ပုဂံ သုတေသနပညာရှင် ပါမောက္ခလုစ်သည်ပင် စက်ဘီးတစ်စီးနှင့် တစ်နေကုန်တစ်နေခန်း ဘုရားကြိုဘုရားကြားထဲတွင် အချိန်ကုန်လွန်ခဲ့သည်ဟုကြားဖူးသည်။

ကျွန်တော် စက်ဘီးမစီးတတ်မှန်း သိသွားသောအခါ အိမ်ရှင်ခမျာစိတ်ပျက်သွားသည်။ စက်ဘီးအစား မြင်းလှည်းငှားရသည်။ မြင်းလှည်းနှင့်သွားသောအခါ ဘုရားအနှံ့မရောက်ရတော့ပေ။ ဘုရားကြိုဘုရားကြားသွားပြီး အသေးစိတ်လေ့လာခွင့် လက်လွှတ်လိုက်ရသည်။ ယင်းကဲ့သို့ စက်ဘီးမစီးတတ်သဖြင့် ဆုံးရှုံးသွားရသော အခွင့်အရေးပေါင်းမှာ မနည်းတော့ပေ။

စက်ဘီးမစီးတတ်သော်လည်း ကျွန်တော် စက်ဘီးအတိုက်ခံရဖူးသည်။

မြန်မာလူမျိုးများသည် တစ်ခါတစ်ခါ ရောဂါထတတ်ကြသည်။ ၁၉၇၉ ခုနှစ်လောက်က ရန်ကုန်မြို့၌ လူငယ်လူရွယ်မိန်းကလေးများ

ထက်ဝေယံစာပေ

http://www.dhammadownload.com



သည့် စက်ဘီးရောဂါထလိုက်ကြသည်။ ထိုအချိန်က တရုတ်ပြည်ဖြစ် စက်ဘီးအနီ၊ အပြာကလေးများ နယ်စပ်က အရမ်းဖြတ်ကျော်ဝင်ရောက်လာချိန်ဖြစ်သည်။ ငွေကြေး တတ်နိုင်ကြသည့် လူငယ်လူရွယ် မိန်းကလေး ယောက်ျားကလေးတိုင်းလိုလိုပင် စက်ဘီးကိုယ်စီရှိကြသည်။ အထူးသဖြင့် စက်ဘီးစီးကွင်းစီးကွက်ကောင်းသော ကန်တော်ကြီး တစ်ဝိုက်၌ တရုတ်စက်ဘီး အနီအပြာကလေးများ ရှုပ်ယှက်ခတ်နေသည်။

စက်ဘီးစီးသူများသည် တစ်ဦးက တစ်ဦးကို ကျော်တက်သည်။ တချို့က ဆပ်ကပ်ထဲ ဝင်ရန်လေ့ကျင့်နေကြသလားမသိ။စက်ဘီးကို အနေးစီးသည်။ အမြန်စီးသည်။ လက်လွှတ်စီးသည်။ မတ်တပ်ရပ်စီးသည်။ တချို့က ရုပ်ရှင်ထဲက ဇာတ်လိုက်ကို အားကျနေသလား မသိ။ စက်ဘီးရှေ့ဘီးကို ထောင်ပြီး နောက်ဘီးတစ်ဘီးတည်းနှင့် စီးသည်။ ထိုမျှစက်ဘီးတွေ ရှုပ်ယှက်ခတ်နေသည့်ကြားထဲတွင် စက်ဘီးစီး သင်ယူနေသူများကလည်း မရှားပေ။ တစ်ချို့စက်ဘီးစီးသူများကမူ စည်းကမ်းဖောက်ကြသည်။ နံနက်စောစော ကျန်းမာရေးအတွက် နေ့စဉ် လမ်းမှန်မှန်လျှောက်နေသူများ ကသိကအောက်ဖြစ်ကြရသည်။ စက်ဘီးကို ကြည့်ရှောင်နေရသဖြင့် လွတ်လွတ်လပ်လပ် လမ်းလျှောက်၍ မရတော့။ စက်ဘီးကို ကြည့်ရှောင်နေရသည့်ကြားထဲက မတ်တပ်ရပ်

http://www.dhammadownload.com



စီးသူများ ဝင်တိုက်သွားသည်လည်း ရှိသည်။ နံနက်စောစော ကန်တော်ကြီးတစ်ဝိုက်သည် စက်ဘီးမြို့တော် ဖြစ်နေသည်။

ယင်းသို့ စက်ဘီးရောဂါ ထနေကြသည့် အချိန်ကာလ၏ တစ်ခုသော နံနက်ခင်း။

ထုံးစံအတိုင်း ကျွန်တော် နံနက်စောစော ကန်တော်ကြီးပတ်ပြီး လမ်းလျှောက်ထွက်လာသည်။ ကန်တော်ကြီး မြောက်ဘက် အထက ကျောင်း၏ လမ်းတစ်ဝက်ရှိ ဝင်ပေါက်မှ ဝင်ပြီး ကရဝိတ်ရေဘက် က လမ်းအတိုင်းကျွန်တော် လမ်းလျှောက်လာသည်။ ထိုအချိန်က ကန်တော်ကြီးအတွင်းဘက် အခကြေးငွေ မပေးရဘဲ တံခါးမရှိစားမရှိ ဝင်၍ရသည်။ ယခုအချိန်၌မူ အခကြေးငွေပေးမှ ဝင်ခွင့်ရသဖြင့် အတွင်းမဝင်တော့ဘဲ အပြင်ပတ်လမ်းမှပင် ပတ်၍လျှောက်သည်။

ကရဝိတ်ရေ့က လမ်းတွင် လမ်းလျှောက်နေစဉ် စက်ဘီးမစီးတတ် စီးတတ်စီးလာသော မိန်းကလေးတစ်ယောက်သည် ကျွန်တော့်ကိုဝင်တိုက်သည်။ ကျွန်တော့်ကို ဝင်တိုက်ပြီး သူ့စက်ဘီးလည်း လဲကျသွားသည်။ ကျွန်တော် ကိုင်ဆောင်လာသော တုတ်ကောက်လွင့်စင်သွားသည်။ ဒဏ်ရာ အနာတရ ပြင်းပြင်းထန်ထန်ဖြစ်မသွားသဖြင့် တော်သေးသည်။ ကျွန်တော့်ထက် ကျွန်တော့်ကို တိုက်သော မိန်းကလေးက ပိုနာသွားပုံရသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျွန်တော်သည် စက်ဘီးမှုသာမက ကားအတိုက်ခံရဖူးသည်။ မော်တော်ဆိုင်ကယ်အတိုက်ခံရဖူးသည်။ လန်ချားအတိုက်ခံရဖူးသည်။ ကားတိုက်ခံရသည်မှာ သိမ်ဖြူဈေး မီးပွိုင့်၌ ဖြစ်သည်။ လမ်းဖြတ်ကူးစဉ် ဘက်ဆုတ်သော ကားကဝင်တိုက်ခြင်းဖြစ်သည်။ အရှိန်နှင့်မဟုတ်သဖြင့် ဒဏ်ရာပြင်းပြင်းထန်ထန် မရပေ။

မော်တော်ဆိုင်ကယ်အတိုက်ခံရသည်မှာမူ ကျွန်တော်တို့ အိမ်ရှေ့ရှိ ငါးထပ်ကြီးဘုရားလမ်းတွင် ဖြစ်သည်။ တစ်နေ့ ကျွန်တော်ဝင်္ကပါလမ်းက ဖြတ်ပြီး ငါးထပ်ကြီးဘုရားလမ်းထဲ ချိုးအဝင် ရှေ့တူရူမှ လာသောမော်တော်ဆိုင်ကယ်တစ်စီးကို လှမ်းမြင်ရသည်။ ဖြောင့်ဖြောင့်တန်းတန်းမသွားဘဲ ကွေ့ကွေ့ကောက်ကောက် သွားနေသော မော်တော်ဆိုင်ကယ်ကို မြင်ရရုံမျှဖြင့် မော်တော်ဆိုင်ကယ်စီးသူသည် မတတ်တတတ် စီးနေသည်ဟုရိပ်မိလိုက်သည်။ ထို့ကြောင့် ကျွန်တော်အလျင်အမြန် လမ်းဘေးရောက်နိုင်သမျှရောက်အောင် တိမ်းရှောင်လိုက်သည်။ မော်တော်ဆိုင်ကယ်ဆရာသည် ဘယ်လောက်အစီးတော်သနည်းဆိုလျှင် ကျွန်တော်တိမ်းရှောင်ရာ လမ်းဘေးအစပ်သို့ လိုက်၍ကျွန်တော့်ကို တိုက်သည်။ ကျွန်တော်လဲကျသွားသည်။ မော်တော်ဆိုင်ကယ် လဲကျသွားသည်ဖြစ်၍ မော်တော်ဆိုင်ကယ်ဆရာလည်း မော်တော်ဆိုင်ကယ်ပေါ်က လိမ့်ကျသွားသည်။ အတိုက်ခံရသူနှင့် တိုက်သူ

http://www.dhammadownload.com



နှစ်ဦးစလုံးပင်ပြောလောက် ဆိုလောက် ဒဏ်ရာမရရှိသဖြင့် ကံကောင်းသွားသည်။

မော်တော်ဆိုင်ကယ်ဆရာသည် မော်တော်ဆိုင်ကယ်ပေါ်က လိမ့်ကျသဖြင့် ဒဏ်ရာရမသွားသော်လည်း အခြားဒဏ်ရာတစ်ခုကိုမူ ရရှိသွားသည်။ ထိုအချိန်က ဗိုလ်မှူးအောင်အတွက် အစောင့်ချထားသော စစ်သားသည် လမ်းပေါ်၌ တာဝန်နှင့်ရှိနေသည်။ ထိုစစ်သားက လှမ်းဟောက်လိုက်သဖြင့် မော်တော်ဆိုင်ကယ်ဆရာသည် ကမန်းကတန်း မော်တော်ဆိုင်ကယ်စက်နှိုးပြီး ထွက်ပြေးသွားသည်။ ကျွန်တော့်ကိုပင် တောင်းပန်စကား ပြောမသွားအားတော့ပေ။

မော်တော်ဆိုင်ကယ်သည် ထိုအကြိမ်၌ သာမကနောက်ပိုင်းတွင်လည်း ကျွန်တော့်ကို ဒုက္ခပေးသည်။ ၁၉၈၆ ခုနှစ်လောက်က မန္တလေးတွင် မန္တလေးတောင်ခြေမှ မန္တလေးမြို့တွင်းရှိ တည်းခိုခန်းသို့ အသွား ဆရာဝန် စာရေးဆရာကျော်စွာထက်၏ မော်တော်ဆိုင်ကယ် နောက်ခုံပေါ်မှ လိုက်သွားသည်။ တည်းခိုခန်းအရောက် ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည့်တွင် အိပ်ဇောပိုက်နှင့် ထိသွားသည်လား မပြောတတ်။ မိမိ၏ ခြေသလုံး လောင်ကျွမ်းသွားသည်ဖြစ်၍ သေရာပါသည့် မီးလောင်ဒဏ်ရာရသွားသည်။

ထိုနှစ်ထဲတွင် မိမိတို့၏ အိန္ဒိယခရီး၌ မော်တော်ဆိုင်ကယ်

http://www.dhammadownload.com



ဇာတ်လမ်းနှင့် ထပ်မံ၍ တိုးရပြန်သည်။ ဆန်ချီသို့ ဘူပါလ်မြို့မှ တစ်ဆင့်သွားရသည်ဖြစ်၍ ဆန်ချီစေတီတော်သို့ သွားရန် ရထားစီး လာခဲ့ကြရာ နံနက် ဝေလီဝေလင်းတွင် ဘူပါလ်ဘူတာရုံ ရောက်လာ ကြသည်။ ဘူတာရုံတွင် ဂုရုကြီးဂိုအင်ကာ၏ တပည့်ယောဂီမိတ်ဆွေ များ လာရောက်ကြိုနေကြသည်။ ကြိုသူများထဲတွင် မစ္စက်အရှိုက ကေလာအမည်ရှိ အမျိုးသမီးတစ်ဦးပါလာသည်။ ယောဂီတစ်ဦးဖြစ် သော်လည်း သူ၏ပုံပန်းသဏ္ဍာန်မှာ အိန္ဒိယရုပ်ရှင်မင်းသမီးတစ်ဦး လေလားဟု ထင်မှတ်မှားရလောက်အောင် လှပကြော့ရှင်းနေသည်။ သွက်လက်ဖျတ်လတ်သော အမူအရာလည်းရှိသည်။ ပီအိပ်ချ်ဒီဘွဲ့ ရလည်းဖြစ်သည်။ မစ္စက်ကေလာက သူ့အိမ်တွင် တစ်နေ့တာတည်း ခိုရန် မိမိတို့ကိုခေါ်သွားသည်။

ဘူတာမှ မစ္စက်ကေလာတို့၏ အိမ်သို့သွားရန် ပရိုက်ဗိတ်ကား နှစ်စီး အဆင်သင့်စောင့်နေသည်။ မိမိတို့အဖွဲ့ဝင် ခရီးသည်များ ကားပေါ် အလျှိုလျှိုတက်သွားကြသည်။ ကားနှစ်စီးလုံး လူအပြည့်ဖြစ်သွားသည်။ မိမိနှင့် ဦးကြည်ညွှန့်(ပြည်ထဲရေး ဒုဝန်ကြီးဟောင်း)ကျန်နေသည်။ မိမိတို့အဖွဲ့ဝင် မိမိနှင့်ဦးကြည်ညွှန့်သည် လူကြီးပိုင်းထဲကဖြစ်သည်။ ကြိုဆိုသူများသည် မိမိတို့နှစ်ယောက်ကို အသက်ငယ်သေးသည်ဟူ၍ ထင်မှတ်ကြလေသလား သို့မဟုတ်ဘယ်လို အတိုင်းအတာနှင့် တိုင်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



တာလိုက်သည်မသိ၊ မိမိတို့နှစ်ဦးကို ချန်ထားခဲ့ပြီး ကျန်အဖွဲ့ဝင်အားလုံးကို ကားနှင့် တင်ခေါ်သွားကြသည်။

လာကြိုသူများထဲက လူနှစ်ဦး စီးလာသော မော်တော်ဆိုင်ကယ်နှစ်စီးကျန်နေသည်။ မော်တော်ဆိုင်ကယ်ဆိုသော်လည်း "ဟွန်ဒါ" အမျိုးအစား ပမာဏလောက်ရှိသည့် "စကူတာ" ခေါ် မော်တော်ဆိုင်ကယ်အသေးစားဖြစ်သည်။ စကူတာ၏ နောက်ဖက်ထိုင်ခုံသေးသေးပေါ်တွင် ထိုင်ပြီးလိုက်ရမည်ဆိုသဖြင့် ခေါင်းနပန်းကြီး သွားသည်။ မိမိ၏ခြေသလုံးတွင် ရှိနေသောသေရာပါမည့် ဆိုင်ကယ်၏ ဒဏ်ရာဒဏ်ချက်ကို တစ်လှည့် ၊ မိမိ စီးနင်းလိုက်ပါ ရမည့်မော်တော်ဆိုင်ကယ်ကို တစ်လှည့်ကြည့်ပြီး စိတ်မသက်မသာဖြစ်နေမိသည်။ သို့ရာတွင် တခြားစီးစရာ မရှိတော့သဖြင့် မော်တော်ဆိုင်ကယ် နောက်ခုံပေါ် ခွထိုင်လိုက်လေသည်။ ထိုင်ခုံကသေးသေးအတ္တဘောက ကြီးကြီးဖြစ်နေ၍ အနေရအထိုင်ရ အတော်ကျပ်သွားသည်။ သို့သော်လည်း တည်းရမည့် အိမ်နှင့် ဘူတာရုံသည် ခရီးဝေးလှမည် မဟုတ်ဟူ၍ ကိုယ့်ကိုကိုယ် ဖြေသိမ့်လိုက်သည်။

မော်တော်ဆိုင်ကယ်ပေါ်တွင် အရှင်လတ်လတ် ငရဲကျနေစေကာမူ တအောင့်လောက်ကြာလျှင် ရောက်လိမ့်နိုးနိုး မျှော်ကိုးချက်နှင့်လာခဲ့ရာ တစ်မိုင် ခရီးပေါက်လာပြီဖြစ်သော်လည်း အိမ်ကို ရောက်

http://www.dhammadownload.com



မလာ။ နှစ်မိုင်ခရီး ပေါက်လာပြီဖြစ်သော်လည်း အိမ်ကိုရောက်မလာ။ လေးငါးမိုင်လောက်ရောက်မှ အိမ်ဝင်းဝရောက်လာသည်။ အိမ်ရောက်သည်အထိ စိတ်မောလူမော ဖြစ်နေရပြီ။ မော်တော်ဆိုင်ကယ် စီးရသည်မှာ သေချင်စော်နံသွားသည်။ အရေးထဲ မော်တော်ဆိုင်ကယ် ပေါ်မှ ခြေပစ်လက်ပစ်နှင့် ဆင်းပြီး ကျွန်တော်ညည်းလိုက်သည့် အသံကို ကြားရသည်ဖြစ်၍ အိမ်ဝင်းဝတွင် ရပ်နေသည့် ကုလားကြီးတစ်ယောက်က "ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ"ဟု လှမ်းမေးလိုက်သည်။ မျှော်လင့်မထားသော ကုလားကြီး၏ မေးခွန်းကို ကြားလိုက်ရသော အခါ ပိုပြီးအောင့်သွားသည်။

လန်ချား အတိုက်ခံရသည်မှာလည်း အိန္ဒိယတွင်ပင် ဖြစ်သည်။ ကလကတ္တားမြို့ လူ အလွန်စည်ကားသော ကောလိပ်စကွဲယားလမ်းမရှိ ဈေးဆိုင်များကို အဖော်တစ်စုနှင့် လျှောက်ကြည့်နေကြစဉ် လန်ချားအတိုက်ခံရခြင်းဖြစ်သည်။ လန်ချား ဟွန်းသံသည် လန်ချားကုလား၏ လက်ထဲက ခြူသံဖြစ်သည်။ တချို့လန်ချားကုလားများက လက်ထဲတွင် ကိုင်ထားသော သံပိုက်လုံးကလေးဖြင့် လန်ချားလှည်းသံကို ခေါက်ခေါက်ပြီး လမ်းမပေါ်က ခရီးသွားများကို သတိပေးကြသည်။ ယင်းသို့ တချွင်ချွင် တချွမ်ချွမ်မြည်နေသော အသံဖြင့် သတိပေးရင်း ကောလိပ်ကျောင်းသူဟု ထင်ရသော ကျောင်းသူလေးတစ်ဦးကို

http://www.dhammadownload.com



တင်ဆွဲလာသော လန်ချားသမားသည် လူအုပ်ထဲတွင် သွားနေသော ကျွန်တော့်ကိုမှ ရွေးပြီး တိုက်သွားသည်။

ရှေးယခင်က ရန်ကုန်မြို့တွင်လည်း ဂေါ်ရင်ဂျီကုလားများ ဆွဲသော လန်ချားရှိသည်။ အိန္ဒိယနိုင်ငံ၌မူ ယခုထက်တိုင်ပင် လူဆွဲသော လန်ချားရှိနေသေးသည်။ သို့သော်လည်း လူဆွဲလန်ချားကို ကလကတ္တားနှင့် မဒရပ်မြို့ နှစ်မြို့ ၌သာတွေ့ရပြီး အခြားမြို့များ၌မူ မတွေ့ရတော့ပေ။ စက်ဘီးတပ် လန်ချားများကိုသာ တွေ့ရသည်။

ကလကတ္တားရောက်သည့်အခါ ရှေးခေတ်ဟောင်း ရန်ကုန် မြို့ အလွမ်းပြေ သဘောဖြင့် လူဆွဲလန်ချားများကို စီးလေ့ရှိသည်။ ၁၉၅၆ ခုနှစ် ကလကတ္တား ရောက်သွားစဉ်က လူဆွဲလန်ချားကို စီးသွားသည့်တွင် မိမိပြောသည့်စကားကို နားမလည်လို့လား သို့မဟုတ် အခြားအကြောင်း တစ်ကြောင်းကြောင့်လား၊ ဘာကြောင့်ဟူ၍မသိရ သော အကြောင်းတစ်ကြောင်းဖြင့် လန်ချားကုလားသည် အိမ်တစ်အိမ် သို့ ကျွန်တော့်ကိုခေါ်သွားသည်။ အိမ်အောက်ရောက်သောအခါ အိမ် ပေါ်မှ "နတ်မိပျို"များ အတင်းပြေးဆင်းလာကြသည်။ ကျော့ချမှ စား ပြမှန်းသိသွားပြီ "ဟော့ ဒီနေရာ မဟုတ်ဘူး ၊ ချက်ချင်းပြန်လှည့်၊ ပြန်လှည့်" ဟု အတင်း အော်ပြောလိုက်ရသည်။ ကျွန်တော့်ကို တိုက်သော လန်ချားမှာ ယင်းမောင်မင်းကြီးသားများဆွဲသော လန်ချားမျိုး ဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာတွေ့ရသည်။ တစ်ရာထက်မကပင်တွေ့ရသည်။ ယင်းအမှုများထဲတွင် စက်ဘီးတိုက်ခံရတာလည်း ပါသည်။ ကားတိုက်ခံရတာလည်းပါသည်။ မော်တော်ဆိုင်ကယ် တိုက်ခံရတာလည်းပါသည်။ လန်ချားတိုက်ခံရတာလည်း ပါသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



# မိမိနှင့်စီးကရက်

အိန္ဒိယ စာရေးဆရာများနှင့် စာပေခေါင်းဆောင်များထဲတွင် ကျွန်တော် အလေးစားဆုံးပုဂ္ဂိုလ်နှစ်ဦးရှိသည်။ ယင်းပုဂ္ဂိုလ်နှစ်ဦးသည် ကျွန်တော်နှင့်လည်းအဆက်အသွယ်ရှိသည်။ ခင်မင်ရင်းနှီးမှုလည်း ရှိသည်။ ယင်းပုဂ္ဂိုလ်နှစ်ဦးမှာ ရာဟုလာသံကိစ္စည်းနှင့် ဘိက္ခုအာနန္ဒာ ကောသလ္လယနဖြစ်သည်။ ရာဟုလာသံကိစ္စည်းနှင့် ဘိက္ခုအာနန္ဒာ ကောသလ္လယနသည် နာမည်ကျော်အိန္ဒိယ စာရေးဆရာများဖြစ်ရုံမျှမက အိန္ဒိယနိုင်ငံ၏ ခေတ်သစ်ဗုဒ္ဓဘာသာ ခေါင်းဆောင်များလည်းဖြစ်သည်။

ဘိက္ခုအာနန္ဒာ ကောသလ္လယနသည် "တစ်ခါတုန်းကကျွန်ုပ်လည်း စီးကရက်သောက်ဖူးသည်"ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါး တစ်ပုဒ်ရေးဖူးသည်။ ဆောင်းပါးတွင်ဤသို့ ရေးသားထားသည်။

"တစ်စုံတစ်ယောက်စီးကရက် သောက်နေသည်ကို တွေ့ရသည့် အခါတိုင်း တစ်ခါတုန်းက ကျွန်ုပ်စီးကရက်သောက်ဖူးသည်ကို ပြန်လည် သတိရသည်။ ကစားဖော် ကစားဖက် ကျောင်းသားသူငယ်များ လူကြီး လူကောင်းများနှင့် ကျောင်းဆရာတချို့ စီးကရက်သောက်သည်ကို အတုယူပြီးလျှင် ကျွန်ုပ်လည်းစီးကရက်သောက်လိုသည့်ဆန္ဒဖြစ်ပေါ် လာသည်။ ထိုအချိန်က ကျွန်ုပ်မှာနဲ့ဖိုးတစ်နေ့ပိုက်ဆံ နှစ်ပြားရသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကိုယ့်အိမ်တွင် စီးကရက်သောက်၍ မဖြစ်ပေ။ တခြားနေရာ၌သာ သောက်၍ရမည်။ တခြားနေရာ၌ လူတွေဘယ်လောက်မြင်မြင် ကိစ္စမရှိ။ အိမ်ကလူတွေ မမြင်ရဖို့သာ အရေးကြီးသည်။ ကွမ်းယာဆိုင် တစ်ဆိုင်မှ စီးကရက်သုံးလိပ်ဝယ်ယူလိုက်သည်။

"ထိုနေ့က ကစားကွင်းထဲတွင် ဘောလုံးပွဲရှိသည်။ ဘောလုံးပွဲတွင် မိမိ စီးကရက်သောက်နေသည်ကို ကြည့်မည့်သူများစွာ ရှိလိမ့်မည်။ ကစားကွင်းထဲမှာ လူတွေသွားကြခြင်းမှာ ဘောလုံးပွဲကြည့်ရန်အတွက် ဖြစ်သည်။ ကျွန်ုပ်ကမူ မိမိကိုယ်ကို ပြရန်အတွက် သွားခြင်းဖြစ်သည်။ ကျွန်ုပ်စီးကရက်တစ်လိပ်မီးညှိသောက်သွားသည်။ လမ်းတွင် တစ်လိပ်ကုန်သွားသည်ဖြစ်၍ နောက်ထပ်တစ်လိပ်မီးညှိသည်။ သို့ရာတွင် ကစားကွင်းထဲတွင် လူတစ်ယောက်မျှမရှိ။ ထိုနေ့တွင် ဘောလုံးပွဲမရှိပေ။ ကျွန်ုပ်ရက်မှားပြီးသွားခြင်းဖြစ်သည်။ စီးကရက်နှစ်လိပ်ကုန်သွားပြီ။ သို့သော်လည်း ကျွန်ုပ်၏ယဉ်ကျေးမှုအသွင်ကို တစ်ယောက်မှမမြင်ရသေးပေ။ ကျွန်ုပ်လက်မလျှော့သေး။ လမ်းတွင်ရှိသော သူငယ်ချင်းတစ်ယောက်အိမ်ဝင်လျက် တတိယစီးကရက်ကို မီးညှိပြီးသောက်ပြလိုက်သည်။

"သူငယ်ချင်းအိမ်က ပြန်ထွက်လာသောအခါ စီးကရက်သုံးလိပ်သောက်ပြီးသွားပြီ။ စီးကရက် သောက်ရခြင်း၏ ရည်ရွယ်ချက်လည်း

http://www.dhammadownload.com



အထိုက်အလျောက် အောင်မြင်သွားပြီ။ သို့သော်လည်း စီးကရက်က တန်ခိုးပြစ ပြုလာသည်။ ခေါင်းကိုက်လာသည်။ တဖြည်းဖြည်းခေါင်းကိုက်ဝေဒနာပြင်းထန်လာသည်။ အိမ်ပြန်ရောက်သောအခါ ဦးခေါင်းကွဲထွက်လုမတတ်ဖြစ်လာသည်။ ပထမဆုံးအကြိမ်နှင့် နောက်ဆုံး အကြိမ် စီးကရက်သောက်ခြင်း ဖြစ်သည်။ သို့သော်လည်းတစ်ကြိမ် တည်း စီးကရက်သုံးလိပ်ဆက်တိုက်သောက်ပစ်လိုက်ခြင်းဖြစ်၍ ထိုနေ့ တစ်နေ့လုံးနှင့် တစ်ညလုံး ဝေဒနာခံစားနေရသည်။ ထမင်းလည်း မစားနိုင်တော့။ ရေလည်းမသောက်နိုင်တော့။

"ထိုနေ့က ဝေဒနာခံစားရပုံကို တွေးမိသည့်အခါတိုင်း ကျွန်ုပ် တုန်လှုပ်ချောက်ချားသွားသည်။ စီးကရက်သုံးလိပ် သောက်မိရုံမျှနှင့် အခြေအနေ ထိုမျှဆိုးဝါးသွားသည်ဆိုလျှင် တစ်နေ့စီးကရက်အလိပ် သုံးဆယ်လောက်သောက်သူများ၏ အခြေအနေ မည်သို့ရှိမည်နည်း။ စီးကရက်ချိုးကပ်နေသူတို့သည် အဆိပ်ပြီးနေကြသလားမသိပေ။ စီးကရက်သည် မည်ကဲ့သို့သော အရာဝတ္ထုဖြစ်သနည်းဟုမေးလျှင် စက္ကူနှင့်ဗာဂျီးနီးယားဆေးကို ပြုလုပ်ထားသည့် ပိုက်လေးတစ်ခုဖြစ် သည်ဟုပြော၍ရသည်။ ယင်းပိုက်၏ တစ်ဖက်စွန်း၌ မီးရှိနေပြီး အခြား တစ်ဖက်စွန်း၌ လူမိုက်ရှိနေသည်။ စီးကရက်ကိုအဘယ့်ကြောင့် သောက်သနည်း။ မူးသည့်အရသာကိုခံလို၍ သောက်ခြင်းဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဆေးခြောက်နှင့် ဘိန်းရှူသကဲ့သို့လည်းကောင်း၊ သေရည်သေရက် မှိုင်းဝသကဲ့သို့လည်းကောင်း ၊ မူးယစ်စေလို၍ဖြစ်သည်။ မူးယစ်ခြင်း၌ဘာအရသာရှိသနည်း။ အကယ်၍ အရသာရှိသည်ဆိုလျှင် ပထမအတွေ့အကြုံ၌ပင်အရသာရှိရမည်။ ကလေးသူငယ်များသည် ငရုတ်သီးကိုမည်မျှကြောက်ကြသနည်း။ ငရုတ်သီးတစ်တောင့်နှစ်တောင့် စားရုံမျှနှင့် တချို့လူကြီးများပင် မျက်ရည်ဖြိုင်ဖြိုင်စီးကျလာကြသည်။ သို့ရာတွင် အကျင့်ရသွားသောအခါ၌မူ ငရုတ်သီးစားရသည်ကို အရသာရှိသလိုလို ထင်လာကြသည်။

"နာမည်ကျော်ပုဂ္ဂိုလ်ကြီးများ စီးကရက်ဖွာနေခြင်းသည် စီးကရက်ပြန့်ပွားခြင်း၏ ကြီးမားသော အကြောင်းတစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝန်ကြီးချုပ် ပဏ္ဍစ်ဂျဝါဟာလာနေရူးသည် စီးကရက်အတော်အသင့်သောက်သည်။ သို့သော်လည်း လူမြင်ကွင်း၌ မသောက်ပေ။ ပုန်းလျှိုးကွယ်လျှိုးသာ သောက်သည်။ မော်လနာအဗုလ်ကလမ်အာဇတ်ကမူ ကွန်ဂရက်စင်မြင့်ပေါ်၌ပင် စီးကရက်မီးမွှန်အောင်သောက်သည်။ ကျောင်းသားလူငယ်များတွေ့သွားလျှင် မိမိတို့၏ ပညာရေးဝန်ကြီးထံမှ ပညာယူကောင်းယူသွားကြပေလိမ့်မည်။ လူကြီးလူကောင်းတို့၏ အကျင့်လိုက်လုပ်ခြင်းသည် လူပေါင်းများစွာတို့၏ ဖက်ရှင်သဖွယ်ဖြစ်နေသည်မဟုတ်လား။ မီးရထားစီးသောအခါဆေးလိပ်

http://www.dhammadownload.com



မသောက်သူများအတွက် အခက်ကြုံရသည်။ စီးကရက်မသောက်ရဟု တားမြစ်ပိတ်ပင်ထားသော်လည်း ယင်းပိတ်ပင်တားမြစ်ချက်သည် မီးရထားတွဲ၌ စီးရမည့်ခရီးသည်ဦးရေ ကန့်သတ်ချက်ကိုရေးထားသကဲ့ သို့ပင် ချည်းနှီးသာဖြစ်နေသည်။

"စီးကရက်တိုကို နမော်နမဲ့ ပစ်နေရာသည်နေရာ မဆင်မခြင် ပစ်သည့်အတွက် မကြာခဏဆုံးရှုံး နစ်နာမှု အကြီးအကျယ် ဖြစ်ရသည်။ သို့သော်လည်း စီးကရက်သောက်သောကြောင့် မိမိအတွက် ဆုံးရှုံးနစ်နာမှုနှင့်စာလျှင် စီးကရက်တိုကြောင့် ဖြစ်ရသည့်ဆုံးရှုံးနစ်နာမှုမှာ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေပေလိမ့်မည်။ စီးကရက်မီးညှိသူများသည် မိမိတို့က စီးကရက်ကို မီးညှိသည်ဟုထင်ကြမည်။ အမှန်က ထိုသို့မဟုတ်ပေ။ စီးကရက်ကသာ မိမိတို့ကိုမီးညှိနေခြင်း ဖြစ်သည်"

ဘိက္ခုအာနန္ဒာ ကောသလ္လယန၏ စီးကရက်ဇာတ်လမ်းကို ဖတ်ရသောအခါ ကျွန်တော်ငယ်စဉ်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် တစ်ခုကို ပြန်လည်သတိရသည်။ ငယ်စဉ်က ကျွန်တော့်တွင်လည်း စီးကရက်ဇာတ်လမ်းတစ်ပုဒ်ရှိသည်။

ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့ရွာ၌ ပွဲလမ်းသဘင် အလွန်နည်းသည်။ သီတင်းကျွတ် ဆွမ်းတော်ကြီးကပ်ပွဲ၌ ရုပ်သေး

ထက်ဝေယံတာပေ

http://www.dhammadownload.com



ကသည်မှတစ်ပါး တခြားပွဲလမ်းသဘင်မရှိသလောက် ဖြစ်သည်။ တစ်နှစ်လုံးနေမှ ပွဲလမ်းသဘင်ဟူ၍ ရုပ်သေးပွဲတစ်ပွဲလောက်သာ ရှိသည်။ ပျော်ပွဲရွှင်ပွဲဝတ်နေသော ကျွန်တော်တို့သည် တစ်နေရာသို့ လူစုနေပြီဆိုလျှင် ထိုလူစုလူဝေးရှိရာသို့ မရောက်အရောက် သွားကြသည်။ အလှူပွဲကထိန်ပွဲများသည် ကျွန်တော်တို့အတွက် ပွဲလမ်းသဘင်သဖွယ်ဖြစ်နေသည်။ကျွန်တော်တို့ရွာ၌ အလှူပွဲ၊ ကထိန်ပွဲများမှတစ်ပါးအခြားလူစည်ကားသော ဘာသာရေးပွဲတစ်ပွဲရှိသည်။ ယင်းပွဲကား တရားပွဲဖြစ်သည်။တစ်နှစ်တစ်ကြိမ်လောက်နိုင်ငံကျော် ဓမ္မကထိကများကိုပင့်၍ ရွာဦးဘုန်းကြီးကျောင်းတွင် တရားပွဲကျင်းပသည်။ ထိုအချိန်ကသာယာဝတီဦးညေယျတို့ ခေတ်စားနေသည့်အချိန် ဖြစ် သည်။ သာယာဝတီဦးညေယျတို့လိုနာမည်ကျော်တရားဟော ဓမ္မကထိကများ၏တရားပွဲများ၌ တရားနာပရိသတ် ကြိတ်ကြိတ်တိုးနေကြသည်။

ကျွန်တော်တို့ရွာ၌ သာယာဝတီဦးညေယျ၏ တရားပွဲမကျင်းပဖူးသော်လည်း အခြားနိုင်ငံကျော်ဓမ္မကထိကများ၏ တရားပွဲကျင်းပပြုလုပ်လေ့ရှိသည်။ တစ်ချိန်တွင် ပခုက္ကူဦးအဂ္ဂဝံသ၏ တရားပွဲကျင်းပသည်။ ဦးအဂ္ဂဝံသသည် ပခုက္ကူမဟာဝိသုတာရာမတိုက် သာသနာလင်္ကာရကျောင်းမှ စာချဘုန်းကြီးဖြစ်သည်။ ပခုက္ကူမြို့ရှိ စာသင်တိုက်ကြီးများမှာ ပရိယတ္တိကို အင်တိုက်အားတိုက်ချပေးနေသည့် သာသနာ့

http://www.dhammadownload.com



တက္ကသိုလ်ကြီးများဖြစ်သည်။ ထိုအချိန်က ပခုက္ကူမြို့နှင့် မန္တလေးမြို့သည် စာသင်သား ရဟန်းတော်များ အများဆုံးစာသင်ကြားသော ဗဟိုဌာနကြီးများဖြစ်၍ တစ်ပြည်လုံးမှစာသင်သား ရဟန်းတော်များသည် ပခုက္ကူနှင့်မန္တလေးတက်၍ စာဝါဖောက်ကြသည်။ ပခုက္ကူနှင့် မန္တလေးတွင် စာဝါမလိုက်ဖူးလျှင် စာသင်ကိစ္စ မပြီးဆုံးသေးဟုပင် ထင်မှတ်ယူဆကြသည်။

ဦးအဂ္ဂဝံသသည် ပခုက္ကူစာသင်တိုက်ကြီးတစ်တိုက်မှ စာချဘုန်းတော်ကြီးဖြစ်သည်။ စာချဘုန်းတော်ကြီးတစ်ပါး ဖြစ်ရုံမျှမက ဓမ္မကထိကတစ်ပါးလည်းဖြစ်သည်။ ဦးအဂ္ဂဝံသကဲ့သို့ စာချဘုန်းကြီးထဲက ဓမ္မကထိကဖြစ်လာသူ ဘုန်းကြီးမျိုးအလွန်နည်းသည်။ ဦးအဂ္ဂဝံသသည် စာချရုံ တရားဟောရုံမျှသာမက စာလည်းရေးသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ဦးစီးထုတ်ဝေသော လယ်တီတရားသတင်းစာ၌ ဦးအဂ္ဂဝံသ၏ တရားဆောင်းပါးများ အမြဲလိုလိုပါသည်။

ဦးအဂ္ဂဝံသသည် သီတင်းဝါလကျွတ်၍ ခြေခင်းလက်ခင်းသာသည့်အချိန်၌ အောက်ပြည်အောက်ရွာ၌ လှည့်လည်၍တရားဟောသည်။ အောက်ပြည်အောက်ရွာ ဆင်းလာသည့်အခါတိုင်း ကျွန်တော်တို့ရွာမဝင်ဘဲမနေပေ။ နှစ်စဉ်နှစ်တိုင်းလိုလို ကြွလာသဖြင့် ကျောင်းကဘုန်းကြီးများနှင့်လည်းကောင်း၊ ရပ်ရွာဒကာ ၊ ဒကာမများနှင့် လည်း

http://www.dhammadownload.com



ကောင်း ရင်းနှီးခင်မင်နေသည်။ ဦးအဂ္ဂဝံသကြွလာလျှင် ကျောင်းက ဘုန်းကြီးများနှင့် ရပ်ရွာဒကာ ၊ ဒကာမများသည် တရားပွဲမကျင်းပဘဲ မနေကြပေ။ ဦးအဂ္ဂဝံသသည် စာတတ်သည်။ အသံကောင်းသည်၊ အဟောအပြောကောင်းသည်။ ထို့ကြောင့် သူတရားပွဲကျင်းပသည့် အခါ တရားနာပရိတ်သတ်များ ကြိတ်ကြိတ်တိုးနေလေ့ရှိသည်။ ယောကျ်ားပရိတ်သတ်ထက် မိန်းမပရိတ်သတ်ကများသည်။ ပရိသတ်ထဲတွင် ကျွန်တော်တို့လို ကလေးသူငယ် ပရိသတ်လည်းပါသည်။ ကျွန်တော်တို့မှာ တရားနာသွားခြင်း မဟုတ်ဘဲ လူတွေရုတ်ရုတ်သဲသဲ ဖြစ်နေသည့်နေရာသို့ ပျော်ပွဲရွှင်ပွဲအမှတ်ဖြင့် လတ်လျားလတ်လျား သွားလုပ်ကြခြင်းသာဖြစ်သည်။

တစ်နေ့ရွာဦးကျောင်း၌ ဦးအဂ္ဂဝံသ၏ တရားပွဲကျင်းပနေသည်။ ထုံးစံအတိုင်း ကျွန်တော်တို့လည်း သွားကြသည်။ ကျွန်တော် စိတ်ကူး တစ်ခုပေါ်လာသည်။ လူစုလူဝေးထဲတွင် မိမိကိုယ်ကိုထင်ပေါ်စေလိုသည့် စိတ်ဖြစ်ပေါ်လာသည်။ လူတွေ မိမိကိုအာရုံစိုက်စေလိုသည့် ဆန္ဒဖြစ်ပေါ်လာသည်။ ကြွားချင်ဝါချင်လာသည်။ ယင်းဆန္ဒကို အကောင် အထည်ဖော်ရန်အတွက် အားလုံးက မိမိကိုအာရုံပြုစေမည့် အဆောင် အယောင်တစ်ခုလိုလာသည်။ ဘယ်က ဘယ်လိုစိတ်ကူးပေါ်လာသည် မသိ။လူတွေအထင်ကြီးစေမည့် အဆောင်အယောင်အတွက်စီးကရက်

ထက်ဝေယံစာပေ

http://www.dhammadownload.com



သွားသတိရသည်။ ထိုအချိန်က ကျွန်တော်တို့ရွာတွင် ကလေးသူငယ်များမဆိုထားဘိ။ လူရွယ်လူကြီးများပင် စီးကရက်သောက်သူ အလွန်ရှားသည်။ ယင်းအခြေအနေ၌ မိမိသူငယ်ချင်းများအား လည်းကောင်း၊ တခြားလူများအားလည်းကောင်း စီးကရက်လက်ကြားညှပ် သောက်လိုက်လျှင် မိမိကိုအထင်ကြီး လာကြမည်ဟု စိတ်ကူးရလာသည်။ ထို့ကြောင့် တရားပွဲအသွား ကုန်စုံဆိုင်မှ စီးကရက်တစ်ဘူး မီးခြစ်တစ်လုံးဝယ်သွားသည်။

ကျွန်တော်တို့ရွာ၌ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏ အဒေါ် မဒေါ်မေသည် ကုန်စုံဆိုင်ဖွင့်ထားသည်။ ဒေါ်ခင်ကြည်၏ အဖေ ဦးဘိုးငြိမ်းသည် ကျွန်တော်တို့ရွာသားဖြစ်သည်။ ကျွန်တော်တို့ရွာ၌ မွေးပြီး ကျွန်တော်တို့ရွာ၌ပင် လူလားမြောက်သည်။ ကျွန်တော်တို့ နှင့်လည်း ဆွေရိပ်မျိုးရိပ် မကင်းပေ။ ကျွန်တော်၏ အမေဘက်မှ အဘိုးဦးဝကြီးနှင့် ငယ်စဉ်က ကစားဖော်ကစားဖက်ဖြစ်သည်။ ကောက် ရိုးပုံပေါ်က ကျွမ်းထိုးချဖော်ချဖက် ဖြစ်သည်။ နောက်ပိုင်းကျမှ မြောင်း မြ ပြောင်းသွားပြီး ပန်းတနော်သူနှင့် အကြောင်းပါခြင်းဖြစ်သည်။ ဦးဘိုးငြိမ်း၏ ညီအစ်ကိုမောင်နှမအရင်းများ၊ ဝမ်းကွဲများ ကျွန်တော် တို့ရွာတွင်ရှိသည်။ ကျွန်တော်တို့၏ ကံ့ကူလက်လှည့်ဆရာတစ်ဦး ဖြစ်သော ဦးအာစရ(နောင်သောအခါလူထွက်ပြီး ဦးမောင်မောင်အေး ဖြစ်လာသူ)

http://www.dhammadownload.com



သည် ဦးဘိုးငြိမ်း၏ ညီအရင်းဖြစ်သည်။ ကုန်ခုံဆိုင်ပိုင်ရှင် မဒေါ်မေလည်း ဦးဘိုးငြိမ်း၏ နှမအရင်းဖြစ်သည်။

ကျွန်တော့်အမေသည် မဒေါ်မေ၏ ဖောက်သည်တစ်ဦးဖြစ်သည်။ မဒေါ်မေဆိုင်တွင် ဂေရုတ်သီး ၊ ကြက်သွန်စသော အသေးအဖွဲ့ပစ္စည်းများဝယ်စရာရှိလျှင် ကျွန်တော့်ကိုလွှတ်ပြီး အဝယ်ခိုင်းသည်။ မဒေါ်မေဆိုင်တွင် ဈေးဝယ်လျှင် လက်ငင်းဝယ်လေ့မရှိပေ။ အကြွေးဝယ်သည့်သာများသည်။ မဒေါ်မေက ဗလာစာအုပ်ထဲတွင် အကြွေးစာရင်းမှတ်ထားသည်။ တစ်လတန်သည် နှစ်လတန်သည် ကြာမှအကြွေးဆပ် သည်။ အမေ၏ အဝယ်တော်ဖြစ်နေ၍ မဒေါ်မေသည် ကျွန်တော့်ကို ယုံကြည်စိတ်ချနေသည်။ ကျွန်တော်အကြွေးဝယ်လျှင် ဗလာစာအုပ် ထဲက အမေ့အကြွေးစာရင်းထဲတွင် မှတ်ထားလိုက်သည်။ ယင်းအခွင့် အရေးကို အသုံးချလျက် ထိုနေ့က ပိုက်ဆံတစ်ပြားမှ ပါမလာသော် လည်း မဒေါ်မေဆိုင်က စီးကရက်တစ်ဘူးနှင့် မီးခြစ်တစ်လုံး အကြွေး ဝယ်ယူလိုက်ခြင်းဖြစ်သည်။ စီးကရက်မှာ ပိုလိုစီးကရက်ဖြစ်သည်။ တစ်ဘူးဆယ်ပြား တစ်မူးလောက်သာ ပေးရသည်ထင်သည်။

မိမိတွင် ကြွားစရာ အဆောင်အယောင် စီးကရက်ဘူးရှိနေပြီ။ ခြေဖျားထောက်၍ ဦးခေါင်းမော့၍ တရားပွဲရှိရာ ရှာဦးကျောင်းလာခဲ့သည်။ ဘိက္ခုအာနန္ဒာ ဓောသလ္လာယနဓောင်းလျှာသူငယ်သည် ဘော

http://www.dhammadownload.com



လုံးပွဲတွင် သွားကြွားလို၍ စီးကရက်သုံးလိပ်ဝယ်သွားသည်။ ကျွန်တော်က တရားပွဲတွင် သွားကြွားလို၍ စီးကရက်တစ်ဘူးဝယ်သွားသည်။ ကျွန်တော်ကပင်သာနေသေးသည်။

တရားပွဲသို့ ရောက်လာပြီ။ တရားပွဲတွင် လူတွေကြိတ်ကြိတ်တိုးနေကြသည်။ မိမိ သူငယ်ချင်းများလည်း ရောက်နေကြသည်။ စီမံကိန်းကို အကောင်အထည်ဖော်ရတော့မည်။ သူငယ်ချင်းများနှင့် တခြားလူများရှေ့တွင် စီးကရက်ဘူးကို ဖောက်ပြီး စီးကရက်တစ်လိပ်ထုတ်ယူ၍ ဟန်ပါပါ နှုတ်ခမ်းနှစ်ခုကြား ထည့်လိုက်သည်။ ထို့နောက် မီးခြစ်ခြစ်ပြီး စီးကရက်မီးညှိသည်။ စီးကရက် မီးစွဲသွားရန် ရှိုက်လိုက်သည်။ တစ်ရှိုက် နှစ်ရှိုက် ရှိုက်ရုံရှိသေး မီးခြစ်ဆံက မီးသည့် ရင်ဘတ်ပေါ်ပြုတ်ကျပြီးအင်္ကျီမီးလောင်သွားသည်။ စီးကရက်သောက် ပြီး လူတွေတအံ့တသြဖြစ်သွားအောင် ကြွားလိုသောကျွန်တော်သည် ကြွားချိန်မရလိုက်တော့ပေ။ ကံကောင်း ထောက်မသောကြောင့်သာ မီးသွေးတုံးဖြစ်မသွားခြင်းဖြစ်သည်။ ကျွန်တော် စီးကရက်သောက်သည်ကိုကြည့်ပြီး အထင်ကြီးလိမ့်မည်ဟု ထင်ရသော လူများလည်း အထင်ကြီးချိန်မရလိုက်ဘဲ ကျွန်တော့်ထံ ပြေးလာပြီး အင်္ကျီတွင်စွဲနေသော မီးကို အတင်းငြိမ်းသတ်ကြရသည်။

တရားပွဲ လူထူထူတွင် စီးကရက်သောက်ပြသဖြင့် လူအထင်

http://www.dhammadownload.com



ကြီးမခံရဘဲ မီးအလောင်သာ ခံသွားရသည်။ စီးကရက်ဘူးနှင့် မီးခြစ်ကို လွှင့်ပစ်လိုက်ပြီး အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်သောအခါ နူရာဝဲစွဲလဲရာသူနိုးအထောင်း ခံရပြန်သည်။ ပြစ်ချက်နှစ်ချက်ကြောင့် အမေအပြစ်ဒဏ်ပေးသည်ကိုခံရသည်။ ပထမပြစ်ချက်မှာ သူမနိုင်းဘဲနှင့် မဒေါ်မေဆိုင်မှ စီးကရက်ဘူး အကြွေးဝယ်သည့်ပြစ်ချက်ဖြစ်သည်။ ဒုတိယပြစ်ချက်ကား စီးကရက်ခိုးသောက်သည့်ပြစ်ချက်ဖြစ်သည်။

ကျွန်တော် စီးကရက်ကို မုန်းသွားသည်။ စီးကရက်ကို မကြည့်ချင်တော့ပေ။ စီးကရက်သည် ကျွန်တော့်ရန်သူဖြစ်သွားပြီ။ သို့သော်လည်း နှစ်ပေါင်းများစွာကြာသွားပြီ "ဂျင်းတဲလ်မင်း"ဖြစ်လာသောအခါ ကျွန်တော်၏ရန်သူသည် မိတ်ဆွေပြန်ဖြစ်လာသည်။ ယဉ်ကျေးသည်၊ ခေတ်မီသည်ဟုဆိုသော လူ့အသိုက်အဝန်းနှင့် ဝင်ဆံ့လာသောအခါ ယဉ်ကျေးခြင်း၊ ခေတ်မီခြင်း၏ အဆောင်အယောင်၊ သို့မဟုတ် အထိမ်းအမှတ် သို့မဟုတ် သင်္ကေတတစ်ခုသဖွယ်ထင်မှတ်ထားကြသည့် စီးကရက်သည် ကျွန်တော့်ထံ ချဉ်းကပ်လာသည်။ကျွန်တော်ကလည်း အတိတ်ကိုမေ့ထားလိုက်ပြီး စီးကရက်ကို ပျူပျူငှာငှာပင် လက်ကမ်းလိုက်သည်။

ဘိက္ခုအာနန္ဒာ ကောသလ္လာယနက "စီးကရက်သည်စက္ကူနှင့် ဗာဂျီးနီးယားဆေးကို ပြုလုပ်ထားသည့် ပိုက်ကလေးတစ်ခုမျှသာဖြစ်၏။

http://www.dhammadownload.com



ယင်းပိုက်၌ တစ်ဖက်၌ မီးရှိပြီး အခြားတစ်ဖက်၌ လူမိုက်ရှိ၏ ဟု ဆိုထားသည်။ ဘိက္ခုအာနန္ဒာ ကောသလ္လာယနသည် စီးကရက် သုံးလိပ်သောက်ပြီး အမြင်မှန်ရသွားသည်။ လူလိမ္မာဖြစ်သွားသည်။ ကျွန်တော်ကမူ စီးကရက်အလိပ်ပေါင်း မရေမတွက်နိုင်အောင် သောက် ပြီးပြီဖြစ်သော်လည်း အမြင်မှန်မရသေးပေ။ မိုက်တွင်း နက်နေတုန်း ပင်ရှိသေးသည်။

ယခု ဆောင်းပါးအပြီးသတ်ပြီးသော အချိန်၌ပင် စီးကရက် တစ်လိပ်မီးညှိဖွာနေသည်။

http://www.dhammadownload.com



# မိမိနှင့် ယမကာ

အမှတ်သညာတွင် ပုံနှိပ်ထားသော ကျွန်ုပ်၏ ဘဝရုပ်ပုံကားချပ်များကိုမည်သူရေးဆွဲသနည်း ကျွန်ုပ်မသိပေ။ သို့ရာတွင် မည်သူရေးဆွဲ ရေးဆွဲ ၊ ရေးဆွဲသူသည် အနုပညာရှင်တစ်ဦးဖြစ်သည်။ သူသည်ဖြစ်ပျက်သမျှ အရာဝတ္ထုများကို ပုံတူရေးဆွဲရန်အတွက် သက်သက် စိတ်တံကိုင်ခြင်း မဟုတ်ပေ။ သူ့သဘောအတိုင်း တချို့အရာဝတ္ထုများကို မြှုပ်ထားချင်ထားမည်။ သို့မဟုတ် သိမ်းဆည်းထားချင်ထားမည်။ ကြီးမားသည့်အရာဝတ္ထုကိုလည်း သေးငယ်အောင်လုပ်ချင်လုပ်မည်။ သေးငယ်သည့် အရာဝတ္ထုကိုလည်း ကြီးမားအောင်လုပ်ချင်လုပ်မည်။ ရှေ့ပိုင်းက အရာဝတ္ထုများနှင့် နောက်ပိုင်းက အရာဝတ္ထုများကို ရှေ့နောက် ပြောင်းပြန် အရွှေ့အပြောင်း အလဲအလှယ်လုပ်ရန်အတွက်လည်း ဝန်လေးမည်မဟုတ်ပေ။ ခြုံပြီးပြောရလျှင် သူ၏အလုပ်မှာ အရုပ်ဆွဲခြင်းသာဖြစ်သည်။ သမိုင်းပြုစုခြင်းမဟုတ်ပေ။ စီးဆင်းနေသော အဖြစ်အပျက်များသည် ကျွန်ုပ်တို့၏ ဗဟိဒ္ဓဘဝကို ဖန်တီးနေပြီး ကျွန်ုပ်တို့၏ အဇ္ဈတ္တအတွင်းသန္တာန်၌ကား အခန်းဆက်ရုပ်ပုံကားချပ်များကို ရေးဆွဲခြယ်မှုန်းနေသည်။ ယင်းနှစ်မျိုးမှာ တူသလိုလိုရှိသော်လည်း တစ်မျိုးတစ်စားတည်း မဟုတ်ပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျွန်ုပ်တို့သည် အတွင်းသန္တာန်ထဲကပိတ်ကားကို အသေအချာ ကြည့်ဖို့ အချိန်မရပေ။ တစ်ခါတစ်ရံ အစအနများကိုမူ စောင်းငဲ့ကြည့် မိသည်။ သို့ရာတွင် အများအပြားမှာမူ အမှောင်လွှမ်းနေသည်၊ ကြည့်၍မရပေ။ ပန်းချီဆရာသည် အဘယ်ကြောင့် အဆက်မပြတ်ပန်းချီကား ရေးဆွဲနေသနည်း။ မည်သည့်အခါကျမှ သူ့အလုပ်အပြီးသတ်မည်နည်း။ ဘယ်ပန်းချီ ပြခန်းမှာ သူ့ပန်းချီကားများကို ချိတ်ဆွဲထားမည်နည်း။ ပြောနိုင်သူ ရှိပါမည်လော။

နှစ်များ မကြာမီက ပုဂ္ဂိုလ်တစ်ဦး ကျွန်ုပ်၏ အတိတ်ကအဖြစ် အပျက်များနှင့် ပတ်သက်ပြီး အမေးအမြန်းလုပ်သည်။ ကျွန်ုပ်ထိုပန်း ချီပြခန်းထဲ ဝင်လေ့လာဖို့ အခွင့်အလမ်းပေါ်ခဲ့သည်။ မိမိ၏ဘဝဇာတ် လမ်းထဲက အကွက်နှစ်ကွက်သုံးကွက်လောက် ရွေးချယ်ပြီးသည့်နောက် ဆက်မကြည့်တော့ဟု ကျွန်ုပ်စိတ်ကူးထားသည်။ သို့ရာတွင် တံခါးဖွင့် လိုက်သည်နှင့် တစ်ပြိုင်နက်အမှတ်သညာများသည် သမိုင်းမဟုတ်ဘဲ မမြင်ရသည့် ပန်းချီဆရာ၏ ပင်ကိုလက်ရာများ ဖြစ်နေသည်ကို တွေ့ မြင်သိရှိသွားသည်။ နေရာအနှံ့ပျံ့နေသော ဆေးရောင်အမျိုးမျိုးမှာ ဗဟိဒ္ဓ ကမ္ဘာလောက၏ ရောင်ပြန်များမဟုတ်ဘဲ ပန်းချီဆရာကိုယ်တိုင်၏ အပိုင်ပစ္စည်းများဖြစ်ပြီး သူ့နှလုံးသားထဲက ယိုစီးကျလာသည့် အရာများ ဖြစ်သည်။ ယင်းဆေးရောင်စုံ ဆေးများဖြင့်ပိတ်ကားပေါ်တွင် မှတ်တမ်း

http://www.dhammadownload.com



တင်ထားခြင်းဖြစ်သည်။ ယင်းမှတ်တမ်းများမှာ တရားရုံး၌ သက်သေခံပစ္စည်းအဖြစ် အသုံးချ၍ရမည်မဟုတ်ပေ။

မိမိ၏ အတိတ်ကို ပြန်လည် သုံးသပ်သော ရုပ်ရှင်ရာနှုတ် တဂိုး၏ ကလောင်မှ ကျဆင်းလာသည့် မင်စက်များဖြင့် ဖန်တီးထား သော စကားဝါကျများဖြစ်ကြသည်။

ကျွန်တော်လည်း အမှတ်သညာပန်းချီဆရာ ရေးဆွဲခြယ်မှုန်းထားသော မိမိဘဝဇာတ်လမ်း ပန်းချီကားများကို ကြည့်ရှုရန် အတွင်းသန္တာန်ထဲက ပန်းချီပြခန်းထဲဝင်လိုက်သည်။ ပြခန်းထဲတွင် ပန်းချီကားများကို အစုံအစေ့ကြည့်ရှုရန် အချိန်ရမည် မဟုတ်သည့်အတွက် တစ်ကားနှစ်ကားလောက် ကြည့်ရလျှင်တော်ပြီ ဟူသောစိတ်ကူးဖြင့် ပြခန်းထဲ ဝင်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက်ပြခန်းထဲတွင် အမှတ်သညာပန်းချီဆရာ ရေးဆွဲထားသော မိမိ၏ ဘဝဇာတ်လမ်းပန်းချီကားများ တန်းစီရှိနေသည်ကိုတွေ့ရသည်။ သို့သော်လည်း အမှတ်သညာပန်းချီဆရာသည် သမိုင်းပြုစုသူမဟုတ်ဘဲ ပန်းချီရေးဆွဲသူသာဖြစ်၍ သူမဆွဲချင်သည့်အကွက်ကို ချန်ပစ်ခဲ့ပြီး ဆွဲချင်သည့်အကွက်ကိုသာဆွဲထားသည်။ ဆေးရောင်ပါးပါးကလေး မှုန်းချင်သည့်နေရာ၌ ဆေးရောင်ပါးပါးကလေးမှုန်းထားပြီး အတုံးလိုက်အတစ်လိုက်တို့ချင်သည့်နေရာ၌ အတုံးလိုက်အတစ်လိုက်တို့ထား သည်။

http://www.dhammadownload.com



ကြီးရမည့်နေရာကိုလည်းသေးထားသည်။ သေးရမည့်နေရာ ကိုလည်း ကြီးထားသည်။ ရှေ့ကရှိရမည့်အရာကို နောက်ရွှေ့ထားသည်။ နောက်မှာ ရှိရမည့်အရာကို ရှေ့ရွှေ့ထားသည်။ ယင်းသို့ ပြုလုပ်သည့် အတွက် သူ့ကို အဆိုးမဆိုသာပေ။ သူ၏ပန်းချီကားများသည် တရားရုံး တွင် သက်သေခံပစ္စည်းအဖြစ် တင်ပြရမည့်ပန်းချီကားများ မဟုတ်သည့် အတွက် ဖြစ်သည်။

ပြခန်းထဲတွင်ရှိသော ပန်းချီကားများကို တစ်ကားပြီးတစ်ကား ကျွန်တော်ဆွဲထုတ်ကြည့်သည်။ ယခုတစ်ဖန်ပန်းချီကားတစ်ကားကို ဆွဲထုတ်လိုက်ပြန်သည်။ ယင်းပန်းချီကား ကား "မိမိနှင့်ယမကာ"ဟု အမည်တပ်ထားသော ပန်းချီကားဖြစ်သည်။

ကျွန်တော်တို့ လူမှန်းသူမှန်း မသိတတ်သေးခင် အရွယ်က ကျွန်တော်တို့ရွာတွင် ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသည်။ တစ်ကျောင်းမှာ ကံ(သုဓမ္မာ)ကျောင်းဖြစ်ပြီး ကျန်တစ်ကျောင်းက ဒွါရကျောင်း ဖြစ်သည်။ နှစ်ကျောင်းလုံးရွာထိပ် ချောင်းကမ်းပါး၌ရှိကြသည်။ ကံကျောင်းမှာ အစဉ်အဆက်ကရှိလာခဲ့သည့် ကျောင်းဖြစ်ပြီးဒွါရကျောင်း မှာမူ ရွာသားဘုန်းကြီးတစ်ပါးမှာ ဒွါရဂိုဏ်းဝင်ဖြစ်၍ ထိုဘုန်းကြီးကို ကိုးကွယ်သူများဆောက်ထားသော ကျောင်းဖြစ်သည်။ ဂိုဏ်းနှစ်ဂိုဏ်းကို ကိုယ်စားပြုသော ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိနေသည်ဖြစ်၍ ရွာသူ

http://www.dhammadownload.com



ရွာသားများထဲတွင်လည်း ကံဘုန်းကြီးကိုးကွယ်သူများရှိသလို ဒွါရ ဘုန်းကြီးကိုးကွယ်သူများလည်းရှိသည်။ သို့သော်လည်း ရွာသူရွာသား များသည် ဂိုဏ်းဂဏကိုအကြောင်းပြု၍ စိတ်ဝမ်းမကွဲကြ။ သင့်သင့် မြတ်မြတ်ပင်နေထိုင်ကြသည်။ယင်းသို့ စိတ်ဝမ်းကွဲပြားမှုမရှိခြင်း၏ အကြောင်းတစ်ခုမှာ ဒွါရဘုန်းကြီးသည် ရွာသားဘုန်းကြီးဖြစ်နေသည့် အတွက်ဖြစ်သည်။

ဒွါရဘုန်းတော်ကြီး ဦးစန္ဒာဝရသည် ကျွန်တော်တို့ရပ်ရွာရှိ ဆွေ ကြီးမျိုးကြီးထဲက ဘုန်းကြီးဝတ်သွားသူဖြစ်သည်။ ဟင်္သာတမြို့နယ် ဒွါရဂိုဏ်းတွင်လည်း ထင်ရှားသော ဘုန်းကြီးတစ်ပါးဖြစ်သည်။ဒွါရ ဘုန်းကြီး ဦးစန္ဒာဝရသည် ကျွန်တော့်အမေ၏ ဦးကြီးဖြစ်သည်။ ကျွန်တော်နှင့် အဘိုးဝမ်းကွဲတော်သည်။ သို့သော်လည်း ဒွါရဘုန်းကြီး ဦးစန္ဒာဝရကို ကျွန်တော်ကောင်းကောင်းမမှတ်မိတော့၊ ကျွန်တော်တို့ လူမှန်းသူမှန်းသိတတ်သည့်အရွယ် ရောက်လာသောအခါ ဦးစန္ဒာဝရ ပျံလွန်တော်မူသွားပြီ။ သူနေထိုင် သီတင်းသုံးသွားသည့် တစ်ဆောင် တည်းသော သိမ်ကျောင်းကြီးသာလျှင်ကျန်ခဲ့သည်။ ဦးစန္ဒာဝရ ပျံ လွန်တော်မူသွားပြီးသည့်နောက် ကျွန်တော်တို့ရွာတွင် ဒွါရဘုန်းကြီး မျိုးဆက်ပြတ်သွားသည်။ ဦးစန္ဒာဝရ၏ သိမ်ကျောင်းကြီးသာလျှင် ကျောင်းထိုင်ဘုန်းကြီး ကင်းမဲ့စွာဖြင့် ဒုတိယကမ္ဘာစစ်ကာလအထိ

ထက်ဝေယံစာပေ

http://www.dhammadownload.com



တည်ရှိနေခဲ့သည်။

ကျွန်တော်တို့ရွာတွင် ဒွါရဘုန်းကြီးမျိုးဆက်ပြတ်သွားသော်လည်း ဒွါရ ဒကာ ဒကာမ မျိုးဆက် ပြတ်မသွားပေ။ ဘိုးစဉ်ဘောင်ဆက် ကာစပြီး ဒွါရဖြစ်လာသော ဒကာဒကာမများလည်းရှိသည်။ ယင်းတို့ အထဲတွင် ကျွန်တော်၏ ဆွေမျိုးများက အများစုဖြစ်သည်။

လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ဓနုဖြူမြို့ ၊ ဒွါရဂိုဏ်း တောင်ပေါ်ကျောင်း နှစ် ၁၀၀ ပြည့်ပွဲရောက်သွားသည်။ တောင်ပေါ် ကျောင်း ဆရာတော်ကြီးမှာ ထိုအချိန်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ မရရှိသေးပေ။ နောက် နှစ်နှစ် သုံးနှစ်လောက်ကြာမှ ရရှိခြင်းဖြစ်သည်။ ဆရာတော်ကြီးနှင့် ဆုံသောအခါ ဆွေမျိုးစပ်သည့် အနေဖြင့်ကျွန်တော် က "တပည့်တော်မိဘဆွေမျိုးတွေက ဒွါရတွေပါဘုရား" ဟု လျှောက် ထားလိုက်သောအခါ ဆရာတော်ကြီးက "ဟေ ဟုတ်လား။ မင်းကတော့ ဘာလဲ"ဟု ပြန်မေးသည်။ "တပည့်တော် ကတော့ဘာမှမဟုတ်ပါဘူး ဘုရား။ တပည့်တော် မိဘဆွေမျိုးတွေထဲမှာ ဒွါရ ဒကာ ဒကာမတွေ အများကြီးရှိတယ်။ တပည့်တော်သင်္ကန်းဝတ်တော့ သုဓမ္မကျောင်းမှာ ဝတ်ပါတယ်။ ရွှေကျင်ဂိုဏ်းကျောင်းမှာ တပည့်တော်အကြာကြီးနေ ဖူးတယ်။ ဒါပေမယ့်ခုတော့ တပည့်တော်ဘာမှမဟုတ်တော့ဘူး။ တပည့်တော်မှာ ဂိုဏ်းဂဏ အစွဲမရှိပါဘူး"ဟု ပြန်လျှောက်သည့်အခါ

http://www.dhammadownload.com



ဆရာတော်ကြီးက ပြုံးနေသည်။ အမှန်တကယ်ပင် ကျွန်တော့်တွင် နိုင်ငံရေးဝါဒစွဲ မရှိသလို ဘာသာရေးအစွဲဂိုဏ်းဂဏအစွဲလည်း မရှိပေ။ မိမိမြန်မာလူမျိုးဆိုပြီး အပေါ်စီးကနေလျက် တခြားလူမျိုးကို အထင်သေးသည့် စိတ်မျိုးလည်းလုံးဝမရှိပေ။ တစ်ခါက ရာဟုလာသံကစ္စည်းကို နိုင်ငံခြားသားတစ်ယောက်က "ခင်ဗျားအိန္ဒိယနိုင်ငံသားလား"ဟု မေးသောအခါ ရာဟုလာသံကစ္စည်းက "ကျုပ် အိန္ဒိယ နိုင်ငံသား မဟုတ်ဘူး။ ကမ္ဘာ့သား"ဟုပြန်ဖြေသည် ရာဟုလာသံကစ္စည်းသည် လူမျိုးရေးခွဲခြားသည့်စိတ်မရှိဘဲ နိုင်ငံတကာစိတ် ၊လူသားစိတ် အပြည့်ရှိသော်လည်း သူ့အမိဘာသာ၊ သူ့တိုင်းရင်းသားဘာသာဖြစ်သော ဟိန္ဒီကိုမူ အလွန်ချစ်မြတ်နိုးသည်။ သက်တမ်းတစ်လျှောက် ဟိန္ဒီစာပေ တိုးတက်ဖွံ့ထွားရေးအတွက် အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့သည်။ ယင်းကြိုးပမ်းချက်ကို တကယ့်ပြစ်မှုကြီးထင်မှတ်ပြီး သူ့ကိုအိန္ဒိယကွန်မြူနစ်ပါတီက ပါတီဝင်အဖြစ်မှ ဖယ်ရှားပစ်သည်။ မျိုးချစ်စိတ်၊ အမျိုးသားစိတ်သည် နိုင်ငံလွတ်လပ်ရေး တိုက်ပွဲအတွက်လိုအပ်သော်လည်း မျိုးချစ်စိတ်၊ အမျိုးသားစိတ် တစ်ဖက်စွန်းရောက်သွားလျှင် လူမျိုးရေး ပဋိပက္ခဖြစ်ပေါ်လာနိုင်သည်။ ထိုနည်းအတူပင် ဒေသစွဲ၊ ပြည်နယ်စွဲ၊ ရပ်ကွက်စွဲ၊ တစ်ဖက်စွန်းရောက်သွားလျှင်လည်း နိုင်ငံစည်းလုံးညီညွတ်ရေးပြိုကွဲသွားနိုင်သည်။

ထက်စေယံစာပေ

http://www.dhammadownload.com



ကျွန်တော်၏ အမေသည် သူဦးကြီးက ဒွါရဘုန်းကြီးဖြစ်နေ၍ ဒွါရဂိုဏ်းအပေါ် သံယောဇဉ်ရှိသည်။ ဒွါရဘုန်းကြီးများကလည်း သူ့ကို အသိအမှတ်ပြုကြသည်။ သူ့ကိုအသိအမှတ်ပြုသော ဒွါရဘုန်းကြီးများထဲတွင် နတ်မော်ရွာဝေဠုဝန်ဒွါရကျောင်းတိုက် ဆရာတော်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ နတ်မော်ရွာဝေဠုဝန်ဒွါရကျောင်းတိုက်တွင် ကထိန်ခင်းလျှင် ကရေကရာနှစ်လင်ပန်း သုံးလင်ပန်းနှင့် အမေ သွားလေ့ရှိသည်။ ကလေးဘာဝ ခရီးထွက်ချင်နေကြသော ကျွန်တော်တို့လည်း အမေ့နောက် တပျော်တပါးကြီး လိုက်သွားကြသည်။ ကထိန်ရက်အတောအတွင်း နတ်မော်ရွာ၌ အဖျင်းဆုံးနှစ်ညလောက်တော့ ကြာသည်။

နတ်မော်ရွာမှာ ရွာဟုဆိုရသော်လည်း ကားလမ်း ၊ မီးရထားလမ်းရှိသည်။ ဟင်္သာတမှ ပုသိမ်ဘက်သွားသော မီးရထား ပထမဆုံး ဆိုက်သောဘူတာမှာ နတ်မော်ဘူတာဖြစ်သည်။ ဟင်္သာတမှ နိဗ္ဗာန်၊ ယုန်သလင်း၊ ခမောက်စု၊ အိုင်သပြု စသော ရပ်ရွာဒေသများကို ဖြတ်လျက် နေမြို့အထိ သွားသောကားများ၏ ပထမဆုံး ရပ်နားဖြတ်ကူးသော စခန်းမှာလည်း နတ်မော်ဖြစ်သည်။ နတ်မော်ချောင်းကို ဖြတ်ကူးသော လူသွားလမ်း၊ကားလမ်းတံတားနှင့် မီးရထားသံလမ်း တံတားလည်းရှိသည်။ အကြေမှ ဆန်တက်လာကြသော ကုန်တင်

http://www.dhammadownload.com



လှေကြီးများလည်း ချောင်း၏အဖျား နတ်မော်တံတားဆိပ်၌ ဆိုက်ကပ်ကြသည်။ ဆန်စက်၊ ဆီစက်များလည်း ရှိသည်။ ကျေးရွာဆိုရသော်လည်း နတ်မော်သည် မြို့ကလေးတမျှ စည်ကားနေသည်။ပျော်စရာကောင်းသော နတ်မော်ရောက်သွားသောအခါ ချောင်းဘေးကမ်းဘေး၌သာ ကျက်စားနေရသော ကျွန်တော်တို့သည် မြို့ထဲရောက်သွားသည့်ပမာ မြူးတူးပျော်ပါးကြသည်။

နတ်မော်တွင် ကျွန်တော်တို့ စတည်းချသော အိမ်နှစ်အိမ်ရှိသည်။ တစ်အိမ်မှာ ကျွန်တော်အမေ့၏ ဦးလေးအိမ် ဖြစ်သည်။ ကျွန်တော့်အမေ၏ ဦးလေး ကျွန်တော့်ဘိုးလေး၏ အမည်မှာ ဦးတေလေဟု ခေါ်သည်။ မြန်မာနိုင်ငံ တစ်နံတစ်လျား ကျွန်တော်ရောက်ဖူးသည်။ ကျွန်တော်တို့ရွာလောက် နာမည်ဆန်းဆန်းပြားပြားမှည့်သော ရပ်ရွာဒေသမျိုး မတွေ့ဖူးပေ။ ကလေးဘဝ ရွာတွင်နေစဉ်က ရွာသူရွာသားများ၏ အမည်နာမများကို ကြားနေကျဖြစ်၍ ဆန်းသည်ဟု မထင်သော်လည်း အဝေးတွင်နှစ်ရှည်လများသွားနေပြီး ရပ်ရွာသို့ တစ်ခါတစ် ခေါက်ပြန်အရောက်တွင်မှ ရွာသူရွာသားများ၏ အမည်နာမများကို ကြားရသောအခါ အူတက်မတတ်ရယ်ရသည်။ သီလ၊ သီဟ၊ ပုည၊ သောဂ၊ ဉာဏ စသောပါဠိအမည်များ မှည့်ထားခြင်းမှာမူ တခြားရပ်ရွာများ၌လည်း မှည့်လေ့မှည့်ထရှိသည်ဖြစ်၍ သည်လောက်ဆန်းသည်

ထက်စေယ်တာပေ

http://www.dhammadownload.com



ဟု မထင်ရသော်လည်း မာလကီး၊ ပေတလူး၊ ဆာလာဖူး၊ ကာလစံ စသော အမည်များမှာမူ အနက်အဓိပ္ပါယ် လုံးဝမရှိသည့် အမည်များ ဖြစ်သည်။ ပေါက်ပေါက်ရှာရှာ ဘယ်လိုစိတ်ကူးနှင့် မှည့်ထားသည့် အမည်များဖြစ်သည်မသိပေ။

တစ်ခါက ကျွန်တော်တို့ရွာမှ လူည်းသုံးစီး နိဗ္ဗာန်ရွာဘက် စပါးသွားတိုက်ကြသည်။ စပါးဒိုင်မရောက်ခင် လမ်းခုလပ်ဂိတ်တစ်ခုမှ လှည်းသုံးစီးကိုဖမ်းတားထားသည်။ လှည်းသုံးစီးကို မသင်္ကာသဖြင့် ဂိတ်စောင့်များက စစ်ဆေးမေးမြန်းကြသည်။ ဂိတ်စောင့်က လှည်းသမား တစ်ယောက်ကိုမေးသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ကိုတိလို့ခေါ်ပါတယ်"

အခြားလှည်းသမား တစ်ယောက်ကို မေးပြန်သည်။

"ခင်ဗျား နာမည်ကရော ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ကိုတိလို့ခေါ်ပါတယ်"

နောက်တစ်ယောက် အလှည့်ရောက်လာသည်။

"ဟော့လူ... ခင်ဗျားနာမည်ကရော"

"ကျွန်တော့်နာမည် ကိုတစ်ချောင်းလို့ခေါ်ပါတယ်"

ဂိတ်စောင့် ဦးနှောက်ခြောက်သွားပုံရသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



"ခင်ဗျားတို့ နောက်စရာမရှိ ကြံဖန် နောက်နေကြတယ် သွားကြ ၊ သွားကြ"

လှည်းသမားသုံးယောက်သည် ဂိတ်စောင့်ကို နောက်ပြောနေကြခြင်းမဟုတ်ပေ။ သူတို့နာမည်ကို အမှန်အတိုင်း ပြောနေကြခြင်းဖြစ်သည်။ ကိုတိ၊ ကိုတို၊ ကိုတစ်ချောင်း အမည်ရှိ လူသုံးယောက်လုံး ကျွန်တော်တို့ရွာ၌ရှိသည်။ ယခုလည်းကြည့်ပါဦး ။ ကျွန်တော်တို့ရွာဇာတိဖြစ်ပြီး နတ်မော်၌အခြေချနေသော ကျွန်တော့်ဘိုးလေးကို "တေလေ"ဟုနာမည်မှည့်ထားသည်။ ကျွန်တော့်ဘိုးလေးသည် အလွန်သဘောကောင်းသော သူတော်ကောင်းတစ်ယောက်ဖြစ်သည်။ ဝေယျာဝစ္စ ဒါယကာတစ်ယောက်လည်းဖြစ်သည်။ သို့သော်လည်း ဘယ်ပုံဘယ်နည်း "တေလေ" နာမည်ရနေခြင်းမသိပေ။

နတ်မော်၌ ကျွန်တော်တို့ စတည်းချလေ့ရှိသော အခြားအိမ်တစ်အိမ်မှာ ဦးဘမြင့်၊ ဒေါ်သန်းတို့၏ အိမ်ဖြစ်သည်။ ဦးဘမြင့် ဒေါ်သန်းတို့မှာ ဆန်စက်ပိုင်ရှင် လူရည်တတ်များဖြစ်သည်။ သူတို့ အိမ်မှာ နတ်မော်တံတားထိပ်၌ရှိသည်။ ဦးဘမြင့်သည် နတ်မော်၌ သာမဏ်ဟသ်ာတမြို့၏ မြို့မျက်နှာဖုံးလူကြီးလည်းဖြစ်သည်။ မြန်မာ နိုင်ငံဗြိတိသျှအစိုးရ လက်ထက်၌ ကေအက်စ်အမ်ဘွဲ့ ပထမဆုံး ရရှိသော စက်ရှင်မင်းကြီး ဦးကျော်ငြိမ်း၏ သားဖြစ်သည်။ သူ့ယောက္ခမ က

http://www.dhammadownload.com



သူဌေးဖြစ်သည်။ ဒေါ်သန်းနှင့် အကြောင်းပါပြီးမှ ယောက္ခမစရိတ် ဖြင့် အင်္ဂလန်ပညာသွားသင်သည်။ သို့သော်လည်း ထွန်းထွန်းပေါက် ပေါက် ဖြစ်မလာခဲ့။ နောက်ပိုင်း နိုင်ငံရေးထဲဝင်သည်။ ဟသ်ာတ ဦးမြတို့ခေတ် မတိုင်မီကပင် ပါလီမန်အမတ်ဖြစ်ခဲ့သည်။ ဝတ္ထုရေး ဆရာမ ခင်စောဦးသည် ဦးဘမြစ် ၊ဒေါ်သန်းတို့၏ မြေးဖြစ်သည်။ ဦးဘမြစ်၏ဇနီး ဒေါ်သန်းမှာ ကျွန်တော်တို့နှင့် ဆွေမျိုးတော်စပ်၍ ကျွန်တော်တို့ နတ်မော်ရောက်လျှင် ဦးဘမြစ်တို့အိမ်ကိုလည်း အဝင် အထွက်လုပ်သည်။

နတ်မော်တွင် မြို့၏ အင်္ဂါရပ် နှစ်ခုလည်းရှိသည်။ ယင်းအင်္ဂါ နှစ်ရပ်မှာ အပေါင်ဆိုင်နှင့်ဘုံဆိုင်ဖြစ်သည်။ ကျွန်တော်ခုနစ်နှစ် ရှစ် နှစ်သား အရွယ်လောက်ကဖြစ်သည်။ တန်ဆောင်မုန်းလတစ်လ၌ နတ်မော်ရောက်သွားသည်။ ဝေဠုဝန်ဇွဲရကျောင်းကထိန်ပွဲ သွားသော အမေနှင့် လိုက်သွားခြင်းဖြစ်သည်။ နတ်မော်ရောက်သွားသောအခါ တောသားမြို့ရောက်သည်ဖြစ်၍ မြင်မြင်သမျှအဆန်းများကို လေ့လာ စပ်စုလိုသည့်စိတ်ရှိနေသည်။ ယင်းစိတ်ကစေ့ဆော် တိုက်တွန်း၍လား မသိ။ လူကြီးတွေ အလစ်တွင် ကိုယ့်အရွယ်ကလေးနှစ်ယောက် သုံးယောက်ကို အဖော်ညှိပြီး ဘုံဆိုင်ထဲဝင်သွားသည်။ ဘုံဆိုင်တွင် အရက်လည်းရောင်းသည်။ ထန်းရည်လည်းရောင်းသည်။ မြေကြားရွာ ကနတ်မော်အလာ နတ်မော်မရောက်ခင်၌ ထန်းတောတစ်တောရှိသည်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဖြစ်၍ နတ်မော်ဠ်ထန်းရည် ပြတ်သည်ဟူ၍မရှိပေ။

ကျွန်တော်တို့ဘုံဆိုင် သွားခြင်းမှာ အရက်သွားသောက်ခြင်း မဟုတ်ပေ။ ထူးဆန်းသော နေရာတစ်နေရာကို ကလေးဘာဝဝင်ကြည့် ကြခြင်းသာဖြစ်သည်။ ဆော့သည့် သဘောလောက်သာဖြစ်သည်။ အရက်ဝယ်သောက်ဖို့ ပိုက်ဆံလည်းပါမသွားပေ။ သို့သော် ဘုံဆိုင်ထဲ ရောက်သွားသောအခါ အခြေအနေတစ်မျိုး ဖြစ်သွားသည်။ ဘုံဆိုင် ထဲတွင် ဦးမာဒင်ဆိုသူ လူကြီးတစ်ယောက်ကိုသွားတွေ့သည်။ ဦးမာဒင် သည် ဦးဖိုးကျား၏ ရွာ နိဗ္ဗာန်ကဖြစ်သည်။ ဦးဖိုးကျားနှင့်လည်း ဆွေ မျိုးတော်သည်။ ကျွန်တော်တို့နှင့်လည်း ဆွေရိပ်မျိုးရိပ်မကင်းပေ။ ကျွန်တော်၏ မိဘများနှင့်လည်း ရင်းနှီးနေသူဖြစ်သည်။ ဦးမာဒင် သည် ကျွန်တော့်အတွက် သူစိမ်းမဟုတ်သလို ကျွန်တော်လည်း သူ့ အတွက် တူလိုသားလိုဖြစ်နေသည်။ အမှန်က ဦးမာဒင်သည် အရက် ဆိုင်ထဲ မျက်စိလည်လမ်းမှားဝင်လာသော ကျွန်တော့်ကိုမောင်းထုတ် ပစ်သင့်သည်။ မောင်းထုတ်မရလျှင်“ မင်းအမေ မမေတုတ်ကို သွားပြောလိုက်မယ်” ဟု ခြိမ်းခြောက်သင့်သည်။သို့သော်လည်း မောင်း မထုတ်သည့်အပြင် မူးယစ်ရီဝေနေသော အပြုံးဖြင့်ကျွန်တော့်ကို ကြို ဆိုသည်။

“ဟော့...ကောင်လေး။ မင်း အရက် သောက်မလား”

ထက်ဝေယံစာပေ

http://www.dhammadownload.com



"မသောက်ပါဘူး။ ကျွန်တော်တို့ လာကြည့်တာပါ"

"မသောက်လို့ မရဘူး။ အရက်ဆိုင်လာရင် အရက်သောက်ရတယ်"

တချို့လူကြီးများသည် သူတို့အရက်သောက်နေခိုက် အနီးအနား ကလေးတစ်ယောက်ယောက်ရောက်လာလျှင် ကလေးကိုအတင်း အရက်တိုက်တတ်ကြသည်။ ဦးမာဒင်ကလည်း ကျွန်တော်မသောက်ပါဘူးဟု အတန်တန်ငြင်းနေသည့် ကြားထဲက သူသောက်နေသည့် အရက်ခွက်ကို ကျွန်တော့်ပါးစပ်ထဲ တေ့ပေးသည်။ ကျွန်တော်ကလည်း ဝွတ်ခနဲမော့ချလိုက်သည်။ ပါးစပ်ထဲ ၊ လည်ချောင်းထဲ မီးစ ထိုးထည့်လိုက်သလို ဖြစ်သွားသည်။ အရက်သည် ကျွန်တော့်အတွက် ရန်သူ ဖြစ်သွားသည်။ ထိုအချိန်၌ အမေတို့ တစ်သိုက်က ကထိန်ပွဲတွင် ဘုန်းကြီးများအား ကပ်လှူရန်အတွက် ဆွမ်းကွမ်းများကို ချက်ပြုတ် နေကြသည်။ ကျွန်တော်က ဘုံဆိုင်ထဲ အရက်လာမော့နေသည်။ အမေသာသိလျှင် ရင်ကျိုးပေလိမ့်မည်။ သို့သော် လူကြီးမိဘများသည် ထိုအကြောင်းကို သေသည်အထိသိမသွားကြ။

ခုနှစ်နှစ် ရှစ်နှစ်သားအရွယ်ကပင် ကျွန်တော်အရက်သောက် ဖူးသည်။ သောက်ဖူးသည်မှာလည်း အရက်ဆိုင်တွင်ဖြစ်သည်။ သို့သော် နောက်ပိုင်း၌ ရှည်လျားသောနှစ်ပရိစ္ဆေဒကာလအထိ အရက်သောက်

http://www.dhammadownload.com



ဖို့ ဝေးစွ၊ အရက်ကို မြင်တွေ့ရသည့် အခါအခွင့်ပင်မှတ်မှတ်ရရ မရှိခဲ့ပေ။ ရှိအောင်လည်း မလုပ်ခဲ့ပေ။

ထက်စေဝယ်စာမေ

http://www.dhammadownload.com



# ယဉ်သူယဉ်ချင်း

"သူက ခုမှ နေတစ်ဆူလတစ်ဆူ နိုင်ငံကျော် ဆရာတော်ကြီး ဖြစ်နေတာ၊ ငယ်ငယ်တုန်းက ငါနဲ့ကျောင်းအတူနေခဲ့တဲ့ ငါ့ကျောင်း နေဖက် သူငယ်ချင်းဖိုးစကြီးပါ"

မိုးညှင်းတောရ ဆရာတော်ကြီးနှင့် ပတ်သက်၍ ဆရာတော် ကြီးငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့သော ဖားကူးရွာသား တစ်ဦးပြောသော စကားဖြစ်သည်။ မိုးညှင်းဆရာတော်ကြီးသည် သန် လျှင်မြို့နယ်၊ ဖားကူးရွာဇာတိဖြစ်သည်။ ဆရာတော်ကြီး၏ ကျောင်း နေဖက် သူငယ်ချင်းထိုဖားကူးရွာသားသည် မိုးညှင်းဆရာတော်ကြီးကို နိုင်ငံကျော် နေတစ်ဆူ လတစ်ဆူ ဆရာတော်ကြီးတစ်ပါးအဖြစ် မမြင် ဘဲ သူ့သူငယ်ချင်း "ဖိုးစကြီး" အဖြစ်ဖြင့်သာ မြင်သည်။ ကစားဖော် ကစားဖက်ဖြစ်ခဲ့သော ယဉ်သူယဉ်ချင်းတို့၏ အကြား၌ မိမိတို့၏ လက်ရှိအဆင့်အတန်း၊ ရာထူးဂုဏ်သိန်တို့ ပျောက်ကွယ်နေပြီး ကလေး သူငယ်တဝ ကစားဖော် ကစားဖက်ဖြစ်ခဲ့စဉ်က ကျောင်းနေဖက် ဖြစ်စဉ်က ပကတိရုပ်လုံးရုပ်သွင်ပြင်သည်သာလျှင် ပေါ်နေတတ်သည်။

ကျွန်တော့်တွင် ကစားဖော်ကစားဖက် ကျောင်းနေဖက် ငယ်သူ ငယ်ချင်းများရှိကြသည်။ ယင်းတို့အနက် အတော်များများမှာ ယခု

ထက်မေယ်စာရပ

http://www.dhammadownload.com



ကွယ်လွန်ကုန်ကြပြီ။ မိမိရပ်ရွာသို့ တစ်ခါတစ်ခေါက် ပြန်ရောက်သွားသည့် အချိန်၌ဖြစ်စေ၊ အခြားတစ်နေရာရာ၌ သူတို့နှင့်ဆုံသည့်အချိန်၌ဖြစ်စေ ကျွန်တော်တို့အကြားထဲတွင် ခြားထားသော လူ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းတံတိုင်းကြီးသည် ပြိုလဲကျသွားသည်။ငယ်သူချင်းတို့၏ အကြား၌ လောကလူတို့သတ်မှတ်ထားသော မည်သည့် ဂုဏ်ပကာသန အဟန့်အတားကမျှ ဆီးတားမထားနိုင်ပေ။ ငယ်စဉ်တောင်ကျေးကလေးဘဝကကဲ့သို့ပင် တစ်ယောက်နှင့်တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆက်ဆံကြသည်။ ဖက်လဲတကင်းရှိကြသည်။ ပြောမနာဆိုမနာရှိကြသည်။ "မင်းနှင့်ငါ"ချင်း မိုးမွှန်နေသည်။

မိမိထက် အသက်အရွယ် ငယ်သူကိုပင် "ခင်ဗျား၊ ကျွန်တော်" ဟုပြောလေ့ရှိသည်။ သို့သော်လည်း ငယ်သူငယ်ချင်းများနှင့် ဆုံသောအခါ၌မူ ဘယ်နှစ်နှစ်ကြာမှ ဆုံရ ဆုံရ "ခင်ဗျား၊ကျွန်တော်"ဟူသော အပေါ်ယံကြော လောကွတ် ပျူငှာစကားလုံးများ ပျောက်ပြီး "မင်း၊ ငါ"ဟူသော နှလုံးသည်းပွတ်ထဲက စကားလုံးများသည်သာ မိုးမွှန်နေသည်။ ငယ်သူငယ်ချင်းများကလည်း မိမိ၏လက်ရှိအရေခွံကို ခွာချပစ်လိုက်ကြပြီး မိမိနာမည်ကို "ဦး ၊ ကို" တပ်မခေါ်ဘဲ နာမည်လုံးချင်းကို ခေါ်လိုခေါ် ၊ "ဟေ့ကောင်"ဟု ပြောလိုပြောနှင့် ငယ်စဉ်ကပုံစံအတိုင်းသာဖြစ်နေကြသည်။ ယင်းသို့ ငယ်သူငယ်ချင်းများနှင့်

http://www.dhammadownload.com



ဆုံသည့်အခါမျိုး၌ မိမိ၏လက်ရှိဘ၀ကို မေ့ပျောက်ပြီးငယ်စဉ်တောင် ကျေး ကလေးဘ၀ပြန်ရောက်သွားသည့်အတွက် ၊ ငယ်မူပြန်ရသည့် အတွက် ကြည်နူးခြင်းတစ်မျိုးဖြစ်ရသည်။

တလောက မင်းဘူးနှင့် ရွှေစက်တော်ခရီးတွင် မင်းဘူးနှင့် မန်းရေနံ၌ အလုပ်တာ၀န်နှင့် ရောက်ရှိနေကြသော ဦးခင်မြင့်(မြောင်း မြ)၏ တူနှင့်သားကို တွေ့ရသဖြင့် ငယ်စဉ်က ကစားဖော် ကစားဖက် သူငယ်ချင်းတစ်ယောက်၏ အကြောင်းသည် မိမိ၏ အာရုံထဲတွင် ပြန်လည်ဆန်းသစ်လာသည်။ ဦးခင်မြင့်သည် ကျွန်တော်၏ ငယ်သူ ငယ်ချင်း တစ်ယောက်ဖြစ်သည်။ မိမိ၏ အာရုံထဲတွင် ဦးခင်မြင့် ပေါ်လာသောအခါ အမှတ်သညာ ပန်းချီပြခန်းထဲတွင် ဆွဲချိတ်ထား သော မိမိ၏မူလတန်းကျောင်းသားဘ၀ ပန်းချီကားတစ်ချပ်လည်း ပြတ်ပြတ်သားသား ဖြစ်လာသည်။

မောင်ခင်မြင့်သည် သူငယ်တန်းမှစ၍ စတုတ္ထတန်းအထိ ကျွန်တော်တို့ရွာ၌ တစ်ကျောင်းတည်းသာရှိသော မူလတန်းကျောင်း တွင် ကျွန်တော်နှင့် ကျောင်းအတူ တက်ခဲ့သော ကျောင်းနေဖက် သူငယ်ချင်းဖြစ်သည်။ ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ရုံမျှမက ကစားဖော် ကစားဖက်လည်းဖြစ်သည်။ ကိုးနှစ် ဆယ်နှစ်သားအရွယ် လောက်အထိ လည်ပင်းဖက် ကြီးလာခဲ့သော သက်တူရွယ်တူတည်း

http://www.dhammadownload.com



ဖြစ်သည်။

မောင်ခင်မြင့်နှင့် မောင်ခင်လှဟူ၍ ညီအစ်ကိုနှစ်ယောက်ရှိသည်။ ကျွန်တော်တို့ လူမှန်းသူမှန်း မသိတတ်ခင်ကပင် ညီအစ်ကိုနှစ်ယောက်၏ မိခင်ကွယ်လွန်သွားသည်။ မိခင်ကွယ်လွန်သွားသော အခါ ဖခင်ဖြစ်သူက တာဝန်မယူသဖြင့် အိမ်ထောင်မိသားစု တစ်ကွဲ တစ်ပြားစီ ဖြစ်သွားကြသည်။ မောင်ခင်မြင့်ကို သွေးချင်းသားချင်း တစ်ဦးက အမွေစားအမွေခံ မွေးပြီးမောင်ခင်လှမှာမူ အခြားသွေးချင်း သားချင်းတစ်ဦးထံ ရောက်သွားသည်။

မောင်ခင်မြင့်ကို မွေးစားသူ ဦးဘအုန်းနှင့် ဒေါ်အေးလီတို့မှာ အိမ်ကြီးရခိုင်နှင့် ဖြစ်သည်။ မြေပိုင်ရှင် လယ်ပိုင်ရှင်များဖြစ်ကြသည်။ သူတို့၏အဖေ ဦးတာရဲသည် ကျွန်တော်တို့ရွာထဲတွင် မြင်းအလှမွေးပြီး စီးသူနှစ်ဦးအနက် တစ်ဦးဖြစ်သည်။ ကျန်တစ်ဦးမှာ ကျွန်တော်၏ ဘိုးလေး ဦးရွှေလူဖြစ်သည်။ သို့ရာတွင် သူတို့မြင်းစီးသည်ကို ကျွန်တော် တို့ ကောင်းကောင်းမမှတ်မိတော့။ နောက်ပိုင်း၌မူ ဦးတာရဲမရှိတော့ပေ။ ဦးရွှေလူကျန်နေသော်လည်း မြင်းစီးသည်ကိုမတွေ့ရတော့ပေ။ ဦးတာရဲ မရှိတော့သော်လည်း ဦးတာရဲစီးသော မြင်းထားသည့်မြင်းဇောင်းကျန် နေသည်။ ထိုမြင်းဇောင်းထဲတွင် ကျွန်တော်နှင့် မောင်ခင်မြင့်တို့ ကစားကြသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



မောင်ခင်မြင့်သည် ဖိနပ်စီးလေ့ စီးထမရှိပေ။ ကျွန်တော်က ဖိနပ်စီးသည်။ မောင်ခင်မြင့်ကို မွေးစားသော ဒေါ်အေးလီက ကျွန်တော်နှင့် နှိုင်းယှဉ်ပြီး သူ့သားမောင်ခင်မြင့်ဖိနပ် မစီးရကောင်းလားဟု အမြဲဆူပူကြိမ်းမောင်းလေ့ရှိသည်။ သို့ရာတွင် မောင်ခင်မြင့်သည် သူ့အမေ ဆူပူကြိမ်းမောင်းသည့် အခိုက်အတန့်၌သာ ခေတ္တခဏဖိနပ်စီးပြီး မကြာမီမှာပင် သူ့ခြေထောက်နှင့် ဖိနပ် တခြားစီဖြစ်သွားသည်။

ကျွန်တော့်တွင် သားသမီး မြေးမြစ်များမရှိသော်လည်း ကလေးသူငယ်များနှင့် အမြဲလိုလိုပင် အတူတကွနေရသည်။ ယခုလည်း နေဆဲဖြစ်သည်။ ကလေးသူငယ်များသည် ဖိနပ်မစီးလိုကြပေ။ ဖိနပ်စီးရန်လူကြီးများက တဖွဖွပြောရသည်။ သို့ရာတွင် ဖိနပ်တခြား လူတခြားဖြစ်နေသည့်ကသာများသည်။ သူတို့အတွက်ဝယ်ပေးသော ဖိနပ်ကို မစီးကြသော်လည်း လူကြီးဖိနပ်များကိုမူစမ်းသပ်စီးတတ်ကြသည်။ အမှန်ကဖိနပ်စီးခြင်းသည် လူ၏အပေါ်၌ဝန်ပိနေခြင်းတစ်မျိုးသာဖြစ်သည်။ လူ၏ ပင်ကိုလွတ်လပ်မှုကို ချုပ်ကိုင်ထားခြင်းတစ်မျိုးသာဖြစ်သည်။ ကလေးသူငယ်များ၏ ပင်ကိုစိတ်သည် လွတ်လပ်မှုကိုလိုချင်ကြသည်။ ကလေးသူငယ်များ ဖိနပ်မစီးလိုခြင်း၏ အကြောင်းတစ်ခုမှာ သူတို့၏ မသိစိတ်က မြေကြီးနှင့် ထိတွေ့လိုခြင်း ဖြစ်တန်ရာသည်။ ကဗျာဆရာကြီး ရာဗင်န္ဒြာနတ်တဂိုးယ်စဉ်ကလည်း ဖိနပ်စီးလေ့ မရှိပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



စီးသည့်တိုင်အောင် သူခြေချသည့် နေရာ၌ သူ့ဖိနပ်က ရှိ မနေပေ။ ဖိနပ်ကို ခြေနှင့် ကန်ကန်ထုတ်နေသည်ဖြစ်၍ ဖိနပ်ကသူ့ ရှေ့ရောက်ရောက်နေတတ်သည်။

ကျွန်တော်ကမူ ငယ်စဉ်က ကလေးသဘာဝနှင့် ဆန့်ကျင်ပြီး ဖိနပ်တဖျပ်ဖျပ်စီးတတ်သည်။ ကျွန်တော်သည် ငယ်စဉ်က ကလေး မပီသသော ကလေးတစ်ယောက်ဖြစ်သည်။ ကလေးတို့ မည်သည်မှာ ဆော့ရသည်။ လူကြီး အာပေါက်မတတ် ပြောရလောက်အောင် မျက်စိ နောက်လောက်အောင် ဆော့ရသည်။ ကျွန်တော်က ငြိမ်ငြိမ်အေးအေး နေတတ်သည်။ တဂိုး၏ "အိမ်အပြန်" ဝတ္ထုတိုထဲတွင် ဇာတ်ဆောင် ကလေးညီအစ်ကိုနှစ်ယောက်အနက် ဆိုးသော၊ တေသော၊ ဆော့သော ကလေးက ကလေးပီသပြီး ငြိမ်ငြိမ်အေးအေး နေသောကလေးက ကလေးမပီသပေ။ ကလေးသူငယ်သည် "ဇီလိုဆိုဖာ" ကဲ့သို့မနေရပေ။ ကလေးလိုနေရသည်။ သို့မှသာ ထက်မြက်သောကလေးတစ်ယောက် ဖြစ်လာနိုင်သည်။ ငယ်စဉ်က ကလေးပီပီ မနေဘဲ "ဇီလိုဆိုဖာ"လို နေခဲ့၍ ကလေးဘဝက ကျွန်တော်အစွမ်းသတ္တိပျောညှံ့ခဲ့သည်။ကလေး ချင်းယှဉ်လျှင် အနိုင်ကျင့်ခံရသည်။ "ဘူလီ"အလုပ်ခံရသည်။ ထစ်ခနဲရှိ လျှင်မျက်ရည်ကျသည်။ ကျွန်တော်ငယ်ငယ်က မျက်ရည်အလွန်လွယ် သည်။ လူကြီးများပြောင်ရုံ စရုံနှင့်မျက်ရည်ကျသည်။ "ဟော ဝိုတော့

http://www.dhammadownload.com



မယ်၊ ငိုတော့မယ်"ဟု ပြောရုံမျှနှင့်လည်း ငိုသည်။ အငိုလွယ်သောအခါ လူကြီးများပြောင်ဖတ်၊ နောက်ဖတ်ဖြစ်ခဲ့ရသည်။

ငြိမ်ငြိမ်အေးအေး နေသည်ဆိုသော်လည်း အခါခပ်သိမ်းမဟုတ် သူငယ်ချင်းများနှင့် ကစားသည့်အခါလည်းရှိသည်။ ဘုန်းကြီးကျောင်းဝင်းနှင့် ရွာထိပ်အကြားရှိ ကွက်လပ်ကြီးထဲတွင် ကျွန်တော်တို့ဘောလုံးကစားကြသည်။ ကျွန်တော်တို့တွင် ကစားစရာဘောလုံး မရှိပေ။ အဝတ်ထုပ်ကို ကျစ်နေအောင် ကြိုးနှင့် ထပ်ခါထပ်ခါ ချည်ပြီး ဘောလုံးလုပ်ကန်ကြရသည်။ ကျွန်တော်တို့ထဲတွင် မောင်ခင်မြင့်သည် ဘောလုံးကန်အကောင်းဆုံးဖြစ်သည်။ အဝတ်ထုပ်ကို ဘောလုံးလုပ်ကန်သော ကလေးဘောလုံးပွဲ၌ ခြေစွမ်းပြခဲ့သော မောင်ခင်မြင့်သည် အရွယ်ရလာသောအခါ သန့်သနော့ လက်ရွေးစင်ဖြစ်လာသည်။

ကျွန်တော်တို့ရွာနှင့် ချောင်းတစ်ဖက်ကမ်းရှိ သာဇီရွာသည် ချိန်းချိန်းပြီး ဘောလုံးကန်လေ့ရှိကြသည်။ သန့်သနော့ရွာနှင့် သာဇီရွာသည် နှစ်ရွာတစ်ရွာလိုဖြစ်နေသော်လည်း ၊ တစ်ရွာနှင့်တစ်ရွာ ရက်ကန်းရှယ်သလို သွေးချင်းသားချင်း တော်စပ်နေကြသော်လည်း ကြားထဲတွင် ချောင်းခြားနေသည်က တစ်ကြောင်း၊ ဘာသာရေးဂိုဏ်းဂဏ အစွဲအလမ်းရှိနေသည်က တစ်ကြောင်း ကျွန်တော်တို့ငယ်စဉ်က တစ်ရွာနှင့်တစ်ရွာ ရင်ကြားမစေ့ကြပေ။ အစေးမကပ်ကြပေ။ ခပ်စိမ်း

http://www.dhammadownload.com



စိမ်းပင် နေကြသည်။ ဘာသာရေး ဂိုဏ်းဂဏအစွဲအလမ်းသည် လူသားတို့၏သွေးစည်းညီညွတ်မှုကို များစွာအဟန့်အတားဖြစ်စေသည်။

သန္တံသနော့ရွာက "ကံ"ကိုးကွယ်ပြီး သာဂီရွာက "ဒွါရ"ကို ကိုးကွယ်သည်။ "ကံ ၊ဒွါရ"ဂိုဏ်းဂဏ အစွဲသည် ရွာနှစ်ရွာကို ခြားထားသော ချောင်းနှင့် အပြိုင် သန္တံသနော့ရွာနှင့် သာဂီရွာကို ကတ္တားခြားထားသည်။ ချောင်းနှင့်ဘာသာရေး၊ ဂိုဏ်းဂဏအစွဲ အဟန့်အတားတို့ကြောင့် နီးလျက်နှင့် ဝေးနေသော သန္တံသနော့ရွာနှင့် သာဂီရွာသည် သန္တံသနော့ရွာထိပ်က ဘောလုံးကွင်း၌ချိန်းပြီး ဘောလုံးကန်ကြသော အခါ အကြိတ်အနယ် ခြေစွမ်းပြကြသည်။ ယင်းဘောလုံးပွဲများ၌ သန္တံသနော့လက်ရွေးစင် မောင်ခင်မြင့်သည် "စတား"ဖြစ်သည်။ ထိုအချိန်က ကျွန်တော် ကိုရင်ဝတ်သွားပြီဖြစ်၍ ထိုဘောလုံးပွဲများ၌ ပါဝင်ယှဉ်ပြိုင် မကစားနိုင်တော့ပေ။

ထို့နောက် ကိုရင်ဝတ်နှင့် တစ်ရပ်တစ်ရွာသို့ စာသင်ထွက်သွားရသည်ဖြစ်၍ ငယ်သူငယ်ချင်းများနှင့် ကွဲကွာသွားသည်။

မောင်ခင်မြင့်လည်းသူ၏ အုပ်ထိန်းသူများ ကွယ်လွန်သွားသည်ဖြစ်၍မြောင်းမြသို့ လွင့်သွားသည်။ သူညီမောင်ခင်လှလည်း မြောင်းမြရောက်သွားသည်။ မောင်ခင်လှမှာမူ သူ၏အုပ်ထိန်းသူများနှင့်အတူ မြောင်းမြသို့ပြောင်းသွားခြင်းဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



မြောင်းမြရောက်သွားသောအခါ ညီအစ်ကို နှစ်ယောက် တစ်လမ်းသွားစီဖြစ်သွားကြသည်။ အစ်ကိုဖြစ်သူ မောင်ခင်မြင့်မှာ အပ်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေပြီး ညီဖြစ်သူ မောင်ခင်လှမှာမူ နိုင်ငံရေးဇာတ်ခုံပေါ် ရောက်လာသည်။ မြောင်းမြမြို့ မြို့နီစပယ် လူကြီးတစ်ဦး ဖြစ်လာသည်။ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် မြန်မာနိုင်ငံ ကိုယ်စားလှယ်တစ်ဦးအဖြစ် နိုင်ငံခြားသွားရသည်။ ပမညတ အဖွဲ့ဝင်ဖြစ်လာသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဟင်္သာတ မြို့နယ် တောင်သူလယ်သမား အစည်းအရုံးဥက္ကဋ္ဌဖြစ်လာသည်။ ထို့နောက် ယင်းတာဝန်ထမ်းဆောင်ရင်းပင် ဟင်္သာတမြို့၌ ကွယ်လွန် သွားသည်။ သူကွယ်လွန်သွားသောအခါ လူချစ်လူခင်ပေါများသူတစ်ဦး ဖြစ်၍ ဟင်္သာတမြို့သူမြို့သားများမှာ တသသ ဖြစ်ကျန်ရစ်ခဲ့ကြသည်။

ကျွန်တော်နှင့် မောင်ခင်မြင့် ကွဲကွာသွားကြသည်မှာ နှစ်ပရိစ္ဆေဒ မည်ရွေ့မည်မျှ ကြာသွားပြီဆိုသည်ကိုပင် မမှတ်မိတော့။ လွန်ခဲ့သည့် ၁၅ နှစ်ခန့်က မြောင်းမြမြို့သို့ ပထမဆုံးအကြိမ် ရောက်ရှိသွားမှ ငယ်သူငယ်ချင်းနှင့် တစ်ကြိမ်ပြန်ဆုံရသည်။ ထိုအချိန်၌ သူ၏ ငယ်မူငယ်ရုပ် ကျန်ရှိနေသေးသော်လည်း တစ်ခေါင်းလုံးဖွေးဖြူနေပြီ။ မောင်ခင်မြင့်လည်းမဟုတ်တော့ပေ။ ဦးခင်မြင့်ဖြစ်နေပြီ။ ကျွန်တော် ရန်ကုန်ပြန်မည်လုပ်သောအခါ သင်္ဘောပေါ်အထိ လိုက်ပို့ပြီး ကျွန်တော်

http://www.dhammadownload.com



သောက်တတ်သော စီးကရက်အမျိုးအစားစီးကရက်တစ်ဘူး ဝယ်ပေးသွားသည်။ ယင်းစီးကရက်ဘူးသည် ငယ်သူချင်း၏ နောက်ဆုံးအမှတ်တရလက်ဆောင်အဖြစ် ယခုထက်တိုင် အမှတ်သညာထဲက ထွက်ခွာမသွားသေးပေ။

သူ ယခု မရှိတော့။ ကွယ်လွန်သွားသည်မှာ လေးငါးနှစ်ရှိသွားပြီ။

http://www.dhammadownload.com



## ဟိန္ဒူဆရာမ ရုပ်ရှင်ပျံသလား

အသက်မွေးဝမ်းကျောင်းအဖြစ် ကျွန်တော်၏အဖေ အပ်ချုပ်လုပ်ငန်း လုပ်သည်ဆိုသည့်အကြောင်း တစ်ကြိမ်မက ရေးသားခဲ့ဖူးပြီ။ ကျွန်တော်သုံးလေးနှစ်သားအရွယ်က မိမိတို့ရပ်ရွာ၌ အပ်ချုပ်လုပ်ငန်းလုပ်ခြင်းထက် ဟင်္သာတမြို့ပေါ်တက်၍ စက်ချုပ်လျှင် ပိုမိုပြီးဝင်ငွေဖြောင့်တန်းလိမ့်မည်ဟူသော ရည်မှန်းချက်ဖြင့် အဖေသည်တောရွာမှ ဟင်္သာတမြို့ ပြောင်းရွှေ့လျက် အပ်ချုပ်လုပ်ငန်း လုပ်ကိုင်သည်။ အဖေ ဟင်္သာတမြို့ပေါ် ပြောင်းရွှေ့သွားသောအခါ မိသားစုတစ်ခုလုံး လိုက်ပါသွားရသည်။ ဟင်္သာတမြို့ တာကလေးရပ်တွင်နေကြသည်။ တာကလေးရပ်တွင် ကျွန်တော်တို့၏ ဆွေမျိုးတစ်သိုက် အခြေချနေကြသည်။ ယင်း ဆွေမျိုးတစ်သိုက်ထဲက ကျွန်တော့်အဖေ၏ အမေ့ညီမ ကျွန်တော့်ဘွားလေး ဒေါ်နှင်းညွှန့်တို့၏ အိမ်၌ နေကြသည်။ အိမ်မှာ ကျယ်ကျယ်ဝန်းဝန်းရှိသဖြင့် သူတို့မိသားစုအပြင် ကျွန်တော်တို့ မိသားစု ပါနေ၍ရသည်။

ဒေါ်နှင်းညွှန့်၏ ယောက်ျားအိမ်ထောင်ဦးစီး ဦးဂျာဖားမှာလည်း ထိုစဉ်က အပ်ချုပ်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်သည်။ ဦးဂျာဖားသည် ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ ဘကြီးဖြစ်သည်။ ဦးဂျာဖားမိသားစု

http://www.dhammadownload.com



လည်း ကျွန်တော်တို့ရွာသူရွာသားများပင်ဖြစ်သည်။ ရွာတွင် အချိန်ကြာမြင့်စွာနေပြီး နောက်ပိုင်းကျမှ ဟသ်ာတပြောင်းရွှေ့ အခြေချသူများ ဖြစ်သည်။ နာမည်ဆန်းဆန်း မှည့်တတ်သော ကျွန်တော်တို့ရွာ ဓလေ့ကြောင့်လားမသိ၊ သူ့နာမည်ကိုလည်း အနက်အဓိပ္ပာယ်တွေး၍ မရလောက်အောင်ပင် ခပ်ဆန်းဆန်းမှည့်ထားသည်။ အမေရိကန်သမ္မတဂျက်ဖာဆင်အမည်ကိုလည်းကောင်း၊ သို့မဟုတ် အစ္စရေးဆိပ်ကမ်းဂျာဖာ၏ အမည်ကိုလည်းကောင်း ယူပြီးမှည့်ထားသော အမည်တော့ ဟုတ်ဟန်မတူပေ။ သူ့တခြားအမည်တစ်ခုရှိသေးသည်။ အဓိပ္ပာယ်ရှိရှိမှည့်ထားသော သူ့တခြားအမည်မှာ "ဦးဘိုးလု"ဖြစ်သည်။ သို့ရာတွင် "ဦးဘိုးလု"ဟူသော အမည်ကိုသိသူ နည်းသည်။ ဦးဂျာဖားကိုသာလျှင် နှုတ်ကျိုးနေကြသည်။

ဦးဂျာဖားတို့၏ အိမ်နှင့် တစ်အိမ်ကျော်လောက်တွင်လည်း ကျွန်တော်တို့၏ အမျိုးအိမ်ရှိသည်။ ထိုအိမ်မှာလည်း ကျွန်တော့်အဘွားဒေါ်သဲပွင့်၏ ညီမကျွန်တော့်ဘွားလေး ဒေါ်နှင်းပွင့်တို့၏အိမ်ဖြစ်သည်။ ဆွေမျိုးတစ်သိုက်၏ အရိပ်အောက်တွင် နေခွင့်ရသဖြင့် ကိုယ့်အိမ်ကိုယ့်ရာမဟုတ်ဘဲ တစ်ရပ်တစ်ရွာတွင် နေရစေကာမူ နေရထိုင်ရသည်မှာ အခက်အခဲမရှိပေ။ လုပ်ငန်းကိုင်ငန်းကလည်း အဆင်ပြေနေသဖြင့် ကျွန်တော်တို့မိသားစုသည် ဟင်္သာတမြို့ တာကလေးရပ်တွင်

http://www.dhammadownload.com



ခြောက်လ တစ်နှစ် ကြာသွားသည်။ ထိုအကြိမ်သည် မိမိရပ်ရွာမှ ထွက်၍ တခြားရပ်ရွာ၌ ကျွန်တော်ပထမဦးဆုံးနေရခြင်းဖြစ်သည်။

ဟသ်ာတမြို့၊တာကလေးရပ်တွင် နေထိုင်စဉ်က အကြောင်းအရာများကို ဘာတစ်ခုမှ မှတ်မှတ်ရရ မရှိတော့။ သို့သော်လည်း ထိုစဉ်က ကလေးငယ်တစ်ယောက်ဖြစ်သူ ကျွန်တော်၏ အမှတ်သညာထဲတွင် စွဲနေသော အကြောင်းအရာ နှစ်ခုရှိသည်။ ထိုအကြောင်းအရာနှစ်ခုမှာ အကျဉ်းသားများနှင့် ဟိန္ဒူဆာဓူးတစ်ပါး၏ အကြောင်းဖြစ်သည်။

နေ့စဉ် နေ့တိုင်းလိုလိုပင် အကျဉ်းထောင်ထဲမှ ထောင်ကျအကျဉ်းသားများကို ထုတ်ပြီးလျှင်ကျွန်တော်တို့နေသည့် အိမ်ရှေ့တာကလေးလမ်းမှ မြို့ပြင်သို့ခေါ်ဆောင်သွားကြသည်။ မြို့ပြင်ရှိ အစိုးရစိုက်ပျိုးရေးလုပ်ငန်းစသည်တို့၌ ယခုခေတ်ရဲဘက်များမှာ လုပ်ငန်းခွင်ရှိရာသို့ ပြောင်းရွှေ့နေထိုင်ပြီး အလုပ်လုပ်ကြရခြင်းဖြစ်သည်။ ထိုထောင်သားများမှာမူ တစ်နေ့တစ်ကြိမ် ထောင်က ထုတ်၍ အလုပ်လုပ်ခိုင်းခြင်းဖြစ်ပြီး တစ်နေ့တာ အလုပ်လုပ်ပြီးသောအခါ ထောင်ထဲပြန်ဝင်သွားကြရသည်။

ယင်းကဲ့သို့ အကျဉ်းသားများကို နေ့စဉ် အပြင်ထုတ်ပြီး အလုပ်ကြမ်း လုပ်ခိုင်းခြင်းမျိုးကို ဂျပန်ခေတ်ကလည်း တွေ့ရှုသည်။ ဂျပန်

http://www.dhammadownload.com



ခေတ်က အချိန်အတော်ကြာကြာ ကျွန်တော်သန်လျင်မြို့ ရောက်နေသည်။ သန်လျင်မြို့တွင် ဂျပန် အကျဉ်းစခန်းတစ်ခု ရှိသည်။ ထိုအကျဉ်းစခန်း၌ ဂျပန် အကျဉ်းချထားသော အကျဉ်းသားအတော်များများ ရှိသည်။ ယင်းအကျဉ်းသားများထဲတွင် ကျွန်တော်နှင့်ခင်မင်ရင်းနှီးသော မြန်အောင်မြို့မှ ဦးအေးမောင်လည်း အပါအဝင်ဖြစ်သည်။ ဦးအေးမောင်သည် အင်္ဂလိပ်ခေတ်က မြန်အောင်မြို့၌ ရာဇဝတ်ဝန်ထောက်ဖြစ်သည်။ ဂျပန်ဝင်လာသောအခါ ဦးအေးမောင်ကို အင်္ဂလိပ်သူလျှိုဟု စွပ်စွဲပြီးဂျပန်တပ်က လိုက်ဖမ်းသည်။ ဦးအေးမောင်က ရှောင်နေသည်ဖြစ်၍ တော်တော်နှင့် ဖမ်းမမိ။ နောက်ဆုံးအဖမ်းခံလိုက်ရသည်။

ဦးအေးမောင်ကို ဖမ်းပြီး သန်လျင်အကျဉ်းစခန်းသို့ ပို့လိုက်သည်။ ဂျပန်စစ်သားများသည် သန်လျင်အကျဉ်းစခန်းမှ သူတို့ဖမ်းဆီးထားသော အကျဉ်းသားများကို ထုတ်လျက် လုပ်ငန်းခွင်ရှိရာခေါ်သွားပြီး အလုပ်ကြမ်းလုပ်ခိုင်းသည်။ ဦးအေးမောင်အတွက် ကံကောင်းလှသည်ဟုပင်ဆိုရမည်။ ဦးအေးမောင်သည် အလုပ်ကြမ်းလုပ်ရသော အကျဉ်းသားများ၏ အကြီးအကဲ ကူလီခေါင်းလုပ်ရသည်။ ထိုအချိန်က ကျွန်တော် သန်လျင်တွင် နေသဖြင့် ကူလီခေါင်း ဦးအေးမောင် အမှူးရှိသော အကျဉ်းသားများ အကျဉ်းထောင်မှ လုပ်

http://www.dhammadownload.com



ငန်းခွင်ရှိရာသို့ တန်းစီထုတ်ယူသွားတိုင်းလိုလိုပင် မြင်တွေ့နေရသည်။ အင်္ဂလိပ်ပြန်ဝင်လာသောအခါ ဦးအေးမောင်သည် မြန်အောင်၌ပင် နဂိုရှိရင်းစွဲ ရာထူးထက် အဆင့်အတန်း တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။

တာကလေးလမ်းပေါ်၌ နေ့စဉ်လိုလိုပင် တန်းစီလျှောက်သွားသော ထောင်သားများကို သုံးလေးနှစ်သား အရွယ်မျှသာရှိသေးသော ကျွန်တော်သည် အထူးပင်စိတ်ဝင်စားသည်။ ကြည့်လည်း ကြည့်ချင်သည်။ ကောင်းကောင်းလည်းမကြည့်ရဲပေ။ ထောင်သားများအိမ်ရှေ့ရောက်လာလျှင် ကျွန်တော်အိမ်ရှေ့ထွက် ကြည့်လိုက်၊ အိမ်ထဲပြေးဝင်လိုက်နှင့် အလုပ်ရှုပ်နေတတ်သည်။ ထောင်သားများသည် အဖြူရောင်ညစ်ထပ်ထပ် အဝတ်အစားများကို ဝတ်ထားကြသည်။ သံကြိုးနှင့်လက်ကိုချည်နှောင်ထားသော ထောင်သားများကို မြင်ရသောအခါ သနားသွားပြီး သူတို့နောက်က နံပါတ်တုတ်နှင့်ဖြစ်စေ၊ ရိုင်ဖယ်သေနတ်နှင့်ဖြစ်စေ၊ လိုက်ပါလာသော အင်္ဂလိပ်အစိုးရပုလိပ်ကိုတွေ့ရသော အခါ မုန်းစိတ်ပွားလာသည်။ သို့သော်လည်း ထောင်သားများကို ကြည့်ရသည်မှာ မျက်နှာတစ်ချက် မညှိုးပေ။ ကိုယ်ချင်းစာနာစိတ်ရှိသော လမ်းဘေးရှိ လူများက ဆေးလိပ်များကို ပစ်ပေးကြသောအခါ ပုလိပ်နံပါတ်တုတ်ကြားထဲက သနားစရာ အလုအယက် ကောက်ယူကြ သည်။ တာကလေးလမ်းမပေါ်၌ တစ်နေ့တစ်ခါ တွေ့ရသော

http://www.dhammadownload.com



ထိုအကျဉ်းကျထောင်သားများသည် ယခုထက်တိုင်ပင်ကျွန်တော်၏ အမှတ်သညာထဲက ပျောက်မသွားပေ။

ထိုအချိန်က ကျွန်တော်၏ အမှတ်သညာထဲတွင် စွဲနေသူ တစ်ယောက်မှာ တာကလေးလမ်းမပေါ်၌ မကြာခဏမြင်ရသော ဆာဓုးကြီးဖြစ်သည်။ ဆာဓုးကြီး၏ ပုံပန်းသဏ္ဌာန်ကို မြင်ရသည်မှာ အရူးကြီးတစ်ယောက်ဟု အောက်မေ့ရသည်။ မုတ်ဆိတ်မွေး ပါးမြိုင်းမွေး ဖားဖားကြီးနှင့် ဖြစ်သည်။ ဆံပင်ကိုလည်း မရိတ်ပေ။အဝတ်ကို လည်း ဖိုသီဖတ်သီ ဝတ်ထားသည်။ သို့သော်လည်းထိုလူကြီးမှာ အရူး မဟုတ်ပေ။ ဟိန္ဒူဆာဓုးကြီး ဖြစ်သည်။ ဟိန္ဒူသူတော်စင်ကြီးဖြစ်သည်။

"ဆာဓုး" ဟူသည်မှာ သူတော်စင်ကို ခေါ်သည်။ ဆာဓုးကြီးကို စောင့်ကြည့်နေကြသူ တချို့က "ဆာဓုးကြီးသည် တစ်ခါတစ်ရံမြေကြီး ပေါ် ခြေထောက်မထိဘဲ လျှောက်သွားသည်"ဟု ပြောကြသည်။ ကျွန်တော်ကိုယ်တိုင်မူ တစ်ခါမှ မတွေ့ဖူးပေ။ အရူးလို့ ထင်ရသော ထိုဆာဓုးကြီးကို လူတွေအလွန်တရာ လေးစားကြသည်။ ဆာဓုးကြီး သည် လမ်းမပေါ်လျှောက်သွားသည့်အခါ မည်သည့်ဘက်ကိုမှ လှည့် မကြည့်ဘဲ ရှေ့နှစ်လှမ်းသုံးလှမ်းလောက်ကိုသာ ကြည့်ပြီး စကျွံနွေ့ ချလျှက်သွားသည်။ လူတွေက ထိုဆာဓုးကြီးကို ပစ္စည်းဝတ္ထုများ ပေးလှူ ကြသည်။ သို့သော်လည်း ဆာဓုးကြီးသည် မည်သည့်ပစ္စည်းကိုမှ

http://www.dhammadownload.com



လက်မခံပေ။

ထိုဆာဓုးကြီးသည်ကျွန်တော် ပထမဆုံးအကြိမ် တွေ့ရသော ကြည်ညိုဖွယ်အကောင်းဆုံး ဟိန္ဒူဆာဓူးကြီးဖြစ်သည်။ ကျွန်တော် အိန္ဒိယတွင် လေးငါးနှစ်လောက် ဆက်တိုက်နေဖူးသည်။ နောက်ပိုင်းတွင်လည်း အခေါက်ခေါက်အခါခါ ရောက်သည်။ ဟိန္ဒူဆာဓူးများ၏ တန်ခိုးဣဒ္ဓိပါဒ်အကြောင်း စိတ်ဝင်စားသူများက အိန္ဒိယတွင် တန် ခိုးရှင် ဟိန္ဒူဆာဓူးများကိုတွေ့ခဲ့ဖူးပါသလားဟု မေးကြသည်။ ဟိန္ဒူ ဆာဓူးများသည် မြေလျှိုးကြသည်။ မိုးပျံကြသည်။ ရေပေါ်လျှောက်ကြ သည်။ နှစ်ရှည်လများ ဂူအောင်းနေကြသည်။ အိန္ဒိယတွင် နေစဉ်က ထိုဆာဓူးမျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးပေ။ ထိုဆာဓူးများမှာ မြို့ပြမှာ မနေကြဘဲ တောထဲ တောင်ထဲမှာသာနေကြသည်။ ဟိမဝန္တာဝန်းကျင် မှာနေကြသည်။

"ဟိမဝန္တာမှ ဆရာမြတ်များ"အမည်ရှိ စာအုပ်စသည်တို့တွင် တန်ခိုးရှင် ဟိန္ဒူယောဂီ တပသီတို့၏ အကြောင်းကို အမြောက်အမြား ဖတ်ရသည်။ သို့သော်လည်း အိန္ဒိယတွင် နေစဉ်က ကျွန်တော်တို့ သည် မြို့ပြ၌သာနေရ၍ ထိုဆာဓူးမျိုးနှင့် မကြုံဖူးခဲ့ပေ။ မြို့ထဲရွာထဲ သွားလာနေသော ဆာဓူးများကိုသာတွေ့ရသည်။ ထိုဆာဓူးများအနက် တချို့မှာ အဝတ်လုံးဝမရှိဘဲ လူတွေကြားထဲ ခပ်တည်တည်သွားလာ

http://www.dhammadownload.com



နေကြသည်။ ဟိန္ဒူဘုန်းကြီးများနေသော ကျောင်းတိုက်အချို့ကိုလည်း ရောက်ဖူးသည်။ သို့ရာတွင် ထိုကျောင်းတိုက်ရှိ ဟိန္ဒူဆာဓုးများလည်း မြို့ပြမှာနေကြသော ဆာဓုးများဖြစ်၍ သူလိုငါလိုဆာဓူးများသာဖြစ်သည်။

တစ်ခုတော့ရှိသည်။ တန်ခိုးအစွမ်းနှင့် ပြည့်စုံသောဆာဓူးတစ်ပါးကို လွန်ခဲ့သည့် အနှစ် ၂၀ ကျော်လောက်က တစ်ကြိမ်တွေ့ဖူးသည်။ ထိုဆာဓူးကို အိန္ဒိယပြည်၌ တွေ့ခြင်းမဟုတ်ဘဲ မြန်မာပြည်၌ တွေ့ခြင်းဖြစ်သည်။ ကမ္ဘာလှည့်လာသော ဟိန္ဒူဆာဓူးတစ်ပါး ရန်ကုန်ရောက်လာသည်။ ကုန်သည်လမ်း အိန္ဒိယအမျိုးသားတစ်ဦး၏ တိုက်အပေါ်ထပ်မှာ တည်းသည်။ သတင်းကြား၍ကျွန်တော်တို့ ထိုဆာဓူးကို သွားတွေ့သည်။ ထိုဆာဓူးလည်း ဟိမဝန္တာဆာဓူးဖြစ်သည်။ တန်ခိုးအစွမ်းသတ္တိနှင့် ပြည့်စုံသည့် ဆာဓူးဖြစ်ရုံမျှမက စာပေကျမ်းဂန်ကိုလည်း တတ်ကျွမ်းသူဖြစ်သည်။ ဟိန္ဒူဓမ္မနှင့် ပတ်သက်၍စာအုပ်ရေးသားပြုစုထားသည်။

ထိုဆာဓူးသည် ဟိမဝန္တာတွင် နေစဉ်က နှစ်ရှည်လများ ဂူအောင်းနေခဲ့ဖူးသည်။ ရက်ပေါင်းများစွာ မြေတိုက်ထဲတွင် အလုံပိတ်ပြီး မစားမသောက်ဘဲ နေခဲ့ဖူးသည်။ ထိုဆာဓူး၏ ထူးခြားချက်မှာ နာရီပေါင်းများစွာအထိ နှလုံးသွေးခုန်ခြင်းကို ရပ်တန့်ထားနိုင်ခြင်းဖြစ်သည်။ ယင်းသို့ နှလုံးသွေးခုန် ရပ်တန့်ထားခြင်းကို ဆရာဝန်

http://www.dhammadownload.com



များကလည်း စမ်းသပ်စစ်ဆေးထားပြီးဖြစ်သည်။

ကျွန်တော်တို့က ဆရာကြီးကို သူ၏အစွမ်းသတ္တိနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းကြည့်သောအခါ ဆရာကြီးက " သူ့အလေ့ အထနှင့် ကင်းကွာနေသည်မှာ ကြာပြီဖြစ်၍ ရှေးကလိုအစွမ်း ထက်ထက်မြက်မြက် မရှိတော့။ သို့သော်လည်း ခင်ဗျားတို့ကို လက်တွေ့ပြနိုင်သလောက်ပြပါဦးမယ်။" ဟုပြောပြီး နှလုံးသွေးခုန်ခြင်းကို မိနစ်ပိုင်းလောက် ရပ်တန့်ပြသည်။ ကျွန်တော်နှင့် အဖော်နှစ်ဦး သုံးဦး သူ့နှလုံးသွေး ခုန် မခုန် စမ်းနေကြသည်။ အမှန်က နှလုံးသွေး အခုန်ရပ်သွားခြင်းမှာ အသက်ပျောက်သွားခြင်းပင်ဖြစ်သည်။ သို့သော်လည်း ထိုဆရာသည် နှလုံးသွေးအခုန်ရပ်ခြင်းကို မိနစ်ပိုင်းအထိ အောင်မြင်စွာပြသွားသည်။

ယင်းသို့အားဖြင့် အိန္ဒိယတွင် လည်းကောင်း၊ မြန်မာပြည်တွင် လည်းကောင်း ဟိန္ဒူဆရာ အတော်များများကိုတွေ့ကြုံခဲ့ဖူးသည်။ သို့ရာတွင် ကျွန်တော်သုံးလေးနှစ်အရွယ်က ဟသ်ာတမြို့ တာကလေး လမ်းမပေါ်၌ မည်သူ့ကိုမှလည်း စကားမပြော၊ မည်သူ့ကိုမှလည်း လှည့်မကြည့်၊ သူ့ဟာသူ လျှောက်သွားလေ့ရှိသော ဟိန္ဒူဆရာလောက် မိမိ၏ အမှတ်သညာထဲတွင် စွဲကျန်မနေပေ။

နောက်ပိုင်းတွင် ဟသ်ာတမြို့ တာကလေးရပ်သည် ကိုယ့်အိမ်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကိုယ့်ရာလို ဖြစ်လာသည်။ မိမိဇာတိရပ်ရွာကိုပြန်လျှင် ဟင်္သာတ တာကလေးရပ်ရှိ ဆွေမျိုးများအိမ်၌ တစ်ညတန်သည်၊ နှစ်ညတန်သည် အိပ်ပြီးမှ ပြန်လေ့ရှိသည်။ ရွာမှအပြန်တွင်လည်း တာကလေး၌သာ တစ်ထောက်နားပြီးမှပြန်သည်။ ဒုတိယ ကမ္ဘာစစ်ပြီးသောအခါ ကျွန်တော်၏ ဘကြီးဦးဘိုးသီသည် တာကလေးရပ်၌ တိုက်ဆောက်ပြီး အခြေချသည်။ တာကလေးရပ်သို့ စာပေဟောပြောပွဲလည်းသွားဖူး သည်။ သို့သော်လည်း တာကလေးရပ်တွင် သတိပြုမိသည့်မှာ အသံချဲ့စက်များ ဆူညံစွာဖွင့်နေတတ်ခြင်းပင်ဖြစ်သည်။ နောက် သတိပြု မိတာ တစ်ခုရှိသေးသည်။ ဟင်္သာတဘူတာနှင့် ကမ်းနားအကြား တာကလေးရပ်ကို ဖြတ်ဖောက်ထားသော မီးရထားလမ်း၌ ခုတ်မောင်း သွားလာနေသော မီးရထား ဥသြသံနှင့် မီးရထားခုတ်သံဖြစ်သည်။ ကြားနေကျလူများအတွက် အရိုးခံ ဖြစ်နေသော်လည်း တစ်ခါတစ်ရံ သွားရောက် နေထိုင်သူအတွက်မှာမူ နေ့အချိန်၌ မထောင်းထာလှ သော်လည်း ညလူခြေတိတ်ချိန်၊ အိပ်ချိန်၌ အတော်ပင် အနှောင့် အယှက်ဖြစ်သည်။

ယင်းသို့အားဖြင့် ဟင်္သာတမြို့ တာကလေးရပ်တွင် တွေ့ကြုံရသော နောက်ပိုင်းအတွေ့အကြုံများအနက် မိမိအားအနှောင့် အယှက်ပေးသော အတွေ့အကြုံနှစ်ခုကသာ ရေ့တန်းရောက်နေ

http://www.dhammadownload.com



သော်လည်း မိမိကလေး ဘဝ ငယ်စဉ်က တွေ့ကြုံခဲ့ရပြီး မိမိ၏ အမှတ်သညာထဲတွင် စွဲကျန်နေသော မြင်ကွင်းနှစ်ခုမှာမူ ရသအပြည့် ရှိနေပေသည်။ အကျဉ်း သားများအား အလုပ်ကြမ်းလုပ်ခိုင်းရန် ထောင်ထဲကမောင်းထုတ် လာသည်ကိုတွေ့ရသောအခါ ကရုဏာရသ ဖြစ်ပေါ်လာသည်။ ထောင်ကျအကျဉ်းသားများအား သေနတ်ကြီး တကားကား၊ နံပါတ်တုတ်ကြီး တဝင့်ဝင့်နှင့် လုပ်နေသော အင်္ဂလိပ် အစိုးရ သစ္စာဖောက်ပုလိပ်များ ကို တွေ့ရသောအခါ အမုန်းစိတ် ပွားလာသဖြင့် ရုဒ္ဒရသ ၊ ဘယာနက ရသဖြစ်ပေါ်လာသည်။

လမ်းပေါ်တွင် တည်ငြိမ် ဣန္ဒြေရစွာ လျှောက်သွားနေသော တချို့က တစ်ခါတစ်ရံ မြေပေါ်ခြေမချဘဲ လျှောက်သွားနေသည်ဟုပင် ပြောသော ဟိန္ဒူဆာဓူးကြီးကိုတွေ့ရသောအခါ၌ကား ကြည်ညိုဖွယ် သန္တရသဖြစ်ရသည်။

မိမိ၏ ငယ်စဉ်ဘဝ ယင်းရှုကွင်းရှုကွက် နှစ်ခုမှာ ထူးထူး ခြားခြားပင်မိမိ၏ အမှတ်သညာထဲတွင် ဆွဲချိတ်ထားသောပန်းချီကား များထဲတွင် အပါအဝင်ဖြစ်သော ပန်းချီကားများဖြစ်နေကြသည်။

http://www.dhammadownload.com



# ဥပုသ် ဇရပ်

မည်သည့်အရာဝတ္ထုမဆို အမြဲတည်တံ့မနေပေ။ တစ်ချိန်ပြီး တစ်ချိန်ပြောင်းလဲနေသည်။ တစ်နေ့ပြီးတစ်နေ့ ပြောင်းလဲနေသည်။ တစ်နာရီပြီးတစ်နာရီ၊ တစ်မိနစ်ပြီးတစ်မိနစ်၊ တစ်စက္ကန့်ပြီးတစ်စက္ကန့်၊ တစ်ခဏပြီးတစ်ခဏပြောင်းလဲနေသည်။ အတိတ်က မိမိကိုယ်ခန္ဓာ သည် လည်းကောင်း၊အတိတ်က မိမိပတ်ဝန်းကျင် မိမိရပ်ရွာ ၊မိမိ မြို့ပြ၊ မိမိနိုင်ငံ ၊ မိမိကမ္ဘာတို့သည် လည်းကောင်းအတိတ်မှာ ကျန်ခဲ့ပြီ။ ယခုပစ္စုပ္ပန်၌ တွေ့မြင်နေရသော မိမိကိုယ်အတွင်းရှိ အရာဝတ္ထုများ နှင့် အပြင်အပအရာဝတ္ထုများသည် အနာဂတ်အထိ စီးဆင်းသွားကြ လိမ့်မည်မဟုတ်ပေ။ အတိတ်သည်ပစ္စုပ္ပန်မဟုတ်သကဲ့သို့ ပစ္စုပ္ပန်သည် လည်း အနာဂတ်မဟုတ်နိုင်ပေ။

မိမိကိုယ်တွင်းရှိ အရာဝတ္ထုများနှင့် အပြင်လောကရှိ အရာ ဝတ္ထုများသည် အမြဲတစေ တည်တံ့မနေပေ။ ပြောင်းလဲနေသည်။ ပြောင်းလဲခြင်းသဘောတရားမှာမူ တညီတညာတည်းသာလျှင် ဖြစ် သည်။ ပြောင်းလဲပုံ ပြောင်းလဲနည်းသာလျှင် တစ်ခုနှင့်တစ်ခု ခြားနား သည်။ အချို့က တဖြည်းဖြည်း ပြောင်းလဲသည်။ တစ်စပြီး တစ်စ ပြောင်းလဲသည်။ အချို့ကနေ့ချင်းညချင်းပြောင်းလဲသည်။ ဝုန်းခနဲပြောင်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



လဲသည်။ အချို့ကပြောင်းလဲပုံညင်သာသည်။ သိမ်မွေ့သည်။ သုခုမ ဖြစ်သည်။ အချို့က ပြောင်းလဲပုံကြမ်းသည်။ ဩဠာရိကဖြစ်သည်။ တချို့ပြောင်းလဲပုံမှာ သိသာထင်ရှားသော်လည်း တချို့ပြောင်းလဲပုံမှာ မသိလိုက်မသိဘာသာ ပြောင်းလဲသွားသည်။ ကြမ်းသော ပြောင်းလဲခြင်းမျိုးမှာ စီးမောင်းထိုး အပြခံရသော်လည်း သိမ်မွေ့သော ပြောင်းလဲခြင်းမျိုးမှာမူ မကြေညာဘဲ ပြောင်းလဲခြင်းမျိုး ပုဆိုးခြုံထဲက ပြောင်းလဲခြင်းမျိုးဖြစ်သည်။

ပြောင်းလဲခြင်းမှာ ဓမ္မတာသဘောတရား ဖြစ်သော်လည်း အဆိုးကအကောင်းအဖြစ် ပြောင်းလဲခြင်းကို ကြိုဆိုအပ်ပြီး အကောင်းက အဆိုးအဖြစ် ပြောင်းလဲသွားခြင်းသည် လည်းကောင်း ၊သို့မဟုတ် အကောင်းပျောက်သွားခြင်းသည်လည်းကောင်း အလွန်တရာဝမ်းနည်း ဖွယ် ကောင်းလှသည်။

ကျွန်တော်တို့ငယ်ငယ်က မြင်တွေ့ရသော ဘာသာယဉ်ကျေးမှု အစဉ်အလာတစ်ခု ယခုမှေးမှိန်ပျောက်ကွယ်သွားလေပြီ။ ယင်းအစဉ် အလာမှာ "ဆွမ်းအုပ်နီနီ အမေရှက်လို့" အစဉ်အလာ ဖြစ်သည်။ အချိန်ကာလကို တိတိကျကျ သတ်မှတ်ရမည်ဆိုလျှင် ယင်းအစဉ် အလာသည် ဒုတိယကမ္ဘာစစ်ကြီး နောက်ပိုင်းကာလဆီသို့ ခုန်ပျံကျော် လွှားမလာတော့ပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျွန်တော်တို့ ငယ်ငယ်က သီတင်းဝါလအခါတွင်း ဥပုသ်နေ့များ၌ ရွာဦးထိပ်က ဘုန်းကြီးကျောင်းများနှင့် ဇရပ် တန်ဆောင်းများတွင် ဥပုသ်သည်များ စည်ကားနေသည်။ နံနက်အချိန်၌ဆွမ်းအုပ်များ၊ ဆွမ်းချိုင့်များ၊ မုန့်ပဲသရေစာများကို ကိုယ်စီရွက်သူကရွက်၊ ဆွဲသူကဆွဲလျက် ဘုန်းကြီးကျောင်းသို့သွားပြီးလျှင် ဘုန်းတော်ကြီးထံမှ သီလယူကြသည်။ သီလယူပြီးသောအခါ ဘုန်းကြီးကျောင်းအတွက် လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း ကွမ်း မုန့်ပဲသရေစာများကို လှူတန်တာလှူလျက် အိမ်မပြန်ကြတော့ဘဲ ဘုန်းကြီးကျောင်းပတ်ဝန်းကျင်ရှိဇရပ်များ၊ တန်ဆောင်းများတွင် တစ်နေ့လုံး အချိန်ကုန်ကြသည်။ ညနေ နေစောင်းမှ အိမ်ပြန်ကြသည်။

ဥပုသ်သည်တိုင်းလိုလိုပင် မိမိတို့စားသောက်ဖို့ ထမင်းဟင်းနှင့် မုန့်ပဲသရေစာများကိုလည်း ယူလာကြသည်။ ဥပုသ်ဇရပ်တွင် စုပေါင်းပြီး တစ်ဦး၏ ဟင်းခွက်ကို တစ်ဦးအား ကမ်းပြီးလျှင်၊ တစ်ဦးလုပ်ယူလာသော မုန့်ကို တစ်ဦးအား ကျွေးမွေးပြီးလျှင် တပျော်တပါး စားကြသောက်ကြသည်။ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း ဥပုသ်ဇရပ်၌ ကျွေးလက်မုန့်များ အလျှံပယ်ဖြစ်နေသည်။ အချို့က မုန့်ဆီကြော် လုပ်လာကြသည်။ အချို့က မုန့်ဖက်ထုပ် ထုပ်လာကြသည်။ အချို့က ထန်းသီးမုန့် ၊ အချို့က ကောက်ညှင်းထုပ် ၊ အချို့က ပေါက်ပေါက်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဆုပ်၊ အချို့က ကယောကယာ၊ ကိုယ်စီကိုယ်င မုန့်များလုပ်လာကြ ရာ ဥပုသ်နေ့တိုင်း ဥပုသ်ဇရပ်၌ မုန့်မျိုးစုံ ညီလာခံနေကြသည်။

ဥပုသ်နေ့ကျပြီဆိုလျှင် ကျွန်တော်တို့လည်း အဘိုးအဘွား ဥပုသ်သည်များနှင့်အတူ ဘုန်းကြီးကျောင်း လိုက်သွားကြသည်။ ဥပုသ် သည်များနှင့် ရောပြီး ဘုန်းကြီးကျောင်း လိုက်သွားရသည်မှာ ကျွန်တော်တို့အတွက် ပျော်ပွဲရွှင်ပွဲတစ်ခုပင်ဖြစ်သည်။ ဥပုသ်နေ့ကို လက်ချိုးရေတွက်နေပြီးလျှင် ဥပုသ်နေ့ရောက်သည်နှင့် တစ်ပြိုင်နက် မိဘဘိုးဘွားဥပုသ်သည်များ၏ရှေ့ကရောက်နေသည်။ ဥပုသ်နေ့တွင် ကျွန်တော်တို့ စိတ်အဝင်စားဆုံးမှာ ဥပုသ်ဇရပ်၌ အလျှိုပယ်ပေါ်နေ သော မုန့်မျိုးစုံဖြစ်သည်။ ကျွန်တော်၏ "ဖေးဘရိတ်"မုန့်မှာ ပေါက် ပေါက်ဆုပ်ဖြစ်သည်။ ပေါက်ပေါက်ဆုပ်ကို အမျိုးမျိုးလုပ်ယူလာကြ သည်။ ပေါက်ပေါက်ဆုပ်အသေးစားလည်း ရှိသည်။အလတ်စားလည်း ရှိသည်။ အကြီးစားလည်းရှိသည်။ တချို့က ပေါက်ပေါက်ဆုပ် အပေါ် ယံကိုအမှုန့်ထောင်းမထားသော ပကတိပေါက်ပေါက်အပွင့်များနှင့် မံ ထားပြီး အချို့က ထောင်းထားသော ပေါက်ပေါက်အမှုန့် တင်းကြမ်း ဖြူးထားမံထားသည်။ ပေါက်ပေါက်အမှုန့် တင်းကြမ်းဖြူးထားမံထား သော ပေါက်ပေါက်ဆုပ်အကြီးစားတစ်လုံးရလျှင် ထိုနေ့အဖို့ ကျွန်တော့် အတွက် ဖူလုံသွားသည်။ ပေါက်ပေါက်ဆုပ် လုပ်ယူလာသော ဥပုသ် သည်ထံ

http://www.dhammadownload.com



ချဉ်းကပ်ပြီး ပေါက်ပေါက်ဆုပ် မရအရ တောင်းရသည်မှာ ကျွန်တော်၏ ဥပုသ်နေ့အဓိကအလုပ်တစ်ခုဖြစ်သည်။

ကျွန်တော့်အတွက် ဥပုသ်နေ့၏ အစွဲဆောင်ဆုံးအရာမှာ ဥပုသ်နေ့ မုန့်ပဲသရေစာများဖြစ်သော်လည်း အမှန်က ဥပုသ်နေ့တွင် ကျွန်တော်လည်းဥပုသ်သည်တစ်ပိုင်း ဖြစ်နေသည်။ ဘုန်းတော်ကြီးရှေ့တွင် ဥပုသ်သည်များ သီလခံလျှင် ကျွန်တော်လည်း ရောယောင်သီလခံသည်။ ဘုန်းတော်ကြီး ချပေးသော ရှစ်ပါးသီလကို လိုက်ဆိုသည်။ သို့သော်လည်း မည်သည့်အရာ ရှစ်ပါးသီလဖြစ်သည်ကိုမသိပေ။ ဘုန်းတော်ကြီး ချပေးသည်ကိုဥပုသ်သည်များ လိုက်ဆိုသည့်အတိုင်းသာ လိုက်ဆိုခြင်းဖြစ်သည်။

သို့သော်လည်းရှစ်ပါးသီလထဲကတစ်ခုတည်းသောသိက္ခာပုဒ်ကိုသိထားသည်။ ဥပုသ်စောင့်လျှင် နေ့လွဲညစာမစားရဟူသောသိက္ခာပုဒ်ဖြစ်သည်။ ဥပေါသထ(ဥပုသ်)ကို "Fast"ဟုအင်္ဂလိပ် ဘာသာဖြင့်ပြန်ကြသည်။ "Fast "ဟူသည်မှာ အစားမစားဘဲနေခြင်းဖြစ်သည်။ ကလေးဘဝ ကျွန်တော်နားလည်ထားသော "ဥပုသ်"၏ အဓိပ္ပာယ်နှင့် သွားကိုက်နေသည်။

ကျွန်တော့်အတွက် "ဝိကာလဘောဇနေ"သိက္ခာပုဒ်သည် ရှစ်ပါးသီလထဲတွင် "ဟိုက်လိုက်"ဖြစ်နေသည်။ ဥပုသ်စောင့်လျှင် ၁၂ နာရီ

http://www.dhammadownload.com



နောက်ပိုင်း ဘာမှမစားရဟူသော သိက္ခာပုဒ်သည် ဥပုသ်နေ့ တွင် ဥပုသ်သည်များနှင့် ရောပြီး သီလယူထားသော ကျွန်တော့်ကို ခြောက်လှန့်နေသည်။

ဥပုသ်သည်များသည် ဥပုသ်ဇရပ်များတွင် မွန်းမတိမ်းမီ စားကြ သောက်ကြသည့် ကိစ္စအပြီးသတ်ကြပြီးလျှင် နေ့လယ်နေ့ခင်း၌ ပါလာ သော သင်ဖြူးဖျာများကို ခင်းလျက်တချို့က ထမင်းလုံးစီနေကြသည်။ တချို့ကပုတီးစိပ်ကြသည်။ တချို့က တရားစာအုပ်ဖွင့်ဖတ်ကြသည်။ တစ်ခါတစ်ရံ ဘုန်းတော်ကြီး တရားဟောလျှင် တရားနာကြသည်။ ဥပုသ်သည် အများစုမှာ တုံးလုံးလက်ပက်ဖြစ်နေသည်သာများသည်။

ဥပုသ်သည် ကျွန်တော်လည်းလူကြီးများနည်းတူ ကျွန်တော် ၏အဘိုး ဦးဘိုးလူ၏ ဇရပ်တွင် မှေးစက်လိုက်သည်။ တရေးနိုးသော အခါ မိုက်ထဲက တကြျတ်ကြျတ်မြည်လာသည်။ မကုန်နိုင်သဖြင့် ကျန်နေသည့် ပေါက်ပေါက်ဆုပ်များ၊ မုန့်ဖက်ထုပ်များက အိုးထဲခွက်ထဲ က ခေါင်းပြူကြည့်ပြီး ကျွန်တော့်ကို လက်ယပ်ခေါ်နေကြသည်။သို့ သော်လည်း ဝိကာလဘောဇနေ သိက္ခာပုဒ်က ကျွန်တော့်ကိုဆွဲထား သည်။ ဝိကာလဘောဇနေ သိက္ခာပုဒ်နှင့် ပေါက်ပေါက်ဆုပ်၊ မုန့်ဖက် ထုပ်တို့ လွန်ဆွဲပွဲ၌ ပေါက်ပေါက်ဆုပ်၊ မုန့်ဖက်ထုပ်တို့ဘက်က အသာ ရသွားသည်။ ကျွန်တော် ပေါက်ပေါက်ဆုပ် အကြီးစားတစ်လုံး ယူပြီး စားသည်။

http://www.dhammadownload.com



ဥပုသ်သည်များထဲတွင် အမြဲတမ်းပြောင်တတ် စတတ်သော လူကြီးတစ်ယောက်ပါသည်။ ထိုလူကြီးသည် သူစလို့ ကျွန်တော် မျက်ရည်ကျလျှင် အလွန်တရာ ပီတိဖြစ်သည်။ ကျွန်တော်ကျားရှေ့ မှောက်ရက်လဲသည်။ ကျွန်တော် ပေါက်ပေါက်ဆုပ်စားနေသည်ကို ထိုလူကြီးမြင်သွားသည်။

"ဟော့ကောင် မင်းတော့ ငရဲအိုးထဲဇော်ထိုးကျတော့မယ်။မနက် ကဘုန်းကြီးနဲ့ ဘုရားရှေ့မှာ မင်းရှစ်ပါးသီလ ခံတယ်။ ရှစ်ပါးသီလထဲ မှာ မွန်းလွဲရင် ဘာမှမစားရဘူးဆိုတဲ့ သီလပါတယ်ဆိုတာ မင်းမသိ ဘူးလား။ မင်း ဘုန်းကြီးနဲ့ ဘုရားကိုညာတယ်။ မွန်းလွဲရင် ဘာမှ မစားပါဘူးဆိုပြီး မင်းအခုပေါက်ပေါက်ဆုပ်စားနေတယ်။ မင်းတော့ ငရဲကြီးတော့မယ်"

ထိုလူကြီး၏ ခြိမ်းခြောက်သံကြောင့် သုံးပုံတစ်ပုံလောက်သော ကျန်တော့သော ပေါက်ပေါက်ဆုပ်ကျွန်တော့်လက်ထဲက လွတ်ကျသွား သည်။ တစ်ပြိုင်နက်တည်းမှာပင် ဦးရွှေလူ တန်ဆောင်းနံရံတွင် ဆွဲ ချိတ်ထားသော ပန်းချီကားများဆီ အာရုံရောက်သွားသည်။ ထိုပန်းချီ ကားများထဲတွင် မကောင်းမှုပြုသည့်အတွက် ငရဲကျသူအား ဆီပူအိုး ကြီးထဲတွင် အရုပ်ဆိုးဆိုး ငရဲသားကြီးများက လုံ့ဖြင့်ထိုးနေသောပုံ ပါဝင်သည်။ ယင်းငရဲကားဆီ အာရုံရောက်သွားပြီ "ငါလည်းအဲဒီလို

http://www.dhammadownload.com



ငရဲခံရတော့မှာပါလား"ဟု တွေးလျက် မျက်ရည် ကျလာသည်။ ကျွန်တော် မျက်ရည်ကျသည်ကို တွေ့ရသောအခါ ထိုလူကြီးကာသူ မြားချက်မှန်သွားပြီဆိုပြီး အားရဝမ်းသာဖြစ်နေသည်။

သို့သော်လည်း ငရဲအိုးထဲ ချမည့်သူရှိသလို နတ်ပြည်တင်မည့် လူလည်းပေါ်လာသည်။ ဥပုသ်သည်တစ်ယောက်က ဝင်ပြောသည်။

"သူ့အလကား ပြောတာ၊ မင်းငိုအောင် သူတမင်စတာကွ၊ မင်းပေါက်ပေါက်ဆုပ် စားပေမယ့် ငရဲဘယ်တော့မှ မကျဘူး။ မင်း တစ်မနက် ဥပုသ်စောင့်တဲ့အတွက် နတ်ပြည်ရောက်မှာ သေချာတယ်"

ဦးရွှေလူ တန်ဆောင်းနံရံတွင် ချိတ်ဆွဲထားသော ကောင်းမှု လုပ်သည့်အတွက် နတ်သမီး တစ်ဖက်ငါးရာစီနှင့် စံနေသည့် နတ်သား၏ ဘုံဗိမာန် ပန်းချီကားဆီ အာရုံရောက်သွားပြန်သည်။

ထိုပုဂ္ဂိုလ်၏ အားပေးချက်အရ အားတက်သွားပြီးလျှင် ညနေ အိမ်ပြန်ရောက်သွားသောအခါ ပေါက်ပေါက်ဆုပ်ကိုသာ မကတော့ဘဲ ညထမင်းကိုပင် လွေးပစ်လိုက်သည်။

"ဆွမ်းအုပ်နီနီ အမေရွှက်လို့" အစဉ်အလာသည် ကျွန်တော်တို့ရွာ တစ်ရွာတည်း၏ အစဉ်အလာ မဟုတ်ပေ။ မြန်မာနိုင်ငံ တနံတလျား ကျေးရွာအားလုံးလိုလို၏ ဘာသာယဉ်ကျေးမှု အစဉ်အလာ ဖြစ်သည်။ သို့သော် ယခုအခါ၌ ယင်းအစဉ်အလာ ဆိတ်သုဉ်းသွား

http://www.dhammadownload.com



ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီ။ ကျွန်တော်တို့ရွာတွင် ယခုအခါ သီတင်းဝါလ အခါများ၌ ဘုရားသွား ကျောင်းတက်၊ ဥပုသ်သီတင်း သီလ စောင့်သူရှိသော်လည်း ယခင်ကလိုကျောင်းကန်ဘုရားနှင့် ဇရပ် တန်ဆောင်းများ၌ ဥပုသ်သည်များ စည်ကားမနေတော့ပေ။ ဘုန်း တော်ကြီးထံတွင် သီလယူပြီး ကိုယ့်အိမ်ကိုယ်ပြန်လာကြသည်။ တစ်နေ့ လုံး ဥပုသ်ဇရပ်များ၌ မနေကြတော့ပေ။ယခင်က ဥပုသ်ဇရပ်များ လည်း ပြိုလဲပျက်စီးသွားကြပြီး၊ယင်းတို့၏ နေရာ၌ ဥပုသ်ဇရပ်အသစ် များ အစားထိုး မဆောက်နိုင်ကြတော့ပေ။ ဥပုသ်ဇရပ်၌ ဥပုသ်သည် အချင်းချင်း ဟင်းခွက်ကမ်း၍ လည်းကောင်း မုန့်ပဲသရေစာ ဝေမျှ၍ လည်းကောင်း၊ စားကြသောက်ကြသည့် အလေ့အထသည်လည်း နောင် လာနောင်သားများအတွက် ပုံပြင်သဘောမျှလောက်သာရှိတော့သည်။

ယင်းသို့ "ဆွမ်းအုပ်နီနီ အမေရွှက်လို့"အစဉ်အလာ ကွယ် ပျောက် ဆိတ်သုဉ်းသွားရခြင်း၌ အခြေခံအကြောင်းတရား အမျိုးမျိုး ရှိသည်။ ဒုတိယကမ္ဘာစစ်သည် ခေတ်ဟောင်းကို ပုဒ်မခြားပစ်လိုက် သည်။ ကမ္ဘာစစ်ပုဒ်မ၏ ရှေ့ပိုင်း၌ "ဆွမ်းအုပ်နီနီ အမေရွှက်လို့" ကဲ့သို့သော ယဉ်ကျေးမှု အစဉ်အလာကောင်းများကျန်ရစ်ခဲ့သည်။ ရွာသူရွာသားအများစုမှာ ယခင်ကလို စီးပွားရေးမတောင့်တင်းမဖူလုံ ကြတော့ပေ။ ထမင်းနပ်မှန်စားရအောင် မနည်းကြိုးစားနေကြရသည်။

http://www.dhammadownload.com



ခုလုပ်မှ ခုစားရသည့်ဘဝ ရောက်နေကြသည်။ ဘဝရပ်တည်ရေး အတွက် ပြေးလွှားနေကြရသဖြင့် ယခင်ကလိုဘာသာရေးကို အလေး မပေးနိုင်ကြတော့။ ရိုးသားအပြစ်ကင်းစင်သည့် ကျေးရွာယဉ်ကျေးမှု နေရာတွင် လက်တစ်လုံးကြား လှည့်စားတတ်သောမြို့ပြ၏ အယောင် ဆောင် ယဉ်ကျေးမှု ချင်းနင်းဝင်ရောက်လာသည်။ ဤမည်သော၊ ထိုမည်သော ယင်းအခြေခံ အကြောင်းတရားများ စုပေါင်းပြီးလျှင် မြန်မာနိုင်ငံ ကျေးရွာများ၏ "ဆွမ်းအုပ်နီနီ အမေရွှက်လို့" ကဲ့သို့သော ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ပြည်ဖုံးကားချပစ်လိုက်သည်။

http://www.dhammadownload.com



# တန်ခိုးပြာဋိဟာ

မဇ္ဈိမနိကာယ်၌ မဟာသာရောပမ အမည်ရှိသုတ် တစ်သုတ်ရှိသည်။ ယင်းသုတ်၌ မြတ်စွာဘုရားသည် တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပတ်သက်၍ အလွန်တရာ မှတ်သားနာယူထိုက်သော တရားကို ဟောကြားတော်မူသည်။ ဒေဝဒတ် သံဃာဂိုဏ်းခွဲ ထောင်ပြီးနောက် မကြာမီ ကာလအတွင်း ဂိဇ္ဈကုဋ်တောင်၌ ဟောကြားသော သုတ်ဖြစ်သည်။ လူငယ်အချို့သည် လူ့ဘောင်မှ ထွက်ခွာပြီး ရဟန်းဘောင်ဝင်ရောက်လာကြသည်။ ရဟန်း သမဏအဖြစ်ဖြင့် ထိုရဟန်းငယ်များသည် အလှူဒါနခံယူရရှိကြသည်။ ဂုဏ်သိက္ခာရှိလာကြသည်။ ထင်ပေါ် ကျော်ကြားလာခြင်း။ ဂုဏ်သိက္ခာရှိလာခြင်း။ တန်ခိုးဣဒ္ဓိပါဒ်ရှိလာခြင်းတို့ကြောင့် မိမိကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးအား အထင်အမြင်သေးလာကြသည်။

ထိုရဟန်းများသည် သစ်အကောင်းစား အလိုရှိသည်ဖြစ်၍ တောထဲ သစ်သွားခုတ်သော်လည်း သစ်အမျိုးအစား နားမလည်သောကြောင့် သစ်အကာအခွံသာ ရရှိလာသူနှင့် တူသည်။ ယင်းတို့နှင့် ဆန့်ကျင်ဘက် ရဟန်းများမှာ ကိလေသာညစ်ကြေးကင်းစင်သည့်အခြင့် မရောက်မချင်းကျေနပ်နစ်သိမ့်မှုမရှိဘဲ ကိလေသာအညစ်အကြေး ကင်း

ထက်စေတော်တစေ

http://www.dhammadownload.com



စင်သည့်အဆင့် ရောက်မှ ကျေနပ်နစ်သိမ့်သူများဖြစ်ကြသည်။ ထိုရဟန်းများမှာ အနှစ်ရှိသောသစ်ကို ရရှိသူများနှင့်တူသည်။

ဗုဒ္ဓ၏တရား ဒေသနာတော်သည် ထင်ပေါ်ကြားမှုအတွက် လာဘ်လာဘရမှုအတွက် မဟုတ်ပေ။ ထင်ပေါ်ကျော်ကြားမှု ၊ လာဘ်လာဘရမှုသည် သစ်ပင်၏အကာ၊ အခွံများဖြစ်ကြသည်။ ဗုဒ္ဓ၏ တရားဒေသနာတော်သည် တန်ခိုးဣဒ္ဓိပါဒ် ရလိုသောကြောင့် သမထအကျင့်ကျင့်ရုံအတွက်လည်း မဟုတ်ပေ။ တန်ခိုးဣဒ္ဓိပါဒ်သည်လည်း သစ်ပင်၏အနှစ် မဟုတ်ဘဲ အခွံအကာနှင့် အပွေးသာဖြစ်သည်။ တစ်မဂ်တစ်ဖိုလ်သာ သစ်ပင်၏အနှစ်ဖြစ်သည်။

မဇ္ဈိမနိကာယ် ဘိက္ခုဝဂ် နဠကပါဏသုတ်၌လည်း "တစ်မဂ်တစ်ဖိုလ် မရှိဘဲနှင့် တန်ခိုးဣဒ္ဓိပါဒ်ကိုသာ ရရှိသောရဟန်းသည် မိမိအတွက် ပျက်စီးရာ ပျက်စီးကြောင်းသာဖြစ်၏"ဟု ဟောကြားတော်မူသည်။ ရှင်ဝိဋ္ဋောလမထေရ် ချာန်နှင့်ပျံတက်ပြီး မြင့်မားသောဝါးတိုင်ပေါ်က စန္ဒကူးသပိတ် ယူပြသည့်အခါ မြတ်စွာဘုရားသည် ရှင်ဝိဋ္ဋောလ၏ အပြုအမူကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချတော်မူသည်။ ယင်းကို ထောက်လျှင် သဘာဝနှင့် ဆန့်ကျင်ဘက် တန်ခိုးပြခြင်းမျိုးကို မြတ်စွာဘုရားနှစ်သက် လိုလားတော်မမူကြောင်းသိသာထင်ရှားသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က အခါတစ်ပါး ရာဇဂြိုလ်ပြည်တွင် သူဌေးတစ်ဦးသည် ဝါးတစ်လုံးနှင့် တစ်လုံးဆက်၍ ရှည်လျားမြင့်မားသော ဝါးတိုင်ကြီးကို ထောင်လျက် ဝါးတိုင်ထိပ်တွင် စန္ဒကူးသပိတ်တစ်လုံး တင်ပြီးလျှင် "ပျံနိုင်သော ရဟန္တာရှိပါမူ ငါ၏ စန္ဒကူးသားသပိတ်ကို လာယူလှည့်၊ ထိုပုဂ္ဂိုလ်အား ငါ အသက်ထက်ဆုံးဆည်းကပ်မည်"ဟူ၍ ကြေညာလိုက်သည်။ ထိုခေတ်က ထင်ရှားရှိနေကြသော တိတ္ထိဆရာကြီးများသည် ထိုစန္ဒကူးသားသပိတ်ရရှိရေးအတွက် ပရိယာယ်အမျိုးမျိုးဖြင့် ကြိုးစားအားထုတ်ကြသည်။ သို့သော်လည်း အောင်မြင်မှုမရှိကြပေ။ ထိုအခါ ရှင်ပိဏ္ဍောလ မထေရ်သည် ရှင်မဟာမောဂ္ဂလာန်၏ တိုက်တွန်းချက်အရ ပျံ၍ စန္ဒကူးသပိတ်ကို တက်ယူသည်။ ရှင်ပိဏ္ဍောလမထေရ်၏ တန်ခိုးဣဒ္ဓိပါဒ်ကို တွေ့မြင်ကြသောအခါ ရာဇဂြိုလ်တစ်ပြည်လုံး အုံးအုံးကျွတ်ကျွတ်ဖြစ်သွားသည်။

ထိုသတင်း မြတ်စွာဘုရား၏ နားတော်ရောက်သွားသောအခါ ရှင်ပိဏ္ဍောလမထေရ်ကို ခေါ်တော်မူလျက် မေးမြန်းစစ်ဆေးကြည့်သည်တွင် အဖြစ်မှန်ကို သိရှိတော်မူသည်ဖြစ်၍-

"ငါ့ရှင် ပိဏ္ဍောလ ၊ သင်သည် ဤသပိတ် ရလိုသည့်အကြောင်း သက်သက်ဖြင့်တန်ခိုးပြာဋိဟာ ပြရသလော"ဟု ပြစ်တင်

http://www.dhammadownload.com



ရှုတ်ချတော်မူပြီးလျှင် စန္ဒကူးသပိတ်ကို အစိတ်စိတ်အမွှာမွှာ ခွဲပစ်တော်မူသည်။ ထို့ပြင် ရဟန်းများ တန်ခိုးပြာဋိဟာ မပြရဟူသော သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူသည်။

ကျွန်တော်တို့ငယ်ငယ်က တစ်ချိန်တွင် တိုင်းပြည်အနှံ့အပြား ကိုးနဝင်းစေတီတည်ကြသည်။ ကျွန်တော်တို့ရွာတွင်လည်း ကိုးနဝင်းစေတီတစ်ဆူတည်သည်။ ကိုးနဝင်းစေတီမှာရွာဦးကျောင်းဝင်းအဝင်အုတ်လမ်း လက်ယာဘက်ဦးကျဲဇရပ် နောက်ဘက်တွင် တည်ရှိနေသည်။ ကိုးနဝင်းစေတီ၏ အနောက်ဘက်တွင်လည်း ရှေးဘုရားအိုဘုရားပျက်များရှိသည်။ ယင်းဘုရားအိုဘုရားပျက်များကိုပြုပြင် မွမ်းမံခြင်းမပြုလုပ်ဘဲ ဘာကိန်းဘာဓာတ်ရသည်မသိ။ တစ်ပြည်လုံးအနှံ့အပြား ကိုးနဝင်းစေတီ တည်ကြသည်ကို ရောယောင်လျက် ကိုးနဝင်းစေတီတည်ကြသည်။ သို့သော်လည်း တည်ပြီး၍အချိန်အတန်ကြာသွားသော အခါ ရွာသူရွာသားများသည် ကိုးနဝင်းစေတီဘေးမှ ဖြတ်သွားဖြတ်လာလုပ်ကြစေကာမူ ဘုရားကို ဦးတိုက်သူဟူ၍ တစ်ရာတစ်ယောက်မရှိတော့ပေ။

သို့သော်လည်း ကိုးနဝင်းစေတီမှာ နောက်ဘက်ကဘုရားအိုဘုရားပျက် သုံးလေးဆူထက်တော့ သာသေးသည်။ ဘုရားအို ဘုရားပျက်များမှာ မည်သူတည်သွားသည်ဟု ခြေရာကောက်၍မရတော့ပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဘုရားဒါယကာ ခြေရာကောက်၍ရသော ဘုရားမှာလည်း ဘုရားဒါယကာ၏ အဆက်အနွယ်နှောင်လာနောက်သားများအနေနှင့် ပြန်လည်မွမ်းမံပြုပြင်နိုင်သည့် အခြေအနေ မရှိကြတော့ပေ။ ထို့ကြောင့် ယင်းစေတီပုထိုးဟောင်းများမှာ ဘုရားပြိုဘုရားပျက်ဘဝက ပြန်နာလန်မထူနိုင်ကြတော့ပေ။ အုတ်ပုံသာသာမျှသာရှိသော ဘုရားပြို၊ ဘုရားပျက် ၊ ဘုရားငုတ်တိုများကြားထဲတွင် ထုံးသင်္ကန်းနှင့်စေတီမှာ ကိုးနဝင်းစေတီဖြစ်သည်။

ကိုးနဝင်းစေတီသည် ထုံးသင်္ကန်းနှင့် ရှိလင့်ကစားအခြားအင်္ဂါတစ်ရပ်ချို့တဲ့နေသလိုဖြစ်သည်။ တည်စအချိန်က ထီးတော်ကို ရွှေချချင်ချမည်ဖြစ်သော်လည်း ကျွန်တော်တို့လူမှန်းသူမှန်းသိတတ်သည့်အရွယ်၌မူ စေတီ၏ထီးတော်မှာ ရွှေရောင်ဆိတ်သုဉ်းနေသည်။ စေတီဘေးတွင် ဖြတ်သွားဖြတ်လာ လုပ်နေကြသော်လည်း စေတီတော်တွင် ပန်း၊ ဆီမီး ကပ်လှူပူဇော်သူပင်ရှားပါးနေသည်ဖြစ်ရာ ထီးတော်ကို ရွှေချမည့်သူ ဘယ်မှာပေါ်လာတော့မည်နည်း။

ထိုအချိန် အတောအတွင်း တစ်နေ့သော နံနက်ခင်း ကိုးနဝင်းစေတီတွင် လူတွေဝိုင်းအုံနေကြသည်။ ညကကိုးနဝင်းစေတီထီးတော် မည်သူရွှေချသွားမှန်းမသိ။ နံနက်မိုးလင်း ကိုးနဝင်းစေတီ ထီးတော်ရွှေရောင်ဝင်းနေသည်ကိုတွေ့ရသည်။ တစ်ယောက်ကစတွေ့၍ တဒုံ့

ဆက်ဖတ်ပါဝေ

http://www.dhammadownload.com



တညြပြောကြားရာ တစ်ရွာလုံးသတင်းပြန့်သွားပြီး အုတ်အော်သောင်းတင်းဖြစ်သွားသည်။

ကိုးနဝင်းစေတီထီးတော်ကို မည်သူရွှေချသွားသနည်း။

မေးမြန်းစုံစမ်းကြည့်ကြသော်လည်း မည်သူကမှ ကုသိုလ်ကောင်းမှုရှင် ဖြစ်ပါသည်ဟု မပြောကြပေ။ ကုသိုလ်ကောင်းမှုရှင် ပေါ်မလာလေလေ၊ ပဟေဠိဆန်လေလေဖြစ်နေသည်။ ပဟေဠိဆန်လေလေ ကိုးနဝင်းစေတီထီးတော်ကို လာရောက်ဖူးမျှော်သူများလာလေလေဖြစ်နေသည်။ ရွှေချသူ ကာယကံရှင် ပေါ်မလာသောအခါ တစ်ယောက်တစ်ပေါက် ထင်မြင်ချက်ပေးကြသည်။ တစ်ယောက်က ပြောသည်။

"ညက မြင်းခွာသံလိုလို ကြားရတယ်။ ဘုန်းရှင် ကံရှင် တစ်ယောက် မြင်းစီးပြီးရွှေလာချသွားတာနဲ့တူတယ်"

အခြားတစ်ယောက်ကလည်း သူ့ထင်မြင်ချက်ကိုပြောသည်။

"ကိုးနဝင်းစေတီထီးတော်ကို ရွှေချတာတခြားလူမဖြစ်နိုင်ဘူး ရွာဦးက နတ်စင်မှာ နေတဲ့နတ်ပဲဖြစ်ရမယ်၊ သူ့အိမ်နီးချင်း ကိုးနဝင်းစေတီထီးတော်ရွှေမရှိတာတွေ့ရလို့ မြင်မကောင်းတာနဲ့ ရွှေချတာ မဖြစ်နိုင်ဘူးလား"

နောက်တစ်ယောက်က ဆိုပြန်သည်။

ထက်ဝေယံတာပေ

http://www.dhammadownload.com



"ခင်ဗျားတို့ပြောတာတစ်ခုမှမဟုတ်ဘူး။ ကိုးနဝင်းစေတီထီးတော် ရွှေရောင်ဝင်းနေတာ ကိုးမြို့ရှင်ရဲ့ ကုသိုလ်ပဲဖြစ်ရမယ်"

ယင်းထင်မြင်ချက်များကို ချေဖျက်သောအခြား ထင်မြင်ချက် တစ်ခုပေါ်လာပြန်သည်။

"ဒီဒေသတစ်ဝိုက်မှာ တန်ခိုးအကြီးဆုံး နတ်ဟာခနွယ်အဘိုး ကြီးပဲ၊ သူ့ပိုင်နက်ဒေသမှာ ရှိနေတဲ့ ကိုးနဝင်းစေတီကို သူရွှေမချလို့ တခြားဘယ်နတ်က ရွှေလာချမှာလဲ"

ခနွယ်အဘိုးကြီးမှာ ကျွန်တော်တို့ရွာ၏ ချောင်းတစ်ဖက်ကမ်း တစ်မိုင်ကျော်ခန့်ရှိ ခနွယ်ရွာတွင် ကြီးမားသောနတ်ကွန်းကြီးနှင့် စံမြန်း နေသော တန်ခိုးကြီးနတ်ဖြစ်သည်။ ခနွယ်အဘိုးကြီး၏ဩဇာသည် ထိုဒေသတစ်ဝိုက်လုံး၌ပျံ့နှံ့နေသည်။ ထိုဒေသ တစ်ဝိုက်ရှိရွာများ၌ သားယောက်ျားလေးမွေးလျှင် မိမိတို့နေရာ အိမ်ဂေဟာမှပင် ခနွယ် အဘိုးကြီးကိုရည်စူး၍ ပသကြရသည်။ သားယောက်ျားလေးမွေးဖွား လာပြီး ခနွယ်အဘိုးကြီးကို မပသလျှင် ထိုကလေး၏ကျန်းမာရေး စိုးရိမ်ရသည်ဟု အယူရှိကြသည်။ တခြားရပ်ဝေးဒေသပြောင်းရွှေ့နေ ထိုင်ကြသော ထိုဒေသမှ အဆက်အနွယ်များသည်ပင် သားယောက်ျား လေးမွေးလျှင် မိမိတို့ရောက်ရာဒေသမှ ခနွယ်အဘိုးကြီးကို ရည်စူးလျက် ပူဇော်ပသလေ့ရှိကြသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကိုးနဝင်းစေတီထီးတော် ရွှေရောင်ဝင်းနေခြင်းနှင့် ပတ်သက်၍ ထင်မြင်ချက်ပေးသူများအနက် သူတစ်ပါးထက် ကဲသူတစ်ဦးရှိသေး သည်။ သူ၏ထင်မြင်ချက်မှာ အားလုံး၏ထင်မြင်ချက်များအပေါ်တွင် မိုးနေသည့် ထိုပုဂ္ဂိုလ်က "ကိုးနဝင်းစေတီထီးတော်ရွှေချတဲ့ ကာသိုလ် ရှင်ဟာ ခင်ဗျားတို့ပြောတဲ့အထဲက မဟုတ်ဘူး။ သိကြားမင်းကိုယ်တိုင် ရွှေလာချသွားတာဖြစ်ရမယ်"ဟု စီးစီးပိုးပိုးပြောသည်။

ကိုးနဝင်းစေတီထီးတော်ကို ဘယ်သူရွှေချသွားသည်ဟု မည်သူမှ အတိအကျမပြောနိုင်သော်လည်း တန်ခိုးရှင်တစ်ဦးဦး လာချသွား သည်ဟူ၍မူ လူအတော်များများက ယုံကြည်ကြသည်။ ထို့ကြောင့် ခွေးချင်းကိုက်သည်ကိုပင် ဝိုင်းအုံကြည့်တတ်ကြရာ ယင်းကဲ့သို့သော သတင်းထူး သတင်းဆန်း ကြားသိရသောအခါ ကျွန်တော်တို့ရွာသူ ရွာသားများသာမက တခြားရပ်ရွာမှ လူများပင်သူ့ထက်ငါ ဦးအောင် လာကြည့်ကြသည်။ စေတီကို ဖူးမြော်လို၍မဟုတ်ဘဲ တန်ခိုးတော်ပြ သည်ကို အထူးအဆန်းအဖြစ် လာကြည့်သူများက အများစုဖြစ်သည်။ လူစည်ကားလာသောအခါ ဈေးသည်များရောက်လာကြသည်။ ကိုးနဝင်း စေတီကို အကြောင်းပြုလျက် ဈေးသည်များလည်း စီးပွားဖြစ်ကြသည်။ ထုံးရောင် ခပ်မှိန်မှိန်ဖြစ်နေသော စေတီသည်ပင် ထုံးသကန်းသစ်သစ် လွင်လွင်နှင့်ဖြစ်လာသည်။ စေတီတော်တွင် ပန်း ၊ ဆီမီး ကပ်လှူ

http://www.dhammadownload.com



ပွဲဇော်သူများလည်း အလုအယက်ဖြစ်နေကြသည်။ သို့သော်လည်း ရပ်ရေးရွာရေးတွင် ဦးမနေးသော ကိုစိန်ဖောင်၊ ကိုမောင်မြင့်၊ ကိုဘလု တို့ကမူ နှုတ်ပိတ်ရေငုံနေကြသည်။

တစ်ပတ် နှစ်ပတ်ကြာသွားသည်။ ကိုးနဝင်းစေတီ ပတ်ဝန်း ကျင်၌ စည်ကားနေသော လူစုလူဝေးသည် တစ်စတစ်စ ယုတ်လျော့ သွားသည်။ ဆန်းသည်ဆိုသောအရာသည် အချိန်ကြာသွားသောအခါ ရိုးသွားသည်။ ရိုးသွားသောအခါ စိတ်ပါဝင်စားမှု လျော့နည်းသွားသည်။ နှစ်ပတ်သုံးပတ် ရှိသွားသောအခါ ကိုးနဝင်းစေတီသို့ လူမလာကြတော့ပေ။ ကိုးနဝင်းစေတီလည်း သူ၏နောင်တော်ဘုရားပြိုဘုရားပျက် ဘုရား ငုတ်တိုများ၏ အခြေအနေအတိုင်းပင် ကျိုးနှင့်ဖုတ်ဖုတ်ပြန့်ဖြစ် သွားသည်။

ယင်းအဖြစ်အပျက် ဖြစ်ပျက်ပြီးနောက် တစ်နှစ်လောက်ကြာ သွားသည်။ တစ်နေ့သ၌ လက်ဖက်ရည်ကြမ်းဝိုင်း တစ်ဝိုင်းတွင် ကိုး နဝင်း စေတီထီးတော် ရွှေချသော ပဟေဠိကို ထုတ်ဖော်ပြောပြသူ များ ပေါ်လာသည်။ ထီးတော်ရွှေချသူမှာ မည်သည့် နတ်ဒေဝတာမှ လည်း မဟုတ်ပေ။ မည်သည့် တန်ခိုးရှင်မှလည်း မဟုတ်ပေ။ ရွာသူ ရွာသားထဲက ကိုစိန်ဖောင်၊ ကိုမောင်မြင့်၊ ကိုဘလုတို့ ဖြစ်ကြသည်။ သူတို့သုံးဦးသည် ယင်းလျှို့ဝှက်ချက်ကို မျိုသိပ်ထားခဲ့ကြရာမှ တစ်နှစ် လောက် ကြာသောအခါ အထုပ်ဖြေပြကြသည်။ သူတို့သုံးဦးသည်

http://www.dhammadownload.com



လွန်ခဲ့သည့် တစ်နှစ်ခန့်က လျှို့ဝှက်စွာတိုင်ပင်ပြီးလျှင် ညတစ်ည လူခြေတိတ်ချိန် ကိုးနဝင်းစေတီထီးတော်ကို တိတ်တိတ်ပုန်းရွှေချ လိုက်ကြသည်။ ပစ်လိုက်သော မြှား။ ပစ်မှတ် ထိမှန်သွားသည်ဖြစ်၍ သူတို့ကျိတ်ပြီး ဝမ်းသာအားရဖြစ်ခဲ့ကြရသည်။ သို့ရာတွင်နှုတ်လုံကြ သူများဖြစ်ကြသောကြောင့် သူတို့ရွှေချမှန်း မည်သူမှမသိကြပေ။ ကိုး နဝင်းစေတီ တန်ခိုးမှိန်နေ၍ တန်ခိုးကြီးလာစေရန် ဉာဏ်ဆင်ရခြင်း ဖြစ်သည်ဟု သူတို့က အကြောင်းပြကြသည်။

တန်ခိုး ပြာဋိဟာနှင့် ပတ်သက်သော အခြားအဖြစ်အပျက် တစ်ခု။

တစ်ချိန်တွင် ရွာဦးဘုန်းကြီးကျောင်း ဘုရားဆောင် ဘုရား ခန်းထဲမှ ရုပ်ပွားတော်တစ်ဆူ ရောင်ခြည်တော်လွှတ်သည် ဆိုသဖြင့် လာရောက် ဖူးမြော်သူများကျောင်းပေါ်တွင် ပြည့်ကျပ်သွားသည်။ ဘုရား ဖူးလာကြသူများထဲက ရောင်ခြည်တော်လွှတ်သည်ကို မြင်ရသူလည်း ရှိသည်။ မမြင်ရသူလည်းရှိသည်။ မမြင်ရသူမှာ ဖူးထိုက်သောကံ ပါမလာ၍ဟု ဆိုကြသည်။

ရောင်ခြည်တော် လွှတ်ချိန်မှာ ညဉ့်အချိန်ဖြစ်သည်။ ရောင် ခြည်တော် လာရောက်ဖူးမြော်သူများထဲတွင် ကိုဘလှဆိုသူတစ်ယောက် လည်းပါလာသည်။ ကိုဘလှသည် ကိုးနဝင်းစေတီထီးတော်ကို တိတ်

http://www.dhammadownload.com



တိတ်နိုး ရွှေချသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ကိုဘလု သည် ရပ်ရွာစာဖတ်အသင်း ဥက္ကဋ္ဌဖြစ်သည်။ စာဖတ်သူတစ်ဦးဖြစ်၍ရပ်ထဲရွာထဲတွင် ခေတ်အမြင်ခေတ်ဗဟုသုတ ရှိနေသူတစ်ဦးလည်းဖြစ်သည်။ ကိုဘလုက "ဒါရောင်ခြည်တော်လွှတ်တာ မဟုတ်နိုင်ဘူး။ ဘုရားကျောင်းဆောင်က မှန်သားကို မီးရောင်ပြန်ဟပ်တဲ့အတွက် လက်ခနဲ လက်ခနဲ ဖြစ်သွားတာ"ဟု ပြောသောအခါ အားလုံးက ကိုဘလုကို ဝိုင်းနှိမ်ကြသည်။ "ဒီကောင် မိစ္ဆာဒိဋ္ဌိမို့ ဘုရားရောင်ခြည်တော်ကို မဖူးရတာ"ဟု ပြောကြသည်။ မိရိုးဖလာမှ ခွဲထွက်လျက်၊ အများစုနှင့် ဆန့်ကျင်လျက်အများယောင်သည်ကို လိုက်မယောင်သော အများလုပ်သည်ကို လိုက်မလုပ်သော ကိုယ်ပိုင်ဉာဏ်ဖြင့်ဝေဖန် ဆုံးဖြတ်သူသည် ယင်းကဲ့သို့ "မိစ္ဆာဒိဋ္ဌိ"ဘွဲ့တံဆိပ်အတပ်ခံရသည်။

ထို့နောက် အချိန်မကြာလိုက်ပါ။ ရောင်ခြည်တော်ဖူးသူများ တစ်ယောက်မှ ပေါ်မလာကြတော့ပေ။

တန်ခိုးပြာဋိဟာနှင့် ပတ်သက်သော နောက်အဖြစ်အပျက်တစ်ခု။

ကျွန်တော်တို့ရွာနှင့် လေးငါးမိုင်လောက် အကွာတွင် ကြပ်ခလေးအမည်ရှိ ရွာတစ်ရွာရှိသည်။ ထိုရွာတွင်ရှိသော ဘုရားဆင်းတုတော်တစ်ဆူ တန်ခိုးပြသည်ဟူသော သတင်းသည် ထိုဒေသတစ်ဝိုက်

http://www.dhammadownload.com



ရှိရွာများတွင် ပျံ့နှံ့သွားသည်။ ရွာပေါင်းများစွာမှလူများသည် လှည်းတစ်တန် လှေတစ်တန်ဖြင့် ဘုရားတန်ခိုးပြသည်ကိုသွားရောက်ဖူးမြော်ကြသည်။

ထိုအချိန်က ကလေးအရွယ်မျှသာ ရှိသေးသောကျွန်တော် လည်း လူကြီးတွေနှင့်အတူ ကြုပ်ခလေးရွာ လိုက်သွားသည်။

ကြုပ်ခလေးရွာရောက်သွားသောအခါ တန်ခိုးပြသောဆင်းတုတော် စံပယ်တော်မူရာ တန်ဆောင်းထဲတွင် ပရိသတ်များပြည့်ကျပ်နေသည်ကို တွေ့ရသည်။ တန်ဆောင်းမှာ သစ်သားတန်ဆောင်းဖြစ်သည်။ တန်ဆောင်းထဲတွင် နေရာမရသည့်အတွက် တန်ဆောင်းအပြင်ဘက် ပတ်ဝန်းကျင်၌လည်း လူတွေဖွေးဖွေးလှုပ်နေသည်။ ဆင်းတုတော် တန်ခိုးပြခြင်းမှာ ရောင်ခြည်တော်လွှတ်ခြင်းလည်း မဟုတ်ပေ။ တခြား တန်ခိုးပြခြင်းမျိုးလည်းမဟုတ်ပေ။ ဆင်းတုတော်၏ ကိုယ်တော်တစ်ခုလုံး လှုပ်ခါနေခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဖူးနေရင်း ရှေ့ဘက်မျက်နှာတော်မူထားသော ဆင်းတုတော်သည် ဘေးဘက်စောင်းသွားသည်ကို ၊ ဘေးဘက်မျက်နှာတော်လှည့်သွားသည်ကိုဖူးတွေ့ရသည်။ ယင်းသို့ ကိုယ်တွေ့မျက်မြင်ဖူးတွေ့ကြရသော ဘုရားဖူးများသည် ရင်သပ်ရှုမောတအံ့တသြဖြစ်နေကြသည်။ ဆင်းတုတော် လှုပ်ခါခြင်း၊ ရွေ့စောင်းသွားခြင်း၏ အကြောင်းရင်းဆီ မည်သူမှအာရုံမရောက်ကြပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



တန်ဆောင်းမှာ သစ်သားတန်ဆောင်းဖြစ်သည်။ တန်ဆောင်းပေါ် ပရိသတ်များများ တက်လေ၊ တန်ဆောင်းခမျာ လှုပ်ခါလေဖြစ်သည်။ တန်ဆောင်းလှုပ်ခါသွားသောအခါ တန်ဆောင်းထဲက တံကဲပေါ်တွင် စံပယ်နေတော်မူသော ဆင်းတုတော် ရွှေ့လှုပ်ခါသွားသည်မှာ ရွေ့စောင်းသွားသည်မှာ အဆန်းမဟုတ်ပေ။ သို့သော်လည်း ထိုအကြောင်းအရင်းကို မည်သူမျှမတွေးကြ။ အဆန်းမဟုတ်သည်ကို အဆန်းလုပ်ပြီး အုတ်အော်သောင်းတင်းဖြစ်နေကြသည်။ အကယ်၍ထိုအချိန်၌ တစ်စုံတစ်ယောက်သောသူက အကြောင်းရင်းကို ဆင်ခြင်စဉ်းစားပြီး ထုတ်ဖော်ပြောပြမည်ဆိုလျှင်လည်း ထိုတစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် "မိစ္ဆာဒိဋ္ဌိ"ဂုဏ်ထူးကိုဖြစ်စေ၊ "ဘာသာမဲ့ တရားမဲ့" ဘွဲ့ထူးကို ဖြစ်စေ ရမည်မှာ အမှန်မုချဖြစ်သည်။

သို့သော်လည်း အချိန်သိပ်မကြာလိုက်ပါ။ ယင်းတန်ခိုးပြာဋိဟာကိုလည်း လူတွေမေ့သွားကြလေသည်။

မြန်မာတစ်နိုင်ငံလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသောတန်ခိုးဣန္ဒြိပါဒ်နှင့် စပ်သည့်နောက်ဖြစ်ရပ်တစ်ခု။

ယင်းဖြစ်ရပ်မှာ ကျွန်တော်တို့ငယ်ငယ်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် မဟုတ်ဘဲကြီးမှကြုံရသည့် အဖြစ်အပျက်ဖြစ်သည်။ ဘုရားနှင့် ပတ်သက်သောအဖြစ်အပျက် မဟုတ်ဘဲဘုရား၏အခွယ်

http://www.dhammadownload.com



အဖွားနှင့် ပတ်သက်သော အဖြစ်အပျက်ဖြစ်သည်။ အဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်မှာ ၆၀ ခုနှစ် ၊၆၁ ခုနှစ်လောက်ကဖြစ်သည်။

ဟသ်ာတ - ကြံခင်း မီးရထားလမ်း မဲဇလီကုန်းနှင့် ထူးကြီး အကြားတွင် "ဒီဖေးအမည်ရှိ အင်းကြီးတစ်အင်းရှိသည်။ ထိုအင်းကြီး၏ ကမ်းဘေးတွင် ဘုရားတစ်ဆူရှိသည်။ ဘုရားဘေးတွင် ဘုရားအားလှူ ဒါန်းပူဇော်သော ပူဇော်ဖွယ်ပစ္စည်းဝတ္ထုများတင်သည့် သင်ပုတ်ပလ္လင် တစ်ခုရှိသည့် ထိုသင်ပုတ်ပလ္လင်၌ မယ်ကုဝဏ်ရုပ်တုရှိသည်။ မယ်ကုဝဏ် စွန့်ကြဲသောရေကို အသုံးပြုလျှင်ကိုးဆယ့်ခြောက်ပါး ရောဂါ ပျောက်သည်ဟူသောသတင်း တစ်ပြည်လုံးပျံ့နှံ့ကျော်ကြားသွားသော ကြောင့် မယ်ကုဝဏ်ကိုဆည်းကပ်ရန်အတွက် တစ်ပြည်လုံးမှလူတွေ လှိမ့်လာကြသည်။ တစ်ပြည်လုံးမှလူတွေအလာများသဖြင့် မဲဇလီကုန်း နှင့် ထူးကြီးအကြားထဲတွင် ဘူတာမရှိသော်လည်း မီးရထားရပ်ရန် မီးရထားဌာနမှ အထူးအစီအစဉ်ဖြင့် ယာယီဘူတာ လုပ်ပေးရသည် အထိဖြစ်သည်။

ထိုအချိန်က မဲဇလီကုန်းရောက်သွားခိုက်နှင့် ကြုံနေ၍ ကျွန်တော်လည်း ထိုပွဲတော်သို့ ရောက်သွားသည်။ ဒီဖေးအင်း ရောက် သွားသောအခါ တစ်ကွင်းလုံးမြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်လာကြ သည့် လူထုပရိတ်သတ်များ ပြည့်ကျပ်စည်ကားနေသည်။ ရန်ကုန်မှ

http://www.dhammadownload.com



ရောက်လာကြသော ဖွဲ့ဦးတွန်းရှိန်အဖွဲ့နှင့် အခြားအသိအကျွမ်းများကို ပင် သွားတွေ့သည်။ မယ်ကုဝဏ်ရုပ်တုရှေ့တွင် ရေရောင်းသူများရှိ သည်။ ရေသည်များထံမှ ရေဝယ်ယူပြီး မယ်ကုဝဏ်အားကပ်လျက် ထိုရေကိုပြန်ယူပြီး သောက်ကြသုံးကြသည်။ မယ်ကုဝဏ်စွန့်ကြဲလိုက် သောရေသည် တန်ခိုးက္ကဒ္ဓိပါဒ်နှင့် ပြည့်စုံသည်ဖြစ်၍ ထိုရေကိုအသုံး ပြုလျှင် ကိုးဆယ့်ခြောက်ပါးရောဂါပျောက်ကင်းသည်ဟု ယုံကြည်ကြ သည်။

ကျွန်တော်တို့သည် မယ်ကုဝဏ်ရှေ့တွင် ခဏတစ်ဖြုတ် လောက်သာနေပြီး မဲဇလီကုန်းမှ အပျိုတစ်သိုက်နှင့် ဒီဗေးအင်းထဲ လှေလှော်စီးကြသည်။ အင်းကြီးမှာ ကျယ်ပြန့်ကြီးမားသော အင်းကြီး ဖြစ်သည်။ အင်းကြီးထဲတွင်ကြာမျိုးစုံပေါက်နေသည်။ ရေဘဲ၊ ဝမ်းဘဲ စသော ရေငှက်ပျော်သည့် ကျေးငှက်များလည်းအင်းကြီးထဲတွင် ကူးခတ် သွားလာနေကြသည်။ မယ်ကုဝဏ်၏ ရေတန်ခိုးမည်မျှ အစွမ်းထက် သည်ကို မသိခဲ့ရသော်လည်း သာယာကြည်နူးဖွယ် ဒီဗေးအင်းကြီးထဲ လှေစီးခဲ့ရသည်မှာမူ အလွန်ပျော်စရာကောင်းသည်။

မယ်ကုဝဏ်ဖြစ်ရပ်မှာ တစ်ပြည်လုံးဟိုးဟိုးကျော်သွားသဖြင့် မယ်ကုဝဏ်ရုပ်ရှင်ဇာတ်ကား ရိုက်သူများပင် ပေါ်လာသည်။ သို့သော် လည်း အချိန်မကြာလိုက်ပါ။ ဒီဗေးအင်းကြီးထဲတွင်လည်း ပွင့်လန်း

http://www.dhammadownload.com



နေကြသော ကြာပန်းကြာပွင့်များနှင့် ရေဘဲ၊ဝမ်းဘဲများလောက်သာ ကျန်နေတော့သည်။ ဒီပေးအင်းကမ်းပါးက စေတီနှင့်မယ်ကုဝထံရုပ် တု ဝန်းကျင်၌လည်း ယခင်ပုံမှန်အတိုင်း ကျိုးနှင့်ဖုတ်ဖုတ်ပြန်ဖြစ် သွားသည်။ မီးရထားဘူတာနလည်း ဝင်ငွေလျော့သွားသည်။ မယ်ကုဝထံ ထံမှ တန်ခိုးကျက်သရေကို ပါဒ်နှင့်ပြည့်စုံသော ရေတောင်းခံသူများလည်း မရှိ တော့ပေ။

ယင်းအဖြစ်အပျက်မျိုးမှာ မြန်မာနိုင်ငံအနှံ့အပြား ယခင်က လည်း အများအပြား ဖြစ်ပျက်ခဲ့ဖူးပြီ။ ယခုလည်း ဖြစ်ပျက်နေဆဲ၊ နောင်လည်းဖြစ်ပျက်နေဦးမှာသေချာသည်။ ယင်းအဖြစ်အပျက်များ အတွက် နှိုးဆော်သတိပေးနေသော အထိရောက်ဆုံးသြဝါဒမှာ "သူ တစ်ပါးယောင်တိုင်း လိုက်မယောင်နှင့် ၊ သူတစ်ပါးပြောတိုင်း မယုံ နှင့်၊ မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် မှတ်ကျောက်တင်ကြည့်ပြီး အဖြေ ထွက်မှ လက်ခံပါ"ဟူသော မြတ်စွာဘုရား၏ ကာလာမသုတ်ပါ ဒေ သနာတော်ပင် ဖြစ်သည်။

http://www.dhammadownload.com



# နေ့တိုင်း ငါးသေတ္တာစားသူ

အစားအသောက်နှင့်ပတ်သက်၍ လူ့သဘာဝအမျိုးမျိုးရှိသည်ကို တွေ့ရသည်။ အချို့က အကောင်းကြိုက်သည်။ မြက်မြက်ကလေးမှ စားချင်ကြသည်။ အချို့က တော်ရုံတန်ရုံနှင့် ပြီးသည်။အချို့က ဟင်းကောင်းကောင်းမပါလျှင် စားမဝင်ပေ။ အချို့က ငါးပိချက်၊ တို့စရာနှင့်ပင် ထမင်းတစ်နပ်ပြီးသွားသည်။ အချို့ကအစားဇီဇာကြောင်သည်။ အချို့က ရှိသမျှနှင့်ရောင့်ရဲသည်။ အချို့ကမိမိစားလိုသည့် ထမင်းဟင်းကို မိမိကိုယ်တိုင် စိတ်တိုင်းကျချက်စားကြသည်။ အချို့က ကိုယ့်သားမယားချက်ပြုတ်ကျွေးသည်ကို မညည်းမညူဘဲ စားကြသည်။ အချို့က အစားကြီးသည်။ အချို့က အစားသေးသည်။ အချို့က အစား ခံမင်သည်။ အချို့က အစားအသောက်ကို သည်လောက်အာရုံမစိုက်ကြ။

အစားအသောက်နှင့် ပတ်သက်၍ ထူးခြားသောလူတစ်ယောက်ကို တွေ့ဖူးသည်။ ထိုလူမှာ ကျွန်တော့်အမေ၏ အဘိုး ကျွန်တော့်ဘေးဖြစ်သည်။

အဖေဘက်မှ ကျွန်တော့်အဘိုးနှင့်အဘွားကို ကျွန်တော်မီလိုက်သည်။ ကျွန်တော်တို့အသက်ဆယ်နှစ်ကျော်လောက်ရှိမှ အဖေဘက်မှ အဘိုးနှင့်အဘွား ကွယ်လွန်သွားကြသည်။ အမေဘက်မှ အဘိုးနှင့်

ထက်ဝေယံစာပေ

http://www.dhammadownload.com



အဘွားကိုမူ မမီလိုက်တော့ပေ။ အမေဘက်မှ အဘိုးနှင့်အဘွားသည် ကျွန်တော်မမွေးခင်ကပင် သေဆုံးသွားကြပုံရသည်။ ဦးဝကြီးနှင့် ဒေါ်ငွေရင်ဟူ၍ အမည်နာမမတ္တလောက်သာ သိရတော့သည်။ အမေ၏အဖေနှင့်အမေကိုမမီလိုက်သော်လည်း အမေ၏အဘိုး၊ အမေ့အမေ၏ အဖေကိုမူ ကျွန်တော်မီလိုက်သည်။ အမေ၏အဘိုးဦးသိမ်သည် ကျွန်တော်သုံးလေးနှစ်သား အရွယ်အထိရှိနေတုန်းပင်ဖြစ်သည်။ သို့ရာတွင် မသွားနိုင်၊ မလာနိုင်တော့ပေ။ အသက် ၇၀ ကျော်လောက်ရှိနေပြီဖြစ်၍ အိပ်ရာနေရာမှတစ်ပါး အခြားနေရာသို့ မရွေ့ရှားနိုင်တော့ပေ။ အိပ်ရာပေါ်တွင်လှဲနေသည်။ နေ့လယ်နေ့ခင်းအချိန်၌ အိပ်ရာပေါ်တွင်ပင်ထိုင်နေသည်။

ဦးသိမ်သည် ဖြူဖြူတုတ်တုတ်ကြီးဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်က လူခန့်လူချောကြီးတစ်ယောက် ဖြစ်ပေလိမ့်မည်။ ကျွန်တော်၏ အဘွားအပါအဝင်သားသမီး တစ်ကျိပ်ကျော်ကျော်ကိုလည်း မွေးထား သည်။ ကျွန်တော်လူမှန်းသူမှန်းသိတတ်သည့်အရွယ် ရောက်လာချိန် ၌ကား သူ၏သားသမီးများသည် အိမ်ထောင်အသီးသီးကျနေကြပြီဖြစ် ၍ တစ်ရပ်တစ်ကျေးရောက်နေသူကရောက်၊ အိမ်ခွဲနေသူက အိမ်ခွဲ နေကြပြီ။ သမီးအငယ်ဆုံးမဒွေးဖြူ တစ်ယောက်သာလျှင် လူလွတ်ဖြစ် ၍ အိမ်၌ကျန်ခဲ့ပြီး သူ့အဖေကြီး ဦးသိမ်ကိုပြုစုနေသည်။

http://www.dhammadownload.com



အပိုကြီးမဒွေးဖြူသည် သူ၏တူမ ကျွန်တော့်အမေနှင့် အသက်အရွယ် မတိမ်းမယိမ်းဖြစ်သည်။ သူ့အဖေလိုပင် လုံးကြီးပေါက်လှဖြစ်သည်။ ကြံ့ဆစ်လက်ကောက်ကြီး အမြဲဝတ်ထားသည်။ မိမိတို့အနီးကပ်မပြုစုနိုင်ကြသောကြောင့် ကျန်ညီအစ်ကိုမောင်နှမများက အဖေကြီးကို နီးနီးကပ်ကပ် ပြုစုသော အပိုကြီးမဒွေးဖြူအား ဝိုင်းကျေးဇူးတင်ကြသည်။

ဦးသိမ်သည် အသက် ၈၀ ကျော်ပြီး အိပ်ရာနေရာမှ တခြားနေရာသို့ မရွေ့နိုင် မသွားနိုင်သော်လည်း ကိုယ်ခန္ဓာကြီးက ဝဝတုတ်တုတ်ကြီးဖြစ်၍ အစားကိုမူ ကောင်းကောင်းစားနိုင်သေးသည်။ သမီးမဒွေးဖြူက သူ့အဖေကြီး ဦးသိမ်စားဖို့အတွက် စိမ်ချက်ပြုတ်ပေးရသည်။

ထူးခြားသည်မှာ ဦးသိမ်သည် ငါးသေတ္တာမှလွဲ၍ တခြားဘာဟင်းနဲ့မှ မစားပေ။ ငါးသေတ္တာမပါလျှင် ထမင်းအငတ်ခံသည်။ ကြက်သား၊ ဝက်သား တခြားဘာဟင်းချက်ကျွေးကျွေးမစားပေ။ သမီးမဒွေးဖြူက တစ်ခါတစ်ရံတခြား ကောင်းနိုးရာရာကို ချက်ပြုတ်ကျွေးသည်။ သို့သော်လည်း လက်နှင့်တို့ရုံမျှပင် မတို့ပေ။ နောက်တော့ မဒွေးဖြူလက်လျှော့လိုက်သည်။ တခြားဟင်းချက်ပြုတ်မကျွေးတော့ပေ။ ငါးသေတ္တာဘူးများကိုသာ ဆယ်ဘူးဆယ့်ငါးဘူးအဆင်သင့် ဝယ်ထားရသည်။ ကုန်သွားလျှင် ထပ်ဝယ်ထားသည်။ ငါးသေတ္တာအပြတ်ခံ၍

http://www.dhammadownload.com



မရပေ။ ငါးသေတ္တာပြတ်သွားသည်နှင့် တစ်ပြိုင်နက်အဘိုးကြီးဦးသိမ်အစာငတ်ခံ ဆန္ဒပြတော့သည်။

အစားအသောက် တစ်ခုခုကို နေ့စဉ်နေ့တိုင်း ထပ်ကာထပ်ကာ စားရလျှင် ငြီးငွေ့သွားကြပြီး ထိုအစားအသောက်ကိုလှည့်၍ပင် မကြည့်ချင်ကြတော့ပေ။ တခြားအစားအစာ အပြောင်းအလဲလုပ်ပြီး စားချင်ကြသည်။ ဦးသိမ်က ထိုသို့မဟုတ်။ အလွန်ထူးဆန်းသည်။ အိမ်တွင် ငါးသေတ္တာဆယ်ဘူးဆယ့်ငါးဘူးအရန်သင့်မရှိလျှင် နေလို့မရပေ။ ချက်ချင်း ဝယ်ခိုင်းသည်။ ကျွန်တော်သုံးလေးနှစ်သားအရွယ်က ကျွန်တော့်အမေက သူ့အဘိုးဦးသိမ်၏အိမ်သို့ ခေါ်ခေါ်သွားတတ်သည်။ ဦးသိမ်၏အိမ်နှင့်ကျွန်တော်တို့အိမ်မှာ တစ်ဖာလုံလောက်ဝေးသည်။ ကျွန်တော်ရောက်သွားတိုင်း နှုတ်ခမ်းမွှေးနှင့် အသားအရေ ပြိုင်တူဖြူနေသောဦးသိမ်ကို အိပ်ရာပေါ်တွင် ဖိုင့်ဖိုင့်ကြီးခြေဆင်းထိုင်နေသည်ကို တွေ့ရတတ်သည်။ အဘိုးကြီးသည် ကျွန်တော်တို့သားအမိကို ပြုံးပြုံးကြီးကြည့်နေသည်။ အမေက သူ့အဘိုးနားကပ်ထိုင်သည်။ ဦးသိမ်သည် သူ့မြေးကျွန်တော့်အမေကို အလွန်ချစ်သည်။ ကျွန်တော်က ခပ်လန့်လန့်ရှိသည်နှင့် အဘိုးကြီးနား မကပ်ပေ။ သူ့အနီးလာရန် အဘိုးကြီးက လက်ယပ်ခေါ်သော်လည်း ကျွန်တော်အဘိုးကြီးနား ကပ်မသွားဘဲ ခပ်လှမ်းလှမ်းကသာနေသည်။

http://www.dhammadownload.com



မှတ်မိနေသေးသည်။ ကျွန်တော်ရောက်သွားတိုင်း အဘိုးကြီး နေသောနေရာအနီးအနားတစ်ဝိုက်၌ ငါးသေတ္တာဘူးခွံတွေ တောင်ပုံရာပုံပုံနေသည်ကိုတွေ့ရသည်။

တစ်လ ကိုးသီတင်း အတောအတွင်း၌ပင် ငါးသေတ္တာဘူးခွံများ တစ်အိမ်လုံးပြည့်သွားသည်ကိုတွေ့ရသည်။ ငါးသေတ္တာဘူးများမှာ ထိုစဉ်က ခေတ်စားသော ဘဲဥပုံ ငါးသေတ္တာအကြီးစားနှင့် လေးထောင့် ငါးသေတ္တာ အငယ်စားများဖြစ်ကြသည်။

အဘိုးကြီးမကျန်းမမာဖြစ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲလျက် သေတော့မည့်အချိန် ရောက်လာသောအခါ ကျွန်တော်အမေနှင့် လိုက်သွားသည်။ အဘိုးကြီးအသက် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသည်။အနီးတွင် သားသမီးနှင့်မြေးများ ဝိုင်းရံနေကြသည်။ ထိုအချိန်က အဘိုးကြီး၏ မြစ်ဟူ၍ ကျွန်တော်တစ်ယောက်တည်းသောက်သာ ရှိမည်ထင်သည်။ အဘိုးကြီးလက်တွင် လက်စွပ်တစ်ကွင်းစွပ်ထားသည်။ သားသမီးများက အဘိုးကြီး၏လက်တွင် စွပ်ထားသောရွှေလက်စွပ်ကို မျက်စိကျနေကြသည်။ တချို့ သားသမီးများကမူ လက်စွပ်ကိုချွတ်ဖို့ ကြိုးစားကြသည်။ အဘိုးကြီးက လက်ကိုဆုပ်ထားသည်။ ချွတ်ခွင့် မပေးပေ။ အနီးကပ်ပြုစုသော သမီးထွေးအပျိုကြီး မခွေးဖြူချွတ်သည် ကိုပင် ချွတ်ခွင့်မပြုဘဲ လက်ဆုပ်ထားသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



အဘိုးကြီး၏မျက်လုံးသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော သူ၏မြေး ကျွန်တော့်အမေဆီရောက်လာသည်။ အဘိုးကြီးသည် မျက်လုံးသင်္ကေတဖြင့် ကျွန်တော့်အမေကို လှမ်းခေါ်လိုက်သည်။ ကျွန်တော့်အမေအဘိုးကြီးနား ကပ်သွားသောအခါ အဘိုးကြီးသည်သူ၏လက်ကို ဆန့်ပေးလိုက်သည်။ ကျွန်တော့်အမေက လက်စွပ်ဖြုတ်ယူသောအခါ အဘိုးကြီးသည် ပြုံးပြုံးကြီးဖြစ်နေသည်။ ယင်းအပြုံးသည် အဘိုးကြီး၏ နောက်ဆုံးအပြုံးဖြစ်သည်။

သားသမီးများက သူတို့ကိုလက်စွပ်မပေးဘဲ မြေးဖြစ်သူအား ပေးခဲ့သည့်အတွက် မည်သို့မှမလိုလားသည့် အမူအရာမပြကြသည့်အပြင် မြေးဖြစ်သူလက်စွပ်အမွေရသွားသည့်အတွက် အားရဝမ်းသာပင်ဖြစ်နေကြသည်။

လွန်ခဲ့သည့် အနှစ် ၇၀ ခန့်က ငါးသေတ္တာမှတစ်ပါး တခြားဘာကိုမှမစားသော ကျွန်တော်၏ဘေး ဦးသိမ်အကြောင်း စဉ်းစားကြည့်လိုက်သောအခါ အကယ်၍ယခုခေတ်၌သာ ဦးသိမ်လူဖြစ်လျှင် ငါးသေတ္တာပြဿနာကို မည်သို့ရှင်းမည်နည်းဟု တွေးတောစဉ်းစားနေမိသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



## အဘဂ အဘ

ကျွန်တော်တို့၏ရွာအမည်သည် ခပ်ဆန်းဆန်းဖြစ်သကဲ့သို့ ရွာသူရွာသားများထဲတွင်လည်း ခပ်ဆန်းဆန်း လူများရှိသည်။ ယင်းလူထူးလူဆန်းများထဲတွင် ဦးဘိုးခနှင့် ဦးဘိုးကူတို့လည်း အပါအဝင်ဖြစ်ကြ သည်။ ဦးဘိုးခသည် ကျားအကိုက်ခံရသော်လည်း မသေသူဖြစ်သည်။ ဦးဘိုးကူမှာမူ မိုးကြိုးပစ်ခံရပြီး မသေသူဖြစ်သည်။

ဦးဘိုးခ ကျားအကိုက်ခံရခြင်းနှင့် ဦးဘိုးကူမိုးကြိုးပစ်ခံရခြင်း များသည် ကျွန်တော်တို့မျက်မြင် ကိုယ်တွေ့အဖြစ်အပျက်များမဟုတ် ပေ။ ကျွန်တော်တို့မမွေးခင် ဦးဘိုးခနှင့်ဦးဘိုးကူတို့ ငယ်ရွယ်စဉ်က ဖြစ်ပျက်ခဲ့ကြသည့် အဖြစ်အပျက်များဖြစ်သည်။ ဦးဘိုးခ၏ဦးခေါင်းတွင် ကျားကိုက်ခံရသည့် သေရာပါအမာရွတ် ရှိသော်လည်း ဦးဘိုးကူတွင် မူ မိုးကြိုးပစ်ခံရသည့် ဒဏ်ရာဒဏ်ချက်ကျန်မနေပေ။

ဦးဘိုးကူသည် ကျွန်တော့်အဖေ၏အဖေ ကျွန်တော့်အဘိုးဖြစ် သည်။ ကျွန်တော်တို့က သူ့ကို အဘိုးဟူ၍လည်းကောင်း၊ ဘိုးဘိုးဟူ ၍လည်းကောင်း မခေါ်ဘဲ အဘဟူ၍သာလျှင် ခေါ်သည်။ အဘဦးဘိုးကူ သည် မိုးကြိုးပစ်ခံရသည်ဆိုသော်လည်း မိုးကြိုးတိုက်ရိုက်ထိမှန်ခြင်း မဟုတ်ဘဲ မိုးကြိုးစက်ကွင်းမိသွားရုံမိသွားခြင်းမျှသာ ဖြစ်ပုံရသည်။ မိုးကြိုး တိုက်ရိုက်ထိမှန်ပါက

ထက်ဝေယံစာပေ

http://www.dhammadownload.com



အသက်ချမ်းသာရာရဖို့ မလွယ်ပေ။ အဘာမိုးကြိုးပစ်ခံရသည်ဆိုသည့် အကြောင်းကို အဘာပြောပြ၍ သိရခြင်း လည်း မဟုတ်ပေ။ ရွာသူရွာသားတချို့ တစ်ဆင့်စကားတစ်ဆင့်ကြား ပြောကြသည်ကို အမှတ်မထင် ကြားရ၍ ငယ်စဉ်က မှတ်သားထားခြင်း သာဖြစ်သည်။ ထို့ကြောင့် မည်သည့်အရွယ်က မည်သည့်နေရာတွင်၊ မည်သို့မည်ပုံ အဘာမိုးကြိုးခသည်ဆိုသည်ကိုမူ အသေးစိတ်မသိပေ။ အဘာကိုလည်း ထိုအကြောင်း စကားစပ်မေးမကြည့်ဖူးပေ။

အဘာသည် မိုးကြိုးသွားနှင့် ဆက်စပ်မှုရှိခဲ့၍လားမသိ။ စိတ်ဓာတ်အလွန်ခက်ထန်မာကြောသည်။ မိုးကြိုးသံကဲ့သို့ သူမာန်မဲကြိမ်းမောင်းလိုက်လျှင် ကြားရသူ မှန်သမျှ ဖိန့်ဖိန့်တုန်သွားသည်။ ဒုစရိုက်ကျူးလွန်သူများကို သူလုံးလုံးကြည့်မရပေ။ ရွာထဲတွင် သားစိမ်းငါးစိမ်းလှည့်လည်ရောင်းချသူများရှိကြသည်။ ကြက်သားသည် ကိုသာပေါ်သည်လည်းကောင်း၊ ဝက်သားသည် ကိုပေါ်စံသည် လည်းကောင်း၊ ငါးစိမ်းသည် မိန်းမကြီးများသည် လည်းကောင်း၊ ရွာရိုးတစ်လျှောက်လျှောက်၍သားငါးများကိုအော်ဟစ် ရောင်းချကြသော်လည်း အဘာအိမ်ရှေ့ရောက်လျှင် တစ်စုံတစ်ရာ အော်ဟစ်ရောင်းချခြင်းမပြုဘဲ ကုပ်ကုပ်ကလေးလျှောက်သွားကြသည်။ တစ်စုံတစ်ခု မှားလိုက်နှင့် မှားသွားသည်နှင့် တစ်ပြိုင်နက်မိုးကြိုးသံကဲ့သို့ ထက်သန်စူးရှသော အဘာ၏ ဟိန်းဟောက်သံပေါ်လာသည်။ ထိုအခါ သားစိမ်း ငါးစိမ်း သည်များ

ထက်ဝေယံတာဓပ

http://www.dhammadownload.com



ခြေလှမ်းများကုန်ကြသည်။

ရွာသူကြီး၏အမည်မှာ ဦးကျဲဖြစ်သည်။ ရွာသူကြီးဦးကျဲနှင့် အဘဦးဘိုးကူသည် သမီးယောက်ဖတော်သည်။ အဘ၏အစ်မကို ဦးကျဲက ယူထားသည်။ ဦးကျဲသည် အရပ်ခြောက်ပေခန့်ရှိ သန်မာထွားကျိုင်းသောလူကြီးဖြစ်သည်။ အဘ ဦးဘိုးကူက ဦးကျဲလောက် အရပ်မမြင့်ပေ။ အရပ်ငါးပေ ကျော်ကျော်လောက်သာမြင့်သည်။ သို့ သော် နှစ်ယောက်လုံးတောင့်တင်းသန်မာသော ရေးအဘိုးကြီးများ ဖြစ်ကြသည်။ ဦးကျဲသည် စောစောပိုင်းက သျှောင်ထုံးရှိသော်လည်း နောက်ပိုင်းတွင် ကတုံးဖြစ်သွားသည်။ အဘဦးဘိုးကူမှာမူ ကျွန်တော် တို့လူမှန်းသူမှန်း သိတတ်သည့်အရွယ်ကစ၍ ကတုံးနှင့်သာတွေ့ရသည်။ အပြင်ထွက်သည့်အခါ များ၌မူ နှစ်ယောက်လုံးပင်ဦးခေါင်းတွင် ပဝါ ပေါင်းထွက်ကြသည်။ ကျွန်တော်တို့လေးငါးခြောက်နှစ်အရွယ်ကပင် ဦးကျဲနှင့် ဦးဘိုးကူတို့သည် အသက် ၇၀ ကျော်လောက်ဖြစ်နေကြပြီ။

ဦးကျဲသည် လူကောင်ကလည်း ပုညှက်ညှက်မဟုတ်ပေ။ သမာသမတ်ကျသော ထိုခေတ်အထူး အာဏာရ ကျေးရွာသူကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ဦးကျဲအသံ ကြားလိုက်ရသည်နှင့် ဖိန့်ဖိန့်တုန် သွားကြသည်။ ဦးကျဲလာပြီဆိုသည်နှင့် တစ်ပြိုင်နက်ဒုစရိုက်သမား များ ရှဲသွားကြသည်။ ဦးကျဲကို ကြောက်ကြသကဲ့သို့ ဦးဘိုးကူကို

http://www.dhammadownload.com



လည်းကြောက်ကြသည်။ ဦးကျဲကိုလေးစားသကဲ့သို့ ဦးဘိုးကူကိုလည်း လေးစားကြသည်။ သို့သော်လည်း ဦးကျဲကိုကြောက်ခြင်း လေးစားခြင်း နှင့် ဦးဘိုးကူကိုကြောက်ခြင်း။ လေးစားခြင်းမတူပေ။ ဦးကျဲကိုကြောက် ခြင်းမှာ လူကိုကြောက်ခြင်းထက် အာဏာကိုကြောက်ခြင်းဖြစ်သည်။ ဦးဘိုးကူကို ကြောက်ခြင်းမှာမူ အာဏာကိုကြောက်ခြင်းမဟုတ်ဘဲ လူ၏အရှိန်အဝါနှင့် သိက္ခာ သမာဓိကိုကြောက်ခြင်းဖြစ်သည်။ တစ်ရွာ လုံးကဖိန့်ဖိန့်တုန်အောင် ကြောက်ရသော ဦးကျဲကိုမကြောက်သူတစ်ဦး ရှိသည်။ ထိုတစ်ဦးမှာ သူ၏ယောက်ဖဦးဘိုးကူဖြစ်သည်။

အဘ ဦးဘိုးကူသည် ခက်ထန်သည်။ ဒေါသကြီးသည်။ သူမှန် သည်ထင်လျှင် မည်သူ့ကိုမှအလျှော့မပေးပေ။ တစ်ရွာလုံးက ကြည်ညို ခယကြရသော ရွာဦးကျောင်းက ကျောင်းထိုင်ဆရာတော်ကြီးကိုပင် ငုံ့ခံမနေပေ။ ကျွန်တော်တို့ရွာက ဦးဉာဏဘွဲ့အမည်ရှိ ကျောင်းထိုင် ဆရာတော်ကြီးမှာ နယ်နယ်ရရ မဟုတ်ပေ။ စာတတ်ပေတတ် အကျော် အမော်ဆရာတော်များ ထွက်သောအညာရွှေဘိုနယ်က ဖြစ်သည်။ ပထမရွှေကျင်ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။ ရွှေကျင်ဆရာတော် ကြီးထံတွင် သူနေစဉ်က သူကကိုရင်ဖြစ်ပြီး ဝိသုဒ္ဓါရုံဆရာတော်ကြီး က ပဉ္စင်းဖြစ်သည်။ ဤရွေ့ဤမျှအစဉ်အလာ ကြီးမားပြီးစာတတ်ပေ တတ် ဖြစ်ရုံမျှမက ကြည်ညိုဖွယ်အသွင်ဆောင်နေသော ဆရာတော် ကြီးဖြစ်နေသဖြင့်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ရွာနီးချုပ်စပ်တွင်မူသာမက တစ်နယ်လုံးက အားထား ရသော ဆရာတော်ကြီး ဖြစ်နေသည်။ ကျွန်တော်တို့ ကိုရင်ဝတ်ချိန်၌ ဆရာတော်ကြီး သည် သက်တော် ၇၀ ကျော်နေပြီ။

အဘ ဦးဘိုးကူသည် ထိုဆရာတော်ကြီးကိုပင် ဆန့်ကျင်ရဲသူ ဖြစ်သည်။

ဥပုသ် သီတင်းနေ့များတွင် ရပ်ထဲ ရွာထဲက ဘုရားတရားကိုင်း ရှိုင်းကြသူများသည် ရွာဦးကျောင်းသွားကြပြီးလျှင် ဆရာတော်ကြီး ထံတွင် သီလယူလျက် သီတင်း သီလ ဆောက်တည်ကြသည်။ ဆရာတော် ကြီးက ရှစ်ပါးသီလ ပေးပြီးသည်နှင့် ဆက်၍တရားဟောလေ့ရှိသည်။ ယင်းအလေ့ အထမှာ သီတင်းနေ့တိုင်း ပြုလုပ်နေကျအလေ့အထဖြစ် သည်။ ဥပုသ်သည်များထဲတွင် အဘဦးဘိုးကူလည်းတစ်ဦးအပါအဝင် ဖြစ်သည်။ အဘ ဦးဘိုးကူသည် သီတင်းနေ့တိုင်းဝတ်မပျက် ဥပုသ် စောင့်သည်။ ဆရာတော်ကြီးထံတွင် သီလခံသော အခါ၌လည်း ရပ်မိရပ်ဖ လူကြီးတစ်ဦးဖြစ်သဖြင့် ပရိသတ်ရှေ့က ထိုင်လေ့ရှိသည်။

ဥပုသ်နေ့တစ်နေ့တွင် ထုံးစံအတိုင်း ဆရာတော်ကြီးသည် ဥပုသ်သည်များအား သီလ ပေးပြီးသောအခါ တရားဆက်ဟောနေသည်။ တရားဟောနေရင်း ဘယ်ကဘယ်လို စကားစပ်သွားသည်မသိ ပရိ သတ်ရှေ့ ထိုင်နေသော ဦးဘိုးကူကို ရည်ညွှန်းလျက်ဝေဖန်ရှုတ်ချ စကား

http://www.dhammadownload.com



ပြောကြားနေသည်။ ဦးဘိုးကူကို ရှေ့ထားပြီး ဦးဘိုးကူအကြောင်း မည်ကဲ့သို့ မကောင်းပြောသည်ကိုမူ မမှတ်မိတော့။ ဤတွင် ဦးဘိုးကူ သည် သူ၏ သိက္ခာထိခိုက်သည် ဆိုပြီး ဆရာတော်ကြီးတရားဟောနေ တုန်း တန်းလန်း ထိုနေရာမှ ထသွားသည်။ ထိုအခါ ဆရာတော်ကြီးက "ဟေ ဒါဘယ်သူလဲ ၊ ဘိုးကူလား။ ငါက ငပိန်"မှတ်လို့ "ဟုပြော လေသည်။

ဘုန်းကြီးကျောင်းနှင့်အဆက်အဆံ ရှိသူများထဲတွင် ဦးပိန်ဆို သူ ဒကာတစ်ယောက်ရှိသည်။ ဦးပိန်သည် သိက္ခာသမာဓိမရှိပေ။ လျှပ်ပေါ်သည်။ သူ့ကို ဘယ်လိုပြောပြော ပြောမနာဆိုမနာ။ ဆရာ တော်ကြီးမှာ သက်တော်ရွယ်တော် ကြီးပြီဖြစ်၍ မျက်စိအမြင်မသန် တော့ပေ။ ထို့ကြောင့် ဦးဘိုးကူကို ဦးပိန်မှတ်ပြီးပြောသလား။ သို့မဟုတ် ပြောစရာရှိလျှင် မည်သူ့ကိုမှ မထောက်မညှာ ပြောတတ်သော ဝသီ အတိုင်း ပြောတုန်းကတော့ ဦးဘိုးကူကိုပင်တမင်ပြောပြီး ဦးဘိုးကူ ထသွားမှ ငပိန်မှတ်လို့ဟု လျှောချသွားသလား အသေအချာ မသိ။ သို့ရာတွင် ဦးဘိုးကူမှာမူ ထိုနေ့ထိုရက်မှစပြီး ဘုန်းကြီးကျောင်းပေါ် သို့ တစ်ခါမှ မတက်တော့ပေ။ ဥပုသ်ကိုမူ ဝတ်မပျက်စောင့်သည်။

ဥပုသ်နေ့များ၌မူ တခြားဥပုသ်သည်များက ထုံးစံအတိုင်း ကျောင်းအပေါ်ထပ် ဆရာတော်ကြီးထံတွင် ဥပုသ်ယူကြသော်လည်း ဦးဘိုးကူကမူ ကျောင်းပေါ်သို့ မတက်တော့ဘဲ ကျောင်းဝင်းထဲရှိ သူ၏ ယောက္ခမ

http://www.dhammadownload.com



ဦးစံဒွန်း၊ ဒေါ်ခယာတို့ ဆောက်လုပ်လှူဒါန်းထားသော သိမ်ထဲက ဆင်းတုတော်ရှေ့မှောက်တွင် သီလယူပြီး ပြန်သွားတတ် သည်။ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း နေရထိုင်ဖျာကလေး တစ်ချပ် လိပ်ယူလာပြီးလျှင် ကျောင်းပေါ်တစ်ချက်မျှပင် လှည့်မကြည့်ဘဲ သိမ်ထဲ တန်းဝင်သွားသော ဦးဘိုးကူကိုတွေ့ရသည်မှာ သူမမာမကျန်းဖြစ်ပြီး ကွယ်လွန်သွားသည့် အချိန်အထိဖြစ်သည်။

အဘဦးဘိုးကူ ထူးခြားချက်တစ်ခုမှာ စာတတ်ပေတတ်ပုဂ္ဂိုလ် တစ်ယောက်ဖြစ်နေခြင်းပင်။ စာတတ်ပေတတ်ဆိုသည်မှာလည်း အထူး အားဖြင့် သင်္ဂြိုလ်သို့မဟုတ် အဘိဓမ္မာကို ကျွမ်းကျင်တတ်မြောက် နေခြင်းဖြစ်သည်။ ဦးဘိုးကူသည် ဘုန်းကြီးလူထွက်မဟုတ်ပေ။ သို့ သော်လည်း သင်္ဂြိုလ်စကား အဘိဓမ္မာစကားကို ဖောင်လောက်အောင် ပြောနိုင်သူဖြစ်သည်။ သူဟာသူ လေ့လာဆည်းပူးခဲ့သလား။ သို့မဟုတ် ဆရာတစ်ဦးဦးထံတွင် သင်ကြားခဲ့ခြင်းပင်ဖြစ်သလား။ အဘ၏ လောကုတ္တရာ ပညာရေးနောက်ကြောင်းသမိုင်းနှင့် ပတ်သက်၍မည်သူမှ မသိရပေ။ သူ့ထံတွင် ပြောလောက်ဆိုလောက် စာအုပ်စာတမ်းများ ရှိသည်ကိုလည်း မတွေ့ရပေ။ သို့သော်လည်း အဘသည် "ဘယ်ကျမ်း က ဘယ်လိုဆိုတယ်။ ဘယ်ကျမ်းမှာ ဘယ်လိုပါတယ်" ဟု လက်တန်းပြောသွားနိုင်သည်။

ကျွန်တော်၏ လောကုတ္တရာ စာပေကနဦးကံ့ကူလက်လှည့်

http://www.dhammadownload.com



ဆရာမှာလည်း အဘပင်ဖြစ်သည်။ အဘသည် ကျွန်တော့်အတွက် လောကုတ္တရာစာပေ မျိုးစေ့ဗီဇချပေးသူဖြစ်သည်။ ကျွန်တော်ကျောင်း မနေသေးခင် သုံးလေးနှစ်အရွယ်လောက်ကဖြစ်သည်။ အဘသည် စိတ်လိုလက်ရ ရှိသည့်အခါ ကျွန်တော်ကိုသူ့အနားခေါ်ပြီး နှုတ်တိုက် ချလျှက် လောကုတ္တရာ စာသင်ပေးသည်။

"ရူပက္ခန္ဓာ"

အဘက နှုတ်တိုက် ချပေးသောအခါ ကျွန်တော်က မပီတပီ လိုက်ဆိုရသည်။ "ရူပက္ခန္ဓာ"ကို ဆိုတတ်ပြီး မှတ်မိသွားသောအခါ နောက်တစ်နေ့တွင် ရှေ့ဆက်ဆင့်တက်ရသည်။ ယင်းအဆင့်မှာ "ဝေဒ နက္ခန္ဓာ" ဖြစ်သည်။ ယင်းသို့အားဖြင့် တစ်နေ့ခန္ဓာအမည် တစ်လုံးကျ နှုတ်တိုက်သင်ပေးသည်ဖြစ်၍ လေးငါးခြောက်ရက်ရှိသွားသောအခါ ခန္ဓာငါးပါးအမည်ကို ရွတ်တတ်ဆိုတတ်သွားသည်။ သို့သော်လည်း ထို အချိန်က ခန္ဓာငါးပါးကိုရွတ်တတ်ဆိုတတ်ခြင်းမှာ ကြက်တူရွေးကို နှုတ်တိုက်သင်ပေး၍ ရွတ်ဆိုတတ်ခြင်းမျိုးဖြစ်သည်။ နှစ်နှစ် သုံးနှစ် အရွယ်သည် ကြက်တူရွေးနှင့် ဘာမှမထူးပေ။ အနက်အဓိပ္ပာယ်ကို နားမလည်ဘဲနှင့် စကားလုံးကို ရွတ်တတ်ရုံ ရွတ်တတ်ခြင်းမျှသည် ကြက်တူရွေး စကားပြောခြင်းနှင့် ဘယ်မှာ ထူးခြားမှုရှိနိုင်မည်နည်း။

ထိုအချိန်က ကြက်တူရွေး နှုတ်တိုက်ရနေသလို ရနေသော

http://www.dhammadownload.com



ခန္ဓာငါးပါးသည် အဘိဓမ္မာ၏ အညွှာသို့မဟုတ် ဝိပဿနာ၏ အခရာဖြစ် သည် ဆိုသည်ကိုမူ နောက်ပိုင်းနှစ်ပရိစ္ဆေဒများစွာ ကြာပြီး အသက် အရွယ် ကြီးကာမှ သိရှိရခြင်းဖြစ်သည်။ သို့သော်လည်း အဘာ နှုတ် တိုက်ချပေးသဖြင့် အလွတ်ဆိုတတ်နေသော ခန္ဓာငါးပါးအမည်များ နှင့် တခြားဗုဒ္ဓ အဘိဓမ္မာ စာလုံး စကားလုံးများသည် စတုတ္ထတန်း တက်ပြီးနောက် မိမိရှေ့တွင် ရှိနေသော လမ်းနှစ်သွယ်အနက် လောကီ လမ်းကို မရွေးဘဲ လောကုတ္တရာလမ်း ရွေးသော ကျွန်တော့်အတွက် တွန်းအားများ ဖြစ်နေကြသလား မသိပေ။ လောကုတ္တရာလမ်းဘက် ချိုးကွေ့ရန်အတွက် ပြထားသော "မြား"များဖြစ်နေကြသလားမသိပေ။

ကျွန်တော် ဆယ်နှစ် ဆယ့်တစ်နှစ်သား အရွယ်တွင် ကိုရင် ဝတ်သည်။ ကိုရင်ဘဝတွင် သဒ္ဒါ ၊ သင်္ဂြိုလ် စသင်ရသည်။ ထိုအချိန် ဦး အဘာထံ ကောင်းကောင်း မသွားရဲတော့ပေ။ အဘာနှင့် ဆုံတိုင်း အဘာသည် ကျွန်တော့်ကိုစာမေးသည်။ သင်္ဂြိုလ် သရုပ်ခွဲခိုင်းသည်။ အဘာမေးသည့် မေးခွန်းတိုင်းလိုလိုမှာ ကျွန်တော်မဖြေနိုင်သည့် မေးခွန်း များဖြစ်သည်။ နောက်ပိုင်း၌မူ အဘာကို အဝေးက ရှောင်တော့သည်။ အဘာကို အဝေးကရှောင်သူများထဲတွင် ကျွန်တော်တစ်ဦးတည်းမျှ သာမကပေ။ စာမကျေသော တချို့ဘုန်းကြီး ရဟန်းများလည်းပါသည်။ အဘာက သင်္ဂြိုလ်စကား အဘိဓမ္မာစကားပြောလျှင် "သမ္မောဟ ဝိနောဒနီ" လို ကျမ်းကြီး

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျမ်းခိုင်းများကိုတက်ကိုင်သည်။ ထိုအခါ ယင်းကျမ်းများကိုလှန်ပင် မလှန်ရသေးသော တချို့ရဟန်းများမှာ လန့် ဖျပ်ကုန်ကြသည်။

အဘသည် အဘိဓမ္မာစကား ၊ တရားစကားဆွေးနွေးခြင်းခံ ရသည်ကို အလွန်စိတ်ဝင်စားသည်။ သို့သော် သူနှင့်ယှဉ်ပြိုင်ဆွေး နွေးမည့် အခြင်းအခုံလုပ်မည့်သူ မရှိလှပေ။ ကျွန်တော်တို့ရွာထဲတွင် သူနှင့် အပေးအယူ ဖြောင့်သူတစ်ယောက်သာရှိသည်။ ထိုပုဂ္ဂိုလ်မှာ ဦးကြာဖံ ဖြစ်သည်။ ဦးကြာဖံသည် ကျွန်တော်၏အမေ့ဘက်မှ အဘွား၏ နောက်ယောက်ျားဖြစ်သည်။ အဖေ့ဘက်မှ အဘိုးနှင့်အဘွားကို မီလိုက် သော်လည်း အမေ့ဘက်က အဘိုးအဘွားများမှာ ကျွန်တော် လူ့ဘဝ ရောက်မလာခင်ကပင် ကွယ်လွန်ကုန်ကြသည်။ အမေ၏ အဖေ ဦးဝကြီးသည် စောစောကတည်းက ကွယ်လွန်သွားသည်။ ဦးဝကြီး ကွယ်လွန်သွားသောအခါ ဦးဝကြီး၏ဇနီး ဒေါ်ငွေရင်သည် မုဆိုးမအဖြစ် နှင့် ကျန်ခဲ့သည်။ သို့သော်လည်း ဒေါ်ငွေရင်သည် တစ်ပင်လဲမှ တစ်ပင်ထူသည်။ ဦးကြာဖံနှင့် ဒုတိယအကြိမ် လက်ဆက်သည်။

ကျွန်တော့်အမေ၏ ပထွေးဦးကြာဖံသည် ဘုန်းကြီးလူထွက် ဖြစ်သည်။ သို့သော် လူအေးဖြစ်သည်။ အဘ ဦးဘိုးကူစကားကြွယ် သလောက် သူကစကားနည်းသည်။

အဘဦးဘိုးကူ အသံမာသလောက် သူက အသံပျော့သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဦးကြာဇံသည် ဘုန်းကြီးဘဝတွင် စာအကျအနသင်လာခဲ့သူ ဖြစ်သော် လည်း သူတို့၏ သင်္ဂြိုလ်စကားဝိုင်း၌ ဦးကြာဇံက ခေါင်းညိတ်ရုံသာ ညိတ်သည် ရေလာမြောင်းပေး လုပ်ရုံလောက်သာ လုပ်ပေးသည်။ စကားဝိုင်းတွင် အာပေါင်အာရင်းသန်သန်နှင့် နိုင်ခံပြောသူမှာ ဟုတ် တိပတ်တိ သင်ကြားခဲ့ဖူးခြင်းမရှိသော အဘ ဦးဘိုးကူဖြစ်သည်။ ထို့ကြောင့် သူတို့၏ စကားဝိုင်းမှာ အေးအေးဆေးဆေး ငြိမ်ငြိမ်သက် သက်နှင့် ပြီးသွားကြ သည်ကသာ များသည်။

သို့သော်လည်း အဘဦးဘိုးကူကဲ့သို့ပင် အာပေါင်အာရင်း သန် သန်နှင့် အငြင်းသန်သူတစ်ယောက်ရှိသည်။ ထိုပုဂ္ဂိုလ်မှာ ကျွန်တော် တို့ရွာ၏ တစ်ဘက်ကမ်းသာဇီရွာမှ ဦးတော်အောင်ဆိုသူဖြစ်သည်။ ဦးတော်အောင်သည် အဘဦးဘိုးကူနှင့်လည်း ဆွေရိပ်မျိုးရိပ်မကင်းပေ။ သူတို့နှစ်ယောက်ဆုံပြီး သင်္ဂြိုလ်စကား၊ အဘိဓမ္မာစကား ဆွေးနွေး ငြင်းခုံကြသောအခါ ရန်ဖြစ်နေကြသလား အောက်မေ့ပြီး အနီးအနားမှ လူများ ဝိုင်းလာ တတ်ကြသည်။ တစ်နေ့သောအခါ၌ ဦးဘိုးကူနှင့် ဦးတော်အောင်တို့ အဘိဓမ္မာနှင့် ပတ်သက်၍အငြင်းပွားနေကြသည်။ မည်သူကမှ မိမိအယူအဆကို အလျှော့မပေးဘဲ ငြင်းခုံနေကြရာ တဖြည်းဖြည်း ဒေါသထွက်လာကြပြီးလျှင် အဘဦးဘိုးကူသည် စိတ် ကို မထိန်းနိုင်ဘဲ သူထိုင်နေသော နေရာက ကြမ်းအခင်းကို လက် နှင့် ဆွဲဆောင့်လိုက်သည်တွင် ကြမ်းအခင်းတစ်ချပ်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျိုးထွက်သွား သည်။

ထိုခေတ် ထိုအချိန်က အဘိဓမ္မာစကား ၊ တရားစကားဆွေးနွေး ငြင်းခုံလေ့ရှိကြသည်မှာ ကျွန်တော်တို့ ရပ်ရွာ၌ သာမကပေ။ အရပ် ဒေသ အတော်များများ၌ မတောက်တစ်ခေါက် သဂြိုလ်သင်ပြီး တရား စကားငြင်းလေ့ရှိကြသည်။ ယခုထက်တိုင် တချို့နေရာများ၌ ယင်း အစဉ်အလာ ရှင်သန်နေတုန်းပင်ရှိသေးသည်။ အလု။ မသာ၊ သာရေး၊ နာရေး၊ အခမ်းအနားများ၌ သဂြိုလ်စကား၊ အဘိဓမ္မာစကားလှိုင်လှိုင် ပြောတတ်သူ အငြင်းသန်သူများက အိမ်ဦးခန်း၌ နေရာရကြသည်။

"ဝါဒေ ဝါဒေ ဇာယတေ တတ္တဗောဓာ" (ဆွေးနွေး ငြင်းခုံ ရင်း ငြင်းခုံရင်း အမှန်တရား ပေါ်ပေါက်လာသည်)ဟူသော အဆိုအမိန့် နှင့် "အငြင်းသန် အမှန်သိ" ဟူသော ဆိုရိုးစကားရှိသော်လည်း ဗုဒ္ဓ တရားဒေသနာတော်၏ ဦးတည်ချက်မှာ အငြင်းအခုံပြုလုပ်ရန်အတွက် မဟုတ်ပေ။ လက်ဖက်ရည်ဝိုင်း၌ "အမြည်း" အဖြစ်အသုံးချရန်အတွက် မဟုတ်ပေ။ လက်ဖက်စားကောင်းရုံအတွက် မဟုတ်ပေ။ မိမိ တတ် ကြောင်း သိကြောင်း တော်ကြောင်း ကြေညာရန်အတွက် မဟုတ်ပေ။ သုတမယဉာဏ်၊ စိန္တာမယဉာဏ် အဆင့်အရ သိရုံသိခြင်းသည် ဗုဒ္ဓ တရားဒေသနာတော်၏ ဦးတည်ချက်ပန်းတိုင် မဟုတ်ပေ။ ဦးတည် ချက်ပန်းတိုင် အစစ်အမှန်မှာမူ တရားဒေသနာတော်ကို သိရှိနားလည် အောင် လုပ်လျက်ဘာဝ

http://www.dhammadownload.com



နာမယဉာဏ်ဖြင့် တရားဒေသနာတော် ညွှန် ပြသည့်အတိုင်း လက်တွေ့ကိုယ်တွေ့ ကျင့်သုံးဆောက်တည်ပြီးလျှင် ဒုက္ခဘေးက ကင်းဝေးအောင် လုပ်ရန်သာဖြစ်သည်။ ဗုဒ္ဓဘာသာဝင် အတော်များများသည် ဗုဒ္ဓဘာသာဝင်အမည်ခံနေကြသော်လည်း ဦးတည်ချက် ပျောက်နေကြသည်။

အဘဦးဘိုးကျူသည် မည်သူ့ကိုမှ အလျှော့ပေးသူ မဟုတ်သော်လည်း အလျှော့ပေးရသူများလည်းရှိသေးသည်။ အဘ အရှုံးပေးရသူ များမှာ သူ၏မြေးများဖြစ်သည်။ မြေးဖြစ်သူများသည် သူတို့အဘ၏ တောင်ဝှေးကို မကြာခဏဝှက်ထားကြသည်။ ထိုအခါများ၌ အဘ ဦးဘိုးကျူသည် သူ၏တောင်ဝှေး ပြန်ရရေးအတွက် သူ့မြေးများကို ကျည်ဝတ္တာ လုပ်ရလေသည်။

http://www.dhammadownload.com



# မိမိနှင့် ဆာဂျေအေမောင်ကြီး

မြန်မာနိုင်ငံ ကိုလိုနီခေတ် သမိုင်း၌ ခရစ်နှစ် ၁၉၃၀-ခုနှစ် နှောင်းပိုင်းတွင် ထူးခြားသော နိုင်ငံရေးဖြစ်ရပ်ကြီး နှစ်ခုပေါ်ပေါက်လာခဲ့သည်။ တစ်ခုမှာ တောင်သူလယ်သမား အရေးတော်ပုံဖြစ်ပြီး အခြားတစ်ခုမှာ မြန်မာလူမျိုးထဲက မြန်မာနိုင်ငံ ဘုရင်ခံဖြစ်လာခြင်း ဖြစ်သည်။

၁၉၂၅ ခုနှစ်တွင် ဂျီစီဘီအေအသင်းကြီး ထက်ခြမ်းကွဲသွားသည်။ ဦးချစ်လှိုင် ကြီးမှူးသော ဂျီစီဘီအေနှင့် ဦးစိုးသိမ်းကြီးမှူးသော ဂျီစီဘီအေဟူ၍ ဂျီစီဘီအေ အသင်းကြီး နှစ်ခြမ်းကွဲသွားသောအခါ မော်လမြိုင်ဂျီစီဘီအေအသင်း၏ ဥက္ကဋ္ဌဆရာစံသည် ဗြိတိသျှအစိုးရဆန့်ကျင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်လိုသည်ဖြစ်၍ ဦးစိုးသိမ်းဂျီစီဘီအေဘက် ပါသွားပြီးလျှင် ဦးစိုးသိမ်း ဂျီစီဘီအေ၏ အမှုဆောင်လူကြီး တစ်ဦးဖြစ်လာသည်။ ၁၉၂၉ ခုနှစ်တွင် တောင်ငူမြို့၌ ဦးစိုးသိမ်းဂျီစီဘီအေ ကွန်ဖရင့်ကျင်းပပြုလုပ်သည်။ ထိုကွန်ဖရင့်တွင် အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ ဆရာစံလည်း တက်ရောက်လာသည်။ ထိုကွန်ဖရင့်၌လည်း ဗြိတိသျှနယ်ချဲ့အစိုးရအား ပြင်းပြင်းထန်ထန်တော်လှန် တိုက်ခိုက်လိုသူများက တစ်ဖက်၊ အပြောဆွဲ

• http://www.dhammadownload.com



အနနည်းသုံးလိုသူများက တစ်ဖက် သဘောထားကွဲလွဲကြပြန်ရာ ဂျီစီဘီအေတစ်ခြမ်းသည် တစ်စိတ်စီ ကွဲသွားပြန်သည်။ ရေဦးဆရာတော် အမှူးရှိသော သံဃာတော်အချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က အသင်း၏ အကျိုးတော်ဆောင်ဖြစ်သူ ဂျာမနီပြန် ဦးစုအား ခေါင်းဆောင်တင်လျက် ဂျီစီဘီအေ ဂိုဏ်းခွဲတစ်ခု တည်ထောင်ကြသည်။ ယင်းဂျီစီဘီအေ ဂိုဏ်းခွဲက သူတို့၏ ခေါင်းဆောင်ကို "သမ္မတ"ဟု ခေါ်ကြသည်။ ထိုအချိန်မှစ၍ ဦးစုသည် သမ္မတဦးစုအမည်တွင်လာသည်။ သမ္မတ ဦးစုသည် ဒုတိယကမ္ဘာစစ်အပြီး နှစ်အတန်ငယ်ကြာလာသောအခါ ဇရာဒုဗ္ဗလအရွယ် ရောက်လာသည်ဖြစ်၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာ ရောက်လာသည်။

ဗြိတိသျှအစိုးရကို အလျှော့မပေးလိုသူများ ဦးစိုးသိမ်းက ဂျီစီဘီအေ ကျန်တစ်ခြမ်းတွင် ကျန်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များထဲတွင် ဆရာစံ တစ်ဦးအပါအဝင်ဖြစ်သည်။ တောင်ငူကွန်ဖရင့်ပြီးသွားသောအခါ ဆရာစံသည် ဝံသာနုခေါင်းဆောင်အချို့၏ ပျော့ညံ့မှု ၊ ဗြိတိသျှအစိုးရကို အလျှော့ပေးစေစပ်လိုမှု၊ ရာထူးဂုဏ်ထူး မက်မောမှုတို့ကို တစ်နေ့ တစ်ခြား တွေ့မြင်သိရှိရသည်ဖြစ်၍ အော့နလုံးနာလာသည်။ ထို့ပြင် တောင်သူလယ်သမားနှင့် ပြည်သူလူထုကို ဖိနှိပ်ညှဉ်းပန်းလျက်ရှိသော ဗြိတိသျှအစိုးရကိုလည်း ခါးသီးစွာ နာကြည်းလာသည်။ ထို့ကြောင့်

http://www.dhammadownload.com



တောင်သူလယ်သမားများကို စည်းရုံးလျက် တောင်သူလယ်သမားအားနှင့် ဗြိတိသျှအစိုးရကို လက်နက်ကိုင်တော်လှန် တိုက်ခိုက်ရန် စီမံစိုင်းပြင်းသည်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ဝံသာနုလုပ်ငန်းဆောင်ရွက်ရင်း အခါအခွင့်သင့်လာသည့်အခါ ဗြိတိသျှအစိုးရကို လက်နက်ဖြင့် တိုက်ခိုက်ရန် လျှို့ဝှက်စွာစည်းရုံးလှုပ်ရှားနေသည်။

ဆရာစံသည် လျှို့ဝှက်စည်းရုံးရေးကို အကောင်အထည် ဖော်ရင်း သာယာဝတီခရိုင် ရောက်ရှိလာသည်။ သာယာဝတီမြို့နယ် အင်းရွာအနီး မန်ကျည်းကုန်းကျောင်းတွင် လက်နက်ကိုင်တော်လှန် ရေးအတွက် စတင်စည်းရုံးသည်။ စီးပွားရေးကျပ်တည်းမှုနှင့် အစိုးရ၏ ဖိနှိပ်မှုကို အလူးအလိမ့်ခံနေကြရသော တောင်သူလယ်သမားများ သည် ဆရာစံ၏ စည်းရုံးဆွဲဆောင်ရာသို့ ပါသွားကြသည်။ လက်နက် အင်အား မယှဉ်သာအောင် ကြီးမားသော ဗြိတိသျှနယ်ချဲ့အစိုးရကို ယှဉ်ပြိုင်တိုက်ခိုက်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်မှန်း တောင်သူလယ်သမားများ မသိမဟုတ်။ ကောင်းစွာသိကြသည်။ သို့ရာတွင် သူ့ကျွန်ဘဝရောက်နေပြီး ဝတ်တစ်လှည့်ပြတ်တစ်လှည့်နေရခြင်းထက် ရရာလက်နက် စွဲကိုင်ပြီးမိမိတို့၏ ကျောမွဲဘဝက ရုန်းထွက်ရင်း သေရခြင်းက မြတ်သေးသည်ဟု စွဲမြဲစွာ ယုံကြည်ယူဆထားကြသည်။

ထိုအချိန်မှာ စပါးပေါ်ပြီးစအခွန်ကောက်ခံချိန်ဖြစ်သည်။ ယမန်

http://www.dhammadownload.com



နှစ်က စီးပွားရေးကျပ်တည်းသဖြင့် လွယ်လင့်တကူ အခွန်ပေးဆောင်နိုင်ခြင်းမရှိကြသော တောင်သူလယ်သမားများထံမှ အစိုးရက အတင်းအကျပ် အခွန်အတုတ် ကောက်ခံသည်။ ယခုနှစ်တွင်လည်း တောင်သူလယ်သမားများသည် စီးပွားရေးပိုမိုကျပ်တည်းလာသဖြင့် အခွန်တော်ကို မည်သည့်နည်းနှင့်မျှ လွယ်လင့်တကူပေးနိုင်သည့် အခြေအနေမရှိပေ။ သို့ရာတွင် ဗြိတိသျှနယ်ချဲ့ အစိုးရသည် တောင်သူလယ်သမားတို့၏ ဘဝအခြေအနေကို ထောက်ထားငဲ့ညှာ ကိုယ်ချင်းစာနာခြင်းလုံးဝမရှိဘဲ ယခင်နှစ်ကထက်ပိုမိုအကြမ်းဖက်လျက် အခွန်တော်ငွေကောက်ခံတော့မည် ဆိုသည်ကိုတောင်သူလယ်သမားများတွက်ထားပြီးသားဖြစ်သည်။

အထူးအားဖြင့် မရမနေ အကြမ်းဖက်၍ ကောက်ခံသောအခွန်မှာ လူခွန်ဖြစ်သည်။ လူခွန်အဖြစ် အိမ်ထောင်သည် လင်စုံမယားဖက် တစ်ဦးလျှင် ငါးကျပ်ပေးရပြီး အိမ်ထောင်မရှိသောအရွယ်ရောက်ပြီးယောကျ်ားတစ်ဦးလျှင် နှစ်ကျပ်ခွဲပေးရသည်။ အထက်မြန်မာနိုင်ငံ၌မူ လူခွန်အစား သဿမေခွန်ကောက်ခံသည်။ ယင်းအခြေအနေအရပ်ရပ်သည် ဆရာစံကြီးမှူးသော ပုန်ကန်တော်လှန်မှုကြီး ဖြစ်ပေါ်ပေါက်ဖွားစေသည့် အကြောင်းတရားများဖြစ်ကြသည်။

ထိုအတောအတွင်း ၁၉၃၀ ပြည့်နှစ် ဩဂုတ်လမှ ၁၉၃၁ခုနှစ်

http://www.dhammadownload.com



ဇန်နဝါရီလအထိ ကျန်းမာရေးအကြောင်းပြချက်ဖြင့် ခွင့်ယူပြီး အင်္ဂလန်ပြန်သွားသော မြန်မာနိုင်ငံဘုရင်ခံ ဆာချားအင်းနစ်၏ နေရာတွင် မြန်မာလူမျိုးဆာဂျေအေမောင်ကြီး ခေတ္တဘုရင်ခံဖြစ်လာသည်။ ဘုရင်ခံဆာဂျေအေမောင်ကြီးသည် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလတွင် သာယာဝတီမြို့၌ကျင်းပသော ဒါဘာပွဲတက်ရောက်ရန် တိုင်းခန်းလှည့်လာ သည်။ အခွန်တော်ကို ရွှေ့ဆိုင်းရန်နှင့် လျှော့ပေါ့ရန်ဘုရင်ခံထံ အထိ လျှောက်လွှာတင်ထားကြသော တောင်သူလယ်သမားများသည် မိမိတို့လျှောက်ထားသော လျှောက်လွှာအတွက် ဒါဘာပွဲတွင်ဘုရင်ခံက တစ်စုံတစ်ရာလိုက်လျော ပြန်ကြားလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ မြန်မာဘုရင်ခံသည် ရုပ်သေးဘုရင်ခံမျှသာဖြစ်သည်။ ဗြိတိသျှအစိုးရ၏ အလိုဆန္ဒကိုကျော်လွန်ပြီး မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်နိုင်ခြင်းမရှိပေ။ အခွန်တော်ကိစ္စနှင့်ပတ်သက်၍ မိမိအနေနှင့် မည်သို့မျှဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း ဒါဘာပွဲတွင်ဘုရင်ခံက အတိအလင်းကြေညာလိုက်သောအခါ တောင်သူလယ်သမားခေါင်းဆောင်များသည် ခဲလေသူ့ သဲရေကျဖြစ်သွားကြသည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဆရာစံ၏ တော်လှန်ပုန်ကန်မှုကြီးစသည်။ ဆရာစံသည် သူ၏တပ်သားများကို ရေတိုက်ရွာထိပ်တွင် စုရုံးစေပြီးလျှင် သာယာဝတီအကျဉ်းထောင်ထဲ

http://www.dhammadownload.com



တွင် အချုပ်အနှောင်ခံနေကြရသည့် တောင်သူလယ်သမားများနှင့် ဝံသာနုများလွတ်မြောက်ရေးအတွက် ထောင်ဖောက်ရန်အမိန့်ပေးလိုက်သည်။ ဆရာစံ၏ တပ်သားများသည် လမ်းခုလတ်တွင် ဇိမ်ဗာကျေးရွာသူကြီးနှင့် တိုက်ပွဲဖြစ်သဖြင့် ရှေ့ဆက်မသွားနိုင်ကြတော့ပေ။ ဆရာစံအမှူးရှိသော သူပုန်တပ်သားများသည် ဗြိတိသျှနယ်ချဲ့နှင့် နယ်ချဲ့လက်ဝေခံတို့၏ ရက်စက်မှုကို ခုခံကာကွယ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ လက်နက်ကိုင်တော်လှန်ပုန်ကန်ဆန့်ကျင်ခြင်းသာ ဖြစ်သည်ဟု စိတ်နှလုံးတုံးတုံးချလိုက်ကြသည်။

ဆရာစံသည် သာယာဝတီနယ်အလံတောင်တွင် စခန်းချလျက် "သုပဏ္ဏက ဂဠုန်ရာဇာ" (ဂဠုန်ငှက်မင်း)ဘွဲ့ ခံယူပြီးလျှင် သူပုန်တပ်သားများကို ကွပ်ကဲအုပ်ချုပ်နေသည်။ ဂဠုန်တပ်သားများသည် နယ်ချဲ့အစိုးရတပ်နှင့် ယှဉ်ပါက လက်နက်ချင်းအင်အားချင်းမမျှသော်လည်း သူရသတ္တိအပြည့်ဖြင့် ရရာ တုတ် ၊ ဓား ၊ လှံတို့ဖြင့် စီးနင်းတိုက်ခိုက်ကြသည်။ တောင်သူလယ်သမားတော်လှန်ပုန်ကန်မှုကြီးသည် တစ်မဟုတ်ချင်း ပျံ့နှံ့သွားရာ အင်းစိန်၊ ဟင်္သာတ၊ ပြည်၊ ဖျာပုံ၊ သရက်စီရင်စုများသို့အထိ ကူးစက်ပြန့်ပွားသွားသည်။ ဟင်္သာတကဲ့သို့သော စီရ[illegible] ခရိုင်မြို့ကြီး၏ဂိတ်ကိုပင် ဝင်ရောက်တိုက်ခိုက်သည်[illegible]

http://www.dhammadownload.com



ဤတွင်တောင်သူလယ်သမားအရေးတော်ပုံသည် ကျွန်တော်တို့၏ အိမ်နီးနားချင်းရောက်ရှိလာသည်။

တစ်ဆင့်စကား တစ်ဆင့်ကြားကို ပြန်လည်ဖောက်သည်ချသော သတင်းစကားကြားသိရသောကြောင့် လည်းကောင်း။ မျက်စိလည် လမ်းမှားပြီး ရောက်လာသောသတင်းစာ တစ်စောင်တစ်လေကို လက်ဆင့်ကမ်းဖတ်ကြရသောကြောင့် လည်းကောင်း ကျွန်တော်တို့ရွာက လူများသည် တောင်သူလယ်သမားအရေးတော်ပုံ တိုက်ပွဲသတင်းများကို အထူးစိတ်ဝင်စားနေကြသည်။ တောင်သူလယ်သမားများဘက်က အသာရသည့် သတင်းကိုကြားရသောအခါ လက်ခမောင်းထခတ်ကြပြီး တောင်သူလယ်သမားဘက်က အကျအဆုံးများသည် ဆိုသောသတင်းကို ကြားရသောအခါ၌လည်းကောင်း။ အတုံးအရုံးကျဆုံးသော တောင်သူလယ်သမားတပ်သားများ၏ အလောင်းများ ဖော်ပြထားသည်များကို သတင်းစာတွင်မြင်ရဖတ်ရသောအခါ၌ လည်းကောင်း စိတ်မကောင်းခြင်းကြီးစွာဖြစ်ကြရသည်။ သို့သော်လည်း ရွာသူကြီးဦးကျဲကို လည်း ကြောက်နေရသဖြင့် ဝမ်းသာဝမ်းနည်းကို လူမြင်ကွင်းတွင် ထင်ထင်ရှားရှားဖော်မပြရဲကြပေ။

ထိုအတွင်း အခြားစိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ကျွန်တော်တို့ရွာ ရောက်လာသည်။ ဘုရင်ခံမင်းကြီး ဆာဂျေအေမောင်ကြီး

http://www.dhammadownload.com



တိုင်းခန်းလှည့်လည်ရင်း ဟသာ်တမြို့ ရောက်လာသည်ဟူသော သတင်းဖြစ်သည်။ တောင်သူလယ်သမားအရေးတော်ပုံသတင်းနှင့် ဆာဂျေအေမောင်ကြီးသတင်းသည် ဆန့်ကျင်ဘက်ဖြစ်သော်လည်း သတင်းတစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။ ပြဒါးတစ်လမ်းသံတစ်လမ်း ဖြစ်သော်လည်း ယင်းနှစ်လမ်းသည် တစ်ခုသောနေရာနှင့်သွားဆုံနေသည်။ မီးနှင့်မြေကြီး ဖြစ်နေသော်လည်း မီးကုတ်စက်ဝိုင်း၌ ထိတွေ့နေသည်။ ထို့ကြောင့်ကျေးရွာလူထုသည် ယင်းသတင်းနှစ်ရပ်ကို ဆက်စပ်ယူကြသည်။ တောင်သူလယ်သမားအရေးတော်ပုံ အရှိန်တက်နေချိန်၌ ဘုရင်ခံမင်းကြီး တိုင်းခန်းလှည့်လည်လာခြင်းသည် တောင်သူလယ်သမားနှိမ်နင်းရန်အတွက် ဖြစ်မည်ဟုတွက်ပြီးလျှင် ကျေးရွာလူထုသည် ဘုရင်ခံမင်းကြီးကို အော့နှလုံးနာနေကြသည်။

ဗြိတိသျှ နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကို ငုံ့မခံနိုင်တော့သည့် အဆုံး။ ရရာလက်နက် စွဲကိုင်လျက် အသက်ကိုပဓာနမထားဘဲ ဗြိတိသျှနယ်ချဲ့ကို ရှုပ်ရှုပ်ခွဲခွဲတော်လှန်တိုက်ခိုက်နေသော တောင်သူလယ်သမားဘက်က တက်တက်ကြွကြွဖြစ်နေကြသော ကျေးရွာလူထုသည် ဗြိတိသျှအစိုးရ၏ အကြီးမားဆုံးအလိုတော်ရိ ပုဂ္ဂိုလ်ကြီးတိုင်းခန်းလှည့်လည်လာသည့် သတင်းကိုကြားသိရသောအခါ အားမတန်၍ မာန်လျှော့နေကြရသော်လည်း ပြေးပြီးရှူးနှင့်တိုက်ပစ်ချင်သည့်

http://www.dhammadownload.com



စိတ် ပေါ်လာကြသည်။ ဇာတ်စင်တွင်ဘုရင်ဆိုးကို ပြည်သူများက တော်လှန်တိုက်ခိုက်သည့် ဇာတ်လမ်းကပြနေခိုက် ပြည်သူများကို နှိမ်နင်းရန် ဘုရင့်ဘက်တော်သားဘီလူးသဘက်ကြီး ဝုန်းခနဲ ထွက်လာသကဲ့သို့ပင် ထင်နေကြသည်။

ထိုအချိန်က ရှစ်နှစ်သားအရွယ် ကလေးငယ်မျှသာရှိသေးသော ကျွန်တော်ကမူ မျိုးချစ်စိတ်ဆိုသည်ကိုလည်း နားမလည်သေးပေ။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးဆိုသည်ကိုလည်း သဘောမပေါက်သေးပေ။ တောင်သူလယ်သမားအရေးတော်ပုံ တပ်သားများကိုအားပေးရကောင်းမှန်းလည်း မသိသေးပေ။ ကျွန်တော် စိတ်ဝင်စားနေသည်မှာ မြန်မာလူမျိုးဘုရင်ခံဖြစ်သည်။ ဘုရင်ခံမင်းကြီး ဟင်္သာတမြို့သို့ တိုင်းခန်းလှည့်လည်လာသည်ဟု ကြားရသဖြင့် ဘုရင်ခံမင်းကြီးကို ဖြူသလား မည်းသလား ကြည့်ချင်နေသည်။

"ဦးလေး ၊ ကျွန်တော် ဘုရင်ခံ သွားကြည့်ချင်တယ်"

ကျွန်တော့်အမေ၏ ဝမ်းကွဲမောင် ကိုဖေတိုးသည် ထိုအချိန်က လူရွယ်လူလတ်ဖြစ်နေပြီ။ ကိုဖေတိုးသည် ဟင်္သာတ ဟိုက်စကူးတွင် ကျောင်းတက်ဖူးရုံမျှမက ရန်ကုန်ဟိုက်စကူးကျောင်းများ၌ပင် ရှစ်တန်းကိုးတန်းအထိ ကျောင်းနေဖူးသည်။ သူ ကျောင်းတက်နေစဉ်က အသုံးပြုသော ဦးထွန်းငြိမ်း အင်္ဂလိပ် မြန်မာအဘိဓာန်စာအုပ်ကြီးသည်

ထက်ဝေယံစာပေ

http://www.dhammadownload.com



အစပိုင်းနှင့် အဆုံးပိုင်းမရှိတော့ဘဲ ဟောင်းနွမ်းစုတ်ပြဲစွာနှင့် ယခု ထက်တိုင်ပင် ကျွန်တော့်လက်ထဲတွင်ရှိနေသည်။ နောက်ပိုင်း ဒုတိယ ကမ္ဘာစစ်ပြီးစလောက်၌ ကိုဖေတိုးသည် ပျဉ်းမကုန်းရွာဆန် စက်ပိုင်ရှင် ဘဝနှင့် လူသတ်သမားဓားပြများ၏ လက်ချက်ဖြင့် ကွယ်လွန်သွား ရှာသည်။

ဦးလေး ကိုဖေတိုးသည် ကျွန်တော့်ကိုချစ်သည်။ အလိုလိုက် သည်။ တစ်ခါတစ်ရံ မငို ငိုအောင်လည်း ပြောင်တတ် စတတ်သည်။ ကျွန်တော်က ဘုရင်ခံကြည့်ချင်သည်ဟု နားပူနားဆာ လုပ်သောအခါ ကိုဖေတိုးသည် မနေသာတော့ဘဲ ဟသ်ာတသွားဖို့ အထုပ်ပြင်လေ တော့သည်။ ကျွန်တော်နှင့်အတူ ကျွန်တော်၏အစ်ကိုဝမ်းကွဲ နှစ်ယောက် သုံးယောက်တို့လည်း ပါလာကြသည်။ ထိုအချိန်ကချောင်း ထဲတွင် ဗေဒါပင်များ ကျပ်နေသောကြောင့်လား၊ သို့မဟုတ် သမ္ဗာန် ငှားမရသောကြောင့်လားမသိ၊ ကျွန်တော်တို့နတ်မော်ရွာအထိ ခြေကျင် လျှောက်ကြရသည်။ တစ်မိုင်ကျော်ကျော်လောက်ဝေးသော သန့်သနော ရွာနှင့် သဃ်န်းအိုင်ရွာကို လျှောက်ရသည်။

သဃ်န်းအိုင်ဆိပ်မှ ချောင်းတစ်ဖက်ကမ်းသို့ ကူးတို့လှေနှင့် ဖြတ်ကူးလျက် တစ်မိုင်လောက်ရှိသော မြေကြားရွာကို လျှောက်ရ ပြန်သည်။ မြေကြားရွာနှင့် နတ်မော်ရွာအကြားရှိ လယ်ကွင်းထဲဖြတ်

http://www.dhammadownload.com



ဖောက်ထားသော မင်းလမ်းကိုနှစ်မိုင်လောက် လျှောက်ရပြန်သည်။ နတ်မော်ရွာရောက်ခါနီးတွင် လမ်းဘေးတစ်ဖာလုံလောက်အကွာ၌ ထန်းတောတစ်တောရှိသည်။ ကျွန်တော်နှင့် ပါလာသူများသည် ထန်းတောဘက် ခြေဦးလှည့်မလို လုပ်နေကြသေးသည်။ထန်းတောထဲဝင်ပြီး ထန်းရည်မော့နေချင်ပုံရသည်။ သို့သော်လည်း အချိန်သိပ်မရှိသဖြင့် ထန်းတောထဲ မလှည့်တော့ဘဲ နတ်မော်သို့တန်းသွားကြသည်။

ညှိမျှလောက် အလှမ်းဝေးသော ခရီးလမ်းကိုခြေကျင်လျှောက်နေရသော်လည်း ကလေးသာသာမျှသာရှိသည့် ကျွန်တော်သည် လူရွယ်တွေကို အမီလိုက်ပြီး ညည်းညူခြင်းအလျှင်းမရှိဘဲ ဇွဲကောင်းကောင်းနှင့် လျှောက်နေသည်။ ဘုရင်ခံကို ကြည့်လိုသည့်ဇွဲကြောင့် မောရမှန်းပန်းရမှန်းကိုပင် မသိတော့ပေ။

နတ်မော်မှ ဟသ်ာတသို့ ဘတ်စ်ကားစီးပြီး ခရီးဆက်ကြသည်။

ဟသ်ာတမြို့ ရောက်သောအခါ ဘုရင်ခံစတည်းချနေသော သံတဲခေါ် ဗိုလ်တဲခေါ် ဘန်ဂလိုသို့သွားကြသည်။ သံတဲတွင် ဘုရင်ခံ၏ အရိပ်အရောင်မျှပင်မတွေ့ရပေ။

သံတဲ ဝန်းကျင်၌ အစောင့်ချထားသော လက်နက်ကိုင်များကိုသာတွေ့ရသည်။ဘုရင်ခံနှင့် လူချင်းဆုံဖို့ရန် မဖြစ်နိုင်ကြောင်းကိုမူ ကျွန်တော်တို့နားလည်ထားကြသည်။ သို့သော်လည်းသံတဲအတွင်း ဖြတ်

http://www.dhammadownload.com



သွားဖြတ်လာ လုပ်သည့်အချိန်၌ဖြစ်စေ၊ ကိစ္စနှင့်သံတဲအပြင်ဘက် ထွက်သည့်အချိန်၌ဖြစ်စေ ဘုရင်ခံကို ရိပ်ခနဲဖြစ်ဖြစ် တွေ့လိုက်လျှင် တော်ပြီဟု ငွဲကောင်းကောင်းနှင့်စောင့်နေကြခြင်းဖြစ်သည်။ သို့ရာတွင် သတ်မှတ်ထားသော ဘောင်ကကျော်လွန်၍ သံတဲအနီးသို့မူ ချဉ်းကပ်မသွားရပေ။ သတ်မှတ်ထားသော ဘောင်ကကျော်လွန်သွားသည်နှင့် သံတဲဝင်းအတွင်းရှိ လက်နက်ကိုင်များနှင့် ရင်ဆိုင်တိုးရပေလိမ့်မည်။

ကျွန်တော်တို့ အကောင်းဆုံးနေရာကို ရွေးလိုက်ကြသည်။

သံတဲဝင်းနှင့် ပေနှစ်ရာလောက်တွင် တာရိုးကြီးတစ်ခုရှိသည်။ ယင်းတာကြီးမှာ ရေကာတာဖြစ်၍ ပေနှစ်ဆယ်လောက်အမြင့်ရှိသည်။ သံတဲမှာ ရေကာတာ၏ မြောက်ဘက်အနိမ့်ပိုင်းတွင်တည်ရှိနေသည် ဖြစ်၍ တာရိုးပေါ်မှကြည့်လျှင် သံတဲကိုစီးမြင်နေရသည်။ သံတဲနှင့်ထောင့်တန်းရေကာတာ၏ မြောက်ဘက်ခြမ်း၌ကပ်လျက် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ ယင်းဘုန်းကြီးကျောင်း၏ အရိပ်ကိုခိုလျက် ကျွန်တော်တို့ဘုရင်ခံကိုစောင့်နေကြသည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ နေပူရှိန်ကလည်း တဖြည်းဖြည်းတက်လာသည်။ သံတဲဝင်းအတွင်း၌ လက်နက်ကိုင်အစောင့်များသည် မတုန်မလှုပ်ကျောက်ရုပ်ကဲ့သို့ ရပ်နေကြသည်။ ဘုရင်ခံလာကြည့်သူ ဟူ၍လည်း ကျွန်တော်တို့အပြင် တခြား

http://www.dhammadownload.com



မတွေ့ရ။ တောင်သူလယ်သမားအရေးတော်ပုံ အရှိန်မြင့်နေချိန်၌ ဗြိတိသျှနယ်ချဲ့၏ မဟာအလိုတော်ရိကြီးကို ဖူးတွေ့လိုသည့်ဆန္ဒရှိကြဟန်မတူပေ။

ဘုရင်ခံကိုတွေ့လိုတွေ့ငြား သံတဲဆီမျှော်ကြည့်နေရသည်မှာ မျက်စိညောင်းလာသည်ဖြစ်၍ ဘုန်းကြီးကျောင်းဘုံအဆင့်ဆီသို့ မျက်စိရောက်သွားသည်။ ဘုံအဆင့်အမိုးလောက်၌ခိုကလေးများ နားနေကြသည်ကိုတွေ့ရသည်။ ခိုညည်းသံများကိုလည်း ကြားနေရသည်။ တချို့ခိုကလေးများမှာ အပြင်ဘက်ပျံထွက်သွားလိုက် အတွင်းဘက်ပျံဝင်လာလိုက်လုပ်နေကြသည်။ တချို့ခိုကလေးများမှာ မောင်မယ်စုံတွဲပူးကပ်နားနေကြပြီး တစ်ကောင်နှင့်တစ်ကောင်ပလူးနေကြသည်။ ကျီစယ်နေကြသည်။

ကျောင်း ဝရန်တာဆီသို့ မျက်စိရောက်သွားပြန်သည်။ လှောင်အိမ်ထဲက ကြက်တူရွေးလေးတစ်ကောင်ကို သွားတွေ့သည်။ ခိုကလေးများလွတ်လပ်သလောက် ကြက်တူရွေးငှက်ကလေးမှာ အကျဉ်းကျနေရှာသည်။ ဘုန်းကြီးကျောင်းဝရန်တာရှိ လှောင်အိမ်ထဲတွင် ကြက်တူရွေးကလေး အချုပ်ခံနေရသည်။ သံတဲထဲတွင်အကျဉ်းကျနေသူကား မြန်မာနိုင်ငံဘုရင်ခံ ဆာရေဂျီအေမောင်ကြီး။ ကြက်တူရွေးကလေး လွတ်လွတ်လပ်လပ် ပျံသန်းမသွားနိုင်အောင် သံတိုင်ကလေးများဖြင့် လှောင်

ထက်စေယ်စာပေ

http://www.dhammadownload.com



အိမ်ကို ကာရံထားသည်။ သံတဲတွင်အကျဉ်းကျနေသော ဘုရင်ခံ သာဂျေအေမောင်ကြီးကိုမူ ဂုဏ်သိက္ခာရာထူးဌာနန္တရ ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်း ကလနား။ လုံခြုံရေးသံတိုင်ကြီးများက ကာရံထား သည်။

"ဘယ်လိုလဲဦးလေး ၊ ဘုရင်ခံကိုလဲ မတွေ့ရသေးပါလား"

ကျွန်တော် စိတ်မရှည်တော့ပေ။ နာရီဝက် တစ်နာရီလောက် စောင့်နေသော်လည်း ဘုရင်ခံ၏ အရိပ်အယောင်ကိုမတွေ့ရ၍ လက် လျှော့ပြီး အိမ်ပြန်ချင်သည့်စိတ်ပေါ်လာသည်။

"တွေ့ရမှာပေါ့ကွာ ၊ ခဏလေးစောင့်ပါဦး"

ဦးလေးကသူတူအား ဘုရင်ခံ၏အရိပ်အယောင်မျှကိုပင် မတွေ့ မမြင်ရဘဲ ပြန်လည်ဆုတ်ခွာသွားရမည်ကို လိုလားဟန်မတူပေ။

ကျွန်တော်တို့သံတဲဆီသို့ ဆက်လက်ငေးမျှော်ကြည့်ရှုနေကြ သည်။ ထိုအခိုက် သံတဲအတွင်းမှ ထူးခြားမှုတစ်ခု ပေါ်လာသည်ကို လှမ်းတွေ့ရသည်။ သံတဲအတွင်းမှ ဝရန်တာသို့ ဝတ်ရုံနီနီကြီး ဝတ် ထားသူတစ်ဦးထွက်လာသည်။

"အဲဒါ ဘယ်သူလဲ ဦးလေး"

"အဲဒါ ဘုရင်ခံပေါ့ကွ"

ဦးလေးက ဘုရင်ခံ ချင်ခြင်းတပ်နေသော ကျွန်တော့်ကို ကျေ နပ်သွားအောင် ပြီးစလွယ်ပြောလိုက်ခြင်းမျှသာဖြစ်သည်။

http://www.dhammadownload.com



အမှန်က ဝတ်ရုံနီနီကြီး ဝတ်ထားသူမှာ ဘုရင်ခံ၏ချာပရာစီလား၊ ဘာလား၊ အစေအပါး တစ်ယောက်ယောက်သာဖြစ်ပေလိမ့်မည်။ သို့သော်လည်း ထိုလူနီကြီးကို တကယ့်ဘုရင်ခံဟုအောက်မေ့လျက် "ဘုရင်ခံ တွေ့ရပြီ" ဟုကျွန်တော် ကျေနပ်အားရသွားသည်။

ဘုရင်ခံ ဖြူသလား မည်းသလား သွားကြည့်သော ကျွန်တော်သည် ဘုရင်ခံကို ဖြူသည်ဟူ၍လည်းကောင်း၊ မည်းသည်ဟူ၍လည်းကောင်း မမြင်မတွေ့ရဘဲ "အနီကြီး" ဖြစ်နေသည်ကို တွေ့မြင်ရသည်။ မိမိတွေ့မြင်ခဲ့သော ဘုရင်ခံမှာ အစစ်မဟုတ်ဘဲ "အတုကြီး" ဖြစ်နေသည်ကိုဆိုသည်ကို ထိုအချိန်ကမသိတတ်သေးသည့် အရွယ်သာရှိသေးသော ကျွန်တော်သည်နားလည်သဘောပေါက်ခြင်းမရှိခဲ့ပေ။

http://www.dhammadownload.com



# စာဖတ်အသင်း

ကျွန်တော်တို့ ငယ်ငယ်က စာကြည့်တိုက်ကို စာဖတ်အသင်း ဟုခေါ်သည်။ကျွန်တော်တို့ရွာတွင်လည်းစာဖတ်အသင်းရှိသည်။ ကျွန်တော်တို့ရွာ၌ရှိသော စာဖတ်အသင်းကို ဉာဏ်ရောင်ခြည်စာဖတ် အသင်းဟု နာမည်ပေးထားသည်။ ဉာဏ်ရောင်ခြည်စာဖတ်အသင်း ကို ဦးဆောင် တည်ထောင်သူမှာ ကိုဘလုအမည်ရှိ လူငယ်တစ်ဦးဖြစ် သည်။ ကိုဘလု သည် ဦးဆန်းထွန်းနှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်သည်။ ကိုဘလု အဖေနှင့် ဦးဆန်းထွန်းအဖေသည် ညီအစ်ကိုအရင်းဖြစ်သည်။

ကိုဘလုသည် ကျွန်တော်တို့ရွာရှိ လူငယ်များထဲတွင် ခေတ် အမီဆုံး ၊ အနိုးကြားဆုံး ၊ အတက်ကြွဆုံးဖြစ်သည်။ သို့သော်လည်း ရွာရှိတခြားပိုက်ဆံရှိသည့် တချို့သားသမီးများကဲ့သို့ အင်္ဂလိပ်ကျောင်း နေဖူးသူမဟုတ်ပေ။ ရွာရှိမူလတန်းကျောင်း၌သာ သူ၏ပညာရေးနိဂုံး ချုပ်သည်။ သို့ရာတွင် စာဖတ်သည်။ စာဖတ်သောကြောင့် အမြင်ကျယ် သည်။ ရန်ကုန်ကို အပထား၊ ဟင်္သာတမြို့မှလွဲ၍တခြားမြို့ကြီးပြကြီး များကိုပင် မရောက်ဖူးပေ။ သို့ရာတွင် စာအုပ်စာပေသည် သူ့ကို မျက်စိဖွင့်ပေးသည်။ တောသားနလပိန်းတုံးဘဝက ကယ်တင်ခဲ့သည်။ ခေတ်အမြင်ကြွယ်စေသည်။ ပညာဗဟုသုတပေးသည်။ အလယ်တန်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



အထက်တန်းကျောင်းများတွင် မနေဖူးသော်လည်း စာအဖတ်များသော ကြောင့် လူချင်းယှဉ်တိုက်လျှင် ရွာထဲတွင်သူ့ကိုမီသူရှားသည်။

စာအုပ်စာပေကြောင့် မိမိတိုးတက်မှုရှိလာသည်ဟု မြင်သော အခါ တခြားရွာသူရွာသား လူငယ်လူရွယ်များကိုလည်း မိမိလိုနိုးကြား စေချင်သည်။ မိမိလို အမြင်ကျယ်စေချင်သည်။ ထို့ကြောင့် မိမိရှိသမျှ ငွေကြေးအနည်းငယ် စိုက်ထုတ်လျက် စာဖတ်အသင်းထောင်သည်။ သို့သော်လည်း တခြားလူငယ်လူရွယ်များနှင့် ရွာသူရွာသားများက သူတည်ထောင်သော စာဖတ်အသင်းကို အားမပေးကြပေ။

ရွာထဲတွင် ငွေကြေးတတ်နိုင်သူ အတော်များများရှိသည်။ ငွေကြေးတတ်နိုင်သူများသည် ဝါကြွားရှုပ်လွှားချင်ကြသည်။ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်လုပ်ကြသည်။ လှူသည့်တန်းသည့် နေရာ၌ပုံအော ကြသည်။ သို့သော်လည်း စာဖတ်အသင်းအတွက်မူ စာအုပ်တစ်အုပ် ပင် ဝယ်မပေးချင်ကြ။ လူကြီးလူငယ်အားလုံးပင် စာဖတ်ရကောင်းစေ ဟူ၍လည်းမအောက်မေ့ကြ။

ရပ်ရွာကို နည်းပေးလမ်းပြလုပ်သူ ဘုန်းကြီးရဟန်းများကလည်း ရပ်သူရွာသားများကို စာအုပ်စာပေဖတ်ပြီး အသိဉာဏ်ဗဟုသုတ ကြွယ် ဝလာစေရေးအတွက် အားပေးအားမြှောက် မလုပ်ကြပေ။

ကျွန်တော်ကိုရင်ဝတ်ပြီး နှစ်နှစ်သုံးနှစ်လောက် ကြာသောအခါ

http://www.dhammadownload.com



သန်လျင်မြို့နယ် လဟာရက်ရွာ ရောက်သွားသည်။ ဆရာဖြစ်သူ အရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်) နှင့် စိတ်တူသဘောတူသူ၏ ငယ်ပေါင်းကြီးဖော်ရဟန်းတော်များပူးပေါင်းလျက်အညာပြန်ကြွသွားသော သူတို့၏ ငယ်ဆရာဘုန်းတော်ကြီး ကျောင်းထိုင်သွားသည့် လဟာရပ်ရွာကျောင်း၌ စာသင်တိုက်ဖွင့်သည်ဖြစ်၍ ထိုစာသင်တိုက်၌ စာသင်ရန် ဆရာနှင့် လိုက်ပါသွားသည်။

လဟာရက်ရွာသည် ကျွန်တော်တို့ရွာထက် အဆများစွာဆင်းရဲသည်။ သို့သော်လည်း စာသင်တိုက် အုပ်ချုပ်သော ရဟန်းတော်များသည် ခေတ်မီသူများဖြစ်၍ ရပ်ရွာ၏တိုးတက်ရေးကို စိတ်ဝင်စားကြသည်။ စာသင်သားများကို လောကုတ္တရာ စာချပေးသည့်အပြင် လောကီအသိဉာဏ် ကြွယ်ဝရေးအတွက်လည်း အားပေးအားမြှောက်ပြုကြသည်။

စာဖတ်အသင်း တည်ထောင်ထားပေးခြင်း မရှိသော်လည်း ထိုအချိန်က ထုတ်ဝေသော မဂ္ဂဇင်းနှစ်စောင်သုံးစောင်နှင့် သတင်းစာများကို စာသင်သားရဟန်းသာမဏေများနှင့် အရပ်ထဲက ဝါသနာပါသူများဖတ်လိုက ဖတ်ရန်စီမံ ဖန်တီးပေးထားသည်။ ထိုမျှသာမက ပတ်ဝန်းကျင် တောင်သူလယ်သမားရွာသူရွာသားများ နိုင်ငံရေးအမြင် တည့်မတ်စေရန်အတွက်လည်း တစ်ဖက်တစ်လမ်းက ကြိုးပမ်းအား

http://www.dhammadownload.com



ထုတ်သည်။

ထိုအချိန်က တကယ်မျိုးချစ်စိတ်ဓာတ်နှင့် ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် ဆောင်ရွက်သော တို့ဗမာ အစည်းအရုံး သခင် ခေါင်းဆောင်များကို ဖိတ်လျက် နိုင်ငံရေးတရားပွဲ ကျင်းပပြုလုပ်ပေး သည်။ ထိုအချိန်က တို့ဗမာအစည်းအရုံး ခေါင်းဆောင်များဖြစ်ကြသည့် သခင်လေးမောင် ၊ သခင်ထွန်းအုပ်၊ သခင်လှဘော်တို့သည် လဟာ ရက်ရှာ နိုင်ငံရေးတရားပွဲသို့ ရောက်ဖူးသူများ ဖြစ်ကြသည်။ ကျွန်တော် တို့ နိုင်ငံရေးဗီဇနှင့် စာပေဗီဇ အညွှန့်အညှောက်ပေါက်လာခြင်းမှာ ထိုအချိန်ကဖြစ်သည်။

ကျွန်တော်တို့ရွာက ဘုန်းကြီးရဟန်းများကမူ ထိုသို့မဟုတ် ပေ။ လောကုတ္တရာ တစ်လမ်းသွားများသာဖြစ်သည်။ လောကီဘက် လှည့်မကြည့်ကြ။ ရပ်ရွာတွင် ပရိတ်အသင်း ထောင်ပေးသည်။ ရွာ ထဲက မိန်းကလေးများကို သင်္ဂြိုဟ်သင်ပေးသည်။ "ပရမတ္ထတရား ဘယ်နှစ်ပါးရှိပါသနည်း"။ "လေးပါးရှိပါသည်"စသည်ဖြင့် ပရမတ္ထသံခိပ်၊ သင်္ဂြိုလ်သံခိပ်များကို ပို့ချပေးသည်။ စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်း ကိုမူ လောကီအလုပ်ဟု ယူဆထားသည့်အတွက်ကြောင့်လားမသိ။ မိမိတို့ကိုယ်တိုင်လည်းမဖတ်ပေ။ တခြား ရွာသူရွာသားများအားလည်း အားပေးမြှောက်မပြုပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ယင်းသို့အားဖြင့် ဘုန်းကြီးရဟန်းများနှင့် ရွာသူရွာသားများ၏ အားပေးမှုမရရှိသောအခါ ကိုဘလုသည်တစ်ကောင်တည်းပြေးနေရ သည်။ သူ၏ဉာဏ်ရောင်ခြည် စာဖတ်အသင်းသည် ဗီရိုတစ်လုံးစာ စာအုပ်နှင့်စပြီး နိဂုံးချုပ်သွားသည့် အချိန်၌လည်း ဗီရိုတစ်လုံးစာထက် ပိုမလာပေ။

ကိုဘလုသည် ရပ်ရေးရွာရေးတွင်လည်း ဦးမနေးပေ။ ရပ်ရွာတွင်သာမှုနာမှု ကိစ္စများပေါ်လာလျှင် သူ့ကိုဆရာတင်ကြသည်။ သူမပါလျှင်မပြီးပေ။

ကျွန်တော်တို့ရွာ၌ ကျွန်တော်တို့ငယ်ငယ်က ပျော်ပွဲရွှင်ပွဲ အလွန်နည်းသည်။ ကျွန်တော်တို့ လူမှန်းသူမှန်းသိတတ်စလောက်က သီတင်းကျွတ် ဆွမ်းတော်ကြီးတင်ပွဲ၌ တစ်ခါတစ်ရံ ရုပ်သေး သွင်းသည်။ ငွေကြေးတတ်နိုင်သူများ အလှူအတန်း လုပ်သည့်အခါ ဆိုင်းထည့်သည်။

ဟင်္သာတမှ ဘိုးကဲဆိုင်းသည် ဟင်္သာတခရိုင် တစ်ဝိုက်နာမည်ကြီး ဆိုင်းဖြစ်သည်။ တကယ့် ကြေးရတတ်တို့၏ အလှူကျမှ ဘိုးကဲဆိုင်းထည့်နိုင်သည်။ ကျွန်တော်တို့ ၉ နှစ် ၁၀ နှစ် သားအရွယ် လောက်ရှိသောအခါ သီတင်းကျွတ် ဆွမ်းတော်ကြီးတင်ပွဲလုပ်သည့် တိုင်အောင် ချောက်ချီးချောက်ချက်လောက်သာ ရှိတော့သည်။ရုပ်သေး

http://www.dhammadownload.com



လည်းတိမ်ကောသလောက်ရှိသွားပြီ။ ဘိုးကဲဆိုင်းလည်းမရှိတော့။ ဟာသ်ာတမြို့တွင် ဘိုးကဲဆိုင်းနောက် ဆိုင်းဝိုင်းတချို့ပေါ်လာကြသည်။ သို့သော်လည်း ဘိုးကဲလောက် နာမည်မရှိတော့။ အလှူအတန်းတွင် ဆိုင်းဝိုင်းအထည့်လည်း နည်းလာကြသည်။ဆိုင်းထည့်နိုင်လောက်အောင် လှူသည့် အလှူအတန်းမျိုးလည်း ပါးသွားပြီ။

ထိုအခါ ကျွန်တော်တို့ရွာတွင် နည်းနည်းနှင့် ကျဲကျဲဝိုင်းသည့် ပျော်ပွဲရွှင်ပွဲတစ်ခု ပေါ်လာသည်။ အရုပ်သားများကသည့် ပြဇာတ်ဖြစ်သည်။ သို့သော်လည်း ထိုအချိန်က ကျွန်တော်တို့ရွာတွင် အရုပ်သားများကသည့်ပြဇာတ်ကို ပြဇာတ်ဟူ၍ မခေါ်ပေ။ လူ ဘိုင်စကုတ်ဟု ခေါ်သည်။ မည်သူက တီထွင်လိုက်သည့် ဝေါဟာရ စကားလုံးမှန်း မသိပေ။

တစ်ချိန်က ကထိန်ပွဲလား၊ ဘာပွဲလား မမှတ်မိတော့သော ပွဲသဘင်တစ်ခု၌ ဘုန်းကြီးကျောင်းဝင်းထဲတွင် စင်ထိုးပြီး လူဘိုင်စကုတ် ကသည်။ လူဘိုင်စကုတ်၏ ဇာတ်ညွှန်းရေးဆရာမှာ ကိုဘလှဖြစ်ပြီး ဒါရိုက်တာနှင့် အဓိကဇာတ်ဆောင်မှာလည်း သူပင်ဖြစ်သည်။ တစ်ဇာတ်လုံး၏ ဇာတ်ဆောင်များမှာ အရုပ်သားများချည်းဖြစ်ကြသည်။ သို့သော်လည်း ဇာတ်ထဲတွင် ပါသည့်တစ်ဦးတည်းသော ဇာတ်ဆောင်မင်းသမီး အတွက် အခက်အခဲတွေ့နေသည်။ အရုပ်သူထဲကဇာတ်ဆောင်

http://www.dhammadownload.com



မင်းသမီးအဖြစ် သရုပ်ဆောင်မည့်သူ တစ်ဦးမှပေါ်ထွက်မလာပေ။ ထိုအချိန်က မပြောနှင့်။ ယခုအချိန်၌ပင် ရိုးရိုးကျေးရွာသူတစ်ယောက်သည် ပြဇာတ်ထဲဝင်ကရဲမည်မဟုတ်ပေ။ ထို့ကြောင့် ကိုဘလုတို့လူစု ပြဇာတ်မင်းသမီးရှာပုံတော်ထွက်ကြသည်။ ရင်းတိုက်ကုန်းရွာမှ ပြဇာတ်မင်းသမီးအဖြစ် သရုပ်ဆောင်မည့်သူရလာကြသည်။ ပြဇာတ်မင်းသမီးလုပ်မည့်သူမှာ အကြိမ်များစွာပွဲဝင်ဖူးသည့် အငြိမ့်မင်းသမီးဖြစ်သည်။

လူဘိုင်စကုတ်စတင်ကပြသည့်အချိန်ကျမှ ပြဇာတ်မင်းသမီးဗားစဉ်က မသိသော လျှို့ဝှက်ချက်တစ်ခုပေါ်လာသည်။ ပြဇာတ်မင်းသမီးအဖြစ် သရုပ်ဆောင်မည့်အငြိမ့်မင်းသမီးမှာ ကိုယ်ဝန်ရှိနေသည်။ လျှို့ဝှက်ချက်ကို သိသောအချိန်မှာ အလွန်နောက်ကျသွားပြီ။ ပြဇာတ်ကဖို့ရန်ပင် ပြင်ဆင်နေပြီ။ကိုဘလု အမှူးရှိသော ပြဇာတ်မင်းသမီးဗားလာသူများအား ကိုယ်ဝန်နှင့် အငြိမ့်မင်းသမီးကို ဗားလာရပါမည်လားဟု ဝိုင်းပြီးလက်ညှိုးထိုးကြသည့်အတွက် ကိုဘလုတို့လူစု ခေါင်းမဖော်ရဲအောင် ဖြစ်နေကြသည်။ သို့ရာတွင် ပေါက်တဲ့နဖူးမထူးတော့ဆိုပြီး ထိုပြဇာတ်မင်းသမီးနှင့်ပင် စခန်းသွားကြသည်။ သို့သော်လည်း ဆိုးဆိုးရွားရွားဖြစ်မသွားပေ။ ပွဲကြည့်ပရိသတ်က ဇာတ်မင်းသမီး ကိုယ်ဝန်ရှိနေသည်ကို မသိကြ။ မသိရှိရုံမျှမက ဇာတ်ကြည့်သောကျွန်တော်သည် အတွေ့အကြုံမရှိသော သူတစ်ယောက်ဖြစ်၍လားမသိ။ ထိုပြ

http://www.dhammadownload.com



ပြဇာတ်မင်းသမီး သို့မဟုတ် အငြိမ့်မင်းသမီးကို စွဲစွဲလမ်းလမ်း ဖြစ်နေသည်။

ပြဇာတ်တွင် မင်းသားနှင့် မင်းသမီး အလွမ်းခန်းပါသည်။ မင်းသမီးသရုပ်ဆောင် အငြိမ့်သမနှင့် မင်းသားသရုပ်ဆောင် ကိုဘလုတို့ တစ်ယောက်နှင့်တစ်ယောက် ကွဲတော့မည့်အခြေ ရောက်ရှိလာသောအခါ မင်းသမီးက မင်းသားခြေထောက်ဖက်ပြီးငိုသည်။ပြဇာတ်ပြီးသောအခါ ကိုဘလုက "မင်းသမီးကျုပ်ခြေထောက်ဖက်ပြီးငိုနေ တယ်လို့ ပွဲကြည့်ပရိသတ်က ထင်မှာပဲ၊ ဒါပေမယ့် ဘယ်ဟုတ်မလဲ၊ မင်းသမီးက တော်တော်နောက်တယ်။ ကျုပ်ခြေထောက်ကို ဆိတ်ဆိတ်ဆွဲနေတယ်"ဟုပြောသဖြင့် အလွမ်းခန်းတွင် ခံစားခဲ့ရသော ကျွန်တော်တို့၏ ကရုဏာရသသည် ဟာသရသအဖြစ် ပြောင်းသွားသည်။

ဂျပန်ခေတ်ရောက်လာသောအခါ အနေအစားကျပ်တည်းသည်ဖြစ်၍ ကိုဘလုသည် ကိုယ်မွေးသည့်မျောက် ကိုယ်သတ်စားပစ်လိုက်သည်။ သူ စတင်တည်ထောင်ပြီး များသောအားဖြင့် သူ့အရင်းအနှီးဖြင့် ဖန်တီးထားသော စာဖတ်အသင်းရှိ စာအုပ်များကို ရောင်းစားပစ်လိုက်သည်။ ထိုအချိန်ကစပြီး ဉာဏ်ရောင်ခြည်စာဖတ်အသင်းလည်း ဆိုင်းဘုတ်သာကျန်တော့သည်။ ဉာဏ်ရောင်ခြည်စာဖတ်အသင်း နိဂုံးချုပ်သွားပြီး မကြာခင်တစ်ကိုယ်တော်စာဖတ်အသင်း တည်ထောင်

http://www.dhammadownload.com



သူလည်း ဘဝဇာတ်သိမ်းသွားရှာလေသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



# ကူးတို့ဆရာ

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ ဂင်္ဂါ ၊ ယမုနာ ၊ မဟီ ၊သရဘူ၊ အစိရဝတီ တည်းဟူသော မြစ်ကြီးငါးသွယ်တို့သည် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်နေကြသည်။ တစ်နေရာမှ တစ်နေရာသို့ ခရီးသွားလာသူများသည် ထိုမြစ်ကြီးငါးသွယ်ထဲက တစ်မြစ်မဟုတ် တစ်မြစ်ကိုမူ ဖြတ်မသွားဘဲမဖြစ်ပေ။ ရှေးအခါက မြစ်ကြီးများတွင် ရထားလမ်း၊ ကားလမ်း တံတားများမရှိသေး၍ ထိုမြစ်ကြီးများကိုဖြတ်သွားမည်ဆိုလျှင် ကူးတို့နှင့်ကူးကြသည်။

ဗုဒ္ဓသည် ဝါပအခါများ၌ အခါခပ်သိမ်းဒေသစာရီဖြန့်ချီကြွနေတော်မူသဖြင့် တစ်နေရာမှ တစ်နေရာသို့ ကြွတော်မူသောအခါ မြစ်ကြီးငါးသွယ်ထဲက တစ်မြစ်မြစ်ကို ဖြတ်ကူးသွားတော်မူရသည်။ ဗုဒ္ဓသည် အဘိညာဏ်တန်ခိုးရှင်ဖြစ်သော်လည်း မြစ်ကြီးများကို ဖြတ်ကူးတော် မူရာ၌ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ကူးတော်မမူဘဲ ကူးတို့ဖြင့်သာကူးတော်မူ သည်။

ဝေရဉ္စာ၌ ဒွါဒသမ ဝါကပ်တော်မူပြီးသောအခါ ဗုဒ္ဓသည် သောရေယျ၊ သင်္ကဿ၊ ကဏ္ဏကုဇ္ဇတို့ကို ဖြတ်လျက် ပယာဂ တိတ္ထ ဆိပ်ကမ်းသို့ ရောက်ရှိတော်မူလာသည်။ ပယာဂတိတ္ထမှ ဂင်္ဂါမြစ်ကို ဖြတ်ကူးပြီးလျှင် ဗာရာဏသီ ကြွသွားတော်မူသည်။ ရာဇဂြိုလ်မှ ကာသိ

http://www.dhammadownload.com



နာရုံကြွသွားသော နောက်ဆုံးခရီးဖြစ်သည့် မဟာပရိနိဗ္ဗာန်ခရီး၌ ဗုဒ္ဓသည် ပါဋလိဂါမ၌ ဂင်္ဂါမြစ်ကိုဖြတ်ကူးသွားတော်မူသည်။ ယင်းသို့ ဂင်္ဂါမြစ်ကို ဗုဒ္ဓဖြတ်ကူးတော်မူခြင်း အထိမ်းအမှတ်ဖြင့် ဂင်္ဂါမြစ်ကမ်းပါးထိုနေရာ၌ "ဂေါတမတိတ္ထ"အမည်ရှိ ရေချိုးဆိပ်တစ်ခုကို ဗုဒ္ဓလက်ထက်တော်အခါကပင် စီမံပြုလုပ်ထားသည်။

သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူပြီးနောက် ဗုဒ္ဓသည်ရာဇဂြိုလ်ကြွတော်မူသည်။ ရာဇဂြိုလ်၌ နှစ်လကြာမျှ သီတင်းသုံးပြီးနောက် ဝေသာလီကြွတော်မူသည်။ ယင်းခရီး၌လည်း ဂင်္ဂါမြစ်ကိုဖြတ်ကူးသွားတော်မူရသည်။ ဂင်္ဂါနှင့်ယမုနာ ပေါင်းဆုံခြင်းကို ဥပမာပြုလျက် "ဂင်္ဂါမြစ်၏ ရေစီးကြောင်းသည် ယမုနာမြစ်တွင် သွားရောက်ပေါင်းဆုံပြီး တစ်မျိုးတည်းဖြစ်သွားသကဲ့သို့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားသည်လည်း နိဗ္ဗာန်နှင့် တစ်သားတည်းဖြစ်သွား၏"ဟု မဟာဂေါဝိန္ဒသုတ်၌ ဟောကြားထားတော်မူသည်။ဗုဒ္ဓသည် "ကုလ္လူပမ"ဟူ၍ ဓမ္မကို ဖောင်ကူးတို့နှင့် ဥပမာပေးထားတော်မူသည်။ မြစ်ကိုဖြတ်ကူးပြီးသောအခါ ဖောင်ကူးတို့ကို ဦးခေါင်းပေါ် ရွက်မသွားရ။ မြစ်ထဲ၌သာထားပစ်ခဲ့ရသည်။ ထိုနည်းတူစွာ ဓမ္မကိုကျင့်သုံးရုံသာလျှင် ကျင့်သုံးရသည်။ ဖက်တွယ် မထားရပေ။

"ရာမာယဏ"နှင့် "မဟာဘာရတ"သည် အိန္ဒိယ၏ရှေးဟောင်း

ထက်ဝေယ်စာပေ

http://www.dhammadownload.com



မဟာကဗျာကျမ်းကြီးနှစ်ကျမ်းဖြစ်သည်။ "မဟာဘာရတ"ကိုရေးသား စီရင်သော ဗျာသရသေ့လည်း ကူးတို့နှင့်ပတ်သက်နေသည်။ ဗျာသ ရသေ့၏မိခင်မှာသစ္စဝတီဖြစ်သည်။ သစ္စဝတီသည် တံငါသည်တစ်ဦး၏ မွေးစားသမီးဖြစ်သည်။ အပျိုအရွယ်က သစ္စဝတီသည် ယမုံနာမြစ်တွင် ခရီးသည်များကို တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းပို့ပေးသည့် ကူးတို့ အလုပ်လုပ်သည်။ တစ်နေ့သ၌သစ္စဝတီသည် သူကူးတို့ပို့ပေးသော ပရာသရသေ့နှင့် ရည်ငံသွားသည်။ သူတို့နှစ်ယောက်က မွေးသော သားသည် ဗျာသရသေ့ဖြစ်လာသည်။

နောက်ပိုင်း၌ သန္တနုဘုရင် ကေရာဇ်က ရုပ်ရည်ရူပကာအလွန် လှပသော သစ္စဝတီကို တော်ကောက်သည်။ သစ္စဝတီသည် သန္တနု ဘုရင်၏ မိဖုရားကြီးဖြစ်လာသည်။ "မဟာဘာရတ"၌ ပါသော ညီတော် နောင်တော် ဝမ်းကွဲတော်သည့် ပဏ္ဍဝ ညီနောင်နှင့် ကောရဝညီနောင် တို့ စည်းလုံးညီညွတ်မှု ပျက်ပြားပြီး တစ်ဖက်နှင့်တစ်ဖက် အကြိတ် အနယ် တိုက်ကြသော "ကုရုချေတ္တရ"နာမည်ကျော်စစ်ပွဲသည် နိုင်ငံ တစ်နိုင်ငံ၏ စည်းလုံးညီညွတ်ရေးအတွက် သင်ခန်းစာပေးနေသည်။ သစ္စဝတီသည် "ပဏ္ဍဝ"နှင့် "ကောရဝ"ညီနောင်များ၏ အဘွားဖြစ် သည်။

ဟာမန်ဟက်၏ "သိဒ္ဓတ္ထ"ဝတ္ထု၌ ပါသော "ကူးတို့ဆရာ"

ထက်ဝေယံတာပေ

http://www.dhammadownload.com



အခန်းသည် ဝတ္ထု၏ "ကလိုင်းမက်"ဖြစ်သည်။

သိဒ္ဓတ္ထသည် ဗုဒ္ဓထံရောက်သွားသော်လည်း မဟာလာဘ်ကြီးနှင့်လွဲခဲ့သည်။ ဗုဒ္ဓထံတော်ပါး၌ အကျွတ်တရားမရဘဲ သူငယ်ချင်းဂေါဝိန္ဒကိုထားခဲ့ပြီး နောက်ကြောင်းပြန်လှည့်လာသည်။ လမ်းခရီး၌ မြစ်ကိုကူးသောအခါ ကူးတို့ဆရာ ဝါသုဒေဝနှင့် တွေ့သည်။ ငြိမ်းချမ်းမှုရုပ်လုံးဖြစ်သော ကူးတို့ဆရာ ဝါသုဒေဝနှင့် တွေ့မှ သောကဗျာပါဒများနေသော သိဒ္ဓတ္ထသည် ငြိမ်းချမ်းမှုရရှိသွားသည်။

ဝါသုဒေဝသည် စိတ်ဝင်စားစွာ နားထောင်နေသည်။ သိဒ္ဓတ္ထ၏ လူ့ဘဝရောက်လာပုံမှစ၍ သူငယ်ဘဝနေခဲ့ရပုံ၊ ပညာသင်ကြားဆည်းပူးခဲ့ပုံ၊ စူးစမ်းရှာမှီးခဲ့ပုံ၊ ကာမဂုဏ်အာရုံ ခံစားခဲ့ပုံနှင့်တကွ မပြည့်မစုံလိုနေခဲ့ပုံများကို တစ်ခုမကျန်နားထောင်နေသည်။ ကူးတို့ဆရာ၌ အကြီးအကျယ်ဆုံး အရည်အချင်းတစ်ခုရှိသည်။ လူအနည်းငယ်၌သာ တွေ့ရတတ်သော သူတစ်ပါးပြောသည်ကို စိတ်ရှည်ရှည်နှင့် နားထောင်တတ်ခြင်းဖြစ်သည်။ ဝါသုဒေဝသည် စကားတစ်ခွန်းမှမဟသော်လည်း မိမိပြောပြသည့်စကားကို တစ်ခွန်းတစ်ပါဒမျှမကျန် ဆိတ်ငြိမ်စွာမျှော်လင့်ချက်ကြီးစွာဖြင့် နားထောင်နေသည်ဟူ၍လည်းကောင်း၊ စကားလုံးတိုင်းကိုလည်း နားလည်သဘောပေါက်သည်ဟူ၍ လည်းကောင်း သိဒ္ဓတ္ထကသိသည်။ နားမထောင်ချင် နားထောင်ချင်ဖြင့် နားထောင်နေ

ထက်ဝေယံစာပေ

http://www.dhammadownload.com



သည်လည်းမဟုတ်။ ချီးလည်းမချီးမွမ်း အပြစ်လည်းမတင်၊ နားထောင်ရုံသာလျှင် နားထောင်နေသည်။ မိမိ၏ဘဝ၌ မိမိ၏ကြိုးပမ်းမှုများ၌ မိမိ၏ဆင်းရဲဒုက္ခများ၌ စိတ်ပါဝင်စားသည့် ယခုလို သောတရှင်မျိုး တွေ့ရသည်မှာ အံ့ဩစရာကောင်း၏ဟူ၍ သိဒ္ဓတ္ထစဉ်းစားနေသည်။

ဝါသုဒေဝကပြောသည်။ "မိတ်ဆွေ သိဒ္ဓတ္ထ၊ သင်ကျုပ်နဲ့အတူတူ နေပါ။ သင်ကြား တတ်မြောက်လာလိမ့်မယ်၊ ဒါပေမယ့် ကျုပ်ဆီက တော့ မဟုတ်ဘူး။ မြစ်က ကျုပ်ကို နားထောင်နည်းသင်ကြား ပြသ ပေးခဲ့တယ်။ သင်လည်းပဲ မြစ်ဆီက သင်ကြားတတ်မြောက်လာလိမ့် မယ်။ မြစ်ဟာ အရာအားလုံးကို သိတယ်။ သင် မြစ်ဆီက ဘာမဆို သင်ကြားတတ်မြောက်နိုင်တယ်။ အောက်ဖက်ရောက်အောင် ကြိုးစားခြင်းဟာ ကောင်းမြတ်တယ်။ အနိမ့်ပိုင်းအနက်ပိုင်းရောက်ခြင်းဟာ အလွန်တစ်ရာ ကောင်းမြတ်တယ်ဆိုတဲ့ အကြောင်းကိုသင် မြစ်ထံက သင်ကြားနားလည်သွားပြီ၊ ဂုဏ်ကြီးရှင်ကြွေးရည်တတ် သိဒ္ဓတ္ထဟာ လှေသမားတစ်ယောက်လုပ်တော့မယ်။ ပညာရှိ ဗြာဟ္မဏ သိဒ္ဓတ္ထဟာ ကူးတို့သမားတစ်ယောက်လုပ်တော့မယ်။ အဲဒါကို သင်မြစ်ထံက သင်ကြားတတ်မြောက်တာမဟုတ်လား။ ကျုပ်ပညာရှိမဟုတ်ဘူး။ ကျုပ်နားထောင်သာ နားထောင်တတ်တယ်။ အကယ်၍ ကျုပ်စကားပြောတတ်ရင်၊ ညွှန်ကြားဆုံးမတတ်ရင် ကျုပ်တရားဟောဆရာ ဖြစ်နေမှာပေါ့။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကျုပ်က ကူးတို့သမားတစ်ယောက်သာဖြစ်တယ်။ ကျုပ်ရဲ့အလုပ်က လူတွေကို မြစ်တစ်ဖက်ကမ်းပို့ပေးဖို့သာဖြစ်တယ်။ ကျုပ် လူပေါင်းထောင်သောင်းများစွာကို မြစ်တစ်ဖက်ကမ်း ပို့ပေးခဲ့ပြီးပြီ။ အဲဒီလူ ပေါင်းထောင်သောင်းများစွာထဲက တချို့ဟာ မြစ်ရဲ့အသံကို နားထောင် ကြတယ်။ မြစ်ကိုစိတ်ဝင်စားကြတယ်။ ကျုပ်လိုပဲ သူတို့အတွက်လဲ ဒီမြစ်ဟာ မြင့်မြတ်တဲ့အရာဖြစ်နေတယ်။

"မြစ်ဟာ တစ်ပြိုင်နက်တည်းမှာပဲ နေရာအနှံ့အပြားမှာ နေတယ်။ မြစ်ဖျားမှာ ဖြစ်ဖြစ်၊ မြစ်ဝမှာ ဖြစ်ဖြစ်၊ ရေတံခွန်ကျရာမှာ ဖြစ်ဖြစ်၊ လှေဦးမှာဖြစ်ဖြစ်၊ ရေစီးကြောင်းမှာဖြစ်ဖြစ်၊ ပင်လယ်မှာ ဖြစ်ဖြစ်၊ တောင်မှာဖြစ်ဖြစ် ၊ ဘယ်နေရာမှာမဆို တစ်ပြိုင်နက်တည်း နေတယ်။ ပစ္စုပ္ပန်သာ မြစ်အတွက်ရှိနေတယ်။ အတိတ်ဆိုတာ အရိပ်အယောင်တောင်မရှိဘူး။ အနာဂတ်ဆိုတာလဲ အရိပ်အယောင်တောင် မရှိဘူး။ သင်လဲပဲ အဲဒီလိုယူဆတယ် မဟုတ်လား"

အချိန်ကာလ ကုန်ဆုံးကျော်လွန်လာသောအခါ သိဒ္ဓတ္ထ၏ အပြုံးသည် ကူးတို့ဆရာ၏ အပြုံးနှင့်အသွင်တူလာသည်။ သိဒ္ဓတ္ထ၏ အပြုံးသည်လည်း အလားတူပင်တောက်ပလာသည်။ အလားတူပင် ရွှင်လန်းမှုအပြည့်ဖြစ်လာသည်။ သိဒ္ဓတ္ထနှင့် ဝါသုဒေဝတို့သည် မကြာခဏ ညဉ့်ချမ်းအချိန်၌ မြစ်ကမ်းပါးက သစ်ပင်ရင်းတွင် ထိုင်ကြသည်။

http://www.dhammadownload.com



ရေ၏ အသံကိုဆိတ်ငြိမ်စွာ နားထောင်ကြသည်။ သူတို့နှစ်ဦးအတွက် ရေ၏အသံသည် သာမန်ရေသံ မည်ကာမတ္တမျှသာမဟုတ်ဘဲ ဘဝ၏ အသံဖြစ်နေသည်။ ခရီးသွားသူများက ကူးတို့သမားနှစ်ဦးကို တွေ့ရသောအခါ ညီအစ်ကိုဟုထင်မှတ်ကြသည်။

ဝါသုဒေဝသည် မြစ်ကမ်းပါးရှိနေရာမှ ထလိုက်ပြီးလျှင် သိဒ္ဓတ္ထ၏ မျက်လုံးကို ကြည့်လိုက်သောအခါ ကြည်လင်ငြိမ်းချမ်းခြင်းကို တွေ့မြင်သွားသည်။ ထိုအခါ မိတ်ဆွေ၏ပခုံးကို ယုယကြင်နာစွာ ကိုင်ပြီး ပြောလိုက်သည်။ "မိတ်ဆွေ ကျုပ် ဒီအချိန်ဒီအခါကိုစောင့် လာခဲ့တာ အခုရောက်လာပြီ၊ ကျုပ်ကို သွားခွင့်ပြုပါတော့။ ကျုပ်အချိန် ကြာမြင့်စွာ ဝါသုဒေဝဖြစ်လာခဲ့တယ်။ ကူးတို့သမားဖြစ်ခဲ့တယ်။ အခု နိဂုံးချုပ်သွားပြီ၊ တဲကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ မြစ်ကိုလည်း နှုတ် ဆက်ခဲ့ပါတယ်"

သိဒ္ဓတ္ထသည် ထွက်ခွာသွားတော့မည့်ပုဂ္ဂိုလ်ကို ဦးညွတ်အရိုအသေပြုလိုက်သည်။ "ကျုပ်သိပါပြီ ၊ မိတ်ဆွေ တောထဲ သွားတော့မယ်မဟုတ်လား"

"ဟုတ်တယ် ၊ ကျုပ် တောထဲကို သွားတော့မယ် ၊ အရာဝတ္ထုအားလုံးတို့၏ ပေါင်းစည်းဆက်ဆံမှုထဲ သွားတော့မယ်"

သိဒ္ဓတ္ထသည် ထွက်ခွာသွားသော ဝါသုဒေဝကို ကြည့်နေသည်။ ကြီးကျယ်လှသော ရွှင်လန်းဝမ်းမြောက်ခြင်းဖြင့်လည်းကောင်း၊ ကြီးကျယ်

http://www.dhammadownload.com



လှသော လေးနက်ခြင်းဖြင့် လည်းကောင်း၊ ကြည့်နေသည်။ ဝါသုဒေဝ၏ ငြိမ်းချမ်းမှု အပြည့်ရှိနေသည့် ခြေလှမ်းများကို လည်းကောင်း၊ တောက်ပနေသော မျက်နှာတို့ကို လည်းကောင်း၊ အလင်းရောင် အပြည့်ရှိနေသည့် ပုံပန်းသွင်ပြင်ကို လည်းကောင်းသိဒ္ဓတ္ထ မြင်တွေ့နေရသည်။

မြစ် သို့မဟုတ်ချောင်း၏ တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ကူးတို့ပို့သည့် အကြောင်းကိုဖတ်ရသောအခါတိုင်း အထူးအားဖြင့် "သိဒ္ဓတ္ထ"ဝတ္ထုကို ဖတ်သည့်အခါတိုင်း ငယ်စဉ်က တွေ့ဖူးသည့်ကူးတို့သမား သို့မဟုတ် ကူးတို့ဆရာတစ်ဦး၏ အကြောင်းကို ပြန်ပြောင်းသတိရမိသည်။

ထိုကူးတို့ဆရာမှာ သန္တသနော့ရွာချောင်း၏ တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ကူးတို့ပို့ပေးသည့် ဦးရွှေဒီဖြစ်သည်။ သန္တသနော့ရွာချောင်း၏ ကူးတို့ဆိပ်မှာ ရွာဦးဘုန်းကြီးကျောင်းဆိပ်ဖြစ်သည်။ ကျောင်းဆိပ်နှစ်ဆိပ်ရှိသည်။ ကူးတို့ဆိပ်သည် ကျောင်းဝင်းထဲက ရေချိုးဆိပ်မဟုတ်ဘဲ ကျောင်းဝင်းအပြင်ဘက်က ဆိပ်ဖြစ်သည်။ ကျောင်းဆိပ်၏ တစ်ဖက်ကမ်း၌ သာဇီရွာထိပ်က ရေချိုးဆိပ်ရှိသည်။ ကျောင်းဝင်းအတွင်းက ရေချိုးဆိပ်သည် သာဇီရွာထိပ်က ရေချိုးဆိပ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ ကျောင်းဝင်းအပြင်ဖက်က ဆိပ်မှာမူ သာဇီရွာထိပ်က ရေချိုးဆိပ်နှင့် စေးလွယ်ခုတ်ဖြစ်သည်။ ထို့ကြောင့် ကူးတို့ဆိပ်နှစ်ဆိပ်မှာ

http://www.dhammadownload.com



တစ်ဖြောင့်တည်းမဟုတ်ဘဲ ခပ်ယွန်းယွန်းဖြစ်နေသည်။ ချောင်းမှာ လည်း ထိုနေရာ၌ထောင့်ကွေးဖြစ်နေ၍ ကူးတို့လှေသည် တစ်ဖက် ကမ်းမှ တစ်ဖက်ကမ်းသို့ ကူးလျှင် ၁၅ မိနစ်၊ မိနစ် ၂၀ လောက် ကြာသည်။ ချောင်းသည် ထိုနေရာ၌ အကျယ်ဆုံးဖြစ်နေသဖြင့် ထို နေရာရှိ ချောင်းကို "ထောင့်ကွေးကြီး"ဟုပင် ခေါ်ကြသည်။

သန့်သနော့ရွာဘက်က ကူးတို့ ကူးလိုသူများသည် ကျောင်းဝင်း အပြင်ဘက်က ကူးတို့ဆိပ်မှ တစ်ဘက်ကမ်းရှိ သာဇီရွာထိပ်က ကူးတို့ ဆိပ်သို့ ကူးကြရပြီး သာဇီရွာဘက်က ကူးတို့ ကူးလိုသူများသည် သာဇီရွာထိပ်က ကူးတို့ဆိပ်မှ တစ်ဖက်ကမ်းရှိကျောင်းအပြင်ဘက်က ကူးတို့ဆိပ်သို့ကူးကြရသည်။ ကူးတို့လှေမှာ သန့်သနော့ရွာဘက်၌ မရှိဘဲ သာဇီရွာဖက်၌ရှိသည်။ ကူးတို့ဆရာဦးရွှေဒီသည် သာဇီဘက် ကမ်း ကမ်းနဖူး၌ သက်ငယ်မိုး၊ ထရံကာ ၊ ဝါကြမ်းခင်း ၊ ခြေတံရှည် အိမ်ကလေးတစ်အိမ်ဆောက်ပြီး နေသည်။ သူ၏ကူးတို့လှေကလေး ကိုမူ ကမ်းစပ်ရှိ တိုင်ငုတ်တွင် ချည်ထားသည်။

ကူးတို့ကူးလိုသည့် ခရီးသည်များ သာဇီရွာဘက် ကူးတို့ဆိပ် ရောက်လာလျှင် ဦးရွှေဒီသည် အိမ်ပေါ်က တက်ကလေး ကိုင်ဆင်း လာပြီး တစ်ဖက်ကမ်းပို့ပေးသည်။ သန့်သနော့ရွာဘက်က ကူးတို့ကူး လိုသူများကမူ တစ်ဖက်ကမ်း၌ နေသော ကူးတို့ဆရာကို သံကုန်ဟစ်

http://www.dhammadownload.com



ပြီးအော်ခေါ်ရသည်။

"ကိုရွှေဒီ ကိုရွှေဒီ ဗျို့ ကိုရွှေဒီ"

ကျွန်တော်တို့ရွာတွင် ကျွန်တော်တို့ငယ်စဉ်က အသက်ဘယ်လောက်ကြီးကြီး "ဦး"တပ်ခေါ်လေ့မရှိကြ။ အသက် ၆၀ - ၇၀အရွယ်ရပ်မိရပ်ဖဖြစ်ကြသော ဦးကျဲ ၊ ဦးအဲ တို့ကိုပင် "ကိုကျဲ ၊ ကိုအဲ ဟူ၍ခေါ်ကြသည်။ အသက် ၅၀ ကျော်လောက်ရှိနေပြီဖြစ်သော ကူးတို့ဆရာကိုလည်း ဦးရွှေဒီဟု မခေါ်ဘဲ ကိုရွှေဒီဟူ၍သာခေါ်သည်။ ကူးတို့သမားဖြစ်၍နှိမ့်ချ ခေါ်ခြင်းမဟုတ်ဘဲ ဓလေ့ထုံးစံလို ဖြစ်နေသဖြင့် ကိုရွှေဒီဟုခေါ်ခြင်းဖြစ်သည်။

တစ်ဖက်ကမ်းမှ သူကိုခေါ်သည့်အသံကို ကြားလျှင်ကြားချင်း ကူးတို့ဆရာဦးရွှေဒီသည် အိမ်ပေါ်မှ တက်ကလေးဆွဲ၍ ကမ်းစပ်ဆင်းလာပြီးလျှင် လှေကိုဖြုတ်၍ တစ်ဖက်ကမ်းလှော်ခတ်လာသည်။ အလာတွင် ခရီးသည်ပါလာသည်ဟူ၍ မရှိဘဲ၊ လှေအခွံချည်းလာပြီး တစ်ဖက်ကမ်းမှ ခရီးသည်ကို သယ်ဆောင်သွားရသည်။ သာဇီဘက်ကမ်းမှ ခရီးသည် လာပို့လျှင်လည်း တစ်ဖက်ကမ်းမှ အပြန်ခရီး၌လှေချည်းပြန်သွားရသည်ကများသည်။ သို့ရာတွင် ကူးတို့ဆရာသည် မညည်းမညူဘဲ ခရီးသည်တစ်ယောက်ပဲရှိရှိ တစ်ယောက်ကိုလာပို့သည်။ တစ်ဖက်ကမ်းတွင် ခရီးသည်ကိုသူ၏ ကူးတို့လှေကလေးနှင့် လာခေါ်သည်။

http://www.dhammadownload.com



ခရီးသည်များထံမှလည်း ကျူးတို့ခအဖြစ် ပိုက်ဆံတစ်ပြားသာယူသည်။

ကျူးတို့ဆရာ ဦးရွှေဒီသည် ခရီးသည် ရှိလျှင် ရှိသလောက် ချောင်းတစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကူးချည် သန်းချည် လုပ်နေရသည်။ သို့သော်လည်း ဦးရွှေဒီကို ကြည့်လျှင် မည်သည့်အခါမှ ပျာနေသည် ၊ တက်သုတ်ရိုက်နေသည်ကို မတွေ့ရပေ။ ဘယ်သူက ဘယ်လောက် အရေးကြီးကြီး သူ၏ပုံမှန်အနေအထားကို တစ်ပြား သားမှ အလျှော့မပေးပေ။ သူ၏ပုံမှန် အနေအထားမှာ ခပ်အေးအေး ခပ်မှန်မှန် လှော်ခတ်နေခြင်းဖြစ်သည်။ ဘယ်လောက်နေပူပူ၊ မိုးရွာ ရွာ ဦးရွှေဒီ၏ကျောတွင် အင်္ကျီကပ်သည်ကို မတွေ့ရပေ။ နေ့လယ်နေ့ ခင်း နေပူချိန်ကူးတို့ပို့ရသည့်အခါများ၌ အပေါ်ကနေရောင်နှင့်ရေထဲက ရောင်ပြန်ပေါင်းပြီး အရောင်ဟပ်နေသဖြင့် ဦးရွှေဒီ၏ မွဲခြောက်ခြောက် ကျောပြင်သည် တလက်လက် အရောင်ထနေသည်။

ကူးတို့လှေစီးပြီး တစ်ဖက်ကမ်း ကူးကြသူများသည် ဝါသုဒေဝ ၏ စကားဖြင့် ပြောရလျှင် ပိုက်ဆံကြေးငွေအတွက် ခရီးသွားကြသူ များဖြစ်ကြသည်။ အလုပ်ကိစ္စအတွက် ခရီးသွားကြသူများဖြစ်ကြသည်။ လက်ထပ်မင်္ဂလာကိစ္စအတွက် ခရီးသွားကြသူများဖြစ်ကြသည်။ ဘုရားဖူး ခရီးသွားကြသူများဖြစ်ကြသည်။ ဝါသုဒေဝကူးတို့ပို့သော ခရီးသည်များ ထဲက အချို့မှာမြစ်၏အသံကို နားထောင်ကြသည်။ မြစ်ကို စိတ်ဝင်

http://www.dhammadownload.com



စားကြသည်။ သို့သော်လည်း ဦးရွှေဒီကူးတို့ပို့သော ခရီးသည်များထဲကမှ ချောင်း၏အသံကို နားထောင်သူရှိမည်မဟုတ်ပေ။ ချောင်းကို စိတ်ဝင်စားသူရှိမည်မဟုတ်ပေ။

ကူးတို့ဆရာ ဦးရွှေဒီကမူ ကူးတို့ဆရာ ဝါသုဒေဝနှင့် တစ်စိတ်တစ်ဒေသတူသည်။ ဦးရွှေဒီသည် လောဘ ဒေါသ မရှိ။ ကူးတို့ကူးသူခရီးသည်များထံမှ ပိုက်ဆံတစ်ပြားထက်ပိုမယူပေ။ တစ်ခါတစ်ရံ ကူးတို့ပို့ရင်းအပြန်ခရီးသည် မရှိသည့်အခါ သူ၏ကူးတို့လှေကလေးကို ကျောင်းဆိပ်တွင် ဆိုက်ပြီးဘုန်းကြီးကျောင်းပေါ်တက်လာသည်။ အသက် ၇၀ အရွယ်ကျောင်းထိုင်ဆရာတော်ကြီးကလည်း ဦးရွှေဒီကို ကရုဏာထားသည်။ "ရွှေဒီ လာ လာ"ဟု ခေါ်ပြီး ရှိသမျှချကျွေးသည်။ ဦးရွှေဒီသည် ဆင်းရဲသား ကူးတို့ပို့သူတစ်ယောက်ဖြစ်သော်လည်း ကြေးရတာတ်များထက်ပင် စိတ်ချမ်းသာနေပုံရသည်။ ခရီးသည်များထဲက ရသမျှတစ်ပြားတစ်ချပ်နှင့် ရောင့်ရဲတင်းတိမ်နေသည်။ သူ့ကိုကြည့်လိုက်လျှင်မည်သည့်အခါ ကြည့်ကြည့်တည်ငြိမ် ဣန္ဒြေရနေသည်ကိုသာတွေ့ရ သည်။ စိတ်နှလုံးရွှင်လန်းချမ်းမြေ့နေသည်ကိုသာတွေ့ရသည်။ ဝါသုဝေဒ ကဲ့သို့မြစ်ကပေးသော၊ ချောင်းကပေးသော သင်ခန်းစာရနေသောကြောင့်လားမသိ၊ ကူးတို့ဆရာ ဝါသုဒေဝသည် "သိဒ္ဓတ္ထဝတ္ထု"၏ဇာတ်ဆောင်ဖြစ်သကဲ့သို့ ဦးရွှေဒီသည် ကျွန်တော်၏ "ကူးတို့ဆရာ"၌ ဇာတ်

ထက်ထေယ်စာပေ

http://www.dhammadownload.com



ဆောင်ဖြစ်လာသည်။

သို့သော်လည်း ဝါသုဒေဝနှင့် ဦးရွှေဒီ မတူသော အချက်ရှိသည်။ ဝါသုဒေဝက နောက်ဆုံးတွင် ကူးတို့အလုပ်ကို သိဒ္ဓတ္ထအား လွှဲအပ်ပြီး တောထွက်သွားသည်။ ဦးရွှေဒီကမူ ခေါင်းမချမချင်း သူ့အလုပ်ကို လုပ်ပြီး ခေါင်းချချိန်ရောက်မှ သူ၏ကူးတို့အလုပ်ကို သူ့သမီးအား လွှဲအပ်သွားသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



## အရူးမကြီး အထေ

မိမိနေထိုင်သည့် အရပ်ဒေသ၏ ပတ်ဝန်းကျင်၌လည်းကောင်း၊ လမ်းသွားလမ်းလာချိန်၌လည်းကောင်း၊ ရံဖန်ရံခါစိတ်မနှံ့သည့် အရူးများကိုတွေ့ရသည်။ ထိုသို့ အရူးများနှင့်ဆုံသည့်အခါ၌ စိတ်မချမ်းမသာလည်းဖြစ်မိသည်။ သူတို့ကို မကြည့်ရဲလောက်အောင်ပင်ကြောက်စိတ်လည်းပေါ်လာတတ်သည်။

လွန်ခဲ့သည့်နှစ်နှစ် သုံးနှစ်အတွင်းက ကန်တော်ကြီးလမ်းလျှောက်သည့်အခါ နေ့စဉ်လိုလိုပင် အရူးမတစ်ယောက်ကို တွေ့ရ သည်။ ထိုအရူးမသည် အသက် အစိတ်သုံးဆယ်လောက်ပင်ရှိဦးမည်။ အဝတ်အစား နွမ်းနွမ်းပါးပါးဝတ်ထားသည်။ လမ်းလျှောက်ရင်း သူ့ဟာသူ စကားတတွတ်တွတ် ပြောသွားသည်။ တစ်ခါတစ်ရံ ဆေးပေါ့လိပ်သောက်သွားသည်။ တစ်ခါတစ်ရံ အကြော်ဆိုင်ရှေ့တွင် အကြော်စားနေသည်။ ဝယ်စားသလား တောင်းစားသလား မသိ။ တစ်ခါတစ်ရံလမ်းပေါ်တွင် ဖြတ်မောင်းသွားသော မော်တော်ကားကိုလှမ်းဆဲနေသည်။ ကန်တော်ကြီးဘေး ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်ရင်း သူနှင့်မကြာခဏမျက်နှာချင်းဆိုင်ဆုံသည်။ ထိုအခါ များ၌ငါ့ကိုများ တစ်ခုခုလုပ်လိုက်မလား၊ တစ်ခုခုပြောလိုက်မလား ဟု စိုးရိမ်ထိတ်လန့်

http://www.dhammadownload.com



သည်ဖြစ်၍ သူ့မျက်နှာကိုမကြည့်ရဲ မျက်နှာထား ခပ်တည်တည်နှင့် လျှောက်သွားရသည်။ သို့သော်လည်း ထိုအရူးမ သည် မိမိကိုမူ တစ်ကြိမ်မှ မဖွယ်မရာပြောလည်းမပြောပေ၊ လုပ်လည်း မလုပ်ပေ။

ထိုအရူးမအကြောင်း တစ်ဆင့်စကားတစ်ဆင့်ကြား သိရသည်။ မောင်နှမနှစ်ယောက်ရှိသည်။ နှစ်ယောက်လုံးဘိန်းဖြူစွဲနေကြသည်။ ဘိန်းဖြူသည် မောင်လုပ်သူအား မရဏာရွာသို့ပို့လိုက်ပြီး နှမဖြစ်သူကို အရူးဘဝရောက်အောင်လုပ်လိုက်သည်။ မိမိနှင့် ကန်တော်ကြီးစောင်းတွင် မကြာခဏဆုံရသော အရူးမကလေးမှာ ဘိန်းဖြူထိုးပြီး ဦးနှောက်ပျက်သွားသူဖြစ်သည်ဟု ပြောကြသည်။ ယခုထိုအရူးမကလေးကို မတွေ့ရတော့ ။ သေသွားသလား ၊ တခြားနေရာ ရောက်သွားသလား မပြောတတ်ပေ။

စိတ်မနှံ့သူ နောက်တစ်ယောက်ရှိသေးသည်။ ထိုစိတ်မနှံ့သူကို လည်း လွန်ခဲ့သည့်ငါးနှစ်ခြောက်နှစ်ခန့်က ကန်တော်ကြီးလမ်းလျှောက်ရင်း တွေ့ရခြင်းပင်ဖြစ်သည်။ ထိုစိတ်မနှံ့သူကို တွေ့ရသောအခါ အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ရသည်။ ထိုပုဂ္ဂိုလ်မှာ ဘွဲ့ရ စာရေးဆရာတစ်ဦးဖြစ်သည်။ ထိုပုဂ္ဂိုလ်ရူးသည်မှာမူ ယဉ်ယဉ်ကလေးဖြစ် သည်။ ထိုပုဂ္ဂိုလ်သည် အဝတ်အစား ခပ်နွမ်းနွမ်းဝတ်ထားသော်လည်း သူ၏ဝင်းဝါသော အသားအရည်နှင့် လူရည်သန့်အသွင်အပြင်သည်

ထက်စေယ်စာပေ

http://www.dhammadownload.com



သူ၏သွပ်ချောင်နေသော ဦးနှောက်ကိုဖုံးဖိထားသည်။ အပေါ်ယံကြည့်လျှင် စိတ်မနှံ့သည့်အမူအရာသူ့တွင် လုံးဝမတွေ့ရပေ။ အသေးစိတ်လေ့လာကြည့်မှ စိတ်မနှံ့သည့် အမူအရာရေးရေးကလေး ပေါ်နေသည်။

သူ့ကို တွေ့ရသည့်အခါ၌ ပို၍စိတ်မကောင်းခြင်းဖြစ်ရသည့်အကြောင်းတစ်ခုမှာ သူ့ကိုမည်သည့်အခါတွေ့တွေ့ တွေ့ရသည့်အခါ တိုင်း တစ်နှစ်သားအရွယ် ကလေးငယ်ကလေးကို ချီထားခြင်းဖြစ်သည်။ သူ့ကလေးလား။ သူများကလေးလားမသိ။ပထမ အရှူးမလေးကို တစ်ခါတစ်ရံကန်တော်ကြီးဘေး ပလက်ဖောင်းပေါ်တွင် မတ်တပ်ရပ်နေသည်ကိုတွေ့ရသော်လည်း သူ့ကိုမူ ကလေးလေးချီပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ဂရုမစိုက်ဘဲ ကန်တော်ကြီးဘေး၌ ခပ်သုတ်သုတ်လျှောက်နေသည်ကိုသာ တွေ့ရသည်။ ထိုပုဂ္ဂိုလ်မှာ သမိုင်းနှင့်ပတ်သက်သော စာအုပ်တစ်အုပ်ရေးသားပြုစုသူ ငါးသိုင်းချောင်းမောင်မောင်ဖြစ်သည်။ သူ့ကို မတွေ့ရတော့သည်မှာလည်း နှစ်ပရိစ္ဆေဒ ကြာမြင့်သွားပြီ။

ကျွန်တော် စိတ်မနှံ့သူများကို တွေ့ရသည်မှာ ကန်တော်ကြီးတစ်ဝိုက်၌များသည်။ စိတ်မနှံ့သူ နောက်တစ်ယောက်ကိုလည်း ကန်တော်ကြီး၌ပင်တွေ့ရသည်။ သူ့ကိုတွေ့ရသည်မှာမူ နှစ်ပေါင်းလေးငါး ဆယ်ရှိသွားပြီ။ ကြားတောရလမ်းထိပ် လမ်းတစ်ဘက်ကန်တော် မိတ်တွင်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကုက္ကိုလ်ပင်ကြီး တစ်ပင်ရှိသည်။ ထိုကုက္ကိုလ်ပင်ကြီးသည် ပင်စည်အလွန်တရာကြီးထွားသည့် အဓိကရသစ်ပင်ကြီးဖြစ်သည်။ အမြစ်ကြီးများလည်း မြေကြီးပေါ်တွင် ကုန်းထနေကြသည်။ မြေကြီးပေါ် ထိုးထိုးထောင်ထောင် ထွက်နေသောအမြစ်ကြီးများမှာ အနားယူလို သူများ အေးအေးဆေးဆေးထိုင်စရာ ခုံများသဖွယ်ဖြစ်နေကြသည်။

လွန်ခဲ့သည့်အနှစ် လေးငါးဆယ်ခန့်က ထိုင်ခုံသဖွယ်ဖြစ်နေသော ထိုကုက္ကိုလ်မြစ်ပေါ်၌ လူကြီးတစ်ယောက် မကြာခဏလာလာ ထိုင်နေသည်ကိုတွေ့ရသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အသက်ငါးဆယ်ကျော် လောက်ရှိနေပြီ။ သူ့ကိုမြင်ရသည်မှာ လရောင်အောက်က တခဲနက် သိပ်သည်းထူထပ်ပြီး အမှောင်ရိပ်လွှမ်းနေသော ချုံပုတ်တစ်ခုကို တွေ့ မြင်ရသကဲ့သို့ ဖြစ်သည်။ ဝတ်ဖြူစင်ကြယ်နှင့် ဆန့်ကျင်ဘက်တစ် ကိုယ်လုံးအနက်ရောင် အဝတ်အစားများကိုဆင်ထားသည်။ လုံချည် အဖြူကို ချိုပ်ရောင်ဆိုးထားသည်။ ရှပ်အင်္ကျီလည်းအနက်ဖြစ်သည်။ တိုက်ပုံအင်္ကျီလည်း အနက်ဖြစ်သည်။ ပေါင်းထားသောခေါင်းပေါင်းမှာ လည်း ခေါင်းပေါင်းအနက်ဖြစ်သည်။ လည်ပင်းတွင် ပုတီးကြီးတစ်ကုံး ဆွဲထားသည်။ သူ့ကိုကြည့်လျှင် ဘိုးတော်လိုလိုတရားပေါက်နေသူလိုလို ထင်ရသည်။ သို့သော်လည်း မကြာခဏယဉ်ယဉ်ကလေးနှင့် စိတ် မန့်သည့်အမူရာမျိုးကို ထုတ်ပြတတ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်ကြီးကား စစ်ကြိုခေတ်က နာမည်ကြီးစာရေးဆရာ တစ်ဦးဖြစ်သည့် "သိပ္ပံကျော်ထင်"ဖြစ်သည်။

မိမိ အမှတ်သညာထဲတွင် စွဲနေသည့်အခြား စိတ်မနှံ့သူတစ်ယောက်ရှိသေးသည်။ ထိုစိတ်မနှံ့သူမှာ တကယ့်ကိုရင်အစစ်ဟုတ်ဟန် မတူသော်လည်း သင်္ကန်းဝတ်ရုံထားသဖြင့် သူ့ကို"ကိုရင်ကြီး"ဟု အသိများနေကြသည်။ သူ့ကို မည်သူကမှလည်း သင်္ကန်းချွတ်ပစ်၍ ရကြပုံမတူပေ။သူ့ကိုတွေ့ရသည်မှာ ရခိုင်ပြည်နယ်၌ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အသက်လေးဆယ်ကျော်လောက်ဖြစ်သည်။ အသားဖြူသည် ။ အဖြူရောင်ဘက်လုနေသည့် သင်္ကန်းကို ဖိုသီဖတ်သီဝတ်ရုံထားသည်။ နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေး ထိုးထိုးထောင်ထောင်နှင့်။

လွန်ခဲ့သည့်အနှစ်နှစ်ဆယ်၊ အစိတ်လောက်က ရခိုင်ပြည်နယ် မြို့ဟောင်းရောက်သွားသည်။ မြို့ဟောင်းသည် တစ်ခေတ်တစ်ခါက ရခိုင်ဘုရင်များ စိုးမိုးအုပ်ချုပ်ခဲ့သည့်မြို့တော်ဖြစ်၍ ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များ အတော်များများကျန်ရှိနေသေးသည်ကို တွေ့ရသည်။ အထူးအားဖြင့် ပုဂံကဲ့သို့ပင် ရှေးဘုရားများ အတော်များများ ကျန်ရှိနေသည်။ ယင်းဘုရားများအနက် အကြီးကျယ်ဆုံးနှင့် အထူးခြားဆုံးမှာ ရှစ်သောင်းဘုရားဖြစ်သည်။ ရှစ်သောင်းဘုရား၌ သက္ကတဘာသာဖြင့် ထိုးထားသောကျောက်စာမှာ မြန်မာနိုင်ငံ၌ ပြန့်ပွားခဲ့သော

ထက်ဝေယံစာပေ

http://www.dhammadownload.com



သက္ကတဘာသာစာပေသမိုင်း လေ့လာသူများအတွက် လက်မလွှတ်ရသော ကျောက်စာဖြစ်သည်။

မြို့ဟောင်းရှိ ရှစ်သောင်းဘုရားကို ကျွန်တော်တို့ ရောက်သွားကြသည်။ ဘုရားတွင် တွေ့ရသော စိတ်ဝင်စားစရာ အကောင်းဆုံး အနုပညာလက်ရာများမှာ တိုက်မကြီး၏ဘေးတွင် ထုလုပ်ထားသော ရုပ်တုများဖြစ်သည်။ ထိုရုပ်တုများမှာ မြန်မာနိုင်ငံ တနံတလျား မည်သည့်နေရာမှာမှ မတွေ့ရသော ၊ တွေ့ရခဲသော ရုပ်တုမျိုးဖြစ်သည်။ ယင်းရုပ်တုများအနက် အထူးခြားဆုံးမှာ "ဆက်စ်"နှင့် ပတ်သက်သော ရုပ်တုများဖြစ်သည်။ အိန္ဒိယနှင့် နီးကပ်သဖြင့် အိန္ဒိယယဉ်ကျေးမှု များ ကူးစက်လာသလားဟု အောက်မေ့ရသည်။ အိန္ဒိယနိုင်ငံရှိ ရှေးဟောင်း အနုပညာပန်းချီ ပန်းပုကျောင်းဆစ် လက်ရာများထဲတွင် လည်း "ဆက်စ်"နှင့်ပတ်သက်၍ သရုပ်ဖော်ထားသည့်ရုပ်ပုံများ အတော်များများတွေ့ရသည်။

ရှစ်သောင်းဘုရားက စိတ်ဝင်စားစရာ ရုပ်တုများကို မမျှော်လင့်ဘဲ သွားတွေ့ရသောအခါ ရုပ်ပုံများကို ဓာတ်ပုံ ရိုက်ယူလိုသည့် ဆန္ဒဖြစ်လာသည်။ ကျွန်တော့်တွင်လည်း ကင်မရာပါလာသည်။ သို့သော်လည်းတည်းခိုသည့်နေရာတွင် ကင်မရာကျန်ခဲ့သည်။ ဘုရားဖူးပြီးတည်းခိုသည့် နေရာသို့ပြန်လာလျက်ကင်မရာကို ယူပြီးလျှင် ဓာတ်

http://www.dhammadownload.com



ပုံရိုက်ယူရန် နောက်တစ်ကြိမ်ရစ်သောင်းဘုရားသွားပြန်သည်။ ဘုရားနှင့် တည်းခိုသည့်အိမ်မှာ မဝေးလှပေ။ ပထမတစ်ကြိမ်က အဖော်များနှင့် သွားသော်လည်း နောက်တစ်ကြိမ်၌မူ ကျွန်တော်တစ်ယောက်တည်းသွားသည်။

ဒုတိယအကြိမ် ရစ်သောင်းဘုရား ရောက်သွားသည်။ ဘုရားတွင် တစ်ဦးတစ်ယောက်ကိုမှမတွေ့ရ။ အနီးအနား၌လည်း လူရိပ်လူခြည်မမြင်ရ။ ရာသီဥတုကလည်း ထိုင်းမှိုင်းအုံ့ဆိုင်းနေသည်။ ထိုင်းမှိုင်းအုံ့ဆိုင်းနေသော ပတ်ဝန်းကျင်တွင် ရှေးဟောင်းဂူဘုရားကြီးသည် ချောက်ချားဖွယ်အသွင် ဆောင်နေသည်။ ကျွန်တော်ကျောချမ်းလာ သည်။ မိမိလိုချင်သော ပုံများကိုခပ်မြန်မြန် ခပ်သုတ်သုတ် ရိုက်ယူ ပြီးလျှင် ဘုရားရင်ပြင်က ထွက်သွားတော့မည်လုပ်သောအခါ မမျှော် လင့်ဘဲ ဘယ်ထောင့်ဘယ်နေရာမှန်းမသိ ကျွန်တော်၏ဇာတ်ကောင် သင်္ကန်း ဖိုသီဖတ်သီ ပတ်ထားသော ထို"ကိုရင်ကြီး"ထွက်လာသည်။ သူ့တွင် စိတ်မနှံ့သည့် အသွင်အပြင် အပြည့်အဝ ပေါ်နေသည်။ ကျွန်တော် ခြေလှမ်းမှားသွားသည်။ ကြက်သီးတဖြန်းဖြန်းထလာသည်။

"ဟေ့ မင်း ဘယ်ကလဲ၊ ငါ့ကိုလည်း ဓာတ်ပုံရိုက်စမ်း"

ချောက်ချားဖွယ် ပတ်ဝန်းကျင်၌ ထိတ်လန့်ဖွယ် ရုပ်ပုံသွင်ပြင်ကိုတွေ့ရသည့်အတွက် ခေါင်းနပန်းကြီးသွားသော မိမိအားထိုကြောက်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ရွှံ့ဖွယ်က သရဲသဘက်အသံမျိုးနှင့် အမိန့်ပေးနေပြန်သည်။

သူ့ကို ကင်မရာဖြင့် ချိန်သည်။ ခလုတ်နှိပ်ဟန်ပြုလိုက်သည်။ ထို့နောက် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ရှစ်သောင်းဘုရားပရဝုဏ်အတွင်းမှ ပြေးထွက်လာခဲ့သည်။

စိတ်မနှံ့သူများကို တွေ့ရသည့်အခါတိုင်း ငယ်စဉ်က ကျွန်တော်တို့ရွာ၌ ရှိသော အရူးမကြီးတစ်ယောက် အကြောင်းကိုပြန်ပြောင်းသတိရလာတတ်သည်။ ထိုအရူးမကြီးအမည်မှာ "အထေ"ဟုခေါ်သည်။ ထိုအရူးမကြီး၏ အိမ် ဘယ်နေရာတွင် ရှိသည်ဆိုသည်ကို မမှတ်မိတော့ပြီ ဖြစ်သော်လည်းသူတို့မောင်နှမနှစ်ယောက်ကိုမူ သတိရနေသည်။ မောင်နှမနှစ်ယောက်လုံး အသက်ငါးဆယ်ကျော်ရှိနေပြီ။ အစ်ကိုဖြစ် သူ "ဦးဘိုးလီ"ဆိုသူက အရူးမ အထေထက် အသက်ပိုကြီးသည်။ အသက် ၆၀ လောက်ရှိပြီ။ ဦးဘိုးလီသည် အမြဲတမ်းပဝါပေါင်း ပေါင်း ထားသည်။ ကျွန်တော့်ဘိုးလေး ဦးရွှေလူအိမ်၏ လက်ဖက်ရည်ကြမ်း ဝိုင်း၌ သူ့ကိုအမြဲလိုလိုတွေ့ရသည်။

ဦးဘိုးလီ၏ ထူးခြားမှုမှာ လက်တုန်နေခြင်းဖြစ်သည်။ အရက်အလွန်အကျွံ သောက်သူများကဲ့သို့ တစ်စုံတစ်ခုကို ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် လက်ကငြိမ်မနေတော့ဘဲ ခါယမ်းနေသည်။ အရက်သောက်သည့်အတွက် ယင်းကဲ့သို့ လက်တုန်နေခြင်းတော့ ဟုတ်ဟန်

http://www.dhammadownload.com



မတူပေ။ ဦးဘိုးလီသည်တစ်ခါတွင် မုံ့လေပွေသည်ဆီက မုံ့လေပွေ ဝယ်စားသည်။ မုန့်လေပွေကို ကိုင်လိုက်သည်နှင့် လက်ကတုန်ခါ နေသည့်အတွက် မုံ့လေပွေကြွေကျကုန်သည်။ ဦးဘိုးလီသည် စိတ် မရှည်တော့ဘဲ မုံ့လေပွေတစ်ချပ်လုံးကို လွှတ်ပစ်လိုက်သည်။

ဦးဘိုးလီ၏ ညီမ "အထေ"မှာမူ ကျွန်တော်တို့ မူလတန်း ကျောင်းသားအရွယ်လောက်ကပင် သွက်သွက်ခါအောင် ရူးနေသည်။ အထေသည် ကိုယ်ခန္ဓာတုတ်ခိုင်ကြီးမားသည်။ အရပ်မြင့်သည်။ ပါးရှား သောဆံပင်ကိုစုစည်းပြီး ဆံထုံးသေးသေးလေးဖြစ်ကတတ်ဆန်းထုံး ထားသည်။ ညစ်နွမ်းသောထမီနှင့် အင်္ကျီကိုဖရိုဖရဲ ဝတ်ထားသည်။ သူ့မျက်လုံးကပုံစံမမှန်ဘဲ အရူးမျက်လုံးအတိုင်းလည်နေသည်။ အထေ သည် ရွာရိုးကိုးပေါက် လျှောက်ပြီးပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောနေတတ်သည်။ ရူးသွပ်ခြင်း၏ အမြင့်ဆုံးဒီဂရီသို့ အထေရောက် နေခြင်းနှင့်ပတ်သက်၍ သာဓကတစ်ရပ်ကိုလည်း ကြားနေရသည်။

ညဥ့်အချိန် သင်္ချိုင်းကုန်းသွားရဲသူ မရှိပေ။ အထေသည် ညဥ့် အချိန်မတော် သင်္ချိုင်းကုန်းသွားသည်။ သွားရုံသာလျှင် မဟုတ်သေး။ ရေစိမ်ထားသည့် သင်စည်းကိုယူသွားပြီး သင်္ချိုင်းကုန်းတွင် ထိုင်လျက် သင်ဖြူးဖျာ ရက်ရန်အတွက် "သင်ငင်"နေသည်ဟု ကြားရသည်။

ကျွန်တော်တို့ကလေးတစ်သိုက်မှာ အရူးမအထေကို အထူး

http://www.dhammadownload.com



ပင်ကြောက်ကြသည်။ သူ့ရုပ်ကြီးကို မကြည့်ရဲပေ။ သူနှင့်ရင်ဆိုင်ရ သည်မှာ အလွန်လန့်သည်။ သူ လမ်းလျှောက်လာလျှင် အဝေးက ရှောင်ပြေးကြသည်။ မည်သည့်နေရာ၌မဆို အရှုံးမအထေရောက်လာလျှင် ကလေးတွေရှဲသွားကြသည်။ အထေတွင် ယောက်ျားရှိသည်ဟုလည်းမသိရ။ သားသမီးရှိသည်ဟုလည်း မကြားရ။သို့သော်လည်း သွက်သွက်ခါရှူးသွပ်နေသော အထေသည် မိခင်စိတ်ရှိနေသည်ဆိုသည်ကိုလည်းကောင်း၊ သူ၏မိခင်မေတ္တာသည် သူ့ကိုအကြောက်ကြီးကြောက်ပြီး သူ့ကိုမြင်လျှင် တိမ်းရှောင်ထွက်ပြေးသည့် ကိုးနှစ်၊ ဆယ်နှစ်သားအရွယ် ကျွန်တော့်အပေါ်တွင်လည်း ဖြန့်ကြက်ထားသည်ကို လည်းကောင်း နောင်အချိန်ကြာမှ သိရှိရသည်။

ကျွန်တော်ဆယ်နှစ် ဆယ့်တစ်နှစ်အရွယ်တွင်ရှင်ပြုသည်။ ရှင်ပြုပြီးနောက် ရှင်လိင်မပြန်တော့။ သင်္ကန်း ဆက်ဝတ်နေသည်။ သန္ဓိသနော့ရွာကျောင်းတွင် တစ်နှစ်လောက်သဒ္ဒါသင်္ဂြိုလ်သင်သည်။ ထို့နောက် ဟသ်ာတမြို့မြစ်ကွေ့ စာသင်တိုက်ရောက်လာသည်။ မြစ် ကွေ့တိုက်တွင် ရှင်ဉာဏိသရ (ဦးဆန်းထွန်း)လည်း ပညာသင်ကြား နေသည်။ စာသင်သား ၂၀၀ကျော်လောက် ရှိသည့်မြစ်ကွေ့တိုက်တွင် တစ်နေ့ကျွန်တော်တို့နေသော တိုက်သစ်တွင် ရဟန်းများ ကိုရင်များ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ကျောင်းရှေ့တွင် သန္ဓိသနော့ရွာက

ထက်ဝေယံစာပေ

http://www.dhammadownload.com



အရှုးမကြီးတစ်ယောက်ရောက်နေသည်ဟု ပြောကြသည်။ ထိုအရှုးမကြီးမှာ "အထေ"ဖြစ်သည်။ "အထေ" ဘယ်လိုမျက်စိလည်လမ်းမှားပြီး မြို့ပေါ်ရောက်လာသည်မသိပေ။

အရှုးမကြီးအထေကို ကျောင်းခန်းအတွင်း ဝင်ခွင့်မပေးပေ။ သူကလည်း ဝင်ဖို့မကြိုးစားပေ။ ကျောင်းရှေ့က နေပြီး "သန္တိသနော့ရွာက ကိုရင်လေး ဘယ်မှာလဲတွေ့ချင်တယ်၊ ထုတ်ပေးပါ"ဟု တောင်းဆိုနေသည်။ ကျွန်တော်ကိုရင်ဝတ်ပြီး ဟသ်ာတမြို့မြစ်ကွေ့ကျောင်း တိုက်စာလာသင်နေသည်ဆိုသည်ကို သူ ဘယ်လိုလုပ်သိသွားသည် မသိပေ။ ကလေးဘဝ သန္တိသနော့ရွာတွင် ရှိစဉ်ကသူနှင့် ကျွန်တော် တစ်ခါမှ မဆုံစည်းခဲ့။ သူ့ကို ကြောက်လွန်း၍ ထွက်ပြေးတိမ်းရှောင် နေသည်ကများသည်။ ယခုကျွန်တော့်နှင့် တွေ့ချင်လို့ ခဲခဲယဉ်းယဉ်း မေးမြန်းစုံစမ်းပြီး ကျွန်တော့်ထံလိုက်လာသည်။ သို့သော်လည်း ထို အချိန်၌လည်း အရှုးမကြီးအထေကို ကျွန်တော်ကြောက်နေသည်။ ရင်မဆိုင်ရဲပေ။ ထို့ကြောင့်တချို့ဦးပဉ္စင်းများက ကျွန်တော့်ကိုအတင်း ဆွဲထုတ်ပြီး အရှုးမကြီးအထေထံပို့ရန် ကြိုးစားကြသော်လည်း ကျွန်တော် အခန်းထဲက မထွက်ဘဲပုန်းကပ်နေသည်။

အရှုးမကြီး အထေသည် ကျွန်တော့်ကို ထုတ်ပေးရန် အကြိမ်ကြိမ်တောင်းဆိုသော်လည်း ကျွန်တော်က ကျောင်းရှေ့ထွက် မလာ

http://www.dhammadownload.com



သဖြင့် နောက်ဆုံးတွင် စိတ်ပျက်အားလျော့ပြီး ပြန်မည်လုပ်သည်။ မပြန်ခင် တိုက်သစ်ရှေ့ပန်းခြံထဲတွင် စာချဘုန်းကြီးများ ရေချိုးရန် ထားသည့် စဉ့်အိုးထဲက ရေခတ်ပြီး သူ့ခြေထောက် ဆေးသွားသည်။ "သန့်သနော့ရှာသား ဆိုလျှင် အရှုးကတောင် တစ်မှုးသာ ချင်တယ်" ဟု ဘုန်းကြီးများကပြောကြသည်။

ကျွန်တော်တို့ ရှာသူရှာသားများသည် လူကြွားများဖြစ်သည်။ ဘဝင်မြင့်သည်။ ထောင့်မကျိုးဟု သတင်းထွက်နေသည်ဖြစ်၍ ဘုန်းကြီးများက ထိုသို့ မှတ်ချက်ချခြင်းဖြစ်သည်။

အရှုးမကြီး အထေသည် ကျွန်တော့်ကို မတွေ့ရသည်မှာ ကြာပြီဖြစ်၍တွေ့ရန် တကူးတကမိခင်စိတ်ဖြင့် ကျွန်တော့်ထံရောက်လာသည်။ ကျွန်တော်က သူ့ကိုအရှုးမကြီးအဖြစ် ထိတ်လန့်ကြောက်ရွံ့နေခဲ့ဖြစ်၍ သူ့ကိုထွက်မတွေ့ရဲပေ။ သူ ကျွန်တော်ကို မြင်မသွားရရှာပေ။ သူ့ကိုမူ ကျွန်တော်မြင်လိုက်သည်။ ကျောင်းတံခါးပေါက်မှ မဝံ့မရဲ လှမ်းကြည့်လိုက်သောအခါ ကျောင်းဝင်းထဲက ထွက်သွားသော အရှုးမကြီး အထေ၏ ကျောကိုလှမ်းမြင်လိုက်သည်။ ထို့နောက်တွင် အထေကို တစ်ခါမှ မတွေ့တော့။ မည်သည့်အချိန် ၊ မည်သည့်နေရာ၌ ကွယ်လွန်သွားသည် ဆိုသည်ကိုလည်း မသိပေ။

http://www.dhammadownload.com



## ကောလိပ်ကျောင်းသား

ရွာတစ်ရွာတွင် ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိလျှင် ဘုန်းကြီးချင်းမှာ ပြဿနာမရှိတတ်သော်လည်း ဒကာများက ဘုန်းကြီးချင်းပြိုင်ကြသည်။ ကိုယ့်ကျောင်းက ဘုန်းကြီးက စာပိုတတ်သည်။ သူ့ကျောင်းက ဘုန်းကြီးက ကိုယ့်ကျောင်းက ဘုန်းကြီးလောက် ဘုန်းမကြီး။ ကိုယ့်ကျောင်းက ဘုန်းကြီးက ပိုသပ္ပာယ်သည်။ ပို သမထ သာရုပ္ပဖြစ်သည်။ သူ့ကျောင်းကဘုန်းကြီးက ကိုယ့်ကျောင်းက ဘုန်းကြီး လောက် မသပ္ပာယ်။ သမထသာရုပ္ပမဖြစ်။ ဘုန်းကြီးချင်း ပြိုင်ရာမှ ဒကာချင်း စိတ်ဝမ်းကွဲပြားကြသည်။ ဘုန်းကြီးကျောင်းသားချင်း ချိန်း ရိုက်ကြသည်။

ကျွန်တော်တို့ လေး ငါး ခြောက်နှစ် အရွယ်လောက်က ကျွန်တော်တို့ရွာတွင် ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိသည်။ အစဉ်အဆက် ရှိလာခဲ့သော ဘုန်းကြီးကျောင်းမှာ ကံကျောင်းဖြစ်ပြီး ကံကျောင်းဝင်းအပြင်ဘက် ချောင်းကမ်းနံဘေး၌ နောက်ထပ်ဆောက် သောကျောင်းမှာ ဒွါရကျောင်းဖြစ်သည်။ ကျောင်းနှစ်ကျောင်းမှာ ခြံစည်းရိုးလောက်သာခြားသည်။ ရွာဦးထိပ်၌ ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသည်။ ကျောင်းနှစ်ကျောင်းမှာလည်း ဂိုဏ်းမတူသည့် ကျောင်းများဖြစ်သည်။ ဖြစ်ရိုးဖြစ်စဉ်အရ ကြည့်မည်ဆိုလျှင် ဘုန်းကြီးချင်းလည်း အစေးကပ်နိုင်စရာ အကြောင်းမရှိပေ။ တကာချင်းလည်း လက်တွဲ

http://www.dhammadownload.com



နိုင်စရာ အကြောင်းမရှိပေ။

သို့သော်လည်း ကျောင်းနှစ်ကျောင်းသည် ဘာပြဿနာမှမရှိပေ။ ဂိုဏ်းမတူသည့်အတွက် ဘုန်းကြီးချင်းမှာ ဘာသိဘာသာနေကြသည်။ ဒကာချင်းလည်း ဘာပြဿနာမှမရှိပေ။ ဒွါရကျောင်းထိုင်ဘုန်းကြီးမှာ ရွာသားဖြစ်နေ၍ ဘုန်းကြီး၏အမျိုးများသည် များသောအားဖြင့် ဒွါရကျောင်းသွားကြသည်။ မိဘအစဉ်အဆက်ကာစ၍ ကံကျောင်းကိုးကွယ်သူများ ကံကျောင်းသွားကြသည်ကများသည်။ နှစ်ကျောင်းလုံးသွားသူများလည်းရှိသည်။ ရွာသူရွာသားအများစုမှာ သွေးချင်းသားချင်းများဖြစ်ကြ၍ အခြားရပ်ရွာဒေသများမှာကဲ့သို့ ကံ ဒွါရပြဿနာကို သည်လောက်ရေ့တွက်မတင်ကြပေ။

ကျွန်တော်တို့မိသားစုမှာ အဖေဘက်က မိဘဘိုးဘွားများ ကိုးကွယ်သော ကံကျောင်းသို့လည်း သွားကြသည်။ ဒွါရကျောင်းဘုန်းကြီးမှာ အမေ၏ဘိုးလေးဖြစ်နေ၍ ဒွါရကျောင်းနှင့်လည်း မကင်းပေ။ ကျွန်တော်တို့ကလေးများမှာမူ အဖြူထည်ဦးနှောက်ထဲတွင် ဂိုဏ်းစွဲ ဝါဒစွဲ မစွန်းထင်းသေးသည်ဖြစ်၍ ကံကျောင်းဝင်းထဲက သရက်ပင်အောက်တွင်လည်း သရက်သီးသွားကောက်ကြသည်။ ဒွါရကျောင်းရှေ့က ကျွန်းပင်ကြီးအောက်တွင်လည်း ဘောလုံးသွားကန်ကြသည်။ ကျွန်တော်တို့ လူလားမြောက်လာသည့် အချိန်၌ကား ဒွါရကျောင်း

http://www.dhammadownload.com



ဘုန်းတော်ကြီး ဦးစန္ဒာဝရ ပျံလွန်တော်မူသွားသည်ဖြစ်၍ ခွါရကျောင်းတွင် ဘုန်းကြီးဆက်ပြတ်သွားသည်။ ဦးစန္ဒာဝရ ကျောင်းထိုင်သွားသော သိမ်ကျောင်းပျက်ကြီးသာလျှင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့်ကာလ အထိ ကျန်ရှိနေခဲ့သည်။

ခွါရကျောင်းတွင် ဘုန်းကြီးဆက်ပြတ်သွားသောအခါ ကျောင်းသား ကလေးသူငယ်များကို ငေါက်မည့်ဆူမည့်လူမရှိတော့ပြီဖြစ်၍ ခွါရကျောင်းအောက်သည်လည်ကောင်း၊ ကျောင်းရှေ့က မျက်နှာစာ ကွက်လပ်သည်လည်းကောင်း ကျောင်းသားကလေးသူငယ်များအတွက် လွတ်လွတ်လပ်လပ်ကစားနိုင်သော ကစားကွင်းဖြစ်လာသည်။ ယင်းကစားကွင်းသို့ မူလတန်းကျောင်းသား ကျွန်တော်လည်း မကြာခဏ ရောက်သွားတတ်သည်။

တစ်နေ့ ခွါရကျောင်းရှေ့က ကျွန်းပင်အောက်ရောက်သွားသော အခါ ကလေးတစ်သိုက် စုဝေးနေသည်ကို တွေ့ရသည်။ ထိုနေရာ ကွက်လပ်မှာ ကလေးသူငယ်များ ကစားသော ကစားကွင်းလည်းဖြစ်သည်။ သီတင်းကျွတ်ဆွမ်းတော်ကြီးတင်ပွဲအတွက် ရုပ်သေးကသော ပွဲခင်းလည်းဖြစ်သည်။ မျောက်ပွဲပြလျှင်လည်း ထိုနေရာတွင်ပင်ဖြစ်သည်။ ထိုနေ့က ကလေးတစ်သိုက်စုဝေးနေသည်ကို တွေ့ရသောအခါ မျောက်ပွဲများ ပြနေသလားဟု အစပထမက ထင်မိသည်။ အနီးကပ် ရောက်

http://www.dhammadownload.com



သွားသောအခါကျမှ မျောက်ပွဲမဟုတ်မှန်းသိရသည်။ လူစု လူဝေးမှာ မျောက်ပွဲလောက် မစည်သော်လည်း အထူးအဆန်းတစ်ခုခုကို ဝိုင်းအုံကြည့်နေကြသည့် လူစုလူဝေးလောက်မူ စည်ကားနေသည်။ လူအုပ်ထဲရောက်သွားသောအခါ သူတို့ဝိုင်းအုံကြည့်နေသည်မှာ မျောက်ပွဲထဲက မျောက်ဖိုးစိန်မဟုတ်ဘဲ လူသားတစ်ယောက်ဖြစ်နေသည်ကို တွေ့ရသည်။ လူအုပ်က ရပ်ကြည့်နေသည်။ လူအုပ်၏အလယ်ရှိခုံတစ်ခုံပေါ်၌ အသက် ၁၈နှစ် ၁၉ နှစ်အရွယ် လုလင်ပျိုတစ်ယောက်သည် ကျွန်တော်တို့ရွာသား သူညီမောင်တင့် (အတင့်)နှင့်အတူ ထိုင်နေသည်။ သူ့ကို ကျွန်တော် တစ်ခါမှ မမြင်ဖူးပေ။ သူ့ကိုကြည့်ရသည်မှာ တောသား မဟုတ်ဘဲ ခုမှမြို့ကလာသည့် မြို့သားတစ်ယောက်ဖြစ်ပုံရသည်။

စုံစမ်းကြည့်သောအခါ ထိုလူရွယ်မှာ ပျဉ်းမကုန်းရွာသား "ကာလစံ" ဆိုသူဖြစ်သည်ကိုသိရှိရသည်။ ပျဉ်းမကုန်းရွာမှာ ကျွန်တော်တို့ရွာနှင့် အလှမ်းမဝေးလှပေ။ ပျဉ်းမကုန်းရွာသား ဦးတုတ်ကြီးနှင့် ဒေါ်ဘို့မယ်တို့သည် လူရည်တတ်များဖြစ်ကြ၍ ထိုအချိန်၌ ပျဉ်းမကုန်းရွာတွင် မနေတော့ဘဲ ဟသ်ာတမြို့ပြောင်းရွှေ့ပြီး အိမ်ကြီးရခိုင်နှင့် နေထိုင်ကြသည်။ "ကာလစံ"မှာ ဦးတုတ်ကြီးနှင့် ဒေါ်ဘို့မယ်တို့၏သား ဖြစ်သည်။ ကျွန်တော်တို့ရပ်ရွာ ဓလေ့ထုံးစံအတိုင်း သူ့ကိုအစိပ္ပာယ်မရှိ "ကာလစံ"ဟုခေါ်နေကြသော်လည်း သူ့အမည်ရင်းမှာ မောင်မောင်

http://www.dhammadownload.com



ကျော်ဖြစ်သည်။ မောင်မောင်ကျော်သည် ကောလိပ်ကျောင်းသားဖြစ်သည်။ ကျောင်းပိတ်၍အိမ်ပြန်လာချိန်၌ သူ့ဆွေမျိုးများရှိရာ ကျွန်တော်တို့ရွာအလည်လာခြင်းဖြစ်သည်။ ဆွေမျိုးစပ်ကြည့်လျှင် မောင်မောင်ကျော်နှင့် ကျွန်တော်သည် တူဝရီးတော်သည်။ သို့သော်လည်း သူ့ကို တစ်ခါမျှမတွေ့ဖူးပေ။ ဘယ်မှာတွေ့ဖူးမည်နည်း။ သူက ကောလိပ်ကျောင်းသားကြီး၊ ကျွန်တော်က အညာတြ မူလတန်းကျောင်းသားလေး။

ကျွန်တော်တို့ရွာတွင် မူလတန်းကျောင်း တစ်ကျောင်းသာရှိသည်။ ယခု ရွာသူရွာသားများထဲက ဘွဲ့ရသူများ များစွာရှိသော်လည်း ထိုအချိန်က ကျွန်တော်တို့ရွာတွင် စတုတ္ထတန်းအောင်ပြီးလျှင် ပညာသင်ကြားမှု စခန်းသိမ်းပြီဖြစ်၍ လယ်ထဲဆင်းလျှင်ဆင်း ၊မဆင်းလျှင် စက်ချုပ်ကြသည်။ ရွာသူရွာသားများထဲက မြို့တက်ပြီး အင်္ဂလိပ်ကျောင်းနေနိုင်သူမှာ နှစ်ယောက်သုံးယောက်လောက်သာရှိသည်။ ကျွန်တော်တို့လုပ်စားကိုင်စား သားသမီးအတွက်မှာမူ အင်္ဂလိပ်ကျောင်းနှင့် အလှမ်းဝေးလှသည်။

ရွာသူရွာသားများထဲက မြို့တက်ပြီး အင်္ဂလိပ်ကျောင်းတက်နေသူများရှိ၍ ဟိုက်စကူးကျောင်းသားများမှာ ကျွန်တော်တို့အတွက် လူထူးလူဆန်းမဟုတ်တော့ပေ။ ဟသာ်ာတမြို့ အလည်အပတ်သွားသည့်အခါ အစိုးရဟိုက်စကူးကျောင်း ၊ အေဘီအမ်ကျောင်း ၊ အမျိုးသားကျောင်း

http://www.dhammadownload.com



များကို တွေ့ဖူးမြင်ဖူးသည်ဖြစ်၍ မြို့ပေါ်က အင်္ဂလိပ်ကျောင်းများလည်း ကျွန်တော်တို့အတွက် အထူးအဆန်းသည်လောက်မဟုတ်တော့ပေ။ သို့သော်လည်း "ကောလိပ်ကျောင်း"ဟူသည်မှာ မည်သို့နည်းဟူ၍လည်း ခန့်မှန်းမကြည့်တတ်ပေ။ "ကောလိပ်ကျောင်းသား"ဟူသည့် သတ္တဝါကိုလည်း တစ်ခါမှမတွေ့ဖူးပေ။ ယင်းအခြေအနေ၌ ကျေးရွာသို့မျက်စိလည် လမ်းမှားပြီးရောက်လာသည့် ကောလိပ်ကျောင်းသားကို မျောက်ဖိုးစိန်ပမာ အထူးအဆန်းအဖြစ်ဝိုင်းအုံကြည့်ကြသည်မှာ အံ့ဩစရာမဟုတ်တော့ပေ။ ထိုအချိန်က ကောလိပ်ကျောင်း တက်ဖို့ရန်မှာ ဆင်းရဲသားရွာသူရွာသားများနှင့် မိုးနှင့်မြေကြီးပမာ အလှမ်းဝေးလှသည်။ ဟသ်ာတတစ်နယ်လုံးမှ ကောလိပ်ကျောင်း သွားတက်သည့် ကောလိပ်ကျောင်းသားကို လက်ချိုးရေတွက်၍ရသည်။

ထို့နောက် မောင်မောင်ကျော်ကိုမတွေ့တော့ပေ။ သူ့အကြောင်းကိုမူ ကြားနေရသည်။ တက္ကသိုလ်မှ ထွက်ပြီးသောအခါ အင်္ဂလိပ်ကျောင်းတစ်ကျောင်းတွင် ကျောင်းဆရာဝင်လုပ်သည်။ နှစ်မဝမ်းကွဲတော်သည့် အမျိုးသမီးတစ်ယောက်နှင့် မိဘသဘောမတူဘဲ နှစ်ဦးသဘောတူ လက်ထပ်လိုက်သည်။ အကြင်လင်မယားအဖြစ် နှစ်နှစ်လောက် ပေါင်းသင်းနေထိုင်ပြီးကာမှ မိဘနှင့်အစ်မများ ညီမများက ကပျက်ယပျက် လုပ်ကြသဖြင့် လင်မယားကွဲသွားကြသည်။ နောက်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ပိုင်းတွင် သူ၏ဇနီးဟောင်းသည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီး တစ်ဦးနှင့် လက်ထပ်လိုက်သည်။

မောင်မောင်ကျော်သည် ကျောင်းဆရာအဖြစ်က ထွက်လျက် မိဘပေးစားသောအရေးပိုင်တစ်ဦး၏သမီးနှင့်လက်ထပ်ပြီးအစိုးရ စာရင်းဌာန၌စာရင်းစစ်အရာရှိတစ်ဦးအဖြစ်ဝင်ရောက်လုပ်ကိုင်နေသည်။

မြန်မာနိုင်ငံသမိုင်း၌ အမှောင်လွှမ်းသော ကာလ္လာသစ်တစ်ရပ် ပေါ်လာသည်။ ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ် နိဂုံးချုပ်သွားပြီး ဖက်ဆစ်ဂျပန်ခေတ် ရောက်လာသည်။ ဂျပန်ခေတ် အစပိုင်းလောက်၌မောင်မောင်ကျော်နှင့် တစ်ဖန်ပြန်တွေ့သည်။ ထိုအချိန်၌ မောင်မောင်ကျော် မဟုတ်တော့ဘဲ ဦးမောင်မောင်ကျော်ဖြစ်နေပြီ။ ဂျပန်ခေတ်အတွင်း အစိုးရအလုပ်တာဝန်မှ အနားရနေသည်။ ထိုအချိန်အတွင်း တစ်နေ့တွင် ဟင်္သာတမြို့သို့ ဂျပန်စစ်ဗိုလ်ကြီးများနှင့်အတူ သခင်ဗစိန်ခရီး လှည့်လည်လာသည်။ ညောင်ပင်ရွာရှိ သူ့မိဘအိမ်၌ စတည်းချနေသည်။

အင်္ဂလိပ်ခေတ်က သခင်ခေါင်းဆောင်များထဲက သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့နှင့် ကျွန်တော်အလွန်ရင်းနှီးသည်။ သူတို့ကြီးမှူး သော တို့ဗမာအစည်းအရုံးသို့ မကြာခဏရောက်သည်။ သခင်ဗစိန် နှင့် မည်မျှရင်းနှီးသနည်းဆိုလျှင် ကျွန်တော့်အိတ်ထဲက ပိုက်ဆံ အတင်း နှိုက်ယူပြီး ဆေးလိပ်ဝယ်သောက်သည်အထိ၊ လက်ဖက်ရည် ဝယ်

http://www.dhammadownload.com



သောက်သည်အထိ ဖြစ်သည်။ ထိုနေ့က မိမိကိစ္စမဟုတ်ဘဲ သူတစ်ပါး ကိစ္စတစ်ခုနှင့် သခင်ဗစိန်နှင့်တွေ့ရန် သူတည်းနေသော ညောင်ပင် ရွာအိမ်ရောက်သွားသည်။ အိမ်အောက်ထပ်တွင်ဧည့်သည်များ ပြည့် ကျပ်နေသည်။ သခင်ဗစိန်ကိုစောင့်နေသည့်ပရိသတ်ဖြစ်သည်။ ထို ပရိသတ်အထဲတွင်ဖြီးလည်းတစ်ချီအပါအဝင်ဖြစ်သည်။ နောက်အတော်ကြာသောအခါကျမှ သခင်ဗစိန်အိမ်အပေါ်ထပ်ကဆင်းလာသည်။

သခင်ဗစိန်ကို ကြည့်လိုက်သောအခါ အံ့အားသင့်သွားသည်။ ဟိုတုန်းက ပင်နီအင်္ကျီနှင့် မြင်နေကျတွေ့နေကျ သခင်ဗစိန်သည် ဂျပန်စစ်ယူနီဖောင်းနှင့် ဖြစ်နေသည်။ သူ့ကိုကြည့်ရသည်မှာ ဂျပန် စစ်ဗိုလ်ဝဝကြီးတစ်ယောက်နှင့်တူနေသည်။ လှေကားရင်းရောက်သော အခါ သူစီးလာသော သားရေဖိနပ်ရှည်ကြီးကို သူ့ဇနီးသခင်မ ဒေါ်ခင်ခင် က ဖုန်သုတ်ပေးနေသည်။

သခင်ဗစိန်သည် အိမ်အောက်ထပ်တွင် သူ့ကိုစောင့်ကြည့် နေသူများကိုတစ်ချက်မျှပင် လှည့်မကြည့်ဘဲ အိမ်အပြင်ဘက်ထွက် သွားသည်။ ကျွန်တော့်ကိုလည်း လှည့်မကြည့်ပေ။ ကျွန်တော်က သူ့ အနီးချဉ်းကပ်သွားသောအခါတွင်လည်း ယခင်ကသခင်ဗစိန်အသွင် ပျောက်ပြီး မိမိအတွက် သူစိမ်းပြင်ပြင် သခင်ဗစိန်ဖြစ်နေသည်။ နှုတ် ဆက်စကားပင် ပြောဖော်မရတော့။ မိမိက လာရင်းကိစ္စပြောပြသော

http://www.dhammadownload.com



အခါ "အဲဒီကိစ္စတွေ သခင်ဝတင်ကို လွှဲထားတယ်"ဟု တစ်ခွန်းသာ ပြောပြီး အပြင်ဘက်တွင် စောင့်နေသော ကားပေါ်တက်သွားသည်။

ထိုအချိန်က သခင်ဗစိန်အဖွဲ့နှင့် ပါလာသူတစ်ဦးမှာ ခနေဖြူ မြို့၌ အုပ်ချုပ်ရေးမှူးတာဝန်ကို ခေတ္တယူနေသည့် ခနေဖြူဦးအေးမောင် ဖြစ်သည်။ ခနေဖြူ ဦးအေးမောင်နှင့် ဦးမောင်မောင်ကျော်တို့မှာ မိတ်ဆွေ သူငယ်ချင်းများဖြစ်ကြ၍ ခနေဖြူဦးအေးမောင်သည် ဟသ်ာတရောက် ခိုက် ဦးမောင်မောင်ကျော်အိမ်တွင် ခေတ္တ တည်းနေသည်။ စစ်မဖြစ် ခင် တို့ဗမာအစည်းအရုံး၌လည်းကောင်း၊ တိုးတက်ရေး မဂ္ဂဇင်းတိုက်၌ လည်းကောင်း ဆုံနေကြဖြစ်၍ ခနေဖြူဦးအေးမောင်သည် ကျွန်တော် နှင့်လည်း အသိအကျွမ်းဖြစ်နေသည်။ တစ်ချိန်က ခနေဖြူဦးအေးမောင် သည် တိုးတက်ရေး သတင်းစာတိုက်၌ မဂ္ဂဇင်းအယ်ဒီတာ ဦးသွင် ၏ ဘေးတွင် စားပွဲတစ်လုံးနှင့် ထိုင်ပြီးတိုးတက်ရေး တနင်္ဂနွေ အထူး ထုတ် အတွက် နိုင်ငံခြား ဗုဒ္ဓဘာသာအကြောင်း ဆောင်းပါးများကို ဆက်တိုက်ရေးနေသည်။

ကျွန်တော့်ဦးလေး ဦးမောင်မောင်ကျော်အိမ်တွင် ခနေဖြူ ဦးအေးမောင်နှင့်တွေ့ရန် ဦးမောင်မောင်ကျော်အိမ် ရောက်သွားသည်။ သို့သော်လည်း ခနေဖြူဦးအေးမောင်နှင့် မတွေ့ဘဲယယ်စဉ်က "ကောလိပ် ကျောင်းသားကြီး "အဖြစ်နှင့် တွေ့ဖူးသော ဦးမောင်မောင်ကျော်နှင့်

http://www.dhammadownload.com



တွေ့ရှိမှုသာမက အချိန်အတော်ကြာကြာ စကားလက်ဆုံလည်း ကျသွားသည်။ သူနှင့် စကားပြောကြည့်သောအခါ ဦးမောင်မောင်ကျော်သည် စာပေဝါသနာပါသူတစ်ဦးအနေနှင့် စာအတော်များများ ဖတ်ထားသည် ဆိုသည်ကို သိရသည်။

ထိုနေ့က ဦးမောင်မောင်ကျော်သည် ကျွန်တော့်ကို စာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်သည်။ စာအုပ်မှာ" The Christian Literature Society, Burma branch "က ၁၉၁၄ ခုနှစ် တွင်ရိုက်နှိပ် ထုတ်ဝေသော "Modern Buddhism in Burma" အမည်ရှိ အင်္ဂလိပ်ဘာ သာနှင့် ရေးထားသော စာအုပ်ဖြစ်သည်။ ထိုအချိန်က ကျွန်တော် အင်္ဂလိပ်စာ မဖတ်တတ်သေးပေ။ အင်္ဂလိပ်စာ ဖတ်တတ်လာပြီးနောက် ထိုစာအုပ်ကိုဖတ်ကြည့်သောအခါ ထိုစာအုပ်မှာ တခြားနေရာတွင် တစ်ခါမျှ မတွေ့ဖူးသည့် ရှားပါးစာအုပ်ဖြစ်သည်ကိုတွေ့ရသည်။ စာကြည့်တိုက်ကြီးများ၌ပင်ရှိလိမ့်မည်မဟုတ်ပေ။ မြန်မာနိုင်ငံဗုဒ္ဓဘာသာနှင့် ပတ်သက်သော မေးခွန်းများကို ခရစ်ယာန်ပညာရှင်ကြီး ၃၀ နီးပါးက စုပေါင်းအဖြေပေးထားသော စာအုပ်ဖြစ်သည်။

လွတ်လပ်ရေးခေတ်ဖြစ်၍ ဦးမောင်မောင်ကျော်နှင့် တစ်ခါပြန်ဆုံကြပြန်သည်။ သူကလည်း စာရင်းစစ်အရာရှိချုပ်အဖြစ်နှင့် ရန်ကုန်

http://www.dhammadownload.com



၌ တာဝန်ထမ်းဆောင်နေသည်။ ကျွန်တော်ကလည်း ရန်ကုန်၌ အခြေချနေသည်။ သူ့ညီမ ကျွန်တော့်အဒေါ် ဒေါ်ခင်နုကလည်း ကျွန်တော့်ကို မိဘသဖွယ် စောင့်ရှောက်နေသည်။ အခြေအနေက ပေးနေသဖြင့် သူနှင့်မကြာခဏဆုံကြသည်။ သူ့အိမ်သို့လည်း မကြာခဏရောက်သည်။ သူ့ညီမ ကျွန်တော့်အဒေါ် ဒေါ်ခင်နုတို့အိမ်၌လည်း ရံဖန်ရံခါဆုံသည်။

ဦးမောင်မောင်ကျော်သည် စာဖတ်ဝါသနာကြီးသော်လည်း စာရေးအသားနည်းသည်။ မြန်မာဘာသာဖြင့် တစ်ခါတစ်ရံလောက်သာ ဆောင်းပါးရေးသည်။ သူရေးသောဆောင်းပါးများမှာ များသောအားဖြင့် သမိုင်းအချက်အလက်များနှင့် ပတ်သက်သည်။ "The New Times of Burma " အင်္ဂလိပ်သတင်းစာ၌မူ ဦးမောင်မောင်ကျော်အမည်နှင့်ရေးသော သူ၏ဆောင်းပါးများကို မကြာခဏတွေ့ရသည်။

ရွှေတိဂုံစေတီကို ဆယ်နှစ်လောက် နေ့စဉ်မပြတ် တက်ပြီးလျှင် အသေးစိတ်လေ့လာလျက် ရွှေတိဂုံစေတီအကြောင်း စာအုပ်ကြီး တစ်အုပ်ရေးသည်။ သူ၏စာအုပ်တွင် ရွှေတိဂုံစေတီအကြောင်း အစွမချေး ခါးမကျန် အသေးစိတ်အောက်ခြေသိမ်းပါသည်။ စာပေဗိမာန်မှ ထုတ်သော မောင်ဆုရှင်၏ ရွှေတိဂုံစာအုပ်မထွက်ခင် အချိန်အတန်ကြာကပင် သူ့စာအုပ်ရေး၍ပြီးသည်။ ပတ်ဘာလစ်ရှာတစ်ဦးက ထုတ်ချင်သည်ဆို၍

ထက်ပေယ်စာပေ

http://www.dhammadownload.com



စာမူလက်နှိပ်စက် ကော်ပီပေးလိုက်သည်။ သို့သော်လည်း စာမူပျောက်ဆုံးသွားသည်ဆိုပြီး လမ်းစပျောက်သွားသည်။ စာအုပ်အဖြစ် ထွက်မလာတော့ပေ။ ထိုစာမူ စာအုပ်အဖြစ် ထုတ်ဝေရေးအတွက် နောက်ထပ်လည်း မကြိုးစားတော့ပေ။ လက်ရေးကော်ပီမူမှာမူ သူ့သမီးများထံ၌ ရှိနေဆဲဖြစ်သည်။

မိမိပတ်ဝန်းကျင်၌ စာရေးဆရာများ စာပေဝါသနာ ပါသူများကို အများအပြားတွေ့ဖူးသည်။ ဦးမောင်မောင်ကျော်လို လူမျိုးကိုမူ တစ်ခါမှ မတွေ့ဖူးပေ။ ဦးမောင်မောင်ကျော်၏ ထူးခြားသောဝါသနာမျိုးကို မကြုံဖူးပေ။ ဦးမောင်မောင်ကျော်သည် မှတ်စုစုဆောင်းသည့်ဝါသနာလည်းကြီးသည်။ သူမှတ်စု စုဆောင်းပုံမှာလည်း တစ်မျိုးဖြစ်သည်။ မိမိဖတ်ခဲ့သမျှ စာနယ်ဇင်းများထဲက အကြောင်းအရာတူစာများကို ဖြတ်ညှပ်ကပ်ပြီး စာအုပ်သဖွယ်ရှိရှိသေသေ၊ သေသေသပ်သပ် ချုပ်လုပ်ထားသည်။

အလုပ်တာဝန်နှင့်နယ်အနှံ့ ခရီးထွက်ရသည်။ မိမိရောက်ရာနယ်ပယ်ဒေသနှင့် ပတ်သက်သော အကြောင်းအရာများကိုလေ့လာပြီး ရေးမှတ်ထားသည်။ ယင်းမှတ်စုများကို စာနယ်ဇင်းတွင်ပါဝင်သော ယင်းဒေသအကြောင်း ဆောင်းပါးဖြတ်ညှပ်များနှင့် စုပေါင်းပြီးစာအုပ်သဖွယ်ချုပ်လုပ်ထားသည်။ ဝါသနာအရ မပျင်းမရိ ဖြတ်ညှပ်စုဆောင်း

http://www.dhammadownload.com



ထားသော ယင်းမှတ်စုစာအုပ်မျိုး ဦးမောင်မောင်ကျော်ထံတွင် အတော်များများရှိနေသည်။

သူကွယ်လွန်သောအခါ သူ၏ဒေသန္တရ မှတ်စုစာအုပ်များနှင့် သူ၏ရှားပါးစာအုပ်များကို ကျွန်တော်အမွေအဖြစ် ရလိုက်သည်။ ယင်းမှတ်စု စာအုပ်များနှင့် ရှားပါးစာအုပ်များသည် ကျွန်တော်စာရေးရာတွင် များစွာအကူအညီအထောက်အပံ့ဖြစ်နေသည်။

ယင်းသို့အားဖြင့် တစ်ကြိမ်တစ်ခါက ကောလိပ်ကျောင်းသားကြီးအဖြစ် ကျွန်တော်မော်ကြည့်ခဲ့ရသော "ကာလစံ"သည် နောက်ပိုင်းတွင် "စာပေဝါသနာရှင် ဦးမောင်မောင်ကျော်"အဖြစ် ကျွန်တော့်အတွက် ကျေးဇူးများစွာ ပြုသူ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာသည်။

http://www.dhammadownload.com



## ဘကြီး ဦးကျော်ဖောင်း

ယခုခေတ်တွင် စာရေးဆရာများ ၊ ကဗျာဆရာများ အတော်များများပေါ်ထွက်နေကြသည်။ နတ်ရေကန်ထဲက ထွက်လာသလို နေ့ချင်းညချင်း စာရေးဆရာဖြစ်လာသူများလည်းရှိသည်။ တချို့မိုးကျရွှေကိုယ် စာရေးဆရာများသည် စာအုပ်အရောင်းရတွင်ကျယ်သော စာရေးဆရာများပင်ဖြစ်နေကြသည်။ ချီးကျူး ဂုဏ်ပြုဖွယ်ကောင်းသည်။

အမှန်က စာရေးဆရာတစ်ယောက်၊ ကဗျာဆရာတစ်ယောက် ဖြစ်လာဖို့မလွယ်ပေ။ ဗီဇလည်းရှိရမည်။ ဓာတ်ခံလည်းရှိရမည်။ ရေခံမြေခံလည်း ကောင်းရမည်။ ပါရမီလည်း ရှိရမည်။ ယင်းအင်္ဂါရပ်များနှင့် ပြည့်စုံစေကာမူ နေ့ချင်းညချင်း စာရေးဆရာ၊ ကဗျာဆရာ ဖြစ်လာဖို့မှာမလွယ်ပေ။ စာပေလောက အသိုင်းအဝိုင်းထဲ ဝင်ရောက်လာဖို့အတွက်၊ စာရေးဆရာ စာရင်းဝင်တစ်ယောက်ဖြစ်လာဖို့အတွက် နှစ်ရှည်လများ ပါရမီဖြည့်ကျင့်ရသည်။

ယင်းသို့ နှစ်ရှည်လများ ပါရမီဖြည့်ကျင့်ပြီး စာပေတံခါးဝ၌ ခြေချစပြုလာသောအခါ တချို့စာရေးဆရာများ၊ ကဗျာဆရာများသည် အနှောင့်အယှက် အဟန့်အတားများနှင့်လည်း ရင်ဆိုင်ရတတ်သည်။

စာရေးဆရာကို အထင်မကြီးသော ၊ စာရေးဆရာကို ဂုဏ်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ယယ်သည်ဟု ထင်သော အယူအဆတစ်ခုသည် လူ့အသိုင်းအဝန်း၏ ထောင့်တစ်ထောင့်၌ ရှိနေသည်။ ယင်းအယူအဆရှိသူတို့၏ အရေ အတွက်မှာမူ နည်းပါးချင်နည်းပါးပေလိမ့်မည်။ သို့ရာတွင် သူ့အသိုင်း အဝိုင်းထဲက စာရေးဆရာဖြစ်ဖို့ ၊ ကဗျာဆရာဖြစ်ဖို့ ကြိုးစားအားထုတ် သူ ပေါ်လာလျှင် စာရေးဆရာ၊ ကဗျာဆရာကို တစ်မျိုးမြင်သော ပုဂ္ဂိုလ်၏ ဆန့်ကျင်ကန့်ကွက်ခြင်းခံရတတ်သည်။

ကန့်ကွက် ဆန့်ကျင်သူသည် မိမိတို့၏ မိဘမောင်ဖွားလည်း ဖြစ်ချင်ဖြစ်မည်။ မိမိ ညီအစ်ကို မောင်နှမထဲကလည်း ဖြစ်ချင်ဖြစ် မည်။ မိမိလင်ယောက်ျား ၊ မိမိ ဇနီးမယားလည်း ဖြစ်ချင်ဖြစ်မည်။ မိမိနှင့် အလွန်နီးစပ်သော ဆွေမျိုးမိတ်သင်္ဂဟထဲကလည်း ဖြစ်ချင် ဖြစ်မည်။

ကန့်ကွက် ဆန့်ကျင်ခြင်း၏ အကြောင်းကလည်း အမျိုးမျိုး ရှိသည်။ တချို့က စာရေးဆရာဖြစ်လျှင် ထမင်းငတ်မှာ စိုးရိမ်သည်။ တချို့က ကျောင်းသား လူငယ်လူရွယ် စာဝါသနာ၊ ကဗျာဝါသနာ ပါလျှင် ကျောင်းစာ သင်ကြားအားထုတ်မှု လျော့နည်းသွားမှာ စိုးရိမ် သည်။ တချို့က မိမိတို့ သားသမီးများအား ဂုဏ်သရေရှိရာထူး ဌာန - နှင့် ကြီးကြီးမားမား ရရှိစေလိုကြသည်။ စာဝါသနာပါနေလျှင် ၊ ကဗျာ ဝါသနာပါနေလျှင် မိမိတို့ရည်မှန်းထားသောလမ်းနှင့် အလှမ်းဝေးသွား

ထက်ဝေယံစာပေ

http://www.dhammadownload.com



မှာ စိုးရိမ်မကင်း ဖြစ်ကြသည်။ အချို့က စာပေလောက၊ စာရေးဆရာလောကကို "ဇာတ်နိမ့်ဇာတ်ညံ့လောက"ဟု ထင်မှတ်သလားမသိ။ ထိုလောကအတွင်း မိမိတို့၏သားသမီး အဆက်အနွယ်များကို ဝင်ရောက်စေလိုသည့် ဆန္ဒမရှိပေ။

ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော ဝတ္ထုရေးဆရာမ အပျိုကြီးတစ်ယောက်ရှိသည်။ ဝတ္ထုရေးရာတွင် အတော်အတန် အောင်မြင်မှုရရှိနေပြီ။ မဂ္ဂဇင်းများတွင် ဝတ္ထုတိုအများအပြားရေးသားပြီး နာမည်ရနေပြီ။ လုံးချင်းဝတ္ထုများကိုပင် ထုတ်ဝေနိုင်သူ ဖြစ်နေပြီ။ သို့ရာတွင် အိမ်ထောင်ကျသွားပြီသည့်နောက်၌ ထိုစာရေးဆရာမ စာရေးသည်ကို မတွေ့ရတော့ပေ။ မဂ္ဂဇင်းများ၌ပင် သူ၏ဝတ္ထုများကို မတွေ့ရတော့ ပေ။ တချို့စာရေးဆရာ၊ စာရေးဆရာမများသည် အိမ်ထောင်ရက်သားကျသွားသည့်အခါ အိမ်ထောင့်တာဝန် ရှိနေသဖြင့် မအားမလပ်ဖြစ်ပြီး စာရေးဆရာလောကမှ အနားယူသွားကြသည်လည်း ရှိသည်။ သို့ရာတွင် ထိုစာရေးဆရာမသည် ထိုကဲ့သို့ ဖြစ်နိုင်သည့်အခြေအနေမျိုး မဟုတ်ပေ။သူ့ယောက်ျားက စာရေးတာမကြိုက်၍ စာအရေးအသားဖြတ်လိုက်ရသည်ဟု ကြားရသည်။ သူ့ထံမှ တိုက်ရိုက်မသိရ၍ ယင်းအကြောင်းပြချက် မှန် မမှန်ကိုမူ အတိအကျမပြောနိုင်ပေ။

ကျွန်တော်လည်း စာ စရေး၌ ယင်းကဲ့သို့သော အနှောင့်

ထက်ဝေယံစာပေ

http://www.dhammadownload.com



အယုက် အပဟန့်အတားမျိုးနှင့် ကြုံရဖူးသည်။ ကျွန်တော့်ကို စာနယ်ဇင်းများတွင် စာမရေးရန် ကန့်ကွက် ဟန့်တားသူမှာ ကျွန်တော့်အဖေ၏ အစ်ကိုကျွန်တော့်ဘကြီး ဦးကျော်ဖောင်းဖြစ်သည်။ ဦးကျော်ဖောင်းသည် ကျွန်တော်တို့၏ ဆွေမျိုးဉာတိထဲတွင် ဩဇာတိက္ကမ ရှိသူဖြစ်သည်။

ဦးကျော်ဖောင်း၏ဇာတ်လမ်းအစကို ကျွန်တော်တို့မမီလိုက်ပေ။ ကျွန်တော်မွေးဖွားပြီး လူ့ဘဝရောက်လာချိန်၌ ဦးကျော်ဖောင်းသည် ကျွန်တော်တို့ရပ်ရွာ၌ မရှိတော့ပေ။ ဦးကျော်ဖောင်း၏ ဇာတ်လမ်းသည် အရောင်အသွေးစုံလင်သည်။ ဦးကျော်ဖောင်းသည် ရှင်ကြီးဝမ်းထဲတွင်လည်း ဝင်ဖူးသည်။ ရှင်ငယ်ဝမ်းထဲတွင်လည်း ဝင်ဖူးသည်။

ဦးကျော်ဖောင်း၏ လူ့ဘဝဇာတ်လမ်းသည် ကျွန်တော်မမွေးခင်ကတည်းက စသည်။ ဦးကျော်ဖောင်းသည် သူ၏ညီအစ်ကို မောင်နမထဲတွင် အင်္ဂလိပ်ကျောင်းနေခွင့်ကြုံသူ ဖြစ်သည်။ အင်္ဂလိပ်ကျောင်းက ထွက်လာသောအခါ အစိုးရဝန်ထမ်းတစ်ဦးဖြစ်လာသည်။ သူအမှုထမ်းသော အစိုးရဝန်ထမ်းအလုပ်မှာ သမဝါယမ မြို့အုပ်အလုပ်ဖြစ်သည်။

ကျွန်တော်တို့ရွာ၏ ချောင်းတစ်ဖက်ကမ်း၌ "ကျုံကအူး" ဟူသော မွန်အမည်နှင့် ရွာကလေးတစ်ရွာရှိသည်။ ဦးဆ န်းထွန်းသည် ထိုကျုံ ကအူးရွာ၌ မွေးသည်။ ထို့ကြောင့် "ကြီးပွားရေးမဂ္ဂဇင်း" စသော

http://www.dhammadownload.com



စာစောင် များတွင် စာ စရေးစဉ်က ဦးဆန်းထွန်းသည် "ကျုံကဒူးသား"ဟူသော ကလောင်အမည်ဖြင့် ရေးခြင်းဖြစ်သည်။

ကျုံကဒူးရွာ၌ မစိန်ရင်အမည်ရှိ မိန်းမပျိုတစ်ယောက်ရှိသည်။ မစိန်ရင်သည် ရုပ်ရည်လှသည်။ လိမ္မာရေးခြားရှိသည်။ ဆွေကြီးမျိုးကြီးထဲက ဖြစ်သည်။ ဦးဆန်းထွန်းတို့နှင့် ဆွေရိပ်မျိုးရိပ်မကင်းပေ။ ကျွန်တော့်အမေနှင့်လည်း ဉာတိတော်သည်။ ကျွန်တော်၏ ဘကြီး ဦးကျော်ဖောင်းသည် သမဝါယမမြို့အုပ်အဖြစ် အမှုထမ်းနေစဉ် ကျွန်တော်တို့၏ အိမ်များနှင့် ချောင်းတစ်ဖက်သာခြားသော ကျုံကဒူး ရွာမှ မစိန်ရင်နှင့်အကြောင်းပါသည်။

ဦးကျော်ဖောင်းသည် ထိုအချိန်က ကျွန်တော်တို့ရွာထဲက၊ ကျွန်တော်တို့ဆွေမျိုးထဲက ရှားရှားပါးပါး အစိုးရဝန်ထမ်းတစ်ဦးဖြစ် သည်။ တောင်သူလယ်သမား လက်လုပ်လက်စားသာ များသော ရွာသူရွာသားများထဲက အစိုးရဝန်ထမ်းဖြစ်နေ၍ ဦးကျော်ဖောင်းသည် တစ်ရွာလုံးက လေးကြည့်ရသူဖြစ်သည်။ သူ၏ ဇနီးသစ်ကလေးမှာ လည်း ရုပ်ရည်ကလည်း လှ၊ မိန်းမကောင်းလည်း ပီသ၍ သူတို့ဇနီး မောင်နှံသည် နေနှင့်လ၊ ရွှေနှင့်မြ ဖြစ်နေကြသည်။ သို့ရာတွင် သူတို့၏ အောင်မြင်နေသော ဘဝကိုမရှုဆိတ်သူတစ်ဦးရှိသည်။ ထိုသူကား ကံကြမ္မာဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဇနီးမောင်နှံနှစ်ဦး ပျော်တုန်း ၊ ရွှင်တုန်း ၊ အောင်မြင်မှု အထွတ်အထိပ် ရောက်ရှိနေတုန်း ရုတ်တရက် မမျှော်လင့်ဘဲ ဇနီး မစိန်ရင် ကွယ်လွန်သေဆုံးသွားသည်။ ထိုအခါ ဦးကျော်ဖောင်း ဘဝ ပျက်သွားသည်။ ဇနီးမစိန်ရင်ကွယ်လွန် သေဆုံးသွားသည့်အတွက် စိတ်ထိခိုက်သွားပြီးလျှင် ခြေဦးတည့်ရာထွက်သွားသည်။ မည်သည့် နေရာရောက်နေသည်ဟူ၍လည်း ဆွေမျိုးသားချင်းများထံ အကြောင်း မကြား။ ဆွေမျိုးသားချင်းများလည်း အချိန်ကြာမြင့်စွာ သူရောက်နေ သည့်နေရာကို ခြေရာကောက်၍မရဖြစ်နေကြသည်။

နေ့ရက်ကြာမြင့်စွာ သဲလွန်စမရဖြစ်နေကြပြီးသည့်နောက်မှ သတင်းအစအနပေါ်လာသည်။ ဦးကျော်ဖောင်းတစ်ယောက် ဒီးဒုတ် ဦးဘချို(ထိုစဉ်က ဒီးဒုတ်မဖြစ်သေး) နှင့်အတူ မြန်မာ့ရိုဗျူးဂျာနယ် ထုတ်နေသည်ဟူသော သတင်းအစအနကို တစ်ဆင့်စကား တစ်ဆင့် ကြားသိလာကြရသည်။

နေပြည်သား ဦးဘိုးညွှန့်ဆိုသူ ပုဂ္ဂိုလ်တစ်ယောက်ရှိသည်။ ဦးဘိုးညွှန့်သည် သမဝါယမ ဝန်ထောက်ဖြစ်သည်။ ဦးကျော်ဖောင်း သမဝါယမမြို့အုပ် လုပ်စဉ်က ဦးဘိုးညွှန့်နှင့် တွဲဖက်လုပ်ဖူးသည်။ ဆွေမျိုးနီးစပ်လည်းတော်ကြသည်။ ဦးဘိုးညွှန့်သည် လက်ရှိအစိုးရ ဝန်ထမ်းဘဝနှင့်ပင် ဇနီးဖြစ်သူကို ထုတ်ဝေသူနာမည် ခံယူစေလျက်

ထက်ဝေယံစာပေ

http://www.dhammadownload.com



မြန်မာ့ရီဗျူးဂျာနယ်ကို ထုတ်ဝေသည်။ မြန်မာ့ရီဗျူးဂျာနယ်သည် မြန်မာနိုင်ငံ၌ မြန်မာဘာသာဖြင့် အစောဆုံးထုတ်ဝေသော ဂျာနယ်တစ်စောင်ဖြစ်သည်။ မောရိယ သတင်းစာ ထုတ်ဝေသူမှာလည်း ဦးဘိုးညှင်းပင်ဖြစ်သည်။

ဦးဘိုးညှင်းနှင့်တွေ့သောအခါ ဦးဘိုးညှင်းက ဦးကျော်ဖောင်းကို မြန်မာ့ရီဗျူးဂျာနယ်တွင် တိုက်အုပ် သို့မဟုတ် မန်နေဂျာအလုပ်လုပ်ခိုင်းသည်။ ဦးကျော်ဖောင်းကလည်း သဘောတူပြီး မြန်မာ့ရီဗျူးဂျာနယ်၏ အုပ်ချုပ်ရေးတာဝန်ကို ယူလိုက်သည်။ ယခုခေတ်အသုံးအနှုန်းဖြင့်ပြောရလျှင် အုပ်ချုပ်မှုအယ်ဒီတာဟု ဆိုနိုင်သည်။ ထိုအချိန်က မြန်မာ့ရီဗျူးဂျာနယ်၏ အယ်ဒီတာချုပ်မှာ နောင်သောအခါ ဒီးဒုတ်ဦးဘချို အမည်ဖြင့်ထင်ရှားလာသော ဦးဘချိုဖြစ်သည်။ မြန်မာ့ရီဗျူးဂျာနယ်၏ စာပြင်ဆရာမှာ နောင်သောအခါ ဗန္ဓုလဂျာနယ် အယ်ဒီတာအဖွဲ့ဝင်တစ်ဦး ဖြစ်လာသော ဗန္ဓုလဦးစိန်လက်ရုံး ဦးဘိုးမင်းဖြစ်သည်။

သို့သော်လည်း ဦးကျော်ဖောင်းသည် မြန်မာ့ရီဗျူးဂျာနယ်တွင်လည်း ဖင်မြဲမြဲနေနိုင်သည့် အခြေအနေမရှိခဲ့ပေ။ မြန်မာ့ရီဗျူးဂျာနယ်ရပ်သွားသည်။ ဦးဘချိုသည် ဒီးဒုတ်ဂျာနယ်အမည်ဖြင့် ကိုယ်ပိုင်သီးသန့်ဂျာနယ် ထုတ်ဝေသည်။ ထိုအချိန်ကစ၍ ဒီးဒုတ်ဦးဘချိုဟု အမည်

ထက်ဝေယံစာပေ

http://www.dhammadownload.com



တွင်လာခြင်းဖြစ်သည်။ ဦးကျော်ဖောင်းလည်း လေလွင့်သွားပြန်သည်။ ယခုတစ်ကြိမ်၌လည်း သူ ဇာတ်မြှုပ်နေသည့်နေရာကို လျှို့ဝှက်ထားသည်။ ဆွေမျိုးမိတ်သင်္ဂဟများ လိုက်လွန်းမကလိုက်မှ ဇာတ်မြှုပ်နေသော နေရာကို သဲလွန်စရရှိသွားကြသည်။ ယခုတစ်ကြိမ် သူ ဇာတ်မြှုပ်နေသော နေရာမှာ စစ်ကိုင်းတောင်ရိုးဖြစ်သည်။ စစ်ကိုင်းတောင်ရိုး ချောင်တစ်ချောင်၌ ဘုန်းကြီးလုပ်နေသည်။

ဦးကျော်ဖောင်း တတိယအကြိမ် သိုက်ပြောင်းပြန်သည်။ ယခုတစ်ကြိမ်၌လည်း ဆွေမျိုးမိဘများအား အသိမပေးဘဲ နေရာတစ်နေရာ၌ ဇာတ်မြှုပ်နေသည်။ သို့ရာတွင် သူ့ဇာတ်လမ်း ဇာတ်ထုပ်၏ တတိယပိုင်းမှာမူ ဇာတ်ဆောင်တွေနှင့် သိုက်သိုက်ဝန်းဝန်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာသည်။ ဦးကျော်ဖောင်းသည် ဘုန်းကြီးဘဝက ထွက်ပြီးလျှင် ညီအစ်မနှစ်ယောက်ကို တစ်ပြိုင်တည်းယူလျက် သဲတောတွင်ဇာတ်မြှုပ်နေသည်။

မိဘရပ်ရွာမှ လေလွင့်ထွက်ခွာသွားပြီး နှစ်ပရိစ္ဆေဒပေါင်းများစွာ ဇာတ်မြှုပ်နေသော ဦးကျော်ဖောင်းကို ဆွေမျိုးမိတ်သင်္ဂဟထဲက ပထမဦးဆုံး စတင်တွေ့သော ပုဂ္ဂိုလ်မှာ ကျွန်တော်ဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် မန္တလေးမြို့၌ ပထမဆုံးအကြိမ် စတင်ကျင်းပသော အစိုးရမွှော်စရိယ စာချတန်း စာမေးပွဲကို ကျွန်တော်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ကိုရင်ဝတ်နှင့် ဖြေသူမှာ ကျွန်တော် တစ်ဦးတည်းသာလျှင်ရှိသည်။ စာမေးပွဲပြီး၍အပြန် ဦးကျော်ဖောင်းသဲတောတွင် ရှိနေသည်ကြား၍ သဲတောဘူတာတွင်ဆင်းပြီး ဦးကျော်ဖောင်းကို ရှာသည်။ ဆွေမျိုးမိဘများနှင့် အဆက်အသွယ် ဖြတ်လျက် ဇာတ်မြှုပ်နေသူဖြစ်သော်လည်း သဲတောမြို့၌ ဆရာကျော်အမည်ဖြင့် တပည့်တပန်း အသိုက်အဝန်းများကြားထဲတွင် ထင်ရှားသူပုဂ္ဂိုလ်တစ်ဦး ဖြစ်နေ၍ ဦးကျော်ဖောင်းကို အမိဖမ်းရသည်မှာ အခက်အခဲမရှိပေ။

ဦးကျော်ဖောင်းလည်း ကျွန်တော့်ကို မမျှော်လင့်ဘဲ တွေ့ရသောအခါ ဝမ်းသာအားရဖြစ်နေသည်။ အထူးအားဖြင့် သူ၏တူတစ်ယောက် သာသနာဘောင်အတွင်း၌ ပထမပြန် စာမေးပွဲများ ဆက်တိုက်အောင်ပြီး ကိုရင်ဝတ်နှင့် အစိုးရဓမ္မစရိယာစာချတန်း စာမေးပွဲကိုပင် ဝင်ရောက်ဖြေဆိုသည်ဆိုသည်ကို ပို၍ဂုဏ်ယူမဆုံးဖြစ်နေ သည်။

ကျွန်တော် အသက် ၁၇ နှစ် ၊ ၁၈ နှစ် အရွယ် ကိုရင်ဝတ်နှင့် စာစ၍ရေးသည်။ ပထမဦးဆုံး စတင်ရေးသော မဂ္ဂဇင်းများမှာ ဒဂုန်မဂ္ဂဇင်းနှင့် တိုးတက်ရေးမဂ္ဂဇင်းဖြစ်သည်။ ဒဂုန်မဂ္ဂဇင်းနှင့် တိုးတက်ရေးမဂ္ဂဇင်းတို့၌ ဆောင်းပါး လေးငါးပုဒ်လောက် ပါနေပြီ။

တိုးတက်ရေးမဂ္ဂဇင်း၌ပါသော ဆောင်းပါးများကို စာရေးသူ၏ ဓါတ်ပုံနှင့် ဖော်ပြလေ့ရှိသည်။ ကျွန်တော်လည်း နစဉ်ကဖြစ်၍ မိမိ

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဓါတ်ပုံကိုမဂ္ဂဇင်း၌ ဖော်ပြစေလိုသောကြောင့် တိုးတက်ရေးမဂ္ဂဇင်းတိုက်သို့ ဆောင်းပါးနှင့်တွဲ၍ ဓါတ်ပုံပို့လိုက်သည်။ တိုးတက်ရေးမဂ္ဂဇင်းက ကျွန်တော်၏ ဆောင်းပါးကိုစာရေးသူဓါတ်ပုံနှင့်တွဲ၍ ဖော်ပြလိုက်သည်။

တစ်နေ့တွင် စာတိုက်မှ စာတစ်စောင် ကျွန်တော့်ထံမမျှော်လင့်ဘဲ ရောက်လာသည်။ စာဖတ်သူ တစ်ဦးဦးထံက စာများလားဟု အားတက်သရော ဖွင့်ဖတ်သောအခါ အခြားစာဖတ်ပရိသတ်တစ်ယောက်ယောက်ထံမှ မဟုတ်ဘဲ ဦးကျော်ဖောင်းဆီက စာဖြစ်နေသည်ကိုတွေ့ရသည်။ ဦးကျော်ဖောင်းသည် သူ၏စာထဲတွင် ကျွန်တော့်အား ပြင်းထန်သော စကားလုံးများဖြင့် ထိုးနှက်ဝေဖန်ထားသည်။

ဦးကျော်ဖောင်းသည် မဂ္ဂဇင်းဖတ်သူမဟုတ်ပေ။ သူ့တပည့်တစ်ဦးက တိုးတက်ရေးမဂ္ဂဇင်းတွင် ကျွန်တော့်ဓါတ်ပုံနှင့် ကျွန်တော့်ဆောင်းပါးပါလာသည်ကို တွေ့ရ၍ ဦးကျော်ဖောင်းကိုသွားပြလျှင် ဝမ်းသာအားရဖြစ်လိမ့်မည်ဟူသော အထင်နှင့်သွားပြခြင်းဖြစ်သည်။ သို့ရာတွင် ဦးကျော်ဖောင်းသည် ဝမ်းသာအားရမဖြစ်သည့်ပြင် ယမ်းပုံမီးကျဒေါသထွက်လေတော့သည်။

ဦးကျော်ဖောင်းက ကျွန်တော့်ကို အကြီးအကျယ် အထင်ကြီးထားသည်။ သူ၏တူ ကျွန်တော်အား သာသနာ၌ ကျေးဇူးများမည့်စာတတ်ပေတတ် ဆရာတော်တစ်ပါး ဖြစ်လာလိမ့်မည်ဟု မျှော်လင့်

http://www.dhammadownload.com



ထားသည်။ မဂ္ဂဇင်းများတွင် ကျွန်တော်ဆောင်းပါးရေးခြင်းသည် သူ၏မျှော်မှန်းချက်ကို ကပျက်ယပျက် လုပ်သည်ဟုတွက်သည်။ သူ၏အမြင်၌ ရဟန်းသာမဏေတစ်ဦးဦး မဂ္ဂဇင်းထဲတွင် စာရေးခြင်းသည် လောကီနှင့် ဆက်ဆံမှုရှိအောင် ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်ဟု ထင်သည်။ ထို့ကြောင့် ဦးကျော်ဖောင်းသည် အချစ်ကြီး၍အမျက်ကြီးပြီး မဂ္ဂဇင်းတွင် ကျွန်တော်စာမရေးအောင် အပြင်းအထန်ဆန့်ကျင် ကန့်ကွက်ခြင်းဖြစ်သည်။

ကျွန်တော်နှင့် ပတ်သက်သော သူ၏လိုလားချက်သည် သူ့အလိုလိုအကောင်အထည် ပေါ်သလိုလိုဖြစ်သွားသည်။ ဒုတိယကမ္ဘာစစ်အတွင်း စာရေးကွင်းရေးကွက် မရှိ၍ ကျွန်တော် စာဆက်မရေးရတော့ပေ။ အမှန်က သူ ကန့်ကွက်ဆန္ဒပြ၍ မရေးခြင်းမဟုတ်ပေ။ ရေးကွင်းရေးကွက် မရှိ၍ လက်ပိုက်နေရခြင်းသာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ် ပြီးသောအခါ ကျွန်တော်အိန္ဒိယရောက်သွားသည်။ ကျွန်တော် အိန္ဒိယ၌ ရှိနေစဉ်အတွင်း ကျွန်တော်၏ဘကြီးဦးကျော်ဖောင်း ကွယ်လွန်သွားသည်။ အိန္ဒိယမှ ပြန်ရောက်လာသောအခါ ဝါသနာကို မစွန့်နိုင်သောကြောင့် ရေးကွင်းရေးကွက်များကလည်း ပေါ်လာသဖြင့် ကျွန်တော်စာဆက်ရေးသည်။ သို့ရာတွင် ထိုအချိန်၌ ကျွန်တော် စာရေးသည်ကိုဆန္ဒပြ ကန့်ကွက်သော တစ်ဦးတည်းပုဂ္ဂိုလ်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဦးကျော်ဖောင်းမှာ ဤလောကတွင် မရှိတော့ပေ။

အကယ်၍ ဦးကျော်ဖောင်းသာ အသက်ထင်ရှား ရှိနေဦးမည် ဆိုပါလျှင် ကျွန်တော့်အား သာသနာ့ဘောင်၌ မတွေ့ရတော့ပြီ ဖြစ်၍ "သူ၏ မျှော်မှန်းချက်တောင်ကြီး ပြိုကွဲသွားရခြင်းမှာ သူ့ဟောကိန်း ထုတ်ထားသည့်အတိုင်း မဂ္ဂဇင်းများထဲတွင် စာရေးပြီးလောကီ အသိုင်းအဝန်းနှင့် နီးစပ်အောင် လုပ်သည့်အတွက်" ဟု ပြောမည်မှာ မြေကြီး လက်ခတ် မလွဲပေ။

http://www.dhammadownload.com



# ငယ်ဆရာ

ကျွန်တော်တို့ရွာ၌ ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသည်။ တစ်ကျောင်းမှာ အစဉ်အဆက်ရှိလာခဲ့သော သုဓမ္မာ သို့မဟုတ် ကံကျောင်းဖြစ်ပြီး ကျန်တစ်ကျောင်းမှာ ဒွါရကျောင်းဖြစ်သည်။ ဒွါရဂိုဏ်းကိုစတင်တည်ထောင်သော အုတ်ဖိုဆရာတော်ကြီးသည် သာရဝေါရွာကလေး၌ မွေးဖွားသည်။ ဆရာတော်ကြီး အခြေချသော နေရာဌာနများမှာလည်း ဟင်္သာတခရိုင်အတွင်း၌ပင် ရှိကြသည်။ အုတ်ဖို သို့မဟုတ် အင်္ဂပူနှင့်သာရဝေါ ရွာကလေးရွာတို့မှာ အုတ်ဖိုဆရာတော်ကြီး အခြေချသော ဗဟိုဌာနများဖြစ်ကြသည်။

အုတ်ဖို သို့မဟုတ် အင်္ဂပူ၌ သီတင်းသုံးသောကြောင့် အုတ်ဖိုဆရာတော်ဟု အမည်တွင်ခြင်းဖြစ်သည်။ သာရဝေါရွာကလေးမှာ ဆရာတော်ကြီး၏ ဇာတိလည်းဖြစ်သည်။ အချိန်ကြာမြင့်စွာသီတင်းသုံးသွားခဲ့သည့် နေရာလည်းဖြစ်သည်။ ဆရာတော်ကြီး ခေါင်းချသွားသော နေရာလည်းဖြစ်သည်။ ထို့ကြောင့် ရွာကလေးရွာသည် အင်္ဂပူဒွါရဂိုဏ်း၏ ဗဟိုဌာနချုပ်ဖြစ်သည်။ ဒွါရဂိုဏ်း ဆရာတော်များသည် ဗဟိုဌာနချုပ်၌ တစ်နှစ်တစ်ကြိမ် စုဝေးကြသည်။ ဆရာတော်ကြီး၏ အထိမ်းအမှတ် အဆောက်အအုံများနှင့် ဆရာတော်ကြီး၏ ပြတိုက်လည်းရွာကလေး၌

ထက်စေယ်စာပေ

http://www.dhammadownload.com



ရှိသည်။

ယင်းသို့အားဖြင့် ခွါရဂိုဏ်းသည် ဟသ်ာတခရိုင်၌ ဖြစ်ထွန်းပေါ်ပေါက်လာပြီး ဟသ်ာတခရိုင်၌ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားပြန့်ပွားသောကြောင့် မြန်မာနိုင်ငံ၌ ခွါရဂိုဏ်းဝင် ကျောင်းတိုက်များ အများဆုံးရှိသော ခရိုင်ကိုပြပါဆိုလျှင် ဟသ်ာတခရိုင်ကို ပြရပေလိမ့်မည်။ ကျွန်တော်တို့ရွာလို သာမန်ကျေးလက်ဒေသ၌ပင် ခွါရကျောင်းတစ်ကျောင်းရှိခဲ့သည်။ကျွန်တော်တို့ရွာ၌ ခွါရကျောင်းထပ်တိုးလာရခြင်းမှာ အကြောင်းမဲ့မဟုတ်ပေ။

ကျွန်တော်တို့အမျိုးထဲတွင် ထူးထူးခြားခြား ဘုန်းကြီးတစ်ပါးရှိသည်။ ကျွန်တော့်အမေ၏ ဦးလေးတစ်ယောက်မှာ ဘယ်အချိန်က ဘုန်းကြီးလုပ်လိုက်သည်မသိ။ ကျွန်တော်လူမှန်းသူမှန်း မသိတသိအရွယ်၌ သိက္ခာဝါတော်ရ ဘုန်းကြီးတစ်ပါး ဖြစ်နေပြီ။ ဘွဲ့အမည်မှာ ဦးစန္ဒာဝရဟုခေါ်သည်။ ဘုန်းကြီးဦးစန္ဒာဝရကို ကောင်းကောင်းမမှတ်မိတော့။ ဝိုးတဝါးလောက်သာ သတိရနေသည်။

ကျွန်တော်၏ အမေဘက်မှ ဆွေမျိုးများမှာ ခွါရကိုးကွယ်သူများဖြစ်ကြသည်။ ခွါရမျိုးထဲက ဘုန်းကြီးဖြစ်လာသောအခါ ကံဘုန်းကြီးဖြစ်မလာတော့ဘဲ ခွါရဘုန်းကြီးဖြစ်လာသည်။ ဘုန်းကြီးဦးစန္ဒာဝရသည် ဟသ်ာတခရိုင်ရှိ ခွါရဘုန်းကြီးများထဲတွင် ထင်ရှားသော ဘုန်း

http://www.dhammadownload.com



ကြီးတစ်ပါးဖြစ်သည်။

ဦးစန္ဒာဝရ ကျောင်းထိုင်ဘုန်းကြီးလုပ်ရမည့်အရွယ်ရောက်လာသောအခါ ကျွန်တော်တို့ရွာထဲက ဒွါရကိုးကွယ်သူများသည် အထူးအားဖြင့် ကျွန်တော့်အမေဘက်က ဆွေမျိုးများသည် ရွာထိပ်တွင် အစဉ်အဆက် တည်ရှိလာခဲ့သော သုမ္မောသို့မဟုတ် ကံကျောင်း၏ ဝင်းအပြင်ဘက်၌ ကျောင်းသစ်တစ်ဆောင်ဆောက်ပြီး ဦးစန္ဒာဝရကို ကိုးကွယ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာ၌ ဘုန်းကြီးကျောင်း တစ်ကျောင်းက နှစ်ကျောင်းဖြစ်လာသည်။ သို့ရာတွင် ကျွန်တော်တို့ လူမှန်းသူမှန်း သိတတ်သောအရွယ်ရောက်လာသောအခါ ဦးစန္ဒာဝရ မရှိတော့ပေ။ ပျံလွန်တော်မူသွားပြီ။ ဦးစန္ဒာဝရ ဘုန်းကြီးပျံသည့်ပင် မိမိ၏ အမှတ်သညာထဲတွင် ကောင်းကောင်း ထင်မလာတော့ပေ။

အကယ်၍ ကျွန်တော်တို့သင်္ကန်းစဝတ်သည့် အချိန်အထိ ဦးစန္ဒာဝရ အသက်ထင်ရှား ရှိနေသေးလျှင် သို့မဟုတ်ကလည်း ဦးစန္ဒာဝရ၏ကျောင်း၌ ဒွါရဘုန်းကြီး မျိုးဆက်ပြတ်မသွားလျှင် ကျွန်တော်သည်သည် ဒွါရဂိုဏ်းထဲ ရောက်သွားချင်ရောက်သွားပေလိမ့်မည်။ သို့သော်လည်း ကျွန်တော်စတင်သင်္ကန်းဝတ်ချိန်၌ မိမိဘိုးလေးဒွါရ ဘုန်းကြီး ဦးစန္ဒာဝရ ပျံလွန်တော်မူသွားသည်မှာ နှစ်ပေါင်းများစွာ ကြာသွားပြီ။ ဒွါရကျောင်း၌ ဦးစန္ဒာဝရကို ဆက်ခံသည့်ဒွါရဘုန်းကြီး

http://www.dhammadownload.com



မျိုးဆက်လည်းပေါ်မလာတော့ပေ။ ဦးစန္ဒာဝရ သီတင်းသုံးသွားသည့် သိမ်ကျောင်းကြီးသည်သာလျှင် သန္တသနော့ရွာ၌ တစ်ချိန်တုန်းက ဒွါရ ကျောင်း တစ်ကျောင်းရှိခဲ့သည်ဟူသော အမှတ်အသားအဖြစ် ဒုတိယ ကမ္ဘာစစ်ပြီးခုံးသွားချိန်အထိ တည်ရှိနေခဲ့သည်။ ကျွန်တော်တို့ သက်န်း စဝတ်သော အချိန်၌ ကျွန်တော်တို့ရွာတွင် ဘုန်းကြီးကျောင်းတစ် ကျောင်းသာရှိတော့သည်။ ထိုဘုန်းကြီးကျောင်းမှာ ကံကျောင်းဖြစ်သည်။ ကံကျောင်းသည် ဂိုဏ်းဂဏအနေဖြင့် ပြောရလျှင် ရွှေကျင်၊ ဒွါရ၊ သုဓမ္မာဂိုဏ်းများထဲက သုဓမ္မာဂိုဏ်းဖြစ်သည်။ ဘုရား ကန်တော့ သည့်အခါ၌ ဒွါရဂိုဏ်းဝင်များက "ကာယဒွါရ ၊ ဝစီဒွါရ၊ မနောဒွါရ" ဟု ရွတ်ဆိုပြီး ကံဂိုဏ်းဝင်များက "ကာယကံ၊ ဝစီကံ ၊ မနောကံ" ဟူ၍ ဆိုကြသည်။ ယင်းသို့ရွတ်ဆိုခြင်းကို အကြောင်းပြု၍ "ဒွါရဂိုဏ်း ကံဂိုဏ်း"ဟူ၍ တံဆိပ်တပ်လိုက်ကြခြင်းဖြစ်သည်။

တစ်ခါက ဓနုဖြူမြို့ ဒွါရဂိုဏ်း တောင်ပေါ်ကျောင်း နှစ်တစ် ရာပြည့် အထိမ်းအမှတ်ပွဲ ရောက်သွားသည်။ တောင်ပေါ်ကျောင်းသည် စစ်သူကြီး မဟာဗန္ဓုလ ကျဆုံးသွားသော နေရာ၌ တည်ထောင်ထား သော ကျောင်းတိုက်ဖြစ်သည်။ တောင်ပေါ်ကျောင်းဆရာတော်ကြီးသည် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်ကြီးနှင့် စကားစမြည်ပြောဆိုရင်းက ကျွန်တော် ဆရာတော်

http://www.dhammadownload.com



ကြီးကို လျှောက်ထားလိုက်သည်။

"တပည့်တော်ရဲ့ မိဘဘိုးဘွားတွေက ဒွါရဂိုဏ်းကို ကိုးကွယ်သူတွေ ဖြစ်ပါတယ်ဘုရား"

ထိုအခါ ဆရာတော်ကြီးက ကျွန်တော့်ကို ပြန်မေးသည်။

"ဟေ ဟုတ်လား ၊ နို့မင်းကကော ဘယ်ဂိုဏ်းကို ကိုးကွယ်သလဲ"

"တပည့်တော်ရဲ့ မိဘဘိုးဘွားနဲ့ ဆွေမျိုးသားချင်းတွေထဲမှာ ဒွါရကိုးကွယ်တဲ့လူတွေ အများကြီးရှိပါတယ်။ တပည့်တော်သင်္ကန်းဝတ်တော့ ကံဂိုဏ်း၊ သုဓမ္မာဂိုဏ်း ဘုန်းကြီးကျောင်းမှာပါ၊ ပရိယတ္တိသင်ကြား ဆည်းပူးတာလဲ သုဓမ္မာဂိုဏ်း ကျောင်းတွေမှာ များပါတယ်။ ရွှေကျင်ဂိုဏ်း ကျောင်းတွေမှာလည်း နေဖူးပါတယ်။ ရွှေကျင်ဂိုဏ်းကျောင်းများဖြစ်တဲ့ မန္တလေးအဘယာရာမတိုက်တို့၊ ရန်ကုန်ကျောင်းတော်ရာ ရွှေကျင်တိုက်တို့မှာ အချိန်အတန်ကြာ နေဖူးပါတယ်။ ဒါပေမယ့် တပည့်တော် ယခု ဘာဂိုဏ်းမှ မဟုတ်တော့ပါဘူး။ တပည့် တော်ဘာဂိုဏ်းစွဲမှ မရှိတော့ပါဘူး"

ဆရာတော်ကြီးက ဘာမှ ပြန်အမိန့်မရှိဘဲ ပြုံးရွှင်သာပြုံးနေသည်။ ဆရာတော်ကြီးသည် အလွန်သဘောကောင်းသည်။ အလွန်ကြည်ညို့ဖွယ်ကောင်းသည်။ ယခုမရှိတော့။ ပျံလွန်တော်မူသွားပြီ။

အမှန်တကယ်ပင် ကျွန်တော်မည်သည့်ဂိုဏ်းဂဏအစွဲမှမရှိပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဂိုဏ်းဂဏတစ်ခုခု၏ အကောင်းကိုသာကြည့်သည်။ အပြစ်ကိုအာရုံ ထဲ မထည့်ပေ။ ဘာသာရေးဂိုဏ်းဂဏအစွဲမရှိရုံမျှသာမက၊ ဘာသာရေး ဂိုဏ်းဂဏ တစ်ခုခု၏သားကောင်မဖြစ်ရုံမျှသာမက ဘာသာရေးအစွဲ အလမ်း လည်းမရှိပေ။ မိမိ ယုံကြည်သောဘာသာတရားကို မြှင့်တင်လိုသည့် စိတ်နှင့်အခြား ဘာသာတရားကိုမပုတ်ခတ်ပေ။ အပြစ်မပြောပေ။ အရာဝတ္ထုတိုင်း၌ အနှစ်နှင့်အကာ ခွန်တွဲနေသည်။ အကာကိုမယူချင်နေ။ အနှစ်ကိုတော့ လက်ခံရမည်။ ထိုနည်းအတိုင်း ပင် နိုင်ငံရေးဂိုဏ်းဂဏနှင့် ပတ်သက်၍လည်းကောင်း၊ လူပုဂ္ဂိုလ် တစ်ဦးချင်းနှင့်ပတ်သက်၍ လည်းကောင်း မည်သည့်အခါမှ အစွဲ အလမ်းမထားပေ။ မည်သည့်အခါမှ သားကောင်အဖြစ်မခံပေ။ တစ်ခါ တစ်ရံ လမ်းမှားလိုက်သွားမိလျှင်လည်း အချိန်မီပြန်ပြင်သည်။

ယင်းသဘောတရားမှာ ဗုဒ္ဓအလိုကျလည်း ဖြစ်သည်။ ဗုဒ္ဓသည် အယူအဆတစ်ခုခုကို ဖက်တွယ် ဆုပ်ကိုင်မထားလိုပေ။ အယူဝါဒ တစ်ခုခုကို "ကုလ္လူပမ"ဟူ၍ ဖောင်နှင့် ဥပမာ ပေးထားတော်မူသည်။ ဖောင်သည် မြစ်တစ်ဖက်ကမ်း ကူးသွားရန်အတွက်သာဖြစ်သည်။ မြစ် တစ်ဖက်ကမ်းရောက်သည်နှင့် တစ်ပြိုင်နက်ဖောင်ကိုစွန့်ပြီးသတ်သွား သည်။ ဖောင်ကို ဦးခေါင်းပေါ်ရွက်သွားစရာမလိုပေ။ မိမိနှင့်အယူ ဝါဒမတူသော အခြားဂိုဏ်းဂဏ ကွဲများ၊ ဘာသာကွဲအယူကွဲများကို

http://www.dhammadownload.com



မဖိနှိပ် မရှုတ်ချရန်လည်း ဗုဒ္ဓက ညွှန်ကြားထားတော်မူသည်။

ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့ရွာရှိ ကံကျောင်း၏ ကျောင်းထိုင်ပုဂ္ဂိုလ်မှာ အသက် ၇၀ အရွယ် ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်ကြီးသည် အထက်အညာ ရွှေဘိုနယ်၊ အင်းတဲကြီး ရွာဇာတိ ဖြစ်ပြီး ပထမရွှေကျင်ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။ ပထမ ရွှေကျင်ဆရာတော်ကြီးထံတွင် နေစဉ်က သူက ကိုရင်ဖြစ်ပြီး ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက ပဉ္စင်းဖြစ်သည်။ ဆရာတော်ကြီးသည် ရွှေကျင်ဂိုဏ်းဝင် ဖြစ်သော်လည်း အောက်ပြည်အောက်ရွာ ရောက်လာသောအခါ ရွာသိမ် ရွာငယ် ဇနပုဒ်၌ရှိသော သုဓမ္မာကျောင်း၏ ကျောင်းထိုင်ဆရာတော် ဖြစ်လာသည်။ ဆရာတော်ကြီးသည် ဂိုဏ်းဂဏစွဲ အလေးအနက် ထားပုံမရပေ။

ဆရာတော်ကြီး၏ လက်အောက်၌ တပည့်ကြီးနှစ်ပါးရှိသည်။ တစ်ပါးက ဦးကုသလာစာရဟုခေါ်ပြီး ကျန်တစ်ပါးက ဦးအာစရဟု ခေါ်သည်။ ကျွန်တော်တို့ရွာသားများ ဖြစ်သော ထိုရဟန်းနှစ်ပါးလုံး သည် ကျွန်တော်၏ငယ်ဆရာများဖြစ်ကြသည်။ ဦးကုသလာစာရက လောကုတ္တရာစာ ကံကူလက်လှည့် ဖြစ်ပြီးဦးအာစရက လောကီစာ ကံကူလက်လှည့် ဖြစ်သည်။

ဦးကုသလာစာရနှင့် ဦးအာစရသည် ဆရာတော်ကြီး၏ တပည့်

ထက်ဝေယံစာပေ

http://www.dhammadownload.com



နှစ်ပါးဖြစ်သော်လည်း တစ်ပါးနှင့်တစ်ပါး တောင်နှင့်မြောက်ကွဲပြား ခြားနားကြသည်။ ဦးကုသလာစာရက စာတတ်ပေတတ်ဖြစ်သည်။ တရားဟော ဓမ္မကထိကဖြစ်သည်။ ဦးအာစရကမူ လောကုတ္တရာ စာပေကို အလေးအနက်ထား၍ သင်ကြားလေ့လာခဲ့ဖူးဟန်လည်း မရှိပေ။ သင်အံလေ့ကျက် ကြည့်ရှုမှတ်သားနေသည်ကိုလည်း တစ်ခါမျှ မတွေ့ရပေ။ သူ့ဓါဝါသနာက တစ်မျိုးဖြစ်သည်။ ဘုန်းကြီးကျောင်းဝင်းထဲ က ဦးအဲတန်ဆောင်းကြီးထဲတွင် လေးတန်းအရွယ်အထိ ကျောင်းသူ ကျောင်းသားကလေးသူငယ်များကို အတန်းကျောင်းပညာရေးအတိုင်း ပညာသင်ကြားပေးသည်။ ဘုန်းကြီးကျောင်းမူလတန်း ပညာရေးဟု ခေါ်လိုကခေါ်နိုင်သည်။ သို့သော်လည်းဦးအာစရ၏ ကျောင်းသည်အစိုးရ အသိအမှတ်ပြု ကျောင်းမဟုတ်ပေ။ ကျွန်တော်တို့ရွာ၌ အစိုးရမူလ တန်းကျောင်းရှိသည်။ အစိုးရမူလတန်းကျောင်း၌ ကျွန်တော်တို့ တတိယတန်းအထိ ကျောင်းတက်ကြသည်။ သို့သော်လည်း မူလတန်း ကျောင်း၌ ဆရာတစ်ယောက်တည်းသာရှိသည်။ ရှိသည့်ဆရာကလည်း ကောင်းကောင်းစာမသင်။ ဦးအာစရက စေတနာထား၍ သင်ပြသည်။ ကျွန်တော်တို့သည် အစိုးရမူလတန်းကျောင်းကို စွန့်ခွာခဲ့ပြီး ဦးအာစရ ကျောင်း ပြောင်းရွှေ့လာကြသည်။ ဦးအာစရကျောင်း ရောက်သောအခါ ကျွန်တော်တို့ စာပိုတော်လာကြသည်။ သချာပိုတော်လာကြသည်။

http://www.dhammadownload.com



သို့သော်လည်း ဦးအာစရကျောင်းမှာ အစိုးရအသိအမှတ်ကျောင်း မဟုတ်သောကြောင့် ကျောင်းရပ်ဆိုင်းသွားသည်အထိ ကျွန်တော်တို့ စတုတ္ထတန်းကိုပင် မဖြေလိုက်ရပေ။ ထို့ကြောင့် ယခုနောက်ပိုင်းအချိန် တစ်စုံတစ်ခုသောကိစ္စအတွက် ဖြည့်ရသောပုံစံများ၌ "ပညာအရည်အချင်း" အပိုဒ်တွင် မိမိအောင်သောအတန်းကို အခါများစွာ စတုတ္ထတန်းဟု ရေးဖြည့်ပေးလိုက်သည်။ ယင်းသို့ ပြုလုပ်ခြင်းကို အချို့က အရွဲ့တိုက်သည်ထင်ကြသည်။ အရွဲ့တိုက်ခြင်းမဟုတ်ပေ။ ပိုပိုမိုမို သာသာထိုးထိုးပင် ရေးလိုက်ခြင်းဖြစ်သည်။ အမှန်က စတုတ္ထတန်းတောင် မအောင်ပေ။ တတိယတန်းဟု ရေးလိုက်လျှင် ပို၍မှန်ကန်မည်။

ကျွန်တော်၏ ကံကူလက်လှည့် ဆရာဦးအာစရသည် လူထူးလူဆန်းဖြစ်သည်။ ရဟန်းဖြစ်သော်လည်း ဘုန်းကြီးစာကို ဟုတ်တိပတ်တိ မိမိလည်းမသင်ပေ။ တခြားကိုရင်ကျောင်းသားများကိုလည်း ပို့ချမပေးပေ။ ကျောင်းသားသူငယ်များအား မူလတန်းပညာ အခမဲ့ အလွတ်သင်ပေးရသည်ကို အလွန်ဝါသနာပါသည်။ ဒကာ ဒကာမများရှေ့တွင် ဟန်ရေးဝါရေးပြမနေ။ သူနေချင်သလို လွတ်လွတ်လပ်လပ် နေသည်။ သူ့ကို မကြည်ညိုလျှင်လည်း ဂရုမစိုက်။

အာဏာရှိသူ ၊ ဥစ္စာရှိသူများကို ခပ်တန်းတန်း ခပ်မှန်မှန်သာ နေသည်။ ကျွန်တော်တို့ရွာ၏ အာဏာရသူကြီးမှာ ဦးကြဲဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



သူနှင့်လည်း ဆွေရိပ်မကင်း၊ မျိုးရိပ်မကင်းပေ။ သို့သော်လည်း ဦးအာစရသည် ဦးကြဲ ကြည်ညိုအောင် မနေဘဲ ဦးကြဲကို ဆန့်ကျင်ဘက်ပင်ပြုလုပ်သည်။ တစ်ခါတစ်ရံ ဦးကြဲကိုအရွဲ့တိုက်သည်။ ဦးအာစရသည် ပိုက်ဆံရှိသူကို အသိမလုပ်ဘဲ ဆင်းရဲသားများနှင့်သာ ပေါင်းသည်။ အားမဲ့သူဘက်ကအမြဲရပ်သည်။ လူတစ်ဖက်သားကို ကူညီလိုသည့် စိတ်လည်းရှိသည်။ ကူညီလည်း ကူညီသည်။

ဦးအာစရသည် မိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့် မောင်နှမတစ်ဝမ်းကွဲတော်သည်။ ဒေါ်ခင်ကြည်၏ အဖေ ဦးဘိုးငြိမ်း (ဦးဘိုးညွှင်း) နှင့် ဦးအာစရ၏အဖေ ဦးဘိုးကြီးတို့သည် ညီအစ်ကိုတော်စပ်ကြသည်။ ဒေါ်ခင်ကြည်၏အဖေ ဦးဘိုးငြိမ်းသည် ကျွန်တော်တို့ရွာသားဖြစ်သည်။ ငယ်စဉ်က ကျွန်တော်တို့ရွာ၌နေသည်။ အတော်ကလေးကြီးမှ မြောင်းမြရောက်သွားခြင်းဖြစ်သည်။ မြောင်းမြတွင် ဒေါ်ခင်ကြည်တို့၏ အမေနှင့် အကြောင်းပါသည်။

ဦးအာစရတွင် ချိုးမွှမ်းဖွယ် ကျင့်ဝတ်တစ်ခုရှိသည်။ နေ့တိုင်း ဝတ်မပျက် ဆွမ်းခံထွက်သည်။ ကျွန်တော်တို့ရွာ၌ ဆွမ်းခံချိန်ကျလျှင် ဘုန်းကြီးကျောင်းသားကလေးများသည် ဆိုင်းကြိုးဖြင့် ဆွဲထားသော ဆွမ်းဇလုံကြီးကြီးတစ်လုံးနှင့် ဆွမ်းဟင်းချိုင့်ကို ဝါးလုံးနှင့် လျှိုထမ်းပြီးလျှင် "ဆွမ်းတော်မို့" ဟုအော်လျက် ရွာရိုးတစ်လျှောက် ဆွမ်းခံ

ထက်စေယံစာပေ

http://www.dhammadownload.com



ထွက်ကြသည်။ ကျောင်းသားများ၏ ရေ့က ကိုရင်ဖြစ်စေ၊ ဦးပဥ္စင်းဖြစ်စေ ဘုန်းကြီးတစ်ပါးပါး သပိတ်ပိုက်၍ လိုက်ရသည်။ ဘုန်းကြီးတစ်ပါးလိုက်လျှင်တော်ပြီ။ နှစ်ပါးသုံးပါးလိုက်ဖို့ မလိုပေ။ ဦးအာစရသည် နေ့စဉ် ဆွမ်းခံကြွသော ဘုန်းကြီးဖြစ်သည်။ မနိမကပ်တစ်ကျောင်းလုံးအတွက် ဆွမ်းခံကျွေးသည်။

သို့ရာတွင် အကျိုးရှိသော အလုပ်လုပ်လျှင် အပြစ်ကပ်ပါလာတတ်သည်။ ဆွမ်းခံရင်း ငက်သင့်သည်။ သူနှင့်လည်း ဆွေရိပ်မျိုးရိပ်မကင်းသော စန္ဒီအမည်ရှိ အပျိုကြီးတစ်ဦးနှင့် ငြိသွားသည်။ အားလုံး၏ တံတွေးခွက်ထဲတွင် ပက်လက်မျောရင်း သူတို့နှစ်ယောက်လက်ထပ်လိုက်ကြသည်။ လက်ထပ်ပြီးသောအခါ ရွာတွင်မနေကြတော့။ ပုသိမ် ရောက်သွားကြသည်။ ပုသိမ်တွင် ဘယ်ပုံဘယ်နည်း ပတ်သက်ဆွက်သွယ်ကြသည်မသိ။ နောက်ပိုင်းတစ်ချိန်၌ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဖြစ်လာသော စီးပွားရေးပညာရှင် ဒေါက်တာလှမြင့်တို့၏အမေ ဒေါ်သန်းတို့၏အိမ်တွင် သွားနေကြသည်။ ထိုစဉ်က ဒေါက်တာလှမြင့်မှာ လေးငါးတန်းအရွယ်လောက်သာ ရှိသေးသည်။

သက်န်းချွတ်လိုက်ပြီး လူဝတ်ကြောင် ဖြစ်လာသောအခါ ဦးအာစရအမည်ပျောက်ပြီး သူ့နဂိုအမည်ရင်းတွင်လာသည်။သူ့ နဂိုအမည်ရင်းမှာ“ဦးမောင်မောင်အေး”ဖြစ်သည်။ဘုန်းကြီးဘဝကပင် ဦးပဥ္စင်း

http://www.dhammadownload.com



မောင်မောင်အေးဟုလည်းတချို့ကခေါ်ကြသည်။မစန္ဒီသည် ဦးမောင်မောင် အေး နှင့် သားလေးတစ်ယောက်ရပြီး မကြာမီကွယ်လွန်သွားသည်။ ဦးမောင်မောင်အေး၏သားသည်အရွယ်ရောက်လာသော အခါ စစ်တပ် ထဲဝင်သွားပြီး အရာခံဗိုလ်အဖြစ်ဖြင့် အဖေကြီးကိုလုပ်ကျွေးသည်။ သို့သော်လည်း ဦးမောင်မောင်အေးကံမကောင်းရှာပေ။သူ့ကို လုပ်ကျွေး နေသော တစ်ဦးတည်းသော သားလည်း သက်ဆိုး မရှည်ရှာပေ။

ဦးမောင်မောင်အေး နေရေးထိုင်ရေး ကျပ်တည်းလာသည်။ အသက်အရွယ်ကလည်း ကြီးလာပြီ။ သူ့ဘက်ကလည်း ဆွေမျိုးရှိသည်။ မိန်းမဘက်က ဆွေမျိုးများကလည်း ဆွေကြီးမျိုးကြီးထဲက ဖြစ်ကြသည်။ သို့သော် ဦးမောင်မောင်အေးသည် သူတစ်ပါးကို ဒုက္ခမပေးလိုပေ။ မိမိအတွက် သူတစ်ပါးဝန်ထုပ်ဝန်ပိုးဖြစ်နေမည်မှာ အလွန်စိုးရိမ်သည်။ ထို့ကြောင့် သူ့အတွက်အကောင်းဆုံးနေရာကို ရှာသောအခါကံအား လျော်စွာ တွေ့သွားသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာဖြစ်သည်။ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ရောက်လာသောအခါ ဦးမောင်မောင်အေး ကို ကျွန်တော်မကြာခဏ သွားတွေ့သည်။ ငွေကြေးထောက်ပံ့သည်။ အဝတ်အစား ကန်တော့သည်။

တစ်နေ့ဘိုးဘွားရိပ်သာမှ အကြောင်းကြားသဖြင့် ဘိုးဘွားရိပ်သာ ရောက်သွားသောအခါ ဦးမောင်မောင်အေးကို အသက် မမီလိုက်တော့။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ရုပ်ကလာပ်ကိုသာ တွေ့ရတော့သည်။ ရိပ်သာဥ္စပင် သရဏဂုံတင်သည်။ မီးသဂြိုဟ်ရန် ပို့သောအခါ ရိပ်သာမှတာဝန်ရှိနှစ်ယောက်သုံးယောက်သာ လိုက်ပါသွားသည်။ ဘိုးဘွား၏ ရှာပနကို အကျယ်ချဲ့မနေခြင်းသည် ဘိုးဘွားရိပ်သာ၏ ထုံးစံဖြစ်ဟန်တူသည်။ ကျွန်တော်တို့သည် ဦးမောင်မောင်အေး၏ ရုပ်ကလာပ်ကို သယ်ဆောင်သွားသော နိဗ္ဗာန်ယာဉ်ကိုသာလျှင် မျက်စိတစ်ဆုံး မျှော်ကြည့်ကျန်ရစ်ခဲ့ကြသည်။

ကျွန်တော့်တွင် ကံ့ကူလက်လှည့် ယယ်ဆရာများရှိသည်။ ဆရာများထဲက တချို့မှာ ငယ်စဉ်ကတည်းက ကွဲသွားကြရာ နောက်ထပ်ပြန်မတွေ့တော့ပေ။ ထို့ကြောင့် သူတို့ကို ကန်တော့ချင်သော်လည်း ကန်တော့ခွင့်မရတော့ပေ။ ကံ့ကူလက်လှည့် ငယ်ဆရာများထဲက မကွယ်လွန်မီ ကန်တော့ခွင့်ရလိုက်သော ကျွန်တော်၏ ငယ်ဆရာမှာ ဦးမောင်မောင်အေးဖြစ်သည်။

http://www.dhammadownload.com



## ပွဲ့ကိုယ်တော်

ဗုဒ္ဓဘာသာနိုင်ငံ အတော်များများ၌ ယောကျာ်းများသည် အနည်းဆုံး တစ်သက်တစ်ခါ သင်္ကန်းဝတ်ကြသည်။ ထိုင်းနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်ယောကျာ်းတိုင်းလိုလို တစ်သက်တစ်ခါ ရဟန်းခံကြသည်။ မြန်မာနိုင်ငံ၌ကား ဗုဒ္ဓဘာသာဝင် မြန်မာယောကျာ်း တိုင်း တစ်သက် တစ်ခါ ရဟန်းခံ ရမည်ဟူသော မလုပ်မနေရ ဓလေ့ထုံးစံမျိုးမရှိသော်လည်း ယောကျာ်း ဦးရေ အတော်များများ ဒုလ္လဘ ရဟန်းခံလေ့ ရှိကြသည်။ "ဒုလ္လဘ"ဟူသော စကားလုံးမှာ "ရခဲသော အရာဝတ္ထု" ဟူ၍အနက်အဓိပ္ပာယ်ရသည်။ "ဒုလ္လဘ" ရဟန်းခံခြင်းမှာ ကြုံတောင့်ကြုံခဲသာသနာ့ဘောင်၌ ရတောင့်ရခဲ ရဟန်းဘဝကို အခိုက်အတန့်ဖြစ်စေ အရယူကြခြင်းဖြစ်သည်။

သို့သော်လည်း ဗုဒ္ဓဘာသာဝင် မြန်မာယောကျာ်းတိုင်း ဒုလ္လဘ ရဟန်းမခံကြပေ။ ဒုလ္လဘရဟန်း မခံဖူးသော်လည်း တစ်သက်တစ်ခါ သင်္ကန်းနှင့်မူ ထိတွေ့မှုရှိကြသည်ချည်းဖြစ်သည်။ ဗုဒ္ဓဘာသာ မြန်မာယောကျာ်းတိုင်းသည် သူငယ်ဘဝ၌ ရှင်မပြုဘဲ မနေကြပေ။ ရှင်ပြုသည်ကို တစ်ချို့က "သင်္ကန်းချည်သည်" ဟု ပြောကြသည်။ ထို့ကြောင့် မိမိသားယောကျာ်းကလေး အချိန်တန်အရွယ် ရောက်လာ လျှင်

ထက်ဝေယံစာပေ

http://www.dhammadownload.com



ရှင်ပြုမပေးဘဲ မနေကြပေ။ ရှင်ပြုပွဲသည် မြန်မာလူမျိုးတို့၏ ကမ္ဘာကျော်ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့ထုံးစံကြီး ဖြစ်နေပြီ။ ရှင်ပြုပွဲကို ကိုယ့်အင်အား အလျောက် ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြုလုပ်ကြသည်လည်း ရှိသည်။ နည်းနည်း နှင့် ကျဲကျဲဝိုင်းသည်လည်းရှိသည်။

ယင်းဗုဒ္ဓဘာသာမြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ ကျွန်တော်လည်း အသက် ၁၀ နှစ် ၁၁ နှစ်သားအရွယ်လောက်တွင် သာသနာ့နယ်မြေအတွင်း "ရှင်"အဖြစ်နှင့် ရောက်ရှိလာခဲ့သည်။ မိမိနှင့် အတူတကွ ကိုရင်ဝတ်ကြသူများအားလုံးက အလျှိုလျှို ရှင်လိင်ပြန်ကုန်ကြသော်လည်း အဝါရောင်သင်္ကန်းသည် ကျွန်တော့်အပေါ်တွင် လွှမ်းမိုးထားလိုက်လေပြီ။ စတုတ္ထတန်းအဆင့်လောက်နှင့် ပိတ်သွားသော ကျွန်တော်၏ ပညာသင် ကြားရေးလမ်းစသည် သင်္ကန်း၏ အဝါရောင်ထဲတွင် လင်းခနဲလက်ခနဲ တဖန်ပေါ်လာသည်ကို တွေ့ရသည်။

လမ်းစပျောက်နေသူသည် လမ်းစတွေ့ပါက ထိုလမ်းစသည် မိမိ ယခင်က လျှောက်နေသောလမ်း မဟုတ်စေကာမူ မိမိဦးတည်ချက်သို့ ရောက်မည့်လမ်းစ ဖြစ်သည်ဟုသိပါလျှင် ထိုလမ်းစအတိုင်း မလျှောက်ဘဲ နေလိမ့်မည်မဟုတ်ပေ။

လမ်းစပျောက်သွားသော ကျွန်တော်လည်း မိမိရှေ့မှောက်၌ လမ်းစအသစ်တစ်ခုက မိမိအားစောင့်မျှော်နေသည်ကို တွေ့ရသောအခါ လမ်းစ

http://www.dhammadownload.com



အပေါင်း မပါတ်စေကာမူ ထိုလမ်းကို လျှောက်ရန်ဆုံးဖြတ် လိုက်လေသည်။ ကျွန်တော် ရှင်လိင်မပြန်တော့။ ရှင်လိင်ပြန်လျှင် သို့မဟုတ် ထိုလမ်းကို မလိုက်လျှင် ကျွန်တော် လယ်ထွန်ချင်လည်း ထွန်နေရမည်။ စက်ချုပ်ချင်လည်း ချုပ်နေရမည်။ သင်ဖြူးရက်ချင် လည်းရက်နေရမည်။ ဈေးရောင်းချင်လည်း ရောင်းနေရမည်။ ထိုလမ်း လိုက်မိသည့်အတွက်ကြောင့်သာ ကျွန်တော်ယခုဘဝသို့မဟုတ် ယခုအခြေအနေ ရောက်ရှိလာရခြင်းဖြစ်သည်။

ထိုလမ်းစကား ဘုန်းကြီးကျောင်းပညာရေးဖြစ်သည်။ ဘုန်းကြီးကျောင်း၌ ရှင်ကျင့်ဝတ်သင်ရသည်။ သေခိယ သင်ရသည်။ ရှင်ကျင့်ဝတ် သင်ပြီးသောအခါ ဘုန်းကြီးကျောင်းပညာရေး၏ လက်ဦးသင်ခန်းစာဖြစ်သော သဒ္ဒါနှင့်သင်္ဂြိုဟ်စသင်ရသည်။ ကစ္စည်းသဒ္ဒါသည် ပါဠိဗိဋကတ်၏ "ဂရမ္မာ"ဖြစ်သည်။ သင်္ဂြိုဟ်သည် ဗုဒ္ဓအဘိဓမ္မာ ပင်လယ်ကူးသွားရန် အတွက်လှေနှင့် အလားသဏ္ဌာန်တူသည်။

ကျွန်တော့်ကို ဘုန်းကြီးကျောင်းပညာ အခြေခံသင်ကြားပေးသော လက်ဦးဆရာမှာ ဦးကုသလာစာရဖြစ်သည်။ ရှင်ဉာဏိဿရ (ဦးဆန်းထွန်း)၏ လောကုတ္တရာစာပေ လက်ဦးဆရာမှာလည်း ဦးကုသလာစာရပင် ဖြစ်သည်။ ထိုအချိန်က ကျွန်တော်၏အတန်းပညာ ကုံ့ကူလက်လှည့် ဆရာတစ်ဦးဖြစ်သော ဦးအာစရကဲ့သို့ပင် ဦးကု

http://www.dhammadownload.com



သလာစာရလည်း သန့်သနော့ရွာကျောင်း၏ ခမ်းနေဦးပဥ္စင်းမျှသာ ဖြစ်သည်။ ဦးကုသလာစာရ နှင့် ဦးအာစရတို့သည် ခေတ်ပြိုင် ဖြစ်ကြသည်။ တစ်ပါးက ကိုရင်များကို ဘုန်းကြီးကျောင်းပညာရေးသင် ကြားပေးပြီး တစ်ပါးကကျောင်းသားများအား ဂဏန်းသင်္ချာ စသော အတန်းပညာများသင်ကြားပေးသည်။နောက်ပိုင်း၌ ဦးအာစရက လူထွက်သွားပြီး ဦးကုသလာစာရကမူ ဘုန်းကြီးဘဝ နှင့်ပင် အရိုးထုတ် သွားသည်။ ကျွန်တော်တို့ရွာသား ရဟန်းအတော်များများရှိသည်။ ဦးကုသလာစာရမှတစ်ပါး ကျန်အားလုံးလူထွက် ကုန်ကြသည်။ ဦးကုသ လာစာရကို ကျွန်တော်တို့ရွာက "ဦးခန့်" ဟုခေါ်ကြသည်။ ကျွန်တော် တို့လည်း သူ့ကွယ်ရာတွင် "ဦးခန့်" ဟုပင်ခေါ်သည်။ ငယ်နာမည် ၊ လူနာမည် နှုတ်ကျိုးနေသော တချို့ဘုန်းကြီးများအတိုင်းဖြစ်သည်။

ဦးကုသလာစာရတွင် ထူးခြားချက်အများအပြားရှိသည်။ ဦးကုသလာစာရသည် မသွားနိုင်ပေ။ လုလင်အရွယ်လောက်က ရောဂါ ဝေဒနာခံစားရပြီးနောက် အကြောဆိုင်းသွားပြီး ခြေထောက်ကွေးသွား သည်မှာ ကျွန်တော်တို့မမွေးခင်က ဖြစ်သည်။ ယင်းအခြေအနေရောက် သွားသည်မှာ ကျွန်တော်တို့မမွေးခင်ကဖြစ်သည်။ ယင်းအခြေအနေ ဖြင့်ပင် ရဟန်းဖြစ်လာသည်။ ထူးခြားသည်မှာ ဦးကုသလာစာရသည် ရဟန်း ဖြစ်လာသောအခါ ဆရာသမားတစ်ဦးဦးထံ ဟုတ်တိပတ်တိ

ထက်ဝေယံစာပေ

http://www.dhammadownload.com



စာမသင် ရဘဲနှင့် စာတတ်ပေတတ်ဖြစ်လာသည်။ ကျွန်တော်မမွေးခင်ကပင် စာတတ်ပေတတ်ရဟန်းတစ်ပါး ဖြစ်နေပြီဖြစ်၍ မည်သို့မည်ပုံ စာသင်ကြား တတ်မြောက်လာသည်ဆိုသည်ကို မသိပေ။ ကျွန်တော်တို့လူမှန်းသူမှန်း သိတတ်သောအရွယ်၌ ဦးကုသလာစာရသည် စာပေပရိသတ် တတ်ကျွမ်းရုံသာမက ဓမ္မကထိက အကျော်တစ်ပါးလည်းဖြစ်နေပြီ။

ဦးကုသလာစာရသည် ဖြူဖြူဖွေးဖွေး ခန့်ခန့်ကြီးဖြစ်သည်။ ကြည်ညိုဖွယ်အလွန်ကောင်းသည်။ သို့ရာတွင်မသွားနိုင်ပေ။ ပက်လက်ကုလားထိုင်ပေါ်တွင် တစ်ချိန်လုံးထိုင်နေသည်။ ကျောင်းပေါ် တွင်တစ်နေရာမှ တစ်နေရာသို့ သွားလိုလျှင် လက်နှစ်ဖက် ကြမ်းပြင် တွင်ထောက်ပြီး ဖင်ရွှေ့ဖင်ရွှေ့သွားသည်။ သင်ဖျာရက်လုပ်သည့်ရွာ ဖြစ်သဖြင့် ကျောင်းပေါ်တွင် ဦးကုသလာစာရ ဖင်ရွှေ့ဖင်ရွှေ့ သွားရန် အတောင်ငါးဆယ် တစ်ရာလောက်ရှိသော သင်ဖြူး ဖျာရှည်ကြီးကို ရက်ပြီးလျှခါန်းထားသည်။ခင်းထားသော ထိုသင်ဖြူးဖျာရှည်ကြီးပေါ်တွင် လက်ထောက်ပြီး ဖင်ရွှေ့ ဖင်ရွှေ့နှင့် တစ်နေရာမှ တစ်နေရာ သို့သွားသည်။

ကျောင်းအောက်ဆင်းလိုသည့်အခါ၌ဖြစ်စေ၊ မလှမ်းမကမ်းသွားလိုသည့်အခါ၌ ဖြစ်စေ၊ လူနှစ်ယောက်က ပွေ့သွားရသည်။ ဘေးနှစ်ဖက်၌ ရှိနေသော လူနှစ်ယောက်၏ပခုံးကို ဦးကုသလာစာရက သူ့လက်တစ်

http://www.dhammadownload.com



ဖက်စီဖြင့် သိုင်းဖက်ထားသည်။ ဘေးနှစ်ဖက်၌ရှိသော လူနှစ်ယောက်က လက်တစ်ဖက်ဖြင့် ဘုန်းကြီး၏ကျောကိုဖက်ထားရပြီး ကျန်လက်တစ်ဖက်ဖြင့် ဘုန်းကြီး၏ဒူးခေါင်းအောက်က မထားရသည်။ ထိုနည်းဖြင့် ဘုန်းကြီးကိုပွေ့ချီသွားရသည်။ ပွေ့ချီသွားရသောကြောင့် ဦးကုသလာစာရကို "ပွေ့ကိုယ်တော်"ဟု ခေါ်ကြသည်။ ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်သဖြင့် ဘုန်းကြီးကို ပွေ့သွား ရကြသူများမှာ မသက်သာကြပေ။ ဟောဟဲဟောဟဲ ဖြစ်နေကြသည်။ စော်တော်တန်တန်ဗလနှင့် မပွေ့နိုင်ကြ။ အပေါ်နှင့်အောက် အဆင်းအတက် လုပ်ရသည့်အခါ ပို၍ ပင်ပန်းသည်။

ဘုန်းကြီးကလည်း ခရီးအင်မတန်သွားချင်သည်။ မသွားနိုင်သူများ ပိုပြီးသွားချင်သည့်သဘောလားမသိပေ။ ဓမ္မကထိကဖြစ်နေသည့်အတွက်ကြောင့်လည်း ပင့်ဖိတ်သူများ လက်မလည်အောင်ဖြစ်နေသည်။ ဟင်္သာတခရိုင်အတွင်း ခရီးသွားရုံမျှမကဘဲ ဟင်္သာတခရိုင် နယ်နိမိတ်ကိုကျော်ပြီး ပုသိမ်ဘက်သို့ပင် ရောက်သွားလိုက်သေးသည်။ မီးရထားနှင့်ခရီးသွားလျှင် ရထားတွဲထဲတွင်ရှိသော မျက်နှာချင်းဆိုင်ထိုင်ခုံနှစ်ခုပေါ်တွင် ခွတင်ထားသော ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်သည်။ ခရီးသွားလျှင် ပွေ့ချီရန်အတွက် အားကောင်းမောင်းသန် ကိုရင်ကြီးနှစ်ပါးကိုဖြစ်စေ၊ သို့မဟုတ် ကျောင်းသားကြီးနှစ်ယောက်ကိုဖြစ်စေ ခေါ်သွားရသည်။ လမ်းခရီးတွင် ပွေ့ချီဖို့ကြုံ လာပါက

http://www.dhammadownload.com



တစ်ခါတစ်ရံ သိသိ ၊ မသိသိ ကြုံရာလူကိုလည်းခေါ်ပြီး ပွေ့ချီခိုင်းသည်။ တစ်နယ်လုံးက "ပွေ့ကိုယ်တော်"မှန်း သိနေကြသဖြင့် တွေ့သည့်လူတိုင်းလိုလိုကပင် စိတ်ပါလက်ပါပွေ့ချီပေးတတ်ကြသည်။

ဦးကုသလာစာရ၏ ထူးခြားချက်မှာ သူတစ်ပါးပွေ့ချီမှ ခရီးသွားနိုင်သည့် အခြေအနေဖြစ်နေသော်လည်း ဟင်္သာတနယ်အတွင်း ထင်ပေါ်ကျော်ကြားနေသော ဓမ္မကထိကတစ်ပါး ဖြစ်နေခြင်း ဖြစ်သည်။ အသံသြဇာရှိသည်။ အဟောအပြော ကောင်းသည့် ကျမ်းဂန်ပိုင်နိုင်သည်။ သူ၏တရားကိုတစ်ခါနာမိလျှင် စွဲသွားကြသည်။ထပ်ကာထပ်ကာ နာချင်ကြသည်။ ထို့ကြောင့်ဟိုနေရာ သည်နေရာ မှပင့်ကြသည်။ သူ့ကို ပင့်ရသည်မှာ ရိုးရိုးဓမ္မကထိကတစ်ပါးကို ပင့်ရသည်နှင့်မတူ။ အခက်အခဲ အမျိုးမျိုးရှိသည်။ ခက်ခက်ခဲခဲပင့် ကြရသည်။ ဦးကုသလာစာရ ကလည်း ပင့်သည့်နေရာတိုင်းလိုက်သည်။ အခက်အခဲရှိသည်ဟူ၍ မထင်၊ ရိုးရိုး သွားနိုင်လာနိုင်သော ဘုန်းကြီးတစ်ပါးကဲ့သို့ပင် မညည်း မညူကြွသည်။

ဦးကုသလာစာရသည် စောစောပိုင်းက လယ်တီဆရာတော်ကြီး ကဲ့သို့ပင် နွားသားရှောင်ကြဉ်ရေးတရားကို အဓိကထားဟောကြားသည်။ သူ၏တရား၌ နွားသားရှောင်ကြဉ်ရေးလွှမ်းနေသည်။ "ဂေါထာမံသကထာ" အမည်ဖြင့် ဦးကုသလာစာရရေးထားသော ကျမ်းစာအုပ်တစ်အုပ်ပင်ရှိသည်။ နောက်ပိုင်း၌မူ နွားသားရှောင်ကြဉ်ရေးတရားကို အဟောနည်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



သွားပြီး အထွေထွေတရား အဟောများလာသည်။

ဦးကုသလာစာရသည် ကျွန်တော်၏ ဘုန်းကြီးကျောင်း ပညာသင်ကြားရေး သို့မဟုတ်ပရိယတ္တိပညာ သင်ကြားရေးအတွက် လက်ဦးဆရာ ဖြစ်သည်။ ကျွန်တော် လူဝတ်လဲချိန်အထိ ဦးကုသလာစာရခေါ် ဦးခန့်ခေါ် ပွေ့ကိုယ်တော် သည် သက်တော်ထင်ရှား ရှိနေတုန်းဖြစ်သည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



# ပဗ္ဗဇ္ဇိတမင်္ဂလာ

"သကလ ဝဋ္ဋဒုက္ခ နိဿရဏာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံကာသာဝံ ဂဟေတွာ ပဗ္ဗဇေထ မံ ဘန္တေအနုကမ္ပံ ဥပါဒါယ"

သံသရာဝဋ်ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ပါရခြင်း အကျိုးဌာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးဌာ ဤသင်္ကန်းကို ယူပြီးလျှင် တပည့်တော်အား သနားငဲ့ညှာသောအားဖြင့် ရှင်သာမဏေ ပြုပေးတော်မူပါဘုရား-

ဆံပင်ရိတ်ပြီးစ ရှင်လောင်းဆယ်ပါးသည် ဘုန်းတော်ကြီး၏ရှေ့၌ ဆောင့်ကြောင့်ထိုင်ပြီးလျှင် မိမိတို့ဝတ်ရုံရမည့် သင်္ကန်းကိုလက်နှစ်ဖက်ဖြင့် ကိုင်လျက်ဘုန်းတော်ကြီး ချပေးသော သင်္ကန်းတောင်းကို လိုက်ဆိုနေကြသည်။ ရှင်လောင်းများသည် ၁၀ နှစ် ၁၁ နှစ်အရွယ် မျှလောက်သာရှိကြသေးသည်ဖြစ်၍ သံသရာဝဋ်ဆင်းရဲ ကိုလည်းနားမလည်ကြသေးပေ။ နိဗ္ဗာန်ဆိုသည်မှာ ဝေလာဝေး။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း တစ်သက်တစ်ခါအရွယ်ရောက်ချိန်၌ သာသနာ့ဘောင်အတွင်း အဖျင်းဆုံးတစ်ကြိမ်တစ်ခါ ဝင်ရောက်ရမည်ဟူသော အစဉ်အလာရှိ၍ ကလေးကျောင်းသား

http://www.dhammadownload.com



အရွယ်၌ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးကလေးသူငယ်များသည် ရှင်သာမဏေ ပြုကြသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာ ၌ ပဗ္ဗဇ္ဇိတမင်္ဂလာဟူသော ရှင်ပြုအခမ်းအနား သည် ကြီးမားသော အခန်း ကဏ္ဍကပါဝင်နေသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက် ရဟန်းမပြုလိုက မပြုဘဲနေ၍ရသော်လည်း တစ်သက်တစ်ခါ ရှင်သာမဏေမပြုဘဲ မနေကြပေ။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မိမိတို့သားကို ရှင်မပြုရလျှင် အသေမဖြောင့် ကြပေ။ ထို့ကြောင့် မရှိဆင်းရဲသူများပင် မိမိတို့ စွမ်းအားရှိသမျှကြိုးစား၍ မိမိတို့သားကို သင်္ကန်းချည်ပေးလေ့ရှိကြသည်။

ဘုန်းတော်ကြီး၏ ရှေ့မှောက်၌သင်္ကန်းကို လက်နှစ်ဖက်ဖြင့်ကိုင် ပြီး ဆောင့်ကြောင့်ထိုင်ကာ ဘုန်းတော်ကြီးချပေးသော သင်္ကန်းတောင်း ကို လိုက်ဆိုနေကြသော ရှင်လောင်းဆယ်ပါးထဲတွင် မိမိလည်းတစ်ဦး အပါအဝင်ဖြစ်သည်။

ဆယ်နှစ် ဆယ့်တစ်နှစ်သားအရွယ် ရောက်လာသောအခါ ကျွန်တော်ရှင်အလွန်ပြုချင်နေသည်။ သင်္ကန်း အလွန်ဆီးချင်သည်။ သင်္ကန်းဆီးချင်စိတ်ပေါ်လာသည်မှာ သင်္ကန်းတောင်းတွင် ရွတ်ဆိုရသော သံသရာဝဋ်ဒုက္ခ ကြောက်သောကြောင့်လည်းမဟုတ်ပေ။ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသောကြောင့်လည်းမဟုတ်ပေ။ သံသရာဝဋ်ဒုက္ခကို

ထက်ဝေယံစာပေ

http://www.dhammadownload.com



မကြောက်သည်မှာ ကြောက်ရမှန်းမသိတတ်သည့်အရွယ်ဖြစ်နေသည့် အတွက်ကြောင့်လည်း ဖြစ်သည်။ သံသရာဝဋ်ဒုက္ခကို ကြောက်ရမှန်း သိတတ်သည့် အရွယ်ရောက်နေကြသူများပင် သံသရာဝဋ်ဒုက္ခကို ကြောက်ကြပါသလော။ သံသရာဝဋ်ဒုက္ခကို အမှန်တကယ်ကြောက်ကြ သူများမှာ တရားသဘောကို လေးလေးနက်နက်သိမြင်သဘောပေါက် နေကြသူများသာဖြစ်သည်။ သံသရာဝဋ်ဒုက္ခကို မကြောက်သည့်အတွက် ကြောင့် သံသရာဝဋ်ဒုက္ခထဲတွင် တဝဲလည်လည်ဖြစ်နေကြမည့် အပြု အမူများကို တစ်သက်လုံးလုပ်ကိုင်နေကြသည် မဟုတ်လော။

နိဗ္ဗာန်ဆိုသည်မှာလည်း ထိုနည်းအတိုင်းပင် ။ ဘုန်းတော်ကြီး ကချပေး၍ "နိဗ္ဗာန်ကို မျှော်မှော်ပြုပါရခြင်းအကျိုးဟာ " ဟူ၍ လိုက်ဆို ရသော်လည်း မိမိအသက်အရွယ်နှင့် နိဗ္ဗာန်ကိုသိရှိ နားလည်နိုင်ပါမည်လော။ မိမိအနေနှင့် နတ်မော်အနီးက "နိဗ္ဗာန်" ထက်ပိုပြီး တခြားနိဗ္ဗာန် ကို မျှော်မှော်ပြုလိုပါသည်ဟု ဘယ်လောက် ပင် အော်နေ အော်နေ၊ ကြွေးကြော်နေ၊ ကြွေးကြော်နေ၊ ဘယ်လောက် ပင် ဆုတောင်းနေ ဆု တောင်းနေ နိဗ္ဗာန်ကကိုယ့်ဆီ ရောက်လာလိမ့် မည် မဟုတ်ပေ။ မိမိ ကိုယ်တိုင် ကြိုးစားအားထုတ်ပါမှ မိမိကိုယ်တိုင် ဝိပဿနာနည်းဖြင့် ကြိုးစားအားထုတ် ကျင့်ကြံပါမှ နိဗ္ဗာန်ကိုမျှော်မှော် ပြုနိုင်ပေလိမ့်မည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ယင်းသို့ဖြစ်လျှင်မိမိသည် အဘယ်ကြောင့် ဘုန်းတော်ကြီးအား သနားသောအားဖြင့် သက်န်းဆီးပေးပါဘုရား ဟူ၍လျှောက်ထားတောင်း ပန်နေသနည်း။ အမှန်ပြောရလျှင်ကျွန်တော်ကိုရင်ဝတ်လိုသည်မှာ "သံသရာဝဋ္ဋဒုက္ခ နိဿရဏာယ"ဟူ၍ ဆိုသာ ဆိုနေရသော်လည်း သံသရာဝဋ်ဆင်းရဲကို ကြောက်သောကြောင့်လည်းမဟုတ်ပေ။ ကြောက်ရမှန်းလည်းမသိပေ။ "နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ"ဟူ၍ ဆိုသာဆိုနေ ရသော်လည်း နိဗ္ဗာန်ကိုမျက်မှောက် ပြုလိုသော ကြောင့် လည်း မဟုတ်ပေ။ နိဗ္ဗာန်ကိုမျက်မှောက်ပြုလို့ ရကောင်းမှန်း လည်းမ သိပေ။ မိမိ ကိုရင်ဝတ်လိုသည်မှာ ကိုရင်ဝတ်နှင့် စာသင်လိုသော ကြောင့်ဖြစ်သည်။ ကိုရင်ဝတ်နှင့် စာသင်လိုသော စိတ်မှာလည်း အပေါ်ယံအထပ်လွှာ၌ကိန်းအောင်းနေသောဆန္ဒဖြစ်သည်။ ယင်းဆန္ဒကို လှုံ့ဆော်အားပေးနေသော တွန်းအားမှာ မိမိ၏အခြေအနေဖြစ်သည်။

ကျွန်တော်တို့ရွာ၌ မူလတန်းကျောင်းမျှသာရှိသည်။ စတုတ္ထ တန်းအောင်လျှင် ပညာသင်ကြားရေး လမ်းဆုံးသွားသည်။ ကျွန်တော်၏ မိဘများမှာ လက်လုပ်လက်စားများသာဖြစ်ကြ၍ ကျွန်တော်စတုတ္ထတန်း အောင်လျှင် ဟသ်ာတမြို့ရှိ အင်္ဂလိပ်ကျောင်း များ၌ ထားနိုင်သည့် အခြေ အနေမရှိပေ။ ထိုအချိန်က အင်္ဂလိပ်ကျောင်း များ၌ နေရသည်မှာ စရိတ်စက ကြီးလွန်းလှသည်။ ကျွန်တော်တို့လို ဆင်းရဲသားသားသမီး

ထက်ဝေယံစာပေ

http://www.dhammadownload.com



များမှာ အင်္ဂလိပ်ကျောင်းနား သီပင်မသိနိုင်ပေ။

ယင်းအခြေအနေ၌ ကျွန်တော်တို့၏ ပညာရေးထွက်ပေါက်မှာ ဘုန်းကြီးကျောင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်မသိစိတ် အောက် အလွှာ ၌ ကိန်းအောင်းနေသော တွန်းအားကို မိမိကိုယ်တိုင်ပင် သတိမထားမိပေ။ ပညာသင်လိုသည့်စိတ်က ကျွန်တော့်ကို ကိုရင်ဝတ် ရန် စေ့ဆော်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် မိဘရှင်ပြုမည့်အချိန်ကိုပင် မစောင့် တော့ဘဲ ဦးအာစရ စာသင်ကျောင်း၏ စုပေါင်းရှင်ပြုပွဲတွင် ရှင်တစ်ပါး အဖြစ် ပါဝင်ပြီး သင်္ကန်းဆီးသည်။

ဦးအာစရကလည်း ဝါသနာတစ်မျိုးဖြစ်သည်။ သူ့ကျောင်းတွင် ကျောင်းတက်သော ကျောင်းသားများထဲက အရွယ်ရောက်သူ ကျောင်း သားများကို မဲဖောက်၍စုပေါင်းရှင်ပြုပွဲကျင်းပ ပြုလုပ်လေ့ရှိသည်။ ထိုနှစ် တွင် ကျင်းပပြုလုပ်သော စုပေါင်းရှင်ပြုပွဲ၌ ကံအားလျော်စွာ ကျွန်တော် မဲပေါက်သည်။ မိဘများက ပထမတားကြသေးသည်။ သူတို့ရှင်မပြုခင် သူတို့၏သားကို တခြားလူများက အရင်ဦးပြီး ရှင်မပြုစေလိုကြပေ။ သို့သော်လည်း ကျွန်တော်၏ပြင်းထန်သော ဆန္ဒကိုမိဘများသည် မပိတ်ပင် မတားမြစ်နိုင်ကြတော့ပေ။ ကျွန်တော် ငွဲကောင်းနေသဖြင့် ကျွန်တော်၏ ပြင်းထန်သော ဆန္ဒကို မလိုက်လျော ဘဲ မနေနိုင်ကြတော့ပေ။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဘုန်းတော်ကြီးထံ၌ သင်္ကန်းတောင်းပြီးသောအခါ သင်္ကန်းဆီးသည်။ သင်္ကန်းဆီးပြီးသောအခါ သရဏဂုံ ရွတ်ဆိုသည်။ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော သရဏဂုံကို ဘုန်းတော်ကြီးတိုင်ပေးသည့်အတိုင်း လိုက်ဆိုရသည်။ သရဏံဂုံကို နှစ်မျိုးရွတ်ဆိုရသည်။

ပထမတစ်မျိုးမှာ စည်းကမ်းသတ်မှတ်ချက် တင်းကျပ်သည့်"ဒ္ဓံ"၊ "ဓံ"၊ "ဃံ"၊ ဟူသော စကားလုံးများကို ဌာန်ကရိုဏ်းကျကျရွတ်ဆိုရသည်။ ယင်းစကားလုံးများကို ဌာန်ကရိုဏ်းကျကျရွတ်ဆိုတတ်ဖို့ရန်မှာ မလွယ်ပေ။ တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် အလေ့အကျင့် လုပ်ပြီးမှသာ ရွတ်ဆို၍ရသည်။ "ဌာန်ကရိုဏ်းကျကျ"ဟူသည်မှာ ခပ်ပြင်းပြင်းဆိုရသည်ဟူ၍ အချို့က ထင်မှတ်နေကြသည်။ ခပ်ပြင်းပြင်းဆိုရုံမျှနှင့် ဌာန်ကရိုဏ်းကျသည်ဟု မဆိုနိုင်ပေ။

မြန်မာလူမျိုးတို့၏ အသံထွက်မှာ "ဒ"နှင့် "ဓ"သည် လည်းကောင်း၊ "ဂ"နှင့်"ဃ"သည် လည်းကောင်း တစ်မျိုးတည်း ဖြစ်သည်။ ဌာန်ကရိုဏ်းကျကျ ဆိုရသည်ဟူသည်မှာ "ဓ"ကို "ဒ"နှင့် ကွဲအောင်ဆိုရခြင်းဖြစ်သည်။ "ဃ"ကို "ဂ"နှင့်ကွဲအောင် ဆိုရခြင်းဖြစ် သည်။ ယင်းအက္ခရာ များ၏ ပင်မဖြစ်သော အိန္ဒိယနိုင်ငံ၌ "ဒ"နှင့် "ဓ"သည်လည်းကောင်း၊ "ဂ"နှင့်"ဃ"သည် လည်းကောင်း၊ အသံထွက် မတူကြပေ။ မြန်မာ့လျှာ၊

http://www.dhammadownload.com



မြန်မာ့အာနှင့် ယင်းအကွာရာများကို ဗှာန် ကရိုဏ်းကျကျ ဆိုတတ်ဖို့မှာ မလွယ်ပေ။

သရဏဂုံကို ဗှာန်ကရိုဏ်းကျကျ ဆိုတတ်မှ ကိုရင်ဖြစ်သည်ဟု ဆိုလျှင်ကား ရှင်ပြုသော်လည်း ဘိုးသူတော်တဝမှ မတက်သူများ အတော်များများ ရှိပေလိမ့်မည်။ ဤ၌ သဘာဝကျကျ စဉ်းစားဖို့ လိုလိမ့်မည် ထင်သည်။ စကားလုံးနှင့် အနက်အဓိပ္ပာယ် နှစ်မျိုးရှိ သည့်အနက် အနက်အဓိပ္ပာယ်ကအဓိကဖြစ်သည်။ အနက်အဓိပ္ပာယ် သိဖို့အရေးကြီးသည်။ စကားလုံး၏ အသံထွက်သည် လူမျိုး တစ်မျိုးနှင့်တစ်မျိုး တူချင်မှတူမည်။ မြန်မာ့လျှာ၊ မြန်မာ့အာက တခြား။ အိန္ဒိယလျှာ အိန္ဒိယအာက တခြားဖြစ်သည်။ ပါဠိကို ရွတ်ဆိုရာ၌ ပင်မဖြစ်သော အိန္ဒိယအသံထွက် အတိုင်း လိုက်ထွက်မှ မှန်မည်ဟု ဆို၍ရမည်လော။

ယင်းသို့ဗှာန်ကရိုဏ်းကျကျ ရွတ်ဆိုမှ မှန်မည်ဆိုလျှင် ယနေ့ ရွတ်ဖတ် သရဇ္ဈာယ်နေကြသော ပရိတ်တရားတော်နှင့် ဂါထာမန္တာန် များသည် အကျိုးအာနိသင် ရှိနိုင်မည်မဟုတ်ပေ။ ရွတ်ဖတ် သရဇ္ဈာယ် နေကြသူတိုင်း ဗှာန်ကရိုဏ်းကျကျ ရွတ်ဖတ်သရဇ္ဈာယ် တတ်ဖို့ မလွယ်ပေ။

ယင်းအချက်နှင့် စပ်လျဉ်း၍ဗုဒ္ဓ၏ ဩဝါဒတစ်ခုကို ထည့်သွင်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



စဉ်းစားသင့်သည်။ ဗုဒ္ဓလက်ထက်တော်အခါက ရဟန်းတစ်ပါးသည် ဗုဒ္ဓ၏ တရားဒေသနာတော်ကို "ဆန္ဒ"ဘာသာစကားဖြင့် အက္ခရာတင် ရန် ကြိုးစားအားထုတ်သည်။ "ဆန္ဒ" ဘာသာစကားမှာ ဝေဒကျမ်းဂန်သုံး အထက်တန်းသက္ကတ ဘာသာစကားဖြစ်သည်။ "ဆန္ဒ"ဘာသာစကား သည် အထက်တန်းလွှာသုံးဖြစ်သည်။ လူနည်းစုသုံးဖြစ်သည်။ ထိုအခါ ဗုဒ္ဓက ငါ၏ဒေသနာတော်ကို "ဆန္ဒ" ဘာသာစကားဖြင့် အက္ခရာတင် ရန် ကြိုးစားလျှင် ကြိုးစားသော ရဟန်းသည် အာပတ်သင့်စေဟု တင်း တင်းကျပ်ကျပ် ပညတ်တော်မူသည်။ ဗုဒ္ဓသည် မိမိဟောကြား တော်မူ သော ဒေသနာတော်ကို လက်တစ်ဆုပ်စာမျှသော လူများနား လည်သော ဘာသာစကားဖြင့် ရှိမနေစေလိုပေ။ ပြည်သူသုံး ဘာသာစကားဖြင့်သာ ရှိစေလိုတော်မူသည်။ ပါဠိဘာသာစကားသည် ထိုခေတ်က ပြည်သူသုံး စကားဖြစ်သည်။ မိမိဟောကြားတော်မူသော တရားဒေသနာတော်ကို မည်သည့် ဘာသာစကားဖြင့်မဆို ဘာသာ ပြန်ဆိုခွင့်ကိုလည်း ဗုဒ္ဓကခွင့်ပြုတော်မူသည်။

ကိုရင်များအတွက် သတ်မှတ်ထားသော ဒုတိယသရဏဂုံ ရွတ်ဆိုနည်းမှာ ပထမနည်းလောက် မတင်းကျပ်ပေ။ လျော့လျော့ပေါ့ပေါ့ လုပ်ထားသည်။ "အံ"ကာရန်ကို ပါးစပ်ဖွင့်၍ ရွတ်ဆိုရခြင်းဖြစ်သည်။ ပထမ စည်းကမ်းချက်၌ "အံ"ကို ပါးစပ်ပိတ်၍ ရွတ်ဆိုရသည်။

http://www.dhammadownload.com



ဒုတိယရွတ် ဆိုနည်း၌ စည်းကမ်းချက်တင်းကျပ်မှု မရှိသဖြင့် ရွတ်ဆိုရာ၌ အခက်အခဲ မရှိပေ။ ဒုတိယနည်းဖြင့် သရဏဂုံ ရွတ်ဆိုလျှင်လည်းကိုရင်ဖြစ်သည်။ ထို့ကြောင့် ရှင်ပြုသောအခါ ရှင်လောင်းများအား နည်းနှစ်မျိုးဖြင့် သရဏဂုံပေးသည်။ ကြိမ်တစ်ကြိမ် နှင့် တုပ်ပြီး နောက်တစ်ကြိမ်ဖြင့် ထပ်ချည်ခြင်း ဖြစ်သည်။ ဒုတိယနည်း ကယ်ပေလိုသော တော်တော့သည်။ သို့မဟုတ် လျှင် ရှင်ပြုသော်လည်း ရှင်မဖြစ်ဘဲ ဒိုးသူတော်ဘဝက တက်ကြမည် မဟုတ်ပေ။ သရဏဂုံ ဆိုပြီးသောအခါ ဆယ်ပါးသီလ ခံရသည်။ ဆယ်ပါး သီလယူပြီးသောအခါ "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" (အရှင်ဘုရား သည် တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်ပါဘုရား) ဟု ဆိုပြီးလျှင် ဆရာဘုန်းတော်ကြီး တစ်ပါးပါးကို ဥပဇ္ဈာယ်ဆရာအဖြစ် မြှောက်ရသည်။

ကျွန်တော် ကိုရင်ဖြစ်သွားပြီ။ ဘဝပြောင်းသွားပြီ။ အိမ်၏ ပတ်ဝန်းကျင်မျိုး မဟုတ်တော့ဘဲ ဘုန်းကြီးကျောင်းပတ်ဝန်းကျင်နှင့် ထိတွေ့လာရသည်။ ဘုန်းကြီးကျောင်းပတ်ဝန်းကျင်ကို သဘောကျ နေသည်။ ကျွန်တော်နှင့်အတူ ရှင်ပြုကြသော ကိုရင်တွေအားလုံး ထွက်သွားကြသော်လည်း ကျွန်တော်ရှင်လိင်မပြန်ပေ။ ကျွန်တော် ရှင်လိင်ပြန်မည်ကို စောင့်မျှော်နေသူလည်းမရှိပေ။ ကျွန်တော့်အမေ ကသာ ဘုန်းကြီးကျောင်း လာ လာပြီး ကျွန်တော့်ကို ရှင်လိင်ပြန်ဖို့

ထက်ဝေယံစာပေ

http://www.dhammadownload.com



မကြာခဏပြောသည်။ ကျွန်တော်ကိုရင်ဘဝနှင့် ပျော်နေပြီ။ အမေခဏခဏလာပြီး လူထွက်ရန် နားချသော်လည်း ကျွန်တော် ရှင်လိင်မပြန်တော့ဘဲ ကိုရင်ဆက်ဝတ် နေသည်။ ထိုအချိန်က စခဲ့သော ကျွန်တော်၏ ဝတ်ရုံသက်န်းသည် နှောင်နှစ်ပေါင်းများစွာ ကြာသည်အထိ ကျွန်တော်၏ ကိုယ်နှင့်မကွာတော့ပေ။

http://www.dhammadownload.com



# အင်ပူ

ဟသ်ာတ - ကြံခင်းရထားလမ်းတွင် အင်ပူအမည်ရှိ ဘူတာလေး တစ်ဘူတာရှိသည်။ အင်ပူသည် မြို့ကလေးတစ်မြို့ ဖြစ်သည်။ အင်ပူကို အုတ်ဖိုဟူ၍လည်းခေါ်သည်။ ဒွါရဂိုဏ်းစတင်တည်ထောင်သော အုတ်ဖို ဆရာတော်ကြီး နေထိုင်သီတင်းသုံးသော မြို့ဖြစ်၍ အင်ပူသို့မဟုတ် အုတ်ဖိုသည် ထင်ရှားကျော်ကြားသော မြို့ကလေးတစ်မြို့ ဖြစ်နေသည်။ ပီမိုးနင်းလည်း တစ်ချိန်က အင်ပူမြို့တွင်နေထိုင်ဖူးသည်။

ကျွန်တော်လည်း အသက် ၁၁ နှစ် ၁၂နှစ် အရွယ်လောက်က အင်ပူတွင် တစ်မိုးနေထိုင်ဖူးသည်။

ကျွန်တော်၏ ဘုန်းကြီးကျောင်းစာ ကုံကူလက်လှည့် ဆရာ ဦးကုသလာစာရခေါ် ဦးခန့်ခေါ် "ပွေ့ကိုယ်တော်" သည် ဟသ်ာတခရိုင် အတွင်း၌ နာမည်ကျော် မေ္မကထိကတစ်ပါးဖြစ်သည်။ တစ်နေ့ အင်ပူ မြို့မှ ဦးဘဝွမ်း ၊ ဦးဘကြမ်း ၊ ဦးလွင်စသော ဒါယကာ လေးငါးဦး ကျွန်တော်တို့ဘုန်းကြီးကျောင်း ရောက်ရှိလာကြသည်။ ထိုဒါယကာများ သည် ဦးခန့်၏တရားကို နာဖူးကြသည်ဖြစ်၍ နှစ်ခြိုက်သဘောကျနေ ကြသူများဖြစ်သည်။ မည်မျှ သဘောကျနေသနည်းဆိုလျှင် တစ်ကြိမ် တစ်ခါ နာရခြင်းထက် တစ်ဝါတွင်းလောက် ဥပုသ်နေ့တိုင်း နာရလျှင်

http://www.dhammadownload.com



ကောင်းမည်ဟူ၍စိတ်ဆန္ဒထက်သန်နေကြသည်ဖြစ်၍ ဦးကုသလာစာရကို အင်္ဂပူတွင် တစ်ဝါဆိုရန် လာပင့်ကြခြင်းဖြစ်သည်။

ဦးကုသလာစာရကို လာပင့်ရသည်မှာ မလွယ်ပေ။ လမ်းမလျှောက်နိုင်သော "ပွေ့ကိုယ်တော်"ဖြစ်၍ တကာယ်ပင် "ပင့်"သွား ရသည်။ ပွေ့သွားရသည်။ ချီသွားရသည် ။ ဦးကုသလာစာရ အင်္ဂပူကြွ သောအခါ ထိုအချိန်က "ရှင်ပုဏ္ဏရိက" အမည်ဖြင့် ကိုရင်ဖြစ် နေပြီဖြစ်သော ကျွန်တော်လည်း ဆရာဘုန်းကြီး၏ ဆေးပေးမီးယူအဖြစ် အင်္ဂပူလိုက်ပါသွားရသည်။ ဦးကုသလာစာရပေးသော ကျွန်တော်၏ ပထမကိုရင်ဘွဲ့ အမည်မှာ "ပုဏ္ဏရိက" ဖြစ်သည်။ ထို့ကြောင့် ယခု တစ်ခါတစ်ရံ ကလောင်ခွဲအဖြစ် ကျွန်တော် "ပုဏ္ဏရိက" အမည်ဖြင့် စာရေးခြင်းဖြစ်သည်။

အင်္ဂပူ ရောက်သွားသောအခါ ကျွန်တော်တို့ကို ကျောင်းတိုက် တစ်တိုက်၌ မထားဘဲ ယာယီကျောင်းဖန်တီးပြီး လွတ်လွတ်လပ်လပ် သီးခြားထားသည်။

အင်္ဂပူမြို့လယ်ခေါင်၌ ရွှေဆံတော်ဘွဲ့မည်ရှိ တန်ခိုးကြီးဘုရား တစ်ဆူရှိသည်။ ထိုစေတီကြီးသည် အင်္ဂပူမြို့၌ ဉာဏ်တော်အကြီးဆုံး ဖြစ်သည်။ စေတီကြီး၏ ဝန်းကျင်၌ ဇရပ်များ၊ တန်ဆောင်များ ပတ်ပတ်လည် ရှိနေကြသည်။ ထိုဇရပ် တန်ဆောင်း များထဲတွင် အကြီးဆုံး၊

http://www.dhammadownload.com



အကျယ်ဆုံး တန်ဆောင်းကြီး တစ်ဆောင်ရှိသည်။ ထိုတန်ဆောင်းကြီး ထဲတွင် အခန်းကန့်လျက် ကျွန်တော်တို့နေရန် ယာယီကျောင်းပြုလုပ် ဖန်တီးပေးထားသည်။ တန်ဆောင်းကြီးမှာ ပရိသတ်တစ်ထောင်လောက် ဆန့်သဖြင့် လမ်းမလျှောက်နိုင်သော တရားဟောဓမ္မကထိကအတွက် အဆင်ပြေနေသည်။ တခြားနေရာကြွ၍ တရားဟောစရာ မလိုပေ။ ကိုယ့် ကျောင်း ၊ ကိုယ့်တန်ဆောင်း၌သာလျှင် တရားဟော၍ရသည်။

ဦးကုသလာစာရကို ကမကထလုပ်၍ ပင့်သော ဒါယကာ ၁၃ ဦးရှိသည်။ ထိုဒါယကာများသည် မြို့မျက်နှာဖုံးများဖြစ်ကြသည်။ ထိုအချိန် က မြန်မာနိုင်ငံ နိုင်ငံရေးလောက၌ ခေတ်စားနေသော နိုင်ငံရေးပါတီ တစ်ခုမှာ ၂၁ ဦးပါတီဖြစ်သည်။ ၂၁ဦးပါတီကို အတုယူလျက် အင်ပူ ဒါယကာ ၁၃ ဦးတို့ကလည်း သူတို့အဖွဲ့ ၊ သူတို့အစုကို ၁၃ ဦးပါတီ ဟု အမည်ပေးထားကြသည်။ အမှန်က သူတို့၏အပေါ်တွင်လည်း ၂၁ဦး ပါတီ၏ ဩဇာလွှမ်းနေသည်။ သို့သော်လည်း ၁၃ ဦးပါတီသည် ဘုရား ပရိဝုဏ်အတွင်း နိုင်ငံရေးကို ခေါင်ကြဉ်းမလာပေ။ ဘုရားပရိဝုဏ် အတွင်း၌ နိုင်ငံရေးနှင့် ကင်းကင်းပြတ်ပြတ်နေကြသည်။ တစ်ကြိမ်တွင် ဥပုသ်နေ့တရားပွဲ၌ ဦးကုသလာစာရသည် သူ၏ဒါယကာများလိုလားသော ၂၁ဦးပါတီကို ရှီးတိုးရိတ်တိတ် ထောက်ခံဟောပြောသွားသည်။ သို့သော်လည်း ၁၃ ဦးပါတီသည် ဘုန်းကြီးထံမှ နိုင်ငံရေးမရောယှက်သော

ထက်ဝေယံစာပေ

http://www.dhammadownload.com



တရား သက်သက်ကိုသာ နာလိုကြသူများဖြစ်သည်။ သူတို့ဘုန်းကြီး၏ တရားထဲ တွင် နိုင်ငံရေးပါလာသောအခါ သူတို့မျက်နှာမကောင်းကြ။ မျက်နှာ မကောင်းရုံမျှသာမက ဝေဖန်စကားပင် တီးတိုးပြောကြသည်။

၁၃ ဦးပါတီတွင် အမိန့်တော်ရ ရှေ့နေဦးပြားကြီး (နောင်သော အခါ အရှင်ဉာဏိဿရ - ဦးဆန်းထွန်း၏ ရဟန်းဒါယကာ ဖြစ်လာသူ)၊ ဦးဘဂွမ်း။ ဦးဘကြွမ်း ၊ ဦးဘသန်း။ ဦးလွင် စသည်တို့ပါဝင်ကြသည်။ ဦးပြားကြီး၏သား သာဒွန်းဦးသည် ဂျပန်ပြည်၌ ပညာသင်နေရာ မြန်မာ နိုင်ငံဂျပန်မဝင်ခင်ကတည်းကပင် မြန်မာနိုင်ငံ ပြန်ရောက်လာသည်။

ဦးပြားကြီး၏ သမီး မသာစုမှာ ထိုအချိန်က တက္ကသိုလ်ကျောင်း သူဖြစ်သည်။

၁၃ ဦးပါတီဝင်များသည် ကျွန်တော်တို့ယာယီကျောင်းအဖြစ် နေထိုင်သော တန်ဆောင်ကြီးထဲတွင် ညနေတိုင်းစုပေါင်း၍ ဘုရားဝတ် တက်ကြသည်။ ညနေတိုင်း စေတီရှိရာသို့ မျက်နှာမူလျက် ၁ နာရီ လောက် ဝတ်တက်ကြသည်မှာ သူတို့၏နေ့စဉ်အလုပ်ဖြစ်သည်။ ထိုစေတီ ပုထိုးကြီးသည် အင်ပူမြို့ သာသနာတော်၏ သင်္ကေတသဖွယ် ဖြစ်နေသည်။ ညနေကျလျှင် ဘုရားသွားကျောင်းတက်များ စည်ကား နေသည်။ ပန်းကပ်သူက ကပ်ကြသည်။ ဆီမီးပူဇော်သူက ပူဇော်ကြသည်။ ရေသပ္ပာယ်သူက သပ္ပာယ်ကြသည်။ ၁၃ ဦးပါတီကဲ့သို့ပင် အခြားမိန်းမ

http://www.dhammadownload.com



ယောက်ျား ဝတ်အသင်းသူ အသင်းသားများကလည်း တခြားဇရပ်၊ တန်ဆောင်းများ၌ ဝတ်တက်ကြသည်။ တစ်ဦးချင်းဝတ်ပြုသူများ ကလည်းမရှားပေ။ ညနေချိန်ကျလျှင် ထိုဘုရားပရိဝုဏ်အတွင်း၌ တရားဓမ္မသံ လွှမ်းနေသည်။

ထိုတရားဓမ္မသံကြားထဲတွင် တစ်ခါတစ်ရံ တေးသံလွင့်လာ သည် ကိုလည်းကြားရသည်။ ဘုရားဝန်းကျင်ရှိ ဇရပ်တစ်ဆောင် ၌မျက်မမြင် လူငယ်တစ်ယောက်အမြဲလိုလို နေထိုင်သည်။ သူ့နာမည် မောင်ကံဟု ခေါ်သည်။ မောင်ကံသည် များသောအားဖြင့် နေ့လယ် နေ့ခင်း လူခြေ တိတ်ချိန်၌ သီချင်းအော်အော် ဆိုနေတတ် သည်။ သို့သော်လည်း တစ်ခါ တစ်ရံ ညနေလူစည်ချိန်၌ပင် ပတ်ဝန်း ကျင်ကို ဂရုမထားဘဲ သီချင်း ထထဟစ်တတ်သည်။ "မောင့်အပေါ်ဝယ် ဂုဏ်ရည် မတူလို့လား"ဟု ဟဲလိုက်သော မောင်ကံ၏ သီချင်းသံ ဘုရားပရိဝုဏ်ထဲပျံ့လွှင့်သွားသောအခါ ပန်းကပ်၊ ဆီမီးပူဇော်နေ ကြသော မိန်းမပျိုများက ပြုံးကြသည်။

စေတီပရိဝုဏ်အတွင်း၌ ညနေအချိန် ဘုရားသွား ကျောင်း တက်များ စည်ကားသကဲ့သို့ပင် နံနက်ခင်း၌ ရဟန်းသံဃာများ ဝါဝါထိန်နေသည်။ ဘုရားနှင့် ခပ်လှမ်းလှမ်းတွင် ဘုန်းကြီးကျောင်းများ ရှိသည်။ ထိုကျောင်းတိုက်များထဲက "ဦးတေဇဝန်ကျောင်း"မှာ

http://www.dhammadownload.com



ရှေးဟောင်းပေ၊ ပုရပိုက်များ အများအပြားရှိသော ကျောင်းတိုက်ဖြစ်သည်။ ဟင်္သာတမြို့ မြစ်ကွေ့ဆရာတော် ဦးပညာဝံသသည် ကျွန်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်သည်။ ဆရာတော်သည် စာပေသုတေသီပညာရှင် ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာတော်ဦးပညာဝံသ ရေးကူးထားသော ပေ၊ ပုရပိုက်စာများထဲတွင် အင်ပူဦးတေဇဝန် ကျောင်းမှ ပေ၊ ပုရပိုက် အတော်များများပါသည်ကို တွေ့ရသည်။

စေတီကြီးနှင့် မလှမ်းမကမ်း၌ရှိသော ဘုန်းကြီးကျောင်းတိုက် အားလုံးမှ ဆွမ်းခံရဟန်းသံဃာတော်များသည် ဆွမ်းခံချိန်၌ ဘုရား ပရိဝုဏ် ထဲတွင် ခဏတဖြုတ် နားပြီးမျှ သင်္ကန်းရုံ၊ သပိတ်ပိုက်လျက် မြို့ထဲ ဆွမ်းခံထွက်ကြသည်။ ထို့ကြောင့် ဘုရား ပရိဝုဏ်ထဲတွင် ညနေချိန်၌ ဝတ်ရွတ်သံ လွှမ်းနေသကဲ့သို့ပင် နံနက်ခင်း၌ ဆွမ်းခံထွက် ကြမည့် ရဟန်းသံဃာတော်များ၏ သင်္ကန်းရောင်လွှမ်းနေသည်။

ကျွန်တော်တို့နေသော တန်ဆောင်းကြီး၏ တစ်ဖက်ခြမ်း၌ ကြာမျိုးစုံ ပေါက်နေသော ရေကန်ကြီးရှိသည်။ တန်ဆောင်ကြီး၏ တစ်စိတ် တစ်ဒေသသည်ပင် ကန်ထဲရောက်နေသည်။ ကန်ကြီး၏ တစ်ဖက်ကမ်း၌ သီလရှင်ကျောင်းတိုက်ရှိသည်။ သီလရှင်ကျောင်း တိုက်မှ သီလရှင်သုံးလေးပါးသည် ဘုန်းကြီးထံ စာလာတတ်ကြသည်။ ဘုန်းကြီးသည် တစ်ပတ်တစ်ခါမျှသာ တရားဟောရသည်ဖြစ်၍

http://www.dhammadownload.com



ကျန်အချိန်များ၌ အားလပ်နေသည်။ အားလပ်နေသည့် အချိန်၌ သီလရှင်များကို သင်္ဂြိုဟ်ပို့ချပေးသည်။ စာလာတတ်သော သီလရှင်များ ထဲတွင် ကျွန်တော်နှင့် သက်တူရွယ်တူ သီလရှင်ကလေးတစ်ပါး ပါသည်။ ထိုသီလရှင်ကလေး မှာ ၁၃ ဦးအဖွဲ့ဝင် ဦးဘဂွမ်း၏သမီး မသန်းမြဖြစ်သည်။ ကျွန်တော် တို့နှင့်လည်း ဆွေရိပ်မကင်း မျိုးရိပ် မကင်းပေ။ ထိုသီလရှင်ကလေးသည် နောက်ပိုင်း၌ လူဝတ်လဲ လိုက်သည်။ ထိုသီလရှင်များနှင့် အတူပင် ကျွန်တော်လည်း ဘုန်းကြီးထံတွင် သင်္ဂြိုဟ်လိုက်တက်ရသည်။ ကျွန်တော် သဒ္ဒါ၊ သင်္ဂြိုဟ် သင်ကြားနေသည့်အချိန်ဖြစ်၍ ကျွန်တော်လည်း သီလရှင်များနှင့် ရော၍သင်္ဂြိုဟ်သင်ရခြင်းဖြစ်သည်။

၁၃ ဦးပါတီသည် ကျွန်တော်တို့အတွက် နေရာထိုင်ခင်း တာဝန် ယူကြရုံမျှသာမကဘဲ ဆွမ်း၊ ကွမ်းအတွက်လည်း တာဝန်ယူကြရသည်။ အလှည့်ကျနှင့် ဆွမ်းအုပ်၊ ဆွမ်းပွဲ ပို့သည်။ ထိုအချိန်က ၁၃ ဦးပါတီ နှင့် အတူတွဲ၍ ကျွန်တော်တို့အတွက် ဆွမ်းကွမ်း ဝေယျာဝစ္စဆောင် ရွက်သူများထဲတွင် အမျိုးသမီးတစ်ဦးရှိသည်။ ထိုအမျိုးသမီးမှာ ဈေးခေါင်း ဒေါ်သန်းရွှေဖြစ်သည်။ ဒေါ်သန်းရွှေသည် ကျွန်တော့်အမေနှင့် ရုပ်ချင်း ဆင်၍ ကျွန်တော့်အမေအရွယ်လောက်ရှိသော ထိုအမျိုးသမီးကို ကျွန်တော် ခင်ခင်မင်မင်ဖြစ်နေသည်။ ကျွန်တော်တို့အတွက် ဆွမ်းကွမ်း

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဝေယျာဝစ္စဆောင်ရွက်သော အခြားအမျိုးသမီးတစ်ဦးမှာ ဦးကျန်ရွက်၏ သမီး အပျိုကြီး ဒေါ်ကျင်ဖြစ်သည်။ ဒေါ်ကျင်နှင့်လည်း ဆွေမျိုးနီးစပ် တော်သည်။

ပို့ဆွမ်းမှာ သံဃာနှစ်ပါးနှင့် ကပ္ပိယအပြင် တခြားသူ ဆယ်ယောက်လောက်စားလောက်သည်။ နေ့စဉ်ဘုန်းကြီးပွဲအကျ လာစားကြသော လူငါးယောက် ခြောက်ယောက်လောက်ရှိသည်။ ထိုသူများထဲတွင် ထူးခြားသော လူတစ်ယောက်လည်းပါသည်။ ထိုလူသည် ဘုန်းကြီး၏ အသိအကျွမ်းလည်းမဟုတ်ပေ။ ဒါယကာများ ကလည်း မသိပေ။ ဘယ်က လူမှန်းလည်းမသိပေ။ အချိန်ကျလျှင် ရောက်လာသည်။ စကားလည်း တစ်ခွန်းမှ မပြောပေ။ သူ့ကိုမေးလျှင် လည်း ဆွံ့အနေသလို စကားလုံး တစ်လုံးမျှ တိတိကျကျ ပြန်မပြောပေ။ နေ့စဉ် နေ့တိုင်း ညစ်နွမ်းနေသော သည်အင်္ကျီနှင့် သည်ပုဆိုးကိုဝတ်၍ "ဒါဝတ် သခင်" အစစ်ဖြစ်နေသည်။ အမြဲတမ်း ခေါင်းစွပ်ဦးထုပ် ဆောင်းထားသည်။ သို့သော်လည်း မည်သည့် အချိန်ကြည့်လိုက်၊ ကြည့်လိုက် မျက်လုံးနီးနေသည်ကိုသာ တွေ့ရသည်။ ပင်ကိုယ်နီလား၊ အရက်သောက်၍ နီနေသလား၊ မပြောတတ်ပေ။ ကိုယ်ခန္ဓာမှာ သန်မာထွားကျိုင်းပြီး လေးလုံး ခြောက်ဖက်ကြီး ဖြစ်သည်။ ထမင်းကို နှစ်ယောက်စာလောက်စားပြီ၊ စားပြီးပြီးချင်း မည်သူ့ကိုမျှ စကား တစ်ခွန်း။

http://www.dhammadownload.com



မပြောဘဲ ထပြန်သွားတတ်သည်။ ဘုန်းကြီးကိုပင် ဝတ်ချ ရကောင်းမှန်းမသိပေ။ တစ်ခါတစ်ရံ၌မူ ထမင်းစားပြီး ဗိုက်လေးနေသောကြောင့် လားမသိ။ တန်ဆောင်း ထောင့်တစ်ထောင့်၌ တရေးတမောအိပ်နေတတ်သည်။

တစ်ည ဘုရားပရိဝုဏ် အပြင်ဘက်ရှိ လူသွားလမ်းဘေးက ဇရပ်တစ်ဆောင်ဘက်ဆီမှ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ အသံတစ်သံ ကြားရသည်။ ထိုဇရပ်တွင် အရူးမကြီးတစ်ယောက်နေသည်။ ထိုအရူးမကြီး ညကြီးမင်းကြီး ထပြီးအော်ဟစ်ဆဲဆိုသော အသံ ဖြစ်သည်။ နံနက်မိုးလင်း၍ မေးမြန်းစုံစမ်းကြည့်သောအခါ ညကအချိန် မတော် လူခြေ တိတ်ချိန်၌ လူတစ်ယောက်အရူးမကြီးကို မဟားတရား လာလုပ်သည်ဟု ကြားရသည်။ ထိုမဟားတရား လုပ်သူတရားခံမှာ ကျွန်တော်တို့၏ တန်ဆောင်းတွင် နေ့စဉ်ပွဲတော်လာ တည်နေသော ထို "လူကြီး"ဖြစ်နေသည်။

နောက်တစ်နေ့ ထမင်းစားချိန်မှာ ပုံမှန်အတိုင်းပင် ထိုလူကြီး သည် ခပ်တည်တည်ပင် ထမင်းလာစားသည်။ ၁၃ ဦးပါတီဝင် တစ်ယောက်က သူ့ရှေ့၌ပင် "ဟော့ တို့ သူ့ကို ကျွေးရတာ အဆိပ်ပင် ရေလောင်းနေသလို လည်းဖြစ်နေဦးမယ်"ဟုပြောသည်။ သို့သော်လည်း ထိုလူကြီးသည် ဘာမှ မဖြစ်သလိုပင် ကြောင်တိ ကြောင်တောင်နှင့်

http://www.dhammadownload.com



ကြည့်နေသည်။ ဆွံ့အနေသလို နားလည်းကြားပုံမရပေ။

အကယ်၍ ကျွန်တော်ယခုရေးသော စာသည်ဝတ္ထုဖြစ်သည် ဆိုလျှင် ဝတ္ထုထဲတွင်ပါသော ထူးခြားသည့် ဇာတ်ဆောင်များအနက် ထို "လူကြီး" နှင့် "မျက်မမြင် မောင်ကံ"အပြင် အခြားဇာတ်ဆောင် နှစ်ဦးလည်းရှိသေးသည်။ ထိုဇာတ်ဆောင်နှစ်ဦးမှာ အသက်နှစ်နှစ် သုံး နှစ်အရွယ် ကလေးငယ်များဖြစ်ကြသည်။ ၁၃ ဦးပါတီတွင် ပါဝင်သော လူဝကြီး ဦးဘသန်းသည် တစ်နေ့တွင် သူ့သားကလေး နှစ်ယောက်ကို ကျောင်းခေါ်လာသည်။ ထိုကလေးငယ်နှစ်ယောက်သည် ဘုန်းကြီး တစ်နေရာ ရောက်နေခိုက် ဘုန်းကြီးထိုင်သော ပက်လက် ကုလားထိုင်ပေါ် တစ်ယောက်စီ တက်ထိုင်ကြသည်။ ပက်လက်ကုလား ထိုင်ပေါ်တွင် တက်ထိုင်ရုံမျှသာမက ဘုန်းကြီးခဏချွတ်ထားသော မျက်မှန်ကြီးကိုပင် တပ်ထားလိုက်ကြသေးသည်။ ဘယ်လိုခြောက် ပြော၍မျှမရ။ ဦးဘသန်း ၏ သားကလေးနှစ်ယောက် သည် ဘုန်းကြီး လုပ်တန်းကစားနေကြသည်။ ထိုကလေးနှစ်ယောက်မှာ ယခု မဏ္ဍိုင် သန်းညွန့် ၊ ကြေးမုံသန်းညွန့် အမည် ဖြင့် သတင်းစာ လောက၌ ကျင်လည်ကျက်စားနေသော သတင်းစာအယ် ဒီတာ ဦးသန်းညွန့်တို့ ညီအစ်ကိုနှစ်ယောက်ဖြစ်သည်။

တစ်နေ့တွင် အမိန့်တော်ရရှေ့နေ ဦးပြားကြီး၏ ဇနီး ဒေါ်မြနှင့် ဈေးခေါင်း ဒေါ်သန်းရွှေအပြင် အခြားအမျိုးသမီးကြီး သုံးလေးယောက်

http://www.dhammadownload.com



သည့် နှစ်မိုင်ခန့်ဝေးသော ရွာတစ်ရွာ၌ ကျောင်းထိုင်နေသော ဦးပဏ္ဍိ ကျောင်းသို့ အလည်သွားကြသည်။ ကျွန်တော့်ကိုလည်း မရမက ခေါ်သဖြင့် လိုက်ပါသွားရသည်။

မိုးကာလ ရေကြီးနေသဖြင့် လှေဖြင့်သွားရသည်။ လှေထဲတွင် လှေလှော်သူမှတစ်ပါး ယောကျ်ားဆို၍ အသက် ၁၂ နှစ်လောက်သာ ရှိသေးသည့် ကျွန်တော်(ရှင်ပုဏ္ဏရိက) တစ်ယောက်တည်းသာပါသည်။ အမျိုးသမီးကြီးများသည် သူတို့၏အိမ်၌ ဣန္ဒြေသိက္ခာနှင့်နေကြရသော ဂုဏ်သိက္ခာရှိအမျိုးသမီးကြီးများဖြစ်ကြသည်။ သို့သော်လည်း မျှော်၍မဆုံးသော ရေပြင်ကြီးထဲတွင် လှေဖြင့်သွားရသောအခါ ကိုယ်လွတ်လက်လွတ် ဖြစ်သွားကြသည်ဖြစ်၍ ကျွန်တော့်ကိုအမှုမထား ကြတော့ဘဲ သီချင်း တကြော်ကြော်အော်ဆိုကြသည်။ ဆော့ကြ၊ ကစားကြသည်။ ရေတိမ်သည်ကို သိထားကြသည်ဖြစ်၍ လှေမှောက်အောင် လုပ်ကြသည်။ လှေမှောက်သည်အထိရောက်မသွား သော်လည်း ကျွန်တော့်တစ်ကိုယ်လုံး ရွှဲ ရွှဲစိုကုန်သည်။

တစ်ယောက်အားနှင့် အများဖြစ်နေ၍ တစ်ယောက်အားဆိုသည်မှာလည်း မလောက်လေးမလောက်စား ကိုရင်လေး တစ်ပါး၏အားဖြစ်၍ အမျိုးသမီးကြီးများကို ဘယ်လိုဟန့်တားလို့မှ မရပေ။ တစ်လမ်းလုံး နောက်ပြောင်သွားကြသည်။ ဆော့ကစားသွား ကြသည်။

ထက်ဝယ်တာပေ

http://www.dhammadownload.com



ကျွန်တော့်သက်နီး ရေစိုကုန်သည်ဖြစ်၍ ဦးပဏ္ဍိကျောင်း ရောက်မှ မရောတ်မတော် သင်္ကန်းကို ခေတ္တလဲဝတ်ထားရသည်။ ယခုအတိတ်ကို ပြန်ပြောင်းစဉ်းစားကြည့်လိုက်သောအခါ ယင်းအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်သွားပြီ။ ကျွန်တော်၏ စာထဲတွင် ပါဝင်သော ပုဂ္ဂိုလ်များလည်း အတော်များများ ကွယ်လွန်ကုန်ကြပြီ။

မည်သို့ပင်ဖြစ်စေ ၊ ထိုတစ်မိုးတွင်း ကာလသည် ကျွန်တော်၏ သူငယ်ဘဝ၌ အင်္ဂပူနှင့် လျှပ်တစ်ပြက် တွေ့လိုက်ရသော ဘဝဖြစ် ပေသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



# မယ်ကင်းခေါ်ရဟာန်း

ဒေါင်···ဒေါင်··· ဒေါင်···ဒေါင်

ရွာဦးကျောင်းမှ ကြေးမောင်းသံသည် အချိန်မဟုတ်၊ အခါမဟုတ်၊ နာရီမဟုတ် အဆက်မပြတ် မြည်နေသည်။

ဤကြေးမောင်းသည် ခါတိုင်းဆိုလျှင် အလွန်အချိန်မှန်သည်။ မြည်နေကျ တီးနေကျ အချိန်တွင် အချိန်မှန်မှန်မြည်သည်။ နံနက် အရုဏ် တက်ချိန်လောက်တွင် တစ်ကြိမ်မြည်သည်။ ဆွမ်းခံချိန်တွင်လည်း တစ်ကြိမ်မြည်သည်။ မွန်းတည့်ချိန်တွင်လည်း တစ်ကြိမ်မြည်သည်။ ညနေချိန်တွင်လည်း ကြေးမောင်းသံ တစ်ကြိမ် ပေါ်လာသည်။ ကြေးမောင်းသံ မှာ စူးရှကျယ်လောင်သဖြင့် ကြေးမောင်းထိုးလိုက်သည့်အခါ တစ်မိုင်ပတ်လည်လောက်တွင် ဟိန်းထွက်သွားသည်။

ယင်းကဲ့သို့ ကြေးမောင်းသံ အချိန်မှန်မှန် မြည်နေခြင်းမှာ အကြောင်းရှိသည်။

တောသူ၏ရွာသည် ကြက်သံကိုပဟိုရ်ပြုသည်။ ဤရွာ၊ ဤသန္နိသနေ့ရွာလည်း ရွာဦးကျောင်းက ကြေးမောင်းသံကို ပဟိုရ်ပြုနေရသည်။

ကြေးမောင်းသံ နားထောင်ပြီး အိပ်ရာထရသည်။ နံနက်စာ ထမင်းချက်ရသည်။ အလုပ်ခွင်ဝင်ရသည်။ လယ်ထွန်ချိန်၌ လယ်ထွန်

http://www.dhammadownload.com



သမားများသည် လည်းကောင်း။ ကောက်စိုက်ချိန်၌ ကောက်စိုက်သမ များသည် လည်းကောင်း ကြေးမောင်းသံကို နားထောင်ပြီး ထွန်ဖြုတ်ကြသည်။ ကောက်စိုက်နားကြသည်။ ရွာဦးကျောင်းက ကြေးမောင်းသံသည် ဤရပ်၊ ဤရွာအတွက် ရွှေပဟိုရ်စည်ပင်ဖြစ်နေသည်။

၁၂၉၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၄ ရက်နံနက်

ဤနေ့ဤရက် ဤအချိန်၌ကား ရွာဦးကျောင်းမှ ကြေးမောင်းသံသည် ခါတိုင်းလို သူ့အချိန် သူ့နာရီနှင့် မဟုတ်ဘဲ အချိန်မှားပြီး မြည်နေသည်။ မြည်နေကျအချိန် မဟုတ်ဘဲနှင့် မြည်နေသည်။ မြည်နေကျနာရီ မဟုတ်ဘဲနှင့် မြည်နေသည်။ မြည်နေပုံမှာလည်း ခါတိုင်းမြည်နေကျလို မဟုတ်ဘဲ အချိန်အကြာကြီး အဆက်မပြတ် မြည်နေသည်။

ကြေးမောင်းသံ အခြေမလှပုံကို ကြားရသောအခါ ရွာသူရွာသား များ မျက်လုံးမျက်ဆံ ပြူးသွားကြသည်။ ရွာထဲက ကြီးကြီးမားမား လောက်လောက်လားလား လူများသည် ရွာဦးကျောင်းသို့ အတင်းပြေး သွားကြသည်။

"မီးများ လောင်လို့လား။ ဓားပြများ ဝင်စီးလို့လား"

အချက်ပေးကြေးမောင်းသံဖြစ်၍ ရွာသူရွာသားများသည် ရင်တမမ နှင့် ကျောင်းသို့ပြေးသွားကြသည်။ ကျောင်းရောက်သောအခါ ပက်လက်လန်သွားကြသည်။ မီးလောင်၍လည်း မဟုတ်ပေ။ ဓားပြဝင်စီး

http://www.dhammadownload.com



၍လည်း မပျောက်ပေ။ ရွာဦးကျောင်းတွင် နှစ်ပေါင်းသုံး ဆယ်ကျော်မျှ သီတင်းသုံးခဲ့သည့် ဆရာတော်ကြီး ပျံလွန်တော်မူသွား သည်ကို တွေ့နေရသောကြောင့် ဖြစ်သည်။

ရွာသူရွာသားများသည် မိမိတို့ ဘိုးဘွားအစဉ်အဆက်ကစပြီး ကိုးကွယ်လာခဲ့သော ဆရာတော်ကြီးကို အထူးပင်ကြည်ညိုကြသည်။ မိမိတို့ကြည်ညိုလေးစားသော ဆရာတော်ကြီး အသက်ပျောက်နေ သည်ကို တွေ့ရသည့်အတွက် ရင်ဘတ်စည်တီး ဖြစ်နေကြသည်။

ဆရာတော်ကြီးသည် ရွာကျောင်းတောကျောင်း၌ သီတင်းသုံးနေ သည့် ဘုန်းတော်ကြီး ဖြစ်သော်လည်း သာမန်ဘုန်းကြီးတစ်ပါး မဟုတ်ပေ။

ဆရာတော်ကြီး၏ဆရာမှာ ရွှေကျင်ဂိုဏ်း စတင်တည်ထောင် သော ပထမ ရွှေကျင်ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်ကြီး ရဟန်း ခံစဉ်က ရွှေကျင်ဆရာတော်ကြီးက ဉပဇ္ဈယ်ဆရာလုပ်သည်။ ဆရာ တော်ကြီးသည် ဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် တစ်ကျောင်းတည်း နေခဲ့သည်။ ထိုစဉ်က ဆရာတော်ကြီးက ကိုရင်၊ ဝိသုဒ္ဓါရုံဆရာတော် ကြီးက ရဟန်း။ ရွှေကျင်ဆရာတော်ကြီး၏ အရိပ်အာဝါသအောက်၌ ဆရာတူတပည့် အဖြစ်နှင့်အတူနေခဲ့ကြသည်။ ထိုစဉ်က ဆရာတော်ကြီး ၏ ကိုရင်ဘွဲ့ အမည်မှာ ရှင်ဉာဏဖြစ်သည်။ ယခုလည်း ဘွဲ့အမည် ပြောင်းမသွားပေ။

ရှင်ဉာဏ အသက်စေ့၍ ရဟန်းခံသောအခါ ရှင်ဉာဏ၏ ရဟန်း

http://www.dhammadownload.com



ဒါယိကာမမှာ နာမည်ကျော် သီလရှင်မယ်ကင်းဖြစ်သည်။ သီလရှင် သာသနာသမိုင်းကို လေ့လာဖူးသူတိုင်း သီလရှင်မယ်ကင်း၏ အမည်ကို မကြားဖူးသူရှိလိမ့်မည်မဟုတ်ပေ။ မင်းတုန်းဘုရင်ခေတ်က ထင်ရှားကျော်ကြားသည့် သီလရှင်ကြီးဖြစ်သည်။ ဗန်းမော် ဆရာတော်ကြီးကိုပင် "စိန်" ခေါ်ရဲသည့် သီလရှင်ဆရာတော်ကြီး ဖြစ်သည်။ ဗန်းမော် ဆရာတော်ကို "စိန်" ခေါ်သဖြင့် ဗန်းမော် ဆရာတော်၏ စာအချိုးကို ခံရသူလည်းဖြစ်သည်။

သီလရှင် အဓိပတိ မယ်ကင်း၏ ရဟန်းဖြစ်သဖြင့် ဦးဉာဏ သည် သာမန်ပုဂ္ဂိုလ်တစ်ဦး မဟုတ်သည်မှာ သိသာထင်ရှားနေသည်။ ရွှေကျင်ဆရာတော်ကြီး၏ လက်ကျတပည့်ဖြစ်သဖြင့် စာတတ်သည်။

ဆရာတော်ကြီး၏ ဇာတိရပ်ရွာမှာ ရွှေဘိုနယ်အင်းတဲကြီးရွာ ဖြစ် သည်။ မြန်မာမင်း နှစ်ဆက်ကို မီလိုက်သည်။ သီပေါမင်း ပါတော်မူချိန် က ဆရာတော်ကြီး အသက် ၂၃ နှစ်ရှိနေပြီ။ ရတနာပုံ ထီးခေတ် နန်းခေတ်သည် သူ့မျက်စိအောက်မှာပင် ထတောက်ပြီး သူ့မျက်မှောက်မှာပင် ချုပ်ငြိမ်သွားသည်။

အင်္ဂလိပ်ခေတ်တွင် ဦးဉာဏသည် အောက်ပြည်အောက်ရွာ စုန် ဆင်းလာသည်။ အောက်ပြည်အောက်ရွာ၌ များသောအားဖြင့် တောရွာ များ၌သာ အနေများသည်။ မြို့မခိုဘဲ တောရွာများ၌သာ

ထက်ဝေယံစာပေ

http://www.dhammadownload.com



အနေများခြင်း သည် ဆရာတော်ကြီး၏ အရညာဝါသီ စိတ်ရင်းစွဲကြောင့် ဖြစ်သည်။ နောက်ဆုံး ဟသ်တာခရိုင် သန္တသနော့ရွာ ရောက်လာသည်။

ကျွန်တော်တို့၏ ဘိုးဘွားများ လက်ထက်ကပင် ဆရာတော် ဦးဉာဏသည် သန္တသနော့ လာရောက်ကျောင်းထိုင်သည်။ ကျွန်တော် တို့ ဆယ်နှစ် ၊ ဆယ့်တစ်နှစ်သားအရွယ် ရှင်ပြုချိန်၌ ဆရာတော်ကြီးမှာ သက်တော် ၈၀ ကျော် ဘုန်းကြီးအိုကြီး ဖြစ်နေပြီ။ ရှင်ပြုပြီးသောအခါ ကျွန်တော် ရှင်လိင်မပြန်တော့ဘဲ သင်္ကန်းဆက်စီးနေသည်။

ဘုန်းကြီးအိုကြီးသည် ကိုရင်ပေါက်စ ကျွန်တော့်ကိုချစ်သည်။ သဒ္ဒါ၊ သင်္ဂြိုဟ်များကို အကျက်ခိုင်းသည်။ ဘုန်းကြီးအိုကြီးက သူ့အိပ်ရာ ပေါ်တွင် ခေါင်းမြီးခြုံပြီး လှဲနေသည်။ ကျွန်တော်က သူ၏ခေါင်းရင်းတွင် ချထားသော ရေး ကြိမ်ကုလားထိုင်ကြီးပေါ် ထိုင်ပြီးသဒ္ဒါကြီး သုတ်စဉ်၊ ပုဒ်စစ်၊ သင်္ဂြိုဟ်တို့ကို အလွတ်ဆိုပြရသည်။ နေ့ညမရွေး ခေါ်ပြီးစာပြန် ခိုင်းသည်။ ဘုန်းကြီးအိုကြီး မသိအောင် ကျွန်တော် စာအုပ်ခါးကြား ညှပ်ယူသွားသည်။ ကျွန်တော်ကပြန်နေစဉ် ဘုန်းကြီးအိုကြီးက အိပ်ရာ ပေါ်တွင် လှဲပြီး စာနားထောင်နေသည်။ ကျွန်တော် ထိုင်နေသည့်ဘက် ကို ဘုန်းကြီးအိုကြီး မမြင်ရပေ။ စာပြန်နေရင်း စာမေ့နေသည့်အခါ ခါးကြားထဲ ညှပ်ယူလာသော စာအုပ်ကို ခိုးပြီးကြည့်သည်။ စာမေးပွဲခန်း ထဲ စာအုပ်ခိုးယူသွားပြီး ဆရာအလစ်တွင် စာအုပ်ကြည့်ပြီး စာမေးပွဲ

http://www.dhammadownload.com



ဖြေသော ကျောင်းသားနှင့် တူနေသည်။

ညဉ့်အချိန်တွင်လည်း စာပြန်ရင်း စာ မေ့နေသည့်အခါ ခေါင်းရင်းတွင် ထွန်းညှိပူဇော်ထားသော ဘုရားမီးရောင်အောက်၌ စာအုပ်လှန်ကြည့်သည်။ ယင်းသို့ ကျွန်တော် ကလီကမာ လုပ်သည်ကိုဆရာတော်ကြီးကမသိပေ။ ဝါတပည့် ကိုရင်လေးတယ် စာတော်ပါလားဟု အောက်မေ့နေပုံရသည်။ တစ်ခါတစ်ရံ စာပြန်ရင်း စာမေ့နေသည့်အခါ စာအုပ်ကိုရုတ်တရက် လှန်မရသဖြင့် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေတတ် သည်။ ထိုအခါမျိုး၌ ဆရာတော်ကြီးက စာထောက်ပေး သည်။

ယင်းသို့ ဆရာတော်ကြီး၏ ခေါင်းရင်းရှိကြိမ်ကုလားထိုင်ကြီးပေါ်တွင် ထိုင်ပြီး စာပြန်ရသည်မှာ ကျွန်တော်တစ်ဦးတည်းမဟုတ်ပေ။ တခြားတပည့်ရဟန်းများ၊ ကိုရင်များလည်း ထိုအတိုင်းလုပ်ရသည်။ ကျွန်တော့်တို့ ကိုရင်ဝတ်ချိန်၌ ဆရာတော်ကြီးသည် မျက်စိမကောင်း တော့ပေ။ ကျမ်းဂန်များကို သူကိုယ်တိုင် မဖတ်နိုင်တော့ပေ။ သို့သော်လည်း ဆရာတော်ကြီးသည် စာအလွန် ဝါသနာပါသည်။ ကျမ်းဂန်စာပေနှင့် ကင်းကွာ မနေလိုပေ။ စာတော်ဖတ်များထားသည်။ ကျမ်းဂန်စာပေ အတော်အတန် ခေါက်မိထားသော ကိုရင်နှင့်ရဟန်းများ ကို အလှည့်ကျနှင့် သူ့ခေါင်းရင်းရှိ ကြိမ်ကုလား ထိုင်ကြီးပေါ်တွင် ထိုင်ခိုင်းပြီး သူကြားနာလိုသည့် ပါဠိကျမ်းဂန် များကို အဖတ်ခိုင်းသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဆရာတော်ကြီးက အိပ်ရာပေါ်တွင် လှဲနေပြီး စာနာနေလေ့ရှိသည်။

ယင်းအလုပ်မှာ နေ့စဉ်အလုပ်ဖြစ်သည်။ စာတော်ဖတ်များ သာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားချင်ပြောင်းသွားမည်။ ဆရာတော်ကြီးကမူ စာနာမပျက်ပေ။ ရှင်ဉာဏိဿရ (ဆန်းထွန်း-မန်းတက္ကသိုလ်) သည် ဆရာတော်ကြီး၏ စာတော်ဖတ်တစ်ဦး ဖြစ်သည်။ ရှင်ဉာဏိဿရသည် ထိုနည်းဖြင့် ကျမ်းဂန်ဗဟုသုတ ကြွယ်ဝလာခြင်း ဖြစ်သည်။ ကျွန်တော်ကမူ ကိုရင်ဝတ်သည်မှာ မကြာလှသေး၍ ကျမ်းကြီးကျမ်းခိုင်များကို ဖတ်နိုင်သည့်အခြေအနေ မရှိသေးပေ။ အသက်ကလည်း ငယ်သေးသည်။ ထို့ကြောင့်နှုတ်တိုက် အာဂုံကျက်ထားသော စာများကိုသာ အလွတ်ပြန်ပြရသည်။

ဆရာတော်ကြီးသည် လက်တိုလက်တောင်း ခိုင်းစရာရှိလျှင် ခေါင်းလောင်းလေးကိုလှုပ်ပြီး ကျွန်တော့်ကိုခေါ်လေ့ရှိသည်။ သူ ခိုင်းသည့် အလုပ်ကိုလုပ်ပေးရသည်။ မကြာခဏ သူ့ထွေးခံ ဆေးပေး ရသည်။

ဒကာ ဒကာမများက ဆရာတော်ကြီးအတွက် မျက်မှန်အမျိုးမျိုး လှူထားသည်။သို့ရာတွင်ဆရာတော်ကြီးသည် မည်သည့်အခါမှ မျက်မှန် တပ်သည်ကိုမတွေ့ရပေ။ လူသစ်တစ်ဦးဦး သူ့အနီးရောက်လာလျှင် သူ့ မျက်နှာကို သူ့လက်ဝါးနှစ်ဖက်ဖြင့်အုပ်ပြီး လက်ဝါးနှစ်ဖက် ကြား အပေါက်ကလေးမှ လူသစ်လူစိမ်းကိုကြည့်လေ့ရှိသည်။ အနက်ရောင်

http://www.dhammadownload.com



ဂျပ်စက္ကူထူထူကို မျက်နှာဖုံးသဏ္ဍာန် လုပ်ခိုင်းထားသည်။မျက်နှာဖုံးတွင်အပေါက်သေးသေးကလေးဖောက်ထားသည်။ မျက်နှာဖုံးကို မျက်နှာတွင်တပ်ပြီး ယင်းအပေါက်မှ သူ့ထံချဉ်းကပ်လာသူများကို ကြည့်သည်။

ဆရာတော်ကြီးသည် အညာသားဖြစ်သော်လည်း အသားအရေဖြူဝင်းနေသည်။ အရပ်အမောင်းမြင့်သည်။ ကြည့်ညိုစရာအလွန်ကောင်းသည်။ သို့သော်လည်း ဘယ်ဒကာ ဒကာမကိုမှ ဂရုမစိုက်။ ဆူစရာရှိလျှင် ဆူသည်။ ကြိမ်းစရာရှိလျှင်လည်း ဘယ်သူ့ကိုမှ မညှာ။ ခေတ်အကြောင်းကိုလည်း လုံးဝမသိ။ ပိုက်ဆံကြေးငွေကို မက်မောဖို့ဝေးစွ။ ပိုက်ဆံကြေးငွေမှန်းပင် မသိပေ။ ဆယ်တန် ရာတန်များကိုလည်း နားမလည်။ မူး၊ မတ်၊ကျပ် တို့ကိုလည်း မခွဲခြားတတ်။ ပစ္စည်းပရိက္ခရာအကောင်းစားများကို လှူဒါန်းထားသော်လည်း နည်းနည်းကလေးမှ ဂရု မစိုက်။ စိတ်မထင်လျှင် တခြားပုဂ္ဂိုလ်များကို ပေးပစ်သည်။ ဖျက်ဆီးပစ်လိုလျှင်လည်း ဖျက်ဆီးပစ်သည်။

ဒကာတစ်ဦးက ကတ္တီပါ ခေါက်ခေါင်းအုံးကြီးတစ်လုံးလှူထားသည်။ ဆရာတော်ကြီးသည် ခေါက်ခေါင်းအုံးကြီးကို ဘယ်ပြန်ညာပြန်လှန်ကြည့်ပြီး ခေါင်းအုံးနှစ်ခု တွဲနေသည်ကို ဘဝင်မကျဖြစ်နေသည်။ ခေါင်းအုံးနှစ်ခု တွဲထားသည့်နေရာက ဓားနှင့် ဖြတ်ပစ်လိုက်လျှင် ခေါင်းအုံးတစ်ခုက နှစ်ခုဖြစ်မလာပေဘူးလော။ ထိုအခါ ခေါင်းအုံး

http://www.dhammadownload.com



နှစ်လုံးကို လူနှစ်ယောက် အသုံးချ၍မရပေဘူးလော။ ယင်းသို့စဉ်းစားပြီးလျှင် ဆရာတော်ကြီးသည် တပည့်တစ်ယောက်ကို ဓားအယူခိုင်းသည်။ ထိုတပည့် အား ခေါက်ခေါင်းအုံးကို ဖြန့်အကိုင်ခိုင်း ပြီးလျှင် ဆရာတော်ကြီးသည် ခေါင်းအုံးနှစ်လုံးတွဲထားသည့် အလယ်က သူကိုယ်တိုင် ဓားနှင့်ဖြတ်မည် လုပ်သည်။ ထိုအခါ တပည့်က ထိုခေါင်းအုံးမှာ ခေါက်ခေါင်းအုံးဖြစ် ကြောင်း ၊ ဖြတ်ပစ်ဖို့ မသင့်ကြောင်း အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြောပြသည်။

"မင်း…တယ်လျှာရှည်တဲ့ အကောင်၊ တယ်…ငါဗိုက်ဓားနှင့်ထိုးလိုက်ရ ။ ငါလုပ်ခိုင်းတာ လုပ်စမ်း။ အခု ခေါင်းအုံးက တစ်ယောက်တည်း အသုံးပြုလို့ရတယ်။ နှစ်ခုဖြစ်သွားတော့ နှစ်ယောက်သုံးလို့ မရပါလား…"

ထိုတပည့် ထပ် မတွန့်ရဲတော့ပေ။ အဖိုးတန် ကတ္တီပါခေါက်ခေါင်းအုံးကြီးကို ခါးလယ်မှနှစ်ပိုင်း ဖြတ်ပစ်လိုက်သည်။

ဆရာတော်ကြီးသည် ထောပတ်အလွန်ကြိုက်သည်။ ထောပတ်နှင့်သာ ဆွမ်းဘုဉ်းပေးသည်။ တခြား သားငါးအစားနည်းသည်။ ဒကာဒကာမများ လှူထားသည့် အဖိုးတန် နာရီများကိုဆိုင်က ထောပတ်ဗူးနှင့် လဲပြီး စားပစ်ချင် စားပစ်သည်။

ဆရာတော်ကြီးသည် "ပါဒရက်" ထတတ်သည်။ "ပါဒရက်"

ထက်ဝေယံတာပေ

http://www.dhammadownload.com



သည် ဘုန်းကြီးလောက၌ သုံးနှုန်းသော စကားလုံးဖြစ်သည်။ ဘုန်းကြီးများ အညောင်းအကိုက် ခံစားရပြီး စိတ်တိုနေသည့် အခြေအနေကို "ပါဒရက်" ထသည်ဟု ပြောကြသည်။ ဆရာတော်ကြီး "ပါဒရက်" ထသည်မှာ သူ့ဆရာစဉ်ဆက်က ဆင်းသက်လာသည့် အလေ့အကျင့် တစ်ခုဖြစ်ပုံရသည်။

"တစ်ခါတစ်ရံ ရွှေကျင်ဆရာတော်ကြီး "ပါဒရက်" ထတတ်တယ်။ ရွှေကျင်ဆရာတော်ကြီး "ပါဒရက်"ထတဲ့အခါ ငါတို့ဘယ်လိုနေရမှန်းမသိတော့ဘူး။ စိတ်မထင်ရင် ထွေးခံနင့်လှမ်းပေါက်ချင်ပေါက်လိုက် တာ..."

ဆရာတော်ကြီးသည် သူ့ဆရာ ရွှေကျင်ဆရာတော်ကြီး "ပါဒရက်" ထပုံကိုပြောပြနေတတ်သည်။ ဆရာတော်ကြီးလည်း မိုးအေးပြီးအညောင်း အကိုက် ထူလာသည့်အခါ "ပါဒရက်" ထတတ်သည်။ တစ်ခါ ရှင်ဉာဏိဿရ (ဦးဆန်းထွန်း)ကို ကျောင်းက နှင်ချဖူးသည်။ ထိုအချိန် က ရှင်ဉာဏိဿရသည် ကိုရင်ကြီး ဖြစ်သည်။ ဆရာတော်ကြီးက ရှင်ဉာဏိဿရကိုအခေါ်ခိုင်းသည်။ သွားခေါ်သူမှာ ရှင်ဉာဏိဿရ၏ညီ ကိုရင်လေး(ဦးစိန်သာ-ပုသိမ်)ဖြစ်သည်။ ရှင်ဉာဏိဿရက အိပ်နေသည်။ ကိုရင်လေးက ရှင်ဉာဏိဿရကို ဆရာတော်ကြီး အခေါ်ခိုင်းကြောင်း ပြောပြသည်။ ရှင်ဉာဏိဿရ

ထက်ဝေယံစာပေ

http://www.dhammadownload.com



(ဦးဆန်းထွန်း)ကလည်း ပေတေတေ ကပ်တတ်တတ်၊ "အိပ်နေတယ်လို့ ပြောလိုက်"ဟု ကိုရင်လေးကို ပြောလိုက်သည်။ ကိုရင်လေးမှာ ငယ်သေးသူဖြစ်၍ နားမလည်။ ရှင်ဉာဏိဿရ ပြောလိုက်သည့်အတိုင်း "အိပ်နေတယ်လို့ ပြောလိုက်လို့ ပြောတယ် ဘုရား"ဟု အရင်အတိုင်း ဆရာတော်ကြီးကို လျှောက်လိုက်သည်။ ဤတွင် ဆရာတော်ကြီး ဒေါပွပြီး ရှင်ဉာဏိဿရ(ဦးဆန်းထွန်း)ကိုကျောင်းကနှင်ချသည်။ သို့သော် လည်း ရှင်ဉာဏိဿရသည် ကျောင်းကထွက်မသွားပေ။ မကြာမီ ဆရာတော်ကြီးလည်း ထိုကိစ္စမေ့မေ့ ပျောက်ပျောက်ဖြစ်သွားသည်။

ကျောင်းတွင် အလှူအတန်း စသော အခမ်းအနား တစ်ခုခု လုပ်သည့်အခါ ညဥ့်အချိန်လျှပ်စစ်မီး မရှိသဖြင့် အောက်လင်းဓာတ်မီး ခေါ် ဓာတ်မီးအိမ်ကြီးကို ထွန်းကြသည်။ ဆရာတော်ကြီးသည် အောက်လင်းဓာတ်မီး မြည်နေသည့်အသံကို နားကြားပြင်းကပ်ပုံရသည်။ ကပ္ပိယကြီးကို "ဟေ့ အဲဒီ အောက်လင်းဓာတ်မီးကြီးကို ယူသွားပြီး ငါးခြောက်နှင့် လဲချေစမ်း" ဟုပြောလိုက်သည်။ တပည့်အချို့က သင့်သလို စီစဥ် ပေးလိုက်ရသည်။

"ငါ့ကို အာတ်ကြားပေါက်တဲ့ မြက်ပင်လို့ အောက်မေ့နေကြသလား မသိဘူး"

တစ်ခါတစ်ရံ ဆရာတော်ကြီးသည် သူ့ရှေ့ကျင် ဆရာတော်ကြီး

http://www.dhammadownload.com



၏ တပည့်ဖြစ်ပုံ၊ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက ရဟန်း။ သူက ကိုရင်အဖြစ်နှင့် နေခဲ့ရပုံ၊ သီလရှင် မယ်ကင်းက သူ့ကို ရဟန်းခံပုံ၊ မန္တလေးနေပြည်တော်၌ မည်သို့မည်ပုံ နေခဲ့ရပုံတို့ကို စိတ်ရှည်လက်ရှည် ပြောပြနေတတ်သည်။

လူ့အဆက်အရ ပြောရလျှင် မင်းတုန်းဘုရင်လက်ထက်က ရွှေကျင်ဆရာတော်ကြီးနှင့် သီလရှင်မယ်ကင်းတို့သည် ကျွန်တော်တို့နှင့် အလှမ်းဝေးလှသည်။ ခေတ် ကွာခြားလှသည်။ သို့ရာတွင် တိုက်ဆိုင် ဖန်တီးလာသည့် အကြောင်းအချက်ကြောင့် ဆရာစဉ်ဆက်အရ ကြားထဲတွင် အဆက်တစ်ဆက်သာ ခြားနေသည်။ ရွှေကျင်ဆရာတော်ကြီး၏ တပည့်သည် ကျွန်တော်တို့၏ ဆရာဖြစ်နေသည်။ သီလရှင်မယ်ကင်း၏ ရဟန်းသည် ကျွန်တော်တို့၏ ဆရာဖြစ်နေသည်။

၁၂၉၇ ခုနှစ် တန်ဆောင်းမုန်းလတွင် ဆရာတော်ကြီး ပျံလွန်တော်မူသွားသည်။ ပျံလွန်တော်မူချိန်၌ သက်တော် ၇၃ နှစ်ရှိနေပြီ။ ကေပေါင်းများစွာ ကျယ်ဝန်းသော သန္တသနော့လယ်ကွင်းကြီးထဲတွင် လောင်တိုက်၊ တလား၊ ပြာသာဒ်ပေါင်း အမြောက်အမြား၊ တည်ဆောက်ပြီးလျှင် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်လိုက်ကြသည်။ ဆရာတော်ကြီး၏ ဈာပနသည် ရေးခေတ်ဘုန်းကြီးပျံများအတိုင်း ကြက်ပျံမကျစည်ကားလှသည်။ ဆရာတော်ကြီး၏ ဘုန်းကြီးပျံကိုပြန်ပြောင်း

http://www.dhammadownload.com



တွေးမိသည့်အခါတိုင်း "ရေးခေတ်ဟောင်း အောက်မေ့ဖွယ်" ဖြစ်နေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသည့် စတုတ္ထနှစ်ပတ်လည် အထိမ်းအမှတ်ပွဲ၌ "ကာဝိယဝါစီ" အရှင်ဉာဏိဿရက တမ်းချင်း အာသာဝတီလင်္ကာ တစ်ပုဒ်ရေးသားဖွဲ့ဆိုထားသည်။

"....ခဝဲ ရွှေဝါ ၊ ခိုင်ပန်းညှာတို့ ၊ ခွေကာနွမ်းစ၊
ရှင်တော်ကြွခဲ့.. ၊ ပန်းလှ ဆယ့်နှစ်ခိုင် ၊ ဘယ်သို့လှိုင်လည်း။
လှိုင်သည်မမှတ်၊ အရှင်မြတ်လျှင်၊ ပန်းနတ် "အာသာ"
ဂုဏ်ကြီးရာသို့ ၊ စိတ်ပါညွတ်နူး ၊ စက်တော်မြူး၍
မဖူးတတ်သော် ၊ မမျှော်တတ်ဘဲ၊ ရှင်နှင့်ကွဲသား။
တော်ပွဲအဝင်၊ ပန်းသဇင်လည်း အရှင်ကိုမှန်း...၊
ခွာညိုပန်းလည်း ၊ မလန်းမထုံ၊ ပေါက်လဲငုံလည်း ၊
အမုံမစွင့်၊ ရွှေဖီပွင့်လည်း ၊ မတင့်တော့နိုင်...၊
အင်ကြင်းခိုင်လည်း ၊ မလှိုင်တတ်အား...ရွှေစကားလည်း
စကားမကြွယ်...၊ ငွေစမွယ်လည်း ၊ စမွယ်နိုင်ဘူး။
ပုန်းညက်ဖူးလည်း ၊ မမြူးတတ်ရာ၊
ပန်းခတ္တာလည်း။ ပွင့်ကာကြွားကြွား၊ ထွားထွားမအာ...၊
ရွှေယင်းမာလည်း ၊ ရွှေမပါနိုင်ဘဲ ၊ မာနိုင်ဘဲလျှင်၊
မွဲခြောက်ပျော့ယိုင်...၊ ကြာဝါးခိုင်လည်း ၊ မြိုင်ဆိုင်နိုင်ဘဲ၊

ထက်စေယံစာပေ

http://www.dhammadownload.com



ယိုင်ကာလဲသည်• • •၊ ခဝဲရွှေဝါ ခွေကာ

နွမ်းခဲ့ပြီဘုရား• • •"

ထက်ဝေယံစာပေ

http://www.dhammadownload.com



## ပျဉ်းမကုန်း

နတ်မော် မီးရထားလမ်း တံတားအောက်က မြစ်ဖျားခံခဲ့သော သို့မဟုတ် ချောင်းဖျားခံခဲ့သော ချောင်းသည် အကွေ့အကောက်များစွာဖြင့် ဧရာဝတီမြစ်တွင်း စီးဆင်းသွားသည်။ ထိုချောင်းအကြောင်းကို ကျွန်တော် စာထဲထည့်ရေးဖူးသည်မှာ အကြိမ်များပြီ။ စာရေးဆရာများသည် မိမိတို့ငယ်စဉ်က ကျက်စားခဲ့သည့် ဒေသအကြောင်းကို မိမိရေးသောစာထဲတွင် မကြာခဏထည့်ရေးတတ်ကြသည်။ တဂိုးသည် သူငယ်စဉ်က ကျက်စားခဲ့သော ဗင်္ဂါပြည်နယ်ထဲက မြစ်တစ်မြစ်အကြောင်းကို သူ၏ဝတ္ထုများထဲတွင် မကြာခဏ ထည့်ရေးသည်။

အမည်နာမ သီးသန့်မရှိသော ကျွန်တော်တို့၏ ချောင်းကို ချောင်းကမ်းပါးပေါ်တွင်တည်ရှိနေကြသည့် ကျေးရွာများ အမည် အတိုင်းနာမည်တပ်ခေါ်ကြသည်။ နတ်မော်ရွာအနီးက ချောင်း၏ အစိတ်အပိုင်းကို နတ်မော်ချောင်းဟူ၍လည်းကောင်း ၊ မြေကြားရွာ အနီးကချောင်း၏ အစိတ်အပိုင်းကို မြေကြားချောင်းဟူ၍ လည်းကောင်း၊ သန္တသနော့ရွာ အနီးက ချောင်း၏အစိတ်အပိုင်းကို သန္တသနော့ချောင်းဟူ၍လည်းကောင်း၊ ပျဉ်းမကုန်းအနီးက ချောင်းကိုပျဉ်းမကုန်းချောင်းဟူ၍လည်းကောင်း၊ တစ်ခုတည်းသော ချောင်းကိုပင် ဒေသ

ထက်ဝေယံစာပေ

http://www.dhammadownload.com



အလိုက်၊ ကျေးရွာအလိုက် အမည်တပ်ခေါ်ကြသည်။

ချောင်းတစ်ချောင်းတည်းကို ကျေးရွာများ စုပေါင်း ပိုင်ဆိုင်သည် ဆိုသည့်အဓိပ္ပာယ်ပင်ဖြစ်သည်။ လူပေါင်းများစွာတို့၏ အကျိုးကိုဖြည့်ဆည်းပေးနေသော ချောင်းတစ်ခုခု သို့မဟုတ် မြစ်တစ်ခုခုကို ကျေးရွာသို့မဟုတ် မြို့နယ်သို့မဟုတ် တိုင်းပြည်အများစုပေါင်းပိုင်ဆိုင်မှု ရှိနေ လျှင် စုပေါင်းပိုင်ဆိုင်သော ကျေးရွာအချင်းချင်း မြို့နယ်အချင်းချင်း တိုင်းပြည်အချင်းချင်း မိမိတို့ပိုင်ဆိုင်သော ချောင်းရေ သို့မဟုတ် မြစ်ရေကို အကြောင်းပြုလျက် ပြဿနာဖြစ်တတ်ကြသည်။

ဗုဒ္ဓလက်ထက်တော်အခါက သကျမျိုးနွယ်နှင့် ကောလိယမျိုးနွယ်တို့သည် နှစ်ပြည်ထောင်စပ်ကြားရှိ မြစ်တစ်မြစ်ကို အကြောင်းပြုလျက် အငြင်းပွားကြပြီးလျှင် စစ်မက်ဖြစ်ပွားမည့် အခြေအနေ ရောက်ရှိခဲ့သည်။ သကျပိုင်တိုင်းပြည်နှင့် ကောလိယပိုင် တိုင်းပြည် အကြားထဲတွင်ရှိသောမြစ်သည် ယခင်နှစ်များက တိုင်းပြည်နှစ် ပြည်လုံး၏ လယ်ယာထဲရေသွယ်သွင်းရန်အတွက် ရေအလုံ အလောက် ပေးသော်လည်း ထိုနှစ်မှာမူ မိုးခေါင်ရေရှားဖြစ်ပြီး မြစ်ရေခန်း ခြောက်လုမတတ် ဖြစ်သွားသည်။ ထိုခါ သကျမျိုးနွယ်နှင့် ကောလိယမျိုးနွယ်နှစ်မျိုးလုံးသည် ကြွင်းကျန်နေသည့် ရေအချို့အဝက်ကို သူသာ လျှင်သုံးသင့်သည်။ ငါသာလျှင် သုံးသင့်သည် ဟု အငြင်းအခုန်

http://www.dhammadownload.com



ဖြစ်ကြသည်။ ပင္ဒိုပက္ခသည် တဖြည်းဖြည်း ကြီးကျယ် လာလေရာ နှစ်ဖက်စလုံးမှ စစ်ပြင်လျက် ယှဉ်ပြိုင်စစ်တိုက်ကြတော့ မည့် အခြေသို့အထိရောက်ရှိလာသည်။ ငြိမ်းချမ်းရေး မဟာတမန်တော် ဘုရားရှင် ကိုယ်တော်မြတ် ဝင်ရောက်ဖြန်ဖြေမှ ရေပြဿနာအေးငြိမ်း ပြေရှင်းသွားသည်။

ဟိမဝန္တာမှ မြစ်ဖျားခံလာခဲ့သော ဂင်္ဂါမြစ်သည် အိန္ဒိယ ပြည်တွင်း၌ သာမကဘဲ ဘင်္ဂလားဒေ့ရှ် ပြည်အတွင်းသို့ပင် ခရီးဆန့်နေ သည်။ ထို့ကြောင့် ဂင်္ဂါမြစ်ရေကို တိုင်းပြည်နှစ်ပြည်လုံးက သူ့အပိုင်းနှင့် သူ ပိုင်ဆိုင်မှုရှိနေကြသည်။ မြစ်ဟူသည်မှာ အမြဲမပြတ် စီးဆင်းနေ တတ်သော သဘောရှိ၍မိမိနယ်မြေ၌ရှိသော မြစ်၏အစိတ် အပိုင်းကို မိမိတစ်ဦးတည်း လက်ဝါးကြီးအုပ်ထား၍မရပေ။ ထိုမြစ်၏အခြား အစိတ်အပိုင်း တစ်ခုသည် အခြားနယ်မြေ အတွင်းသို့လည်း စီးဆင်း သွားသည်ဆိုလျှင် ထိုမြစ်သို့မဟုတ် ထိုချောင်း သည် ထိုနယ် မြေပိုင် ဟုလည်းဆိုရမည်။ ယင်း အခြေအနေမျိုး၌ ဘုံပိုင်ဘုံဆိုင် မြစ်ရေချောင်း ရေကို သုံးစွဲသူအချင်းချင်း ပြဿနာဖြစ် လာတတ်သည်။ ဂင်္ဂါမြစ်၏ အစိတ်အပိုင်းသည် နှစ်နိုင်ငံလုံး ၌ ရှိနေသည်ဖြစ်၍ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်သည် ဂင်္ဂါမြစ်ရေ ခွဲဝေသုံးစွဲရေး နှင့်ပတ်သက်၍ မကြာခဏပြဿနာတက်ကြသည်။ ယခုထက်ထိ ဂင်္ဂါမြစ်ရေသုံးစွဲရေး

ထက်ဝေယံစာပေ

http://www.dhammadownload.com



ပြဿနာနှင့်ပတ်သက်၍ နှစ်နိုင်ငံသည် အပြည့်အဝ ညှိနှိုင်းဖြေရှင်း၍ မရသေးဟုသိရသည်။

နတ်မော်ချောင်းသို့မဟုတ် မြေကြားချောင်း သို့မဟုတ် သန္တသနော့ချောင်း သို့မဟုတ် ပျဉ်းမကုန်းချောင်း သို့မဟုတ် ခေါ်ချင်သလို ခေါ်၍ရသော ချောင်း၏ကမ်းပါး၌ တည်ရှိနေသော ရွာများချောင်း ရေသုံးစွဲရေး နှင့် ပတ်သက်၍ ပြဿနာမဖြစ်ကြသည်မှာ တော်သေးသည်။ထိုချောင်းရေသုံးစွဲရေးနှင့်ပတ်သက်၍ ချောင်းကမ်းပါးကရွာများ ပြဿနာဖြစ်သည်ဟု တစ်ခါမှမကြားဖူးခဲ့။

ပျဉ်းမကုန်းရွာသည် ထိုချောင်းကမ်းပါး၌ တည်ရှိနေသော ရွာတစ်ရွာဖြစ်သည်။ ချောင်းကမ်းပါး၌ တည်ရှိသော ရွာအတော်များများ၏ အမည်များမှာ မွန်အမည်များဖြစ်ကြသည်။ ကျွန်တော်တို့၏ ရွာအမည် "သန္တသနော့"သည်ပင်လျှင် မွန်အမည်ဖြစ်သည်။ အခြားကျုံတွမ်၊ ကျုံကျိုက်၊ ကျုံမက် စသော အမည်များမှာလည်း မွန်အမည်များဖြစ်ကြသည်။ "ဟသံ်ာတ"ဟူသောအမည်သည်ပင် မြန်မာဗျူပ္ပတ်ဖြင့် မည်သို့ပင်တွေးတွေး ၊ မည်သို့ပင်ကြံကြံ၊ အမှန်က မွန်အမည်သာဖြစ်သည်။ ယင်းကို ထောက်လျက်ထိုနေရာ ထိုဒေသ တစ်ဝိုက်သည် တစ်ချိန်က မွန်လူမျိုး များ အခြေစိုက်သော ဒေသဖြစ်ကြောင်းသိရှိရသည်။

ထက်ဝေယံစာပေ

http://www.dhammadownload.com



ပျဉ်းမကုန်းရွာသည် ထိုချောင်းကမ်းပါး၌ ရှိသော ရွာများထဲတွင် အစဉ်အလာကစပြီး အိမ်ခြေနည်းသော်လည်း အတိုးတက်ဆုံး ရွာတစ်ရွာဖြစ်သည်။ ကျွန်တော်တို့၏ရွာသည် ပျဉ်းမကုန်းရွာနှင့် ကူးလူးဆက်ဆံမှုရှိသည်။ နှစ်ရွာလုံးက ရွာမျက်နှာဖုံးများသည် သွေးချင်းသားချင်းများဖြစ်သည်။ သို့သော်လည်း ကျွန်တော့်တို့ရွာသည် လူနေအိမ်ခြေများပြီး အင်္ဂလိပ်ခေတ်က ကြွယ်ဝချမ်းသာသူများရှိသော်လည်း ပျဉ်းမကုန်းရွာနှင့်စာလျှင် လူမှုရေးအရ တိုးတက်မှု၌ နောက်ကျကျန်နေခဲ့သည်။ ယင်းသို့နောက်ကျကျန်နေခဲ့ရခြင်းအကြောင်းမှာ ရွာသူရွာသားတွေ စာပေဗဟုသုတ နည်းခြင်း၊စည်းလုံးမှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။

ပျဉ်းမကုန်းရွာသူရွာသားများမှ စည်းလုံးညီညွတ်မှုရှိသည်။ ပျဉ်းမကုန်းရွာသည် ယခင်ကတည်းရှိခဲ့သော စည်းလုံးညီညွတ်မှုကို ယခုပစ္စုပ္ပန်အထိ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည်။ရပ်ရေးရွာရေးကို တက်တက်ကြွကြွ ဦးဆောင်သူများလည်းရှိသည်။ ထို့ကြောင့် ချောင်းရိုးတစ်လျှောက်၌ မည်သည့်ရွာမှ၊ မည်သည့်နေရာတွင်မှ မဆောက်နိုင်သော ချောင်းကူးတံတားကြီးကို အခိုင်အမာတည်ဆောက်နိုင်ပြီ။ အလယ်တန်းကျောင်းရှိနေပြီ။ ယခုအထက်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် တာစူ နေပြီ။ ကျွန်တော်တို့ရွာ၌မူ အလယ်တန်းကျောင်း ၊ အထက်တန်းကျောင်း ဖွင့်နိုင်စို့ဝေးစွ၊ အစဉ်အလာကရှိလာခဲ့သော မူလတန်း

http://www.dhammadownload.com



ကျောင်းကလေး ပျောက်မသွားအောက်ပင်မနည်းကြိုးစားနေရသည်။

ယခင်က ပျဉ်းမကုန်းရွာတွင် လူငယ်များထဲက ရပ်ရေးရွာရေး အတွက် တက်တက်ကြွကြွ လှုပ်ရှားသူတစ်ဦးမှာ ဥဒါတခေါ်မောင်မြင့် ဖြစ်သည်။ မောင်မြင့်သည် စာပေဝါသနာပါသည်။ ပျဉ်းမကုန်းရွာ၌ လွန်ခဲ့သည့် နှစ် ၇၀ ကျော်လောက်ကပင် မောင်မြင့်ခေါင်းဆောင် ပြီး "အခမဲ့ စာဖတ်အသင်း" ဖွင့်ခဲ့သည်။ မောင်မြင့်၏အတုယူပြီး ကျွန်တော်တို့ရွာသား ဘလုသည် ကျွန်တော်တို့ရွာ၌ "ဉာဏ်ရောင် ခြည် စာဖတ်အသင်း"အမည်ဖြင့် စာဖတ်အသင်း တည်ထောင်သည်။ သို့သော်လည်း အားပေးသူမရှိသဖြင့် စာဖတ်အသင်း မည်ကာမတ္တ လောက်သာ ရှိခဲ့သည်။ စာအုပ်စာပေနှင့် ဝေးသောအခါ တိုးတက်မှု လမ်းကြောင်းလည်း ပိတ်ဆို့နေသည်။

မောင်မြင့်သည် စာပေဝါသနာပါရုံမျှသာမက၊ ဂီတ ပညာလည်း တော်သည်။ ကျွမ်းကျွမ်းကျင်ကျင် တယောထိုးတတ်သည်။ နောင်သော အခါ ဦးမြင့်အဖြစ်နှင့် ဟသ်ာတမြို့တွင် အခြေစိုက်နေသောအခါ ဟသ်ာတမြို့တွင် တည်ထောင်ဖွဲ့စည်းသော ဂီတအဖွဲ့အစည်းများက ဂီတပညာနှင့် ပတ်သက်၍ဦးမြင့်၏ အကြံဉာဏ်ကိုယူကြရသည်။

ဦးမြင့်သည် ဦးဘိုးဖြူ ၊ ဒေါ်ရွှေရီတို့၏ သားဖြစ်သည်။ ဦးဘိုးဖြူ သည် ပျဉ်းမကုန်းရွာတိုက်သူကြီးဖြစ်သည်။ဦးဘိုးဖြူ၏ အဖေ ဦးစိန်ဘ

http://www.dhammadownload.com



လည်း ပျဉ်းမကုန်းတိုက်သူကြီးဖြစ်သည်။ တစ်ခါသော် ဦးဘိုးဖြူ ၏မြေး ဦးအုန်းခင် (အခွန်ဦးစီးမှူး)သည် တာဝန်အရမန္တလေး၌ ရှိ နေစဉ်အတွင်း ထိုအချိန်က မန္တလေး၌ရှိနေသောခွေမျိုး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) နှင့်တွေ့သည်။ ထိုအခါဦးဆန်းထွန်းက ဦးအုန်းခင် အား "ဟေ့ . . . မင်းတို့အမျိုးတွေက တိုက်သူကြီးမျိုးတွေကွ "ဟု ပြောသည်။ ဦးစိန်ဘူးတို့ ၊ ဦးဘိုးဖြူတို့ လက်ထက်က တိုက်သူကြီး မပြောနှင့် သာမန်သူကြီးတစ်ယောက်ပင် မည်မျှအာဏာတန်ခိုးထက်သနည်း။

ပျဉ်းမကုန်းမှ အမျိုးသမီးတစ်ယောက်က ပုဂံဝေါ့ပလ္လင်ဘုရားတွင် ထီးတင်သည်ဆိုလျှင် ယုံတမ်းစကားဟု မှတ်မည်လားမပြောတတ်ပေ။ ယုံတမ်းစကား မဟုတ်ပေ။ အဖြစ်အပျက် အမှန်ဖြစ်သည်။

ဦးစိန်ဘူး၏ သားသမီးများမှာ ဦးဘိုးဖြူ၊ ဦးဘအို၊ ဒေါ်ဗေဒါရီ၊ ဒေါ်ဘို့မယ် တို့ဖြစ်ကြသည်။ ဦးစိန်ဘူးသည် ဘာစိတ်ကူးရသည်မသိ။ သူ့သမီးနှစ်ယောက်ကို ရာဇဝင်ထဲက မိဘုရားနှစ်ပါးအမည် ပေးထားသည်။ ဒေါ်ဘို့မယ်သည် စာရင်းစစ်အရာရှိချုပ်ဟောင်း ဦးမောင်မောင်ကျော်၏အမေဖြစ်သည်။ ကျွန်တော့်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ခဲ့သော ကျွန်တော်၏အဒေါ် ကွယ်လွန်သူဒေါ်ခင်နုလည်း ဒေါ်ဘို့မယ်၏သမီး ဖြစ်သည်။ ဦးဘိုးဖြူ၏ညီ ဦးဘအိုသည် ပုဂံသူ ဒေါ်တိုးနှင့်

ထက်ဝေယံစာပေ

http://www.dhammadownload.com



အကြောင်းပါသည်။ ဦးဘအိုနှင့်ပုဂံသူဒေါ်တိုးတို့ အကြင်လင်မယား ဖြစ်လာကြသောအခါ ဦးဘိုးဖြူနှင့် ဒေါ်ဘို့မယ်မိသားစုတို့သည် ပုဂံနှင့် ကူးလူးဆက်ဆံမှုရှိလာကြသည်။ ၁၉၆၀ ပြည့်နှစ် ကျွန်တော် ပထမ ဆုံးအကြိမ် ပုဂံရောက်သွားစဉ်က ပုဂံတွင် ဒေါ်တိုး၏ အဆက်အနွယ် များရှိကြသေးသည်။ ထိုစဉ်က ပုဂံတွင် ရှိနေကြသေးသော ဦးမြိုင်နှင့် ဦးဘသန်းတို့သည် ဒေါ်တိုး၏ အဆက်အနွယ်များဖြစ်ကြသည်။ ဦးဘသန်း၏ သမီးနှင့် သားမက်ဦးချစ်မောင်တို့မှာ ယခုထက်တိုင်ပင် ပုဂံတွင်ရှိနေကြသေးသည်။ ဒေါ်တိုး၏ဘခင်မှာ ပုဂံဂေါ်ဓော့ပလ္လင်ဘုရား ဝေယျာဝစ္စအဖွဲ့ဝင်တစ်ဦးဖြစ်သည်။

ဦးစိန်ဘူး၏ သမီး ဒေါ်ဗေဒါရီသည် အပျိုကြီးဖြစ်သည်။ ဒေါ်ဗေဒါရီ ပုဂံဘုရားဖူးရောက်သွားသောအခါ ပုဂံဂေါ်ဓော့ပလ္လင်ဘုရား တွင် ထီး ဆိတ်သုဉ်းနေသည်ကိုတွေ့ရသည်။ ဒေါ်ဗေဒါရီသည် သဒ္ဓါ တရားဖြစ်ပေါ်လာပြီးလျှင် ဂေါ်ဓော့ပလ္လင်ဘုရားတွင် ထီးတင်သည်။ ယင်းအဖြစ်အပျက်မှာလွန်ခဲ့သည့် နှစ် ၁၀၀ လောက်က အဖြစ်အပျက် ဖြစ်သည်။ ယခု ဂေါ်ဓော့ပလ္လင်ဘုရားရှိ ရွှေရောင်ဝင်းနေသော ထီးတော်မှာ ပျဉ်းမကုန်းရွာမှ ဦးစိန်ဘူး၏သမီး ဒေါ်ဗေဒါရီ လှူဒါန်း ထားသော ထီးတော်ဟုတ်ချင်မှ ဟုတ်တော့မည်။ ယခုလောက် နှစ်ပရိ စ္ဆေဒ ကြာမြင့်သွားပြီဖြစ်သည့် အချိန်ကာလအတွင်း ဒေါ်ဗေဒါရီလှူ ဒါန်းသော

ထက်ဝေယံစာပေ

http://www.dhammadownload.com



ဂေါ်ခော့ပလ္လင် ထီးတော်သည် ယိုယွင်းသွားကောင်းသွားပေ လိမ့်မည်။ ထိုထီးတော်၏ နေရာတွင် အခြားထီးတော်အသစ်ရောက်ချင် ရောက်နေပေလိမ့်မည်။ ယင်းထီးတော်အသစ်သည်ပင် နောက်ထပ် ထီးတော်အသစ်အတွက် နေရာဖယ်ပေးချင် ဖယ်ပေးခဲ့ရပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ၊ ဂေါ်ခော့ပလ္လင်ဘုရားသမိုင်းကို သို့မဟုတ် ဂေါ်ခော့ပလ္လင်ထီးတော်သမိုင်းကို အတိအကျမှတ်တမ်းတင်ထားခြင်း ရှိပါမူ ပျဉ်းမကုန်းရွာမှ ဒေါ်ဗေဒါရီသည် တစ်ခန်းတစ်ကဏ္ဍမပါဝင် ဘဲ နေမည်မဟုတ်ပေ။ ယခုတော့ ယင်းသမိုင်း မှတ်တမ်းမျိုးမရှိသဖြင့် ဂေါ်ခောပလ္လင်ဘုရားသမိုင်း၌ ဒေါ်ဗေဒါရီ၏ အခန်းကဏ္ဍပျောက်နေ သည်။ ဒေါ်ဗေဒါရီ ဂေါ်ခော့ပလ္လင်ဘုရား ထီးတော်တင်ခဲ့ဖူးသည် ဆိုသည်ကို သူ၏ဆွေမျိုးစဉ်ဆက်တချို့မှတစ်ပါး တခြားမည်သူမှ မသိ ကြတော့ပေ။

ပျဉ်းမကုန်းရွာသည် ယခင်ကလည်း ချောင်းရိုးတစ်လျှောက်၌ စံပြရွာတစ်ရွာအဖြစ် အစဉ်အလာရှိခဲ့သည်။ ယခုလည်း ယင်းအစဉ် အလာကို ဆက်လက်ထိန်းထားရန် အဖက်ဖက်မှ ကြိုးစားအားထုတ် နေကြသည်။

ပျဉ်းမကုန်းနှင့် မဝေးလှသော မိမိ၏ဇာတိရွာ သန့်သနော့ကို လှမ်းကြည့်လိုက်သောအခါ ပျဉ်းမကုန်းရွာနှင့်ပတ်သက်၍ ဝမ်းသာ အားရ ဖြစ်ရသလောက်ပင် ဝမ်းနည်းစိတ်ပျက်ခြင်းဖြစ်ရသည်။ မိမိ ဇာတိ

ထက်ဝေယံစာပေ

http://www.dhammadownload.com



သန့်သနော့ရွာကိုလည်း ပျဉ်းမကုန်းရွာကဲ့သို့ ဖြစ်စေချင်သည်။ ရွာတွင် မူလတန်းအဆင့်က တက်ပြီး အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်းမှတစ်ဆင့် တက်ပြီး အထက်တန်းကျောင်း ပေါ်ပေါက်လာစေလိုသည်။ ကျေးရွာတိုးတက်ရေး၏ အခြေခံဖြစ်နိုင်သော စာကြည့်တိုက် ဖွင့်လှစ်ပေးဖို့ ကြိုးစားကြည့်သည်။ သို့ရာတွင် မိမိမျှော်မှန်းထားသလို ဖြစ်မလာပေ။ ကျွန်တော် လက်လျှော့လိုက်ပြီ။ မိမိဇာတိရွာကို အမှောင်ထဲက ဆွဲထုတ်ပြီး အလင်းရောင်ထဲ ပို့လိုသော ကျွန်တော်၏ စိတ်ကူးစိတ်သန်းများသည် ဘာတစ်ခုမှ အကောင်အထည်ပေါ်မလာပေ။

ယင်းအခြေအနေမျိုးဖြစ်နေရခြင်း၏ အဓိကအကြောင်းမှာ အသိဉာဏ် ဗဟုသုတခေါင်းပါးခြင်းနှင့် စည်းလုံးညီညွတ်မှု ကင်းခြင်းဖြစ်သည်။ ကျွန်တော်၏ဇာတိ သန့်သနော့ရွာသူရွာသားများသည် ပျဉ်းမကုန်းကဲ့သို့ပင် အစဉ်အလာကိုမူ ထိန်းသိမ်းထားကြသည်။ သို့ရာတွင် သူတို့ ထိန်းသိမ်းထားသော အစဉ်အလာမှာ တစ်မျိုးဖြစ်သည်။ဘဝင်မြင့်ခြင်း အစဉ်အလာဖြစ်သည်။ ရယ်စိတ်ရှာစိတ် မရှိခြင်း အစဉ်အလာဖြစ်သည်။ မိမိ ရပ်ရွာ နယ်နိမိတ်ဘောင်အတွင်းက အပြင်ဖက်မျှော်မကြည့်သည့် အစဉ်အလာဖြစ်သည်။ မိမိ တစ်ကိုယ်ကျိုးကြည့် အစဉ်အလာဖြစ် သည်။ စာမဖတ်သည့် အစဉ်အလာဖြစ်သည်။ စာနှင့် ပေနှင့် ဝေး သော

ထက်ဝေယံစာပေ

http://www.dhammadownload.com



အစဉ်အလာဖြစ်သည်။ နေနိုင် စားနိုင် သုံးနိုင် စွဲနိုင်သည့် အခြေအနေရှိရုံမျှနှင့် မိမိကိုယ်ကို မီလျှံနာဟု အောက်မေ့သော၊ ခြေဖျား ထောက်သော၊ မိုးမမြင် လေမမြင် ဖြစ်သော အစဉ်အလာဖြစ်သည်။ သူတစ်လူ ငါတစ်မင်း လုပ်လိုသော အစဉ်အလာဖြစ်သည်။

ပါရဂူ

ထက်ဝေယံစာပေ